
http://www.cherrythitsar.org



http://www.cherrythitsar.org

**အားမာန်သစ်စာပေ**
၅၁၊ မန္တလေးလမ်း
ကန်တော်ကလေး
ရန်ကုန်မြို့။
ဖုန်း – ၂၄၂၆၇၃

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ်
၄၉၁ / ၉၇ (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၁၅ /၉၈ (၆)

မျက်နှာဖုံးပန်းချီ

၁၉၉၉၊ ဇန်နဝါရီ
တတိယအကြိမ်

တန်ဖိုး ၁၅၀၀ ကျပ်
အုပ်ရေ (၁၀၀၀)

မျက်နှာဖုံးပုံနှိပ်သူ
ဦးတိုးဝင်း(၀၂၄၃၁)၊ နေလရောင်အော့ဖ်ဆက်
(၉၆/ခ) ၁၁ လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဒေါ်ရှုခင်(၀၅၄၄၉)၊ ဝင်းလိုက်ပုံနှိပ်တိုက်
အမှတ်(၃၅၂)၊ စရည်းပင်လမ်း၊ သဃ်န်းကျွန်းမြို့နယ်။

ထုတ်ဝေသူ
ဦးမိုးကြည် (မိုးကြည်စာပေ) (၀၉၅၈)
(၃၈၇/က)၊ (၇) ရပ်ကွက်၊ ဖျာပုံလမ်း၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။

http://www.cherrythitsar.org

ဆန်းလွင်

# ကမ္ဘာ့ တွေးခေါ် ရှင်ကြီးများ

http://www.cherrythitsar.org

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး – ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး – ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး – ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

http://www.cherrythitsar.org

## မာတိကာ

**တတိယအကြိမ် ရိုက်နှိပ်ခြင်း စာရေးသူ၏ ဖြောင့်ချက်** က

**နိဒါန်း** ၁

တွေးခေါ်မြော်မြင်ရေး သဘောတရား ၁
တွေးခေါ်မြော်မြင်ရေး သဘောတရား၏ တာဝန် ၆
တွေးခေါ်မြော်မြင်ရေး သဘောတရား ပေါ်ပေါက်ထွန်းကားလာပုံ ၉

**အပိုင်းတစ်**

**ရှေးကျသော ခေါ်မတိုင်းသားတို့ခေတ်** ၁၃

**သဘာဝတရားနှင့် ဆိုင်သော တွေးခေါ်မြော်မြင်ရေး သဘောတရား** ၁၅
ရှေးခေတ်ဂရိ အတွေ့အကြုံများ ပေါ်ပေါက်ထွန်းကားလာပုံ ၁၅
ဂရိလူမျိုးများ၏ ရုပ်ပိုင်းပတ်ဝန်းကျင် ၁၆
စိတ်ပိုင်း ပတ်ဝန်းကျင် ၁၇

http://www.cherrythitsar.org

မာတိကာ

| | |
|---|---|
| **ဆိုကရေးတီခေတ်မတိုင်မီ ဂရိအတွေးအမြင်များ၏ ယေဘုယျ လက္ခဏာများ** | ၁၉ |
| **ထာထရအခြေခံတရားဆိုင်ရာပြဿနာ (ရုပ်ပိုင်း)** | ၂၃ |
| **သေးလိ (၆၂၅–၅၄၅ ဘီစီ)** | ၂၃ |
| **အနက်ဇီမင်းဒါး (၆၁၀–၅၄၇ ဘီစီ)** | ၂၈ |
| **အနက်ဇီမင်းနီး (၅၈၅–၅၂၅ ဘီစီ)** | ၂၉ |
| **ထာဝရအခြေခံတရား (နာမ်ပိုင်း)** | ၃၃ |
| **ပိုက်သဂိုရပ် (၅၇၈–၅၀၀ ဘီစီ)** | ၃၃ |
| ပိုက်သဂိုရပ်နှင့် သူ၏ ဂိုဏ်းသားများ | ၃၅ |
| ဂဏန်းသင်္ချာသဘောတရား | ၃၅ |
| **ထာဝရအခြေခံသဘောတရား (သင်္ခါရ)** | ၄၁ |
| **ဟေရာကလိုက်တပ် (၅၃၅–၄၇၅ ဘီစီ)** | ၄၁ |
| ဆန့်ကျင်ဘက် (ဝိရောဓိတရား) တို့၏ ပေါင်းစည်းညီညွတ်မှုသဘော | ၄၃ |
| **ထာဝရအခြေခံသဘောတရား (ထာဝရ)** | ၄၇ |
| အီလယမြို့သားတွေးခေါ်ရှင်များ | ၄၇ |
| ပါမင်နဒီ၏ အရှိတရားအမြင် | ၄၈ |
| ဇီနို၏ ဒိုင်ယာလက်တစ် | ၅၁ |
| **အရည်အချင်းပြ သဘောတရားများ** | ၅၅ |

http://www.cherrythitsar.org


သင်္ချာတရားဆိုင်ရာပြဿနာ၏အဖြေ ၅၅
**အင်ပီဒေါ့ကလီ** ၅၆

**အရေအတွက်ပြ သဘောတရားများ** ၅၉

ဒီမိုကရိုက်တပ်၏ အနုမြူဝါဒ ၅၉
တက္ကိကဝါဒနှင့် စကြာဝဠာ၏ အစကို စူးစမ်းမှု ၆၁

**အသိပညာနှင့်ကိုယ်ကျင့်တရားဆိုင်ရာပြဿနာများ** ၆၅

တွေးခေါ်မှု တိုးတက်ထွန်းကားလာပုံ ၆၅
ဆိုဖီဆရာကြီးများ ခေတ် ၆၇
သိမှုဗေဒ ၆၈
ကိုယ်ကျင့်တရားအမြင် ၆၉
**ဆိုကရေးတိ (၄၉၉–၃၉၀ ဘီစီ)** ၇၁
ဆိုကရေးတိနည်း ၇၄
ဆိုကရေးတိ၏ ကိုယ်ကျင့်တရားပညာ ၇၆

**အတွေးအခေါ် စနစ်ပြန်လည် တည်ဆောက်ရေးခေတ်** ၇၉

**ပလေတို (၄၂၇–၃၄၇ ဘီစီ)** ၇၉
ပလေတိုအတွေးအမြင်များ၏ ကျောထောက်နောက်ခံများ ၈၀
ပလေတို၏ ယေဘုယျနာမ်များ ၈၁
ဒိုင်ယာလက်တစ်နည်းနှင့် သိမှုဗေဒ ၈၃
ပလေတို၏ ကိုယ်ကျင့်တရားဆိုင်ရာ အမြင် ၈၆
ပလေတို၏ နိုင်ငံရေးအတွေးအမြင် ၈၈
**အာရစ္စတိုတယ်** ၉၁
အာရစ္စတိုတယ် ရင်ဆိုင်ရသောပြဿနာ ၉၃
အကြောင်းတရား လေးပါးအမြင်တရား ၉၅

http://www.cherrythitsar.org


ဖြစ်ခြေနှင့် ဖြစ်ရပ်အမြင်တရား ၉၇
စကြာဝဠာ၏ ဖန်ဆင်းရှင် ၉၈
အာရစ္စတိုတယ်၏ ယုတ္တိဗေဒ ၁၀၀
ကိုယ်ကျင့်တရားပညာ ၁၀၂

## အပိုင်း နှစ်

**အလယ်ခေတ်** ၁၀၅
အလယ်ခေတ် ၁၀၇
အလယ်ခေတ်တွေးခေါ်မြော်မြင်ရေးသဘောတရား၏
ယေဘုယျလက္ခဏာများ ၁၀၉
တွေးခေါ်မြော်မြင်ရေးသဘောတရားနှင့် ဘာသာရေး ၁၀၉
အလယ်ခေတ် အတွေးအမြင်များ၏ ကျောထောက်နောက်ခံများ ၁၁၁
**ဩဂတ်စတင်** ၁၁၃
**သောမတ်အကွိုင်းနတ်** ၁၁၄
အသက်ဝင် ယုံကြည်မှုနှင့် ဆင်ခြင်ခြင်းတရား ၁၁၆
သိမှုဗေဒ ၁၁၇
ယေဘုယျသဘော၏ ပြဿနာများ (ပရမတ္တဝါဒနှင့် ပညတ္တဝါဒ) ၁၁၈
ဥက္ကံရပ်မှ ဝီလျံ၏ ပညတ္တဝါဒ ၁၂၀

## အပိုင်းသုံး

ခေတ်သစ်အတွေးအမြင်များ
ခေတ်သစ်တွေးခေါ်မြော်မြင်ရေး သဘောတရား ထွန်းကားလာခြင်း ၁၂၃
**ဖရန်စစ်ဘေကွန်** ၁၂၅
**ရဲနေဒေးကား** ၁၂၈
ဒေးကား၏ ပတ်ဝန်းကျင်နှင့်စာပေ ၁၃၉
ဒေးကား၏ အတွေးအခေါ်နိသျည်း ၁၃၀
စိတ်နှင့်ရုပ် ဆက်စပ်ဖြစ်ပေါ်ပုံ ၁၃၁
**စပင်နိုဇာ (၁၆၃၂–၁၆၇၇)** ၁၃၄

http://www.cherrythitsar.org



| | |
|---|---|
| နိုင်ငံရေးသဘောတရားကျမ်း | ၁၄၉ |
| ကိုယ်ကျင့်တရားပညာကျမ်း | ၁၄၃ |
| စပင်နိုဇာ၏ ကျောထောက်နောက်ခံများ | ၁၄၄ |
| စပင်နိုဇာ၏ တက္ကိကဝါဒ | ၁၄၄ |
| စပင်နိုဇာ၏ သိမှုဗေဒ | ၁၅၆ |
| လူတို့၏ အနှောင်အဖွဲ့နှင့်လွတ်လပ်ခွင့်အကြောင်း | ၁၅၀ |
| **လိုင်ဗနိ (၁၆၄၆–၁၇၁၆)** | ၁၅၂ |
| လိုင်ဗနိ၏ ပြဿနာ | ၁၅၅ |
| အင်အားစုသဘောတရား | ၁၅၇ |
| မိုနာ့ဒ်ဝါဒ | ၁၆၈ |
| ကြိုတင်ဖန်ဆင်းသော ရုပ်–စိတ် ဆက်ဆံရေးသဘောတရား | ၁၆၀ |
| **အတွေ့အကြုံအဓိက ဝါဒဂိုဏ်း** | ၁၆၃ |
| **ဂျွန်လော့(က) (၁၆၃၂–၁၇၀၄)** | ၁၆၇ |
| လော့(က)၏ သိမှုဗေဒဆိုင်ရာသဘောတရား | ၁၇၉ |
| အာရုံသိသည် ဘယ်သို့ ဖြစ်ပေါ်သနည်း | ၁၇၀ |
| လော့(က)၏ ကိုယ်စားပြုဝါဒ | ၁၇၁ |
| ကိုယ်ကျင့်တရားအမြင် | ၁၇၂ |
| **ဘာကလေ (၁၆၈၅–၁၇၅၃)** | ၁၇၄ |
| ဘာကလေနှင့် လော့(က)တို့၏ ခြားနားချက် | ၁၇၇ |
| သိခြင်းသည် ရှိခြင်း ဖြစ်သည် | ၁၈၈ |
| ဘုရားသခင် သို့မဟုတ် သဘာဝတရားကို ဖန်တီးသူ | ၁၈၀ |
| **ဒေးဗစ်ဟယွမ်း (၁၇၁၁–၁၇၇၆)** | ၁၈၁ |
| ဟယွမ်း၏ ပြဿနာ | ၁၈၅ |
| ဟယွမ်း၏ အတွေးအခေါ်များ | ၁၈၆ |
| အတ္တကို ဝေဖန်ခြင်း | ၁၈၇ |
| လူ့သဘာဝသိပ္ပံပညာ | ၁၉၉ |
| ကြောင်းကျိုးဆက်သွယ်ခြင်း တရားအမြင် | ၁၉၀ |
| ပုဂ္ဂလိက အသိစဉ်သာ ရှိသည်ဟူသောဝါဒ | ၁၉၃ |

အတွေ့အကြုံအဓိကဝါဒ၏ ယေဘုယျအင်္ဂါရပ်များ ၁၉၃

## အပိုင်း လေး

ဂျာမန်တွေးခေါ်ရှင်များ ၁၉၅
ဂျာမန်ဝိညာဏဝါဒ ထွန်းကားလာပုံ ၁၉၇
ကန့်၏ ဝေဖန်မှုပြုထားသော ဝိညာဏဝါဒ ၁၉၉
ဆင်ခြင်ခြင်းအဓိကဝါဒနှင့် အတွေ့အကြုံအဓိကဝါဒတို့ကို ပေါင်းစပ်ပြီး
ဝေဖန်မှုပြုထားသော ဝိညာဏဝါဒ ၂၀၁
အနက်တူအဆို ၂၀၂
ကန့်၏ သိမှုဗေဒ ၂၀၅
နားလည်ခြင်း ဆိုင်ရာဝိဘတ်များ ၂၀၇
အသွင်လောကနှင့် အစစ်အမှန်လောက ၂၀၉
ကန့်၏ အတွေးအခေါ်နှင့် သူ၏ ကိုယ်ကျင့်တရားအမြင် ၂၁၀

**ဂျာမန်ဝိညာဏဝါဒ တိုးတက်လာခြင်း** ၂၁၃

**ဖိ(ချ)တေ (၁၇၆၂–၁၈၁၄)** ၂၁၃
**ကန့်နောက် ပေါ်ပေါက်သော အတွေးအခေါ်များ** ၂၁၄
ဖိ(ချ)တေ၏ မူဝါဒ ၂၁၅
သိမှု သိပ္ပံပညာ၏ ရည်ရွယ်ချက်နှင့် နိသျှည်း ၂၁၆
**ရှယ်လင် (၁၇၇၅–၁၈၅၄)** ၂၁၉
သဘာဝတ္တဒဿနိကဗေဒ ၂၂၀
**ဟေဂယ် (၁၇၇၀–၁၈၃၀)** ၂၂၃
ဟေဂယ်၏ ကျောထောက်နောက်ခံတွေးခေါ်ရှင်များ ၂၂၄
ဟေဂယ်အတွေးအခေါ် စတင် ပေါ်ပေါက်လာပုံ ၂၃၀
ဟေဂယ်၏ မဇ္ဈိမပဋိပဒါနည်း ၂၃၂
ဆင်ခြင်တုံတရားနှင့် အရှိတရား ၂၃၆
**ကား(လ)မာ့က် (၁၈၁၈–၁၈၈၃)** ၂၃၉
မာ့က်(စ)ဝါဒ ၂၄၂

http://www.cherrythitsar.org


မှော်ကဲ၏ ရုပ်ဝါဒ ၂၄၃
မှော်ကဲ၏ ဒိုင်ယာလက်တစ် သဘောတရား ၂၄၅
ရုပ်ဝါဒ၏ ဒိုင်ယာလက်တစ် သဘောတရားဆိုင်ရာ
အခြေခံဥပဒေများ ၂၄၆
ဆန့်ကျင်ဘက်(ဝိရောဓိ)တရားတို့၏
ညီညွတ်မှုနှင့် ပဋိပက္ခဖြစ်မှု ဥပဒေသ ၂၄၆
ဆန့်ကျင်ဘက်တရားများ၏ စည်းလုံးညီညွတ်မှုနှင့် ပဋိပက္ခ ၂၄၆
ဆန့်ကျင်ဘက်တရားတို့၏ ပဋိပက္ခသည် တိုးတက်မှု၏
အစဖြစ်သည် ၂၄၈
ပဋိပက္ခသဘောများ ကွဲပြားခြားနားနေပုံ ၂၅၂
အတွင်းပဋိပက္ခနှင့် အပြင်ပဋိပက္ခ ၂၅၂
ရန်ဘက်ပဋိပက္ခနှင့် မိတ်ဘက်ပဋိပက္ခ ၂၅၄
အခြေခံပဋိပက္ခနှင့် အခြေခံမဟုတ်သောပဋိပက္ခ ၂၅၆
အရည်အတွက်မှ အရည်အချင်းသို့ ပြောင်းလဲခြင်း ဥပဒေသ ၂၅၈
အရည်အချင်းနှင့် အရေအတွက် ၂၅၉
အရေအတွက်မှ အရည်အချင်းသို့ ပြောင်းလဲတိုးတက်မှု
ဥပဒေသတစ်ခု ၂၆၁
တိုးတက်မှု စဉ်ဆက်မပြတ် ဖြစ်ပေါ်ပုံနှင့် စဉ်ဆက်မဖြစ်ပေါ်ပုံ ၂၆၂
ငြင်းပယ်ခြင်း၏ ငြင်းပယ်ခြင်း ဥပဒေသ ၂၆၃
ဒိုင်ယာလက်တစ်နည်းကျ ငြင်းပယ်ခြင်းနှင့် တိုးတက်ပြောင်းလဲမှု ၂၆၃
တိုးတက်ပြောင်းလဲဖြစ်ပေါ်မှု၏ ရှေ့သို့ အစဉ်တိုးတက်သောသဘာဝ ၂၆၆
တိုးတက်မှု အတက်အကျရှိသော လက္ခဏာ ၂၆၈
ဆိုရှယ်လစ်စနစ်တွင် ငြင်းပယ်ခြင်း ဥပဒေသ ဖြစ်ပေါ်ပုံ ၂၆၉
လူတန်းစားတိုက်ပွဲ ၂၇၀

## အပိုင်း ငါး

နှစ်ဆယ်ရာစု ခေတ် ၁၇၃
ဘဝဖြစ်တည်ခြင်း ပဓာနဝါဒ ၂၇၅
ကဲကီဂတ်၏ ဘုရားရှိသော၊ ဖြစ်တည်ခြင်း ပဓါနဝါဒ ၂၇၆

http://www.cherrythitsar.org


**ယန်းပေါ်ဆတ်** ၂၈၁
လက်တွေ့သက်သက်ဝါဒ ၂၈၇
**ဂျိမ်း(စ)နှင့် ဗွန်ဂျူဝီ** ၂၈၇
ဗဟုလောကဝါဒ ၂၉၁
**ဗွန်ဂျူဝီ** ၂၉၃
ယုတ္တိနည်းကျ ဒိဋ္ဌဓမ္မဝါဒ ၂၉၆
**ရုဒေါ့ကားနက်(ပ)** ၂၉၆
**ဘာထရန့်ရပ်ဆယ်** ၃၀၇
ဝေါဟာရရှင်းတမ်း ၃၁၅
ကိုးကားသည့်ကျမ်းများ ၃၂၇
အမည်စာရင်း ၃၂၈

*       *       *

# တတိယအကြိမ် ရိုက်နှိပ်ခြင်း
# စာရေးသူ၏ ဖြောင့်ချက်

'ဖြောင့်ချက်' ဆိုသော စကားလုံးသည် သာမန်အားဖြင့် ကျူးလွန်ခဲ့သော မိမိ၏ အပြစ်ကို ဝန်ခံခြင်းဟူသော အနက်ထွက်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် confess ဖြောင့်ချက်ပေးသည် ဆိုသောအခါ အပြစ်ကျူးလွန်ခဲ့ခြင်းကို ဝန်ခံခြင်း အနက်ထက် ရိုးသားဖြောင့်မတ်ခြင်းကို ဖော်ဆောင်သော အနက်က သာ၍ ထင်ရှားပါသည်။ Collins Cobuild-Essential English Dictionary တွင် confess ဖြောင့်ချက်ပေးသည်ဆိုသော စကား၏ အနက်ကို ပြဆိုရာ၌ 'You say 'I must confess' to emphasize that you are being honest about something' ဟု ဖွင့်ပြပါသည်။ ဤနေရာ၌ အကျွန်ုပ် ဖြောင့်ဆိုရမည် ဆိုပါလျှင် ဟူသောအနက်ကို ယူသော် ဖြောင့်ဆိုခြင်း (ဝါ) ဖြောင့်ချက်သည် တစ်စုံတစ်ခုနှင့် ပတ်သက်၍ ရိုးသား ဖြောင့်မတ်သော သဘောကို အလေးအနက်ထားလိုခြင်း သဘောကို ရပါသည်။

ယခု ဤတွင်လည်း ထိုသဘောအနက်ကိုယူ၍ ဤဖြောင့်ချက်ကို အကျွန်ုပ် ဖြောင့်ဆိုခြင်း ဖြစ်သည်ဟု စာဖတ်သူ နားလည်စေလိုပါသည်။

http://www.cherrythitsar.org


-၂-

တစ်စုံတစ်ခုနှင့် ပတ်သက်၍ အကျွန်ုပ်၏ ရိုးသားဖြောင့်မတ်သည့် သဘောကို ဖော်ပြလို၍ ဖြောင့်ချက်ဆိုသော စကားကို အလေးအနက်ဖြစ်စေခြင်းငှာ သုံးနှုန်းလိုက်ခြင်း ဖြစ်ပါသည်။ ရိုးသားဖြောင့်မတ်ခြင်းသဘောကို ဖော်ပြရမည်ဆိုလျှင် အကျွန်ုပ်သည် လွန်ခဲ့သော အနှစ် သုံးဆယ်ကျော် ကာလတုန်းက (ဝါ) အသက် ၃၀ ပတ်ဝန်းကျင် အရွယ်လောက်တုန်းက ကမ္ဘာ့တွေးခေါ်ရှင်ကြီးများစာအုပ်ကို ရေးသားထုတ်ဝေခဲ့လေသည်။ ထိုကမ္ဘာ့ တွေးခေါ်ရှင်ကြီးများ စာအုပ်ကို မထုတ်ဝေခင် ပထမဦးစွာ 'ဗီလိုဆိုဗီ ကကြီးခကွေး' ဆိုသော စာအုပ်ကို မြေစမ်းသော သဘောဖြင့် စတင်ရေးသား၍ ထုတ်ဝေခဲ့လေသည်။

ထိုကာလသည် ၁၉၆၀ ခုနှစ်များ အစပိုင်းကာလဖြစ်ပါသည်။ ထိုစဉ်အခါက အကျွန်ုပ်သည် ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနတွင် မဟာဝိဇ္ဇာတန်း ကျောင်းသား တစ်ဦးအဖြစ် ကမ္ဘာ့ဒဿနပညာများကို ဆည်းပူးလေ့လာနေခိုက် ဖြစ်ပါသည်။ တစ်ဘက်တွင် စာပေနယ်ထဲသို့ စာရေးသူတစ်ယောက်အဖြစ် တွန်းတွန်းထိုးထိုး တိုးဝင်ခါစ မရှေးမနှောင်းကာလလည်း ဖြစ်ပါသည်။ မြန်မာစာပေနယ်မှာ ဆရာတက္ကသိုလ်ဘုန်းနိုင်၏ အချစ်အလွမ်းဝတ္ထုများ လူကြိုက်များနေသော အချိန်ဟု ဆိုလျှင် ဆိုနိုင်မည် ထင်ပါသည်။ စာပေနယ်ထဲသို့ ၁၉၅၈ ခုနှစ်လောက်မှာ တစ်ကျပ်တန်၊ ပြားခြောက်ဆယ်တန် ဝတ္ထုကလေးများ ရေးပြီးဝင်လာခဲ့ရာတွင် အကျွန်ုပ်၏ စိတ်ထဲတွင် မိမိသည် ရိုမင်တစ် romantist ခေါ် စိတ်လှုပ်ရှားစရာ အချစ် အလွမ်းရသစာမျိုးကို ရေးသင့်သူ မဟုတ်ဟူသော အတွေး ဖြစ်ပေါ်နေခဲ့လေသည်။

ထိုအချိန်လောက်တွင် အကျွန်ုပ်၏ ဘဝအပေါ် ဗုဒ္ဓဘာသာ အယူအဆများကလည်း စတင်၍ လွှမ်းမိုးခါစ ဖြစ်ရာ အချစ်အလွမ်းရသစာသည် မြတ်ဗုဒ္ဓ၏ အမြင်တွင် သမ္ဖပ္ပလာပဝါစာ အကျိုးမရှိသိမ်ဖျင်းသော စကားမျိုးသာ ဖြစ်သည်ဟု ရှုမြင်ထားသောကြောင့်လည်း ထိုစာမျိုးသည် မိမိရေးသားရမည့် စာမျိုးမဟုတ်ဟူသော အတွေးလည်း ဖြစ်ပေါ်နေခဲ့လေသည်။

တိုက်တိုက်ဆိုင်ဆိုင် ထိုကာလမှာပင် အကျွန်ုပ်သည် ဒဿနစာဟု ဆိုအပ်သော အတွေးအခေါ်စာအုပ်ကြီးများစွာကို အပတ်တကုတ် ဖတ်ရှုလေ့လာ ဆည်းပူးနေခဲ့ရပြန်သည်။ ထိုအခါ အကျွန်ုပ် စဉ်းစားခဲ့သည်။ မိမိလည်း ဒဿနစာမျိုး

http://www.cherrythitsar.org


ရေးသားနိုင်သူ ဖြစ်ပါမူကား ကောင်းမည်ဟု စဉ်းစားခြင်း ဖြစ်ပါသည်။ ထိုသို့ စဉ်းစားရာတွင် ဝါသနာအလျောက် ဒဿနကျမ်းများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖတ်ရှုပြီး ဒဿနပညာဖြင့် တက္ကသိုလ်မှ အထက်တန်းဘွဲ့တစ်ခုကို ရယူရန် မိမိ၏ အသက်အရွယ် အချိန်ကာလ အားလုံးကို အသုံးချနေရသည်လည်း တစ်ကြောင်း၊ မိမိရင်ထဲမှာလည်း အချစ်အလွမ်းဖွဲ့ ရသစာမျိုးထက် ရင့်ကျက်သော သစ္စာတရား ရှာပုံတော်ဖွင့် ဒဿနစာမျိုးကို ရေးချင်သော ဆန္ဒကဲနေသည်လည်း တစ်ကြောင်း၊ တစ်ဖန် မြန်မာစာပေနယ်တွင်လည်း ကမ္ဘာမှာ ထွန်းကားနေသော ဒဿနစာပေမျိုး မရှိသေး၊ မထွန်းကားသေး၍ ကွက်လပ်တစ်ခု ဖြစ်နေသည်လည်း တစ်ကြောင်းကြောင့် ထိုကွက်လပ်ကို ဖြည့်ရန်အတွက် မိမိသည် ဒဿနစာပေတွေကို ရေးဖွဲ့လိုခြင်းဆန္ဒ ပြင်းပြခြင်းလည်း ဖြစ်ကြောင်း ဆိုသင့်ပါသည်။

သို့ရာတွင် ဖြစ်ချင်သည်က 'ဆန္ဒ' ဖြစ်၍ ဖြစ်နိုင်သည်က 'ဘဝ' ဖြစ်သည်ဆိုသော အချက်ကိုလည်း အတွေးအခေါ်သမား ဖြစ်ချင်သော အကျွန်ုပ်၏ ဦးဏှောက်စက်ရုံထဲကို ကုန်ကြမ်းအဖြစ်ထည့်၍ ကုန်ချောတစ်ခု ထုတ်လုပ်ကြည့်ဦးမှ ဖြစ်မည်ဆိုသည်ကိုပါ လေးလေးနက်နက် စဉ်းစားရန် ကိုယ့်ကိုကိုယ် ဆုံးမပါသည်။ ဆန္ဒနှင့် ဘဝသည် ဘယ်အခါမှ ထပ်တူဖြစ်သော ထုံးစံမရှိချေ။ မိမိသည် ဖန်တီးမှုစွမ်းအားရှင် (ဝါ) တန်ခိုးရှင်တစ်ဦးမဖြစ်သေးသမျှ ဆန္ဒကို ဘဝဖြစ်အောင် မဖန်တီးနိုင်သေး။ ဘဝသည် ဆန္ဒအလိုကို မလိုက်၊ ဆန္ဒကသာ ဘဝအလိုသို့ လိုက်ရသည် ဆိုသည်ကို သဘောပေါက်အောင် ဆင်ခြင်ခဲ့ရလေသည်။

ထိုအခါ ဘဝနှင့် ဆန္ဒတို့ အံဝင်ခွင်ကျ ဖြစ်အောင် ဘယ်လိုလုပ်သင့်သလဲ ဆိုသည်ကို စဉ်းစားရပြန်သည်။ ကိုယ့်ရင်ထဲက ဖြစ်ချင်သော အာသာဆန္ဒကို ကိုယ်ကျက်စားသော ပတ်ဝန်းကျင်ဘဝထဲမှာ ဖြစ်မြောက်အောင် အကောင်အထည် ပေါ်အောင် ဘယ်လိုလုပ်မလဲဆိုသော 'နည်းလမ်း' က သာ၍ အရေးကြီးကြောင်း သိမြင်လာပါသည်။

ထိုအခါ 'နည်းလမ်း'ကို အရေးထား၍ ရှာရပြန်သည်။

ရိုးရိုးစင်းစင်း အဖြောင့်ပြောလျှင် ကိုယ်က ဒဿနစာပေတွေကို ရေးချင်သည်။ ဒါက ဆန္ဒပဲဖြစ်သည်။ သို့သော် ဘဝထဲမှာ အမှန်တကယ် ဖြစ်နေတာက လူတွေ၊ စာဖတ်ပရိသတ်တွေက အချစ် အလွမ်း စာပေတွေ ရသစာပေတွေကိုသာ လက်ခံပြီး အားရကျေနပ် နှစ်သိမ့်စွာ ဖတ်ချင်နေကြသည်။ ရသစာပေကိုသာ ဖတ်ချင်နေသော စာဖတ်ပရိသတ်သည် ဒဿနစာပေကို ဖတ်ပါ့မလား။ အကျွန်ုပ် အလေးအနက် စဉ်းစားရလေသည်။ ကောင်းပြီ၊ စာရေးဆရာဆိုတာက စာတစ်ခုကို

ဖြစ်အောင် သန္ဓေတည်၍ မွေးဖွားပေးသူသာ ဖြစ်သည်။ ကိုယ်မွေး ပေးလိုက်သော ကလေးကို လူလားမြောက်အောင်၊ လူဖြစ်အောင် (ဝါ) ဘဝရပ်တည်နိုင်အောင် စောင့်ရှောက် မွေးမြူသူ ရှိဦးမှလည်း ဖြစ်ပေမည်။ ထို့အတူ စာရေးသူ ရေးထုတ်လိုက်သော စာတစ်ခုကို စာဖတ်ပရိသတ်လက်ထဲသို့ ရောက်အောင် ငွေကုန်ကြေးကျခံကာ ထုတ်ဝေသူက ထုတ်ဝေပေးမှလည်း ထိုစာသည် စာဖတ်သူတို့ လက်ဝယ်သို့ ရောက်ခဲ့ စာဖတ်သူတို့ လက်ခံပါက ရှင်သန်ကြီးထွား၍ လူလားမြောက်လာ နိုင်ပါသည်။

အကျွန်ုပ်ရင်ထဲတွင် ဝိရောဓိသည် ကြီးမားလာသည်။

ဒဿနစာကို ဖတ်ချင်သူ ရှိပါ့မလား။

ဒဿနစာကို ထုတ်ဝေသူ ရှိပါ့မလား။

ဤမေးခွန်းများက အကျွန်ုပ်၏ ခေါင်းကို နေ့ရော ညပါ စားနေသော ပြဿနာကြီး ဖြစ်လာခဲ့သည်။

-၃-

သတ္တဝါတို့အထဲတွင် လူသားသည် မိမိ၏ စားကျက်ကို မိမိဖာသာ တီထွင်ရသူဖြစ်ပါသည်။ တခြားသော သက်ရှိသတ္တဝါများမှာ ထိုကဲ့သို့ ဖန်တီးနိုင်စွမ်းအား မရှိကြ။ သူတို့သည် အသင့်ရှိနေသော စားကျက်များကို လိုက်လံရှာဖွေ၍ စားသောက်ကာ အသက်ရှင်ကြရလေသည်။ လူသားလည်း ရှေးပဝေသဏီ ကာလတုန်းကတော့ ရေကြည်ရာ မြက်နုရာ စားကျက်ကို လိုက်ရှာ၍ စားသောက်နေထိုင်ခဲ့ရဖူးလေသည်။ သို့သော် လူသား၏ ဘဝက အသင့်ရှိနေသော သဘာဝ စားကျက်ကို အလွယ်တကူမရနိုင်။ ကိုယ့်ထက် အလျင်ရောက်နေကြသော လူအုပ်စုက အပိုင်စီးထားသော စားကျက်ထဲကို မိမိက ဝင်တိုးလျှင် မိမိအတွက် အခွင့်အလမ်းမသာ ဖြစ်တတ်သည်။ ပထမလူအုပ်စုက လက်မခံ၍ ငြင်းဆန်တိုက်ခိုက်ခြင်းကိုလည်း ခံရနိုင်သည်။ သို့မဟုတ် သူများ၏ စားကျက်ထဲမှာ ကိုယ်က နောက်ကဝင်တိုးပြီး စားလျှင် စားကျက်ကောင်းကောင်း ရဖို့ရန် အခွင့်မသာခြင်းလည်း ဖြစ်နိုင်သည်။ အကောင်းဆုံးကတော့ သူများချန်ထားခဲ့သော နေရာပဲဖြစ်ဖြစ်၊ သူများမဝင်ရသေးသော ဖုန်းဆိုးပဲဖြစ်ဖြစ် လွတ်ရာ ကျွတ်ရာ တစ်နေရာမှာ ကိုယ့်ဖာသာ ကိုယ့်ခွန်ကိုယ့်အားနှင့် စားကျက်သစ်ရှာခြင်း (ဝါ) စားကျက်သစ်ကို ကိုယ့်စိတ်ကြိုက် ဖန်တီးခြင်းသည်သာ ခက်ခဲသော်လည်း

http://www.cherrythitsar.org


စားကျက်ဖြစ်ပေါ်လာပါက ကိုယ်ပိုင်စားကျက် ဖြစ်နိုင်ပေသည်။

အကျွန်ုပ်လည်း မိမိကျင်လည်ကျက်စားလိုသော စားကျက်သစ်ကို လိုက်ရှာ၍ပဲဖြစ်ဖြစ် ကိုယ့်စိတ်ကြိုက် ဖန်တီးတီထွင်၍ပဲဖြစ်ဖြစ် ရလာလျှင် ထိုစားကျက်အပေါ်မှာ ကိုယ်ကျင်လည်ကျက်စား၍ပဲ ဖြစ်ဖြစ် စိတ်ကျေနပ်ဖွယ်ရာ ဘဝရပ်ဝန်းတစ်ခု ဖြစ်လာနိုင်သည်ဟု တွေးတော ဆင်ခြင်မိခဲ့လေသည်။

စာပေလောကတွင် မိမိအရင်က ရောက်နှင့်သော ပုဂ္ဂိုလ်များသည် သူတို့စားကျက်နှင့် သူတို့ တင့်တင့်တယ်တယ် ငြိမ်းငြိမ်းချမ်းချမ်း နေထိုင် အသက်မွေးလျက်ရှိနေကြလေပြီ။ ထိုရှေးက ရောက်နှင့်သူများ၏ စားကျက်ထဲသို့ မိမိက နောက်လူအဖြစ် ဝင်ရောက်နေရာယူမည်ဆိုပါက စားကြွင်းစားကျန်ကိုသာ စားရပေမည်။ မူလကပင် သူ့စားကျက်နှင့်သူ အသားကျနေကြပြီးသော သတ္တဝါများကလည်း နောက်မှ တိုးဝင်လာသော သတ္တဝါကို အသင့် လက်ခံကြမည်မဟုတ်။ မိမိအဖို့မှာလည်း နေပျော်ဖွယ် 'ဘဝ'ကို ရရှိနိုင်မည်မဟုတ် ဆိုသည်ကို ကောင်းကောင်းသိမြင် ခဲ့ပါသည်။ ထိုအခါ စားကျက်သစ်ရှာဖို့ သို့မဟုတ် စားကျက်သစ်တစ်ခုရအောင် ဖန်တီးနိုင်ဖို့ အခွင့်အလမ်းကို အကျွန်ုပ် မျှော်မှန်းခဲ့ရပေတော့သည်။

–၄–

တစ်ခုတော့ ရှိသည်။ ဘဝကို ရင်းနှီးမြှုပ်နှံကြရာ၌ စွန့်စား၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရဲသော သတ္တိ (ဝါ) စွန့်စား၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်သော မူဝါဒ (entrepreneurism) ရှိမှ ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ထိုကဲ့သို့ စွန့်စား၍ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းကို တီထွင်လုပ်ကိုင်ကြရာ၌ သတ္တိတစ်ခုတည်း ရှိရုံဖြင့်မပြီးသေး။ မိမိထုတ်လုပ်သော ကုန်ပစ္စည်းကို စားသုံးမည့်ဈေးကွက် အလားအလာရှိမရှိကိုလည်း စူးစူးစမ်းစမ်း လေ့လာရပေမည်။ market share ခေါ် 'ဈေးကွက်ဝေစု' ရဖို့ အလားအလာ မရှိဘဲနှင့် မိုက်ရူးရဲ စွန့်စားလျှင်လည်း ခွက်ခွက်လန်အောင် ဆုံးရှုံး သွားနိုင်သည်။ ဈေးကွက်အလားအလာလည်း ရှိသည်။ မိမိမှာ ရင်းနှီးမြှုပ်နှံနိုင်သော ဓနစွမ်းအားရှိသည်။ ဒါလောက်နှင့်လည်း မဖြစ်သေး။ မိမိထုတ်လုပ်မည့် ကုန်ပစ္စည်းကို စားသုံးသူများ လက်ခံအောင် အကြိုက်ဖြစ်အောင် ဖန်တီးထုတ်လုပ်ပေးမည့် နည်းပညာနှင့် ထုတ်လုပ်ပေးမည့် ကျွမ်းကျင်သူလည်း ရှိရပေဦးမည်။

ဒါတွေကို တသီကြီး စဉ်းစားသည်။ တတန်းကြီး ဝေဖန်သုံးသပ်သည်။

http://www.cherrythitsar.org


မိမိမှာ အတွေးအခေါ်သမားဖြစ်၍ ထိုးထွင်းနိုင်သော ဉာဏ်အမြင်တော့ ရှိပါသည်။ စိတ်ကူးစိတ်သန်းသစ်များလည်း ရှိပါသည်။ သို့သော် ကုန်ပစ္စည်း ထုတ်လုပ်ပြီး ဈေးကွက်တင်ဖူးသူ မဟုတ်သောကြောင့် ဈေးကွက်ဝေစု ရနိုင်မရနိုင်၊ စားသုံးသူ စာဖတ်ပရိသတ်က လက်ခံနိုင် မခံနိုင်ကို အကဲခတ်နိုင်စွမ်းကား မရှိကြောင်း ဝန်ခံရပေမည်။

သို့ဖြစ်လျှင် မိမိဆန္ဒကို ဘဝဖြစ်လာအောင် မည်သူသည် ကြားကဝင်၍ ကျွမ်းကျွမ်းကျင်ကျင် ဖန်တီးပေးနိုင်မည်နည်း။ မိမိရေးသားသော ဒဿနစာကို ဘယ်သူ ထုတ်ဝေရဲမည်နည်း။ ဘယ်သူ ထုတ်ဝေနိုင်မည်နည်း။

ဤမေးခွန်းကို အဖြေရ ခက်ပါသည်။

ငွေကြေး ရင်းနှီး လုပ်ကိုင်မည့်သူသည် သူ့ဆန္ဒ၊ သူ့အဖြစ်နှင့် သူဖြစ်မည်။ သူသည် စာဖတ်သူတွေ အကျိုးရှိဖို့ထက် သူ့အကျိုးအမြတ်ရှိဖို့ကိုသာ ပထမ ဦးစားပေး၍ စဉ်းစားမည်ဖြစ်သည်။ ဤသည်မှာ ကြီးပွားရေးလုပ်ငန်း၏ သဘာဝ ဓမ္မပင် ဖြစ်သည်။ ထိုထုတ်ဝေသူကို မိမိအနေနှင့် ဘာအာမခံချက် ပေးနိုင်မလဲ။

တစ်စုံတစ်ခုကို အသစ်တီထွင် ဖန်တီးသော သိပ္ပံပညာရှင်သည် သူတီထွင် သော ပစ္စည်းကို စားသုံးသူ ပရိသတ်လက်သို့ ရောက်အောင် အများအပြား ထုတ် လုပ်ပေးနိုင်မည့်သူကို မိမိပစ္စည်း၏ စိတ်ဝင်းစားစရာ ကောင်းပုံကို ထုတ်လုပ် ဖြန့်ချိမည့်သူ လက်ခံယုံကြည်အောင် ပြောပြခြင်းမှအပ အခြားချဉ်းကပ်နည်း မရှိပေ။ ဤအချက်ကို အကျွန်ုပ် နှလုံးသွင်းမိလေသည်။

-၅-

လွန်ခဲ့သော အနှစ် ၃၀ ကျော်ကာလက အကျွန်ုပ် စာရေးဆရာဖြစ်စမှာ အကျွန်ုပ်၏စာအုပ်များကို ထုတ်ဝေရန် စိတ်ဝင်စားသူတစ်ဦး ရှိခဲ့လေသည်။ ထို သူသည် ယခု ကွယ်လွန်သွားပြီ ဖြစ်ပါသည်။ သူကား ခေတ်မီ စာပေတိုက် ပိုင်ရှင် ကိုလှသန်းဖြစ်သည်။ သူ့ကို အကျွန်ုပ် နားခိုရသည်။

'ကိုလှသန်း ကျွန်တော်တော့ အတွေးအခေါ် စာပေတွေ ရေးချင်တယ်ဗျာ'

'အတွေးအခေါ်စာဆိုတာ ဘယ်လိုစာလဲ ဆရာ၊ ခုခေတ်လူတွေက အချစ်၊ အလွမ်း၊ စွန့်စားခန်း ရသစာတွေကိုပဲ လက်ခံပြီး ဖတ်နေကြတာပဲ။ ဆရာ့အနေနဲ့လဲ လူတွေကြိုက်မည့် အဲဒီလို အချစ်အလွမ်း ဝတ္ထုတွေကို ရေးတာ ပိုမကောင်းဘူးလား'

'ဒီနေရာမှာ ခင်ဗျားနဲ့ ကျွန်တော် အမြင်ချင်းတူအောင် ညှိနှိုင်းချင်တယ်ဗျာ။

http://www.cherrythitsar.org


ပထမ ခု ခင်ဗျား မေးတဲ့ မေးခွန်းဟာ အရေးကြီးပါတယ်။ အတွေးအခေါ် ဒဿနစာဆိုတာ ဘာလဲဆိုတဲ့ မေးခွန်း။ အဲဒါ သိပ်အရေးကြီးတဲ့ မေးခွန်းပဲ။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားလိုပဲ ဒီနေ့ စာဖတ်ပရိသတ်ဟာ ဒဿနစာပေဆိုတာ ဘာမှန်း မသိကြသေးဘူး။ ဒါ မှန်ပါတယ်။ ဒီတော့ ဒါကို သိအောင် ကျွန်တော်တို့ အရင်လုပ်ကြရမယ်'

'ဘယ်လို လုပ်မှာလဲ ဆရာရဲ့'

'ကမ္ဘာမှာ ပေါ်ပေါက်ခဲ့တဲ့ ဒဿနပညာတွေ၊ အဲဒီပညာတွေကို တွေးခေါ်ခဲ့တဲ့ တွေးခေါ်ရှင်ကြီးတွေ၊ သူတို့တွေးခေါ်ခဲ့ကြတဲ့ အနောက်တိုင်း အရှေ့တိုင်းက အတွေးအခေါ်တွေကို မြန်မာစာဖတ်ပရိသတ် စတင်ဖတ်ရှုရအောင် ကျွန်တော်တို့ ပထမ အစီအစဉ်ချပြီး လုပ်ပြရမယ် ကိုလှသန်းရဲ့'

'ဒီနေ့ စာဖတ်ပရိသတ်က အပျော်ဖတ် စာတွေကိုသာ ဖတ်ချင်နေကြတာ ဆိုတော့ သွေ့သွေ့ခြောက်ခြောက် ဆရာ့ဒဿနစာပေတွေကို ဖတ်ချင်ကြပ့ါမလား'

'မှန်တယ်၊ ခင်ဗျား ပြောသလို ဒဿနစာကတော့ ရသ မပါဘူး။ ဒါပေမယ့် ခင်ဗျားသိဖို့က လူဆိုတာ လှတာကိုပဲ ကြိုက်တတ်တယ် မထင်နဲ့၊ လှတာ မလှတာထက် သူတို့ဘဝအတွက် အသုံးလိုတယ် တန်ဖိုးရှိတယ် ထင် ရင်လဲ ကြိုက်တတ်တယ်ဗျ။ နောက်တစ်ခုကတော့ လူဆိုတာ အသစ်အဆန်းမှန်ရင် ကြိုက်တတ်တယ်။ မြန်မာစာဖတ်ပရိသတ်က ဒဿနစာတွေနဲ့ မထိတွေ့ဖူးသေး ဘူးလေ။ ဒီတော့ ကျွန်တော်တို့က ဒဿနစာပေနဲ့ စတင်မိတ်ဆက်ပေးလိုက်ရင် သူတို့ မဖတ်ဖူးသေးတဲ့ စာပေအသစ်အဆန်းတစ်ခု ဖြစ်နေတာတွေ့ရင် ကျွန်တော် ကတော့ ပရိသတ် စိတ်ဝင်စားမယ်လို့ ထင်တာပဲဗျ'

ကိုလှသန်းသည် ဤတင်ပြချက်ကို လေးလေးနက်နက် စဉ်းစားလေသည်။

'ခု ဆရာ တင်ပြတာကိုတော့ ကျွန်တော် လက်ခံနိုင်ပြီ။ ဒီတော့ ကျွန်တော် မနက်ဖြန်ကျရင် ဆရာ့ကို အဖြေပေးမယ်' ဟု သူ ကတိပြုလေသည်။

နက်ဖြန်သည် ကျွန်ုပ်အတွက် အတော်ပင်ဝေးသည်ဟု ထင်ခဲ့ရပါသည်။ နောက်တစ်နေ့ ကိုလှသန်းကို တွေ့တော့ သူက ပြောသည်။ မေးလည်းမေးသည်။

'ကျွန်တော် လုပ်မယ်၊ ဆရာ့ အစီအစဉ်ကိုသာ ပြောပါ' ဟုဆိုသည်။

'ကောင်းပြီ ကိုလှသန်း၊ ကျွန်တော် ပထမလုပ်မှာက ဒဿနစာပေနဲ့ မိတ်ဆက် သဘောတစ်ခု လုပ်မယ်'

'ဘာစာအုပ် ရေးမှာလဲ'

'ဖီလိုဆိုဖီ ကကြီး ခကွေး–ဆိုပြီး မိတ်ဆက်စာအုပ်ကလေး တစ်အုပ်

http://www.cherrythitsar.org


ရေးမယ်ဗျာ'

'အင်း၊ ဗီလိုဆိုဗီဆိုတဲ့ စကားကတော့ မြန်မာပရိသတ် နားမျက်စေ့မှာ အသစ်အဆန်း ဖြစ်သွားမှာပဲ ဆရာရဲ့၊ ကကြီးခကွေး ဆိုတာကလဲ နိဒါန်းမိတ်ဆက် သဘောလောက်ဆိုတော့ စာဖတ်ပရိသတ်အတွက်လဲ ဝန်မလေးဘူး၊ ပေါ့ပေါ့ပါးပါး ဖြစ်နိုင်ပါတယ်။ ကောင်းပါတယ်၊ ကြိုက်ပြီ။ အဲဒီစာအုပ်ကို အမြန်ရေးပေးပါ ဆရာ၊ ကျွန်တော်တို့ စိတ်စမ်း၊ ခေတ်စမ်း သဘောနဲ့ မနောစမ်း ထုတ်ကြည့် ကြတာပေါ့'

အကျွန်ုပ်နှင့် ကိုလှသန်းတို့ သဘောတူမျှ သွားကြလေသည်။

အကျွန်ုပ်လည်း 'ဗီလိုဆိုဗီ ကကြီးခကွေး' ကို မြန်မာစာပေ လောကအတွက် ဒဿနစာပေ စင်တော်ဖွင့်အဖြစ် ရေးသား၍ ထုတ်ဝေခဲ့ရာ ထိုစာအုပ်ကို စာဖတ် ပရိသတ်က ချက်ချင်း လက်ခံသွားသောကြောင့် နှစ်ကြိမ် သုံးကြိမ် ထုတ်ခဲ့ရ ဖူးလေသည်။ ထိုအခါ ကိုလှသန်းက

'ကျွန်တော်တို့ သွေးစမ်းလိုက်တာ ခါတော်မီ အံကိုက်ဖြစ်သွားတယ်၊ ဒီတော့ ဆရာ့အနေနဲ့ ဒီထက် ကျယ်ကျယ်ပြန့်ပြန့် ဒဿနစာအုပ်တစ်အုပ် ရေးပါ။ မြန်မြန် ရေးပါ ဆရာ'ဟု ဆိုလေသည်။

–၆–

၁၉၆၄ ခုနှစ်မှာ အကျွန်ုပ်သည် မြစ်ကြီးနားကောလိပ်သို့ ဒဿနိကဗေဒဌာနမှူး (ကျောင်းဆရာ) အဖြစ် ပြောင်းရွှေ့အမှုထမ်းရလေသည်။ နယ်မပြောင်းမီ အကျွန်ုပ်သည် ယခု စာဖတ်သူ လက်ဝယ်ရောက်ရှိနေသော 'ကမ္ဘာ့တွေးခေါ်ရှင် ကြီးများ' စာအုပ်ကို အပြီးရေးပြီး ကိုလှသန်း လက်သို့ အပ်ခဲ့လေသည်။ ၁၉၆၅ ခုနှစ်စလောက်တွင် 'ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ' စာအုပ်ကို ပထမအကြိမ် ခေတ်မီ စာပေမှ ကိုလှသန်းက ထုတ်ဝေခဲ့လေသည်။ ထိုစာအုပ်သည် ထုတ်ဝေပြီး မကြာမီ ကုန်သွားလေသည်။ ထိုနောက် ၁၉၆၆ ခုနှစ်မှာ အကျွန်ုပ်သည် ပုည စာပေတိုက်ကို တည်ထောင်ခဲ့လေသည်။ ထိုအချိန်တွင် ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ စာအုပ် ပထမအကြိမ် ထုတ်ဝေခြင်း လက်ကျန်မရှိတော့သောကြောင့် ၁၉၆၆ ခုနှစ်ကုန်ခါနီးမှာ ပုညစာပေက ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်လျက် ကမ္ဘာ့ တွေးခေါ် ရှင်ကြီးများ စာအုပ်ကို ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။

http://www.cherrythitsar.org


-၇-

ဒုတိယအကြိမ် ထုတ်ဝေသော ကမ္ဘာတွေးခေါ်ရှင်ကြီးများ စာအုပ်သည် ၁၉၆၆ ခုနှစ် မကုန်မီကပင် တိုက်လက်ကျန် မရှိဘဲ ကုန်သွားပါသည်။ သို့သော်လည်း အကျွန်ုပ်သည် ဘဝ၏ အပြောင်းအလဲများကြောင့် ကမ္ဘာတွေးခေါ်ရှင်ကြီးများ စာအုပ်ကို နောက်ထပ် ရိုက်နှိပ်ထုတ်ဝေရန် မစီစဉ်နိုင်ဘဲ ကာလကြာမြင့်စွာ နေခဲ့ရလေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကာလက မြန်မာစာပေလောကတွင် ဒဿနစာပေ စင်တော်ဖွင့် မိတ်ဆက်အလို့ငှာ 'ဗီလိုဆိုဖီကကြီးခကွေး' နှင့် 'ကမ္ဘာတွေးခေါ်ရှင်ကြီးများ' ကို ရေးသားထုတ်ဝေခဲ့ပါသည်။ ထိုစဉ်က မိမိ စိတ်ထဲတွင် မိမိမသေခင် ဒဿနစာ၊ ဓမ္မစာများကို ယခုလောက် စိတ်ဝင်တစား ဖတ်ရှုလေ့လာချင်ကြသော လူငယ် စာဖတ်ပရိသတ်သည် လျင်လျင်မြန်မြန် ပေါ်လာလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ။ သို့သော် တစ်ချိန်ချိန်မှာတော့ နီးကြားသော အဆင့်မြင့်စာမျိုးကိုသာ ရွေးဖတ်ချင်သော စာဖတ်ပရိသတ်မျိုးသည် ကမ္ဘာ့နိုင်ငံကြီးများလို မြန်မာနိုင်ငံမှာလည်း ပေါ်ပေါက်လာလိမ့်မည်ဟူ၍ကား မိမိသည် မျှော်လင့်ချက်များစွာ ထားခဲ့လေသည်။

မိမိသည် ကံကောင်းသည်ဟု ဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် မိမိမျှော်လင့်ထားခဲ့သော နီးကြားသော အဆင့်မြင့် သုတစာမျိုး၊ ဘဝအမြင် ကြည်လင်ရေး စာမျိုးကိုသာ တန်ဖိုးထား၍ တန်ဖိုးပေး၍ ဖတ်ချင်သော မြန်မာလူငယ် စာဖတ်ပရိသတ်သည် မိမိမသေခင်မှာပင် ထွန်းကားလာသည်ကို တွေ့ရသဖြင့် အကျွန်ုပ်သည် များစွာ နှစ်ထောင်းအားရဖြစ်ရပါသည်။ စာပေလောက၌ ဒဿနစာပေမျိုး၊ ဓမ္မစာပေမျိုး အတွက် ဈေးကွက်ဝေစု market share လည်း ကျယ်ကျယ်ဝန်းဝန်း ရရှိနေပါပြီ။ အကယ်၍သာ ထိုက်ထိုက်တန်တန် ဘာသာရေးနှင့် အတွေးအခေါ်စာပေ ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ကြမည်ဆိုပါက ထိုကုန်ပစ္စည်းများကို အားတက်သရော ဝယ်ယူ စားသုံးကြသည့် စားသုံးသူပရိသတ်လည်း ကျယ်ကျယ်ပြန့်ပြန့် ရှိနေပြီဆိုသည်ကို အကျွန်ုပ် မျက်မှောက်တွေ့မြင်နေရပြီ ဖြစ်သည်။ အစဉ်အလာအားဖြင့် မြန်မာနိုင်ငံတွင် စာရေးဆရာအလုပ်သည် မကြီးပွားနိုင်သော အလုပ်၊ ကန်ဖွန်းရွက်ပြုတ်နှင့် ငပိရည်ကိုသာ စားရတတ်သော အလုပ်ဟု ယူဆခဲ့ကြပါသည်။ ယခုအခါ ထိုအယူအဆသည် မမှန်ကန်တော့ပါ။ စာရေးဆရာသည် အဆင့်မြင့် စာပေကုန်ပစ္စည်းများကိုသာ ထုတ်လုပ်ရောင်းချနိုင်မည် ဆိုပါက

http://www.cherrythitsar.org



တိုက်နှင့် ကားနှင့် တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်တွေနှင့် တင့်တောင့် တင့်တယ် နေနိုင်သော အခြေအနေတွေလည်း ဖြစ်ပေါ်နေပြီကို မျက်မှောက် တွေ့ထိ ခံစားရပြီ ဖြစ်ပါသည်။ ဤစကားသည် စိတ်အထင်နှင့် လိုချင်သော စိတ်ကူးယဉ် ဆန္ဒကို ဆိုခြင်းမဟုတ်ပါ။ တကယ်တန်း ဖြစ်တည်နေသော ဘဝ အတွေ့အကြုံကို ဆိုခြင်းသာ ဖြစ်ပါသည်။ ကမ္ဘာပေါ်မှာ အဆင့်မြင့် စာဖတ် ပရိသတ်ရှိသော နိုင်ငံတိုင်း၌ စာရေးဆရာသည် တိုက်ကြီးကားကြီး ခြံကြီး ဝင်းကြီးနှင့် တင့်တောင့် တင့်တယ် နေနိုင်သူတွေ ဖြစ်ကြပါသည်။ ယခုအခါ ထို အခြေအနေသည် မြန်မာနိုင်ငံတွင်လည်း ဖြစ်ပေါ်လာနေပြီ ဖြစ်ပါသည်။ လူမှာ ဝမ်းကို ဖြည့်ပေးရသော ရုပ်အစာ၊ ဝမ်းအစာ လိုအပ်သလို စိတ်ကို ဖြည့်ပေးရသော 'စိတ်အစာ' လည်း လိုပါသည်။ ထို့ကြောင့် ဈေးနှုန်း ကြီးမြင့်သော ကာလ၌ ဝမ်း အတွက် အစာကို ဈေးကြီးပေး၍ ဝယ်စားသလိုပင် စိတ်အစာကိုလည်း ဈေးကြီးပေး၍ ဝယ်စားရန် အလေးပေးတတ်ကြ၏။ ဤသဘောကိုလည်း မြင်လွယ်ပါသည်။ စာပေကုန်ပစ္စည်းတွေ ဈေးနှုန်းကြီးမြင့်လာခါမှ စာပေ ဈေးကွက်ကလည်း ကျယ် ပြန့်လာသည်။ ထိုအခါ စာပေထုတ်လုပ်သူ စာပေလုပ်ငန်းရှင် စီးပွားရေး သမား များလည်း ပို၍ များပြားလာပါသည်။

–၈–

ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ စာအုပ်သည် စာပေဈေးကွက်ထဲမှာ ကာလကြာ မြင့်စွာ ကုန်ပစ္စည်းမရှိဘဲ ပြတ်နေခဲ့လေသည်။ အနှစ်သုံးဆယ်ကျော် ကြာခဲ့ပြီ ဖြစ်ပါသည်။ ထိုကာလအတွင်း မွေးဖွားကြီးပြင်းပြီး အသက် ၃၀ ပတ်ဝန်းကျင် သို့ ရောက်လာကြကာ စာဖတ်အားကောင်းသော စာဖတ်ပရိသတ်အတွက် ကမ္ဘာ့ တွေးခေါ်ရှင်ကြီးများ စာအုပ်သည်လည်း စိတ်အစာ တစ်ခု အဖြစ် လိုအပ်နေပြီ ဟု ထင်ပါသည်။

ဤစာအုပ်သည် ကမ္ဘာပေါ်မှာ ပေါ်ထွန်းခဲ့သော အနောက်တိုင်းက ဒဿန ပညာရှင်ကြီးများ၏ ဘဝ တစေ့တစောင်းနှင့် သူတို့၏ အတွေးအမြင်များကို တင်ပြထားသော အနောက်တိုင်း ဒဿနပညာ သမိုင်းငယ်တစ်စောင် ဖြစ်သည်ဟု ဆိုလျှင်လည်း ဆိုနိုင်ပါသည်။ ဤစာအုပ်တွင် ထိုသမိုင်းခေတ် အဆက်ဆက်ကို ပေါ်လွင်စေရန် လွန်ခဲ့သော နှစ် ၂၅၀၀ ကျော် ဘီစီ ၆၀၀ လောက်က စပြီး ရောမ တိုင်း၌ ပေါ်ထွန်းခဲ့သော ဒဿန ဆရာကြီးများက စ၍ ယခု မျက်မှောက်ခေတ်

http://www.cherrythitsar.org

## ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ

၂၀ ရာစု အထိ ပေါ်ထွန်းခဲ့သော ခေတ်သစ် ဒဿနဆရာကြီးများအထိ အခန်းကဏ္ဍများခွဲ၍ တင်ပြထားပါသည်။ ဒဿနပညာသည် သီးသန့် ပညာရပ်တစ်ခု ဖြစ်ပါသည်။ သူ့မှာ သူ့ပညာရပ်ဆိုင်ရာ ဝေါဟာရများလည်း သီးသန့်ရှိပါသည်။ စာဖတ်သူ လူငယ်ပရိသတ်များ လေ့လာရ လွယ်ကူစေရန် ဒဿန ဝေါဟာရများ စာရင်းကိုလည်း နောက်ဆက်တွဲအားဖြင့် ဖော်ပြထားပါသည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် ထုတ်ဝေစဉ်အခါက ဒဿနပညာရှင်ကြီး၏ ရုပ်ပုံများကို ဘလောက်ပြုလုပ်၍ ဖော်ပြခဲ့ပါသည်။ ယခု တတိယအကြိမ်တွင် ထိုဘလောက်များ မရှိတော့၍ ရုပ်ပုံများကို ဖော်ပြနိုင်မည်၊ မနိုင်မည်ကို မသိပါ။ သို့သော် OFFSET ခေတ်၊ ကွန်ပျူတာခေတ်သို့ ရောက်နေသောကြောင့် မူလက ရုပ်ပုံများကို ဖော်ပြမည် ဆိုလျှင်လည်း ဖလင်ကူး၍ ဖော်ပြနိုင်လိမ့်မည် ထင်ပါသည်။ ယခု တတိယအကြိမ် ထုတ်ဝေသော ဤစာအုပ်သည် နောက်ထပ် အဆင့်မြင့် စာပေခေတ်တစ်ခေတ်၏ ရှေ့တော်ပြေး စင်တော်ဖွင့် ဖြစ်ပါမူကား စိတ်ကြေနပ်ရပေဦးမည်။

**စာရေးသူ**

# နိဒါန်း

## ၁။ တွေးခေါ်မြော်မြင်ရေး သဘောတရား

ပတ်ဝန်းကျင် လောကကြီးသည် လူသားကို ပတ်ဝိုင်းထားသည်။ လူသား၏ ပတ်ဝန်းကျင်ရှိ သဘာဝလောကကြီးထဲတွင် အရာဝတ္ထုများဖြင့် တည်နေကြသည်။ ထိုအရာဝတ္ထုများသည် အခါအားလျော်စွာ လှုပ်ရှားနေကြသည်၊ ဖြစ်ပျက်နေကြသည်။ ပြုပြင်ပြောင်းလဲနေကြသည်။ လူ၏ ပတ်ဝန်းကျင် လောကထဲရှိ အရာဝတ္ထုများနှင့် ၎င်းတို့၏ အဖြစ်အပျက်များသည် လူသား၏ အာရုံပေါ်သို့ ရိုက်ခတ်ထင်ဟပ်နေကြလေသည်။

ရုပ်နှင့်စိတ် ပေါင်းဆုံလျက်ရှိသော လူသား၏ အာရုံများပေါ်၌ အရာဝတ္ထုများနှင့် အဖြစ်အပျက်၊ အပြောင်းအလဲများက ထင်ဟပ်လာသောအခါ ထိတွေ့ခံစားမှုများ ဖွဲ့စည်းဖြစ်ပေါ်လာသည်။ ဤကဲ့သို့ ထိတွေ့ခံစားလာရသော အတွေ့အကြုံများကြောင့် လူသားသည် လောကအချင်းအရာများ၊ အဖြစ်အပျက်များ အကြောင်းကို တွေ့မြင် နားလည်ရသည်။

လူသားသည် မိမိတွေ့ကြုံရသော အတွေ့အကြုံများကို တည်၍ လောကအဖြစ်အပျက်များသည် မည်ကဲ့သို့ ဖြစ်ပျက်နေပါသနည်းဟု ဆင်ခြင် စဉ်းစားလာသည်။ ဆင်ခြင်ဉာဏ်ကြောင့်လည်း လူသား လောကအချင်းအရာများကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် သိလာလေသည်။

http://www.cherrythitsar.org



သဘာဝတရားကြီးသည် မည်ကဲ့သို့ ဖြစ်ပျက် ပြုပြင်နေလေသနည်း။ လူ့ဘောင် အဖွဲ့အစည်း၏ သဘောသဘာဝသည် မည်သို့ ရှိပါသနည်း။ လူ့သဘောက မည်သို့နည်းဟု စူးစမ်း ဆင်ခြင်အပ်သော အတတ်ပညာကို တွေးခေါ်မြော်မြင်ရေး သဘောတရားဟု ခေါ်ရပေမည်။ စကြာဝဠာကြီးအတွင်းရှိ သဘာဝ လောကကြီးနှင့် လူ့ဘောင်အဖွဲ့အစည်းအပါအဝင် ခပ်သိမ်းသော အဖြစ်အပျက်၊ အခြေအနေ၊ အပြောင်းအလဲများကို လူသား၏ ဆင်ခြင်ဉာဏ်ဖြင့် စူးစမ်းလေ့လာသောအခါ လှုံ့ဖြစ်ပေါ်ရရှိလာသော အတွေးအမြင်၊ အယူအဆများ အားလုံးကို သိမ်းခြုံ၍ **'တွေးခေါ်မြော်မြင်ရေး သဘောတရား'** ဟု သတ်မှတ် ခေါ်ဆိုလိုသည်။

အနောက်တိုင်းသားတို့က **'ဖီလိုဆိုဖီ'** ဟု ခေါ်၍ အရှေ့တိုင်းသားတို့က 'ဒဿန' ဟုခေါ်သော ဤပညာသည် စင်စစ် လူသားတို့က လောကကြီးကို ရှုမြင်အပ်သော 'လောကအမြင်' ပင် ဖြစ်ပေတော့သည်။ တစ်နည်းအားဖြင့်ဆိုသော် 'လောကအမြင်' မှာ အသိဉာဏ်ရှိသော လူသားနှင့် ပတ်ဝန်းကျင်လောက အဖြစ်အပျက်များ၊ အပြန်အလှန်တုံ့ပြန် ဆက်သွယ် ထင်ဟပ်ကြရာမှ လူသား၏ အသိဉာဏ်၌ ဖြစ်ပေါ်လာသော အတွေးအမြင် အယူအဆ၊ သဘောတရားများ ဖြစ်ကြ၏။

တချို့သော တွေးခေါ်ရှင်များကမူ တွေးခေါ်မြော်မြင်ရေး သဘောတရားဆိုသည်မှာ လူသား၏ အသိဉာဏ်ဖြင့် လောကအချင်းအရာများ၏ ဖြစ်ရပ်အမှန်ကို ထွင်းဖောက် ရှုမြင်သောအမြင် ဖြစ်သည်ဟုလည်း ဆိုကြလေသည်။ မည်သို့ပင်ဖြစ်စေ၊ တွေးခေါ်မြော်မြင်ရေး သဘောတရားသည် သက်ရှိသက်မဲ့ လောကအားလုံးကို နှံ့စပ်အောင် စနစ်တကျ စူးစမ်းလေ့လာသော လောကအမြင်ပင် ဖြစ်သည်။

လောကအမြင်ဟု ဆိုအပ်သော ဤတွေးခေါ်မြော်မြင်ရေး သဘောတရားသည် အခြားသော သိပ္ပံပညာရပ်များနှင့် ခြားနားသည်။ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ဘောဂဗေဒ၊ သင်္ချာ၊ စိတ္တဗေဒနှင့် သမိုင်း ပညာရပ်များမှာ မိမိတို့နှင့် ဆိုင်ရာ သီးခြားနယ်ပယ်များ ရှိကြလေသည်။

ရူပဗေဒသည် ရုပ်ပိုင်းဖြစ်စဉ်များမှ အပူ၊ အသံ၊ အလင်းရောင်၊ သံလိုက်ဓာတ်၊ လျှပ်စစ်ဓာတ်၊ အနုမြူဓာတ် စသည်တို့အကြောင်းကိုသာ လေ့လာသည်။ ဓာတုဗေဒပညာတွင် ဓာတ်ပေါင်း အဖွဲ့အစည်းများအကြောင်းကို လေ့လာသည်။ အလားတူစွာ ဘောဂဗေဒကလည်း စီးပွားရေးနှင့် စပ်ဆိုင်သော အကြောင်းအရာများကို လေ့လာသည် သင်္ချာဗေဒမှာ အရေအတွက်တို့၏ သဘောကို လေ့လာပြီး စိတ္တဗေဒမှာ စိတ်ပိုင်းကိုသာ လေ့လာသည်။ သမိုင်းပညာဆိုပြန်ကလည်း တိုင်းပြည်အုပ်ချုပ်ရေး စနစ်များ၊ စစ်ပွဲများ၊ တော်လှန်ပြောင်းလဲမှုများနှင့် တိုင်းနိုင်ငံများ၏ ထူထောင်မှု

http://www.cherrythitsar.org



များ အကြောင်းကိုသာ လေ့လာသည်။ ထို့ကြောင့် အထက်ပါ အတတ်ပညာများမှာ မိမိတို့အတွက် သီးခြား ကန့်သတ်ထားသော နယ်ပယ်များ အသက အသက ရှိကြသည်။ သမိုင်းပညာသည် စိတ်အကြောင်းကို မလေ့လာသကဲ့သို့ ရူပဗေဒလည်း စိတ်အကြောင်းကို မလေ့လာပေ။ သို့သော် 'ဒဿနိကဗေဒ'ဟု ခေါ်ကြသော တွေးခေါ်မြော်မြင်ရေး သဘောတရားမှာကား ထိုသို့ နယ်ပယ် ကန့်သတ်မှု မရှိချေ။ တွေးခေါ် မြော်မြင်ရေး သဘောတရားသည် သက်ရှိလောက၊ သက်မဲ့လောကနှင့်တကွ ဖြစ်ပျက် ပြုပြင် သင်္ခါရလောက အလုံးကို လေ့လာသည်။ ရုပ်ပိုင်း ဖွဲ့စည်းဖြစ်ပေါ်မှုများကို လေ့လာသကဲ့သို့ စိတ်ပိုင်း ဖွဲ့စည်းဖြစ်ပေါ်မှုများကိုလည်း လေ့လာသည်။

ရှေးခေတ် တွေးခေါ်ရှင်ကြီးများကမူ ဤစိတ်နှင့် ရုပ်အပြန်အလှန် ဖွဲ့စည်းဖြစ်ပေါ်ရာ လောကကြီးကို ကျော်လွန်၍ပင် တွေးခေါ် မြော်မြင်ခဲ့ကြပေသည်။ သင်္ခါရလောကကြီးကား စစ်မှန်သော လောကမဟုတ်၊ ဤလောကထဲရှိ ဖြစ်ပျက်ပြုပြင်မှုများကား သမုတိသစ္စာများသာ ဖြစ်၏။ ထို့ကြောင့် ဤသင်္ခါရ ရုပ်လောကကြီး၏ ဟိုမှာဘက်၌ တစ်ခုသော စစ်မှန်သော ပရမတ္ထသစ္စာတရားသည် ရှိရမည်။ ဤလောက၌ ဖြစ်ပျက်မှုများကို ဖန်တီးပေးနေသော တစ်ခုတည်းသော အစစ်အမှန်တရားသည် ရှိရမည်။ ထိုအဆုံးစွန်သော (အန္တိမ) အစစ်အမှန်တရားသည် အဘယ်နည်းဟု ကြံဆခဲ့ကြ၏။ ထိုကဲ့သို့ ရုပ်လောကကို လွန်၍ စူးစမ်းဆင်ခြင်သော အတွေးအမြင်မျိုးကိုကား **'မက်တာဖီးစစ်'** (တက္ကိကဝါဒ) ဟု ခေါ်သည်။

နှစ်ဆယ်ရာစု အနောက်တိုင်း တွေးခေါ်ရှင်ကြီးတစ်ဦး ဖြစ်သူ 'ဘာထရန် ရပ်ဆယ်' ကမူ တွေးခေါ် မြော်မြင်ရေး သဘောတရား ဟူသည် ဘာသာရေးအတွေးအမြင်နှင့် သိပ္ပံပညာဆိုင်ရာ အတွေးအမြင်ကြားတွင် ပေါင်းကူးပေးသော အတွေးအမြင် ဖြစ်သည်ဟု သူ၏ အနောက်ပိုင်း အတွေးအမြင်သမိုင်းတွင် ဖော်ပြခဲ့ဖူးလေသည်။

ရှေးအခါကမူ တွေးခေါ်မြော်မြင်ရေး သဘောတရားသည် လောကကြီး၏ ဖြစ်ပျက်ချင်းရာများကို သိမ်းခြုံ၍ တစ်မျိုး၊ အနုစိတ်၍ တစ်ဖုံ တင်ပြသော ပညာ ဖြစ်ခဲ့လေသည်။ ရှေးက တွေးခေါ်ရှင်များသည်လည်း လောကအမြင်အမျိုးမျိုးကို တင်ပြကာ အတွေးအမြင် စနစ်ကြီးများကို တည်ဆောက်ခဲ့ကြသည်။ စင်စစ်သော်ကား အတွေးအမြင် တစ်ရပ်သည် ကမ္ဘာကြီးအကြောင်းကို ဖော်ပြနေရုံသာမက ကမ္ဘာကြီးကို ပြောင်းလဲပစ်နိုင်သော သဘောတရားလည်း ဖြစ်ပေသည်။ ကမ္ဘာ့သမိုင်းကို ကြည့်ပါလျှင် ခေတ်တစ်ခေတ်မှ တစ်ခေတ် ပြောင်းလဲ တိုးတက်လာခြင်းမှာ

http://www.cherrythitsar.org



အရင်းစစ်သော် လူတို့၏ အတွေးအမြင်ကအစ ပြောင်းလဲလာခြင်းပင် ဖြစ်တော့သည်။ တွေးခေါ်မြော်မြင်ရေး သဘောတရားမည်သည် လူသား၏ ဘဝရှေ့ဆောင် မီးရှူး တန်ဆောင်လည်း ဖြစ်ပေသည်။ လူသား၏ အတွေးအမြင်များ ပြောင်းလဲလာစေရန် ဘဝပတ်ဝန်းကျင်ကလည်း ဖန်တီးသည်။

လူ့ဘဝ၏ လုပ်ငန်းဆောင်တာမှန်သမျှကို လူ၏ အတွေးအမြင်များက ဦးဆောင်နေလေသည်။ လူတန်းစား ပဋိပက္ခရှိနေသော လူ့အဖွဲ့အစည်းထဲတွင် ပေါ်ပေါက်လာသော အတွေးအမြင် မှန်သမျှသည် လူတန်းစား လက္ခဏာကို ဆောင်ယူကြလေသည်။ ဤစကားကို ရှင်းပြပါမည်။

တွေးခေါ်မြော်မြင်ရေး သဘောတရားတို့သည် လူ့အဖွဲ့အစည်းထဲတွင်သာ ပေါ်ပေါက်ကြရိုး ဓမ္မတာ ရှိ၏။ လူ့အဖွဲ့အစည်းတစ်ရပ်၏ လှုပ်ရှား ဖြစ်ပေါ် တိုးတက် ပြောင်းလဲရေးကို ထိုအတွေးအမြင် သဘောတရားများကပင် ဦးဆောင်သည်၊ စေ့ဆော် တိုက်တွန်းသည်၊ အကာအကွယ်ပေးသည်။

မြေရှင်ပဒေသရာဇ်များနှင့် မြေကျွန်တို့ တည်ရှိခဲ့သော မြေရှင်ပဒေသရာဇ် ခေတ်က ပေါ်ပေါက်ခဲ့သည့် တွေးခေါ်မြော်မြင်ရေး သဘောတရားတို့သည် ထိုလူ့ အဖွဲ့အစည်းကို ဦးစီး ဦးကိုင်ပြုသော မြေရှင်လူတန်းစားတို့၏ အကျိုးကို အကာ အကွယ် ပေးခဲ့ကြလေသည်။ သို့ရာတွင် မြေရှင်ပဒေသရာဇ်များကို အရင်းရှင် ဘူဇွာများက တော်လှန်ကြသောအခါ၌ ဤတော်လှန်ပြောင်းလဲရေးကို အရင်းရှင်တို့၏ အတွေးအမြင်များက စေ့ဆော် ဦးဆောင်ပေးခဲ့လေသည်။ အရင်းရှင်တို့ ကြီးစိုးသော ခေတ်တွင်လည်း တွေးခေါ်မြော်မြင်ရေး သဘောတရားများစွာ ပေါ်ပေါက်ခဲ့လေသည်။ ထိုအတွေးအမြင်များ အားလုံးသည် အရင်းရှင် လူတန်းစားတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးခဲ့ကြသည်။ အရင်းရှင်စနစ်သည် မှန်ကန်သောစနစ် ဖြစ်ကြောင်း ထောက်ခံကြသည်။ ထိုခေတ် အတွေးအမြင်များ အားလုံးသည် အရင်းရှင် ကိုယ်စားပြု အတွေးအမြင်များသာ ဖြစ်ကြ၏။

တဖန် အရင်းရှင် ဘူဇွာများကို ပစ္စည်းမဲ့ အလုပ်သမားများက တော်လှန်သော အခါ ပစ္စည်းမဲ့လူတန်းစားတို့၏ အတွေးအမြင် (ဆိုရှယ်လစ် အတွေးအမြင်) က ဦးဆောင်သည်။ ဆိုရှယ်လစ် အတွေးအမြင်သည် ဆိုရှယ်လစ်ခေတ်ကို ဦးဆောင် ထိန်းကိုင်၍ အလုပ်သမား၊ လယ်သမား လူတန်းစားတို့၏ အကျိုးစီးပွားကိုသာ အကာအကွယ်ပေးသည်။ လုပ်သားပြည်သူတို့ကိုသာ ကိုယ်စားပြု၍ အရင်းရှင်များကို ဖျက်ဆီးသည်။

ထို့ကြောင့် လူတန်းစားခွဲခြားမှုနှင့် လူတန်းစား ပဋိပက္ခရှိသော လူ့အဖွဲ့အစည်း

http://www.cherrythitsar.org


မှန်သမျှတွင် ပေါ်လာသမျှသော အတွေးအခေါ် အမြော်အမြင်များသည် လူတန်းစား လက္ခဏာကို ဆောင်သည်ဟု ကျွန်ုပ်တို့ ရှုမြင်နားလည်ပေသည်။

ပိုမိုတိုးတက်လာသော အပိုင်းသို့ ရောက်သောအခါ တွေးခေါ်မြော်မြင်ရေး သဘောတရား တစ်ရပ်သည် လူတို့၏ ပြုမူဆောင်ရွက်မှုများ၊ လှုပ်ရှားမှုများ၊ ရည်ရွယ် မြော်မှန်းချက်များနှင့် လူမှုပြဿနာများကို အနုစိတ်လေ့လာ၍ ဖြစ်ရပ် အမှန်ကို ရှင်းလင်း ဖော်ထုတ်ပေးသော တာဝန်ကို ထမ်းဆောင်လာသည်။ ထို့ကြောင့် ခြုံ၍ ကြည့်မည်ဆိုလျှင် တွေးခေါ်မြော်မြင်ရေး သဘောတရားသည် စကြာဝဠာကြီး တစ်ခုလုံး (သက်ရှိ၊ သက်မဲ့ လောကအားလုံး) နှင့် စပ်လျဉ်းသော မှန်ကန်သော လောကအမြင်ကို ဖော်ထုတ်ရန် လည်းကောင်း ၊ လူ့သဘာဝလူ့ဘောင် အဖွဲ့အစည်း သဘာဝနှင့် လူသားတို့၏ တန်ဘိုးထား လေးစားအပ်သော ကျင့်ဝတ် ကျင့်စဉ်များနှင့် ပတ်သက်သော အမြင်များကို လည်းကောင်း၊ စူးစမ်းရှာဖွေသော အတတ်ပညာ ဖြစ်သည်။

ရှေးအခါက သဘာဝလောကကြီးအကြောင်းကိုသာ အလေးပေး စဉ်းစားခဲ့ သော တွေးခေါ်မြော်မြင်ရေး သဘောတရားသည် ယခုခေတ်တွင် လူ့သဘာဝကို ပဓာနထား၍ စဉ်းစားတွေးခေါ်လာကြောင်း တွေ့ရသည်။ ယခုဆိုလျှင် အများအားဖြင့် တွေးခေါ်မြော်မြင်ရေး သဘောတရားများသည် လူ့သဘာဝ အနေအထား၊ လူ့ဘဝ ၏ အဓိပ္ပာယ်၊ အနှစ်သာရ၊ လူ့ဘဝ၏ မြော်မှန်းချက်များ၊ လူ့ဘဝအစနှင့် လူ့ဘဝ အဆုံးစသော အရေးကြီးသည့် လူ့ဘဝဆိုင်ရာ ပြဿနာတို့ကို ဦးစားပေး စဉ်းစား ကြ၏။ စကြာဝဠာကြီးအကြောင်းကို စဉ်းစားတွေးခေါ်ရာ၌ပင် ဤပတ်ဝန်းကျင် လောကကြီးနှင့် လူသားသည် မည်သို့ ဆက်စပ်နေသနည်းဟူသော အချက်ကို ပို၍ ဂရုစိုက်လေ့လာ အဖြေရှာလေသည်။

လူသည် အသိဉာဏ် ရှိသည်။ အဖွဲ့အစည်းနှင့် နေတတ်သည်။ နိုင်ငံရေးကို ဆောင်ရွက်တတ်သည်။ ကုန်ပစ္စည်းများကို ထုတ်လုပ်ရယူတတ်သည် ဟူသော ထူးခြားချက်ရှိသည့် သတ္တဝါများ ဖြစ်သည်။ ထိုလူသည် ရုပ်ပတ်ဝန်းကျင်နှင့် လူမှုရေး ပတ်ဝန်းကျင်များထဲတွင် နေထိုင်လှုပ်ရှားနေလေသည်။

လူ့ဘောင်အဖွဲ့အစည်းနှင့် ရုပ်လောကကြီးတည်းဟူသော ရုပ်ပိုင်း ၊ စိတ်ပိုင်း ပတ်ဝန်းကျင်များထဲတွင် နေရင်း လူသည် ထိုပတ်ဝန်းကျင်များနှင့် ဘောင်ဝင်အံကျ ရှိအောင် မိမိကိုယ်ကို ပြုပြင်၍ လည်းကောင်း ၊ ထိုပတ်ဝန်းကျင်ကို မိမိ ဖြစ်လိုရာ ပုံစံသို့ ပြုပြင်ပြောင်းလဲစေ၍ လည်းကောင်း ၊ ပတ်ဝန်းကျင်နှင့် အပြန်အလှန် ဆက်ဆံကာ နေရသည်။ သို့ဖြင့် လူသည် လူ့ဘောင်အဖွဲ့အစည်း၏ တိုးတက်

http://www.cherrythitsar.org


ကြီးပွားမှုကို ဆောင်ရွက်ကာ လူ့သမိုင်းကို သယ်ပိုးလာခဲ့လေသည်။

တွေးခေါ်မြော်မြင်ရေး သဘောတရား ဆိုသည်မှာလည်း တခြားမဟုတ်၊ လူ၏ အဇ္ဈတ္တ အတွင်းသန္တာန် (စိတ်)နှင့် လူ၏ ဗဟိဒ္ဓ အပြင်လောက (ရုပ်)တို့၏ အပြန်အလှန် တုံ့ပြန်ဆက်ဆံကြရာမှ ဖြစ်ပေါ်လာသော အတွေးအမြင်များပင် ဖြစ်တော့သည်။

## ၂။ တွေးခေါ်မြော်မြင်ရေး သဘောတရား၏တာဝန်

လူနှင့် ပတ်ဝန်းကျင်ကမ္ဘာဟု ဆိုအပ်သော သက်မဲ့ရုပ်ဝတ္ထု ပစ္စည်းများ၊ သက်ရှိရုပ်ဝတ္ထုပစ္စည်းများနှင့် လူ့ဘောင် အဖွဲ့အစည်းအားလုံးတို့၏ အပြန်အလှန်ဆက်စပ်နေမှုကြောင့် လူတွင် အာရုံခံစားမှုမှတစ်ဆင့် အတွေ့အကြုံများ ရရှိလာသည်။ ပတ်ဝန်းကျင်ကမ္ဘာ၏ တုံ့ခတ်မှုများသည် လူသား၏ အာရုံဒွါရများ ပေါ်သို့ ထိခတ်သောကာလ လူတွင် အာရုံသိဟုဆိုအပ်သော အတွေ့အကြုံများ ရရှိလာသည်။

ထိုအတွေ့အကြုံကို အခြေခံကာ လူသားသည် မိမိသိသောအသိကို ဆင်ခြင်စဉ်းစားပြန်သည်။ ကျဉ်းမြောင်းသော အတွေ့အကြုံ အသိကို ဆင်ခြင်ဉာဏ် (ဝိတက်၊ ဝိစာရဉာဏ်) ဖြင့် ချဲ့ထွင်၍ လူသားသည် လောကအလုံးကို သိစပ်မြင်နှံ့စေရန် ကြိုးပမ်းတတ်သည်။ အတွေ့အကြုံနှင့် ဆင်ခြင်ဉာဏ်တို့၏ အပြန်အလှန် တုံ့ပြန်ဆက်ဆံ စုပေါင်း ဖြစ်ပေါ်နေမှုကြောင့် လူသားသည် လောက၏ အတွင်းသဘော၊ အပြင်သဘောတို့ကို နားလည်လာခြင်း ဖြစ်ပေတော့သည်။

အနောက်တိုင်းသား တွေးခေါ်ရှင်ကြီးများအနက် တချို့သော ပုဂ္ဂိုလ်များကမူ လောကအကြောင်းကို လူသားသည် ခြိုင့်၍ တစ်မျိုး စဉ်းစားသည်။ အနုစိတ်၍ တစ်နည်း ရှုမြင်လေ့လာသည်။ ထိုအခါ၌ လောက၏ ဗဟိဒ္ဓအပြင်ပ သဏ္ဌာန်မှ ဖြစ်ပျက်ချင်းရာတို့ကို နားလည်ရုံသာမက လောက၏ အတွင်းသဘော (အစစ်အမှန်တရား) ကိုပါ နားလည်နိုင်သည်ဟု ယုံကြည်သည်။

ယင်းသို့ အတွင်းသဘော အစစ်အမှန် တရားကို ရှုမြင်၍ နားလည်အောင် ကြိုးပမ်းရှာဖွေသော အတတ်ပညာသည် ဒဿနိကဗေဒဟုခေါ်သော အတွေးအမြင်ပညာ ဖြစ်တော့သည်ဟု ယူကြသည်။

ထိုပုဂ္ဂိုလ်များကား လောကကို ကြည့်ရာ၌ လူသားကို ပုဂ္ဂလိက ပစ္စည်းတစ်ခုအနေနှင့် ကြည့်ပြီး အပြင်အပလောကထဲရှိ ဝတ္ထုပစ္စည်းတို့သည်လည်း တသီးပုဂ္ဂလအဆက်အစပ်ကင်းစွာ တည်နေသောအရာများ ဖြစ်သည်ဟု မြင်ကြ၏။

http://www.cherrythitsar.org


ထို့ကြောင့် သူတို့သည် လောကချင်းရာကို လူကနားလည်အောင် ကြည့်မြင်တိုင်းမှာ လူတစ်ယောက်နှင့် လောကတစ်ခုကို အဖြစ်သာ ကြည့်တတ်သည်။ လူသည် လူ့အဖွဲ့အစည်းထဲ၌ အပါအဝင် တစ်ဦးဖြစ်ပြီး တစ်ခြားသော သက်ရှိ၊ သက်မဲ့၊ ရုပ်ဝတ္ထုများနှင့်လည်း မကင်းနိုင်သော လောကအဖွဲ့ဝင် တစ်ဦး ဖြစ်နေသည်ကို မမြင်တတ်ချေ။ အမှန်မှာ မမြင်တတ်၍ မဟုတ်၊ မမြင်လို၍ မမြင်ခြင်းသာ ဖြစ်သည်။

အနောက်တိုင်းသား တွေးခေါ်ရှင်များအနက် တချို့သည် လူကို ကြည့်မြင်သောအခါ လူ့အဖွဲ့ဝင်၊ လောကအဖွဲ့ဝင် အဖြစ်မကြည့် မမြင်ဘဲ၊ တသီးပုဂ္ဂလ လူသားအဖြစ် အဘယ်ကြောင့် မြင်သနည်း။ အကြောင်းရှိ၏။

အကြောင်းမှုကား ထိုပုဂ္ဂိုလ်တို့သည် လူ့အဖွဲ့အစည်း တစ်ရပ်တွင် အပေါ်စီး ရခဲ့ကြသော မြေရှင်၊ ငွေရှင် လူတန်းစားတို့၏ အကျိုးစီးပွားဘက်က ရပ်တည်၍ လူ့လောကကို ချယ်လှယ်ဖို့ ကြိုးစားကြသူများ ဖြစ်ရကား သူတို့အနေနှင့် မိမိတို့ ထင်သလို ချယ်လှယ်နိုင်စေရန်၊ ကိုယ်ထင်သလိုကြံနိုင်သော၊ ပုဂ္ဂလိက ဝါဒကို လိုက်စားလာရခြင်း ဖြစ်ပေသည်ကို မြင်အပ်စွာ၏။

သို့ရာတွင် ထိုသူတို့ကမူ မိမိတို့ ကာယကံမြောက် ပြုလုပ်နေသော လူ့ဘောင် အဖွဲ့အစည်းကို ချယ်လှယ်နိုင်ရေး လုပ်ငန်းကို ဖုံးကွယ်လိုသဖြင့် လောက အမြင်ပညာသည် လောက၏ အစစ်အမှန် တရားကို သိရန် ကြိုးစားသောပညာသာ ဖြစ်သည်။ လောကကို သိလျှင် ဤပညာ၏ လိုအပ်ချက် ပြီးမြောက်ပြီဟုဆိုကာ ထိုပုဂ္ဂိုလ်တို့က လောက၏ အစစ်အမှန်တရားဟူသည်ကား အဘယ်နည်း၊ ယင်း တရားကား အသို့နည်းနှင့်၊ အစစ်အမှန် တရားကို သိနိုင်ကောင်းပါ၏လော၊ သိနိုင်လျှင် အဘယ်နည်းနှင့် သိနိုင်သနည်း။ ဤသို့ သိနိုင်သဖြင့် သိသော လောက အသိပညာသည် မှန်ပြီလော။ လူတို့သည် အဘယ်သို့ ကျင့်ကြံနေကြသနည်း။ လူ့အပြုအမူများ၌ အဘယ်အခါ အကုသကမ္မဖြစ်ပြီး အဘယ်အခါ ကုသလကမ္မမည်သနည်း။ လူ့အဖွဲ့အစည်းထဲမှ သုခုမအနုပညာ၊ သဘင်ဂီတ၊ စာပေတို့၌ ရသ၊ အလှတို့မည်သည် အဘယ်နည်း စသော အဆက်အစပ်မရှိသော၊ ကွက်၍ ကွက်၍ လေ့လာသော အလုပ်ကို အတွေးအမြင်ပညာ၏ အလုပ်ဟု မှတ်ယူခဲ့ကြ၏။

ခေတ်သစ်သိပ္ပံပညာ ပေါ်လာသောအခါ ရှေးက ဘုရားကျောင်းက ဟောသမျှ အမှန်ဟု ယူဆသော ဘာသာရေးအမြင်နှင့် သိပ္ပံအမြင်တို့ ပဋိပက္ခကြီး ဖြစ်လာသည်။ အမှန်မှာ ဤပဋိပက္ခသည်လည်း လူတန်းစားပဋိပက္ခပင် ဖြစ်သည်။ အုပ်စိုးသူ လူတန်းစားများက အစိုးရသူ၊ မြေရှင် ပဒေသရာဇ်တို့သည် ကသိုလ်ကံကြီးမား ပြီး ပါရမီထူးသူများ ဖြစ်သည်။ သူတို့သည် ဤလောကမှ လူသားတို့ကို အုပ်ချုပ်

http://www.cherrythitsar.org


ရန် စေလွှတ်သူများဖြစ်ကြသည်။ လူတကာ့လူတွင် ထိုအစိုးရသူ မင်းမိဘုရားတို့ကား လူသာမန် မဟုတ်ဟု ဘာသာရေးကို ခုတုံးလုပ်ခါ သဘောတရားရေးဆရာတို့က အုပ်စိုးသော အပေါ်စီးလူတန်းစားဘက်က လျှောက်လဲသည်။

ထိုအချိန်တွင် သိပ္ပံနည်းကျ စဉ်းစားသူများဘက်က ဤလောကကို မည်သူမျှ ဖန်ဆင်းသည် မဟုတ်၊ လူ့အဖွဲ့အစည်းထဲတွင်က ရှင်ဘုရင်၊ မြေရှင် ပဒေသရာဇ် လူတန်းစားများ ပေါ်ပေါက်လာခြင်းသည် ဘယ်ဘုရား၊ ဘယ်နတ်ကြောင့်မျှ မဟုတ်၊ လူ့သမိုင်းကြောင်း၏ စေ့ဆော် ဖန်တီးမှုများကြောင့်သာ ဖြစ်ရသည်ဟု ရှုမြင်လာကြသည်။

ထိုအခါ ပဋိပက္ခမှုသည် ကြီးမားလာ၏။ ထိုပဋိပက္ခကို ဖြေရှင်းရန်အတွက် လောက အမြင်သစ်များကို ဖန်တီးကြရပြန်သည်။ ထို့ကြောင့် ဘာထရန်ရပ်ဆယ်တို့ကမူ တွေးခေါ် မြော်မြင်ရေး သဘောတရားသည် ဘာသာရေးနှင့် သိပ္ပံအကြားတွင် ပေါင်းကူးတံတားခင်းပေးသော ပညာဖြစ်သည်ဟု မြင်သည်။

အိန်းငဲ(လ)ကမူ ကမ္ဘာ့တွေးခေါ် မြော်မြင်ရေး သဘောတရား သမိုင်းဟူသည် ရုပ်ဝါဒနှင့် ဝိညာဏဝါဒတို့ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် တိုက်ခိုက်နေသည့် တိုက်ပွဲစဉ်သာ ဖြစ်သည်ဟု ရှုမြင်ခဲ့သည်။

ဖော်ပြပါ သဘောတရား အမြင်အရပ်ရပ်ကို လေ့လာကြည့်သောအခါ တွေးခေါ် မြော်မြင်ရေး သဘောတရားပညာသည် လောကကြီးကို သိရှိ၊ သိရေးအတွက် အသိပညာကို ရှာဖွေ ဖော်ထုတ်ရေးတာဝန်နှင့် မပြီးတော့ပြီ။

လူသည် လောကကြီး၏ သဘော သကန်များကို သိရှိသိရပြီး မသုံးရလျှင် ထိုအသိကို အဘယ်ကြောင့် အပင်ပန်းခံကာ ရှာဖွေ နေရမည်နည်း။ လောကကြီး၏ အဖြစ်အပျက်၊ အချင်းအရာများ၊ နိယာမတရားများ၊ ဖြစ်စဉ်သမိုင်းများ၊ အားလုံးကို သိလိုခြင်းမှာ လူ့လောက အကျိုးစီးပွားအလို့ငှာ သိလိုခြင်းသာ ဖြစ်ပေသည်။ လူ့လောက အကျိုးစီးပွားအလို့ငှာ လေ့လာရှာဖွေနေကြခြင်း ဖြစ်ပေသည်။

ထို့ကြောင့် အတွေးအမြင်ပညာ၏ တာဝန်မှာ လောကကြီး အကြောင်း ၊ လူ့အဖွဲ့အစည်း အကြောင်းကို သိရှိနှင့် မပြီးသေး။ ထိုအသိတရားများကို လူ့အဖွဲ့အစည်းကြီး တိုးတက်ရေး ၊ ပိုမို ကောင်းမွန်ရေး ဘဝများအတွက် ဘယ်သို့ အသုံးချရမည်၊ ယင်းသို့ အသုံးချ၍ ဤလူ့လောကကို ပိုကောင်းသော ဘက်သို့ ဘယ်သို့ ပြောင်းလဲယူရမည်ဆိုသည့် နည်းပေးလမ်းပြ လုပ်ငန်းတာဝန်ကိုလည်း ထမ်းဆောင်သည်ဟု ကျွန်ုပ်တို့ နားလည်သည်။

သို့ရာတွင် လူ့ဘောင် ကောင်းစားရေး ဆိုသည်မှာလည်း ခြုံငုံ၍ ဆိုရခြင်းသာ

http://www.cherrythitsar.org


ဖြစ်၏။ အမှန်မှာ လူတန်းစား ခွဲခြားမှုရှိပြီး ယင်းလူတန်းစား အချင်းချင်း ပဋိပက္ခ ဖြစ်နေသော လူ့ဘောင်အဖွဲ့အစည်းတွင်း၌ ဖြစ်ပေါ်လာသော တကယ့် အတွေးအခေါ် သဘောတရားတို့သည် ဆန့်ကျင်နေသော လူတန်းစား နှစ်ရပ်စလုံးကို အကျိုးမပြုနိုင်။ လူတန်းစား တဖက်ဖက်မှ ပါဝင်ပြီး ယင်းလူတန်းစား ကောင်းစားရေးကိုသာ အဓိကထား ဆောင်ရွက်ကြရပေသည်။

ထို့ကြောင့် မည်သည့် အတွေးအမြင်မျိုးမဆို လူတန်းစား တိုက်ပွဲနှင့် မကင်းနိုင်။ ယင်းလူတန်းစား တိုက်ပွဲဝင်တာဝန်ကိုလည်း ထမ်းဆောင်နေရသည်ဟု ကျွန်ုပ်တို့ မြင်သည်။

ကျွန်ုပ်တို့ကား ဖိနှိပ်ခံ လူတန်းစားတို့ ဖက်မှ ရပ်တည်မည်ဟု သန္နိဋ္ဌာန် ပြုပါအံ့။ ထိုအခါ ကျွန်ုပ်တို့၏ အတွေးအမြင်များသည် ဖိနှိပ်သူ ချယ်လှယ်သူ လူတန်းစားများကို တိုက်ခိုက်သည့် သဘောတရား လက်နက် ဖြစ်လာပေလိမ့်မည်။ မဖြစ်ချင်၍ မရပေ။ ထိုအခါ ကျွန်ုပ်တို့၏ လောကအမြင်များသည် အဖိနှိပ်ခံနေရသော လူအများစု ကောင်းစားရေးဘက်မှ မားမားမတ်မတ် ရပ်ကာ ပြတ်ပြတ်သားသား ကာကွယ်ပေးသော အမြင်များ ဖြစ်ရပေမည်။ ယင်းတာဝန်ကို မမှိတ်မသုံ ထမ်းရွက်ရပေမည်။

ဤကား လူ့အဖွဲ့အစည်းအတွင်း၌ ပေါ်ပေါက်လာခဲ့သမျှသော တွေးခေါ် မြော်မြင်ရေး သဘောတရားများ၏ မကင်းနိုင်သော သမိုင်းပေး တာဝန်ကြီးဖြစ်သည်ကို နားလည်ရာသည်။

## ၃။ တွေးခေါ် မြော်မြင်ရေး သဘောတရား ပေါ်ပေါက်ထွန်းကားလာပုံ

အနောက်တိုင်း အတွေးအမြင်များ ဖြစ်ပေါ် တိုးတက်လာရာ သမိုင်းစဉ်ကို လေ့လာကြည့်ပါက စနစ်တကျ တွေးခေါ်မြော်မြင်မှုသည် ခေါမတိုင်းသား (ဂရိ) များထဲက စတင် ပေါ်ပေါက်လာကြောင်း တွေ့ရပေသည်။

သာမန်အားဖြင့် ခေါမတိုင်းသားတို့သည် သဘာဝ လောကကြီး၏ အဖြစ်အပျက် အပြောင်းအလဲများတွင် စိတ်ဝင်စားကြသည်။ ဤကဲ့သို့ စိတ်ဝင်စားလာရခြင်းမှာ သူတို့သည် ပင်လယ်ကို စွန့်စားကျော်ဖြတ်ပြီး ကုန်စည် ကူးသန်းရောင်းဝယ်ကြရာမှ အဖြစ်အပျက် မျိုးစုံနှင့် ထိတွေ့ရသောကြောင့် ဖြစ်ပေသည်။ ထိုအဖြစ်အပျက် အပြောင်းအလဲများကို တွေ့ရဖန်များသော် 'အံ့သြ'မိကြသည်။ ဤသို့ အံ့သြမိကြရာမှ လောကအဖြစ်အပျက် အပြောင်းအလဲများသည် အဘယ်

http://www.cherrythitsar.org



အကြောင်းကြောင့် ဖြစ်ရပါသနည်းဟု တွေးကြည့်လာကြသည်။ ထိုအခါကစ၍ သဘာဝ လောကအကြောင်း စဉ်းစားသော အတွေးအခေါ်များ ပေါ်ပေါက်လာသည်ဟု အဆိုရှိလေသည်။ တစ်နည်းဆိုသော် အံ့သြခြင်းက စ၍ စနစ်ကျသော တွေးခေါ်မြော်မြင်ခြင်း ဖြစ်လာသည်ဟု ဆို၏။

မည်သို့ပင်ဆိုစေ တွေးခေါ် မြော်မြင်ရေး သဘောတရားသည် လူနှင့် လူ့ပတ်ဝန်းကျင်တို့၏ အပြန်အလှန် တုံ့ပြန်ဆက်ဆံရေးက ပေါ်ပေါက်လာသည်မှာ ထင်ရှားသည်။

အနောက်တိုင်းတွင် ပေါ်ပေါက်သော ပထမဆုံး အတွေးအခေါ်ဂိုဏ်းမှာ မိုင်လီတပ်မြို့သား တွေးခေါ်ရှင်များ၏ ဂိုဏ်းဖြစ်သည်။ (ဘီစီ ၆၀၀) လောက်က စ၍ ပေါ်လာသည်။ ထိုဂိုဏ်းတွင် သေးလီ (ဘီစီ ၆၂၅–၅၄၅) အနက်စီမန်ဒါး (ဘီစီ ၆၁၀–၅၄၇)နှင့် အနက်စီမင်းနီး (ဘီစီ ၅၈၅–၅၂၅) စသူတို့ ပါဝင်ကြသည်။

ဤပထမဆုံး တွေးခေါ်ရှင်များသည် ထိုစဉ်က အေရှမိုင်နား ကျွန်းဆွယ်ရှိ ကုန်စည် ကူးသန်း ရောင်းဝယ်မှု ထွန်းကားသော မိုင်လီတပ်မြို့တွင် နေထိုင်သူများ ဖြစ်ရာ မျက်စိ၊ နား ပွင့်လန်းသူများ ဖြစ်၏။ ထို့ကြောင့် သူတို့၏ အတွေးအခေါ်များ၌ ယခင်က ခေါမတိုင်းသားတို့ ယုံကြည်ကိုးကွယ်လာခဲ့သော နတ်ကိုးကွယ်မှုကို မတွေ့ရပေ။ သဘာဝတရား အကြောင်းကို သဘာဝတရား သက်သက်အနေနှင့်သာ ရှုမြင်နားလည် လာကြသဖြင့် ယခင်က အယူအဆများ ပပျောက်လာသည်။ အတွေ့အကြုံအားဖြင့် မမြင် မသိ နိုင်သော ယုံကြည်စွဲလမ်းမှုများကို ပယ်ပြီး အတွေ့အကြုံ အခြေခံသော သဘောတရားများ ပေါ်ပေါက်လာသည်။

သူတို့၏ အတွေးအခေါ် စတင်ရာ မူလအခြေခံချက်ကို လေ့လာကြည့်ပါက **'နား မျက်စိ စသော အာရုံတို့ဖြင့် သိမြင်သော တစ်စုံတစ်ခုသော အရာသည် ရှိ၏'** ဟူသော အချက် ဖြစ်သည်။ ထို **'အရှိတရား'** သည် အဘယ်နည်း။ ရုပ်လော၊ နာမ်လော ဟူသော ပြဿနာကို စဉ်းစားကြလေသည်။

သူတို့သည် စကြာဝဠာကြီး၏ အစကို စူးစမ်းကြလေသည်။ တစ်နည်း ခေါမတိုင်းသားတို့သည် အတွေ့အကြုံအားဖြင့် တွေ့မြင်သိရှိနိုင်သော ယထာဘူတ သဘာဝလောကကြီး၏ အတွင်းသဘော အနှစ်သာရ သဘောကို စူးစမ်းဆင်ခြင်ကြခြင်းဖြစ်သည်။

ခေါမတိုင်းသားတို့၏ အတွေးအမြင်များ၌ ပထမပိုင်းတွင် ပြင်ပသြကာသ လောကကြီးအကြောင်းကို စူးစမ်းဆင်ခြင်မှု ပြုခဲ့ကြသော်လည်း ဒုတိယအဆင့်တွင် လူ၏ အတွင်းသဏ္ဌာန်ကို လေ့လာသမှု ပြုကြပြန်လေသည်။

http://www.cherrythitsar.org


ထိုကဲ့သို့ သဘာဝ လောကဆီမှ လူ့သဘာဝဆီသို့ ကူးပြောင်းလေ့လာကြရာ လူ၏ စိတ်သဘာဝနှင့် အပြုအမူအဆောင်အရွက်များကို အသေးစိတ် စဉ်းစားဆင်ခြင်လာကြလေသည်။ ထိုအခါ ယုတ္တိဗေဒ ကိုယ်ကျင့်တရားပညာ၊ စိတ္တဗေဒ၊ နိုင်ငံရေးပညာ၊ လူမှုရေးပညာ စသည့် ပညာရပ်များ ပေါ်ပေါက်လာခဲ့လေသည်။

ကမ္ဘာ့အတွေးအမြင်သမိုင်းတွင် ခေါမတိုင်းသားတို့၏ အတွေးအမြင်များနောက် အလယ်ခေတ် ခရစ်ယာန်ကျောင်းတော်၏ သာသနာရေးဆိုင်ရာ အတွေးအမြင်များ ပေါ်ပေါက်လာသည်။ ဤခေတ် အတွေးအမြင်များမှာ ခရစ်ယာန် ဘာသာရေးဆိုင်ရာ အတွေးအမြင်များ ဖြစ်သည်။ အလယ်ခေတ် အတွေးအခေါ်များသည် ခေါမတိုင်းသား အတွေးအခေါ်များကို အခြေခံသည်။

ထို့နောက် ခေတ်သစ် အတွေးအမြင်များ ပေါ်လာသည်။ ခေတ်သစ် အတွေးအမြင်များ၏ ဖခင်ကြီးမှာ 'ဖရန်စစ်ဘေကွန်' (၁၅၆၁–၁၆၂၆) ဖြစ်သည်။ သူ၏ အတွေးအမြင်များမှာ သိပ္ပံနည်းကျ ရှိသည်။ အတွေ့အကြုံအပေါ်တွင် အခြေတည်သည်။ ဘာသာရေး အစွဲအလမ်းများ၊ မဆင်မခြင် ယုံကြည်မှုများကို တွန်းလှန်ခဲ့လေသည်။ ဖရန်စစ်ဘေကွန်နောက် ပေါ်ပေါက်လာသူမှာ ပြင်သစ် တွေးခေါ်ရှင်ကြီး ရဲနေဒေးကား (၁၅၉၆–၁၆၅၀) ဖြစ်သည်။

ရဲနေဒေးကားသည် အတွေ့အကြုံ (အာရုံဖြင့် သိခြင်း) သဘောကို လွန်စွာ သံသယရှိသည်။ အတွေ့အကြုံမှ ရလာသော အသိပညာကိုလည်း မှန်ကန်သော အသိပညာဟု မယူဆခဲ့ပေ။ မှန်ကန်သော အသိပညာကို လိုသော် ဆင်ခြင်တုံတရားကိုသာ အားကိုးရမည်ဟုလည်း ဆိုခဲ့သည်။ ဤတွေးခေါ်ရှင်ကြီး လက်ထက်မှစ၍ ခေတ်သစ် အတွေးအခေါ်များ ခေတ်စား လာသည်ဖြစ်၍ ခေတ်သစ် အတွေးအခေါ်များသည် 'သံသယ'မှ စတင်သည်ဟုလည်း အဆိုရှိကြလေသည်။

ဒေးကားနှင့် သူ၏ နောက်လိုက်များသည် အတွေ့အကြုံနှင့်ရသော အသိပညာမျိုးကို အယုံအကြည် မရှိ။ ဆင်ခြင်တုံ တရားဖြင့်ရအပ်သော အသိပညာသည်သာ ခိုင်မာသော အသိပညာဖြစ်သည်ဟု ယုံကြည်သည်။ ထို့ကြောင့် သူတို့ ဂိုဏ်း၏ ဝါဒကို **'ဆင်ခြင်မှုပဓာနဝါဒ'** ဟု ခေါ်ကြလေသည်။

ခရစ်သက္ကရာဇ် ၁၆၃၂ လောက်ကစ၍ ကမ္ဘာ့အတွေးအမြင်သမိုင်းတွင် ပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်လာသည်။

သိပ္ပံပညာ တိုးတက်လာပြီ ဖြစ်သည့်အလျောက် လူတို့သည် ဆင်ခြင်တုံတရား အတွေ့အကြုံကို ပို၍ ပဓာနထားလာကြသည်။ မှန်ကန်သော အသိပညာကို အတွေ့အကြုံအားဖြင့်သာ ရနိုင်သည် ဟူသော အမြင်တစ်ရပ် ပေါ်ပေါက်လာလေ

http://www.cherrythitsar.org



သည်။ ဤအတွေးအခေါ်ဂိုဏ်း၏ ခေါင်းဆောင်မှာ 'ဂွန်လော့(ခ)' (၁၆၃၂– ၁၇၀၄) ဖြစ်သည်။ ဤပုဂ္ဂိုလ်များ၏ အတွေ့အကြုံ ပဓာနဝါဒသည် ယခုထက်တိုင် အနောက်တိုင်း အတွေးအမြင်များ၌ ပုံစံအမျိုးမျိုးနှင့် ခေတ်စားလျက်ရှိလေသည်။

ဤစာအုပ်တွင် ကမ္ဘာ့တွေးခေါ် မြော်မြင်ရေး သဘောတရားများထဲမှ အနောက်တိုင်းသား တွေးခေါ်ရှင်ကြီးများ၏ အတွေးအမြင်များကို တတ်အားသမျှ ပြည့်ပြည့်စုံစုံ ဖြစ်စေရန် ကြိုးစား၍ တင်ပြထားပါသည်။ မိမိ တင်ပြထားသမျှသော တွေးခေါ်ရှင်များ၏ အတွေးအမြင်များကိုလည်း ခေတ်ကာလနှင့် လျော်ညီစွာ ဝေဖန် သုံးသပ်ပြထားပါသည်။ ထိုသို့ စီစစ် ဝေဖန်သုံးသပ်ရာ၌ ခေတ်တစ်ခေတ်၏ ရုပ်ပိုင်း ပတ်ဝန်းကျင်၊ စိတ်ပိုင်း ပတ်ဝန်းကျင်၊ ထိုခေတ်၏ လူမှုဆက်ဆံရေး စနစ်နှင့် ထိုခေတ်က ပေါ်ပေါက်ခဲ့သော တွေးခေါ်ရှင်တို့၏ အတွေးအမြင်များ မည်သို့ မည်ပုံ ဆက်စပ်ကာ အပြန်အလှန် ကျေးဇူး ပြုကြနေကြောင်းကိုလည်း ပေါ်လွင်နိုင်သလောက် ပေါ်လွင်စေရန် အားထုတ်ထားပါသည်။

ဤစာအုပ်တွင် ပါဝင်သော တွေးခေါ်ရှင်များမှာ အနောက်ကမ္ဘာမှ တွေးခေါ်ရှင်များသာ ဖြစ်ကြပါသည်။ သူတို့၏ ဘဝပတ်ဝန်းကျင် အခြေအနေများ သည် သူတို့ အတွေးအခေါ်ကို မည်သို့ ဖွံ့စည်းဖြစ်ပေါ်စေသည်ကို စာဖတ်သူတို့ ဆင်ခြင်ရန် ဖြစ်ပါသည်။

လောကအမြင် သဘောတရား မှန်သမျှသည် တွေးခေါ်ရှင် ရပ်တည်ပါဝင် သော လူတန်းစား အကျိုးစီးပွားကို ကာကွယ်သည့် သဘောတရား လက်နက်များ ဖြစ်ကြပါသည်။ ထို့ကြောင့် အတွေးအခေါ်နှင့် ဘဝကို ဆက်စပ်ရှုမြင်ကြပါကုန်။

* * *

# အပိုင်းတစ်

## ရှေးကျသော
## ခေါ်မတိုင်းသားတို့ခေတ်

http://www.cherrythitsar.org

# သဘာဝတရားနှင့် သက်ဆိုင်သော တွေးခေါ်မြော်မြင်ရေး သဘောတရား

## ရှေးခေတ် ဂရိအတွေးအမြင်များ ပေါ်ပေါက် ထွန်းကားလာပုံ

ကမ္ဘာ့သမိုင်းတွင် ယုတ္တိကင်းသော စုန်း ၊ နတ် စသည်တို့ကို ယုံကြည် စွဲလမ်းခြင်းမှ ကျော်လွန်၍ စစ်မှန်သော တွေးခေါ်မြော်မြင်ရေး သဘောတရား တစ်ရပ်ကို ဦးစွာ ဖော်ထုတ်နိုင်သူများမှာ ဂရိလူမျိုးများသာ ဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤစာအုပ်တွင် ဂရိတို့၏ အတွေးအမြင်များဖြင့် အစပျိုးလိုက်ရခြင်း ဖြစ်ပေသည်။

ဂရိလူမျိုးတို့သည် နောင်အခါ၌ ဖြစ်ပေါ် ထွန်းကားလာမည့် အနောက်တိုင်းသားတို့၏ အတွေးအခေါ် စနစ်အားလုံးအတွက် အုတ်မြစ် ချပေးနိုင်ခဲ့ရုံသာမက အတွေးအမြင်များ၌ ဖြစ်ပေါ်လာနေသော ပြဿနာအများအပြားကိုလည်း ဖော်ထုတ်ပေးခဲ့သူများ ဖြစ်ကြလေသည်။ ရိုးရာနတ် ကိုးကွယ်မှုကဲ့သို့သော သာမည အတွေးအခေါ်လောက်က စ၍ သဘာဝ လောကကြီးတစ်ခုလုံးကို စနစ်တကျ တွေးခေါ်မြော်မြင်သော အတွေးအမြင်များ ပေါ်ပေါက်လာသော လူမျိုးတိုင်းအတွက်လည်း ဂရိအတွေးအခေါ်များသည် နည်းယူစရာပင် ဖြစ်သည်။ အမှန်တရားနှင့် အသိပညာကို မြတ်နိုးသော စိတ်ဓာတ်၌ကား ဂရိတို့မှာ စံပြဖြစ်ထိုက်ပေသည်။ ဤအကြောင်းများကြောင့် ကမ္ဘာ့တွေးခေါ်မြော်မြင်ရေး သဘောတရားကို လေ့လာ

http://www.cherrythitsar.org


လိုက်စားကြသော သုတေသီများသည် ဂရိလူမျိုးများ၏ အတွေးအခေါ်များမှ စတင် လေ့လာရလျှင် များစွာ စိတ်ဝင်စားဖွယ် ထိရောက်ဖွယ် ရှိသည်ဟု ထင်မိပါသည်။

## ဂရိလူမျိုးများ၏ ရုပ်ပိုင်း ပတ်ဝန်းကျင်

ဂရိလူမျိုးများသည် တောင်ထူထပ်သော ဂရိကျွန်းဆွယ်တွင် နေထိုင်ကြသည်။ ထို ဒေသမှာ အင်အား တောင့်တင်း၍ ထက်မြက်သော လူမျိုးတစ်မျိုး ပေါ်ပေါက်လာ စေမည့် သဘာဝ အခြေအနေများရှိသော ဒေသဖြစ်လေသည်။

ဂရိကျွန်းဆွယ်ရှိ ဆိပ်ကမ်းကြီးများမှာလည်း ရေကြောင်းသွားလာရေးနှင့် ကူးသန်းရောင်းဝယ်ရေးဘက်၌ အထူးအားပေးလျက်ရှိသည့်ပြင် ကျွန်းအဆွယ် အပွားများမှာလည်း အပြင်ဘက်ရှိ ကျွန်းများသို့သွားရောက် ကူးသန်းရန် အခြေအနေ များစွာ ပေးလျက်ရှိသည်။ ဂရိ ကိုလိုနီနိုင်ငံများမှာလည်း ဂရိကျွန်းဆွယ်မှသည် အေရှမိုင်းနားအထိ တစ်ဆက်တည်း ရှိသည့်အပြင် အီဂျစ်၊ စစ်စလီနှင့် အီတလီ နိုင်ငံများအထိပင် ရောက်ကြသေးသည်။

ထိုကဲ့သို့ လူအမျိုးမျိုး၊ ဓလေ့ထုံးစံအမျိုးမျိုးရှိသော ကိုလိုနီနိုင်ငံများမှာလည်း ပြည်မကြီးနှင့် အမြဲဆက်စပ်တည်ရှိနေရကား ဂရိလူမျိုးတို့မှာ အမြင်ကျယ်လာနိုင် ကြလေသည်။ အဆိုပါ အခြေအနေပေးများကြောင့် စီးပွားရေးဖက်က အဆမတန် တိုးတက်လာရာ ကူးသန်းရောင်းဝယ်မှု လုပ်ငန်း၌ လည်းကောင်း၊ စက်မှု လက်မှု လုပ်ငန်း၌ လည်းကောင်း၊ ခရီးလမ်းပန်း ဆက်သွယ်မှု၌ လည်းကောင်း အဖက်ဖက်က တပြိုင်နက် ကြီးကျယ်စည်ကားလာလေတော့သည်။ မြို့သစ်များ ပေါ်လာသည်။ စီးပွားရေး ဥစ္စာဓနများကို သိုလှောင် သိမ်းဆည်းလာနိုင်သည်။ ထိုအခါမှစ၍ လူမှုဆက်ဆံရေးလောက၌ လုပ်ငန်းတာဝန် ခွဲဝေမှုများကလည်း များသည်ထက် များ၊ ကျယ်သည်ထက် ကျယ်ပြန့်လာလေတော့သည်။ ဤလုပ်ငန်း ခွဲဝေမှုသည် ဂရိတို့၏ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေးနှင့် တွေးခေါ်မြော်မြင်ရေး စသည်များကို လွှမ်းမိုးလာသည်။ ထိုအခါမှစ၍ ဂရိတို့၏ ယဉ်ကျေးမှုလည်း တိုးတက်လာသည်။ ဆိုခဲ့ပြီးသော စီးပွားရေးလောကမှ ကုန်ထုတ်ဆက်ဆံရေးကို အကြောင်းပြု၍ လူမှု ဆက်ဆံရေးဘဝ၌ လူတန်းစားများ၊ လူတန်းစား ခွဲခြားမှုများနှင့် လူတန်းစား ပဋိပက္ခများလည်း ဆင့်ကဲ ဆင့်ကဲ ပေါ်ပေါက်လာလေတော့သည်။

ကျွန်ပိုင်ရှင်၊ မြေပိုင်ရှင်များက ကြီးစိုးနေသော ဂရိနိုင်ငံတွင် အေရှမိုင်းနား နှင့် မိုင်လိတပ်မြို့တွင် ကုန်သည်လူတန်းစားများက ကြီးမားကျယ်ပြန့်လာသည်။

http://www.cherrythitsar.org


ကုန်သည်များသည် လူတန်းစားအားဖြင့် မြေရှင်၊ ကျွန်ပိုင်ရှင်ခေတ်တွင် အောက်တန်းစားများအဖြစ် နှိမ်ချခံနေရသူများ ဖြစ်သည်။

ကုန်သည်တို့၏ ဘဝသည် လက်တွေ့ကျသည်။ စွန့်စားသွားလာနေရသည်။ အနယ်နယ်အရပ်ရပ်မှ အဖြစ်အပျက်များ၊ အရာဝတ္ထုများကို တွေ့မြင်နေရသည်။ ထို့ကြောင့် စိတ်ကူးယဉ် အယူသည်းမှုများထက် လက်တွေ့ မျက်တွေ့သဘောကို ပို၍ ယုံကြည်သည်။

ကုန်သည်များမှာ ရုပ်ဝတ္ထုပစ္စည်းများနှင့် ဆက်ဆံနေရသူများ ဖြစ်သည်။ ကုန်ပစ္စည်းများ ပိုမိုကောင်းမွန်ရေးအတွက် လက်တွေ့လုပ်ငန်း ကျွမ်းကျင်မှုလိုသည်။ ယင်းအခြေအနေ အရပ်ရပ်သည် ကုန်သည် လူတန်းစားများအား သိပ္ပံနည်းကျ လေ့လာမှု၊ စူးစမ်းမှုကို အားပေးလာသည်။

နတ်များ၊ ဒေဝတာများကို နေရာတကာ ရှေ့တန်းတင်၍ ပူဇော်ပသနေရာမှ သဘာဝလောက အချင်းအရာများ၏ တကယ့် အဖြစ်မှန်သည် နတ်များ၏ ဖန်တီးခြင်း မဟုတ်၊ သဘာဝအလျောက် ဖြစ်နေခြင်း ဖြစ်ကြောင်း ဘဝအတွေ့အကြုံများက သင်ပြပေးသည်။ ထိုအချိန်ကစ၍ မိုင်လီတပ်ကုန်သည်တို့သည် သဘာဝအဖြစ်အပျက်များကို ပုံကြီးချဲ့၍လည်းကောင်း၊ တင်စား၍ လည်းကောင်း မကြည့်ကြတော့ဘဲ ပကတိအတိုင်း မြင်ဖို့ ကြိုးစားကြသည်။

ထိုအခါ သူတို့၏ လောကအမြင်များမှာ သဘာဝလောကကိုသာ တန်ဖိုးထား စဉ်းစားသော လက်တွေ့ မျက်တွေ့ သဘောကို အခြေခံသော အတွေးအခေါ်များ ဖြစ်လာသည်။

## စိတ်ပိုင်း ပတ်ဝန်းကျင်

ဂရိလူမျိုးများ၏ တွေးခေါ်မြော်မြင်ရေး သဘာဝတရားများ ပေါ်ပေါက်လာရသော ပတ်ဝန်းကျင် အခြေအနေများကို လေ့လာကြည့်သောအခါ သူတို့၏ စိတ်ပိုင်း ပတ်ဝန်းကျင် ယုံကြည်ကိုးကွယ်မှုသည်လည်း တစ်ပိုင်းတစ်စ အဖြစ် ပါဝင်နေသည်ကို တွေ့ရသည်။

ရှေးအခါက ဂရိလူမျိုးတို့သည် နတ်ဘုရားများကို ကိုးကွယ်ကြသည်။ အိုလံပီယာနတ်ဘုရားများကို ယုံကြည် ကိုးကွယ်မှု အပိုင်းနှင့် မွိုင်းယကြမ္မာကဲ့သို့သော ကံကြမ္မာတရားကို ယုံကြည် ကိုးကွယ်မှု အပိုင်း နှစ်ပိုင်းစလုံးသည် ဂရိတို့၏ အတွေးအမြင်များကို လွှမ်းမိုးနေလေသည်။

http://www.cherrythitsar.org



ဘီစီ ၆၀၀ လောက်တွင် မိုင်လီတပ်မြို့သားများ၏ အတွေးအခေါ်ဂိုဏ်း ပေါ်ပေါက်လာသည်။ ထိုဂိုဏ်းသားများသည် ရုပ်လောကကြီးကို စတင်ဖြစ်ပေါ် လာရသော တစ်ခုတည်းသော ထာဝရ အခြေခံတရားကို ရှာကြသူများ ဖြစ်သည်။ ဤကဲ့သို့ တစ်ခုတည်းသော ထာဝရ အခြေခံတရားကို ယုံကြည်လက်ခံ၍ ရှာဖွေ လာခြင်းသည် ထိုပုဂ္ဂိုလ်များအား ဂရိ ဘာသာရေး ယုံကြည်မှုများက လွှမ်းမိုးနေ ကြောင်း သိလာသည်။ အကြောင်းမူကား ဂရိတို့သည် နတ်ဘုရားများစွာကို လက်ခံ ယုံကြည်ကြသော်လည်း ထိုနတ်တကာတို့အား 'ဇီးယတ်'ခေါ်သော နတ်မင်းကြီးက စိုးမိုးနေသည် ဟူ၍ လည်းကောင်း၊ ထိုနတ်များအားလုံးကို မွိုင်းယကြမ္မာခေါ်သော ကံတရားကြီးက ချုပ်ကိုင်ထားသည် ဟူ၍ လည်းကောင်း ယုံကြည်ကြသည်။ ဤ ယုံကြည်မှုအရ ထာဝရအမှန်တရားဟူသည် တစ်ခုတည်းသာ ရှိသည်ဟု ယူဆကြရ ကား တွေးခေါ်မြော်မြင်ရေး သဘောတရားတွင်လည်း စကြဝဠာကြီး တစ်ခုလုံးရှိ အရာခပ်သိမ်းတို့သည် တစ်ခုတည်းသော ထာဝရ အခြေခံတရားမှ ပေါ်ပေါက် လာရသည်ဟု စွဲမြဲယုံကြည် လက်ခံလာကြခြင်း ဖြစ်သည်။

သို့ရာတွင် ဘီစီ–၆ ရာစု နောက်ပိုင်းတွင် ဂရိတို့၏ သဘာဝလောကကြီးကို အခြေစိုက်သည့် အတွေးအမြင်များမှာ စနစ်ကျသလောက် ယုတ္တိတန်သော အတွေး အမြင်များ ဖြစ်လာကြောင်း တွေ့ရပေသည်။

* * *

http://www.cherrythitsar.org

## ဆိုကရေးတီခေတ် မတိုင်မီ ဂရိ အတွေးအမြင်များ၏ ယေဘုယျ လက္ခဏာများ။

သဘာဝလောကကြီးကို စူးစမ်းလိုသော တွေးခေါ်မှုမျိုးကို မိုင်လီတပ်မြို့သား တွေးခေါ်ရှင်များ၊ 'ပိုက်သဂိုရပ်ဂိုဏ်း' သားများ၊ 'အင်ပီဒိုကလိ'၊ 'အနုမြူဝါဒီ' များနှင့် 'အနက်ဆိုဂိုရပ်' စသူတို့၏ အတွေးအမြင်များ၌ ဦးစွာ တွေ့ရသည်။ ထို ပုဂ္ဂိုလ်များသည် ကမ္ဘာလောကကြီး၏ ဖြစ်ပျက်ပြုပြင် ပြောင်းလဲမှုများကို နတ် ဒေဝတာများဖြင့် ဖြေရှင်းခြင်း မပြုဘဲ သဘာဝ အကြောင်းတရားများဖြင့်သာ အဖြေရှာခဲ့ကြလေသည်။

ဆိုလိုသည်မှာ ဤလောက၌ သဘာဝ အဖြစ်အပျက်တို့သည် ဖြစ်ပျက်ကြ ၏။ ယင်းအဖြစ်များကို နတ်ဒေဝါများက ဖန်တီးနေကြသည်ဟု ရှေးက ယုံကြည် ခဲ့ကြသည်။

သို့ရာတွင် အထက်ပါ တွေးခေါ်ရှင်များ လက်ထက်တွင် နတ်ဒေဝါများကို အယုံအကြည် မရှိတော့၊ လောက အဖြစ်အပျက်များ ဘာကြောင့် ဖြစ်နေရသနည်းဟု မေးလျှင် သဘာဝနိယာမ တရားများကြောင့် ဖြစ်နေရသည်ဟု ဖြေပေမည်။

သဘာဝတရားကို သဘာဝတရားဖြင့်သာ ဖြေရှင်းသည်။ သဘာဝကျကျ တွေးခေါ်လာကြခြင်း ဖြစ်သည်။

ဆိုကရေးတီခေတ် မတိုင်မီက တွေးခေါ်မြော်မြင်ရေး သဘောတရားများ၏ ထူးခြားချက်မှာ စည်းစနစ်ကျခြင်းပင် ဖြစ်သည်။ ထိုခေတ်က အတွေးအမြင်များ၌ ပြဿနာတစ်ခုသည် အခြားပြဿနာရပ်များကို ဆင့်ကဲ ဆင့်ကဲ ဆက်စပ်ဖော်ပေး

http://www.cherrythitsar.org


သည်ကို တွေ့ရ၏။ထိုပြဿနာ အရပ်ရပ်အတွက်လည်း ရှေးခေတ် တွေးခေါ်ရှင်များက တတ်အားသမျှ အဖြေရှာ ပေးခဲ့ကြလေသည်။

ထိုခေတ် ထိုအခါက အတွေးအမြင် လောက၌ ပေါ်ပေါက်ခဲ့သော အဓိက ပြဿနာမှာ ကမ္ဘာလောကကြီး တစ်ခုလုံး စတင် ဖြစ်ပေါ်လာရသော **'ထာဝရ အခြေခံ တရား'**သည် အဘယ်နည်းဟူသော ပြဿနာပင် ဖြစ်လေသည်။ မိုင်လီတပ်မြို့သား တွေးခေါ်ရှင်များ ရှာကြံခဲ့သော လောက၏ ထာဝရအခြေခံတရားမှာ ဒြပ်နှင့်တကွ ဖြစ်သော အခြေခံတရားပင် ဖြစ်လေသည်။

ကမ္ဘာကြီး စတင် ပေါ်ပေါက်လာအောင် ဖန်တီးပေးသော မူလ ထာဝရ အခြေခံတရားသည် အဘယ်နည်း။ ဤမေးခွန်းမှာ ရှေးခေတ် မိုင်လီတပ်မြို့သား တွေးခေါ်ရှင်များ ထပ်တလဲလဲမေးခဲ့သော မေးခွန်းပုစ္ဆာပင် ဖြစ်သည်။ သူတို့က အဆိုပါ ထာဝရ အခြေခံတရားမှာ အာရုံဖြင့် သိနိုင်စွမ်းသော ဒြပ်ရှိသော ပစ္စည်း ဖြစ်သည်ဟုလည်း တွေးထင်၍ အဖြေပေးကြသည်။ သူတို့၏ အဖြေများအရ ထိုအခြေခံတရားမှာ ရေဓာတ်–လေဓာတ်၊ အဆုံးမရှိသော ဒြပ်ထုတစ်မျိုး စသည်ဖြင့် အမျိုးမျိုး ပြောဆိုခဲ့ကြလေသည်။

အဆိုပါ တွေးခေါ်ရှင်ကြီးများ၏ အဖြေမှာ အမျိုးမျိုး အစားစား ဖြစ်ကြသော်လည်း ထိုသူများ အားလုံးသည် သဘောထား တစ်ခုတွင် တူညီမှု ရှိကြသည်။ ထိုသဘောထားမှာ ထာဝရ အခြေခံတရားသည် နှစ်ခုမဟုတ်၊ တစ်ခုတည်း တစ်စားတည်းသာ ဖြစ်သည်ဟူသော သဘောထား ဖြစ်သည်။ ကေ ထာဝရသစ္စာကို ယုံကြည်ကြသည်။ တစ်နည်းဆိုသော် သူတို့အားလုံးသည် တစ်ခုတည်းသော အခြေခံ ထာဝရတရားကိုသာ ယထာဘူတ အရှိတရားအဖြစ် လက်ခံ ယုံကြည်ကြသူများ ဖြစ်ကြလေသည်။

ထိုတစ်ခုတည်းသော အခြေခံတရားကို တည်၍သာလျှင် ကမ္ဘာပေါ်ရှိ ပစ္စည်း အမျိုးမျိုး ပေါ်ပေါက်လာရသည်ဟုလည်း ယုံကြည်ထားကြလေသည်။ ဥပမာ ရေသည် အစိုင်အခဲသို့ လည်းကောင်း၊ အရေအငွေ့ စသည်တို့သို့ လည်းကောင်း အမျိုးမျိုး ပြောင်းလဲနိုင်သည့် သဘောရှိသည်။ ထို့ကြောင့် အခြေခံတရားသည် တစ်ခုတည်းပင် ဖြစ်သော်လည်း ကွဲပြားခြားနားသော အရာဝတ္ထုများသည် ထိုတစ်ခုတည်းသော အခြေခံမှ ပုံသဏ္ဍာန် အမျိုးမျိုးဖြင့် ပေါ်ပေါက်လာနိုင်သည်။

လောက၏ မတည်မြဲသော သင်္ခါရ 'ပြောင်းလဲခြင်း' ဆိုသော သဘောတရားကိုလည်း မိုင်လီတပ်မြို့သားတို့သည် မစဉ်းစားဘဲ ချန်လှပ်ထားခဲ့သည် မဟုတ်၊ စဉ်းစားခဲ့၏။ ထိုပြဿနာမှာ ထိုခေတ်က ထာဝရ အခြေခံတရားဆိုင်ရာ ပြဿနာ

http://www.cherrythitsar.org


နှင့် မကွဲဘဲ ဆက်စပ်လျက်သာ ရှိခဲ့လေသည်။ ထို့ကြောင့် သင်္ခါရတရား (ပြောင်းလဲခြင်း) ပြဿနာသည် သူတို့ခေတ်တွင် သီးသန့်ပြဿနာ တစ်ခုအနေနှင့် မပေါ်ပေါက်ခဲ့ပေ။

ထိုပုဂ္ဂိုလ်ကြီးများ၏ အလိုအရ ထာဝရ အမှန်တရားသည်လည်း လှုပ်ရှားပြောင်းလဲနိုင်သည်ဟု ယူဆကြသည်။ ထိုကဲ့သို့ ယူဆကြသည့်အလျောက် ထာဝရအခြေခံတရားမှ တစ်ပါးသော အရာဝတ္ထုတို့ စတင်ပေါ်ပေါက် ဖြစ်ထွန်းလာပုံကို တစ်ယောက်တစ်မျိုး တွေးခေါ်ခဲ့ကြလေတော့သည်။

သေးလိအနက်ဇီမင်းဒါးနှင့် အနက်ဇီမင်းနိတို့သည် ထာဝရအခြေခံတရားမှ ခပ်သိမ်းသော လောကသတ္တုပစ္စည်းများ ပေါ်ပေါက်ဖြစ်ထွန်းလာပုံကို စဉ်းစားခဲ့သူများ ဖြစ်ကြသည်။ အလားတူပင် ပိုက်သဂိုရီယန် ဂိုဏ်းသားများသည်လည်း ဤပြဿနာကိုပင် ဆက်၍ စဉ်းစားခဲ့သူများဖြစ်ကြ၏။

ပိုက်သဂိုရီယန်ဂိုဏ်းက အရေအတွက်ဟူသော အရာဝတ္ထုတို့၏ တရားကိုယ်ကို ထုတ်ယူထားသည်။ စိတ္တဇ သဘော၊ ယေဘုယျ သဘောတို့သည် ထာဝရ အမှန်တရားများ ဖြစ်သည်ဟု ဆိုကြသည်။ ပိုက်သဂိုရပ်နှင့် အပေါင်းပါ တွေးခေါ်ရှင်များက အရေအတွက် သဘောသည်သာလျှင် အရာခပ်သိမ်း ဖြစ်ပေါ်မှု၏ မူလအခြေခံအကြောင်းတရား ဖြစ်သည်ဟုလည်း ယူဆကြလေသည်။ ထိုပုဂ္ဂိုလ်ကြီးများသည် အာရုံဖြင့် သိမြင်နိုင်သောဒဗ္ဗဝတ္ထု ပစ္စည်းများထက် ဒဗ္ဗကင်းသော အရေအတွက်သဘော၊ ဝတ္ထုပစ္စည်း အချင်းချင်း ဆက်သွယ်ပုံသဘော၊ ဝတ္ထုပစ္စည်း အချင်းချင်း အဆင်ပြေ ညီညွတ်မှုနှင့် ဆန့်ကျင်မှုသဘောတို့ကို ပို၍ နက်နက်ရှိုင်းရှိုင်း စဉ်းစားလာခဲ့ကြလေသည်။ ယင်းသဘောတရားတို့သည် စိတ္တဇ သဘောများ ဖြစ်ကြသည်။

အထက်က ညွှန်းဆိုခဲ့သော ပြောင်းလဲခြင်း (သင်္ခါရ) သဘောနှင့် တည်မြဲခြင်း (ထာဝရ) သဘောဆိုင်ရာ ပြဿနာကိုကား **'ဟေရာကလိုက်တပ်'** နှင့် **'ပါမင်နဒီ'** ဆိုသူ ဂရိ တွေးခေါ်ရှင်ကြီးများ၏ အတွေးအမြင်များ၌ အထင်အရှား တွေ့ရသည်။ ထိုသူတို့သည်လည်း ထာဝရ အခြေခံတရားကို စူးစမ်း နေကြဆဲ ဖြစ်ပေသည်။

ဟေရာကလိုက်တပ်နှင့် ပါမင်နဒီတို့ လက်ထက်၌ ကြီးကျယ်လာခဲ့သော ပြောင်းလဲခြင်းနှင့် မပြောင်းလဲခြင်း (သင်္ခါရနှင့် ထာဝရ တရား) ပြဿနာသည် **အင်ပီဒေါ့ကလီ၊ ဒီမိုကရိတပ်** နှင့် **အနက်ဆိုဂိုရပ်** တို့ လက်ထက်တွင် အရေးတကြီး ဖြေရှင်းရတော့မည့် ပြဿနာကြီး ဖြစ်လာသည်။

http://www.cherrythitsar.org



ဤပုဂ္ဂိုလ်ကြီးများ လက်ထက်တွင် အထက်ပါ ပြဿနာ၏ အဖြေကို ရှာကြသည်။ နှစ်ဖက်စွမ်းကို လိုက်နေသူများ အညီအမျှ လက်ခံနိုင်မည့် အဖြေကို ဖော်ထုတ်လာကြသည်။

**ဘာမျှ မရှိသောအရာက ဘာမျှ ဖြစ်မလာနိုင်** ဟူသော ပါမင်နဒီ၏ အမြင်ကို အင်ပီဒေါ့ကလီနှင့် အနက်ဆိုဂိုရပ်တို့ လက်ခံကြလေသည်။

သူတို့သည် ပြောင်းလဲခြင်း၏ အကြွင်းမဲ့ သဘောကို လက်မခံလိုကြပေ။ သူတို့ကလည်း ဤလောက၌ ထာဝရ တည်မြဲသော ရုပ်ဓာတ်များသည် ရှိ၏။ ထိုဓာတ်များသည် ဒြပ်ထုဝတ္ထုပစ္စည်းများ၌ ပေါင်းစည်းနေကြသည် တိုဒဗ္ဗဝတ္ထုပစ္စည်းများကား ပြောင်းလဲနေကြသည်ဟု ဆိုလေသည်။

ထို့ကြောင့် ဘယ်အရာမဆို မပြောင်းလဲသည် မရှိ။ ပြောင်းလဲသည်ချည်း ဖြစ်သည်ဆိုသော အကြွင်းမဲ့ ယူသည့် သဘောကို ထိုပုဂ္ဂိုလ်များသည် လက်ခံခြင်း မပြုခဲ့ကြပေ။ မပြောင်းလဲသော အရာများသည် ရှိသည်။ ပြောင်းလဲသော အရာများလည်း ရှိသည်ဟု ယုံသည်။

ထို့ကြောင့် လောကတွင် ပြောင်းလဲခြင်းလည်း အမှန်ရှိသလို မပြောင်းလဲခြင်းလည်း အမှန်ရှိသည်ဟု ဆိုကြလေသည်။

ဆိုကရေးတီခေတ် မတိုင်မီက ပေါ်ပေါက်ခဲ့သော အတွေးအမြင်များကို သတ္တုချကြည့်ပါက...

(၁) ထာဝရ အခြေခံတရားပြဿနာ ရှိခဲ့သည်။

(၂) ပြောင်းလဲခြင်းနှင့် မပြောင်းလဲခြင်း ပြဿနာ ရှိခဲ့သည်။

(၃) အရေအတွက် သဘောဆိုင်ရာ အတွေးအမြင်များလည်း ရှိသည်ကို တွေ့ရသည်။ ကျွန်ုပ်တို့သည် ထာဝရ အခြေခံတရားပြဿနာအပေါ်၌ ရှေးခေတ် တွေးခေါ်ရှင်များ ရှုမြင်ကြပုံကို အသေးစိတ် လေ့လာကြည့်ကြပါကုန်။


*　　*　　*

## ထာဝရ အခြေခံတရားဆိုင်ရာပြဿနာ (ရုပ်ပိုင်း)

### (က) သေးလိ (၆၂၅-၅၄၅ ဘီစီ)

သေးလိသည် အနောက်တိုင်းသားတို့၏ တွေးခေါ်မြော်မြင်ရေး သဘောတရားသမိုင်းကို စတင်ခဲ့သူအဖြစ် ထင်ရှားသော တွေးခေါ်ရှင်ကြီး ဖြစ်သည်။ သူ့ကို အနောက်တိုင်း အတွေးအခေါ်၏ ဖခင်ကြီးဟုလည်း ခေါ်ဆိုကြ၏။ သေးလိကို ဂရိပြည် ပင်လယ်ကမ်းရိုးတန်းမြို့ကလေးဖြစ်သော မိုင်လိတပ်မြို့တွင် (ဘီစီ ၆၂၄-၆၂၅) ခန့်က ဖွားမြင်ခဲ့သည်ဟု အဆိုရှိကြလေသည်။ ယယ်စဉ်ကပင် တွေးခေါ်မြော်မြင်မှု၊ နက်နဲစွာ တွေးကြံမှု၌ အထုံပါသည့်အလျောက် သူ့လက်ထက်တွင် ဂရိပြည်၌ စနစ်တကျ တွေးခေါ် မြော်မြင်မှု၊ စကြာဝဠာကြီး၏ အစကို စူးစမ်းမှုများ ပေါ်ပေါက်လာရသည်။ မိုင်လိတပ်မြို့မှာ ပင်လယ်ကမ်းရိုးတန်းမြို့ကလေးဖြစ်သည့်အတွက် ကုန်စည် ကူးသန်း ရောင်းဝယ်ရာဌာန ဖြစ်ခဲ့လေသည်။ သေးလိမျိုးရိုးမှာ ကြွယ်ဝသော ကုန်သည်မျိုးရိုးဖြစ်၏။ ကိုယ်တိုင်ကလည်း ကုန်စည်ကူးသန်း ရောင်းဝယ်ခဲ့သူ ဖြစ်၏။ စီးပွားရေး ချောင်လည်ခဲ့သူ ဖြစ်သည့်အလျောက် ဝါသနာပါသော လုပ်ငန်း၌ အချိန်ယူ၍ တွေးခေါ်နိုင်ခဲ့လေသည်။ ကုန်သည်ပီပီ လူမှုဆက်ဆံရေးဘဝနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်နေရကား လက်တွေ့ ရုပ်လောကကိုသာ အမှန်ထား၍ စဉ်းစားခဲ့လေသည်။ လူမှုရေး ဘဝနှင့် ဆက်စပ် ရုန်းကန်နေရသူ ဖြစ်သောကြောင့်လည်း သူသည် နိုင်ငံရေး၌ လည်းကောင်း၊

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
သောလီ

http://www.cherrythitsar.org


သင်္ချာနှင့် နက္ခတ်ဗေဒများ၌ လည်းကောင်း၊ စိတ်ဝင်စားစွာ လုပ်ဆောင် အောင်မြင်ခဲ့သူ ဖြစ်လေသည်။ ထို့ကြောင့် သေးလီသည် တွေးခေါ်ရှင်အဖြစ်သာမက သင်္ချာဆရာ နိုင်ငံရေးသမားအဖြစ်လည်း ထင်ရှားခဲ့သူဖြစ်၏။

သေးလီ၏ အတွေးအခေါ်များ ထင်ရှားလာခဲ့ရခြင်းမှာ နက်နဲလွန်းသောကြောင့် မဟုတ်၊ ရှေးက ဂရိ အယူအဆများကို သွေဖီ၍ ရုပ်လောကကို အခြေစိုက်ကာ သိပ္ပံနည်းကျ တွေးမြင် လာသောကြောင့်သာ ဖြစ်သည်။ သေးလီသည် သူ၏ အတွေးအမြင်များ၌ သဘာဝမကျသော စုန်းနတ်စသည့် ရှေးအယူသည်းမှုများကို ထည့်သွင်းခြင်း မပြုဘဲ စကြာဝဠာ၏ အစသည် ရုပ်ဓာတ် တစ်ခုကစ၍ ဖြစ်လာကြောင်းကိုသာ အတိအလင်း ကျေညာ ဟောကြားခဲ့သူဖြစ်သည်။ ရှေးအခါက ဂရိပြည်သားတို့သည် စကြာဝဠာကြီးတစ်ခုလုံးကို နတ်များက ပြုပြင်ဖန်တီး၊ စိုးမိုးအုပ်ချုပ်သည်ဟု ယူဆခဲ့ကြကြောင်း ဖော်ထုတ်ပြခဲ့လေပြီ။ နတ်အမျိုးမျိုးကို ယုံကြည်ကြသည်မှာ မှန်ကန်သော်လည်း ဂရိတို့အနေနှင့် ထိုနတ်အားလုံးသည် တန်ခိုးတော် အနန္တရှိသော နတ်များ ဖြစ်သည်ဟု မယုံကြည်ကြချေ။ ထိုသို့ အပြားပြားသော နတ်များအနက် နတ်တစ်ပါးသာ အချုပ်အခြာ ဖြစ်သည်။ ထိုနတ်က ကျန်နတ်များထက် တန်ခိုးကြီးသည်ဟု ယုံကြည်ကြ၏။ ထိုနတ်မှာ (ဇီးယဇ်) ခေါ်သော နတ် ဖြစ်သည်။ သို့ရာတွင် နတ်အပေါင်း၏ အရှင်သခင်ဖြစ်သော ထိုနတ်သည်ပင် အကြွင်းမဲ့ တန်ခိုးတော်အရှင် မဟုတ်သေးပေ။ ထို (ဇီးယဇ်) အပါအဝင် နတ်အပေါင်းကို ကြမ္မာတရားတစ်ခုက စိုးမိုး ချုပ်ကိုင်ထားသည်ဟု ယုံကြည်ကြသည်။ (ထိုကြမ္မာတရားကို (မွိုင်းယပ်ကြမ္မာ) ခေါ်ကြောင်း ရှေ့အခန်းက ဖော်ပြခဲ့ပေသည်။)

ဤကား ဂရိအတွေးအခေါ် လမ်းကြောင်း ဖြစ်ပေသည်။ ဂရိလူမျိုးတို့၏ ယုံကြည်မှုအရ ဆိုလျှင် မွိုင်းယကြမ္မာကို မည်သူမျှ မလွန်ဆန်နိုင်ချေ။ ဤအချက်ကို ထောက်ရှုဆင်ခြင်ကြည့်ပါက ဂရိလူမျိုးတို့သည် တွေးခေါ် ဆင်ခြင်ရာ၌ စနစ်ထား၍ စဉ်းစားကြကြောင်း တွေ့ရသည်။ ထိုစနစ်မှာ အခြားမဟုတ်၊ ကွဲပြားနေသောအရာများကို နောက်ဆုံး၌ တစ်ခုတည်းသော ထာဝရ အမှန်တရားက ချုပ်ကိုင်ထားသည်ဟု ဆင်ခြင်သည့် စနစ်ပင် ဖြစ်သည်။ ထို့ပြင် ဤရုပ်လောကကြီးသည် နိယာမ တရားတို့၏ အလိုအားဖြင့်သာ ဖြစ်ပျက် ပြုပြင်နေကြောင်း စတင် ဆင်ခြင်မိကြခြင်းလည်း ဖြစ်ပေသည်။

အထက်ပါ အတွေးအမြင် စနစ်သည် သေးလီအားလည်း လွှမ်းမိုးနေဟန်တူသည်။ ထို့ကြောင့် လောက သဘာဝတရားကြီးကို လေးနက်စွာ လေ့လာ

http://www.cherrythitsar.org


စူးစမ်းကြည့်သောအခါ သေးလီအမြင်၌ ဤလောကကြီး တစ်ခုလုံးတွင် အရာခပ်သိမ်းတို့သည် မည်သို့ပင် ကွဲပြားခြားနားနေကြစေကာမူ နောက်ဆုံး (အဆုံးစွန်)၌ တစ်ခုတည်းသော အခြေခံတရား ရှိရာသည်ဟု မြင်လေတော့သည်။ သေးလီ၏ စိတ်ထဲတွင် လောကအလုံး၏ တစ်ခုတည်းသော **'ထာဝရ အခြေခံတရား'** သည် အဘယ်နည်းဟူသော ပြဿနာသည် အထင်အရှား ပေါ်လာလေသည်။ ဤပြဿနာနှင့် ရင်ဆိုင်ရသောအခါ၌ သေးလီသည် တစ်ပါးသူများကဲ့သို့ ထာဝရအခြေခံတရားသည် နတ်ပင် ဖြစ်သည်ဟု ယုတ္တိမဲ့ အဖြေမျိုး မပေးချေ။ ဒဗ္ဗနှင့်တကွဖြစ်သော သဘာဝ တရားကြီးသည် ရုပ်ဓာတ်ကသာ စတင်ရမည်ဟု ယုံကြည်ခဲ့သည်။ ဤကား သေးလီ၏ ထူးခြားချက်ပင် ဖြစ်သည်။

သေးလီသည် စာအုပ်စာတမ်း ရေးသားခဲ့ခြင်း မရှိခဲ့သည့်အတွက် သေးလီ၏ အတွေးအမြင်များ၏ အသေးစိတ်ကို မဖော်ပြနိုင်သော်လည်း သူသည် မည်သည့်ဓာတ်ကို အခြေခံဓာတ် အဖြစ်ထားကြောင်း ဖော်ပြနိုင်သည်။

သေးလီက ရေဓာတ်သည် အရာခပ်သိမ်း၏ အခြေခံ မဟာဘုတ်ဓာတ် ဖြစ်သည်ဟု ထုတ်ဖော်ခဲ့လေသည်။ လောက၏ ထာဝရအခြေခံတရားသည် ရေဖြစ်သည်ဆိုရာ၌ သေးလီအမြင်မှာ ကျန်ဓာတ်များသည် လည်းကောင်း၊ အရာဝတ္ထု အမျိုးမျိုးသည်လည်းကောင်း၊ ရေမှ စတင်ဖြစ်ပေါ် လာကြသည်ဟု ဆိုခြင်း ဖြစ်၏။ ရေသည် ဝတ္ထုအမျိုးမျိုး၊ ပုံစံအမျိုးမျိုးသို့ ပြောင်းလဲနိုင်သည်။ အရာဝတ္ထုများမှာလည်း ရေက စတင်ဖြစ်ပေါ်လာပြီး နောက်ဆုံးတွင် ရေသို့သာ ပြန်လည် ရောက်ရှိသွားနိုင်သည်။ သို့ရာတွင် ရေဓာတ်သည်ကား ပြောင်းလဲ ပျက်စီးခြင်း မရှိ၊ ထာဝရ တည်မြဲနေသည်ဟု သေးလီ ယူဆသည်။

သို့ရာတွင် သူ့အတွေးအခေါ်များ၌ လောကထဲရှိ သက်ရှိသက်မဲ့ အရာဝတ္ထုမှန်သမျှသည် ရေကစ၍ မည်သို့ ဖြစ်ပေါ်လာရကြောင်းကိုကား သေးလီသည် အသေးစိတ် ရှင်းပြထားသည်ကို မတွေ့ရ။ သေးလီသည် မိမိ၏ လောကအမြင်များကို ကိုယ်တိုင်ကိုယ်ကျ ရေးသားဖော်ပြခြင်း မရှိခဲ့စေကာမူ သူ၏ အတွေးအမြင်များ၌ စကြာဝဠာ၏ အစကို စူးစမ်း ရှာဖွေပြီး ထိုသို့ လောကအစကို ဆင်ခြင်စဉ်းစားရာ၌ အရာဝတ္ထုတို့သည် တစ်မျိုးမှ တစ်မျိုးသို့ ပြောင်းလဲဖြစ်ပေါ်မှု (Transformation) သဘောကို ရှုမြင်နားလည်ခဲ့ကြောင်း တွေ့ရပေသည်။

သူ့အနေနှင့်ဆိုလျှင် သဘာဝတရားကြီးကိုလည်း ရှင်သန် လှုပ်ရှားနေသော လောကအဖြစ်သာ မြင်ခဲ့ကြောင်း သိနိုင်သည်။ ထို့ကြောင့် ထင်ရှားသော ပြဿနာတစ်ခုအဖြစ် ပေါ်လွင်လာခြင်း မရှိသေးစေကာမူ ပြောင်းလဲခြင်း သဘော

http://www.cherrythitsar.org



တရားသည် သေးလိလက်ထက်ကပင် ရှိခဲ့သည်။ ထို့အတူ ပြောင်းလဲနေသော လောကကြီး၏ နောက်၌ တစ်ခုတည်းသော မပြောင်းလဲသည့် ထာဝရအခြေခံတရား (သေးလိအဖို့ ရေဓာတ်) သည် ရှိသည်ဟုလည်း နားလည်ခဲ့ကြလေသည်။

သေးလိ၏ အတွေးအခေါ် ပုံကြမ်းကို မြင်ပြီးသော် စဉ်းစားဖွယ် အချက်ကလေးများ ရှိနေသည်။

သူသည် ဤရုပ်လောကကို ပဓာနထား၍ စဉ်းစားသူ ဖြစ်သည်။ ကျွန်ပိုင်ရှင်ခေတ်၊ မြေပိုင်ရှင်ခေတ်က အယူအဆဟောင်းများကို တွန်းလှန်၍ မျက်မှောက်ဖြစ်နေသော ဘဝဖြစ်ရပ်များကိုသာ အမှန်ထား၍ စဉ်းစားခဲ့သည်။ နတ်–ဘုရားစသည်တို့ဖြင့် ခြိမ်းခြောက်ပြီး မိမိတို့ လူတန်းစား ကြာရှည်စွာ သက်ဆိုးရှည်မှုအတွက် ဟောကြားသော တရားများကို သူမနာလို။

သူသည် ကုန်သည် ဖြစ်သည်။ ကုန်သည်သည် ပင်လယ်ရေပြင်ကို ဖြတ်ကျော်ကာ စွန့်စားကူးသန်းရသည်။ သူသည် နိုင်ငံတကာမှ လူတကာနှင့် ဆက်ဆံ နေရသည်။ ခရီးလမ်းပန်း လွယ်ကူစေရန် နက္ခတ်တာရာများနှင့်လည်း ဆက်ဆံနေရသည်။ ကုန်သည်ဖြစ်သဖြင့် နိုင်ငံရေးအခြေအနေနှင့် ကင်းကင်းလွတ်လွတ် မနေနိုင်၊ ကုန်သည်သည် အတွက်အချက်နှင့်လည်း ခွဲခွာနေ၍ မရ။ ထို့ကြောင့် သေးလိသည် နက္ခတ်ပညာရှင်၊ သင်္ချာပညာရှင်၊ နိုင်ငံရေးသမား တွေးခေါ်ရှင်၊ စွယ်စုံမြောက်သူ တစ်ဦး ဖြစ်လာခဲ့ပေတော့သည်။

သူသည် ဤလောက အတွင်းရှိ အရာခပ်သိမ်းတို့တွင် ရေဓာတ်မှအပ ကျန်သော မည်သည့်အရာဝတ္ထုမျှ တည်မြဲသည်ဟု မယူဆချေ။

ဤအမြင်သည် သူ၏ဘဝ သူ၏လူတန်းစား ရပ်တည်မှုက ပေးသော လောကအမြင် ဖြစ်ချေသည်။

အဓိပ္ပာယ်မှာ ဤလောက၌ ကျွန်ပိုင်ရှင်၊ မြေပိုင်ရှင် မည်သူပင် ဖြစ်စေ ယင်းလူတန်းစားတို့သည် မတည်မြဲနိုင်။ ရေသည်သာ ထာဝရ တည်မြဲသကဲ့သို့ ရေနှင့် ဆက်ဆံကူးလူးခြင်းဖြင့် ကြီးထွားလာသော ကုန်သည် လူတန်းစားသည်သာ ထာဝရတည်မြဲသော၊ မည်သည့် အခြေအနေနှင့်မဆို ဟပ်မိအောင် ပြောင်းလဲနေနိုင်သော လူတန်းစား ဖြစ်သည်ဟု ဖွင့်ထုတ် ဖော်ပြလိုက်ခြင်းပင် ဖြစ်ပေတော့သည်။

ထို့ကြောင့် သေးလိ၏ အတွေးအမြင်များကို လေ့လာသည့်အခါ သဘာဝရှုထောင့် တစ်ခုထဲကချည်း ကြည့်၍မရချေ။ သူ၏ ဘဝရပ်တည်နေပုံနှင့် ဆက်စပ်ရှုမြင်ကြည့်ရန် များစွာလိုပေသည်။

http://www.cherrythitsar.org


ကုန်သည်ဖြစ်သောကြောင့် မြေရှင်ကဲ့သို့ မတီ မထွင်ဘဲ မနေနိုင်၊ လှေ သမ္ဗာန်ကအစ ရွက်လွှင့်ခြင်း၊ အိမ်မြှောင် အသုံးပြုခြင်း စသော လက်တွေ့သိပ္ပံ ပညာများနှင့် ရင်းနှီးဆက်ဆံနေရကား ရုပ်လောကဖြစ်စဉ်ကို စိတ်ဝင်စား၍ သိပ္ပံ နည်းကျ တွေးခေါ်မည်မှာ မလွဲပေ။

သို့ရာတွင် မည်သည့် အတွေးအခေါ်မျိုးမဆို လူတန်းစား ကွဲပြားမှု ရှိသော လူ့အဖွဲ့အစည်းအတွင်းတွင် လူတန်းစား အကျိုးစီးပွား ပြဿနာနှင့် မကင်းသည်ကို အစဉ်နှလုံးသွင်း၍ လေ့လာရာသည်။

## (ခ) အနက်ဇီမင်းဒါး (၆၁၀–၅၄၇ ဘီစီ)

'အနက်ဇီမင်းဒါး'သည် 'သေးလိ'ကဲ့သို့ပင် မိုင်လီတပ်မြို့သား တစ်ဦး ဖြစ်လေသည်။ သူသည် 'သေးလိ' ကဲ့သို့ပင် စကြာဝဠာကြီးကို စနစ်တစ်ခု အနေနှင့် မြင် လေသည်။ စကြာဝဠာကြီး၏ အခြေအမြစ် အကြောင်းတရားကို ရှာလိုသူလည်း ဖြစ်သည်။ သို့သော် သူနှင့် သေးလိတို့ မတူကြဘဲ ကွဲပြားခြားနားသော အချက် တစ်ချက် ရှိသည်။ ထိုအချက်မှာ စကြာဝဠာကြီး၏ အခြေခံ အကျဆုံးသော အကြောင်းရင်း(ဓာတ်)သည် ရေ ဖြစ်သည်ဆိုသော သေးလိအမြင်ကို ငြင်းပယ်ပြီး အနက်ဇီမင်းဒါးက ရေသည် အခြေခံ အကျဆုံးသော ဓာတ် မဟုတ်ဟု ယူသည်။ အကယ်၍ ရေသည် အရင်းအမြစ် အကျဆုံးသော အကြောင်းတရားဓာတ် ဖြစ် ငြားအံ့၊ ဤစကြာဝဠာကြီးသည် စိုစွတ်မှုလွန်ကဲသော စကြာဝဠာကြီး ဖြစ်နေ ပေမည်။ အကယ်၍ ဤစကြာဝဠာကြီးသည် စွတ်စိုမှု လွန်ကဲသော စကြဝဠာကြီး ဖြစ်ငြားအံ့၊ ခြောက်သွေ့ခြင်း သဘောဆောင်သော မီးသည် မရှိနိုင်တော့ပေ။ သို့ ရာတွင် ခြောက်သွေ့မှုသဘောကို ဆောင်သော မီးမှာ ဓာတ်ကြီးတစ်ပါးအနေဖြင့် အထင်အရှား ရှိနေလေသည်။ ထို့ကြောင့် ရေသည် အရင်းအမြစ် အကျဆုံးသော အကြောင်းတရား ဓာတ် မဖြစ်နိုင်ဟူ၍ အနက်ဇီမင်းဒါးက ဆို၏။

ထိုခေတ်ထိုအခါက ဂရိပညာရှင်များသည် သဘာဝကြီးကို ကြည့်ကြ သောအခါ အကျင့်သီလ သဘောကင်းသော သဘာဝကြီးအဖြစ် မမြင်ကြချေ။ အကျင့်သီလ တရားသည် ရုပ်လောကကြီးကို လွှမ်းမိုးနေသည်ဟု ထင်ကြလေသည်။ တစ်နည်း ကမ္ဘာလောကကြီးသည် သီလခံ ကမ္ဘာကြီးအဖြစ် မြင်သည်။ အနက်ဇီ မင်းဒါးသည် ဤအယူအဆကို လက်ခံသူတစ်ဦးဖြစ်၏။ ထို့ကြောင့် သဘာဝ ကြီးတွင်ရှိသော ဓာတ်ကြီးလေးပါးအနက် မည်သည့်ဓာတ်ကိုမှ လွန်ကဲမှု မပေး

http://www.cherrythitsar.org


နိုင်ဘဲ ရှိလေသည်။ ဓာတ်ကြီးလေးပါးနှင့် ပတ်သက်၍ စဉ်းစားသောအခါ အနက်ဇီမင်းဒါးလည်း မည်သည့် ဓာတ်ကိုမျှ အခြေခံအကြောင်းတရား အဖြစ် မစဉ်းစားလိုပေ။ ဓာတ်ကြီး၄ ပါးအကြောင်းကို ဆင်ခြင်သောအခါ မျှတမှုရှိသော ပညာရှင်တစ်ဦး အနေဖြင့်သာ ဆင်ခြင်လိုပေသည်။

'အနက်ဇီမင်းဒါး'က စကြာဝဠာကြီး၏ အခြေခံအကြောင်းတရားသည် ရေလည်း မဟုတ်၊ မီးလည်း မဟုတ်၊ မြေလည်း မဟုတ်၊ လေလည်း မဟုတ်၊ ဤဓာတ်ကြီး လေးပါးစလုံးလည်း ပါဝင်၍ (ဓာတ်ကြီးလေးပါးလည်း ဟုတ် ပါသည်ဟု မဆိုနိုင်သော) **အဆုံးဆမရှိသော 'ဒြပ်ထု'**ပင် ဖြစ်သည်ဟု ဆိုလေသည်။ ဤ **ဆုံးစမဲ့သောအရာ** မှ ဓာတ်ကြီးလေးပါး ထွက်ပေါ်လာကာ ဤဓာတ်ကြီး လေးပါးကြောင့်သာ စကြာဝဠာတွင်းရှိ အရာဝတ္ထုအသီးသီး ဖြစ်လာကြသည်ဟူ၍ အနက်ဇီမင်းဒါးက ဟောကြားခဲ့လေသည်။

အနက်ဇီမင်းဒါး၏ လောကအမြင်ကို ချိန်ကြည့်လျှင် သူသည် ရုပ်သဘော ကို ဖျက်ဆီး၍ မရသော အရာအဖြစ် အသိအမှတ် ပြုလိုသည်။ သူ တင်ပြခဲ့သော **'ဆုံးစမထင်သော တစ်စုံတစ်ရာ'**မှ ကမ္ဘာလောကထဲရှိ သီးခြား ရုပ်ဝတ္ထုများ အားလုံးဖြစ်လာသည်ဟူသော အမြင်သည် ဒဗ္ဗနှင့် ကင်းသော စိတ္တဇအဖြစ် မဟုတ်စေကာ လူတန်းစား ပဋိပက္ခကို ကွင်းရှောင်ဖို့ ကြိုးစားသည့် ဘက်မလိုက် အမြင်ဟု ဆိုရပေမည်။

အမှန်မှာ ကိုယ်ကျင့်တရားဘက်က ကြည့်လျှင် လူတန်းစား တိုက်ပွဲတွင် မည်သူမဆို တစ်ဖက်ဖက်က ပါဝင်ကြရမည်သာ ဖြစ်၏။ သို့သော် အနက်ဇီမင်းဒါးမှာ ပဋိပက္ခအသွင် နှစ်စဉ်စလုံးကို ရှောင်လွဲဖို့ ကြိုးစားခြင်းသာ ဖြစ်သည်ဟု မြင်ရသည်။

သူကား ဘယ်လူတန်းစား ဘက်ကမှမပါ ဟူသော ပုဂ္ဂလိက ဆန္ဒစွဲ အယူ ကို ယူသူသာ ဖြစ်သည်ဟု ကျွန်ုပ်တို့ မြင်သည်။

## (ဂ) အနက်ဇီမင်းနီး (၅၈၅–၅၂၅ ဘီစီ)

'သေးလိ' နှင့် 'အနက်ဇီမင်းဒါး' ကဲ့သို့ပင် အနက်ဇီမင်းနီးသည် မိုင်လီတပ်မြို့ သားတစ်ဦး ဖြစ်လေသည်။ စကြာဝဠာကြီးကို စနစ်တစ်ခုအနေဖြင့် သူ မြင်သည်။ စကြာဝဠာကြီး၏ အခြေခံ အကြောင်းတရား ရှိရမည်ဟုလည်း သူ ယုံကြည်သည်။ 'သေးလိ' အယူအဆအား ဝေဖန်သော အနက်ဇီမင်းဒါး၏ ဝေဖန်ချက်ကို သူ

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
အနက်ဇီမင်းနီး

http://www.cherrythitsar.org


လက်ခံသည်။ ရေသည် စကြာဝဠာကြီး၏ အခြေခံ အကြောင်းတရား မဖြစ်နိုင် ဟူ၍ သူ ယုံကြည်သည်။ သို့သော် အနက်ဇီမင်းဒါး၏ အဆုံး အစမဲ့သော အရာကိုလည်း စကြာဝဠာ၏ အခြေခံတရားအဖြစ် သူ လက်မခံချေ။

'ဆုံးစမဲ့သော အရာတစ်ခု' သည် စကြာဝဠာကြီး၏ အခြေခံအကြောင်း တရား မဖြစ်နိုင်။ စင်စစ် 'ဆုံးစမရှိသောအရာ' ဆိုခြင်းမှာပင် တိကျသေချာ ခြင်း မရှိသောသဘော ဖြစ်နေပေသည်။ အဆုံးအစ မရှိသောအရာ ဆိုသည်မှာ အ ဘယ်နည်း။ 'အဆုံးအစမရှိသော' သဘောကို ဖန်တီးသူ 'အနက်ဇီမင်းဒါး' ပင် လျှင် ယင်းသဘောကို မရှင်းနိုင်ခဲ့ပေ။ ဤသို့ မတိကျသော သဘောတစ်ခုသည် စကြာဝဠာကြီး၏ အခြေခံအကြောင်း တရား မဖြစ်နိုင်ဟု 'အနက်ဇီမင်းနီး' က ဆိုလေသည်။

'အနက်ဇီမင်းနီး' အမြင်တွင် အခြေခံအကြောင်း တရားဟူသည် တိကျရမည်။ ဓာတ်ကြီးလေးပါးအနက် တစ်ပါးပါးသော ဓာတ်သာ ဖြစ်ရမည်။ ဓာတ်ကြီး လေးပါးအနက် အခြေခံသဘောတရားအဖြစ် ယူနိုင်သော ဓာတ်သည် ရေဓာတ် မဟုတ်၊ 'လေ' ဓာတ်သာ ဖြစ်သည်ဟု ယူခဲ့လေသည်။

လေသည် ပူသောသဘောကိုလည်း ဖြစ်စေနိုင်သည်။ အေးသောသဘော ကိုလည်း ဖြစ်စေနိုင်သည်။ အစိုင်အခဲအဖြစ်သို့လည်း ပြောင်းလဲနိုင်သည်။ လေ မရှိက သက်ရှိ သတ္တဝါများ အသက်မရှင်နိုင်ကြခြင်းကို ထောက်ချင့်၍ လေသည်သာ ဤစကြာဝဠာကြီး၏ အခြေခံတရားဖြစ်ရမည်ဟု သူ ယုံကြည့်သည်။

ခြုံ၍ ကြည့်လျှင် 'မိုင်လီတပ်' တွေးခေါ်ရှင်များ၏ လောကအမြင်၌ သ ဘာဝတရားကို ဒြပ်ရှိသော ရုပ်သဘောအဖြစ်သာ မြင်သည်။ ဤကဲ့သို့ ဖြေရှင်းရာတွင်လည်း နတ်တန်ခိုးရှင်စသည်တို့၏ အကူအညီကို မလိုဘဲ ဖြေရှင်း နိုင်သည်ဟူသော ယူဆချက်သည် လက်ခံနိုင်ဖွယ်ရာ ဖြစ်သည်။ ထိုခေတ် ထိုအခါက အသိဉာဏ်မျိုးနှင့် သူတို့၏ တွေးခေါ်ပုံများကို နှိုင်းဆကြည့်လျှင် သူတို့၏ တွေးခေါ်ပုံများသည် အလွန်တိုးတက်သော အမြင်များ ဖြစ်သည်ဟု ဆိုနိုင်သည်။

သဘာဝကြီးသည် စနစ်တစ်ခုသာ ဖြစ်သည်။ ထိုစနစ်ကိုလည်း လူတို့ နားလည်နိုင်စွမ်း ရှိသည်ဆိုသော အချက်ကလည်း သူတို့၏ စဉ်းစားဉာဏ် ရင့် သန်မှုကို ဖော်ပြပေသည်။

သို့သော် သူတို့၏ အဓိက ပြဿနာဖြစ်သော စကြာဝဠာကြီး၏ ထာဝရ အခြေခံတရားနှင့် ပတ်သက်၍ ပြောလာသောအခါ၌မူ ယခုခေတ် အမြင်နှင့်

http://www.cherrythitsar.org



ဆိုလျှင် လက်ခံနိုင်ဖွယ် မရှိသည်မှာ မဆန်းချေ။ စကြာဝဠာကြီး၏ ထာဝရ အခြေခံတရားသည် ရေလည်း မဟုတ်၊ အဆုံးအစ မရှိသော အရာလည်း မဟုတ်၊ လေလည်း မဟုတ်ပေ။ စင်စစ်လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ငါးရာခန့်က မဆိုထားဘိ သိပ္ပံပညာ အတိုးတက်ဆုံးအချိန်သို့ ရောက်နေသော ဤနှစ်ဆယ် ရာစုနှစ်တွင်ပင် စကြာဝဠာကြီး၏ အစသည် ဘယ်ကစ၍ ဖြစ်သည်ကို တိတိကျကျ မဖော်ပြနိုင်သေးပေ။ စကြာဝဠာကြီး၏အစ လူတို့၏အစတို့နှင့် ပတ်သက်၍ ပြောကြားချက် မှန်သမျှသည် တွေးဆချက် အနုမာနမျှသာ ရှိနေသေး၏။

သို့ရာတွင် မိုင်လိတပ် မြို့သားများ၏ တွေးခေါ်ပုံမှာ အဆင့်အတန်း နိမ့်သည်ဟု မဆိုနိုင်ပေ။ နှစ်ဆယ်ရာစုနှစ်တွင် တွေးခေါ်ရှင်တို့သည် သူတို့ ကြုံခဲ့သော ပြဿနာကို ဖြေရှင်းနေရဆဲ ဖြစ်၏။ ထို့ကြောင့် အထက်ပါ တွေးခေါ်ရှင်တို့ ပေးသောအဖြေမှာ နက်နဲမှုမရှိသော်လည်း သူတို့ မေးသော မေးခွန်းများမှာမူ အဆင့်အတန်းမြင့်၍ နက်နဲလှပေသည်။ လူသားတို့၏ စနစ်ကျသော တွေးခေါ်မှုကို စတင်ပေးခဲ့ခြင်းသည်ပင် ဤခေတ်၏ ထူးခြားချက် ဖြစ်ပေသည်။ သူတို့၏ အတွေးအမြင်များသည် လောကဖြစ်စဉ်ကိုလည်းကောင်း၊ လူ့ဖြစ်စဉ်ကို လည်းကောင်း၊ ထင်ဟပ်၍ ပတ်ဝန်းကျင် ဘဝနှင့် ဆက်စပ်ပေါ်လာသည့် အတွေးအခေါ်သာ ဖြစ်၏။

*    *    *

http://www.cherrythitsar.org


## ထာဝရ အခြေခံတရား (နာမ်ပိုင်း)

### (ဃ) ပိုက်သဂိုရပ် (၅၇၈–၅၀၀ ဘီစီ)

သင်္ချာပညာနှင့် ပတ်သက်လာလျှင် ပိုက်သဂိုရပ် ဆိုသော ပုဂ္ဂိုလ်ကို မသိသူ ရှားလှပေသည်။ ပိုက်သဂိုရပ်အား ဂရိပြည် ဆာမော့ဒေသတွင် (ဘီစီ–၅၇၈) ခန့်က ဖွားမြင်ခဲ့လေသည်။ (ဘီစီ–၅၂၉) ခုနှစ်လောက်ကစ၍ ပိုက်သဂိုရပ်သည် မိမိ နေရင်းဒေသကို စွန့်၍ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဤသို့ ထွက်ပြေးရခြင်းမှာ သူသည် ထိုစဉ်က ဂရိပြည်တွင် ကြီးစိုးနေသော မင်းဆိုးဝါဒကို ဆန့်ကျင်တိုက်ခိုက်ခဲ့သောကြောင့် ဖြစ်သည်။ ပိုက်သဂိုရပ်သည် သင်္ချာပညာတွင် ထူးချွန်သည် မဟုတ်၊ တွေးခေါ်မှုပညာ၊ နိုင်ငံရေး ပညာများ၌လည်း ကဝိတဆူ ဖြစ်လေသည်။ သူ၏ သက်တမ်းတလျှောက်လုံးတွင် သူ၏ နောက်လိုက်များအား နိုင်ငံရေးအမြင် ရင့်သန်စေရုံသာမက တိုင်းပြည်ကောင်းကျိုးအတွက် အင်အား ရှိသမျှနှင့် ပြုမူဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အများအတွက် အကျိုးစီးပွားဖြစ်သည် မှန်ပါက မိမိအကျိုးစီးပွားကို အနစ်နာခံသင့်ကြောင်း ဟောပြောနေထိုင်ခဲ့လေသည်။ နိုင်ငံရေးကို ဤသို့ ဆောင်ရွက်နိုင်ရန်မှာ ကိုယ်ကျင့်တရားရှိမှ ဖြစ်ရကား လူပုဂ္ဂိုလ် တစ်ဦးသည် မိမိ၏ ကိုယ်–နှုတ်–နှလုံးကို မည်သို့ စောင့်သုံးနေထိုင်ရမည်ကို ဟောကြား နေထိုင်ခဲ့လေသည်။

အီတလီပြည်တောင်ပိုင်း 'ကရိုတိုနာ' မြို့တွင် နေထိုင်စဉ်က ပိုက်သဂိုရပ်နှင့် သူ၏ ဂိုဏ်းသားများသည် ဘုံအဖွဲ့ (ကွန်မြူန်း) တစ်ခုကို ထူထောင်၍ ဆွေ

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ပိုက်သဂိုရပ်

http://www.cherrythitsar.org


မျိုးစုကြီး သဖွယ် အတူစား၊ အတူဝတ်၊ အတူနေထိုင်ခဲ့ကြသေးသည်။ ထိုသို့ နေထိုင်ရင်း ဆေးပညာ၊ အနုပညာ၊ ဂီတ၊ လက်မှုပညာ စသည့် ပညာရပ်များကို လေ့လာသင်ကြားကြလေသည်။

(ဘီစီ–၅၀၀) လောက်တွင် ပိုက်သဂိုရပ်သည် ကရိုတိုနာမြို့မှ ထွက်ပြေး တိမ်းရှောင်၍ 'မီတာပွန်တမ်' မြို့တွင် နေထိုင်စဉ် ကွယ်လွန် အနိစ္စရောက်ခဲ့ လေသည်။

## ပိုက်သာဂိုရပ်နှင့် သူ၏ ဂိုဏ်းသားများ

ရှေ့ပိုင်းက လေ့လာခဲ့ပြီးသော တွေးခေါ်ရှင်များ အားလုံးလိုလိုပင် အရာဝတ္ထုတို့၏ အနှစ်သာရ ဖြစ်သော ထာဝရ အခြေခံတရားကိုသာ စိတ်ဝင်စားသူများ ဖြစ်ကြောင်း တွေ့ခဲ့ရသည်။ သူတို့၏ ပြဿနာမှာ လောကကြီး တစ်ခုလုံးသည် မည်သည့် အခြေခံပစ္စည်းမှ ရှင်သန်ဖြစ်ပေါ် လာကြသနည်းဆိုသော ပြဿနာ ဖြစ်ခဲ့သည်။ ယခု လေ့လာအံ့သော ပိုက်သဂိုရီယန်ဂိုဏ်သား တွေးခေါ်ရှင်များမှာကား အထက်ပါ လောကတစ်ခုလုံး၏ ထာဝရအခြေခံတရားကို ရှာဖွေကြံစည်သူများ မဟုတ်မူဘဲ အရာဝတ္ထုတို့၏ **'ယေဘုယျ သဘော၊ အရာဝတ္ထု တစ်ခုနှင့်တစ်ခု ဆက်သွယ်နေပုံသဘော'** တို့ကိုသာ ရှာကြသူများ ဖြစ်သည်။ သင်္ချာပညာရှင်များ ဖြစ်ကြသည့်အတွက် ဤဂိုဏ်းသားများသည် အထက်ပါ **ယေဘုယျ သဘော**တို့ကို **တိုင်းထွာနိုင်သော အရေအတွက်** သဘောအဖြစ် ရှုမြင်ခဲ့ကြ၏။ ထိုကဲ့သို့ ရှုမြင်ခြင်းဖြင့် လောကတစ်ခုလုံးရှိ ခပ်သိမ်းသော အရာဝတ္ထုများ၏ နောက်ကွယ်မှ ညီညွတ်စွာ ဖြစ်ပေါ်မှု (Uniformity)နှင့် အစီလိုက်အစဉ်လိုက် ဖြစ်ပေါ်မှု (Regularity) သဘောကို ရှာကြသည်။ ထိုယေဘုယျ သဘောတရားတို့ကို အရေအတွက် (ဂဏန်း)များအဖြစ် ဖော်ပြကြလေသည်။ ဤတွေးခေါ်ရှင်များ၏ အမြင်အားဖြင့် လောကထဲရှိ ခပ်သိမ်းသော အရာဝတ္ထုတို့၏ အခြေခံတရားမှာ အရေအတွက် (ဂဏန်း)များ ဖြစ်သည်။

## ဂဏန်းသင်္ချာသဘောတရား

ပိုက်သဂိုရီယန်ဂိုဏ်းသားတို့သည် လောကထဲရှိ သတ္တုပစ္စည်းတို့၏ ယေဘုယျ ပုံစံနှင့် ဆက်သွယ်ပုံ အမျိုးမျိုးကို စိတ်ဝင်စားကြသည့်အလျောက် သူတို့၏ အတွေး

http://www.cherrythitsar.org



အမြင်များ၌ **အတိုင်းအထွာ၊ အစီအစဉ်၊ အချိုးအစား၊ ညီညွတ်စွာ ဖြစ်ပေါ်မှု** စသည့်ယေဘုယျ သဘောတို့ကို ဂဏန်းသင်္ချာနည်းဖြင့် လေ့လာကြသည်။

ဂဏန်းသင်္ချာသာ မရှိပါမူကား လောကထဲတွင် အတိုင်းအထွာ သဘော၊ အစီအစဉ်သဘော၊ အချိုးအစားသဘော စသည့် ယေဘုယျ ဆက်သွယ်ပုံ သဏ္ဍာန်များ ရှိနေတော့မည် မဟုတ်တန်ရာ၊ အရာခပ်သိမ်း၏ နောက်ကွယ်တွင် အရေအတွက် ဂဏန်းသင်္ချာသဘော ရှိမြဲဖြစ်သည်။ ဂဏန်းသင်္ချာများသည် အရာခပ်သိမ်း၏ အခြေခံ၊ အစစ်အမှန် ထာဝရတရားများသာ ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ကြည့်ပါမူကား အရာဝတ္ထုတိုင်းသည် ဂဏန်းသင်္ချာများကို ဖော်ပြနေကြသည်ကို တွေ့ရ၏။

ဂဏန်းသင်္ချာများသည် အရာဝတ္ထုများ၏ အခြေခံမှုများအဖြစ် တည်ရှိနေကြသည်။ အရာရာတိုင်း၌ ပုံသဏ္ဍာန် အဆက်အသွယ် အဆောက်အအုံသဘောရှိရကား ထိုအရာဝတ္ထုများသည် ဂဏန်းသင်္ချာများကို သရုပ်ဆောင်၍ နေသည့် မိတ္တူများ၊ ပုံဆောင်ဒြပ်များသာ ဖြစ်သည်ဟု ပိုက်သဂိုရီယန် ဂိုဏ်းသားများက ယုံကြည်ကြ၏။

နောင်အခါ 'ပလေတို' နှင့် 'အာရစ္စတိုတယ်' မည်သော ဂရိတွေးခေါ်ရှင်များ၏ အတွေးအမြင်များ၌ အရာဝတ္ထုတို့၏ ပုံသဏ္ဍာန်နှင့် အကြောင်းအရာ(ဒြပ်) သဘောကို ခွဲခြားတင်ပြခဲ့ကြသည်။ ထိုသဘောတရားကို ပိုက်သဂိုရီယန် ဂိုဏ်းသားများသည် ရှေးကပင် ကြိုတင်၍ အမြွက်မျှ တွေးဆခဲ့ကြခြင်း ဖြစ်သည်။ ဤဂိုဏ်းသားများကမူ ဂဏန်းသင်္ချာနှင့် ဝတ္ထုပစ္စည်းသဘောကို ခွဲခြားနားလည်ခဲ့ကြ၏။

ဤတွင် စဉ်းစားစရာ ရှိသည်။ အကယ်၍ ဂဏန်းသင်္ချာများသည် အရာခပ်သိမ်း၏ အခြေခံ အမှန်တရားများ ဖြစ်သည်မှန်ပါမူ ဂဏန်းသင်္ချာတွင် မှန်ကန်သည့်အတိုင်း ဝတ္ထုပစ္စည်းများတွင်လည်း အမှန် ဖြစ်မည်လော ဟူသော အချက်ဖြစ်သည်။ ဤပြဿနာကြောင့် ပိုက်သဂိုရီယန် ဂိုဏ်းသားများသည် ဂဏန်းသချာ်ဆိုင်ရာ ထူးခြားမှုများကို အပတ်တကုတ် လေ့လာ ဖေါ်ထုတ်ခဲ့ကြလေသည်။ ၎င်းတို့အနေနှင့် ဂဏန်းသချာ်ကို စုံ ဂဏန်း၊ မ,ဂဏန်း ဟူ၍ နှစ်ပိုင်း ခွဲခြားလိုက်ကြသည်။ စုံဂဏန်းများကို (၂) နှင့် စား၍ ပြတ်၏။ မ,ဂဏန်းကိုမူကား (၂) နှင့် စား၍ မပြတ်ချေ။ အဓိပ္ပာယ်မှာ မ,ဂဏန်းသည် အကန့်အသတ်မရှိ၊ စုံဂဏန်းသည် အကန့်အသတ် ရှိသည်။ တစ်နည်းဆိုသော် စုံဂဏန်းသည် အကြွင်းမဲ့သဘောကို ဆောင်ပြီး မ,ဂဏန်းသည် အကြွင်းရှိ

http://www.cherrythitsar.org


သဘောကို ဆောင်သည်ဟူသော သဘောတရားရေးပိုင်းသို့ ရောက်လာသည်။ သဘာဝတရားကြီးကို ကြည့်ပြန်ပါကလည်း သဘာဝတရားကြီးတစ်ခုလုံးသည် ဆန့်ကျင်ဘက် တရားများ ပေါင်းစည်းနေသော သဘောတရား တစ်ရပ်သာ ဖြစ်ကြောင်း တွေ့ရ၏။

ထိုဆန့်ကျင်ဘက်များမှာ

| | | |
|---|---|---|
| ၁။ အကန့်အသတ်ရှိ | နှင့် | အကန့်အသတ်မဲ့သဘော |
| ၂။ စုံ | နှင့် | မ,သဘော |
| ၃။ တစ်ခု | နှင့် | အများသဘော |
| ၄။ လက်ျာ | နှင့် | လက်ဝဲသဘော |
| ၅။ ဖို | နှင့် | မ,သဘော |
| ၆။ တည်ငြိမ်မှု | နှင့် | လှုပ်ရှားမှုသဘော |
| ၇။ ဖြောင့်တန်းမှု | နှင့် | ကွေ့ကောက်မှုသဘော |
| ၈။ အလင်း | နှင့် | အမှောင်သဘော |
| ၉။ အကောင်း | နှင့် | အဆိုးသဘော |
| ၁၀။ စတုရန်း | နှင့် | ထောင့်မှန် |

စသည့် သင်္ချာသဘောများ ဖြစ်ကြ၏။

ကမ္ဘာလောကကြီး တစ်ဝှမ်းလုံးမှာ ဂဏန်းသင်္ချာ(အရေအတွက်) ချည်းသာ ဖြစ်ပေတော့သည်။

သင်္ချာသဘောနှင့် ဖေါ်ပြရသော် အမှတ်တစ်ခုသည် တစ် ဖြစ်၏။ မျဉ်း တစ်ကြောင်းသည် နှစ် ဖြစ်၏။ ပုံတစ်ခုသည် သုံး ဖြစ်ပြီး အစိုင်အခဲ တစ်ခုသည် လေး ဖြစ်သည်။

ဆိုလိုသည်မှာ အမှတ်တစ်ခုသည် အစက်တစ်စက် ဖြစ်သည်။ အမှတ် နှစ်ခု ရှိလျှင် ဆက်ဆွဲလိုက်ပါက မျဉ်းတစ်ကြောင်း ဖြစ်လာသည်။ အမှတ် သုံးခု ရှိပြီး ယင်း သုံးခုကို ဆက်ဆွဲပါက ပုံတစ်ပုံ ဖြစ်လာသည်။ အလားတူစွာ အမှတ် လေးခု ရှိပါက ဒုထယ်နှင့်ဖြစ်သော ပုံသဏ္ဍာန်တစ်ရပ်ကို ဆွဲကြည့်ပါက ရနိုင် သည်။

ရှေးခေတ် ရှေးအခါကပင် သင်္ချာဘာသာမှာ အရေးကြီးသော ပညာရပ် တစ်ခု အနေဖြင့် ရပ်တည်ခဲ့လေသည်။ အီဂျစ်လူမျိုးတို့သည် အံ့မခန်း ဖြစ်သော ပိရမစ်များကို တည်ဆောက်သောအခါ၌ ၎င်းတို့ သိပြီးဖြစ်သော သင်္ချာပညာကို ကောင်းစွာ အသုံးချခဲ့ကြလေသည်။ ပိရမစ်များ တည်ဆောက်ခြင်းတွင် သာမက

http://www.cherrythitsar.org


မြေယာများ ခွဲဝေကြသော ကာလများတွင်လည်း သင်္ချာဘာသာကို အသုံးပြုခဲ့ကြလေသည်။ သို့သော် ရှေးခေတ် အီဂျစ်လူမျိုးတို့ သိသော သင်္ချာပညာမှာ သိပ္ပံနည်းကျ သင်္ချာပညာဟု ခေါ်နိုင်လောက်သော အဆင့်အတန်းသို့ကား မရောက်၊ လက်တွေ့ အသုံးချရာတွင် အသုံးပြုနိုင်သော သင်္ချာပညာ အဆင့်အတန်းသာ ရောက်ခဲ့လေသည်။

သင်္ချာပညာသည် အီဂျစ်လူမျိုးတို့လက်မှ ဂရိလူမျိုးတို့၏ လက်သို့ ရောက်လာသောအခါ၌မူ ယင်းပညာသည် သိပ္ပံနည်းကျသော ပညာရပ် တစ်ရပ်ဖြစ်လာလေ၏။ ဂရိလူမျိုးတို့သည် သင်္ချာပညာကို စိတ်ပါဝင်စားစွာ လေ့လာလိုက်စားကြသည်။ သဘာဝကြီးအကြောင်းကို ဖြေရှင်းရာဝယ် သင်္ချာပညာသည် အဓိကပညာ ဖြစ်သည်ဟု မှတ်ယူကြ၏။ ဤကဲ့သို့သော အယူအဆ ရှိသူများအနက် ပိုက်သဂိုရီယန် ဂိုဏ်းသားတို့သည် စိတ်ဓာတ် အထက်သန်ဆုံး ဖြစ်ကြလေသည်။ သင်္ချာကို သိလျှင် စကြာဝဠာကြီးကို သိနိုင်သည်ဟု ပိုက်သဂိုရီယန် ဂိုဏ်းသားတို့ ဆိုကြလေသည်။ စကြာဝဠာကြီး၏ အစစ်အမှန်တရားသည် 'ဂဏန်း' များသာ ဖြစ်သည်။ ဂဏန်းများ (သင်္ချာပညာ) သိသူသည် စကြာဝဠာကြီး၏ အစစ်အမှန်တရားကို သိနိုင်သည်ဟု ဆို၏။

**မိုင်လီတပ်မြို့သားများ လက်ထက်က ရုပ်သဘော သက်သက်ဖြင့် အနက်ကောက်ခဲ့သော စကြာဝဠာကြီး၏ မူရင်းအကြောင်းတရားသည် ပိုက်သဂိုရီယန် ဂိုဏ်းသားတို့ လက်ထက်တွင် ရုပ်သဘောမှ ကင်းကွာလာသည်ကို တွေ့ရလေသည်။**

သာမန်အားဖြင့် ကြည့်လျှင် အရေအတွက်သဘောများသည် စကြာဝဠာကြီး၏ အစစ်အမှန် သဘောကို မည်ကဲ့သို့ ဆောင်နိုင်ကြမည်နည်းဟု ယုံမှားသံသယဖြစ်ဖွယ် ရှိကြမည် ဖြစ်သည်။ သို့သော် လေးနက်စွာ ဆင်ခြင်ကြည့်လျှင် အရေအတွက်များသည်ပင် စကြာဝဠာကြီး၏ အစစ်အမှန် သဘောကို ဆောင်ထားကြောင်း တွေ့နိုင်သည်။

ခေတ်သစ် သိပ္ပံပညာတွင် သဘောတရားပိုင်း၊ လက်တွေ့ပိုင်း ဟူ၍ နှစ်ပိုင်း ရှိသည်။ လက်တွေ့ပိုင်းကို သဘောတရားပိုင်းက ဦးဆောင်၍ သဘောတရားပိုင်းကို လက်တွေ့ပိုင်းက ပံ့ကိုင်ပေးနေ၏။ သဘောတရား သိပ္ပံပညာတွင် သင်္ချာပညာသည် မပါလျှင် မဖြစ်သော ဘာသာရပ် ဖြစ်လေသည်။ အချို့သော သိပ္ပံပညာရှင်များ အလိုအရမူ သင်္ချာပညာသည် သိပ္ပံပညာအားလုံး၏ ဘုရင်မပင် ဖြစ်သည်ဟု ဆိုလေသည်။

သို့သော် သင်္ချာပညာသည် သိပ္ပံပညာအတွက် မည်မျှပင် အရေးကြီးစေကာမူ

http://www.cherrythitsar.org


အရေအတွက် အကြောင်းကိုသာ ဖော်ပြနိုင်စွမ်း ရှိ၍ အရည်အချင်း ကွဲပြားခြားနားမှုကိုမူ ဖော်ပြဖြေရှင်းနိုင်ခြင်း မရှိရကား ပိုက်သဂိုရီယန် ဂိုဏ်းသားတို့၏ တွေးခေါ်မှုသည် စကြာဝဠာကြီးကို ဖြေရှင်းရာ၌ ပြီးပြည့်စုံပြီဟု ဆိုရန် မဖြစ်နိုင်ပေ။

*　　*　　*

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ဟေရာကလိုက်တစ်

http://www.cherrythitsar.org

# ထာ၀ရ အခြေခံ သဘောတရား
# (သခ်ီရ)

## ဟေရာကလိုက်တပ် (၅၃၅–၄၇၅ ဘီစီ)

ဘီစီ ၅၃၅–ခန့်က၊ ဂရိနိုင်ငံ 'အက်ဖီဆပ်' မည်သော မြို့၌ ဟေရာကလိုက်တပ် မည်သော ပညာရှင်ကို ဖွားမြင်ခဲ့လေသည်။ မှူးမတ်မျိုးနွယ်ဟုဆိုအပ်သော သူကောင်းမျိုးက ဆင်းသက်လာရသူပီပီ တစ်သက်လုံး သူကောင်းမျိုးတို့ ထုံးတမ်း အစဉ်အလာအတိုင်း နေထိုင်ခဲ့သည့်ပြင် ဒီမိုကရေစီဆိုသော စကားကို နားမှ လေသံမပျံ့လို အလွန်မုန်းတီးသူ ဖြစ်လေသည်။ သူကောင်းမျိုးတို့ အမူအကျင့် ရှိသူလည်း ဖြစ်သည်။ စိတ်ဓာတ်အားဖြင့် အလွန် ပြင်းထန်သည်။ သူတစ်ပါးကို မထောက်မညှာ ဝေဖန်တတ်သည်။ သို့သော် ကိုယ်တိုင်ကမူ အဝေဖန်မခံနိုင်။ တရားသေ စွဲယူတတ်ရုံသာမက သူတစ်ပါး အပြစ်အနာ ရှာတတ်သူဖြစ်သည်ဟု အဆိုရှိသည်။

ဟေရာကလိုက်တပ်သည် ရှေးက ပညာရှင်များကို ရှုံ့ချသမှုပြုပြီး မိမိကိုယ် မိမိ ဆရာမရှိဘဲ ပညာတတ်မြောက်လာသူဟု အထင်အမြင် ရှိခဲ့သည် ဟုလည်း ဆိုသည်။

မည်သို့ပင်ဆိုစေ ဟေရာကလိုက်တပ်၏ အရေးအသားများမှာ အလွန် ထက်မြက်မှု ရှိသည်။ ပင်ကိုယ် အတွေးအခေါ် အယူအဆများလည်း ရှိသူ ဖြစ် သည်။ သူ၏ အရေးအသားများအနက် ထင်ရှားသော စာတမ်းမှာ 'သဘာဝတရား'

http://www.cherrythitsar.org


ဆိုသည့် ကျမ်းဖြစ်၏။ ထိုကျမ်းတွင် ရုပ်လောက အကြောင်း၊ ကိုယ်ကျင့်တရားနှင့် နိုင်ငံရေး အကြောင်း အတွေးအမြင်များ ပါဝင်လေသည်။

အထက်ဖော်ပြပါ တွေးခေါ်ရှင်ကြီးများသည် စကြာဝဠာကြီး၏ အရင်း အမြစ်ကို စိတ်ပါဝင်စားကြ၏။ 'ဟေရာကလိုက်တပ်'ကမူ စကြာဝဠာကြီး၏ အရင်းအမြစ်ထက် စကြာဝဠာကြီး၏ အသွင်အပြင်သဘော(သဘာဝ)ကို ပိုမို စိတ်ပါဝင်စားလေသည်။ စကြာဝဠာကြီးအတွင်းရှိ အရာရာတို့သည် အစဉ်ရွေ့လျား ပြောင်းလဲ၍ နေသလော သို့မဟုတ် အစဉ်ထာဝရ မပြောင်းလဲဘဲ တည်ရှိ နေကြသလောဟူသော အချက်မှာ 'ဟေရာကလိုက်တပ်'၏ အဓိက အတွေးအခေါ် ဆိုင်ရာ ပြဿနာ ဖြစ်လေသည်။

သာမန်မျက်စိဖြင့် ကြည့်သော စကြာဝဠာကြီးအတွင်း၌ အချို့အရာတို့ သည် ရွေ့လျားပြောင်းလဲလျက်ရှိပြီး အချို့အရာတို့သည် ထာဝရ မပြောင်းလဲ သကဲ့သို့ ရှိလေသည်။ မြစ်ရေသည် အစဉ်ရွေ့လျား ပြောင်းလဲနေ၍ တောင်တို့ သည် ထာဝရ မပြောင်းလဲသော အသွင်ကို ဆောင်နေကြသည်။

'မိုင်လီတပ်မြို့'သားတို့ကမူ ပြောင်းလဲခြင်း သဘောနှင့် မပြောင်းလဲခြင်း သဘော နှစ်ခုစလုံးကိုပင် လက်ခံကြသည်။ 'သေးလိ'က စကြာဝဠာ အတွင်းရှိ အရာရာတို့သည် အစဉ်ဖြစ်ပေါ် ပြောင်းလဲလျက် ရှိသည်။ ရေသာလျှင် မပြောင်းလဲဘဲ ပြောင်းလဲနေသော အရာများ၏ နောက်ကွယ်ဝယ် ရှိသော အခြေခံအကြောင်း တရားအဖြစ် မြင်လေသည်။ အနက်ဇီမန်းဒါးအဖို့မူ မပြောင်းလဲသော ထာဝရ အခြေခံသဘောသည် 'လေ' ဖြစ်၏။ သို့သော် ဤအတွေးအခေါ်ရှင်များသည် ပြောင်းလဲသော သဘောကိုသော်လည်းကောင်း၊ မပြောင်းလဲသော သဘောကိုသော် လည်းကောင်း အစစ်အမှန်တရား၏ ဂုဏ်သတ္တိများ ဖြစ်သည်ဟု မှတ်ယူကြ လေသည်။ ထို့ကြောင့် အစစ်အမှန် တရားတစ်ခုသည် တစ်ချိန်တည်းမှာပင် ဆန့် ကျင်ဘက် ဂုဏ်နှစ်ရပ် ပေါင်းဆုံလျက် ရှိသည်ဟု မြင်ကြလေသည်။

'ဟေရာကလိုက်တပ်'ကမူ အစစ်အမှန်တရားတွင် ပြောင်းလဲသော သ ဘောနှင့် မပြောင်းလဲသော ဆန့်ကျင်ဘက်သဘောတို့သည် ယှဉ်ပြိုင်၍ မရှိနိုင်ဟု ယူဆလေသည်။ အစစ်အမှန်တရားသည် ပြောင်းလဲသော သဘောရှိက ၎င်းသည် မပြောင်းလဲသော သဘောမရှိနိုင်။ အကယ်၍ အစစ်အမှန်တရားသည် မပြောင်း လဲသော သဘောရှိက ပြောင်းလဲသော သဘောသည် မရှိနိုင်ဟု ဆိုလေသည်။ အချုပ်အားဖြင့်ဆိုရသော် အစစ်အမှန် တရား၌ ဆန့်ကျင်ဘက်ဖြစ်သော ဂုဏ်များ တပြိုင်နက် မရှိနိုင် ဟူ၍ ဆိုလိုသည်။

http://www.cherrythitsar.org


ပြောင်းလဲခြင်း (သင်္ခါရ) သဘောနှင့် မပြောင်းလဲခြင်း (ထာဝရ) သဘောတို့အနက် 'ဟေရာကလိုက်တပ်'ကမူ ပြောင်းလဲ ဖောက်ပြန်ပျက်စီးနေခြင်း (သင်္ခါရ) တရားသည်သာ အစစ်အမှန်တရားဖြစ်ကြောင်း ထုတ်ဖော် ဟောကြားခဲ့ပေသည်။

စကြာဝဠာကြီးအတွင်းရှိ အရာရာတို့သည် မီးသဘောရှိသည်ဟု 'ဟေရာကလိုက်တပ်'က မြင်လေသည်။ မီးသည် အစဉ်ပြောင်းလဲနေသော အရာဖြစ်၏။ ထိုနည်းတူစွာပင် အရာတို့သည်လည်း ပြောင်းလဲနေကြလေသည်။ 'ဟေရာကလိုက်တပ်' အမြင်အရ–

'လူတစ်ယောက်သည် မြစ်တစ်ခုအတွင်းသို့ နှစ်ကြိမ်မျှပင် မဆင်းနိုင်၊ အဘယ်ကြောင့်ဆိုသော် ရေတို့သည် အစဉ်စီးဆင်းနေကြသောကြောင့်တည်း' ဟူ၍လည်းကောင်း၊ 'လူသည် ညအခါ ထွန်းညှိအပ်သော ဆီမီးနှင့် တူလေသည်။ ထိုမီးသည် ညအခါ၌ ထွန်းညှိသော်လည်း ညအခါ၌ပင် ငြိမ်းခြင်း အဖြစ်သို့ ရောက်၏' ဟူ၍ လည်းကောင်း သဘာဝကြီး၏ အစဉ်မပြတ် ပြောင်းလဲနေပုံနှင့် လူတို့၏ အစဉ်မပြတ် ပြောင်းလဲနေပုံတို့ကို ဥပမာ ဥပမေယျ အဖုံဖုံတို့ဖြင့် 'ဟေရာကလိုက်တပ်'က ရှင်းပြခဲ့လေသည်။

စင်စစ် 'ဟေရာကလိုက်တပ်'အဖို့ စကြာဝဠာကြီးသည် အမြဲပြောင်းနေသော ဖြစ်စဉ်ကြီးမျှသာ ဖြစ်၏။ စကြာဝဠာကြီး အတွင်းရှိ အရာရာတိုင်းသည် အမြဲပင် ပြောင်းလဲနေ၏။ 'မြေကြီးသေသောအခါ မီး ဖြစ်လာသည်။ မီးသေသောအခါ လေ ဖြစ်လာသည်။ လေသေသောအခါ ရေ ဖြစ်လာသည်။ ရေသေသောအခါ မြေ ဖြစ်လာသည်' ဟူ၍ ဓာတ်ကြီးလေးပါး၏ ပြောင်းလဲခြင်း အစဉ်ကို 'ဟေရာကလိုက်တပ်'က ဖော်ပြခဲ့လေသည်။

## ဆန့်ကျင်ဘက် (ဝိရောဓိတရား) တို့၏ ပေါင်းစည်း ညီညွတ်မှုသဘော

စကြာဝဠာကြီးအတွင်းရှိ အရာရာတို့သည် ဆန့်ကျင်သော သဘောများကို အစဉ်ဆောင်လျက် ရှိ၏။ အရာရာတိုင်း၏ အဓိက ဆန့်ကျင်သော သဘောနှစ်ရပ်မှာ ဖြစ်လာခြင်းနှင့် ပျက်စီးသွားခြင်းတို့ပင် ဖြစ်လေသည်။ မည်သည့်အရာမျှ ဤသဘောနှစ်ခုနှင့် ကင်းလွတ်၍ သီးခြားစွာ မဖြစ်ပေါ်နိုင်ပေ။

စကြာဝဠာကြီးအတွင်းရှိ အရာရာတို့သည် ပြောင်းလဲနေကြသည်ဟု 'ဟေရာကလိုက်တပ်'က ဆိုသော်လည်း ၎င်းပြောင်းလဲခြင်းများ၌ ညီညွတ်မှု မရှိဟူ၍

http://www.cherrythitsar.org



ကား မဆိုလိုပေ။ အရာရာတိုင်းသည် ပြောင်းလဲနေသည် မှန်သော်လည်း ၎င်းတို့သည် ဆန့်ကျင်ဘက် တရားတို့၏ ညီညွတ်သော သဘောဖြင့်သာ ပြောင်းလဲနေကြသည်ဟု 'ဟေရာကလိုက်တပ်'ကို ဆိုလေသည်။

အရာရာတို့သည် အစဉ်ပြောင်းလဲနေကြသည် မှန်သော်လည်း မိမိတို့ ပြောင်းလဲချင်သလို ပြောင်းလဲနေကြသည် မဟုတ်ဘဲ ပြောင်းလဲခြင်း တရား၏ ကွပ်ကဲမှုကို ခံယူကာသာ ပြောင်းလဲနေကြသည်ဟု ဆိုလေသည်။ ဤပြောင်းလဲခြင်းတရားသည် ပြောင်းလဲမှုများကို ထိန်းချုပ်လျက် ပြောင်းလဲမှုအစဉ်၏ ညီညွတ်မှုကို ဖြစ်ပေါ်လာစေ၏။ ထို့ကြောင့် 'ဟေရာကလိုက်တပ်'အဖို့ 'မိုင်လီတပ်' မြို့သားများ ယူဆသကဲ့သို့ ညီညွတ်မှု ဆိုသည်မှာ ပြောင်းလဲခြင်း၏ နောက်ကွယ်ရှိ မပြောင်းလဲမှု မဟုတ်၊ ပြောင်းလဲမှုများကြားရှိ ကွပ်ကဲသည့် ပြောင်းလဲမှုတရားပင် ဖြစ်ပေသည်။

'ဟေရာကလိုက်တပ်' အမြင်တွင် ဤစကြာဝဠာကြီး အတွင်းဝယ် တစ်ခုတည်းသော သဘောသာလျှင် ပရမတ် သဘောဖြစ်သည်။ ၎င်းတစ်ခုတည်းသော ပရမတ်တရားမှာ ပြောင်းလဲခြင်းပင် ဖြစ်၏။ ဤအရာဝတ္ထုတို့သည် ပရမတ်သဘောကို မဆောင်၊ တစ်ခုနှင့်တစ်ခု ဆက်စပ် ဖြစ်ပေါ် ပြောင်းလဲ၍သာ နေကြရသော သမုတိသစ္စာများသာ ဖြစ်ကြသည်။

ဟေရာကလိုက်တပ် အလိုအားဖြင့် လောကကြီး တစ်ခုလုံးတွင် ရှိရှိသမျှ ဖြစ်ဖြစ်သမျှ အရာခပ်သိမ်းတို့၏ မူလအခြေခံတူညီချက်သည် အခြားမဟုတ်၊ အစဉ်သဖြင့် လှုပ်ရှား ပြောင်းလဲနေမှု ဖြစ်သည်။ ဖြစ်လာသမျှ၌ ပျက်စီးနေသမျှ တစ်ချိန်တည်းမှာ ဖြစ်ပေါ်နေကြသည်သာ အမှန်ဖြစ်တော့သည်။

လောကတွင် ပြောင်းလဲ ဖြစ်ပေါ်မှု မှန်သမျှသည် ဘယ်က ဘယ်သို့ ပြောင်းလဲ ဖြစ်ပေါ်နေကြသနည်းဟု မေးငြားအံ့၊ ဟေရာကလိုက်တပ်ကမူ အရာဝတ္ထုတစ်ခုသည် ပြောင်းလဲတိုင်း ပြောင်းလဲတိုင်း ထိုအရာဝတ္ထု၏ ဆန့်ကျင်ဘက် သဘောသို့သာ ပြောင်းလဲနိုင်သည်ဟု ယူဆသည်။ ထို့ကြောင့်လည်း မည်သည့် အရာဝတ္ထုမဆို ဆန့်ကျင်ဘက်များ၏ ပေါင်းဆုံနေသော အရာချည်းသာ ဖြစ်ပေတော့သည်။ ဝိရောဓိတရားတို့သည် ဒွန်တွဲလျက် လွန်ဆွဲနေကြလေသည်။

ဥပမာဆိုသော် အပူကပြောင်းလျှင် အေးရမည်။ အပူနှင့် အအေးသည် တစ်ခုနှင့် တစ်ခု ဆန့်ကျင်သော်လည်း တစ်ခုနှင့် တစ်ခု ခွဲခြားထား၍ မရ။ အရာဝတ္ထုတစ်ခုတည်းမှာပင် ပေါင်းဆုံနေကြရလေသည်။ အဖိုနှင့်အမ၊ အကောင်းနှင့် အဆိုး စသည်တို့သည် တစ်ခုမရှိဘဲ တစ်ခုမရှိနိုင်သော ဆန့်ကျင်ဘက် ဂုဏ်ရည်များ ဖြစ်ကြလေသည်။ သို့ရာတွင် ဟေရာကလိုက်တပ်အဖို့ မည်သည့် ဂုဏ်ရည်ပင်

http://www.cherrythitsar.org


ဖြစ်စေ၊ တည်မြဲသည် မရှိ၊ အစဉ်ပြောင်းလဲ နေသည်ဟုသာ မြင်သည်။ ထို့ကြောင့် ပြောင်းလဲမှု၏ ယေဘုယျ ပြောင်းထုံးမှာ အရာဝတ္ထုတိုင်းသည် အခြေအနေတစ်ရပ်မှ ၎င်းနှင့် ဆန့်ကျင်သော အခြေအနေတစ်ရပ်သို့ ပြောင်းလဲသည်။ သို့သော် အရာခပ်သိမ်း၌ ဆန့်ကျင်ဘက် တရားများ ပေါင်းစည်း ညီညွတ်၍ နေတတ်ကြသည်။ ဤကား ဟေရာကလိုက်တပ် အမြင်ဖြစ်သည်။

ဟေရာကလိုက်တပ်သည် တိုးတက်သော တွေးခေါ်ရှင်တစ်ဦး ဖြစ်၏။ ခေတ်သစ် သိပ္ပံပညာရှင်များကလည်း ဟေရာကလိုက်တပ်ကဲ့သို့ပင် စကြာဝဠာကြီး အတွင်းရှိ အရာရာတို့သည် အစဉ် ပြောင်းလဲနေကြသည်ဟု ဆို၏။

အရာရာတို့တွင် ဆန့်ကျင်သော သဘောတို့သည် ဒွန်တွဲလျက် ရှိကြလေသည်ဟု ဆိုခြင်းမှာ ခေတ်သစ်တွင် ဒွန္ဒဝါဒဟု ခေါ်သော ဒိုင်ယာလက်တစ် သဘောတရား၏ ရှေ့ပြေး အယူအဆပင် ဖြစ်၏။ ခေတ်သစ် ဒွန္ဒဝါဒအရ အရာရာတို့တွင် ဆန့်ကျင်သောသဘော၊ ညီညွတ်သော သဘောများသည် ရှိသည်ဟု ဆို၏။ ထို့ကြောင့် အရာရာတို့သည် ပြောင်းလဲနေသည် ဟူ၍လည်း ဆို၏။

ခေတ်သစ် တိုးတက်သော တွေးခေါ်ရှင်များ၏ အလိုအရ အရာရာတို့သည် ဆက်စပ်နေကြပြီး ပြောင်းလဲသောသဘောကို ဆောင်နေကြ၏။ မည်သည့်အရာ မည်သည့်အပြုအမူမျှ တစ်ကိုယ်တော် တစ်သီးပုဂ္ဂလ သီးခြားစွာ ရပ်တည်နိုင်ခြင်း၊ သီးခြားစွာ ဖြစ်ပေါ်လာခြင်း မရှိနိုင်ဟု ဆို၏။ ဟေရာကလိုက်တပ်ကလည်း ဤသို့ပင် ဆိုလေသည်။

*　　*　　*

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ပါမင်နဒီ

# ထာဝရ အခြေခံ သဘောတရား
# (ထာဝရ)

## အီလယမြို့သား တွေးခေါ်ရှင်များ

ဟေရာကလိုက်တပ်က လောကကြီး တစ်ခုလုံးသည် အစဉ်လှုပ်ရှား ပြောင်းလဲဖြစ်ပျက်နေသည်ဟု ရှုမြင်နားလည် ယုံကြည်ခဲ့သော်လည်း အီလယမြို့သား တွေးခေါ်ရှင်များကမူ လှုပ်ရှားပြောင်းလဲမှုဆိုသည်မှာ စဉ်းစား၍ပင် မရစကောင်းသော အရာသာဖြစ်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် အရာခပ်သိမ်းတို့၏ မူလ အခြေခံတရားသည် တည်မြဲခြင်း (ထာဝရ) သဘောသာ ဖြစ်သည်။ တစ်နည်းဆိုသော် မဖောက်ပြန်၊ မပြောင်းလဲခြင်း တည်မြဲခြင်း သဘောသာလျှင် အစစ်အမှန်သဘော ဖြစ်သည်ဟု ဆိုလိုသည်။

ဤဂိုဏ်းသားများမှာ အီတလီပြည် တောင်ပိုင်း အီလယမြို့ကလေးမှ ဖြစ်၍ ဤဂိုဏ်း၏ ခေါင်းဆောင်မှာ 'ပါမင်နဒီ' ဖြစ်သည်။ အမှန်မှာ ဤဂိုဏ်းကို စတင်ခဲ့သူသည် 'ဆီနိုဖိန်း' ဆိုသူ ဖြစ်သည်။ သို့ရာတွင် ပါမင်နဒီလက်ထက်သို့ ရောက်မှသာ ဤဂိုဏ်းမှာ ထင်ရှားလာသည်။ ပါမင်နဒီ၏ အယူအဆကို ဆက်ခံသူမှာ 'ဇီနို' ဖြစ်သည်။

http://www.cherrythitsar.org


## ပါမင်နဒီ၏ အရှိတရားအမြင်

'ပါမင်နဒီ' နှင့် 'ဟေရာကလိုက်တပ်' တို့သည် တစ်ဦးနှင့် တစ်ဦး ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြသော တွေးခေါ်ရှင်များ ဖြစ်ကြ၏။ 'ဟေရာကလိုက်တပ်' အလိုအားဖြင့် ပြောင်းလဲခြင်းသည် အစစ်အမှန်တရား ဖြစ်၍ မပြောင်းလဲခြင်းသည် အသွင်သဘောမျှသာ ဖြစ်လေသည်။ 'ပါမင်နဒီ' အဖို့မူ မပြောင်းလဲခြင်း သဘောသာလျှင် အစစ်အမှန် ဖြစ်၍ ပြောင်းလဲခြင်းမှာ အသွင်သဘောမျှသာ ဖြစ်လေသည်။

အာရုံသိဖြင့် သိနေရသော ပြောင်းလဲမှုများသည် စင်စစ် အသွင်သဏ္ဌာန်များသာ ဖြစ်သည်ဟု 'ပါမင်နဒီ'က ဆို၏။ ယုတ္တိဗေဒနည်းကျကျ ဆင်ခြင်ကြည့်သောအခါ ပြောင်းလဲခြင်းဆိုသည်မှာ မရှိ၊ မပြောင်းလဲခြင်း သဘောကိုသာ တွေ့ရမည် ဖြစ်၏။ အမှန်တရားကို သိရှိရန် တွေးခေါ်ရှင်သည် အာရုံသိကို မကိုးစားထိုက်၊ ယုတ္တိဗေဒနည်းကျ စဉ်းစားဆင်ခြင်ခြင်းကိုသာ အားထားထိုက်သည်ဟု 'ပါမင်နဒီ'က ယူဆ၏။

အရာတစ်ခုသည် အကယ်ရှိငြားအံ့၊ ၎င်းအရာအကြောင်းကို ဆင်ခြင်နိုင်ရမည်။ **အကယ်၍ အရာဝတ္ထုတစ်ခုအကြောင်းကို မဆင်ခြင်နိုင်လျှင် ထိုအရာသည် စင်စစ် မရှိသောကြောင့်သာ ဖြစ်သည်** ဟူသောအဆိုမှာ 'ပါမင်နဒီ'၏ အခြေခံအဆို ဖြစ်၏။ သူ၏ အတွေးအမြင်များမှာ အထက်ပါ ဆင်ခြေကို မူတည်၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ထိုအဆိုကို အခြေခံထားပြီးနောက် ပြောင်းလဲခြင်း ဟူသော သဘောကို စဉ်းစားကြည့်လျှင် ၎င်းသဘောသည် တကယ်မရှိကြောင်းကို တွေ့နိုင်ပေသည်။

ပြောင်းလဲခြင်း ဆိုသည်မှာ အဘယ်နည်း။ **'ပြောင်းလဲခြင်း'** ဆိုသည်မှာ ဖြစ်ခြင်းနှင့် ပျက်ခြင်းပင် ဖြစ်သည်ဟု 'ဟေရာကလိုက်တပ်'က ဆိုခဲ့သည်။ သို့ဆိုလျှင် **'ဖြစ်ခြင်း'** ဆိုသည်မှာ အဘယ်နည်း။ **'ပျက်ခြင်း'** ဆိုသည်မှာ အဘယ်နည်း။ **'ဖြစ်ခြင်း'**ဆိုသည်မှာ မရှိခြင်း အဖြစ်မှ ရှိခြင်း အဖြစ်သို့ ကူးပြောင်း လာခြင်းပင် ဖြစ်၍ **'ပျက်ခြင်း'** ဆိုသည်မှာ ရှိခြင်းအဖြစ်မှ မရှိခြင်း အဖြစ်သို့ ကူးပြောင်းသွားခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့် ပြောင်းလဲခြင်း ရှိရန်အတွက် ရှိခြင်းအဖြစ်သည် လည်းကောင်း၊ မရှိခြင်းအဖြစ်သည် လည်းကောင်း အမှန်ပင် ရှိရပေတော့မည်။ ရှိခြင်းအဖြစ်–မရှိခြင်းအဖြစ်တို့သည် တကယ်ရှိပါမူ ၎င်းတို့ အကြောင်းကို ဆင်ခြင်၍ ရနိုင်ပေသည်။

http://www.cherrythitsar.org


အမှန်အားဖြင့် 'ရှိခြင်းအဖြစ်' ကိုမူကား ဆင်ခြင် စဉ်းစားကြည့်ပါက ရနိုင်၏။ အဘယ်ကြောင့်ဆိုသော် 'ရှိခြင်း' အဖြစ်သည် 'ရှိခြင်း'ကို ပြသသောကြောင့် ဖြစ်၏။ ထို့ကြောင့်လည်း 'အရှိတရား'သည် အကယ်ပင် ရှိ၏။ 'မရှိခြင်း အဖြစ် (ဝါ) မရှိတရား' ကိုမူ ဆင်ခြင်၍ မရနိုင်စကောင်းပေ။ အဘယ်ကြောင့်ဆိုသော် မရှိခြင်းကို မဆင်ခြင်နိုင်သောကြောင့် ဖြစ်သည်။ သို့သော် ပြောင်းလဲခြင်းတစ်ခု ဖြစ်ရန်အတွက် 'ရှိခြင်းသဘောရော–မရှိခြင်း သဘောပါ' နှစ်ရပ်စလုံးပင် လိုသည်။

အကယ်၍ ရှိခြင်းသဘော တစ်ခုတည်းသာ ရှိငြားအံ့၊ ပြောင်းလဲခြင်းသည် ရှိခြင်းမှ ရှိခြင်းသို့သာ ကူးသွားခြင်းသာ ဖြစ်ပေလိမ့်မည်။ သို့သော် ရှိခြင်းမှ ရှိခြင်းသို့ ကူးခြင်းကို ပြောင်းလဲခြင်းဟူ၍ မခေါ်နိုင်ပေ။ ရှိခြင်းမှ ရှိခြင်းသို့ ကူးပြောင်းခြင်းသည် ရှိခြင်းကိုသာ ဖြစ်စေသည်ဖြစ်၍ ပြောင်းလဲခြင်း မမည်ပေ။ သို့ဖြစ်၍ ပြောင်းလဲခြင်းဟူသည် မရှိ၊ ရှိခြင်းမှ ရှိခြင်းသို့ ကူးခြင်းသည် ရှိခြင်းကိုသာ ပြသောကြောင့် **'မပြောင်းလဲခြင်း'**သာ ဖြစ်၏။

တစ်နည်းအားဖြင့် ပြောင်လဲခြင်းသဘောမှာ 'အာရုံသိ'တွင် ဖြစ်ပေါ်သော အသွင်သဘောသာဖြစ်၍ မပြောင်းလဲခြင်း သဘောသည်သာ အကယ် စင်စစ် 'ဆင်ခြင်'ဉာဏ်အားဖြင့် သိအပ်သော **'အစစ်အမှန်တရား'** ဖြစ်လေသည်။ တစ်နည်းအားဖြင့် ဉာဏ်သိနှင့် ဆင်ခြင်ကြည့်သော် အရှိတရားကသာ အရှိတရား ဖြစ်ပေါ်လာနိုင်ပြီး၊ မရှိ(ခြင်း) အခြေမှ ရှိခြင်း ဖြစ်မလာနိုင်ကြောင်းမှာလည်း ထင်ရှားလှပေတော့သည်။ သို့ဖြစ်ပေရကား မည်သည့်အရာမျိုးမဆို အမြဲ ထိုသဘောမျိုး ရှိခဲ့ပြီး ထိုသဘောမျိုး၌ပင် ဆက်လက် ရှိနေဦးမည်သာ ဖြစ်လေသည်။ ထို့ကြောင့် လောက၏ ထာဝရအခြေခံတရားသည် မပြောင်းလဲခြင်း၊ မြဲခြင်း သဘောသာ ဖြစ်သည်။ ထိုမြဲသော ထာဝရသဘောမှာလည်း **'အရှိတရား'** (Being) သာ ဖြစ်သည် ဟူ၍ ပါမင်နဒိက ယုံကြည်လေသည်။ ပါမင်နဒီ၏ အမြင်အရ အရှိတရားသည်သာလျှင် ထာဝရအမှန်တရား ဖြစ်သည်ဟု ယူဆလေသည်။

ထို့ပြင် ပါမင်နဒိက အရှိတရားနှင့် အသိတရား (Thought) သည် အတူတူပင် ဖြစ်ကြောင်း၊ ရှိလျှင် သိနိုင်ကြောင်း၊ မရှိလျှင် မသိနိုင်ကြောင်း၊ ရှိပြီဆိုမှဖြင့် သိနိုင်ပြီး သိနိုင်သမျှလည်း ရှိသောကြောင့်သာ ဖြစ်ကြောင်း ဟောကြားခဲ့လေသည်။ လောကတွင် ဆင်ခြင်၍ သိနိုင်သမျှသည် အရှိတရားချည်းသာ ဖြစ်ကြသည်ဟုလည်း ဆိုသည်။

ဤနေရာ၌ ပါမင်နဒိအား ဆင်ခြင်ခြင်း အဓိကဝါဒီ ဟူ၍ ခေါ်ဆိုလိုက ခေါ်ဆိုနိုင်ပေသည်။

http://www.cherrythitsar.org


ပါမင်နဒီ၏ သွန်သင်ချက်များ၌ ယုတ္တိဗေဒနည်းကျ တွေးခေါ်ဆင်ခြင်မှုအားဖြင့် ဤကမ္ဘာလောကကြီး၏ မပြောင်းလဲ မဖောက်ပြန်သော ညီညွတ်မှုသဘောကို ထင်မြင်နိုင်ကြောင်း အာရုံ(အတွေ့အကြုံ)များအားဖြင့် လောကတစ်ခုလုံးကို ခြုံလွှမ်း၍ မမြင်နိုင်ဘဲ အပေါ်ရံ အသွင်သဘောဖြစ်သော သီးခြားပစ္စည်းများ၏ လှုပ်ရှား ပြောင်းလဲနေပုံကိုသာ မြင်နိုင်ကြောင်း ဟောကြားခဲ့လေသည်။ အမှန်တရား (ဝါ) ကောကထာဝရ အခြေခံတရားကိုမူ ယုတ္တိဗေဒ ဆင်ခြင်နည်းအရသာ သိနိုင်သည်ဟု ပါမင်နဒီ မြင်လေသည်။

ပါမင်နဒီနှင့် ပတ်သက်၍ နှစ်ဆယ်ရာစု အနောက်တိုင်း တွေးခေါ်ရှင် ဘာထရန်ရပ်ဆယ်ကမူ သူ၏ အနောက်တိုင်း အတွေးအမြင်သမိုင်းတွင် အောက်ပါ အတိုင်း ဝေဖန်ထားလေသည်။

ပါမင်နဒီဆိုသူသည် သူ၏ အတွေးအမြင်များ၌ အမှန်တရားကို ဝေါဟာရ များဖြင့် ဆင်ခြေတက်၍ ရှာဖွေသည် ဖြစ်သောကြောင့် နောက်ဆုံးတွင် ဝေါဟာရ ဒေါသ (အမှား) သင့်ကာ စကားလုံးသံသရာ၌ လည်သွားရကြောင်း ဘာသာစကား (ဝေါဟာရ)ကိုသည့ အဓိက ထား၍ လောက၏ ဖြစ်ရပ်မှန်ကို ဆင်ခြင်ရာ၌ မှားယွင်း သွားပုံများအနက် ပါမင်နဒီသည် ပထမဆုံးသော သာဓကဖြစ်ကြောင်း ဝေဖန် ရေးသားခဲ့လေသည်။

ပါမင်နဒီဆိုလိုသော ပြောင်းလဲခြင်းဆိုသည်မှာ မရှိသောအဖြစ်မှ ရှိသော အဖြစ်သို့ ကူးလာခြင်းဖြစ်သည်ဟု ဆိုသော အချက်သည်ကား မှန်၏။ သို့သော် ဤစကားရပ်နှင့် ပတ်သက်၍ 'ပါမင်နဒီ'က အဓိပ္ပာယ်ကောက်သောအခါ မှားယွင်း စွာ အဓိပ္ပာယ် ကောက်ယူလေသည်။ မရှိသောအဖြစ်မှ ရှိသောအဖြစ်သို့ ကူးလာ သည် ဆိုရာ၌ လုံးဝမရှိ (နတ္ထိ) အဖြစ်မှ ရှိသော (အတ္ထိ) အဖြစ်သို့ ကူးသည်ကို ဆိုလိုသည် မဟုတ်ပေ။

ဥပမာ သစ်တုံးသည် စားပွဲကုလားထိုင်သို့ ပြောင်းလဲသွားရာ၌ လုံးဝမရှိသော အဖြစ်မှ ရှိသောအဖြစ်သို့ ပြောင်းသည် မဟုတ်၊ စားပွဲကုလားထိုင်ဟူ၍ အစက မရှိခဲ့သော်လည်း သစ်တုံးကား ရှိခဲ့၏။ ထိုရှိသော သစ်တုံးမှ အစက မရှိခဲ့သော စားပွဲကုလားထိုင်များ ရှိလာခြင်းသာ ဖြစ်ပေသည်။

အခြားဥပမာတစ်ခု ပြရသော် ငယ်ရွယ်သော လူအဖြစ် အိုမင်းသော လူ အဖြစ် ပြောင်းလာသည်ဆိုရာ၌ အိုမင်းခြင်း မရှိသော အဖြစ်မှ အိုမင်ခြင်း ရှိသော အဖြစ်သို့ ကူးလာခြင်းကိုသာ ဆိုလိုလျက် လုံးဝမရှိခြင်းမှ ရှိခြင်းသို့ ကူးလာသည် ဟူ၍ အဓိပ္ပာယ်ကောက်ယူလျှင် လွဲမှားမည် ဖြစ်၏။

http://www.cherrythitsar.org


ထို့ကြောင့် ပြောင်းလဲခြင်း သဘောသည် မရှိ၊ မပြောင်းလဲခြင်း သဘောသာလျှင် ရှိနိုင်သည်ဟု ဆိုသော 'ပါမင်နဒီ' ၏ ဆင်ခြင်ပုံမှာ လွဲမှားသော နိဒါန်းကို ယူလျက် လွဲမှားသော နိဂုံးကိုဆွဲသော ယုတ္တိကင်းသည့် ဆင်ခြင်ခြင်းမျိုး ဖြစ်၏။

## ဇီနို၏ ဒိုင်ယာလက်တစ်


ဇီနို (၄၉၀–၄၃၀ဘီစီ) သည်လည်း အီလယမြို့သား တစ်ဦးပင် ဖြစ်၍ ထင်ရှားသော နိုင်ငံရေးသမား တစ်ဦး ဖြစ်သည်။ ပါမင်နဒီ၏ တပည့်ရင်း ဖြစ်သည့်အားလျော်စွာ အီလယမြို့သား တွေးခေါ်ရှင်များ၏ အတွေးအမြင်များ မှန်ကန်ကြောင်းကို ၎င်းတို့နှင့် ဆန့်ကျင်ဘက် အယူအဆများအား ချေဖျက်ခြင်းဖြင့် သက်သေပြနိုင်ခဲ့သူလည်း ဖြစ်သည်။

သူက အကယ်၍ ကျွန်ုပ်တို့သည် 'များပြားသော သဘော' (Plurality) နှင့် 'လှုပ်ရှားပြောင်းလဲခြင်းသဘော' (Motion) ကို လက်ခံပါက မလွဲမသွေ အတွေးအခေါ်နယ်၌ ရှေ့နောက်မညီ ဖီလာ ဆန့်ကျင်မှုမျိုးနှင့် ရင်ဆိုင်ရမည် ဖြစ်ကြောင်း ပြသခဲ့လေသည်။ အဆိုပါ 'များပြားသော သဘော' နှင့် 'လှုပ်ရှားမှုသဘော' နှစ်ရပ်စလုံးသည် ပင်ကိုယ်အားဖြင့် လုံးဝဆန့်ကျင်ဘက် လက္ခဏာများကို ဆောင်ကျဉ်းနေသည့်အတွက် ထိုသဘောတရားမျိုးကို လက်မခံနိုင်ဟုလည်း ဆိုခဲ့၏။

ဇီနို၏ 'များပြားခြင်းသဘော'ကို ငြင်းပယ်ပုံမှာ အကယ်၍ အရှိတရား တစ်ခုလုံးကို ခွဲ၍ သုံးသပ်သောအခါ ၎င်းသည် များပြားသော အစိတ်အပိုင်းများ စုဝေးထားသော အရာဟု ယူဆပါလျှင် ၎င်း၏ အကြီးဆုံး အပိုင်းသည် အဆုံးမရှိ ကြီးနေပြီး သေးငယ်သော အပိုင်းမှာလည်း အဆုံးမရှိ ငယ်နေပေတော့မည်။ အဆုံးမရှိ ကြီးနေသည်မှာ ၎င်းအရာဝတ္ထုတွင် ကြီးသော အပိုင်းများ အဆုံးမရှိ ပါဝင်နေသောကြောင့် ဖြစ်၏။ အလားတူပင် အဆုံးမရှိ ငယ်နေခြင်းမှာလည်း ၎င်းအရာဝတ္ထုတွင် ငယ်သော အပိုင်းများ အဆုံးမရှိ ပါဝင်နေသောကြောင့်သာ ဖြစ်လေသည်။

တစ်နည်းဆိုသော် ကြီးသောအပိုင်းများကို အဆုံးမရှိ ပေါင်းစပ် ထည့်သွင်းနိုင်ပြီး ငယ်သော အပိုင်းများကိုလည်း အဆုံးမရှိ ထည့်သွင်းနိုင်ရကား အရာဝတ္ထုတစ်ခုသည် တစ်ချိန်တည်းမှာပင် အဆုံးမရှိ ကြီးနိုင်၊ အဆုံးမရှိ ငယ်နိုင်သော သဘောကို ဆောင်နေပေတော့မည်။ ဤကား မဖြစ်နိုင်သော အရာသာ ဖြစ်ကြောင်း

http://www.cherrythitsar.org



[illegible]

ဇီနို

http://www.cherrythitsar.org


ဇီနိုက ရှင်းပြခဲ့လေသည်။ ထို့ကြောင့် များပြားခြင်း သဘောကို လက်မခံနိုင်တော့ပေ။

အလားတူပင် လှုပ်ရှားမှုသဘောသည်လည်း မဖြစ်နိုင်။ အဘယ်ကြောင့် ဆိုသော် လှုပ်ရှားမှုမှန်သမျှသည် အာကာသထဲတွင်သာ ဖြစ်နိုင်သည်။ အရာဝတ္ထု တစ်ခုသည် အာကာသထဲတွင် နေရာယူ၍ ရှိနေသည်ဟု ဆိုပါက ထိုအာကာသ မှာလည်း အရာဝတ္ထုတစ်ခုသာ ဖြစ်သည့်အတွက် ၎င်းလည်း အခြား အာကာသ တစ်ခုတွင် နေရာယူရမည်။ သို့စဉ်းစားပါက အဆုံးမရှိသော အခြေသို့သာ ဆိုက်ရောက် လာပြန်တော့မည်။

တစ်ဖန် အရာဝတ္ထုတစ်ခုသည် အာကာသတစ်ခုထဲတွင် လှုပ်ရှားသည် ဆိုအံ့၊ ထိုအရာသည် ထိုအာကာသ၏ တစ်ဝက်ကို ဦးစွာ ကျော်ဖြတ်ရမည်။ ထိုသို့ ကျော်ဖြတ်ရာ၌ ထိုအရာသည် ထိုအာကာသတစ်ဝက်၏ တစ်ဝက်ကိုပါ ဖြတ်ကျော် မည်။ သို့စဉ်းစားပါက နောက်ဆုံးတွင် ထိုအရာသည် မိမိနေရာတွင်ပင် အမြဲ ရပ်တည်နေကြောင်း စဉ်းစား၍ ရနိုင်သည်။ ထို့ကြောင့် လှုပ်ရှားမှုဆိုသည် မဖြစ် နိုင်ဟု ဇီနိုက ဆိုခြင်းဖြစ်သည်။

*  *  *

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
အင်ပီဒေါ့ကလီ

# အရည်အချင်းပြ သဘော တရားများ

## သင်္ခါရတရားဆိုင်ရာ ပြဿနာ၏ အဖြေ

ရှေးက သဘာဝတ္တ တွေးခေါ်ရှင်များက မည်သည့်အရာဝတ္ထုမှ ဖြစ်လာခြင်း၊ ပျောက်ကွယ်သွားခြင်း မရှိဟု စွဲယူခဲ့ကြဖူးလေသည်။ ထိုပုဂ္ဂိုလ်တို့၏ အလိုအား ဖြင့် အကြွင်းမဲ့ ဖန်တီးဖြစ်ပေါ်လာခြင်းသည် လည်းကောင်း၊ အကြွင်းမဲ့ ပျက်စီး ပျောက်ကွယ်သွားခြင်းသည် လည်းကောင်း၊ မဖြစ်နိုင်ဟာ ယူဆကြသည်။ အီလယ မြို့သား တွေးခေါ်ရှင်များ လက်ထက်တွင် ဤသဘောသည် ပို၍ နက်ရှိုင်းလာသည်။ ထိုပုဂ္ဂိုလ်တို့အနေနှင့် မည်သို့အရာမျှ ဖြစ်ခြင်း၊ ပျက်ခြင်း မရှိ၊ မည်သည့် ပစ္စည်း မျှ ပြောင်းလဲခြင်းလည်း မရှိ၊ တစ်နည်းဆိုသော် မည်သည့်ဂုဏ်အရည်အချင်းမျှ အခြားသော ဂုဏ်အရည်အချင်း တစ်ရပ်သို့ ပြောင်းလဲနိုင်ခြင်း မရှိဟု ယူဆကြပြန် သည်။

ထို့ကြောင့် ၎င်းတို့လက်ထက်တွင် ဂုဏ်အရည်အချင်းနှင့် ပတ်သက်သော ပြဿနာ ပေါ်လာသည်။ သူတို့သည် အမှန်တရား မှန်သမျှ ထာဝရ ဖြစ်သည်၊ မြဲသည်၊ ပြောင်းလဲခြင်း မရှိဟု ယူဆသူများ ဖြစ်ကြသည်။

ထိုအချိန်ကစ၍ ပြောင်းလဲခြင်းနှင့် မပြောင်းလဲခြင်း စသော သဘောနှစ်ရပ် ဆိုင်ရာ ပြဿနာမှာ ထင်ရှားလာကာ ဟေရာကလိုက်တပ်နှင့် ပါမင်နဒီတို့အား ဆက်ခံသူများသည် ထိုပြဿနာ၏ အဖြေကို ရှာကြရတော့သည်။ ထိုပြဿနာကို

http://www.cherrythitsar.org


အဖြေပေးကြရာ၌ အများအားဖြင့် ထိုပုဂ္ဂိုလ်များသည် အကြွင်းမဲ့ ပြောင်းလဲခြင်း သဘောသည် မဖြစ်နိုင်ကြောင်း လက်ခံခဲ့ကြလေသည်။ ဤနေရာ၌ အီလယမြို့သား တွေးခေါ်ရှင်များ၏ အတွေးအမြင်များမှာ မှန်သည်ဟု ဆိုရပေမည်။ အဘယ်ကြောင့် ဆိုသော် အရာဝတ္ထု တစ်ခုသည် လုံးလုံးလျားလျား မရှိသော (နတ္ထိ) အခြေမှ ရှိခြင်း (အတ္ထိ) ဖြစ်မလာနိုင်ချေ။ အလားတူပင် ရှိခြင်းမှ လုံးလုံးမရှိခြင်း သဘော သို့လည်း ရောက်မသွားနိုင်ပေ။ ထို့ကြောင့် ပြောင်းလဲခြင်းကို ပရမတ်သဘော မဟုတ်မူဘဲ၊ ဥပါဒ်ဋ္ဌီဘင်ဟု ဆိုအပ်သော ဖြစ်တည်ပျက်အစဉ်ဟု ယူဆဖွယ်သာ ရှိသည်။

ထိုကဲ့သို့ပင် အခြားတရားတစ်ခုသည်လည်း ထာဝရသဘောရှိနိုင်သည်။ ထိုတည်မြဲသော (မပြောင်းလဲ မဖောက်ပြန်သော) ရုပ်ဓာတ်ကလေးများ စုပေါင်းကာ ရုပ်ခန္ဓာ၊ ရုပ်ဝတ္ထုများလည်း ဖြစ်လာနိုင်ပေသည်။ တစ်နည်းဆိုသော် မူလဘူတ အမြစ်အရင်း ဖြစ်သော စစ်မှန်သော အရာတို့သည် ဖန်တီးယူ၍သော်လည်းကောင်း၊ ခွဲချေဖျက်ဆီး၍သော်လည်းကောင်း ရစကောင်းသော အရာများ မဟုတ်ကြချေ။ ၎င်းတို့ကို မပြောင်းလဲနိုင်၊ သို့သော် ၎င်းတို့ အချင်းချင်း ဆက်စပ်ပေါင်းစည်း တည်နေပုံကိုကား ပြောင်းလဲနိုင်သည်။ တစ်နည်းဆိုသော် ဓာတ်စင် တစ်ခုအား လုံးဝချေဖျက် ပြောင်းလဲပစ်၍ မရ။ သို့သော် ၎င်းတို့၏ အဆက်အစပ် အနေအထား ကိုကား ဖျက်ပစ်၍ လည်းကောင်း၊ ပြောင်းလဲ၍ လည်းကောင်း ရနိုင်ပေသည်။

ဟေရာကလိုက်တပ်နှင့် ပါမင်နဒိတို့ စတင်ခဲ့သော ပြဿနာကို 'အင်ပီ ဒေါ့ကလိ'၊ 'အနက်ဆိုဂိုရပ်' နှင့် 'အနုမြူဝါဒီ' တို့က အဖြေရှာပေးခဲ့ကြသည်။ သို့ရာတွင် (၁) ကမ္ဘာကြီးသည် မည်သည့် အခြေခံ ရုပ်ဓာတ်က စတင်ပေါ်ပေါက် ဖြစ်ထွန်းလာပါသနည်း။

(၂) ထို ရုပ်ဓာတ်ကလေးများကို ပေါင်းစည်းအောင်သော် လည်းကောင်း၊ ကွဲပြားအောင်သော် လည်းကောင်း မည်သည့် အကြောင်းတရားက ဖန်တီးသနည်း ဆိုသော မေးခွန်းပုစ္ဆာများကို အဖြေပေးကြရာ၌ အထက်ပါ ပုဂ္ဂိုလ် အချင်းချင်းလည်း ကွဲပြား ခြားနားမှု ရှိကြပေသည်။

## အင်ပီဒေါ့ကလိ

အင်ပီဒေါ့ကလိ ဘီစီ–၄၉၅ ခန့်က စီစလီပြည် တောင်ပိုင်းရှိ အဂရီဂျင်တန် မြို့ကလေးတွင် ကြွယ်ဝသောမျိုးရိုးမှ အင်ပီဒေါ့ကလိအား ဖွားမြင်ခဲ့လေသည်။

http://www.cherrythitsar.org


ကဗျာလင်္ကာနှင့် အတွေးအခေါ်၌ အထုံပါသည့်ပြင် နိုင်ငံရေးအလုပ်ကိုလည်း စိတ်ဝင်စားသူ ဖြစ်သည်။

အင်ပီဒိုကလိ၏ အတွေးအမြင်အရ လောကတွင် အကြွင်းမဲ့ သဘောနှင့် ဖြစ်လာလိုက် လုံးဝပျက်စီး ပျောက်ကွယ်သွားလိုက် ဖြစ်နေသော အရာ မရှိ။ စု စည်းလိုက် ကွဲကွာလိုက် ဖြစ်နေခြင်းမျိုးသာ ရှိသည်။ လောကထဲရှိ ခပ်သိမ်းသော အရာဝတ္ထုတို့၏ အရင်းအမြစ် (မူလဘူတ) ဓာတ်ကြီးလေးပါးရှိသည်။ ၎င်းတို့မှာ မြန်မာတို့ ယုံကြည်သော မဟာဘုတ်ဓာတ်ကြီးလေးပါး ဖြစ်၏။ မြေဓာတ်၊ လေ ဓာတ်၊ မီးဓာတ်၊ ရေဓာတ် ဟူ၍ ဖြစ်သည်။ ထိုဓာတ်သဘောတို့၏ ပင်ကိုယ်ဂုဏ် အရည်အချင်းတို့သည်ကား ပျက်စီးခြင်း၊ ပြောင်းလဲခြင်း၊ ပျောက်ကွယ်ခြင်း မရှိ အမြဲတည်နေကြပေသည်။

ရုပ်ဝတ္ထုတို့၏ အဖွဲ့အစည်း၊ ခန္ဓာကိုယ်၊ အဆောက်အအုံတို့သည် အဆိုပါ မဟာဘုတ် ဓာတ်လေးပါး ပေါင်းစပ်၍ ဖြစ်ပေါ်လာကြသည်။ တစ်ဖန် ထိုအရာဝတ္ထု တို့ ပျက်စီးသည် ဆိုခြင်းမှာ ဆိုခဲ့ပြီးသော ဓာတ်လေးပါး ကွဲပြားသွားခြင်းသာ ဖြစ်သည်ဟု အင်ပီဒိုကလိက ယုံကြည်လေသည်။

ဤနေရာ၌ ဖော်ပြပါ ဓာတ်လေးပါးကို စုပေါင်းစေရန် သို့မဟုတ် ကွဲပြား စေရန် ဖန်တီးသော အကြောင်းတရားမှာ အဘယ်အကြောင်းတရားနည်းဟု မေး နိုင်သည်။ အင်ပီဒိုကလိသည် အထက်ပါ မေးခွန်းကို ဖြေဆိုရာ၌ မေတ္တာတရားနှင့် မုန်းတီးမှုကြောင့် ဖြစ်သည်ဟု ဆိုထားပေရာ နားလည်ရခက်လှသည်။ သူ၏ အမြင်တွင် ဓာတ်လေးပါးကို မေတ္တာတရားနှင့် မုန်းတီးမှုဟူသော တရားနှစ်ပါးက လွှမ်းမိုးချုပ်ကိုင် ထားသည် ဟူ၏။

အမှန်မှာ မေတ္တာတရားဆိုသည်မှာ အာကမ္မန(ဆွဲဆောင်ခြင်း) ဓာတ်ဖြစ်ပြီး မုန်းတီးမှုမှာ တွန်းကန်ခြင်း ဓာတ်ပင် ဖြစ်သည်။ သူ့အလိုအရ အဆိုပါ ဓာတ် နှစ်ခုသည် အတူပေါင်းစည်း နေနိုင်သည်။ ဆွဲဆောင်ခြင်း ဓာတ်ကြောင့် ဓာတ် လေးပါး ပေါင်းစည်းပြီး တွန်းကန်ခြင်းကြောင့် ဓာတ်လေးပါး ကွဲပြားသွားနိုင်သည်ဟု ယူဆသည်။

စကြဝဠာကြီး ဖြစ်ပေါ်လာပုံကို ဖော်ပြရာ၌ အင်ပီဒိုကလိက လေဓာတ် သည် ကွဲပြားသွားပြီး ဦးစွာ ကောင်းကင် ဖြစ်လာသည်။ ထို့နောက် မီးဓာတ် ဖြစ် လာပြီး ကြယ်လ နက္ခတ်များကို ဖြစ်ပေါ်စေသည်။ ကမ္ဘာကြီး လည်ပတ်နေသည့် အတွက် မြေကို ဖြစ်ညှစ်လိုက်ရာ ရေများ ဖြစ်ပေါ်လာပြီးနောက် ပင်လယ်သမုဒ္ဒရာ ဖြစ်လာသည်ဟု ဆိုသည်။ တစ်ဖန် ကောင်းကင်မှ မီးဓာတ်ကြောင့် ရေခိုးရေငွေ့များ

http://www.cherrythitsar.org



ဖြစ်ကာ လောကပတ်ဝန်းကျင် ဖြစ်လာသည်။ သက်ရှိသတ္တဝါများသည် မြေပေါ်မှ စတင်ဖြစ်ပေါ်လာကြသည်။ ထိုသို့ ဖြစ်ပေါ်ရာ၌ သစ်ပင်ကစ၍ ဖြစ်ပေါ်ပြီး နောက်မှ သက်ရှိသတ္တဝါများ ဖြစ်ပေါ်လာသည်။

အင်ပီဒေါ့ကလိ၏ တွေးခေါ် မြော်မြင်ရေး သဘောတရားအရ ဆိုလျှင် လူသတ္တဝါ၌ ဓာတ်ကြီးလေးပါးစလုံး ပေါင်းဆုံနေသည်ဟု ရှုမြင်ခဲ့သည်။ ထို့ကြောင့် လည်း လူသည် အရာရာကို သိနိုင်ခြင်း ဖြစ်တော့သည်ဟု ယူဆလေသည်။

* * *

# အရေအတွက်ပြ သဘော
# တရားများ

## ဒီမိုကရိတပ်၏ အနုမြူဝါဒ

အင်ပီဒေ့ါကလီနှင့် အနက်ဆိုဂိုရပ်တို့သည် စကြာဝဠာနှင့် ပတ်သက်သော သိပ္ပံနည်းကျ အမြင်များ ပေါ်ပေါက်လာရန် လမ်းခင်းပေးခဲ့ကြသူများ ဖြစ်သည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်တို့၏ အတွေးအမြင်များ၌ ပြုပြင်ဖာထေးရမည့် အပိုင်းများ ရှိနေပေရာ ထိုချွတ်ယွင်းချက်များကို 'လူစိပတ်' နှင့် 'ဒီမိုကရိတပ်' စသော အနုမြူဝါဒီတို့ လက်ထက်တွင် ပြုပြင် ဖာထေးခဲ့လေသည်။

အနုမြူဝါဒီတို့သည် ရှေးက ယူဆခဲ့ကြသည့်အတိုင်း စစ်မှန်သော ဓာတ်သဘောသည် ပြောင်းလဲ ပျက်စီးခြင်း မရှိ ဟူသော အချက်ကို လက်ခံကြသည်။ သို့ရာတွင် အဆိုပါ ဓာတ်စင်များမှာ ပင်ကိုယ် ဂုဏ်သတ္တိတို့ဖြင့် ပြည့်စုံသော ရုပ်ဓာတ်များ ဖြစ်သည်ဟူ၍ကား မယုံကြည်ကြချေ။ ထို့ပြင် အင်ပီဒေ့ါကလီတို့ ယူဆထားခဲ့သော မေတ္တာဓာတ်နှင့် မုန်းတီးခြင်း ဓာတ်သဘောများကိုလည်း လက်မခံခဲ့ကြပေ။ ရှေးက ပုဂ္ဂိုလ်များက ဓာတ်လေးပါးကို အရာခပ်သိမ်း၏ အရင်းအမြစ်ဟု ယူဆကြသော်လည်း ဒီမိုကရိတပ်ကမူ ထိုဓာတ်လေးပါးပင် ပို၍ သေးငယ်ပြီး ပြောင်းလဲ ဖျက်ဆီး ထွင်းဖောက်၍ မရနိုင်သော ဓာတ်ကလေးများဖြင့် တည်ဆောက်ထားခြင်းသာ ဖြစ်သည်။ ထိုဓာတ်သည် အခြားမဟုတ် အနုမြူဓာတ်ပင် ဖြစ်သည်ဟု ဆိုခဲ့လေသည်။

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ဒီမိုကရိတပ်

http://www.cherrythitsar.org


အနုမြူတိုင်းတွင် ပင်ကိုယ်အားဖြင့် လှုပ်ရှားနိုင်သော သတ္တိရှိသည်ဟုလည်း ရှုမြင်နားလည်ခဲ့လေသည်။

အနုမြူများသည် ဂုဏ်အရည်အချင်းအားဖြင့် အားလုံး အတူတူ ဖြစ်၍ အရွယ်အစား အလေးချိန်စသည် အရေအတွက် သဘောတွင်သာ ခြားနားကြသည်။

## တက္ကိကဝါဒနှင့် စကြာဝဠာ၏ အစကို စူးစမ်းမှု

'ဒီမိုကရိတပ်' သည် စကြာဝဠာကြီး၏ အတွင်းရှိ အရာရာတို့ ဖြစ်ပေါ်ပုံကို အနုမြူ သီဝရီအားဖြင့် ရှင်းပြလေသည်။ စကြာဝဠာကြီးအတွင်းရှိ ရေမြေတောတောင် လူစသည်တို့ မဖြစ်ပေါ်လာမီ အနုမြူများသာ ရှိ၍ ၎င်းအနုမြူများသည် အာကာသအတွင်းဝယ် သူ့လမ်းကြောင်းနှင့် သူ ရွေ့ရှားသွားလာ နေကြသည်ဟု 'ဒီမိုကရိတပ်' က ဆိုလေသည်။ သို့သော် တစ်ချိန်တစ်ခါသို့ ရောက်သောအခါ အနုမြူအချို့သည် မိမိတို့ သွားရာလမ်းကြောင်းမှ လမ်းလွှဲပြီး ရွေ့ရှားလာကြသည်။ ဤကဲ့သို့ လမ်းလွှဲ၍ အနုမြူအချို့ ရွေ့ရှားခြင်းကြောင့် အခြား အနုမြူများနှင့် တိုက်မိသည်တွင် အနုမြူအစုများ ဖြစ်လာကြ၏။ ထိုကဲ့သို့ 'အနုမြူအစု' (Atom Complex) များ ဖြစ်လာခြင်းသည် စကြာဝဠာကြီးအတွင်းရှိ ရေမြေ တောတောင် လူ စသည်တို့၏ အစပင် ဖြစ်လေသည်။

ထို့ကြောင့် စကြာဝဠာကြီးအတွင်းရှိ အရာရာတို့သည် အနုမြူများ ပေါင်းစပ်ခြင်းမှ ဖြစ်ပေါ်လာသော အရာများ ဖြစ်ကြ၏။ သို့သော် 'အနုမြူ' ဆိုသည်မှာ အဘယ်နည်း။

အနုမြူဆိုသည်မှာ အသေးငယ်ဆုံးသော ရုပ်ဝတ္ထုတစ်ခုဖြစ်၍ ၎င်းကို ခွဲစိတ်၍ မရပေ။ သို့သော် အနုမြူများဖြင့် ပေါင်းစပ် ဆောက်တည်ထားသော အရာများကိုသာ ခွဲစိတ်နိုင်၏။ ဤကဲ့သို့ ခွဲစိတ်နိုင်ခြင်းမှာ အနုမြူများဖြင့် ပေါင်းစပ်ထားသော အရာဝတ္ထုများအကြားဝယ် 'အာကာသ' (Space) များ ရှိခြင်းကြောင့် ဖြစ်သည်ဟု အနုမြူဝါဒီများက ဆို၏။ အနုမြူများကို ခွဲစိတ်ခြင်းငှာ မစွမ်းသည်မှာ အနုမြူတစ်ခုခု အတွင်းဝယ် အာကာသ (နေရာလပ်) မရှိသောကြောင့် ဖြစ်လေသည်။ အနုမြူများသည် ကျစ်လစ် သိပ်သည်းသော ရုပ်ဝတ္ထုများ ဖြစ်ကြသည်ဟု ယုံကြည်လက်ခံကြလေသည်။

အနုမြူဝါဒီများက အနုမြူများသည် တစ်ခုနှင့် တစ်ခု အမျိုးအစားအားဖြင့် ကွဲပြားခြားနားခြင်း မရှိဟု ယုံကြည်သည်။ အနုမြူအားလုံး ဂုဏ်အရည်အချင်းချင်း

http://www.cherrythitsar.org


အမျိုးအစားချင်း အတူတူ ဖြစ်ကြ၏။ အနုမြူများသည် အကြီးအသေး၊ ပုံသဏ္ဌာန် အလေးချိန်နှင့် အာကာသအတွင်း ယူထားသော နေရာများ၌သာ တစ်ခုနှင့် တစ်ခု မတူဘဲ ကွဲပြားခြားနားမှု ရှိကြလေသည်။

မြေကြီးကို ဖြစ်စေသော အနုမြူများသည် ကြီး၍ ကြမ်းကာ မီးကို ဖြစ်စေသော အနုမြူများမှာ သေးငယ်၍ ချောမွတ်ကြလေသည်။ အနုမြူဝါဒီများက စိတ်ကိုလည်း အနုမြူအစုက ဖြစ်လာသည်ဟု ယူဆသည့်ပြင် အနူးညံ့၊ အသိမ် မွေ့ဆုံး အနုမြူမှာ စိတ်ဖြစ်သည်ဟု ဆိုကြသည်။ သူတို့သည် ရုပ်ဝါဒီများပီပီ အရာရာကို ရုပ်နှင့် တိုင်းတာတတ်ကြသည်။

အာကာသအတွင်းရှိ အရာဝတ္ထုများကို သေချာစွာ လေ့လာကြည့်လျှင် အရင်းအမြစ် (မူလဘူတ) သဘောကို ဆောင်သည်မှာ အနုမြူဓာတ်ခံများနှင့် ထို အနုမြူဓာတ်ခံများကို ပေါင်းစည်းခြင်းဖြင့် ဖြစ်ပေါ်လာသော **'အနုမြူစု'** များဟူ၍ နှစ်မျိုးနှစ်စား တွေ့ရသည်။

အရင်းအမြစ်များ ဖြစ်ကြသော အနုမြူဓာတ်ခံတို့သည် ထာဝစဉ် တည်ရှိ နေကြသော ရုပ်ဓာတ်များ ဖြစ်၍ ထိုအနုမြူဓာတ်ခံများမှ ဖြစ်ပေါ်လာသော အနုမြူစုတို့သည် မတည်မြဲဘဲ အစဉ်ပင် ပြောင်းလဲလျက် ရှိကြကုန်သည်။ ထို့ကြောင့် မပြောင်းလဲသော (ထာဝရ) သဘောနှင့် ပြောင်းလဲသော (သင်္ခါရ) သဘောတို့သည် အကယ်ပင် စကြာဝဠာကြီး အတွင်းဝယ် ရှိကြ၏။

စကြာဝဠာကြီး အတွင်းရှိ အရာခပ်သိမ်းသည် ပြောင်းလဲသလော-မပြောင်းလဲ သလောဟု မေးပါက အနုမြူဝါဒီများက ထိုမေးခွန်းကို မေးသော သူအား စကြာ ဝဠာကြီး အတွင်းရှိ မည်သည့် အရာဝတ္ထုကို ဆိုလိုပါသနည်းဟု ပြန်မေးရမည်ဟု ဆိုသည်။

အကယ်၍ စကြာဝဠာကြီးအတွင်းရှိ အနုမြူများ ဓာတ်ခံနှင့် ပတ်သက်၍ ဆိုပါမူ ယင်းအဆိုင်၌ မပြောင်းလဲသော (ထာဝရ) သဘောသည် မှန်သည်ဟု ဆိုရ မည် ဖြစ်၏။ စကြာဝဠာကြီး အတွင်းရှိ အနုမြူစုများနှင့် ပတ်သက်၍ ဆိုပါမူ ယင်းအရာဝတ္ထုတို့သည် အစဉ်ပြောင်းလဲသော သင်္ခါရသဘောရှိသည် ဆိုသည်မှာ မှန်၏ဟု ဖြေဆိုရမည် ဖြစ်၏။

ထို့ကြောင့် ပြောင်းလဲခြင်း အနိစ္စ သင်္ခါရ သဘောနှင့် မပြောင်းလဲခြင်း ထာဝရ သဘောတို့သည် စကြာဝဠာကြီး အတွင်းဝယ် တကယ်ရှိနေကြသော ယထာဘူတ တရားများ ဖြစ်ကြလေသည်။

တစ်နည်းအားဖြင့် ဆိုရသော် အနုမြူဝါဒီများသည် ဆန့်ကျင်ဘက် ဖြစ်

http://www.cherrythitsar.org


နေသော တစ်ဖက်သတ် အယူအဆများ ('ဟေရာကလိုက်တပ်' ၏ အယူအဆနှင့် 'ပါမင်နဒီ' ၏ အယူအဆများ) ကို ပေါင်းစည်းပေးသူများ ဖြစ်ကြလေ၏။

အနုမြူဝါဒီတို့၏ တွေးခေါ်ပုံကို ဆန်းစစ်ကြည့်သောအခါ ၎င်းတို့၏ တွေးခေါ်ပုံသည် သိပ္ပံနည်းကျပြီး တိုးတက်သော တွေးခေါ်မြော်မြင်ပုံ ဖြစ်ကြောင်း တွေ့ရ၏။ အကြောင်းမှာ ၎င်းတို့၏ အလိုအရ အရာခပ်သိမ်းသည် သဘာဝ မဟုတ်သော အကြောင်းတရားများကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ အနုမြူ တည်းဟူသော သဘာဝ အင်အားစုများကြောင့်သာ ဖြစ်ပေါ်သည်ဟု ဆိုလေသည်။ ထိုသူတို့က အနုမြူများကိုမူ ခွဲစိတ်၍ မရဟု ယူဆကြသော်လည်း ယခုခေတ် သိပ္ပံပညာရှင်များသည် အနုမြူကို ခွဲစိတ်နိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။

အနုမြူ အယူအဆနှင့် ပတ်သက်၍ ရှေးပုဂ္ဂိုလ်များ၏ ခံယူချက်နှင့် ယခု ခေတ် တွေးခေါ်ရှင်များ၊ သိပ္ပံပညာရှင်များ၏ ခံယူချက်များမှာ မတူညီကြသော်လည်း ရုပ်ဝတ္ထုတို့၏ အန္တိမ အခြေခံ ရုပ်ဓာတ်သည် အနုမြူဖြစ်သည်ဟူသော အချက်ကိုကား ယခုတိုင် သိပ္ပံပညာကလည်း မငြင်းနိုင်ခဲ့ကြပေ။

သူတို့သည် စက်မှုခေတ်၊ အနုမြူခေတ်များ၏ ဖခင်များ ဖြစ်ကြသည်။ တစ်နည်း သူတို့သည် ဂရိ လူ့ဘောင် အဖွဲ့အစည်းထဲမှာ ဖြစ်ပေါ်နေသော ပဋိပက္ခ တစ်ရပ်ကို ငြင်းချေပြီး တိုးတက်သော လူတန်းစား အမြင်များကို ဆောင်ယူလာကြသူ များ ဖြစ်ကြလေသည်။

*　　*　　*

http://www.cherrythitsar.org

# အသိပညာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ပြဿနာများ

## တွေးခေါ်မှု တိုးတက်ထွန်းကားလာပုံ

ရှေးက စုန်းနတ်များကို ရမ်းဆ ကိုးကွယ်ကြသော ခေတ်နှင့် နှိုင်းစာလျှင် ဆိုဖီ ဆရာကြီးများ ခေတ်သည် အတွေးအခေါ်များ လွန်စွာ တိုးတက်နေပြီဟု ဆို နိုင်သည်။ စကြာဝဠာကြီးနှင့် ပတ်သက်သော အမြင် (လောကအမြင်) သည်လည်း အဆမတန် ပြောင်းလဲခဲ့လေပြီ။ လွတ်လပ်စွာ တွေးကြံစူးစမ်း လေ့လာလိုသော စိတ်ဓာတ်များမှာလည်း တဖွားဖွား ပေါ်ပေါက်လျက် ရှိလေပြီ။ တွေးခေါ် မြော်မြင် ရေး သဘောတရားဘက်တွင်သာမက အခြားသော အတတ်ပညာများ၌လည်း သစ်လွင်သော အယူအဆများ ပေါ်ပေါက်လျက် ရှိလေပြီ။ ကဗျာလင်္ကာ အရေး အသားဘက်၌ ကဗျာဆရာကြီးများ၏ ဘဝအမြင်များမှာ လွန်စွာ နက်ရှိုင်းလာကြ သည်။ သမိုင်းအမြင်များလည်း သစ်ဆန်းလာသည်။ ဆေးပညာဘက်၌လည်း ရှေးက အယူများ ပပျောက်လျက် သိပ္ပံနည်းကျ စူးစမ်းလေ့လာမှု အလေ့အထများ ခေတ်စားလာခဲ့လေသည်။

ဆိုဖီဆရာကြီးများ ခေတ်သို့ ရောက်သောအခါ တွေးခေါ် မြော်မြင်ရေး ပညာမှာလည်း ရှေးအခါက ထင်ရှားစွာ ပေါ်ပေါက်ခဲ့သော တွေးခေါ်ရှင်များကဲ့သို့ အတွေးအခေါ် စနစ်ကြီးများ၊ အဆောက်အအုံကြီးများကို တည်ဆောက်သော

http://www.cherrythitsar.org


အလေ့အထမျိုး ခေတ္တ ပပျောက်သွားလေသည်။

ဤခေတ်တွင် ရှေးပညာရှင်တို့၏ အယူအဆများကို ဆက်လက် အကောင်အထည် ဖော်လိုသူများ၊ သဘာဝတ္တ သိပ္ပံပညာဆိုင်ရာ စူးစမ်းရှာဖွေမှုများဘက်သို့ လိုက်လိုသူများနှင့် တစ်ချို့ကမူ လူ၏ ကိုယ်ကျင့်တရား၊ အမူအကျင့်ကို ပြုပြင်ရေး နည်းလမ်း ရှာဖွေမှုဘက်သို့ လိုက်လိုသူများဟူ၍ အသီးသီး ပေါ်ပေါက်လာကြသည်။

တစ်ဖက်က ကြည့်လျှင် ဤခေတ်သည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး အဖက်ဖက်က အပြောင်းအလဲ ဖြစ်ကာ လွတ်လပ်စွာ တွေးခေါ်မြော်မြင်မှုနှင့် ပုဂ္ဂလိက ဆန္ဒစွဲဝါဒ ထွန်းကားလာရေးကို ကျောထောက်နောက်ခံပြုခဲ့သော ခေတ် ဖြစ်လေသည်။

၅-ရာစုအတွင်း ဖြစ်ပွားခဲ့သော ပါရှန်စစ်ပွဲကလည်း အေသင်ယဉ်ကျေးမှုကို ကြီးထွားစေရုံသာမက အေသင်သည် ပင်လယ်ရေကြောင်းဘက်၌ ဘုရင်မကြီး ဖြစ်လာစေသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံ ဖြစ်လာစေသည်။ ဂရိနိုင်ငံများအလယ်တွင် အေသင်သည် ကူးသန်းရောင်းဝယ် ဖောက်ကားမှု၌ လည်းကောင်း၊ တွေးခေါ်မြော်မြင်မှု၊ ယဉ်ကျေးမှုအနုပညာ အဖက်ဖက်တွင် ဗဟိုအချက်အချာ ဖြစ်လာခဲ့သည်။

ကဗျာဆရာများ၊ အနုပညာရှင်များ၊ တွေးခေါ်ရှင်များ အားလုံးသည်လည်း ကြွယ်ဝသော လူကုံတန် အထက်တန်းစားများ၏ ဆရာများ၊ ရှေ့ဆောင်ညွှန်ပြသူများ၊ ဖြေဖျော်သူများ ဖြစ်လာလေတော့သည်။

ထိုကဲ့သို့ စီးပွားရေး အပြောင်းအလဲနှင့် လူမှုရေး အခြေအနေသစ်များက လွတ်လပ်စွာ တွေးကြံမှုကို အားပေးနေသည် ဖြစ်ရကား လူတိုင်း အာဏာရရှိလိုသော ဆန္ဒ ပြင်းပြလာသည်။ အာဏာရရှိမှုကို အထောက်အကူပြုနိုင်သော ဓနဥစ္စာ၊ ကျော်စော ထင်ရှားမှု၊ ထက်မြက်မှု၊ အောင်မြင်မှုများအတွက် လူများသည် ထင်သလို ကြိုးပမ်းလာကြသည်။ ရှေးက အတွေးအခေါ် အယူအဆများ နိုင်ငံရေး၊ လူမှုရေး ခံယူချက်များကို ဝေဖန်သမှုပြုကြပြန်သည်။

ဤအချိန်ကစ၍ တစ်ကိုယ်ကောင်းဆန်ဆန် တသီးပုဂ္ဂလ ရုန်းကန်လှုပ်ရှားမှုများ လွန်စွာ ခေတ်စားလာပြီး လူတို့သည် မိမိဘဝ လွတ်မြောက်ရေးအတွက် မိမိတတ်နိုင်သည့် နည်းလမ်းများဖြင့် လည်းကောင်း၊ မိမိ ထင်မြင်ယူဆသည်ကိုပင် အဟုတ်အမှန်ဟု စွဲယူ၍ လည်းကောင်း၊ နည်းမျိုးစုံဖြင့် ကြိုးပမ်းကြလေတော့သည်။ ထိုပတ်ဝန်းကျင်က လူတို့အား ကိုယ်ထင်မြင် ယူဆသမျှ အမှန်၊ ကိုယ်ယုံကြည်သမျှ အဟုတ်၊ ကိုယ်လုပ်သမျှ အကောင်းဟူသော ပုဂ္ဂလဓိဋ္ဌာန် ဆန္ဒစွဲ အယူသည်းမှုကို

http://www.cherrythitsar.org



ပေါက်ပွားစေခဲ့လေသည်။

ဆိုဖီဆရာကြီးများခေတ်

မြန်မာဘာသာဖြင့် ဆိုဖီဆရာကြီးများဟု ခေါ်သူများမှာ အင်္ဂလိပ်ဘာသာဖြင့် (Sophists) ဟု ခေါ်သူများ ဖြစ်သည်။ 'ဆိုဖီ' ဆိုသည်မှာလည်း စင်စစ် အင်္ဂလိပ် စကား မဟုတ်၊ ဂရိစကားသာ ဖြစ်၍ အစက ကောင်းမွန်သော အဓိပ္ပာယ်ရှိသည့် စကားဖြစ်သည်။ ထိုစကား၏ အဓိပ္ပာယ်မှာ ပညာရှိ သုခမိန်များ၊ ကျွမ်းကျင်မှု ရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များဟု အဓိပ္ပာယ်ရသည်။ နောင်အခါ၌ ဆိုဖီဆရာကြီးတို့သည် တွေးခေါ် မြော်မြင်ရေးပညာကို အခကြေးငွေ ယူ၍ ကလေး သူငယ်များအား သင်ကြားပြသသည့် ကြေးတမ်းစား ဆရာများ ဖြစ်လာသည့်အတွက် နာမည်ပျက်ခဲ့ကြလေသည်။ ထို့ပြင် ဆိုဖီဆရာများမှာ ရှေးဂရိတို့၏ အစဉ်အလာ ယုံကြည်ကိုးကွယ်မှုများကို လုံးဝပစ်ပယ်ခဲ့သည့်အတွက်လည်း လူများ၏ ရှုံ့ချ ပစ်တင်ခြင်းကို ခံခဲ့ကြရသည်။ ဆိုဖီဆရာကြီးတို့၏ ခေါင်းဆောင်ကြီးမှာ 'ပရိုတာ ဂိုရပ်' ဆိုသူ ဖြစ်သည်။ ထိုသူက ကလေးသူငယ်များအား 'အသင်တို့ ငါနှင့် ပေါင်းသင်း ဆက်ဆံကြလော့၊ ငါ့ထံပါးသို့ လာကြပါကုန်၊ အသင်တို့သည် ငါ့ ထံပါးသို့ လာရောက်ခြင်းဖြင့် တခဏချင်းမှာ လူကောင်းလူမွန်များ ဖြစ်သွားကြ ရမည်' ဟု ဟောခဲ့ကြောင်း ပလေတို ရေးသား ဖော်ပြခဲ့ဖူးသည်။ ထိုအခါ ဆိုကရေးတီ က ပရိုတာဂိုရပ်အား ထိုသူငယ်တို့အား မည်သို့ကောင်းအောင် လုပ်မည်နည်းဟု ထပ်ဆင့်မေးသောအခါ သူက 'သူတို့သည် ငါ့ထံပါးသို့ လာကြလျှင် ၎င်းတို့ လေ့လာလိုရင်း ရှိ၍ လာခဲ့သောကိစ္စမှန်သမျှ အားလုံး တတ်မြောက်ရမည်။ ထိုသူ သည် ကိုယ်ရေးကိုယ်တာမှအစ တိုင်းရေးပြည်ရာအထိ အားလုံး နှံ့စပ်ကျွမ်းကျင် ရမည်' ဟု ပြန်ပြောခဲ့သည်။

ဤအချက်ကို ကြည့်ခြင်းအားဖြင့် ဆိုဖီဆရာများသည် မျက်မှောက်ဘဝ၌ လူငယ်လူရွယ်တို့ လက်ငင်း လိုအပ်သော လောကီပညာများကိုသာ လေ့လာသင်ကြား ပေးကြောင်း ထင်ရှားစွာ တွေ့ရသည်။ ထိုကဲ့သို့ သင်ကြားရာတွင်လည်း သင်လိုရင်း ဆန္ဒရှိသောအရာကို သင်ပေးမည် ဆိုသည့်အတွက် ပုဂ္ဂလိက ဆန္ဒစွဲဝါဒကိုသာ အခြေခံသည်။ ငါးပွက်ရာ ငါးစာချသည်မှာ ထင်ရှားသည်။

ဆိုဖီဆရာကြီးများ ခေတ်တွင် သဘာဝတရားကြီးကို စူးစမ်းလေ့လာမှုထက် လူကို ဗဟိုပြု၍ လူရေးလူရာများကို လေ့လာသော အလေ့အထများ ပိုမို ခေတ်စား

http://www.cherrythitsar.org


လာခဲ့လေသည်။ သို့ရာတွင် ဆိုဖီဆရာများအနေနှင့် သဘောတရားရေး အမြင်များကိုလည်း စူးစမ်းလေ့လာမှု ပြုခဲ့ပေသေးသည်။ မည်သို့ပင်ဆိုစေ တွေးခေါ်မြော်မြင်ရေး သဘောတရားသမိုင်းတွင် ဤအချိန်ကစ၍ လူကို ပဓာန ထားပြီး လူသား၏ မျက်မှောက်ဘဝရေးရာများကို လေ့လာသော **'လူသားအဓိက ဝါဒ'** (Humanism) ဦးစွာ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်ကိုကား သတိမပြုဘဲ မနေနိုင်ပေ။

သိမှုဗေဒ

ဆိုဖီဆရာကြီးများ မပေါ်ပေါက်မီ ရှေးခေတ်က တွေးခေါ်ရှင်တို့သည် သဘာဝတရားကိုသာ အခြေစိုက် လေ့လာကြပြီး သဘာဝတရားနှင့် စပ်လျဉ်းသော သူတို့၏ အမြင်များမှာ အကွဲကွဲ အပြားပြား၊ အထူးထူး အထွေထွေ ဖြစ်ကာ တစ်ဦးနှင့် တစ်ဦး ဆန့်ကျင်ခဲ့ကြလေသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ အခြားကြောင့် မဟုတ်။ ရှေးက တွေးခေါ်ရှင်တို့သည် လူသားက ပတ်ဝန်းကျင် လောကကြီးကို မည်သည့်နည်းများဖြင့် သိနိုင်သနည်း ဟူသော သိမှုဗေဒကို မစဉ်းစားခဲ့ခြင်းကြောင့်သာ ဖြစ်ရသည်ဟု ဆိုဖီဆရာများ နားလည်ခဲ့ကြသည်။ ဤသို့ နားလည်လာခြင်းကို တစ်နည်းအားဖြင့် ကြည့်မည်ဆိုပါက ဆိုဖီဆရာများသည် တွေးခေါ်ပုံ တွေးခေါ်နည်းကို ပြန်၍ သုံးသပ် စစ်ကြော တတ်လာခြင်းပင် ဖြစ်ကြောင်း တွေ့ရသည်။

ဤအချိန်ကစ၍ တွေးခေါ် မြော်မြင်ရေးပညာသည် ကိုယ့်ကိုယ်ကို ပြန်၍ ဝေဖန် ဆန်းစစ်သည့် အသွင်လက္ခဏာမျိုးကို ဆောင်လာခြင်းပင် ဖြစ်သည်။

ဆိုဖီများ လက်ထက်ကစ၍ လောကကြီး တစ်ခုလုံးကို လူသားသည် သိမြင်နားလည်အောင် ကြိုးပမ်းရာ၌ လူ့စိတ်သည် အလွန် အရေးပါသော အခန်းက ပါဝင်နေကြောင်း အထင်အရှား သိမြင်လာကြလေတော့သည်။

ဆိုဖီဆရာများက အသိပညာ မှန်သမျှသည် သိသူအပေါ်တွင် တည်သည်ဟု ယူဆသည်။ ထို့ကြောင့် သိသူက မှန်သည်ထင်သော အရာသည် မှန်သည်သာ ဖြစ်၏။

အသိပညာနယ်ပယ်၌ ဓမ္မဓိဋ္ဌာန်ကျသော အသိပညာဟူ၍ မရှိ၊ အားလုံး ပုဂ္ဂလဓိဋ္ဌာန်ချည်းသာ ဖြစ်သည်။ **'လူသည် အရာခပ်သိမ်း၏ အတိုင်းအတာ ဖြစ်သည်'** **(Man is The Measure of All Things)** ဟူ၍ ယူဆကြလေတော့သည်။

ဤသို့လျှင် ပုဂ္ဂလိက လူသားအပေါ်၌ အခြေစိုက်လွန်းမှုကြောင့် ပရိုတာဂိုရပ်က လူနှစ်ဦး၏ ဆန့်ကျင်ဘက် အမြင် နှစ်ရပ်သည်ပင် ထိုလူနှစ်ဦးအတွက် အမှန်ချည်း ဖြစ်ကြသည်ဟု ဆိုပြန်လေသည်။ အကြောင်းမူ မိမိ ထင်သမျှ အမှန်သာ ဖြစ်သောကြောင့်တည်း။

'ပရိုတာဂိုရပ်' က လူသားသည်သာလျှင် အရာရာ၏ အတိုင်းအတာဖြစ်၍ အမှန်ရှိသော အရာဝတ္ထုများကို လူနှင့် တိုင်းတာရပြီး အမှန်မရှိသည်တို့ကိုသာ လူနှင့် မတိုင်းတာရချေဟု ဆိုခဲ့လေသည်။

## ကိုယ်ကျင့်တရားအမြင်

ဆိုဖီဆရာတို့သည် တသီးပုဂ္ဂလဝါဒီ၊ ပုဂ္ဂလမိဋ္ဌာန်ဆန္ဒစွဲ ဝါဒီများ ဖြစ်ကြသည်နှင့်အညီ ၎င်းတို့ ယုံကြည်လက်ခံသော ကိုယ်ကျင့်တရား ပညာသည်လည်း တသီးပုဂ္ဂလဆန်သည်ကို တွေ့ရသည်။ သူတို့၏ အမြင်တွင် တရားဥပဒေ လူ့ကျင့်ဝတ် စသည်တို့မှာ လူတို့၏ ဓလေ့ထုံးစံများ၊ စီမံဖန်တီးချက်များသာလျှင် ဖြစ်ကြသည်ဟု မြင်သည်။

ဤနေရာ၌ ဆိုဖီဆရာတို့သည် သဘာဝအလျောက် ဖြစ်ပွားပေါ်ပေါက်သော သဘောနှင့် လူသားတို့၏ စီမံဖန်တီးမှုသဘောတို့ကို ခွဲခြားပြခဲ့ကြပေသည်။

'ဂေါ်ဂျီယပ်' ကဲ့သို့သော ဆိုဖီများကမူ အရာရာကို ငြင်းဆန် ပယ်လှန်သော အဖျက်သဘောမျိုးဖြစ်သည့် လူ့ကျင့်ဝတ်တို့ကိုသာ ယုံကြည်ကြလေသည်။ ဂေါ်ဂျီယပ်သည် သူ၏ 'သဘာဝနှင့်အဘာဝ' ကျမ်းတွင် လုံးဝ အပျက်သဘော လောကအမြင်ကို ချမှတ်ခဲ့သည်။ သူက (၁) ဤလောက၌ ဘာတစ်ခုမျှ ဖြစ်တည်ခြင်း မရှိ။ (၂) တစ်စုံတစ်ရပ်သော အရာများ ဖြစ်တည်ခြင်း ရှိနေသည်ပင် ဆိုစေ၊ ယင်းအရာဝတ္ထုကို ကျွန်ုပ်တို့ မသိနိုင်။ (၃) အကယ်၍ ဖြစ်တည်ခြင်းလည်း ရှိ၍ ကျွန်ုပ်တို့ကလည်း ထိုအရာကို သိသည်ဆိုစေဦး၊ ထိုအသိပညာကို အခြားသူများထံသို့ တစ်ဆင့်ပို့ရန် မဖြစ်နိုင်ဟု သူက ဆိုလေသည်။

ဤဆိုဖီဆရာတို့၏ အမြင်၌ သိမှုပညာရေးရာများနှင့် ပတ်သက်လာလျှင် သံသယဝါဒ လွှမ်းမိုးနေသည်ကို တွေ့ရသည်။ သိမှုပညာပိုင်းတွင် လူအမျိုးမျိုးကို လိုက်၍ အသိပညာအမျိုးမျိုး ကွဲပြားခြားနားနေသးကဲ့သို့ ကိုယ်ကျင့်တရား နယ်တွင်လည်း လူတို့၏ ဘာသာ စရိုက် ထုံးတမ်း ဓလေ့ကို လိုက်၍ အမျိုးမျိုး ကွဲပြားနေသည်ဟု သူတို့ မြင်သည်။ ထို့ကြောင့် မည်သည့် ကိုယ်ကျင့်တရားမျိုးမှ ဓမ္မ

http://www.cherrythitsar.org


ဓိဋ္ဌာန်ကျသော ပရမတ္ထ သစ္စာတရား မဟုတ်နိုင် ဟူ၍ ဆိုဖီဆရာတို့ နားလည်ခဲ့ကြလေသည်။

သူတို့က လူ့အဖွဲ့အစည်း အတွင်း၌ ဖြစ်ပေါ်နေကြသော လူမှုရေး၊ နိုင်ငံရေး၊ စာရိတ္တအရေး၊ တရား ဥပဒေရေး ထုံးတမ်း စည်းကမ်းတို့သည် လူဖန်တီးသော တရားများချည်းသာ ဖြစ်ကြသည်ဟု အယူရှိသည်။ သို့ရာတွင် ယင်းသို့ လူတို့ဖန်တီးခဲ့ကြသည့် လူမှုရေး၊ နိုင်ငံရေး၊ စာရိတ္တရေး၊ ထုံးတမ်း စည်းကမ်းများသည် လူတို့ တိရိစ္ဆာန်သက်သက် ဘဝမှ အပေါင်းအသင်းနှင့် နေတတ်သော သတ္တဝါဖြစ်အောင် သယ်ဆောင်လာခဲ့ကြသည် ဟူသော အချက်ကိုမူ သူတို့လည်း အသိအမှတ် ပြုကြပေသည်။

ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ တက်ကြွ၍ တော်လှန်ရေးကျသော အမြင်များကို နှောင်းလူငယ်ပိုင်း ဆိုဖီဆရာများ ဖြစ်ကြသော ပိုလပ်(စ)၊ သရပ်ဆီမေးကပ်(စ)၊ ကာလီကလီ(စ)၊ ယူသီးဒီမတ်(စ) စသူတို့က လက်ခံခဲ့ကြလေသည်။ သို့ရာတွင် သူတို့လည်း ကိုယ်ကျင့်တရား လုံးမရှိဟူသော အမြင်မျိုးကို မရှုမမြင်ခဲ့ကြချေ။

ဆိုဖီဆရာများသည် လူကို အဓိက ထားကြ၏။ အထူးသဖြင့် တသီးပုဂ္ဂလ လူသားကိုသာ အဓိက ထားကြပေသည်။ လူကို အဓိက ထားသဖြင့်လည်း လူ၏ဆင်ခြင်တုံတရားတည်းဟူသော အရည်အသွေးကိုလည်း ဦးစားပေးကြသည်။ ထို့ကြောင့် တွေးခေါ် မြော်မြင်ရေး သဘောတရားကို ကောင်းကင်ဆန်သောအဖြစ်မှ လူသားရှိရာ မြေပြင်ပေါ်သို့ ပြန်လည် လျှောချရန် ကြိုးစားသူများအဖြစ် ထင်ရှားကြလေသည်။

ဆိုဖီဆရာများ အလိုအရ 'လူသား' တို့ အမှန် လေ့လာအပ်သည်မှာ 'လူသား' ပင် ဖြစ်သည်ဟု ယုံကြည်ကြ၏။ တသီးပုဂ္ဂလ လူသားကို အာရုံစိုက်လွန်း ကြသဖြင့်လည်း ဆိုဖီဆရာတို့သည် 'လူသား'၏ ယေဘုယျ လက္ခဏာရပ်များကို အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့ကြခြင်း ဖြစ်လေသည်။

ပုဂ္ဂလိဓိဋ္ဌာန်ကျသော အသိဉာဏ်ကိုသာ ယုံကြည်ကြသည့် အလျောက် ကိုယ်ကျင့်တရား ဆိုသည်မှာလည်း မိမိနှစ်သက်ရာကို ရွေးချယ်မှု ဖြစ်သည်ဟု ယူဆကြ၏။ ဆိုဖီဆရာများ အနေနှင့် တစ်သီးတစ်ခြား လွတ်လပ်စွာ တွေးခေါ်မှုကို လက်ခံယုံကြည်ကြသည် ဖြစ်ရကား အတွေးအခေါ်တွင် လည်းကောင်း၊ လူ့ကျင့်ဝတ်အပေါ် ထားရှိသည့် သဘောထားများတွင် လည်းကောင်း၊ စည်းမဲ့ကမ်းမဲ့ ဖြစ်နေကြပေသည်။ စည်းမဲ့ကမ်းမဲ့ တွေးမှုခေါ်မှုကြောင့်ပင် တသီးပုဂ္ဂလဝါဒနှင့် ကိုယ်ကျိုး

http://www.cherrythitsar.org


ရှာမှုများဘက်သို့ ယိမ်းယိုင်သွားကြခြင်းလည်း ဖြစ်ပေသည်။

ဤသို့ဖြစ်ရခြင်းမှာ လူကို ရှုမြင်ရာ၌ ပညာတတ်တို့၏ အတ္တစွဲဖြင့် ရှုမြင်ရကား လူကို တသီးပုဂ္ဂလ လူသားအဖြစ်သာ မြင်သည်။ လူ့အဖွဲ့အစည်းထဲတွင် တစ်ခြားသော လူများနှင့် အစဉ်ဆက်ဆံနေရသော လူ့ဘောင်အဖွဲ့အစည်းများ၏ တိုးတက်ဖြစ်ပေါ်မှု လောကဥပဒေများကို လိုက်နာနေရသော သမိုင်းစဉ်တရားနှင့် မကင်းနိုင်သော လူအဖြစ် မမြင်တတ်ခဲ့ကြချေ။ ထို့ကြောင့်သာ လူတို့သည် တစ်ကိုယ်ကောင်း အတ္တဟိတဝါဒအမြင်သန်ကာ ပုဂ္ဂလိက ထင်ပေါ်မှု၊ ပုဂ္ဂလိက ကောင်းစားမှုကိုသာ ရှေ့ရှုခဲ့ခြင်းအဖြစ်ကို သတိချပ်၍ လေ့လာထိုက်ပေသည်။


## ဆိုကရေးတိ (၄၆၉–၃၉၉ ဘီစီ)

'ဆိုကရေးတိ' (Socrates) မှာ အေသင်မြို့သား တစ်ဦး ဖြစ်သည်။ သာမန်ဆင်းရဲသား မျိုးရိုးမှ ဆင်းသက်လာပြီး ကမ္ဘာ့တွေးခေါ် မြော်မြင်ရေး ပညာရှင်များ သမိုင်းတွင် ယုံကြည်ချက်အတွက် အသက်ကို စွန့်ခဲ့သူအဖြစ် အလွန်ထင်ရှားသော ပုဂ္ဂိုလ်ကြီး ဖြစ်၏။ 'ဆိုကရေးတိ'သည် ဆိုဖီဆရာများ၏ ရန်သူကြီးလည်း ဖြစ်၏။ အကြောင်းမှာ သူသည် ဆိုဖီများ၏ ဟောပြော ပို့ချချက်များကို ဆန့်ကျင် ချေဖျက်၍ အတွေးအခေါ် ကစင့်ကရဲ ဖြစ်နေမှုကို ပြန်လည်စုစည်းနိုင်ခဲ့သူ ဖြစ်သောကြောင့်တည်း။

ဆိုကရေးတိကို ဘီစီ ၄၆၉ တွင် အေသင်မြို့၌ ဖွားမြင်သည်။ ဆင်းရဲသား လက်လုပ်လက်စား မျိုးရိုးမှ ဆင်းသက်သူဖြစ်၏။ ဖခင်မှာ ပန်းပုဆရာဖြစ်သည်။ သူ မည်သည့်အရပ်၌ မည်သူ့ထံပါးတွင် ပညာဆည်းပူးသည်ကိုကား အထောက်အထား လုံလောက်စွာ မရှိ၍ မပြောနိုင်သော်လည်း ထိုစဉ်က အေသင်မြို့မှာ အနောက်ကမ္ဘာတွင် ယဉ်ကျေးမှု အထွန်းကားဆုံးဒေသ ဖြစ်သည့်ပြင် ပညာရေး၌ လေ့လာလိုက်စားသူများ ပေါများရကား သူ့အဖို့ အတွေးအခေါ်နှင့် အခြားပညာရပ်များကို လေ့လာလိုက်စားရေးအတွက် လွယ်ကူသော ဒေသ ဖြစ်၏။ ဆိုကရေးတိ၏ သက်တမ်းတစ်လျှောက်လုံးတွင် ဈေးနှင့် လူစည်ကားရာ အရပ်ဒေသများတွင် ဟောပြော ဆွေးနွေးရင်း အချိန်ကုန်ခဲ့လေသည်။

ဟောပြောသော ဘာသာရပ်များမှာ စစ်ရေး၊ နိုင်ငံရေး၊ အိမ်ထောင်ရေး၊ အချစ်ရေးမှအစ ဘာသာရေး၊ သိပ္ပံပညာနှင့် အတွေးအခေါ် သဘောတရားပါ မကျန်ရကား လူရေးလူရာ မှန်သမျှမှာ သူဟောသော တရားများနှင့် ကင်းလွတ်နိုင်

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ဆိုကရေးတီ

http://www.cherrythitsar.org


မည် မဟုတ်ချေ။ သူကား စွယ်စုံပညာရှင်ကြီး တစ်ဦး ဖြစ်သော်လည်း သူ၏ သက်တမ်းတစ်လျှောက်လုံးတွင် စာအုပ် တစ်စုံတစ်ရာ ရေးသားခဲ့ခြင်း မရှိပေ။ ပလေတို၏ ဆွေးနွေးခန်း ကျမ်းကြီးထဲတွင်သာ ဆိုကရေးတိ၏ သဘောတရားများကို အမြောက်အမြား တွေ့ရသည်။

ဆိုကရေးတိကား လူသာမန်တို့၌ ရှိခဲလှသော သိက္ခာ သမာဓိနှင့် ပြည့်စုံ သည်သာမက မိမိ၏ ဣန္ဒြိယသံဝရ သီလကိုလည်း လွန်စွာ စောင့်ထိန်းနိုင်သူ ဖြစ်၏။ လိုဘနည်းခြင်း၊ သည်းခံခြင်းနှင့် ဖွဲကောင်းရာ၌ ဆိုကရေးတိကို ယှဉ်ပြိုင် နိုင်သူ မရှိချေ။

အသက် ၇၀ အတွင်း ဆောင်ရွက်ခဲ့သမျှနှင့် နောက်ဆုံး သေခါနီးတွင် တိုင်းပြည်အစိုးရအပေါ် သစ္စာရှိကြောင်း လက်တွေ့ ပြသသွားပုံမှာကား ခေတ် အဆက်ဆက် လူသားတို့ မမေ့နိုင်သော အချက်များ ဖြစ်ခဲ့သည်။

ဆရာကြီး ဆိုကရေးတိသည် အခကြေးငွေ ယူ၍ ပညာသင်ပေးသော ကြေးစားဆရာ တစ်ဦး မဟုတ်ပေ။ ဤအချက်သည်ပင် ဆိုဖီဆရာတို့နှင့် သဘော ထားခြင်း များစွာ ကွာခြားနားနေကြောင်း ပေါ်လွင်စေသည်။ ဆိုကရေးတိအား ဂရိ နတ်ဘုရားများကို မကိုးကွယ်သူ၊ အစဉ်အလာကို ဖောက်ဖျက်သူ၊ ကလေးသူငယ် များကို ဖျက်ဆီးသူအဖြစ် လူထု၏ တောင်းဆိုချက်အရ ရုံးတင်စစ်ဆေးပြီး သေဒဏ် ပေးခဲ့၏။ ဒီမိုကရေစီဝါဒကို ကျင့်သုံးသော အေသင်နိုင်ငံ၏ တရားဥပဒေအရ 'ဆိုကရေးတိ'ကို (ဘီစီ ၃၉၉) တွင် အဆိပ်ကျွေး၍ သေဒဏ်ပေးလိုက်သည်။ ဆိုကရေးတိသည် မိမိ၏ ယုံကြည်ချက်ကို မစွန့်ဘဲ သေဒဏ်ကို မကြောက်မရွံ့ ခံယူသွားရှာခဲ့ပေသည်။

ဆိုကရေးတိသည် ထိုခေတ် ထိုအချိန်က အတွေးအခေါ်အားဖြင့် လည်း ကောင်း၊ ကိုယ်ကျင့်တရားအရ လည်းကောင်း၊ ကစင့်ကရဲ ဖြစ်နေသော အေသင် လူ့အဖွဲ့အစည်းကို ပြန်လည် စုရုံးရန် ကြိုးစားခဲ့၏။ သူ့အနေနှင့် ကိုယ်တိုင်ကိုယ်ကျ ရေးသားခဲ့သော ကျမ်းတစ်စောင် ပေတစ်ပုဒ် ဟူ၍ မယ်မယ်ရရ မရှိသော်လည်း ဆိုကရေးတိအကြောင်းကို သူ၏ တပည့်ကြီး ပလေတိုထံမှ သိရှိကြရသည်။ ပလေတို သည် ဆိုကရေးတိအကြောင်းကို စာအုပ်ပေါင်းများစွာဖြင့် ရေးသား ဖော်ထုတ်ခဲ့ လေသည်။

ဆိုကရေးတိ၏ မူလ ရည်ရွယ်ချက်မှာ တွေးခေါ် မြော်မြင်ရေး သဘော တရားဆိုင်ရာ စနစ်တစ်ခုကို တည်ဆောက်ရန် မဟုတ်ပေ။ လူသားတို့အား သစ္စာ တရားနှင့် ကောင်းကျိုးချမ်းသာ စသည်တို့ကို မြတ်နိုးတတ်အောင် လှုံ့ဆော်ပေးရန်

http://www.cherrythitsar.org



သာ ဖြစ်သည်။

ဆိုကရေးတိ၏ တွေးခေါ် မြော်မြင်ရေး သဘောတရားတွင် ယေဘုယျနာမ် များကို ခွဲခြမ်း စစ်ဆေး၍ အဓိပ္ပာယ် သတ်မှတ်ပေးသော နည်းသည် အရေးအပါဆုံး ဖြစ်၏။ နေ့စဉ် အသုံးပြုနေကြသော ဝေါဟာရများ၊ ပုဒ်များကို အနက်အဓိပ္ပာယ် အားဖြင့် သန့်ရှင်းစင်ကြယ်အောင် အဓိပ္ပာယ် သတ်မှတ်ပေးရန် လိုကြောင်း ဆိုကရေးတိ နားလည်ခဲ့လေသည်။

ဆိုဖီဆရာများ၏ အလိုအရ အကြွင်းရှိ အသိဉာဏ် သို့မဟုတ် သီးခြားဘာဝ ဝတ္ထု ပစ္စည်းများနှင့် ပတ်သက်သော အသိဉာဏ်မျိုးသာ ရှိနိုင်၏။ ဆိုကရေးတိကမူ ဆိုဖီများကို ဆန့်ကျင်၍ ယေဘုယျဘာဝကို ဆောင်သော သို့မဟုတ် အကြွင်းမဲ့ ဖြစ်သော အသိဉာဏ်မျိုးကိုလည်း ရရှိနိုင်ကြောင်း ဖော်ပြခဲ့ပေသည်။

## ဆိုကရေးတိ၏ နည်း

ဆိုကရေးတိသည် 'ဒိုင်ယာလက်တစ်' နည်းကို ကိုယ်တိုင်ကိုယ်ကျ အသုံးချ ခဲ့ရုံသာမက၊ မွမ်းမံ ဖြည့်စွက်ခြင်းလည်း ပြုခဲ့သည်။ ခြုံယူ ဆင်ခြင်နည်း ယုတ္တိ ဗေဒအရ ပုဒ်များကို အဓိပ္ပာယ် သတ်မှတ်ခြင်းကို ကြံဆခဲ့သည်။

ဆိုကရေးတိသည် ခြုံယူဆင်ခြင်နည်းကို သာမက ထုတ်ယူ ဆင်ခြင်နည်းကို ပါ အသုံးပြုခဲ့သည်။ ထို့ကြောင့် ဆိုကရေးတိ၏ နည်းကို စကားအပြန်အလှန် ဆွေးနွေးသောနည်း၊ ဝေါဟာရများကို အဓိပ္ပာယ် သတ်မှတ်ပေးသောနည်း၊ ခြုံယူ ဆင်ခြင်နည်း၊ ထုတ်ယူ ဆင်ခြင်နည်း စသည်ဖြင့် အသွင်လက္ခဏာအမျိုးမျိုးဖြင့် ရှုမြင်နိုင်ကြခြင်း ဖြစ်ပေသည်။

အကြမ်းအားဖြင့် ဆိုကရေးတိ၏ နည်းကို နှစ်မျိုးခွဲခြားနိုင်သည်။

(၁) ခွဲခြမ်းစိတ်ဖြာခြင်းနည်း (Method of Analysis) နှင့်

(၂) တွေးဆချက်နည်း (Hypothetical) ဟူ၍ ဖြစ်သည်။

ဤနှစ်နည်းတို့အနက် ပထမနည်းသည်သာလျှင် ဆိုကရေးတိ၏ နည်းအဖြစ် ပေါ်လွင်ထင်ရှားသည်။

## (၁) ခွဲခြမ်းစိတ်ဖြာနည်း

ဤနည်းအရ ကျွန်ုပ်တို့ နေ့စဉ် အသုံးပြုနေကြသော ဝေါဟာရများကို မဆင်မခြင် သုံးစွဲခြင်းမှ ရှောင်ရှားရပေမည်။ ကျွန်ုပ်တို့ နေ့စဉ် သုံးစွဲ နေကြသော

ဝေါဟာရများအနက် အများအပြားကို တိတိကျကျ အဓိပ္ပာယ် မသတ်မှတ်ဘဲ သုံးစွဲနေကြခြင်းသာ ဖြစ်ပေသည်။ ဥပမာ **'သတ္တိ'** ဟူသော ဝေါဟာရကို သုံးသပ်ကြည့်ကြပါစို့။ 'သတ္တိ'ဟူသော ဝေါဟာရကို အသုံးပြုကြရာ၌ ကျွန်ုပ်တို့တွင် တိတိကျကျ အဓိပ္ပာယ် သတ်မှတ်မှု မရှိချေ။ သတ္တိဆိုသည်မှာ အဘယ်နည်း၊ အများ မပြုလုပ်ရဲသည်ကို ပြုလုပ်ဝံ့ခြင်းကိုပင် 'သတ္တိ' ဟု ခေါ်ပါသလော၊ 'သတ္တိ' ဟူသော ဝေါဟာရတွင် မည်သို့သော အရည်အသွေးများ ပါဝင်သနည်း စသည်ဖြင့် အမေးပုစ္ဆာ ထုတ်စရာ ရှိပေသည်။ စင်စစ် ကျွန်ုပ်တို့ သုံးသာ သုံးနေကြသည့် 'သတ္တိ' ဟူသော ဝေါဟာရတွင် အကြုံးဝင်သမျှသော အရည်အသွေး ဂုဏ်ဒြပ် အားလုံး ကိုကား အကုန်အစင် မသိကြချေ။ အခြားသော ဝေါဟာရတို့ကို အသုံးပြုကြ ရာ၌လည်း ဤနည်းနှင်နှင် ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်တို့ အသုံးပြုနေကြသော ဝေါဟာရများ၊ ပုဒ်များကို တိတိကျကျ အဓိပ္ပာယ် သတ်မှတ်ပေးရန် လိုပေသည်။ သို့မှသာလျှင် ကျွန်ုပ်တို့ ဆိုသမျှ ပြောသမျှသည် တိကျ၍ အဓိပ္ပာယ် ရှိနိုင်မည် ဖြစ်၏။ သို့မဟုတ်လျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကိုယ်တိုင် မသိနားမလည်သော ဝေါဟာရများကို အသုံးပြုရာ ရောက်မည်ဖြစ်ပြီး အဓိပ္ပာယ် ရှုပ်ထွေးသော အပြောအဆို အရေး အသားတို့နှင့်သာ ရင်ဆိုင်ကြရဖွယ် ရှိ၏။ ထို့ကြောင့် 'လူ' ဟူသော ပုဒ်ကို အဓိပ္ပာယ်သတ်မှတ်ကြပါစို့။ **'လူ' ဆိုသည်မှာ စဉ်းစား ဆင်ခြင်တတ်သော သတ္တဝါဟု သတ်မှတ်နိုင်ပေသည်။**

ဤနေရာ၌ 'လူ' ဟူသော ဝေါဟာရကို လူ၏ အရည်အသွေး ဖြစ်သော စဉ်းစားဆင်ခြင်နိုင်စွမ်းဖြင့် အဓိပ္ပာယ် သတ်မှတ်ကြပေသည်။ ဤနည်းအတိုင်းပင် ကျွန်ုပ်တို့ သုံးသမျှသော ဝေါဟာရတို့ကို အဓိပ္ပာယ် သတ်မှတ်ခြင်း ပြု၍သာ အသုံးပြုအပ်ပေသည်။ ဤကား ပုဒ်များ၊ ဝေါဟာရများကို ခွဲခြမ်းစိတ်ဖြာ၍ တိကျသော အဓိပ္ပာယ် သတ်မှတ်ပေးခြင်းနည်းပင် ဖြစ်၏ ဆိုကရေးတီ၏ နည်းများအနက် ဤနည်းသည်သာ 'ဆိုကရေးတီနည်း' ဟူသော အမည်ဖြင့် ထင်ရှားလေသည်။

## (၂) တွေးဆချက်နည်း

ဤနည်းအရ ကျွန်ုပ်တို့သည် တိကျ သေချာသော စည်းမျဉ်း ဥပဒေသများကို မရသေးမီ တွေးဆချက်များ ချမှတ်၍ စူးစမ်းလုပ်ကိုင်ရပေသည်။ တွေးဆချက် တစ်ရပ်သည် လက်တွေ့ အသုံးချ၍ မရပါက ထိုတွေးဆချက်ကို စွန့်ပယ်ပစ်ပြီး

http://www.cherrythitsar.org



တွေးဆချက် အသစ်တစ်ရပ်ကို တည်ဆောက်ရပေမည်။

ပထမဦးစွာ ဖော်ပြခဲ့သော ခွဲခြမ်း စိတ်ဖြာနည်းမှာ ခြုံယူဆင်ခြင်ခြင်း ယုတ္တိဗေဒနည်းအရ ဝေါဟာရများကို အဓိပ္ပာယ် သတ်မှတ်ပေးခြင်း နည်းပင် ဖြစ်၏။ ယခုနည်းမှာ တွေးဆချက် တည်ဆောက်၍ ထိုတွေးဆချက်မှ လျော်ကန်သော နိဂုံးတစ်ရပ်ကို ထုတ်ယူ ဆင်ခြင်ခြင်း ယုတ္တိဗေဒနည်းအရ ထုတ်နုတ်ဆင်ခြင်ယူခြင်းပင် ဖြစ်သည်။

## ပြယုဂ်

အကယ်၍ ရုပ်ဝါဒသည် မှန်လျှင် လူ့ဘဝတစ်လျှောက်တွင် ရည်ရွယ်မျှော်လင့်ချက်ဖြင့် လုပ်သော အလုပ်ဟူ၍ ရှိမည် မဟုတ်တော့ပေ။

ဘဝတစ်လျှောက်တွင် ရည်ရွယ်မျှော်လင့်ချက်နှင့် လုပ်သော အလုပ်များ ရှိသည်။

ထို့ကြောင့် ရုပ်ဝါဒသည် မမှန်နိုင် စသည့် သဘောမျိုးဖြစ်၏။ ပထမဦးစွာ တွေးဆချက်ကို တည်ဆောက် ရသည်။ ထို့နောက် ထိုတွေးဆချက်မှ နိဂုံးကို ဆင်ခြင် ယူရသည်။ ဤနည်းကို မျက်မှောက်ခေတ် သိပ္ပံပညာတွင်လည်း အသုံးပြု၏။ တွေးဆချက်မှ ရရှိလာသော နိဂုံးသည် အသုံးဝင်ပါက ထိုတွေးဆချက်သည်လည်း ခိုင်လုံသော တွေးဆချက် ဖြစ်လာပေမည်။ သို့မဟုတ်ပါက အခြား ကောင်းနိုးရာရာ တွေးဆချက်တစ်ရပ်ကို ထပ်မံ တည်ဆောက်ရန် လိုပေမည်။ ဤကား ဆိုကရေးတိ၏ တွေးဆချက်နည်း ဖြစ်၏။

## ဆိုကရေးတိ၏ ကိုယ်ကျင့်တရားပညာ

ဆိုကရေးတိ၏ အတွေးအခေါ်သည် ကိုယ်ကျင့်တရားပညာနှင့် ပို၍ နီးစပ်ခြင်း ရှိ၏။ ဆိုကရေးတိက 'ကောင်းမြတ်ခြင်း သုစရိုက်ဟူသည် အသိဉာဏ်ပင်ဖြစ်သည်' ဟု ဆိုခဲ့၏။ ဤအဆိုကို သုံးသပ်ကြည့်ပါက လူ့ကျင့်ဝတ်၏ အခြေခံသည် လူတို့၏ ဆင်ခြင်တုံတရားပင် ဖြစ်ကြောင်း သိလာပေသည်။ ဆိုကရေးတိအမြင်တွင် တသီးပုဂ္ဂလ လူသား၏ ကောင်းကျိုးထက် လူ့အဖွဲ့အစည်း၏ ကောင်းကျိုးက သာလွန် မွန်မြတ်သည်။ ထိုထက်သာလွန်၍ ကောင်းမြတ်သည်မှာကား အကြွင်းမဲ့ ကောင်းမြတ်ခြင်း တရားပင် ဖြစ်သည်။ လူသားအားလုံးအတွက် အကြွင်းမဲ့

http://www.cherrythitsar.org




ကောင်းခြင်းသည် တသီးပုဂ္ဂလ လူသား၏ ကောင်းကျိုးထက် သာလွန်မွန်မြတ်ပေသည်။ ဤနေရာတွင် ဆိုကရေးတိ၏ အယူအဆသည် တသီးပုဂ္ဂလ လူသား၏ ကောင်းကျိုးကိုသာ ပဓာနထားသော ဆိုဖီဆရာတို့၏ အယူအဆနှင့် ဆန့်ကျင်ပေသည်။

ဆိုကရေးတိက အသိအလိမ္မာ ဉာဏ်ပညာသည်သာလျှင် အကောင်းဆုံးဖြစ်သည်ဟု ဆိုခဲ့၏။ လူလောက၏ ကောင်းကျိုးကို သယ်ပိုးရွက်ဆောင်နိုင်ရန်အတွက် အသိဉာဏ်သည် လိုလည်း လိုအပ်ပြီး လုံလည်း လုံလောက်သည်ဟု ဆိုကရေးတိကယူဆသည်။ ဤကား ဆိုကရေးတိ၏ ကျင့်ဝတ်တန်ဖိုးနှင့် အသိဉာဏ်အပေါ် ထားရှိသော အမြင်ပင်တည်း။

သူကား ပရဟိတတည်းဟူသော အများအကျိုးအတွက် ကိုယ်ကျိုးကို စွန့်နိုင်သူ တကယ့်ပညာရှင် အစစ်ကြီးတည်း။ သူသည် အတ္တဟိတ ဝါဒကို မုန်းတီးသူပီပီ အတ္တဟိတ ဝါဒ ကြီးစိုးမှုကို အားပေးခဲ့သော ပုဂ္ဂလိက ဆန္ဒစွဲ ဝါဒမျိုးကို အကြီးအကျယ် ဆန့်ကျင် တိုက်ခိုက်ခဲ့သော လူသားအများစု၏ အကျိုးစီးပွားကို တကယ် လိုလားသော ကမ္ဘာ့ကျေးဇူးရှင်ကြီး ဖြစ်ပေတော့သည်။

*　　　*　　　*

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ပလေတို

## အတွေးအခေါ်စနစ်
## ပြန်လည် တည်ဆောက်ရေးခေတ်

### ပလေတို (၄၂၇-၃၄၇ ဘီစီ)

ပလေတိုအား ဘီစီ ၄၂၇ ခုနှစ်လောက်က အေသင်မြို့၌ ဖွားမြင်ခဲ့သည်။ သူ ကောင်းမျိုးဟု ဆိုအပ်သော အထက်တန်းစား မျိုးမျိုးမတ်နွယ်မှ ဆင်းသက်လာခဲ့သူပီပီ သူ၏ အတွေးအခေါ်များမှာလည်း သူတို့၏ ကျွန်ပိုင်ရှင် လူတန်းစားကို အကာအကွယ် ပေးသော အတွေးအခေါ်များသာ ဖြစ်ခဲ့လေသည်။ ထိုခေတ် ထိုအခါက ဂရိတို့၏ ထုံးတမ်းစဉ်လာအရ ဂီတ အနုပညာနှင့် တွေးခေါ်မြော်မြင်ရေး ပညာများကို လေ့လာလိုက်စားခဲ့ရသည်။ ဘီစီ ၄၀၇ ခုနှစ်တွင် ပညာရှင်ကြီး ဆိုကရေးတိနှင့် တွေ့ပြီး ဆိုကရေးတိထံတွင် ပညာဆည်းပူးသည်။ ဆိုကရေးတိ၏ တပည့် နောက်လိုက်များအနက် အထူးချွန်ဆုံး အထက်မြက်ဆုံး တပည့် ဖြစ်သည့်ပြင် ဆိုကရေးတိအား ၃၉၉ ဘီစီတွင် အဆိပ်ခတ် သတ်လိုက်သည်အထိ ဆိုကရေးတိနှင့် အတူ နေထိုင်ခဲ့လေသည်။ ဆိုကရေးတိအား အေသင်နိုင်ငံရှိ ဒီမိုကရေစီ စနစ်က သတ်ဖြတ်ပစ်လိုက်သည်ကို လွန်စွာ နာကျည်းခဲ့သည့်အလျောက် သူသည် ဒီမိုကရေစီဆိုသော စကားကို လွန်စွာ ရွံရှာ မုန်းတီးသွားလေသည်။ ဆိုကရေးတိ ကွယ်လွန်ပြီးနောက် နိုင်ငံရေးအခြေနေအရပ်ရပ်ကြောင့် ပလေတိုသည်

http://www.cherrythitsar.org



အေသင်မြို့က ထွက်ခွာသွားသည်။ ထို့နောက် အီဂျစ်၊ အေရှမိုင်နား၊ အီတလီနိုင်ငံများသို့ ခရီးလှည့်လည်၍ ပညာရပ်အမျိုးမျိုးကို ဆည်းပူးပြန်လေသည်။ ဘီစီ ၃၈၈ လောက်က ပိုက်သာဂိုရပ် ဂိုဏ်းသားတို့နှင့် တွေ့ဆုံ ရင်းနှီးခဲ့သည့်အလျောက် သူ၏ အတွေးအခေါ်များ၌ ပိုက်သဂိုရပ်၏ အတွေးအခေါ် အယူအဆများ လွှမ်းမိုးလာခဲ့သည်။ ထို့နောက် ပလေတိုသည် အကယ်ဒမီ မည်သော ကျောင်းတော်ကို တည်ထောင်ကာ သင်္ချာပညာနှင့်တကွ တွေးခေါ် မြော်မြင်ရေးပညာတွင် ပါဝင်သော ဘာသာရပ် အမျိုးမျိုးကို သင်ကြားပြသ၍ နေခဲ့လေသည်။ သူသည် ထိုကျောင်းတော်တွင် သင်ကြားပြသခဲ့သည်များကို သူ၏ **'ဆွေးနွေးခန်းကျမ်း'** ကြီးတွင် ရေးသားဖော်ပြခဲ့၏။ ပလေတိုကား နိုင်ငံရေးအားဖြင့် အလွန် စိတ်ကူးယဉ်ခဲ့သူ တစ်ဦးသာ ဖြစ်သည်။ ဘီစီ ၃၄၇ တွင် ပလေတို ကွယ်လွန် အနိစ္စ ရောက်ခဲ့လေသည်။

## ပလေတိုအတွေးအမြင်များ၏ ကျောထောက်နောက်ခံများ

'ပလေတို' ၏ အတွေးအခေါ်များတွင် 'ပိုက်သဂိုရပ်'၊ 'ပါမင်နဒီ'၊ 'ဟေရာကလိုက်တပ်'၊ 'ဆိုကရေးတီ' နှင့် စပါးတားပြည်နယ်သားတို့၏ အတွေးအခေါ် အယူအဆများသည် အတော်အတန် လွှမ်းမိုးနေလေသည်။ ပိုက်သဂိုရပ်ထံမှ သင်္ချာဗေဒ ဆိုင်ရာ အယူအဆများကို 'ပလေတို' က ရယူခဲ့သည်။ 'ပါမင်နဒီ' ထံမှမူ အမှန်တရားသည် အချိန်အားဖြင့် ကန့်သတ်မှုကင်း၍ ထာဝရ တည်ရှိနေသည်ဟူသော ယုံကြည်မှုကို ခံယူခဲ့ပေသည်။ ပြောင်းလဲမှုဆိုသည်မှာ အထင်အမြင်မှားဖွယ်ရာသာ ဖြစ်သည် ဟူသော အယူအဆကို ပလေတိုသည် 'ပါမင်နဒီ' ထံမှ ရရှိခဲ့၏။ 'ဟေရာကလိုက်တပ်' ထံမှမူ အာရုံခံစားမှုအားဖြင့် သိနိုင်သော ဤကမ္ဘာလောကကြီးတွင် မည်သည့် အရာမျှ နိစ္စထာဝရတည်မြဲခြင်း မရှိဟူသော အယူအဆကို ရရှိခဲ့ပေသည်။

'ပလေတို'သည် စပါးတားနိုင်ငံကို အလွန်တရာ မြတ်နိုးလေးစားခဲ့၏။ အဘယ်ကြောင့်ဆိုသော် စပါးတားနိုင်ငံကဲ့သို့ ကြံ့ခိုင်တည်မြဲသော နိုင်ငံမျိုးသည် သာလျှင် သူ စိတ်ကူးယဉ်ထားသော သမ္မတနိုင်ငံမျိုးနှင့် နီးစပ်သောကြောင့် ဖြစ်ပေသည်။ အထူးသဖြင့် 'ပလေတို'အား ဆွဲဆောင်ခဲ့သည်မှာ စပါးတားနိုင်ငံ၏ စစ်မှုစစ်ဟန်ရှိသော အုပ်ချုပ်ရေးအဖွဲ့အစည်းပင် ဖြစ်၏။

'အသိပညာ အားလုံးသည် ယေဘုယျနာမ်များနှင့် ဆင်ခြင်တုံတရား စသည်တို့မှသာ ရရှိနိုင်ပေသည်' ဟူသော 'ဆိုကရေတီ' ၏ သဘောထားကို

http://www.cherrythitsar.org


'ပလေတို'က လက်ခံခဲ့သည်။ ဤသဘောထားအရ ယေဘုယျနာမ် ဆိုသည်မှာ ယေဘုယျ အယူအဆ တစ်ရပ်ဖြစ်ပြီး ပြောင်းလဲခြင်း ပျက်စီးခြင်းမရှိ ထာဝရ တည်မြဲ၍ နေပေသည်။ ဤယေဘုယျနာမ်မျိုးမှ ယထာဘူတကျသော အမှန်တရား ကို ပေးစွမ်းနိုင်သည်ဟု ပလေတိုက ယုံကြည်သည်။

ပလေတို၏ အတွေးအခေါ်များအနက် 'ယေဘုယျနာမ် သဘောတရား'သည် အဓိက အကျဆုံးနှင့် အပေါ်လွင် အထင်ရှားဆုံး အစိတ်အပိုင်းပင် ဖြစ်သည်။

## 'ပလေတို'၏ ယေဘုယျနာမ်များ

'ပလေတို'သည် ယေဘုယျနာမ် သဘောများကို အထူးအလေးပေး၍ တွေးခေါ်ခဲ့၏။ 'ယေဘုယျနာမ်'ဟု ဆိုရာတွင် 'ပလေတို'က ဖြစ်နိုင်သမျှသော ယေဘုယျ ပြုခြင်းများကို ဆိုလိုပေသည်။ ပုဂ္ဂလိကနာမ်တို့သည် သီးခြားတည်နေ သော အရာဝတ္ထု တစ်ခုခုအတွက် ရပ်တည်နေကြသကဲ့သို့ပင် ယေဘုယျနာမ်များ သည် ယေဘုယျ ပုံစံများ ဖြစ်ကြသည်။ 'ပလေတို' အလိုအရ ယေဘုယျနာမ် များသည် သီးခြား အရာဝတ္ထုများထက် သာလွန်၍ စစ်မှန်သည်။ အကြောင်းမှာ အတွေ့အကြုံလောကရှိ သီးခြား ဝတ္ထုပစ္စည်းတို့သည် ပြောင်းလဲပျက်စီး လွယ်တတ်ပြီး ယေဘုယျနာမ်များမှာမူ မည်သည့်အခါတွင်မျှ မပြောင်းလဲဘဲ ထာဝရ တည်နေ ကြသောကြောင့်ပင်တည်း။

ဤနေရာ၌ 'ယေဘုယျနာမ်' ဟု ခေါ်သော ပလေတို၏ နာမ်သဘောတရား ကို နားလည်ရန် အထူးလိုပေသည်။ ယေဘုယျနာမ်တရားဆိုသည်မှာ ဤလောကရှိ သီးခြား တည်နေသော ဝတ္ထုများအားလုံးနှင့် သက်ဆိုင်သော ယေဘုယျ သရုပ် သဏ္ဍာန် ပုံစံများ ဖြစ်ကြသည်။ ရှင်းလင်းသော ဥပမာများဖြင့် ပြရသော် မောင်ဘ၊ မောင်လှ၊ အင်္ဂလိပ်၊ မြန်မာ စသည်ဖြင့် လူပုဂ္ဂိုလ် အမျိုးမျိုး အစားစား ရှိကြသော် လည်း ထိုတစ်ကွဲတစ်ပြား တစ်သီးတစ်ခြား ရှိနေကြသော သတ္တဝါအားလုံး၌ တူညီသော ယေဘုယျနာမ် တစ်ခု ရှိကြသည်။ ထိုနာမ်တရားသည် အခြား မ ဟုတ်။ ၎င်းတို့အားလုံးသည် 'လူ' များပင် ဖြစ်ကြသည်။ 'လူ' ဟူသည်မှာ ၎င်း သီးခြား ပုဂ္ဂလိက တည်နေကြသော၊ ပုဂ္ဂိုလ်အားလုံး အကြုံးဝင်သော 'ယေဘုယျ ပုံစံ' (Universal Form) ဖြစ်သည်။ မောင်ဘ၊ မောင်လှ၊ ဂျွန်၊ ဝီလျံ စသူတို့သည်ဒြပ်ရှိ သီးခြား ရုပ်ဝတ္ထုများ ဖြစ်၍ သင်္ခါရသဘောအားဖြင့် ပျက်စီးပျောက်ကွယ် သွား ကြမည်။ သို့သော် 'လူ' ဆိုသော 'ယေဘုယျပုံစံ' တစ်ခုသည်ကား အဘယ်သော

http://www.cherrythitsar.org


အခါမျှ ပျောက်ပျက်သွားမည် မဟုတ်၊ ထာဝရ တည်မြဲနေမည်သာ ဖြစ်သည်။

အလားတူပင် တသီးတခြား ဘဝတစ်ခုစီနှင့် ရပ်တည်နေကြသော မြင်းတစ်ကောင်စီ၊ တစ်ကောင်စီသည် မမြဲ၊ မတည်၊ တစ်နေ့တွင်ဖောက်ပြန် ပျက်စီးသွားမည်။ သို့သော် 'မြင်း ဖြစ်ခြင်း' တည်းဟူသော ('မြင်း' ဆိုသော) ယေဘုယျပုံစံကား ထာဝရ အမြဲတည်နေမည်သာ ဖြစ်သည်။

ပလေတိုအလိုအရ ယေဘုယျပုံစံတို့သည်ကား ရုပ်ပစ္စည်းများ မဟုတ်၊ နာမ်တရားများသာ ဖြစ်သော်လည်း စိတ်ကူးရုပ်များ မဟုတ်ကြချေ။ ပကတိတည်နေနိုင်သော အရာများ ဖြစ်၍ ရုပ်ဝတ္ထုများထက်ပင် ပို၍ စစ်မှန်ပေသေးသည်။ ပလေတိုက ယေဘုယျနာမ်တရားများသည် ပညတ်များ မဟုတ်၊ ပရမတ်တရားများသာ ဖြစ်သောကြောင့်လည်းကောင်း၊ ထာဝရ တည်မြဲသောကြောင့်လည်းကောင်း ဤရုပ်လောကထဲရှိ သီးခြားတည်နေသော ဝတ္ထုပစ္စည်းများနှင့် နှိုင်းစာလျှင် အဆ အရာအထောင်ပို၍ စစ်မှန်ကြသည်ဟု ဆိုသည်။ ဤသို့ ဆိုခြင်းမှာ ယေဘုယျနာမ်များမှ ထာဝရ ပရမတ်တရားများ ဖြစ်ပြီး ဤလောကပစ္စည်းများမှာ ဖောက်ပြန်လွယ်သော သင်္ခါရတရားများ ဖြစ်သောကြောင့်တည်း။

မဖောက်ပြန်သော ထာဝရပစ္စည်းများအဖြစ် တစ်ကမ္ဘာတွင် ရပ်တည်နေကြသော အဆိုပါ ယေဘုယျပုံစံ နာမ်တရားများကို ကျွန်ုပ်တို့သည် မတွေ့မမြင်နိုင်၊ သို့ မတွေ့မမြင်နိုင်ဘဲ ၎င်းတို့ ရှိကြောင်းကို မည်ကဲ့သို့ သိနိုင်ပါသနည်းဟု မေးလာသော် ပလေတိုက ထိုယေဘုယျနာမ်တရားများကို အကြင်သူသည် သိလိုငြားအံ့၊ ထိုသူသည် ၎င်း၏ အာရုံခံစားမှုများဖြင့် ထိုတရားတို့ကို ထိတွေ့လို၍ မရ။ အာရုံသိမည်သည် ဤလောကမှ မတည်မြဲသော ဖောက်ပြန်သော ပစ္စည်းတို့အကြောင်းကိုသာ သိနိုင်ခွင့် ရှိသော အရာ ဖြစ်၏။ ထို့ကြောင့် ထိုသူသည် ယေဘုယျနာမ်(ပရမတ်တရား)များကို စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ စသည် အာရုံတို့ဖြင့် မရှုစားအပ်၊ ဆင်ခြင်တုံတရားတည်း ဟူသော 'ဉာဏ်သိ' မျိုးဖြင့်သာ ထွင်းဖောက်သိမြင်အပ်ပေသည်ဟု ဆိုခဲ့လေသည်။

ယေဘုယျနာမ်တရားတို့သည် တစ်ကမ္ဘာ တစ်လောက တည်နေကြသည်။ ထိုလောကမှသာ စစ်မှန်သော လောကဖြစ်၍ ကျွန်ုပ်တို့၏ ရုပ်လောကသည်ကား ဖောက်ပြန်လွယ်သော လောက၊ မစစ်မှန်သော လောက ဖြစ်သည်ဟု ပလေတို ယုံကြည်သည်။ ပမာပုံ ဆိုသော် ဤရုပ်လောကမှာ အထက်ပါ နာမ်လောကကြီး၏ အရိပ်အရောင်အဖြစ် တည်နေသော အသွင်သဘောရှိသော လောကသာ ဖြစ်သည်။

ပလေတိုအဖို့ ဤယေဘုယျ နာမ်တရားတို့သည်သာလျှင် လောက ခပ်သိမ်း၏ ထာဝရ အခြေခံတရားများ ဖြစ်ကြသည်။ တစ်နည်းဆိုသော် မူလဘူတ အခြေခံ သဘောတရားများ ဖြစ်၍ ခပ်သိမ်းသော အရာဝတ္ထုတို့၏ ယေဘုယျ ပုံစံများလည်း ဖြစ်ကြသည်။ ထိုနာမ်တရား (ပုံစံ) များသည် ရုပ်ဝတ္ထုများ မပေါ်ပေါက်မီကပင် တည်ရှိပြီး ဖြစ်၍ ရုပ်ဝတ္ထုတို့ကသာ ထိုပုံစံများအရ လိုက်လျော ဖြစ်ပေါ်လာရသည်။

စဉ်းစားရ လွယ်ကူစေရန် ဉပမာတစ်ခု တင်ပြပါအံ့။ စားပွဲကုလားထိုင်ကို လုပ်လိုသော လက်သမားဆရာ၏ စိတ်၌ စားပွဲကုလားထိုင် ဖြစ်မလာမီ ၎င်း စားပွဲကုလားထိုင်၏ ပုံစံသည် ဦးစွာရှိပြီး ဖြစ်သည်။ ထိုပုံစံကို တည်၍သာ ရုပ်ဝတ္ထုများ ဖြစ်လာရသကဲ့သို့ ယေဘုယျပုံစံများက ဦးစွာ ဖြစ်ပေါ်ပြီးမှ ရုပ်ဝတ္ထုများ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ သို့သော် ပုံစံများ (ယေဘုယျနာမ်) များသည် ရုပ်ဝတ္ထုတို့နှင့် ခြားနားသော သီးခြားနာမ်လောက၌ တည်နေကြခြင်းသာ ဖြစ်သည်ဟု ပလေတို ယုံကြည်သည်။

ပလေတို၏ အတွေးအမြင်များအရ (၁) အဆိုပါ ယေဘုယျ နာမ်တရားများမှာ မရေမတွက်နိုင်အောင်ပင် အမြောက်အမြားရှိကြသည်။ (၂) ထိုယေဘုယျ နာမ်တရားများသည် လောက ပစ္စည်းများထက် စစ်မှန်မှု၌ လည်းကောင်း၊ တန်ဖိုးရှိမှု၌ လည်းကောင်း ကဲလွန်သည်။ (၃) ထိုယေဘုယျ နာမ်တရားများသည် ပုဂ္ဂလဓိဋ္ဌာန်များ မဟုတ်၊ ဓမ္မဓိဋ္ဌာန်များသာ ဖြစ်သည်။ (၄) ၎င်းတို့မှာ ကာလ ဒေသ ခွဲခြားမှု မရှိစေကာ၊ ထာဝရမဖောက်ပြန်သော အရာများသာ ဖြစ်ကြ၏။ (၅) ထိုယေဘုယျနာမ်များအနက် ကောင်းမြတ်ခြင်းတရားတည်း ဟူသော နာမ်သည် အမြင့်ဆုံးသော နာမ်တရား ဖြစ်သည်။ (၆) ထိုယေဘုယျနာမ်တရားတို့ကိုကား ဆင်ခြင်တုံတရား (ဉာဏ်)နှင့်သာ သိမြင်နိုင်သည်။

အထက်ပါ သဘောအယူအဆများကို အတွေးအမြင်သမိုင်း၌ ပလေတို၏ ယထာဘူတဝါဒ (Realism) ဟုလည်း ခေါ်ကြလေသည်။ ဤအယူအဆများသည် အလယ်ခေတ်တွင် ထွန်းကားသော ခရစ်ယာန်ကျမ်းတတ်တို့၏ 'ကျောင်းတော်ဝါဒ' ၌ များစွာ လွှမ်းမိုးခဲ့သည်။

## ဒိုင်ယာလက်တစ်နည်းနှင့် သိမှုဗေဒ

တွေးခေါ်ရှင်တစ်ဦးသည် မိမိ ခေတ်ကာလအတွင်း ဖြစ်ပေါ်နေသော

http://www.cherrythitsar.org


ပြဿနာများနှင့် ရင်ဆိုင်ရတိုင်း ထိုပြဿနာ၏ အဖြေကို ရှာပေးတတ်ကြသည်။ ပလေတိုခေတ်တွင် အတွေးအမြင် ပညာ၌ သိမှုဗေဒဆိုင်ရာ ပြဿနာကြီးနှင့် ရင်ဆိုင်နေရသည် ဖြစ်၍ ထိုပြဿနာမှ ထွက်ရပ်လမ်းကို ပလေတို ရှာရပြန်သည်။ သဘာဝတရား၏ အစ၊ သဘာဝလောက၏ အချင်းအရာများကို စဉ်းစားတွေးခေါ်တိုင်း ထိုတရားကို လူသားသည် အဘယ်သို့ သိနိုင်သနည်းဟူသော ပုစ္ဆာသည် ပေါ်ပေါက်လာပေမည်။ ဆိုဖီဆရာကြီးများ ဟောကြားခဲ့သကဲ့သို့ပင် ပလေတိုကလည်း လောကနှင့် ပတ်သက်သော စစ်မှန်သည့် အသိပညာကို အာရုံသိဖြင့် မရနိုင်ဟု မြင်သည်။ အထင်အမြင် အယူအဆတို့သည် မှန်နိုင် မှားနိုင် ကောင်းပေ၏။ အကယ်တိ အထင်အမြင် တစ်ခုကို မှန်ပါသည်ဟု အခိုင်အမာ သက်သေထူပြနိုင်စေကာမူ ထိုကဲ့သို့သော အသိပညာမျိုးမှာ လူ၏ အတ္တနောမတိသို့ လိုက်သည်။ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟသို့ လိုက်တတ်သည် ဖြစ်၍ အဖိုးမတန်ဟုလည်း ပလေတို မြင်သည်။

ပလေတိုအနေနှင့် ဆိုလျှင် လူကို 'ဆင်ခြင်ဉာဏ်ရှိသော သတ္တဝါ' ဟုသာ ရှုမြင်ထားသည် ဖြစ်ရကား စစ်မှန်သော အသိပညာသည် ဆင်ခြင်တုံတရားဖြင့် ရအပ်သော အသိပညာမျိုးသာ ဖြစ်သည်ဟု ဆိုခဲ့လေသည်။ သို့ရာတွင် များသောအားဖြင့် လူတို့သည် မိမိ ပြုမူနေသည့် အပြုအမူများကို ပြုရိုးပြုစဉ်အတိုင်း ပြုမူနေကြစေကာမူ ထိုကဲ့သို့ အဘယ်ကြောင့် ပြုကျင့်နေရပါသနည်းဟု မသိနားမလည် မတွေး မဆင်ခြင်တတ်ကြပေ။

လူတို့၏ သာမန်လုပ်နေကြသည့် လုပ်ပုံ ကိုင်ပုံများကို ကြည့်ပါက လူ့ဇီဇ ပတ်ဝန်းကျင် ထုံးတမ်းစဉ်လာများကို လိုက်၍သာ လုပ်နေကြသည် ဖြစ်ရကား ပုရွက်ဆိတ်များ၊ ပျားအုံများနှင့်ပင် တူလှပေတော့သည်။ လူတို့သည် အများအားဖြင့် မိမိ (တစ်ကိုယ်) ပျော်ရွှင်ချမ်းသာရေး၊ အကျိုးအမြတ် ရရှိရေးအတွက် တစ်ကိုယ်ကောင်းစိတ်နှင့် လုပ်နေကြသည်သာ ဖြစ်၏။ တစ်နည်းဆိုလျှင် လူအများမှာ သတိလက်လွတ်၊ ကိုယ်ကျိုးရှာ၊ ဆိုဖီဆရာများနှင့်သာ တူနေကြောင်း ပလေတိုက ပုံခိုင်း၍ ဆိုခဲ့လေသည်။ ထိုကဲ့သို့ ဖြစ်နေရခြင်း၏ အကြောင်းကို ရှာသော် လူတို့သည် အစစ်အမှန် သဘောနှင့် အသွင်သဏ္ဍာန်သဘောကို မခွဲခြားနိုင်၊ ပျော်ရွှင်မှုနှင့် ကောင်းမြတ်ခြင်းသဘောကို မခွဲခြားနိုင်သည့်အတွက် ဖြစ်ကြောင်းကို ပလေတိုက ဟောကြားခဲ့သည်။

ပလေတို အလိုအရ စစ်မှန်သော အသိပညာကိုမူ အာရုံခံကမ္ဘာမှ ခွဲထွက်၍ အစစ်အမှန်ကို လိုချင်မက်မောသော စိတ်ဖြင့် ရှာမှသာ ရနိုင်ကြောင်း၊ ထိုသို့

http://www.cherrythitsar.org


ရှာရာတွင်လည်း ဒိုင်ယာလက်တစ်နည်း သည်သာလျှင် အခိုင်အမာဆုံး ဖြစ်ကြောင်း ဟောကြားပြန်သည်။

ဒိုင်ယာလက်တစ်နည်း ဆိုသည်မှာ မဇ္ဈိမ ပဋိပဒါ နည်းပင် ဖြစ်သည်။ ပလေတို၏ ဒိုင်ယာလက်တစ် နည်းအရ စစ်မှန်သော အသိပညာကို လိုသော် အာရုံသိ နယ်ပယ်က ထွက်၍ ထိုထက် မြင့်မားသော ဉာဏ်သိ (ဓမ္မာရုံသိ) (Conceptual Knowledge) သို့ တက်လှမ်းနိုင်ရမည်။ တစ်နည်းဆိုရသော် သီးခြား ပုဂ္ဂလိက တည်နေသော ရုပ်လောကကို ကျော်လွန်၍ ယေဘုယျဖြစ်သော အကြွင်းမဲ့ ထာဝရသဘောတို့ကို ဆင်ခြင်နိုင်ရမည်ဟု ဆိုလိုသည်။ ပလေတို၏ ဒိုင်ယာလက်တစ် နည်းအရ ဦးစွာ လောကရှိ ကွဲပြားခြားနားစွာ တည်နေသော သီးခြား ရုပ်ဝတ္ထု ပစ္စည်းများကို တစ်ခုတည်းသော သဘောဖြင့် စုစည်း ရှုမြင်နိုင်ရမည်။ ဥပမာ လောကထဲရှိ သီးခြား ရုပ်တည်နေကြသော လူသားများကို မောင်ဖြူ၊ မောင်နီ၊ ဝွန်၊ ဝီလျံ၊ အင်္ဂလိပ်၊ မြန်မာ၊ ရှမ်း၊ ကချင် စသည် ခွဲမကြည့်ဘဲ အားလုံး 'လူသား' ချည်းပါတကားဟု စုစည်း ရှုမြင်နိုင်ရမည်။ ထို့နောက်မှ မျိုးတူစု ဂုဏ်တူစု ခွဲ၍ ရှုမြင်နိုင်ရမည်။ သို့မှသာ သီးခြား ဝတ္ထုပစ္စည်းတို့နယ်မှ တက်၍ ယေဘုယျ သဘောများ 'နာမ်' သဘောများကို ထင်မြင်နိုင်ပေမည်။ ဤသို့ တွေး ခေါ်ရာ၌ ကျွန်ုပ်တို့သည် ဉာဏ်သိနယ်ပယ်၌သာ ကျက်စားရပေမည်။ ဒိုင်ယာ လက်တစ် ဆိုသည်မှာလည်း ဉာဏ်သိနယ်တွင် ဆင်ခြင်သော အတတ်သာ ဖြစ် သည်ဟု ဆိုလေသည်။

ပလေတို၏ ဒိုင်ယာလက်တစ် နည်းမှာ ရုပ်လောကနှင့် မဆိုင်ပေ။

ဉာဏ်သိ (ဝါ) ယေဘုယျသဘောကို သိသော အသိမှန်သမျှမှာ စိတ်ကူး အထင်အမြင် မဟုတ်ဘဲ၊ တွေးခေါ်မှု၏ ပဓာန ရင်းမြစ် အဆောက်အအုံများသာ ဖြစ်ကြကြောင်း ဆင်ခြင် သိမြင်ရန် လိုအပ်ပေသည်ဟုလည်း ပလေတို ရှုမြင်သည်။

ပလေတို ဖော်ပြခဲ့သော ဥပမာကိုပင် ဖော်ပြလိုက်ပေတော့မည်။

ပလေတိုက 'တရားမျှတခြင်း' ဟူသော ယေဘုယျ သဘောတရားကို အာရုံဖြင့် မသိနိုင်။ ထို့ကြောင့် အာရုံ အတွေ့အကြုံက စ၍ ပေါ်ပေါက်လာသော စကား မဟုတ်ဟု ဆိုသည်။ သို့ဖြစ်ရကား 'တရားမျှတခြင်း' ဆိုသော ဤသဘော ကို အဘယ်မည်သော ဝတ္ထုပစ္စည်းမျိုးကမျှ တရားကို ထုတ်ယူခြင်း (Abstraction) ဖြင့် မရနိုင်။ ထို့ကြောင့် ဤသဘောသည် နာမ်တရား သက်သက် ဖြစ်သည်။ ဆင်ခြင်ခြင်းဖြင့်သာ သိနိုင်သည်ဟု ဆိုခဲ့လေသည်။

အလားတူပင် လုပခြင်း၊ ကောင်းမြတ်ခြင်း စသော ယေဘုယျ တရားတို့

http://www.cherrythitsar.org



သိလာသည်ဟု မဆိုနိုင်။ အကြောင်းမူကား ဤလောကရှိ ဝတ္ထုပစ္စည်းတို့တွင် လှပခြင်း၊ ကောင်းမြတ်ခြင်း ဟူသော ပစ္စည်းသည် မရှိသောကြောင့်တည်း။ သို့ဖြစ်ပေရကား၊ စစ်မှန်သော အသိပညာကို လိုသော် အာရုံသိ (အတွေ့အကြုံသိ) ဖြင့် မရစကောင်း၊ ဉာဏ်သိ (ဆင်ခြင်သိ)ဖြင့်သာ ရစကောင်းသည်ဟု ပလေတိုက တွေးခေါ် မြော်မြင်ခဲ့ပေသည်။

## ပလေတို၏ ကိုယ်ကျင့်တရားဆိုင်ရာအမြင်

ပလေတို၏ အတွေးအမြင်များသည် သူ့ဘဝနှင့် ဆက်စပ်နေလေသည်။ ဆိုကရေးတီအား အေသင် ဒီမိုကရေစီစနစ်က သတ်ဖြတ်လိုက်သည်ကို မြင်ရသည့်အချိန်ကစ၍ ပလေတိုသည် လူတို့၏ ကိုယ်ကျင့်တရား သဘောကို စောကြောလာခဲ့လေသည်။

ကိုယ်ကျင့်တရားနယ်၌ အဘယ်မည်သော အပြုအမူသည် ကောင်းမြတ်ပါသနည်း။ အပြုအမူ တစ်ရပ်၏ ကောင်းမြတ်ခြင်းကို ထားပေဦး။ ဤ 'ကောင်းမြတ်ခြင်း' မည်သော စကား၏ အနက် အဓိပ္ပာယ်နှင့် သဘောအယူအဆတို့ကား အဘယ်သို့ ရှိပါသနည်း။ ကောင်းမြတ်သော ဘဝဟူသည်ကား အဘယ်သို့သော ဘဝပေနည်း။

ကောင်းမြတ်သော ဘဝသည် ရှိအံ့။ ထိုဘဝသည် ကောင်းမြတ်သော ဘဝ ဖြစ်ပါသည်ဟု ဆင်ခြင်ခြင်းဖြင့် မည်သို့ သိနိုင်ပါသနည်း။ အသိဉာဏ်ရှိ လူသားသည် မည်သို့ ပြုမူ ဆောင်ရွက်သင့်သနည်း။ ထိုသို့ ဆောင်ရွက်သင့်သော အမှုတို့၌ လိုက်နာအပ်သော စည်းမျဉ်းကား အဘယ်နည်း။

အထက် ဖော်ပြပါ မေးခွန်းပြဿနာအရပ်ရပ်အတွက် စနစ်တကျ မဟုတ်စေကာ လိုအပ်သော အုတ်မြစ်ကို ဆိုကရေးတီက ချပေးခဲ့သည်။ အထက်ပါ ပြဿနာတို့ကို ဖော်ထုတ်ပြီး ပလေတိုသည် သူ၏ လောကအမြင်များကို အခြေပြု၍ ဖြေရှင်းခဲ့လေသည်။

ပလေတို အမြင်အရ ကောင်းမြတ်ခြင်း၏ အနက် အဓိပ္ပာယ် သဘောလက္ခဏာတို့သည် လည်းကောင်း၊ လူ့ဘဝ တန်ဖိုးများ၏ အချင်းအရာ လက္ခဏာတို့သည်လည်းကောင်း၊ လောကကြီးတစ်ခုလုံးနှင့် လူသား၏ သဘောသဘာဝထဲတွင် အကြိုးဝင်နေသည်ဟု မြင်သည်။ တစ်နည်းဆိုရလျှင် ပလေတို၏ ကိုယ်ကျင့်တရားပညာသည်လည်း သူ၏ သိမှုဗေဒကဲ့သို့ပင် သူ၏ မက်တာဖိစိပေါ်တွင်

http://www.cherrythitsar.org


တည်ထားသည်ကို တွေ့ရသည်။

ဤစကြာဝဠာကြီး၏ အခြေခံသဘောသည် ဆင်ခြင်တုံတရားနှင့် ပြည့်ဝသည်။ အသိနှင့် ယှဉ်သည်ဟု မြင်သည်။ လောကထဲရှိ ရုပ်ဝတ္ထု ပစ္စည်းတို့မှာကား အစဉ် ဖောက်လွှဲဖောက်ပြန် ပြောင်းလဲ ပျက်စီးနေကြသည် ဖြစ်၍ အကြွင်းမဲ့ မှန်ကန်မှု မရှိချေ။ အရိပ်အသွင်များသာ ဖြစ်ကြပေသည်။ ထို့ကြောင့်လည်း တန်ဖိုး တစ်စုံတစ်ရာ မရှိချေ။ ထာဝရ တည်နိုင်ခွင့် ရှိသော အရာတို့သာ စစ်မှန်ကြသည် ဖြစ်၍ တန်ဖိုးလည်း ရှိကြသည်။

ဆင်ခြင်တုံတရားသည်ကား အမွန်မြတ်ဆုံးသော ယေဘုယျ သဘောတို့ကို သိနိုင်သည် ဖြစ်သောကြောင့် တန်ဖိုး အရှိဆုံးဟု ဆိုရပေမည်။ လူတွင်လည်း ဆင်ခြင်ဉာဏ် အပိုင်းသာ တန်ဖိုးရှိသော အပိုင်းမည်ပေတော့သည်။ လူ၏ ခန္ဓာကိုယ်သည် လူ့ဝိညာဉ်ကို ချုပ်နှောင်ထားသည့် အကျဉ်းထောင်နှင့် တူသည်။ ဝိညာဉ်ကို ထိုထောင်က လွတ်မြောက်အောင် ဆောင်ကြဉ်းနိုင်သော သတ္တိသည် လူ၏ ဆင်ခြင်ဉာဏ်သာ ဖြစ်ပေတော့သည်။ ထိုကဲ့သို့ 'လွတ်မြောက်ခြင်း' သည်သာလျှင် လူ့ဘဝ၏ အဆုံးသတ် (အန္တိမ) ရည်မှန်းချက် ဖြစ်ကြောင်း ပလေတိုက ဟောကြားခဲ့လေသည်။

သို့ရာတွင် ထိုကဲ့သို့ ဘဝ၏ လွတ်မြောက်မှုကို မရနိုင်သေးမီ ရင်ဆိုင်လာရသော ပြ သနာတိုင်း၌ အသိဉာဏ်က ဦးဆောင် ဖြေရှင်းပေးရမည်။ အကြင်သူသည် ဆင်ခြင်တုံတရား (အသိဉာဏ်)၏ ကွပ်ကဲ စောင့်ရှောက်မှုဖြင့်သာ အရာရာကို ပြုကျင့်သည်ဖြစ်အံ့၊ ထိုသူသည်သာလျှင် ပညာရှိ မည်ပေတော့သည်။ အကြင်သူသည် ဒုက္ခ သုခ တို့ဖြင့် ရင်ဆိုင်ရသောအခါ၌ အဘယ်အရာကား ကြောက်သင့်၏။ အဘယ်အရာကား မကြောက်သင့်ဟူသော တရားကို ဆင်ခြင်ဉာဏ်ဖြင့် သိ၏။ ထိုသူသာလျှင် ရဲရင့်သောသူ ဖြစ်ပေတော့သည်။ အကြင်သူသည် ပျော်ရွှင်ခြင်း၊ ရမ္မက် ပြင်းပြခြင်း စသော တရားတို့၌ ဆင်ခြင်ဉာဏ်ဖြင့် စေစား၍သာ ပြုကျင့်၏။ ထိုသူသည် မိမိကိုယ်ကို ကောင်းစွာ စောင့်ထိန်းနိုင်သူတည်း။

ဤမည်သော ပညာရှိခြင်း၊ ရဲရင့်ခြင်း၊ ကိုယ်ကို စောင့်ထိန်းခြင်း စသော တရားတို့ဖြင့် ပြည့်စုံသော အပြုအမူ မှန်သမျှသည် သင့်တင့်လျှောက်ပတ်သော အပြုအမူ ဖြစ်၏။ ထိုအပြုအမူမျိုးကိုသာ ပြုကျင့်သူသည် တရားမျှတမှု ရှိသူတည်းဟု ပလေတိုက ဟောကြားခဲ့လေသည်။ ဤကား ပလေတို၏ ကိုယ်ကျင့်တရားအမြင်ကို ခြုံ၍ ပြလိုက်ခြင်း ဖြစ်ပေသည်။

http://www.cherrythitsar.org


## ပလေတို၏ နိုင်ငံရေးအတွေးအမြင်

ပလေတို၏ နိုင်ငံရေး အတွေးအမြင်များသည် သူ၏ ကိုယ်ကျင့်တရားဆိုင်ရာ အတွေးအမြင်များပေါ်တွင် တည်နေပြန်သည်။ နိုင်ငံရေး အတွေးအမြင်များကို ပလေတိုသည် သူ၏ သမ္မတနိုင်ငံ (Republic) ကျမ်းတွင် အကျယ်ဖွင့်ဆို ရေးသား ခဲ့၏။

ကိုယ်ကျင့်တရား ပညာ၌ ဆင်ခြင်တုံ တရားနှင့် ပြည့်ဝသော ဘဝသည် သာလျှင် ကောင်းမြတ်သော ဘဝ ဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးသည် လူ့အဖွဲ့အစည်း တစ်ရပ်နှင့် ကင်းပ၍ မရပ်မတည်နိုင်ကြောင်း ဖော်ပြခဲ့သည်။ အလားတူပင် သူ၏ နိုင်ငံရေးအမြင်တွင် 'နိုင်ငံ' (ဝါ) အစိုးရ (State) ဟူသော သဘောကို ရှုမြင်ရာ၌ နိုင်ငံဆိုသည် လူအများအား ကောင်းမြတ်သော ဘဝ၊ ပျော်ရွှင်ချမ်းမြေ့သောဘဝ နှင့် ရပ်တည်နိုင်စွမ်း ရှိစေစိမ့်သောငှာ ၎င်း၏ တရားဥပဒေများဖြင့် စောင့်ရှောက် ပေးသောအရာ ဖြစ်သည်ဟု ဖော်ပြခဲ့လေသည်။

လူမှုဆက်ဆံရေး ဘဝသည် ပုဂ္ဂလိက လူသားအား ကောင်းမြတ်အောင် ဆောင်ကျဉ်းသော အရာသာ ဖြစ်သည်။ လူ့ဘဝ၏ အဆုံးကား မဟုတ်ဟုလည်း ဆိုသည်။

စင်စစ် ပုဂ္ဂလိက လူသားသည် မိမိ၏ အတ္တဟိတကို လူ့အဖွဲ့အစည်း တစ်ခုလုံး၏ ပရဟိတအတွက် စွန့်လွှတ်နိုင်ရမည်။ အကြောင်းမူကား လူတစ်ဦး၏ ကောင်းမွန်သော ဘဝသည် လူ့အဖွဲ့အစည်း တစ်ခုလုံးနှင့် ဆက်စပ်နေသောကြောင့် ဖြစ်သည်။

ပလေတို အလိုအရ လူသားမှန်သမျှသာ အသိပညာနှင့် ပြည့်စုံသည်ဖြစ်၍ ကောင်းမွန် မြင့်မြတ်ကြမည် ဆိုပါလျှင် နိုင်ငံ တစ်နိုင်ငံတွင် ဥပဒေလည်း မလို တော့ပေ။ သို့ရာတွင် ထိုကဲ့သို့ လူတိုင်း မကောင်းနိုင်သေးသရွေ့ ဥပဒေ လိုနေ ပေမည်။ ထို့ကြောင့် 'နိုင်ငံ' ဆိုသော သဘောတစ်ခုသည် လူ့သဘာဝ၏ ချွတ်ယွင်း ချက်၊ ခြောက်ပြစ် မကင်းနိုင်မှုတို့ကြောင့် ဖြစ်လာရသည်ဟု ပလေတို နားလည် ခဲ့လေသည်။

လူ့အဖွဲ့အစည်း မှန်သမျှတွင် လူတန်းစားများ ရှိကြသည်။ ထိုလူတန်းစား များ၏ အချင်းချင်း သင့်တင့်ညီညွတ်မှုကို တည်ဆောက်ရမည်။ ထိုသို့ တည် ဆောက်ရာ၌ ဆင်ခြင်ဉာဏ်သည် အဓိက အရေးကြီးလာပြန်သည်။ သို့ဖြစ်ရပေကား ဆင်ခြင်ဉာဏ် ကြီးမားသော တွေးခေါ်ရှင်တို့သည်သာလျှင် အုပ်ချုပ်သူ လူတန်းစား

http://www.cherrythitsar.org


ဖြစ်သင့်သည်ဟု ပလေတိုက အခိုင်အမာ ဆိုလေသည်။

ပလေတိုသည် သူ၏ နိုင်ငံရေး သဘောတရား၌ စိတ်ကူးယဉ် စံပြနိုင်ငံကြီးကို လောကနိဗ္ဗာန်အဖြစ် တည်ဆောက်ရန် ကြိုးပမ်းခဲ့သူ ဖြစ်သည်။

သူ၏ နိုင်ငံရေး တွေးခေါ် မြော်မြင်ရေး သဘောတရားတွင် အဓိကရည်ရွယ်ချက်မှာ အေသင်ကို စပါးတားနိုင်ငံကဲ့သို့ တည်တံ့ခိုင်မြဲသော လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် တည်ထောင်ရန် ဖြစ်ပေသည်။ သူသည် ဤကမ္ဘာမြေပြင်ပေါ်တွင် အနန္တတန်ခိုးရှင် မြို့တော်မျိုးကို တည်ဆောက်လိုသည်။ သူ ရေးသားခဲ့သော 'သမ္မတနိုင်ငံ' စာအုပ်၏ အဓိက အခန်းမှာ စိတ်ကူးယဉ် လောကနိဗ္ဗာန်တစ်ခုတည်ဆောက်ရန်ပင် ဖြစ်သည်။

အဆိုပါ သမ္မတနိုင်ငံတည်းဟူသော စိတ်ကူးယဉ် လူ့အဖွဲ့အစည်းရှိ တိုင်းသူပြည်သားများတွင် လူတန်းစား သုံးမျိုး ပါဝင်ရမည်။ ၎င်းတို့မှာ (၁) ကာယလုပ်သားသို့မဟုတ် ကုန်ပစ္စည်း ထုတ်လုပ်သူ လူတန်းစား၊ (၂) စစ်သည် ရဲမက် လူတန်းစားနှင့် (၃) တရားသူကြီး သို့မဟုတ် အုပ်စိုးသူ လူတန်းစားများ ဖြစ်ကြ၏။ 'ပလေတို' ၏ စိတ်ကူးယဉ် လူ့အဖွဲ့အစည်းတွင် လူတန်းစား သုံးရပ်တို့သည် သူ့အခန်းနှင့် သူ ပါဝင်ကြရမည်။ ကာယလုပ်သားတို့သည် စိုက်ပျိုးရေးနှင့် အခြားလုပ်ငန်း အဝဝကို တာဝန်ယူ လုပ်ဆောင်ကြရမည်။ ၎င်းတို့အနေနှင့် ကုန်ကူးသန်းရောင်းဝယ်ခြင်းများကိုလည်း လိုအပ်သလို လုပ်ကိုင်ဆောင်ရွက်ကြပြီး ကျန်လူတန်းစားနှစ်ရပ်ကို မိမိတို့ လုပ်အားဖြင့် စား–ဝတ်–နေရေး အတွက် အထောက်အပံ့ ပေးကြရသည်။

စစ်သားလူတန်းစား၏ တာဝန်မှာ လူ့အဖွဲ့အစည်းကို စောင့်ရှောက် ကာကွယ်ပေးရန် ဖြစ်သည်။

တရားသူကြီး သို့မဟုတ် အုပ်ချုပ်သူ လူတန်းစားများကိုမူ ဉာဏ်ပညာအရည်အချင်းအလျောက် ရွေးချယ် ကြရပေမည်။ ဤသို့ ရွေးချယ်ခံသူများအနေနှင့် ပုဂ္ဂလိကပိုင် ပစ္စည်း မရှိရချေ။ အမှန်စင်စစ် 'ပလေတို' ၏ လူမှုစီမံကိန်းကြီးတစ်ရပ်လုံးသည် ပညာရေး စနစ်နှင့် အရည်အချင်းပေါ်တွင် မူတည်ထားသည်။

ဤနည်းဖြင့် 'ပလေတို'သည် သူ၏ စိတ်ကူးယဉ် လူ့အဖွဲ့အစည်း၌ အုပ်ချုပ်မည့်သူများမှာ တွေးခေါ်ရှင်ကြီးများ ဖြစ်အောင် ပြုလုပ်ပေးသည်။ ဤသို့ နိုင်ငံအုပ်ချုပ်မှုများတွင် တွေးခေါ်နိုင်စွမ်းနှင့် အုပ်ချုပ်နိုင်စွမ်းကို ပေါင်းစပ်ပေးမှုသည်ပင် 'ပလေတို' လူမှုရေးနှင့် နိုင်ငံရေး တွေးခေါ် မြော်မြင်မှု၏ သော့ချက်သဖွယ် ဖြစ်ပေသည်။

http://www.cherrythitsar.org



'ပလေတို' က ၎င်း၏ စိတ်ကူးယဉ် လူ့အဖွဲ့အစည်းကို အသိပညာရှင်များ၏ ဦးစီး ချုပ်ကိုင်သော လူ့အဖွဲ့အစည်းမျိုး အဖြစ် မြင်သည်။ ထို့ကြောင့် 'ပလေတို' ၏ စိတ်ကူးယဉ် စံပြနိုင်ငံသည် ဒီမိုကရေစီနိုင်ငံ မဟုတ်ချေ။ လူနည်းစုက အုပ်ချုပ် ချယ်လှယ်သော **'အော်တိုကရေစီ'** နိုင်ငံမျိုးသာ ဖြစ်ပေသည်။ သို့ရာတွင် တစ်ခု ချွင်းချက် ထားရမည်မှာကား 'ပလေတို' ၏ လူတစ်စုက ဦးစီး ချယ်လှယ်သော အော်တိုကရေစီ ဝါဒသည် သွေးစွန်းခြင်း မရှိသော ဝါဒ (ဝါ) ဉာဏ်ပညာရှိသူတို့၏ လက်သို့ ဝကွက်၍ အပ်သော ဝါဒ ဖြစ်သည် ဟူသော အချက်ဖြစ်၏။

'ပလေတို' ၏ (ဘုံဝါဒ) အရ အခွင့်အာဏာ စသည်တို့မှာ အထက်လွှာ လူတန်းစား နှစ်ရပ်အတွက်သာ ဖြစ်၏။ ကြွင်းကျန်သော အလုပ်သမား လူတန်းစား အတွက် မပါဝင်သဖြင့် လူ့အဖွဲ့အစည်း တစ်ရပ်လုံးအတွက် မဟုတ်ချေ။ ဤအချက်ကြောင့်ပင် 'ပလေတို' က အထက်လွှာ လူတန်းစား နှစ်ရပ်တွင် ပါဝင်သူများအား တစ်ပါးသော စိတ်ဝင်စားမှုများ မထားဘဲ မိမိတို့၏ ဘဝ တစ်ခုလုံးကို မိမိ၏ အဖွဲ့အစည်း အကျိုးစီးပွားအတွက် မြှုပ်နှံနိုင်ကြရမည် ဟူ၍သာလျှင် ပလေတိုသည် သူ၏ စိတ်ကူးယဉ် စံပြနိုင်ငံ၏ လူနေမှု စံနစ်ပုံစံကို တွေးခေါ် တင်ပြခဲ့လေသည်။

*　*　*

## အာရစ္စတိုတယ် (၃၈၄–၃၂၂ ဘီစီ)

ဂရိခေါ် ခေါ်မတိုင်း၌ ပညာတန်ဆောင် ထွန်းပြောင်ထိန်ဝါခဲ့ပေသော ပလေတို တည်ဆောက်သည့် ကျောင်းတော် 'အကယ်ဒမီ'၌ အတောက်ပဆုံး ကြယ်ပွင့်သည်ကား အာရစ္စတိုတယ် မည်သူပင်တည်း။

မက်ဆီဒိုနီယား ဘုရင်မင်းမြတ် ဖိလစ်၏ နန်းတွင်း သမားတော်ကြီး 'နီကိုမာကပ်' ၏ ရင်မှဖြစ်သော ထူးမြတ်သော သားကောင်းရတနာဖြစ်သည့် အားလျော်စွာ အာရစ္စတိုတယ်၏ ပတ်ဝန်းကျင်သည်လည်း ထီးမူ နန်းဟန် ကြငှာန်း ဆန်သည်၊ မင်းရပ် မင်းသွေး ပါသည်။

အရွယ်ရောက်စ ၁၇–၁၈ နှစ်အရွယ်တွင် ဆရာကြီး ပလေတို၏ အကယ်ဒမီ ကျောင်းတော်သို့ ပညာရည်နို့ သောက်စို့စိမ့်သောငှာ ရောက်လာရာမှစ၍ ဤကျောင်း တော်၏ အရိပ်အောက်တွင် နှစ်ပေါင်း နှစ်ဆယ်တိုင်တိုင် နေခဲ့သည်။ သက္ကရာဇ် ၃၄၇ ခုနှစ်တွင် ဆရာပလေတို အနိစ္စရောက်သွားသည့်အတွက် ခရီးရက်ရှည် လှည့်လည် သွားလာနေခဲ့သည်။ ထို့နောက်မှ အနုစာပေ ကျောင်းတစ်ကျောင်း ထူထောင်ရန် အေသင်သို့ ပြန်လာသည်။ သို့ရာတွင် ဘီစီ ၃၄၂ တွင် ဘုရင်ကြီး ဖိလစ်က သားတော် အလက်ဇန္ဒားအား ပညာသင်ကြား ပို့ချပေးရန် ဆင့်ခေါ်မှုကြောင့် နန်းတွင်းသို့ ပြန်ရောက်သွားသည်။ နန်းတွင်း၌ ခုနစ်နှစ် ကြာသည်။ **ဘီစီ ၃၃၅** ခန့်တွင် အေသင်သို့ ပြန်လာပြီးနောက် 'လိုင်စီယန်အပိုလို' နတ်ဘုရားကို ရည်ညွှန်း၍ ကိုယ်ပိုင်ကျောင်းတစ်ခုကို ထူထောင်ကာ ပညာသင်ကြား ပို့ချနေစဉ်အတွင်း အလက်ဇန္ဒား သေဆုံးမှုကို အကြောင်းပြု၍ လုပ်ကြံမှုတွင် ပါဝင်သည်ဟု စွပ်စွဲ

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
အာရစ္စတိုတယ်

http://www.cherrythitsar.org


ခံရသဖြင့် ထွက်ပြေးတိမ်းရှောင်နေရသည်။ ထိုစဉ်မှာပင် ဘီစီ ၃၂၂ ၌ ယူဘိုဝါ အရပ်၌ ကွယ်လွန်ရရှာသည်။

## အာရစ္စတိုတယ် ရင်ဆိုင်ရသောပြဿနာ

ကမ္ဘာ့တွေးခေါ်မြော်မြင်ရေး သဘောတရားသမိုင်းတွင် ပလေတိုသည် ပထမဆုံးသော ဝိညာဏဝါဒီကြီး ဖြစ်သည်။ ဝိညာဏဝါဒကို ထူထောင်ခဲ့သော ပလေတို၏ အတွေးအမြင်များ၌ အခက်အခဲပြဿနာများ၊ အမှားများ အမြောက် အမြား ပေါ်ပေါက်ခဲ့၏။ ဤအမှားများကို အာရစ္စတိုတယ် မပေါ်ပေါက်မီက ပေါ် ပေါက်ခဲ့ကြသော ပလေတို ဂိုဏ်းသားများက မမြင်ခဲ့ဘဲ ဆရာကြီး ပလေတို သင်ပြ သမျှကိုသာ အဟုတ်တကယ် ယုံကြည် စွဲယူခဲ့ကြသည်။

အာရစ္စတိုတယ်ကား ထိုသူတို့နှင့် မတူချေ။ ပလေတို၏ အချစ်ဆုံးတပည့် ပင် ဖြစ်စေကာ အာရစ္စတိုတယ်သည် သူ့ဆရာ အမှားများကို မထောက်မညှာ ဝေဖန်နိုင်ခဲ့သည်။ အာရစ္စတိုတယ်က **'ကျွန်ုပ်သည် ပလေတိုအား ချစ်ပါ၏၊ ကြည်လည်း ကြည်ညိုပါ၏၊ သို့သော် ကျွန်ုပ်သည် ပလေတိုကို ချစ်သည်ထက် အမှန်တရားကို ပို၍ ချစ်မြတ်နိုးပါသည်'** ဟု ထုတ်ဖော် ပြောဆိုခဲ့ဖူးသည်။

အမှန်မှာ အာရစ္စတိုတယ်၏ အတွေးအမြင်များ သဘောတရားများမှာ သူ့ဆရာ ပလေတို၏ သဘောတရားများကို ဆက်ခံသည်ဟု ဆိုနိုင်သော်လည်း အာရစ္စတိုတယ်နှင့် ပလေတိုသည် အတွေးအခေါ်နယ်၌ အမြင်ချင်း လုံးဝမတူကြချေ။ ပလေတိုက ကောင်းကင်ဆန်သလောက် အာရစ္စတိုတယ်က မြေကြီးဆန်သည်ဟု တင်စား၍ ဆိုရပေမည်။ အာရစ္စတိုတယ်၏ အတွေးအမြင်များသည် မြေကြီးပေါ်မှ လူသားတို့၏ တကယ့်ဘဝနှင့် နီးစပ်သည်။ လက်တွေ့ကျသည်။ ပလေတိုကဲ့သို့ စိတ်ကူးယဉ်ခြင်းမျိုး မရှိခဲ့ချေ။

ပလေတို၏ တွေးခေါ်မြော်မြင်ရေး သဘောတရား၌ အာရုံအားဖြင့် သိနိုင် သော ဤရုပ်လောကသည် စစ်မှန်သော လောက မဟုတ်၊ ဉာဏ်ဖြင့် သိမြင်နိုင်သော ဝိညာဏ လောကသာ စစ်မှန်သော လောက ဖြစ်သည်။ အကြောင်းမူကား ဤ လောကရှိ သီးခြားတည်နေကြသော ပုဂ္ဂလိက ပစ္စည်းတို့သည် အစဉ်ဖောက်ပြန် ပြောင်းလဲနေကြသော်လည်း ယေဘုယျ နာမ်တရားများ တည်ရာ လောကသည်ကား ထာဝရ တည်နေသောကြောင့် ဖြစ်သည်ဟူသော အမြင်ကို ကျွန်ုပ်တို့ လေ့လာခဲ့ ကြရပြီ။ ထို့ပြင် ပလေတိုက ဤရုပ်လောကသည် စစ်မှန်သော ယေဘုယျနာမ်

http://www.cherrythitsar.org



တရားတို့ တည်ရာ လောက၏ အရိပ်၊ ထိုလောက၏ အသွင်သဘောသာ ဖြစ်ကြောင်း ဟောကြားကာ လောကကြီး၏ နှစ်ခုကို ခွဲခြား ပြခဲ့သည်။ ထိုကဲ့သို့ ရုပ်လွန် ကမ္ဘာကြီးကို တည်ဆောက်ပြခဲ့သော်လည်း ပလေတိုသည် ဆိုခဲ့ပြီးသော လောကနှစ်ခု၏ ဆက်စပ်ပုံကို မရှင်းပြနိုင်ခဲ့ပေ။ တစ်နည်းအားဖြင့် အရာဝတ္ထု အဖြစ်အပျက်တို့၏ **ပုံစံ** (ယေဘုယျ သဘော) နှင့် **အကြောင်းအရာ၊** (သီးခြား သဘော) ကို ဆက်စပ်ခြင်း မပြုနိုင်ခဲ့သည့်အတွက် ထိုနှစ်ခုအကြား အဆက်အစပ် မရှိ ကွက်လပ်ကြီး ဖြစ်ကျန်ရစ်ခဲ့သည်။ ထပ်၍ဆိုရလျှင် နာမ်လောကမှ ရုပ်လောက ဘယ်သို့ ဖြစ်ကြောင်း ပလေတို မဖော်ပြနိုင်ခဲ့ပေ။

ဤပြဿနာနှင့်အတူ အခြားသော ပြဿနာများလည်း ရှိပေသေး၏။ အာရစ္စတိုတယ်သည် သူ့ဆရာ၏ ပြဿနာအရပ်ရပ်ကို ပြေလည်စိမ့်သောငှာ ကြိုးစားရာမှ သူ၏ ပင်ကိုယ် အတွေးအမြင်များ ပေါ်ပေါက်လာခဲ့ပေတော့သည်။

အာရစ္စတိုတယ်အနေနှင့် သူ့ဆရာ၏ ပြောင်းလဲခြင်း မရှိသော ထာဝရ နာမ်(ပုံစံ) များကို လက်ခံသည်။ သို့သော် ထိုထာဝရ ယေဘုယျ နာမ်တရားတို့သည် ရုပ်လောက၏ အပြင်ဘက် တစ်ကမ္ဘာတွင် တစ်သီးတစ်ခြား တည်နေကြသည် ဟူသော အချက်ကိုကား လက်မခံခဲ့ပေ။ အာရစ္စတိုတယ်က ပုံစံတို့သည် အရာဝတ္ထု ၏ ပင်ကိုယ် သဘာဝထဲမှာပင် ပုံစံ ရှိသည်။ လောကတွင် ပုံသဏ္ဌာန် မရှိသော အရာဝတ္ထုများ မရှိသကဲ့သို့ ဝတ္ထု (ဒြပ်) မရှိသော ပုံစံမျိုးလည်း မရှိချေ။ ထို့ကြောင့် ပုံသဏ္ဌာန်နှင့် ရုပ်ဒြပ်သည် ခွဲခြားမရစကောင်းသော အရာနှစ်ခုသာ ဖြစ်သည်ဟု အာရစ္စတိုတယ် နားလည်ခဲ့ပေသည်။

ဝတ္ထု (ဒြပ်) နှင့် ပုံသဏ္ဌာန် ပေါင်းစပ်ညီညွတ်သောအခါမှစ၍ အရာဝတ္ထု တစ်ခု ဖြစ်လာနိုင်သည်။ တစ်ဖန် ထိုသီးခြား အရာဝတ္ထုတစ်ခုသည်ပင် ရွေ့ရှား ပြောင်းလဲသွားနိုင်သည်။ ထိုကဲ့သို့ လှုပ်ရှား ပြောင်းလဲသွားခြင်းသည် ပုံသဏ္ဌာန် ပြောင်းလဲမှု၏ စေစားသည့်အတိုင်း လိုက်နာဖြစ်ပေါ်နေရခြင်းသာ ဖြစ်လေသည်။

ဤရုပ်လောကသည် စစ်မှန်သော နာမ်လောက၏ အရိပ်အယောင်မျှသာ ဖြစ်သည်ဆိုသည်မှာလည်း အလျဉ်း မဟုတ်။ ဤလောကသည်ပင် စစ်မှန်သော လောက တစ်ခုသာ ဖြစ်ကြောင်း အာရစ္စတိုတယ် ယုံကြည် လက်ခံခဲ့သည်။ ထို့ကြောင့်လည်း အာရစ္စတိုတယ်၏ အတွေးအမြင်များ၌ သဘာဝတ္တ သိပ္ပံပညာနှင့် ပတ်သက်သော အယူအဆများကို အမြောက်အမြား တွေ့ရှိရပေမည်။

ဆရာပလေတို၏ တွေးခေါ် မြော်မြင်ပုံ စနစ်၏ အခြေခံသဘောတရားမှာ ယေဘုယျနာမ် ဝါဒ ဖြစ်သည်။ ဤဝါဒအရ လောက၏ ထာဝရ အမှန်တရားသည်

http://www.cherrythitsar.org


ပြောင်းလဲခြင်း ကင်းသော ယေဘုယျ နာမ်များသာ ဖြစ်၍ ရုပ်လောကသည်ကား နာမ်လောက၏ အရိပ်၊ အသွင် သဘောသာ ဖြစ်သည်။ ထို့ကြောင့် ရုပ်လောကမှာ အစစ်အမှန် လောက မဟုတ်ဟူ၏။

ဤသို့လျှင် ရုပ်လောကသည် နာမ်လောက၏ အရိပ်အသွင်ဟူ၍ ဆိုခဲ့စေကာ ပလေတိုသည် နာမ်လောကထဲမှ ရုပ်လောကကြီး မည်သို့ မည်ပုံ ပေါ်ပေါက်လာခဲ့ရသည်ဆိုသော အချက်ကိုမူ တိကျပြတ်သားစွာ ရှင်းပြနိုင်စွမ်း မရှိခဲ့ပေ။

တစ်နည်း ရှုမြင် သုံးသပ်ကြည့်ပါမူ ပလေတို၏ နာမ်ဝါဒတွင် ပုံစံနှင့် အကြောင်းအရာတို့ အဆက်အစပ်မရှိ ဖြစ်နေသည်ကို တွေ့ရသည်။ ပုံစံနှင့် အကြောင်းအရာသည် စိတ်သဘောနှင့် ရုပ်သဘောပင် ဖြစ်သည်။

ဤသဘောတရားကို အခြေခံပြီး တွေးခေါ် မြော်မြင်ရေး သဘောတရား သမိုင်းတွင် အာရစ္စတိုတယ်၏ ပင်ကိုယ် အတွေးအခေါ် အမြင်များ ပေါ်ပေါက်လာခဲ့ရသည်။ အထူးသဖြင့် အထက်ပါ အတွေးအမြင်နှင့် ဆက်စပ်နေသော သဘောတရားမှာ အာရစ္စတိုတယ်၏ **အကြောင်းတရား လေးပါး မူဝါဒ** ပင် ဖြစ်သည်။

## အကြောင်းတရား လေးပါး အမြင်တရား

အာရစ္စတိုတယ်၏ အတွေးအမြင် တစ်ရပ် ဖြစ်သော အကြောင်းတရား လေးပါး မူဝါဒသည် ပလေတို၏ ပြဿနာဖြစ်သော ပုံစံနှင့် အကြောင်းတရား (ဝိညာဏ်သဘောနှင့် ရုပ်သဘော) ကို ဆက်စပ်ပေးသည်။

ပုံစံနှင့် အကြောင်းအရာဆိုသည်မှာ ကဗျာတစ်ပုဒ်တွင် ကဗျာ၏ ပုံစံနှင့် ကဗျာ၏ အသားဖြစ်သော အကြောင်းအရာပင် ဖြစ်ပေသည်။ ပမာဆိုသော် မဲဇာတောင်ခြေသည် ပုံစံအားဖြင့် ရတု ပုံစံဖြစ်၍ အသား (အကြောင်းအရာ)မှာ မဲဇာမြို့ထဲတွင် ခံစားနေရသော ဒုက္ခအကြောင်းပင် ဖြစ်သည်။

အလားတူပင် ကျောက်ဆင်းတု တစ်ခုကို ကြည့်လျှင် ပုံစံအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဂျပန်စစ်ဝတ်စုံနှင့် မြင်းစီးနေသည့်ပုံ ဖြစ်၍ ထိုဆင်းတု၏ အသား (အကြောင်းအရာ) မှာ သလင်းကျောက် ဖြစ်သည်။ ဤနေရာ၌ အကြောင်းအရာကို ပြောင်းလဲ၍ (သဲကျောက်၊ ကြေး၊ သစ်သား စသည်တို့ဖြင့်) ပုံစံ တစ်ခုတည်း ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ ပုံကို ထုလုပ်နိုင်သည်။

ဤသို့လျှင် ဆင်းတုရုပ် တစ်ခု ဖြစ်ပေါ်ရေးအတွက် ပုံစံသည် လည်း

http://www.cherrythitsar.org


ကောင်း၊ အကြောင်းအရာသည် လည်းကောင်း၊ မရှိမဖြစ် လိုအပ်လှကြောင်းမှာ ထင်ရှားလှပေသည်။ အာရစ္စတိုတယ်သည် ဤသဘောကို တိကျ ပြတ်သားစွာ ရှုမြင်သည်။

အာရစ္စတိုတယ်၏ သဘောတရားအရ ဆိုလျှင် ဆိုခဲ့ပြီးသော ဆင်းတုရုပ် ဖြစ်လာနိုင်ရန်အတွက် ထိုအရုပ်ကို ထုလုပ်နိုင်စွမ်းသော ပန်းပုပညာသည်လည်း အရေးကြီးသော အကြောင်းတရား တစ်ရပ်ပင် ဖြစ်၏။ မည်သို့ပင် ပုံစံ ရှိရှိ၊ အကြောင်းအရာဖြစ်သော ရုပ်ဝတ္ထု ပစ္စည်း ရှိရှိ၊ ထိုပုံစံ စိတ်ကူးနှင့် ထိုအကြောင်း အရာကို ပေါင်းစပ်ပေးမည့် ဖန်တီးသူ မရှိလျှင် ရုပ်လုံးပေါ်မလာနိုင်ပေ။ ဤကား ထင်ရှားလှပေသည်။

ထိုကဲ့သို့ အကြောင်းအရာ သုံးပါး ဆုံစည်းနိုင်ရန် အခြားအကြောင်းတရား တစ်ပါး ရှိရပေဦးမည်။ ထိုအကြောင်းတရားမှာ ရည်ရွယ်ချက်ဆိုသော အကြောင်း တရားပင် ဖြစ်၏။

ဤဆင်တုရုပ်တု တစ်စုံတစ်ယောက်သော သူသည် ဤမည်သော စိတ်ကူး ပုံစံဖြင့် ဤမည်သော ရုပ်ဝတ္ထုပစ္စည်းကို အသုံးပြု၍ အဘယ် ရည်ရွယ်ကာ တည် ဆောက်ရပါသနည်း။ ဤမေးခွန်းသည် ရည်ရွယ်ချက်ကို မေးသော မေးခွန်း ဖြစ်၏။ လောကတွင် ဖန်တီးဖြစ်ပေါ်လာသမျှသော အရာခပ်သိမ်းတို့သည် အသုံး လိုသော ရည်ရွယ်ချက် တစ်ခုခုဖြင့် ဖြစ်လာရသည်ချည်း ဖြစ်၏။ နောင်လာ နောင်သားတို့ မှတ်သားနည်းယူ၍ တိုင်းချစ် ပြည်ချစ် စိတ်ပေါ်ပေါက်စေရန် ဗိုလ်ချုပ်အောင်ဆန်း၏ ဆင်းတုရုပ်ကို လုပ်ရပေသည်။

ဤလောက၌ သွားလာမှု လွယ်ကူစေရန် ယာဉ်ရထားများ ဖန်တီး ပေါ် ပေါက်ခဲ့ရလေသည်။ ဆက်သွယ်မှု လွယ်ကူစေရန် တယ်လီဖုံး၊ ကြိုးမဲ့ ကြေးနန်း များကို ဖန်တီး ပေါ်ပေါက်ခဲ့ရ၏။ ဗဟုသုတ တိုးပွားမှုအတွက် ပုံနှိပ်စက်နှင့် စာအုပ်စာတမ်းများ ပေါ်ပေါက်ခဲ့ရ၏။ လူသားတို့၏ ကျန်းမာရေးအတွက် ဆေးဝါး နှင့် ဆေးကုအတတ် ပညာများ ပေါ်ပေါက်ခဲ့ရလေပြီ။

ထို့ကြောင့် အာရစ္စတိုတယ်က အကြောင်းလေးပါး ဆုံဆည်းမှသာ အရာဝတ္ထု တစ်ခု ဖန်တီး ဖြစ်ပေါ်လာနိုင်သည်။ ထိုအကြောင်းတရားလေးပါးမှာ–

(၁) ပုံစံ (စိတ်ကူး) အကြောင်းတရား

(၂) ရုပ်ဝတ္ထုပစ္စည်း အကြောင်းတရား

(၃) ဖန်တီးမှု အကြောင်းတရား

(၄) ရည်ရွယ်ချက် အကြောင်းတရား စသည်တို့ ဖြစ်ကြောင်း ဖော်ထုတ်

http://www.cherrythitsar.org


ပေးခဲ့လေသည်။

အလားတူပင် ဤမူဝါဒကို အခြေခံ၍ စကြာဝဠာကြီး အကြောင်းကိုလည်း အာရစ္စတိုတယ် စဉ်းစားခဲ့ပေသေးသည်။ ဤကဲ့သို့ စဉ်းစားရာ၌ ဤရုပ်လောက ကြီးသည် ပုံစံ (နာမ်) သဘောအတိုင်း ဖြစ်ပေါ်နေရသည်။ တစ်နည်းဆိုသော် ပုံစံနှင့်တကွ ဖြစ်သောကြောင့်လည်း ရုပ်လုံးပေါ်နေရခြင်း ဖြစ်သည်။ ထို့ကြောင့် နာမ်သဘော ဖြစ်သော ယေဘုယျ ပုံစံတို့သည် လည်းကောင်း၊ ရုပ်သဘော ဖြစ်သော သီးခြား ရပ်တည်နေသော ဝတ္ထုပစ္စည်းတို့သည် လည်းကောင်း စစ်မှန်ခြင်း ရှိကြပေသည်။

ရုပ်လည်း အမှန်တရား၊ စိတ်လည်း အမှန်တရား ဖြစ်ကြောင်းကို လက်ခံ ပြီးနောက် အာရစ္စတိုတယ်သည် ဤစကြဝဠာကြီးကို ရည်ရွယ် ဖန်တီးသူမှာ ဘုရားသခင် ဖြစ်ကြောင်း ဟောပြောလာခဲ့လေသည်။ သို့သော် စကြာဝဠာကြီး၏ ဖန်တီးရှင် ဖြစ်သော ထိုထာဝရ ဘုရားသည် အဘယ်သဘော ရှိပါသနည်းဟု မေးပါမူ အာရစ္စတိုတယ်က ဘုရားသခင်သည် ပလေတို ဟောခဲ့သော ယေဘုယျ တရားသက်သက် ဖြစ်ကြောင်း ဆိုပြန်လေသည်။ ဤအချက်တွင် အာရစ္စတိုတယ် သည် ပလေတို၏ ဝိဉာဏဝါဒဘက်သို့ ပြန်လည် ယိမ်းယိုင်သွားသည်ဟု တွေး ခေါ်ရှင်များက အဆိုပြုကြလေသည်။

## ဖြစ်ခြေနှင့် ဖြစ်ရပ် အမြင်တရား

လောကကြီးတွင် အရာရာတို့သည် ပြောင်းလဲနေ၏။ ဥပမာ ရေသည် အေးသောအခါ ခဲ၍ ပူသောအခါ အခိုးအငွေ့ ဖြစ်သွားလေသည်။ ဤသည်ကား ရေနှင့် ပတ်သက်သော ပြောင်းလဲပုံပင်တည်း။

လူကို မွေးဖွားစ၌ ကလေး ဟူ၍ ခေါ်၏။ ထိုထက် ကြီးပြင်းလာသောအခါ ပျိုရွယ်သူ ဖြစ်လာ၏။ ထိုထက် ကြီးပြင်းသော ကာလတွင် အိုမင်းသော အဖြစ်ကို ရောက်လာရသည်။ လူသည်လည်း အစဉ်ပြောင်းလဲနေ၏။

ဤပြောင်းလဲခြင်း သဘောကို ဖော်ပြသော တရားကို အာရစ္စတိုတယ်က 'ဖြစ်ခြေနှင့် ဖြစ်ရပ် တရား' ဟူ၍ ခေါ်လေသည်။

'ဖြစ်ခြေ' ဆိုသည်မှာ မဖြစ်သေးမီ ဖြစ်ရန်ရှိသော အခြေအနေကို ခေါ်ခြင်း ဖြစ်၍ 'ဖြစ်ရပ်' ဆိုသည်မှာ အကယ် ဖြစ်လာသော ကာလတွင် ခေါ်ခြင်း ဖြစ်လေ သည်။ ရေကို မီး၏ အပူရှိန် မပေးမီ ရေဆိုသည်မှာ ဖြစ်ရပ်ဖြစ်၍ ရေခိုးရေငွေ့

http://www.cherrythitsar.org


ဆိုသည်မှာ ရေမှ မီး၏ အပူရှိန်ဖြင့် ဖြစ်လာနိုင်သော ဖြစ်ခြေ ဖြစ်လေသည်။

ရေကို မီးအပူရှိန် ပေး၍ အခိုးအငွေ့ ဖြစ်လာသောအခါ အခိုးအငွေ့သည် ဖြစ်ခြေ ဖြစ်၍ ၎င်းအခိုးအငွေ့မှ ရေခိုးရေငွေ့ ဖြစ်ခါ တစ်ဖန် ရေအဖြစ်သို့ ပြောင်းလဲနိုင်သောကြောင့် ရေသည် ဤကာလ၌ ဖြစ်ခြေ ဖြစ်၏။

လူတစ်ယောက်ကို မွေးဖွားလာသောအခါ 'ကလေးအဖြစ်'သည် ဖြစ်ရပ်တစ်ခုဖြစ်၏။ သို့သော် ထိုကလေးသည် ဖြစ်ခြေ သဘောအားဖြင့် ကြည့်လျှင် တစ်နေ့၌ အိုမင်းနိုင်သောကြောင့် အိုမင်းခြင်းသည် ဖြစ်ခြေ ဖြစ်၏။

ဤနည်းအားဖြင့် အရာရာတို့သည် ပြောင်းလဲလျက် ရှိသည်ဟု 'အာရစ္စတိုတယ်' က ဆိုလေသည်။

ရေအိုးထဲ၌ရှိသော ရေကို ညွှန်ပြ၍ ဤဝတ္ထုပစ္စည်းသည် ရေဖြစ်သလော၊ အခိုးအငွေ့ ဖြစ်သလောဟု မေးလျှင် 'အာရစ္စတိုတယ်' ၏ အလိုအရ နှစ်ခုစလုံး မှန်သည်ဟု ဖြေရမည် ဖြစ်ပေသည်။ ရေအိုးထဲ၌ရှိသော ရေသည် ဖြစ်ရပ်သဘော အားဖြင့် ကြည့်လျှင် အခိုးအငွေ့ မဟုတ်၊ ရေသာလျှင် ဖြစ်၏။ သို့သော် ဤရေကို မီး၏ အပူရှိန်ပေးခြင်းဖြင့် အခိုးအငွေ့ ဖြစ်နိုင်ဖွယ် ရှိသောကြောင့် ဖြစ်ခြေ သဘောမှ ကြည့်၍ ပြောရလျှင် အခိုးအငွေ့ ဖြစ်နေပေသည်။ ထို့ကြောင့် ရေသည် တစ်ချိန်တည်း၌ ရေလည်း ဖြစ်၍ အခိုးအငွေ့လည်း ဖြစ်နေပေသည်။

ဤဖြစ်ခြေနှင့် ဖြစ်ရပ်သဘောသည် 'အာရစ္စတိုတယ်' တွေးခေါ်ပုံ စနစ်၏ အခြေခံ သဘောတရား တစ်ရပ် ဖြစ်၏။

## စကြာဝဠာကြီး၏ ဖန်ဆင်းရှင်

အစဉ် ပြောင်းလဲနေသော စကြာဝဠာကြီး ရှိလျှင် ၎င်းကို ဖန်ဆင်းသော ဖန်ဆင်းရှင်သည် ရှိရမည်ဟု 'အာရစ္စတိုတယ်' က ယုံကြည်လေသည်။

ဤဖန်ဆင်းရှင်သည် မည်သို့သော သဘောကို ဆောင်သနည်း။ ဤဖန်ဆင်းရှင်သည် စကြာဝဠာကြီး အတွင်းရှိ အရာဝတ္ထုများကဲ့သို့ ပြောင်းလဲ၍ နေပါသလော။

အထက် မေးခွန်းများနှင့် ပတ်သက်၍ 'အာရစ္စတိုတယ်' အမြင်တွင် ဖန်ဆင်းရှင်သည် ပြောင်းလဲသော သဘောမရှိဟု မြင်လေသည်။ အဘယ်ကြောင့် ဆိုသော် အကယ်၍ ဤဖန်ဆင်းရှင်သည် ပြောင်းလဲနေပါက သူ၏ ပြောင်းလဲခြင်းကို ဖြစ်ပေါ်စေရန်အတွက် ပြောင်းလဲပေးသော အကြောင်းတရား တစ်ခု ရှိရမည် ဖြစ်၏။

http://www.cherrythitsar.org


ဖန်ဆင်းရှင်သည် စကြာဝဠာကြီး၏ အကြောင်းတရား တစ်ရပ် ဖြစ်သော်လည်း ဖန်ဆင်းရှင်ကိုမူ မည်သူကမျှ ဖန်ဆင်းခြင်း မပြုခဲ့ဟု 'အာရစ္စတိုတယ်' က ဆိုလေသည်။

အရာဝတ္ထုတို့သည် ဒဗ္ဗနှင့် ဖြစ်သောကြောင့် ပြောင်းလဲနေကြသည်။ အချိန်အခါ လိုက်၍ ပုံသဏ္ဌာန် အမျိုးမျိုးကို ဆောင်နေကြသည်။ ရုပ်ဒြပ် တစ်ခုသည် တစ်ချိန်၌ ရေသဏ္ဌာန်ကို ဆောင်ယူသော်လည်း ၎င်းဒြပ်ကို မီးအပူရှိန် ပေးသောအခါ အခိုးအငွေ့သဏ္ဌာန်ကို ဆောင်ယူပြန်လေသည်။ ထို့ကြောင့် ဒြပ်ရှိခြင်းသည် အရာဝတ္ထုတစ်ခု၏ ပြောင်းလဲခြင်းကို ဖြစ်ပေါ်စေသည်။

စကြာဝဠာကြီး၏ ဖန်ဆင်းရှင်သည်ကား မပြောင်းလဲသော သဘောရှိ၏ ထို့ကြောင့် ၎င်းသည် ဒြပ်သဘော မပါသော ပုံသဏ္ဌာန်သက်သက် (ဝိညာဉ်သက်သက်)သာ ရှိသော ဖန်ဆင်းရှင် ဖြစ်ရမည်ဟု 'အာရစ္စတိုတယ်' က ယုံကြည်လက်ခံခဲ့ခြင်း ဖြစ်ပေတော့သည်။

စင်စစ် 'အာရစ္စတိုတယ်' သည် စကြာဝဠာကြီး၏ ဖန်ဆင်းရှင် အကြောင်းကို ပြောသောကာလတွင် ပလေတို၏ တွေးခေါ်ပုံအတိုင်း တွေးခေါ်သည်ကို တွေ့ရ၏။

'အာရစ္စတိုတယ်' ၏ ဝေါဟာရများအတိုင်း ပြောရလျှင် စကြဝဠာကြီး၏ ဖန်ဆင်းရှင်မှာ စကြာဝဠာကြီး၏ ဖန်တီးမှု အကြောင်းတရားပင် ဖြစ်၏။ စကြာဝဠာကြီး ရွေ့ရှား ပြောင်းလဲခြင်းမှာ ၎င်း၏ ပုံသဏ္ဌာန် အကြောင်းတရားကြောင့် ဖြစ်၏။ စကြာဝဠာကြီးအတွင်းရှိ ဒြပ်ရုပ်များမှာ စကြာဝဠာကြီး၏ ရုပ်အကြောင်းတရား ဖြစ်၏။

သို့သော် 'အာရစ္စတိုတယ်' အဖို့ ရည်ရွယ်ချက် အကြောင်းတရားဆိုသည်မှာလည်း ရှိရမည် ဖြစ်ရာ စကြာဝဠာကြီးတွင်လည်း ၎င်းအကြောင်းတရားသည် ရှိသည်ဟု ဆိုသည်။ စကြာဝဠာကြီး၏ ရည်ရွယ်ချက် အကြောင်းတရားကား အဘယ်နည်း။

'အာရစ္စတိုတယ်' ကမူ ဖန်ဆင်းရှင်သည် စကြာဝဠာကြီးကို ဖန်ဆင်းသောအခါ ၎င်းစကြာဝဠာကြီးသည် အစဉ် ရွေ့ရှား ပြောင်းလဲလျက် နောက်ဆုံးတွင် ၎င်း၏ ဖန်ဆင်းရှင်နှင့် သဘောသဘာဝအားဖြင့် ထပ်တူထပ်မျှ ဖြစ်လာရပေမည်။ သို့ဖြစ်ရကား စကြဝဠာကြီးကို ဖန်ဆင်းသော ဖန်တီးမှု အကြောင်းတရား ဖြစ်သည့် ဖန်ဆင်းရှင်ပင်လျှင် ရည်ရွယ်ချက် အကြောင်းတရားလည်း ဖြစ်လာလေတော့သည်။

http://www.cherrythitsar.org



ဤတွင် ဖန်ဆင်းရှင်နှင့် ပတ်သက်၍ မေးနိုင်သော မေးခွန်း တစ်ခုမှာ မပြောင်းလဲသော ဖန်ဆင်းရှင်သည် ပြောင်းလဲနေသော စကြာဝဠာကြီးကို မည်သည့်နည်းဖြင့် ဖြစ်ပေါ်အောင် ဖန်တီးနိုင်သနည်း ဟူသော မေးခွန်းဖြစ်၏။

ဤအချက်ကို ကျွန်ုပ်တို့သည် ဥပမာ တစ်ခုအားဖြင့် ရှင်းလင်းနိုင်၏။ အလွန်လှပချောမွတ်သော ယမင်းသူဇာ ကျောက်ရုပ်သည် လှုပ်ရှားခြင်း မရှိသော သဘောကို ဆောင်၏။ သို့သော် ၎င်းယမင်းရုပ်ကို ကြည့်မြင်မိသော ခဏ၌ ကြည့်မြင်သူ၏ စိတ်သန္တာန်၌ အံ့သြခြင်း၊ မက်မောခြင်း၊ စိတ်လှုပ်ရှားမှုသည် ဖြစ်ပေါ်လာရ၏။ ဤတွင် လှုပ်ရှားပြောင်းလဲခြင်း ကင်းသော ကျောက်ရုပ်ကြောင့် တစ်ပါးသူတို့၏ စိတ်လှုပ်ရှားမှု ဖြစ်ပေါ်လာရလေသည်။ 'အာရစ္စတိုတယ်' ၏ ဖန်ဆင်းရှင်မှာ ဤကျောက်ရုပ်ကဲ့သို့ပင် ဖြစ်သည်ဟု ဆိုသည်။

ထို့ကြောင့် 'အာရစ္စတိုတယ်' က ၎င်းဖန်ဆင်းရှင်ကို မိမိကိုယ်တိုင် မလှုပ်ရှားဘဲနှင့် တစ်ပါးသော အရာများကို လှုပ်ရှားစေနိုင်သော ဖန်ဆင်းရှင် ဟူ၍ ခေါ်လေသည်။

## အာရစ္စတိုတယ်၏ ယုတ္တိဗေဒ

ယေဘုယျ သဘောကို ဆောင်သော ပုံသဏ္ဌာန်များနှင့် ဒြပ်သဘောတို့သည် တစ်ခုနှင့်တစ်ခု ခွဲခြားမရနိုင် ဟူသော အချက်သည် 'အာရစ္စတိုတယ်' တွေးခေါ်မှုစနစ်၏ အဓိက အခြေခံတရားကြီးပင် ဖြစ်သည်။

ဤအခြေခံတရားကိုပင် 'အာရစ္စတိုတယ်' ၏ ယုတ္တိဗေဒကို လေ့လာသောအခါ ထပ်မံတွေ့ရှိရပြန်၏။ အာရစ္စတိုတယ် အလိုအရ အကြောင်းအရာ တစ်ခုသည် ယေဘုယျ သဘောအရ မှန်နေလျှင် ၎င်းအကြောင်းအရာသည် ၎င်းယေဘုယျသဘောကို ဆောင်သော ဒြပ်ရှိသော အရာဝတ္ထုတိုင်းအဖို့လည်း မှန်ရမည် ဖြစ်၏။ တစ်ဖန် အကြောင်းအရာ တစ်ခုသည် ယေဘုယျ သဘောအရ မှားနေလျှင် ထိုအကြောင်းအရာသည် ယေဘုယျကို ဆောင်သော ဒြပ်ရှိသော အရာတိုင်းအဖို့ မှားရပေလိမ့်မည်။

ဥပမာ လူအားလုံးသည် မမြဲသောသဘော ရှိကြသည်။ မောင်ဘ ဆိုသူမှာ လူဖြစ်လျှင် 'အာရစ္စတိုတယ်' အလိုအရ မောင်ဘသည်လည်း မမြဲသောသဘော ရှိရမည် ဖြစ်၏။ တစ်ဖန် မည်သည့်လူမျှ နတ်မဟုတ် ဟူ၍ ပြောပြီး မောင်ဘသည် လူဖြစ်ပါသည်ဟု ဆိုလျှင် မောင်ဘသည်လည်း နတ်မဟုတ်ဟူ၍ ဆိုရမည်

http://www.cherrythitsar.org


ဖြစ်ပေ၏။

ဤဆင်ခြင်ပုံများကို 'အာရစ္စတိုတယ်' က ယုတ္တိဗေဒ ပုံသွင်း၍ ပြကာ ၎င်းတို့ကို ကြိယုတ္တိ ဆင်ခြင်များ ဟူ၍ ခေါ်လေသည်။ တြိယုတ္တိ ဆင်ခြေတစ်ခုတွင် ဝါကျ သို့မဟုတ် အဆို သုံးခု ပါ၏။ ပထမ အဆိုနှစ်ခုမှာ ပေးထားသော အဆိုများပေါ်တွင် မူတည်၍ ရယူအပ်သော အဆို ဖြစ်လေသည်။ ပထမပေးထားသော အဆိုနှစ်ရပ်ကို နိဒါန်းများ ဟူ၍ ခေါ်ကာ ၎င်းနိဒါန်းများမှ ရအပ်သော အဆိုကို နိဂုံး ဟူ၍ ခေါ်လေသည်။

ဖော်ပြပါ ဆင်ခြေများကို ယုတ္တိဗေဒပုံစံဖြင့် ပြရသော် အောက်ပါအတိုင်း ပါရှိမည် ဖြစ်၏။

(၁) အားလုံးသော လူများသည် မမြဲကြ။
မောင်ဘသည် လူဖြစ်သည်။
ထို့ကြောင့် မောင်ဘသည်လည်း မမြဲနိုင်ပေ။

(၂) မည်သည့်လူမျှ နတ်မဟုတ်။
မောင်ဘသည် လူဖြစ်သည်။
ထို့ကြောင့် မောင်ဘသည် နတ်မဟုတ်။

ဟူ၍ ဖြစ်၏။ အာရစ္စတိုတယ် အလိုအရ အထက်ဖော်ပြပါ ဆင်ခြင်နည်း ပုံစံမှာ ဆင်ခြင်ခြင်း အမျိုးမျိုးတို့၏ အခြေခံ ပုံစံ ဖြစ်သည်ဟု ဆို၏။ ဆင်ခြင်ခြင်း အမျိုးမျိုးတို့ကို ဤပုံစံသို့ ပြောင်းလဲကာ ဆင်ခြင် မှန် မမှန်ကို စစ်ဆေးနိုင်ကြောင်းကို လည်း အာရစ္စတိုတယ် ဖော်ပြခဲ့လေသည်။

အာရစ္စတိုတယ် ထွင်ခဲ့သော ယုတ္တိဗေဒသည် 'ပုံသေယုတ္တိဗေဒ' ဖြစ်သည်။ ပုံသေယုတ္တိဗေဒတွင် အာရစ္စတိုတယ်သည် တွေးခေါ်မှုဆိုင်ရာ ဥပဒေသ သုံးခုကို ဖော်ထုတ်တင်ပြခဲ့သည်။ ယင်းဥပဒေများမှာ (၁) အကြွင်းမဲ့ ဝိရောဓိ ဥပဒေသ၊ (၂) အကြွင်းမဲ့ ထပ်တူညီ ဥပဒေသ၊ (၃) အလယ်ပဒ်ပယ် ဥပဒေသတို့ ဖြစ်သည်။ ယင်းဥပဒေသများသည် စိတ်ပိုင်း အတွေးအခေါ်နယ်၊ ဆင်ခြင်နယ်တွင်သာ အသုံးကျသည်။ လက်တွေ့ဘဝ ဖြစ်စဉ်များနှင့်မူ လုံးဝခြားနားပေသည်။

အာရစ္စတိုတယ် ထွင်ခဲ့သော ပုံသေ ယုတ္တိဗေဒမှာ တက္ကိကအမြင်ကျသော ယုတ္တိဗေဒမျိုးသာ ဖြစ်၍ လက်တွေ့လူမှုရေး ဘဝပြဿနာများကို မဖြေရှင်းပေး နိုင်ချေ။

http://www.cherrythitsar.org


## ကိုယ်ကျင့်တရားပညာ

စွယ်စုံပညာရှင်တစ်ဦးပီပီ အာရစ္စတိုတယ်သည် လူသားတို့ လူ့ဘောင်အဖွဲ့အစည်းအတွင်း၌ နေထိုင်၊ ပြုမူ၊ ကျင့်ကြံအပ်သော ကိုယ်ကျင့်တရားသဘောကို ရှုမြင်သည်။ ကိုယ်ကျင့်တရား၊ ပညာကျမ်း သုံးစောင်ကိုလည်း ရေးသားထုံးဖွဲ့ခဲ့ပေသေးသည်။ သို့ရာတွင် ကျမ်းနှစ်စောင်ကိုသာ တပည့်တပန်းများက လက်ခံယူခဲ့ကြ၏။ အာရစ္စတိုတယ်၏ နောက်ဆုံးကိုယ်ကျင့်တရားပညာကျမ်းကို နီကိုမာကီယန် ကိုယ်ကျင့်တရား ပညာကျမ်းဟု ခေါ်စမှတ် ပြုကြ၏။

သူ၏ ကိုယ်ကျင့်တရား ပညာကျမ်းပါ အယူအဆများမှာ သူ့ခေတ် သူ့အခါက ပေါ်ပေါက်ခဲ့သော ပညာရှိ သုခမိန်များ၏ အထင်အမြင် အယူအဆများပေါ်တွင် အခြေခံထားသည်ကို တွေ့ရသည်။

အာရစ္စတိုတယ်သည် ကောင်းမြတ်ခြင်းသဘောကို စဉ်းစားရာ၌ ကောင်းမြတ်ခြင်းသည် ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်း ဖြစ်၍ ထိုတရားတို့သည် ဝိဉာဉ်၏ လုပ်ရပ်များ ဖြစ်သည်ဟုလည်း ဆိုခဲ့လေသည်။ အကောင်းအဆိုး သဘောမှာ ဝိဉာဉ်၏ အသိရှိခြင်းနှင့် အသိမဲ့ခြင်း သဘောနှစ်ရပ်ဖြင့် ဆက်စပ် ဖြစ်ပေါ်နေသည်ဟုလည်း အယူရှိလေသည်။

အာရစ္စတိုတယ် အမြင်များ၌ ထိုခေတ်က လွှမ်းနေသော အခွင့်ထူးခံ လူတန်းစားတို့၏ အယူအဆများ လွှမ်းမိုးနေကြောင်း တွေ့ရသည်။ ကျွန်ုပ်တို့ ခေတ်အခါ၌ တရားမျှတခြင်းသည် လူတန်းစားတိုင်းအတွက် အညီအမျှ ဖြစ်ရမည်ဟု ထင်မြင် ယူဆကြသော်လည်း အာရစ္စတိုတယ်ကမူ အခွင့်အရေး ညီမျှမှု မရှိနိုင်၊ အချိုးကျသာ ဖြစ်ရမည်ဟု လက်ခံယုံကြည်ခဲ့သည်။ အုပ်ချုပ်သူ ဖခင်တို့အတွက် တရားမျှတခြင်းသည် လက်အောက်ခံ အုပ်ချုပ်ခံသူတို့အတွက် တရားမျှတခြင်းနှင့် မတူနိုင်ချေဟု သူက ဆိုသည်။

ကျွန်ကို တတန်းတစားတည်း ထား၍ စဉ်းစားနိုင်မည်လား ဆိုသောအချက်တွင် အာရစ္စတိုတယ်က ကျွန်သည် အသက်ရှိသော လက်နက်ကြိယာတစ်မျိုးသာ ဖြစ်၍ မဆက်ဆံနိုင်ဟု ဆိုခဲ့လေသည်။

တစ်နည်းဆိုလျှင် အာရစ္စတိုတယ်၏ ကိုယ်ကျင့်တရား အမြင်များသည် လူတန်းစားလက္ခဏာကို ဆောင်ယူထားကြပြီး နိုင်ငံရေး သဘောတရားနှင့်လည်း

http://www.cherrythitsar.org


နီးကပ်စွာ ဆက်စပ်နေကြောင်း တွေ့ရပေသည်။

အာရစ္စတိုတယ်၏ နိုင်ငံရေး သဘောတရားများမှာ ပလေတို၏ နိုင်ငံရေး သဘောတရားများသာ ဖြစ်၍ ဤစာစောင်တွင် အကျယ်တဝင့် မရေးသားလိုတော့ပြီ။

မည်သို့ပင်ဆိုစေ စိတ်ကူးယဉ်ဆန်လွန်းသော ဆရာပလေတို၏ အတွေးအမြင်များကို အာရစ္စတိုတယ်သည် လူ့ဘဝနှင့် နီးစပ်၍ လက်တွေ့သဘောပါအောင် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့သူဖြစ်၍ တွေးခေါ် မြော်မြင်ရေး သဘောတရားသမိုင်းတွင် ထင်ရှားကျော်ကြားခဲ့ပေသည်။

အာရစ္စတိုတယ်၏ လောကအမြင်များသည် အလယ်ခေတ် ခရစ်ယာန်ကျမ်းတတ် ပုဂ္ဂိုလ်တို့၏ ကျောင်းတော်ဝါဒ၌ အရှိန်အဝါ ကြီးစွာဖြင့် လွှမ်းမိုးနေခဲ့ကြောင်း လေ့လာတွေ့ရှိရပေသည်။

ခေါ်မတိုင်းသား တွေးခေါ်ရှင်များအနက် အာရစ္စတိုတယ်သည် နောက်ဆုံးနှင့် အထင်ရှားဆုံး ဖြစ်ခဲ့လေသည်။

နောက်အခန်းများတွင် ရောမနိုင်ငံ ကျဆုံး ပျက်စီးပြီးနောက် ခရစ်ယာန် ကက်သလစ်ဂိုဏ်းသားတို့ ရှုမြင်ခဲ့သော လောကအမြင်များကို ဆက်လက် လေ့လာကြရပေမည်။ ထိုအယူဝါဒ၊ အတွေးအမြင်များကို အလယ်ခေတ် အတွေးအမြင်များဟူ၍ လည်းကောင်း၊ ခရစ်ယာန်ကျောင်းတော် ဝါဒဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြလေသည်။

အာရစ္စတိုတယ်၏ လောကအမြင်၊ ကိုယ်ကျင့်တရားအမြင်များကို ချို့၍ ကြည့်လျှင် အာရစ္စတိုတယ်သည် သူ အသက်ထင်ရှား ရှိခဲ့သော လူ့အဖွဲ့အစည်းထဲတွင် ဘယ်လူတန်းစားဘက်ကနေ၍ ဘယ်သူ့အကျိုးကို ကာကွယ်နေခဲ့သည်ကို အထင်အရှား မြင်သာသည်။ သူကား မြေရှင်၊ မြေကျွန် ဆက်ဆံရေးစနစ်တွင် မြေရှင်ဘက်က ရှေ့နေလိုက်ကာ မြေကျွန်များကို လက်နက်ကြိယာ တစ်ခုအဖြစ် အသိအမှတ် ပြုခဲ့သည်။ လူဟု မမြင်၊ အသိအမှတ်လည်း မပြုခဲ့ချေ။ သူ တင်ပြသော 'တရားမျှတခြင်း' ဆိုသည်မှာလည်း မြေကျွန်တို့အတွက် မဟုတ်ချေ။ မြေရှင်တို့ အကျိုးကို ဖြစ်စေသော အထက်တန်းစားတို့အတွက် တရားမျှတခြင်းသာ ဖြစ်ပေသည် ဆိုသည်ကို သတိပြု၍ လေ့လာအပ်ပေသည်။ လူနည်းစု၏ အတ္တဟိတကိုသာ ပဓာနထားသူ ဖြစ်သည်ကိုလည်း မမေ့သင့်ပေ။

*   *   *

http://www.cherrythitsar.org

## အပိုင်းနှစ်

# အလယ်ခေတ်

ခရစ်ယာန်ကျမ်းတတ် ပုဂ္ဂိုလ်များ၏
ဘုရားကျောင်းတော်ဝါဒီ

၁။ စိန့်ဩဂတ်စတင်

၂။ စိန့်သောမတ် အကွိုင်းနတ်

၃။ ဝီလျံ အော့ ဥက္ကံ

## အလယ်ခေတ်

ကမ္ဘာ့သမိုင်းတွင် ခေါမ, ရောမ, နိုင်ငံတော်ကြီးများ လျောကျပျက်စီးပြီး နောက်ပိုင်း အချိန်ကို အလယ်ခေတ်ဟု ခေါ်ကြသည်။ ခေါမ (ဂရိ) တိုင်းသားများ၏ အတွေး အမြင်များ တစ်ခေတ်ဆုံးပြီးနောက် အလယ်ခေတ်တွေးခေါ်ရှင်ကြီးများ ခေတ်သို့ ရောက်လာသည်။

အလယ်ခေတ်သည် ခရစ်ယာန်ဘုရားကျောင်းတော်နှင့် ခရစ်ယာန်ဘုန်းကြီး များ လွှမ်းမိုးသော ခေတ်ဖြစ်၏။ ခရစ်ယာန် သာသနာရေးကိစ္စများမှအပ ကျန် လောကီ၊ လောကုတ္တရာ အတွေးအမြင်များ မထွန်းကားသောကြောင့် သမိုင်း ဆရာများက ဤခေတ်ရှည်ကြီးကို အမှောင်ခေတ်ဟူ၍ ခေါ်ကြလေသည်။

ဤခေတ်တွင် သာသနာရေးနှင့် ဆက်နွှယ်သော အတွေးအမြင်များကို ဟောကြားသူ တွေးခေါ်ရှင်များ ပေါ်ပေါက်သည်။ သို့ရာတွင် အတွေးအခေါ် လမ်းကြောင်းမှာ တစ်ဖြောင့်တည်း မသွားဘဲ အကန့်လိုက် အကန့်လိုက် ဖြစ်ပေါ် နေလေသည်။ ထို့ကြောင့် ဤစာစောင်တွင် အကန့်သုံးကန့် ထား၍ တင်ပြပါသည်။

ပထမပိုင်းတွင် ရောမအင်ပါယာကြီး စတင်ကျဆုံးချိန် ဖြစ်သည်။ အေဒီ ၄၀၀ မှ ၁၀၀၀ ထိ ဖြစ်သည်။ ထိုအချိန်အခါကို အမှောင်ခေတ်ဟုလည်း ခေါ် သည်။ ထိုခေတ်တွင် ထင်ပေါ်ကျော်ကြားသော တွေးခေါ်ရှင်မှာ 'ဩဂတ်စတင်' ဖြစ်သည်။

ဒုတိယပိုင်းကို အေဒီ ၁၀၀၀ မှ ၁၃၀၀ ထိ သတ်မှတ်သည်။ ထိုအချိန်၌ 'ဘုရားကျောင်းတော် ဝါဒ' ထွန်းကားခဲ့သည်။ ထိုကာလ၏ တွေးခေါ်ရှင်မှာ

http://www.cherrythitsar.org


'သောမတ် အက္ကိုင်းနတ်' ဖြစ်သည်။ အလယ်ခေတ် တစ်ခုလုံး၏ အတွေးအခေါ်များကို စနစ်တကျ ဖော်ပြနိုင်ခဲ့သော ပုဂ္ဂိုလ်ပင်ဖြစ်သည်။

တတိယပိုင်းကို အေဒီ ၁၃၀၀ မှ ၁၄၀၀ ထိ သတ်မှတ်သည်။ ထိုအချိန်၌ ဘုရားကျောင်းတော်ဝါဒ မှေးမှိန်စ ပြုလေပြီ။ ထိုကာလတွင် ပေါ်လာသော တွေးခေါ်ရှင်မှာ 'ဉက္ကံ' အရပ်မှ 'ဝီလျံ' ဖြစ်သည်။

အလယ်ခေတ်တွင် သူ့အချိန်နှင့်သူ ခေတ်စားခဲ့သော 'ဩဂတ်စတင်' 'သောမတ် အက္ကိုင်းနတ်' နှင့် ဝီလျံ အော့ ဉက္ကံ' တို့၏ အတွေးအခေါ်များကို အကျဉ်းချုံး၍ ဖော်ပြပါမည်။

# အလယ်ခေတ် တွေးခေါ်မြော်မြင်ရေး သဘောတရား၏ ယေဘုယျ လက္ခဏာများ

## တွေးခေါ် မြော်မြင်ရေး သဘောတရားနှင့် ဘာသာရေး

အထက်ပါ တွေးခေါ်ရှင်များ၏ အတွေးအမြင်များကို မတင်ပြမီ အလယ်ခေတ် အတွေးအမြင်သမိုင်း၏ ယေဘုယျ လက္ခဏာများကို ဦးစွာ သိသင့်သိထိုက် ပါသည်။

ယခုအခါတွင် တွေးခေါ် မြော်မြင်ရေးသဘောတရားသည် ဘာသာရေးနှင့် တခြားစီ ဖြစ်သည်။ ဂရိခေတ်ကလည်း ထို့အတူပင် ဖြစ်ခဲ့၏။ အလယ်ခေတ် ရောက်မှသာ ခရစ်ယာန် ဘုရားကျောင်းသည် နေရာတကာတွင် ဩဇာညောင်းခဲ့သည်။ လူတို့၏ တွေးခေါ် မြော်မြင်မှုသည်လည်း ခရစ်ယာန်ဘုရားကျောင်း၏ လွှမ်းမိုးခြင်းကို ခံခဲ့ရလေသည်။ ဤခေတ်တွင် တွေးခေါ် မြော်မြင်ရေး သဘောတရားနှင့် ဘာသာရေး ပညာတို့သည် ခွဲမရနိုင်လောက်အောင် ဆက်စပ်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် အလယ်ခေတ် တွေးခေါ် မြော်မြင်ရေး သဘောတရားကို နားလည် သဘောပေါက်လိုလျှင် ပထမဦးဆုံး ခရစ်ယာန်ဘာသာနှင့် ခရစ်ယာန် ဘုရားကျောင်းတို့ ထွန်းကားလာပုံကို နားလည်ရပေမည်။

တမန်တော်ယေရှု ဆုံးမဩဝါဒ ပေးခဲ့သော တရားများကို ခရစ်ယာန်ဘာသာ ဟု ခေါ်သည်။ ခရစ်ယာန် ဘာသာ အလိုအရ ထာဝရဘုရားသခင်တစ်ပါးသာလျှင်

http://www.cherrythitsar.org



ရှိသည်။ ထာဝရဘုရားသခင်သည် အနန္တတန်ခိုးရှင် ဖြစ်သည်။ ကောင်းကင်ဘုံနှင့် လူ့လောကကို ဖန်ဆင်းတော်မူခဲ့သည်ဟု ယုံကြည်သည်။

ပဲလက်စတိုင်ပြည်၌ စတင်ပေါ်ပေါက်ခဲ့သော ခရစ်ယာန်ဘာသာသည် ဥရောပ အလယ်ပိုင်းတွင် သွားရောက် ထွန်းကားနေပုံမှာ စိတ်ဝင်စားစရာ ကောင်းလှသည်။ ရောမအင်ပါယာကြီး ပြိုကွဲပျက်စီးသွားသောအခါတွင် တိုင်းသူပြည်သားတို့သည် ဂရိနှင့် ရောမဘုရားများအပေါ် ယုံကြည်မှုကင်းမဲ့လာကြသည်။ တိုင်းပြည်၌ လုံခြုံမှုလည်း မရှိ၊ အကွဲကွဲ အပြားပြား ဖြစ်နေချိန်၌ ကိုးကွယ်ရာကို ရှာနေကြသော တိုင်းသူပြည်သားတို့သည် စကြဝဠာ တစ်ခုလုံးအား စိုးမိုးနိုင်သည့် အနန္တတန်ခိုးရှင် တစ်ပါးကို မျှော်လင့်တောင့်တလျက် ရှိကြ၏။

ရောမအင်ပါယာကြီး ပြိုကွဲပြီးနောက် နိုင်ငံရေး အခြေအနေ မငြိမ်မသက် ဖြစ်နေသော အချိန်၌ ခရစ်ယာန် ဘုရားကျောင်းသည် အခြေအနေကို ထိန်းသိမ်းရန် ပေါ်ပေါက်လာ၏။ မြောက်အရပ်မှ 'လူရိုင်း'များ ကျူးကျော် ဝင်ရောက်လာသဖြင့် ရောမယဉ်ကျေးမှု ပျောက်ကွယ်ခဲ့ရသည်။ ထိုအချိန်၌ ယဉ်ကျေးမှုနှင့် စာပေကို ခရစ်ယာန်ဘုရားကျောင်းကပင် ထိန်းသိမ်းခဲ့သည်။ ယခင်က စည်းလုံးမှု ရှိခဲ့သော အင်ပါယာကြီး၌ တဖြည်းဖြည်း တိုင်းနိုင်ငံငယ်ကလေးပေါင်း များစွာ ပေါ်ပေါက်ခဲ့သည်။ ရောမအင်ပါယာကြီး၏ ဗဟို အုပ်ချုပ်ရေးစနစ်သည် နိုင်ငံရေး အကွဲအပြဲကြောင့် ပျက်စီးပျောက်ကွယ်ခဲ့ရသည်။ ဤကဲ့သို့ ရောမအင်ပါယာကြီး၏ တစ်ခုတည်းသော ဗဟိုက အုပ်ချုပ်ရေးစနစ် ပျောက်ကွယ်ချိန်တွင် အကွဲကွဲ အပြားပြား ဖြစ်နေသော နိုင်ငံငယ်များကို ခရစ်ယာန် ဘုရားကျောင်းက ဘာသာရေးအားဖြင့် စည်းရုံးကာ ခေါင်းဆောင်မှုကို ပေးခဲ့သည်။

ထိုအချိန်၌ မြေရှင် ပဒေသရာဇ်တို့သည် ခရစ်ယာန်ဘုရားကျောင်းနှင့် အပြိုင်အဆိုင် အာဏာလုရန် ပေါ်ပေါက်ခဲ့ကြသည်။ ဘုရားကျောင်းက သင်ကြားပို့ချချက်များနှင့် ပြိုင်ရန်မြေရှင်ပဒေသရာဇ်များ၌ လုံလောက်သော အတွေးအခေါ်များ မရှိခဲ့ပေ။ ထို့ကြောင့် ခရစ်ယာန် ဘုရားကျောင်းသည် ပြိုင်ဘက်ကင်းစွာ ရပ်တည်နိုင်ခဲ့သည်။ ဖော်ပြခဲ့ပြီးသည့်အတိုင်း အလယ်ခေတ်တွင် ဘာသာရေးပညာနှင့် တွေးခေါ် မြော်မြင်ရေးပညာတို့မှာ ခွဲ၍ မရနိုင်ဘဲ ရောနှောဆက်စပ်နေခဲ့ကြလေသည်။

http://www.cherrythitsar.org


## အလယ်ခေတ် အတွေးအမြင်များ၏ ကျောထောက်နောက်ခံများ

မည်သည့် တွေးခေါ် မြော်မြင်ရေး သဘောတရားမှ မိမိဘာသာ သီးခြား ပေါ်ပေါက်လာနိုင်ခြင်း မရှိကြောင်းကို ကျွန်ုပ်တို့ သိရှိခဲ့ရပေပြီ။ ရှေးက အတွေး အခေါ်များကို နောက်ပေါက် တွေးခေါ်ရှင်များက ဆက်လက် အမွေခံ၍ တိုးပွား အောင် ကြိုးစားကြရသည်။ အလယ်ခေတ် တွေးခေါ်ရှင်များသည် ဂရိအတွေးအခေါ် များကို လက်ခံ မှတ်သားခဲ့ကြသည်။ အထူးသဖြင့် ပလေတိုနှင့် အာရစ္စတိုတယ် တို့၏ သဘောတရားများကို ခံယူခဲ့ကြသည်။ ထို့ကြောင့် အလယ်ခေတ် တွေး ခေါ် မြော်မြင်ရေး သဘောတရားသည် ဂရိ ထုံးတမ်းစဉ်လာများနှင့် ခရစ်ယာန် ဘာသာတို့ကို ပေါင်းစပ်ရန် ကြိုးစားမှုတစ်ရပ်သာ ဖြစ်သည်ဟု မှတ်ယူအပ်သည်။

ဂရိ အတွေးအခေါ်များသည် ခရစ်ယာန် တွေးခေါ် မြော်မြင်ရေး သဘော တရားနှင့် အခြေခံချင်း မတူကြပေ။ စည်းစနစ်တကျ ဖြစ်သော စကြဝဠာကို နားလည်ရန်နှင့် ၎င်းစကြဝဠာအတွင်းရှိ သူ၏ ကဏ္ဍကို နားလည်ရန်တို့မှာ အဓိကပြဿနာ ဖြစ်လေသည်။ လူဆိုသည်မှာ စဉ်းစားဆင်ခြင်တတ်၍ ယဉ်ကျေး သည့် သတ္တဝါတစ်မျိုးဟု ဂရိတို့က အလေးအမြတ်ထား၍ ဆိုခဲ့သည်။ **ဂရိတို့သည် ဆင်ခြင်စဉ်းစားခြင်းကို မြတ်နိုးလှပေသည်။**

ခရစ်ယာန် အတွေးအခေါ်တွင် ထာဝရဘုရားသခင်၏ ဂုဏ်တော်များနှင့် ထာဝရဘုရားသခင်သည် လူတို့နှင့် မည်ကဲ့သို့ ဆက်သွယ်နေသည်ကို အဓိက ထားကာ စဉ်းစားသည်။

အလယ်ခေတ် တွေးခေါ်ရှင်များသည် ဆင်ခြင်ခြင်းကို နှစ်သက်၍ စဉ်းစား ဆင်ခြင်ပြီးမှသာ မိမိတို့၏ အမြင်ကို တင်ပြလိုကြပေသည်။ တွေးတောဆင်ခြင် ခြင်းကို နှစ်သက်သည့် အကျင့်ကို ဂရိတို့ထံမှ ရရှိသည်။ ၎င်းတို့၏ အဓိက ရည်ရွယ်ချက်မှာ ဘာသာရေးကို ယုံကြည်သက်ဝင်ခြင်းနှင့် ဆင်ခြင်ခြင်းတို့ဖြင့် ပေါင်းစပ်ရန်ပင် ဖြစ်သည်။ ဒုတိယရည်ရွယ်ချက်မှာ အာရစ္စတိုတယ်၏ တွေးခေါ် မြော်မြင်ရေး သဘောတရားနှင့် ပလေတို၏ တွေးခေါ် မြော်မြင်ရေး သဘောတရား များကို နားလည်ရန် ဖြစ်လေသည်။ ပလေတိုနှင့် အာရစ္စတိုတယ်တို့ စတင်ခဲ့သည့် ယေဘုယျသဘောတရားများနှင့် သီးခြားအရာဝတ္ထုတို့ ဆက်သွယ်ပုံ ပြဿနာကို ဆက်လက် ဖြေရှင်းခဲ့သည်။

ဤအချက်အလက်များပေါ် မူတည်၍ 'ဩဂတ်စတင်' 'သောမတ်ကွိုင်းနတ်' နှင့် 'ဥက္ကံရပ်မှ ဝီလျံ' တို့၏ အတွေးအခေါ်များကို လေ့လာရပါမည်။

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ဩဂတ်စတင်

http://www.cherrythitsar.org


## ဩဂတ်စတင်

ဩဂတ်စတင်သည် ပထမခေတ်တွင် ခရစ်ယာန်ကျောင်းတော်၏ အစွမ်းဆောင်နိုင်ဆုံးသော တွေးခေါ်ရှင် ဖြစ်သည်။ ထိုအချိန်က အလွန် အရေးကြီးသော အတွေးအခေါ်ဆိုင်ရာ ပြဿနာများကို ဆွေးနွေးတင်ပြခဲ့သည်။

## ဩဂတ်စတင် သိမှုဗေဒ

ဩဂတ်စတင်၏ အဆိုအရ ထာဝရ ဘုရားသခင်၏ အကြောင်းကို သိခြင်းနှင့် မိမိ၏ အကြောင်းကို သိခြင်းများသည်သာလျှင် သိသင့် သိထိုက်သော ပညာရပ်များ ဖြစ်သည်။ ထာဝရဘုရားသခင်၏ အကြောင်းကို သိနိုင်ရန် အထောက်အပံ့ပြုလျှင် ယုတ္တိဗေဒ ကိုယ်ကျင့်တရား ပညာစသော အခြား သိပ္ပံရပ်များသည် တန်ဖိုးရှိကြသည်။ လူတို့၏ အဓိက တာဝန် တစ်ရပ်မှာ ၎င်းတို့ ယုံကြည်သက်ဝင်သော ဘာသာကို နားလည်ရန် ဖြစ်လေသည်။ ဘာသာကို ယုံကြည်သက်ဝင်ခြင်းသည် ဆင်ခြင်ခြင်းထက် ပိုမို အရေးကြီး၏။ ထို့ကြောင့် ခရစ်ယာန်ဘုရားကျောင်း၏ ဆိုဆုံးမသမျှကို လက်ခံကြရပေမည်။ အကြောင်းမူကား ခရစ်ယာန်ဘုရားကျောင်းသည် မြေပေါ်တွင် ထာဝရဘုရားသခင်၏ ကိုယ်စားလှယ် ဖြစ်သောကြောင့်တည်း။

ဩဂတ်စတင်က ယုံကြည်မှုသည် အရေးကြီး၏။ အသိပညာ ဆိုသည်မှာလည်း ထာဝရဘုရားသခင်နှင့် လူတို့ ဆက်သွယ်နေပုံကို သိခြင်းပင် ဖြစ်သည်ဟုဆိုသည်။

သူသည် ပလေတို၏ တွေးခေါ်မြော်မြင်ရေးတွင် ပါဝင်သော အယူအဆများကို လက်ခံသူဖြစ်၍ သူ့အဖို့လည်း 'ပုံစံစစ်' သည် ထာဝရဘုရားသခင် ဖြစ်၏။

ဩဂတ်စတင်သည် အသက် သုံးဆယ့်နှစ်နှစ် ရှိမှ ပလေတို၏ စာအုပ်ကို ဖတ်ဖူးသည်။ ပလေတို ပြုစုခဲ့သော ဒဿနိကဗေဒဆိုင်ရာကျမ်းများကို ဖတ်ပြီးသည့်နောက်၌ ဩဂတ်စတင်သည် ထာဝရဘုရားသခင်ဆိုသည်မှာ ဝိညာဉ်အပေါင်းတို့ကို အစိုးရသော ရုပ်အပေါင်းတို့မှ ကင်းစင်သည့် ဝိညာဉ် ဖြစ်သည်ကို နားလည်လာလေသည်။ သီတင်းသီလ ဆောက်တည်ခြင်း ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းခြင်း

http://www.cherrythitsar.org


ဖြင့် ဤထာဝရ ဘုရားသခင်ကို တွေ့မြင်နိုင်သည်။ စကြဝဠာကြီးကို ထာဝရ ဘုရားသခင်က ဖန်ဆင်းခဲ့သည်။ ထို့ကြောင့် စကြဝဠာကြီး၏ စည်းလုံးမှုသည် ဘုရားသခင်ပေါ်၌ တည်သည်ဟူ၍ ဟောကြားခဲ့လေသည်။

တစ်ဖန် ဩဂတ်စတင်က ခရစ်ယာန် ဘုရားကျောင်းသည် 'မြေပေါ်တွင် ရှိသော ထာဝရ ဘုရားသခင်၏ မြို့တော်' ဟု ယုံကြည်သည်။ ထိုသဘောတရား ပေါ်တွင် အခြေတည်၍ တွေးခေါ် မြော်မြင်ရေးသမိုင်းသည် ဆန်းသစ်လာလေသည်။ ခရစ်ယာန် ဘုရားကျောင်းအား မြင့်မြတ်သည့် အဖွဲ့အစည်း တစ်ခုအနေနှင့် ယူဆ သည်။ ထို့ကြောင့် တိုင်းပြည်အတွက် ခရစ်ယာန် ဘုရားကျောင်းသည် တာဝန် ရှိသည်။ တိုင်းပြည်၌ ခရစ်ယာန်ဘာသာ မေးမှိန်လာလျှင် ဘုရားကျောင်းက ရှုတ်ချပြစ်တင်နိုင်သည်။ ခရစ်ယာန် ဘုရားကျောင်းသည် တစ်ကမ္ဘာလုံးအား ဩဇာလွှမ်းမိုးရမည် ဟူ၏။

ဘုရားကျောင်းသည် ကေရာဇ်ဘုရင်များကိုပင်လျှင် ရဟန်းမင်းကြီးများ၏ ဩဇာကို မလွန်ဆန်နိုင်အောင် လုပ်နိုင်ခဲ့သည်။ တစ်ခါက ဆိုလျှင် ရဟန်းမင်းကြီး 'မဟာဂရေဂရီ' သည် ကေရာဇ်ဘုရင် 'စတုတ္ထမြောက် ဟင်နရီ' အား ၎င်း၏ ကျောင်းတော်ရှေ့တွင် ဒူးထောက် အညံ့ခံစေခဲ့သည့်အထိ ပြုလုပ်နိုင်ခဲ့သည်။

ထို့ကြောင့် ဩဂတ်စတင် ခေတ်၌ ခရစ်ယာန်ဘုရားကျောင်းသည် တန်ခိုး အကြီးဆုံး၊ ဩဇာ အရှိဆုံး အချိန် ဖြစ်ခဲ့၏။ သူ၏ တွေးခေါ် မြော်မြင်ရေး သဘော တရားသည်လည်း ဤဖြစ်ရပ်ကို ရောင်ပြန်ဟပ်သော သဘောတရားသာလျှင် ဖြစ်သည်။

## သောမတ်အကွိုင်းနတ်

'သောမတ်အကွိုင်းနတ်' (Thomas Aquinas) ကို ၁၂၂၅ ခုနှစ်တွင် နေပယ်မြို့အနီး၌ မွေးဖွား၏။ 'ဘနီဒစ်' (Benedict) ဘုန်းတော်ကြီးများထံတွင် ပညာရင်နို့ သောက်စို့ခဲ့သည်။ ပညာပြည့်စုံပြီးနောက် ဘာသာရေး ကျမ်းစာနှင့် တွေးခေါ် မြော်မြင်ရေး သဘောတရားတို့ကို ကလုံး၊ ပဲမစ်နှင့် နေပယ်မြို့များတွင် ပို့ချလေသည်။ စာပေများ ပို့ချနေချိန်တွင် ကက်သလစ်ဘာသာ အတွေးအခေါ် များကို လေးလေးနက်နက် လိုက်စားလေသည်။ ၁၂၇၄ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

သောမတ်အကွိုင်းနတ်သည် တွေးခေါ် မြော်မြင်ရေး သဘောတရား သာသနာ ရေး ပညာတို့နှင့် ဆိုင်သော အဖွင့်ကျမ်း များစွာကို ပြုစုခဲ့သည်။ ထိုအဖွင့်ကျမ်း

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
သောမတ်အကွိုင်းနတ်

http://www.cherrythitsar.org


တို့အနက် အာရစ္စတိုတယ်၏ စာပေများအကြောင်း ရေးသားထားသော အဖွင့်ကျမ်း တွေ့ရသည်။ သူ၏ အကျော်ကြားဆုံး စာအုပ်များမှာ (Sunna Theologica) နှင့် (Sunna Contra Gentiles) တို့ ဖြစ်သည်။

## သက်ဝင်ယုံကြည်ခြင်းနှင့် ဆင်ခြင်ခြင်းတရား

သောမတ်အကွိုင်းနတ် အသုံးပြုသော တက္ကိကနည်း၏ ရည်ရွယ်ချက်မှာ စကြာဝဠာ တစ်ခုလုံးသည် ထာဝရ ဘုရားသခင်၏ ဗျာဒိတ်တော်အရ ဖြစ်လာရ သည်ကို ဆင်ခြင်တုံတရားဖြင့် ထင်ရှားစေရန် ဖြစ်သည်။ သောမတ်သည် ဩဂတ် စတင်၏ တက္ကိကကို ယေဘုယျအားဖြင့် လက်ခံသည်။ အာရစ္စတိုတယ်၏ နည်း စနစ်များနှင့် ဝေါဟာရများကို သူ၏ သဘောတရားများတွင် ထည့်သွင်း အသုံးပြု သည်။ ထို့ကြောင့် အာရစ္စတိုတယ်၏ စာပေများကို ခရစ်ယာန်ဘုရားကျောင်းတော်၏ နှုတ်ခပတ်တော်များနှင့် ပေါင်းစပ် အသုံးပြုရန် ကြိုးစားသည်။ သောမတ်အကွိုင်းနတ် ၏ အလိုအရ တွေးခေါ် မြော်မြင်ရေး သဘောတရား ဆိုသည်မှာ သီးခြား ဝတ္ထု ပစ္စည်း အကြောင်းအရာများမှ ထာဝရ ဘုရားသခင် ရှိခြင်းကို သာဓက ပြရန် ဖြစ်၍ ဘာသာရေး ပညာဆိုသည်မှာ ထာဝရ ဘုရားသခင်မှ သီးခြား ဝတ္ထုပစ္စည်း အကြောင်းအရာများ၏ ပေါ်လာပုံကို ပြသရန် ဖြစ်သည်။ လောကတွင် သာမန် ဆင်ခြင်စဉ်းစား၍ မရနိုင်သော အရာများစွာ ရှိသည်။ ဥပမာ 'သုံးပါး ပေါင်း သော ဘုရား' (Holy Trinity) စကြာဝဠာအား ဖန်ဆင်းပုံတို့ကို ရိုးရိုး စဉ်းစား ကြည့်၍ မရနိုင်ပေ။ ၎င်းတို့သည် ကျွန်ုပ်တို့၏ ယုံကြည်မှုများသာ ဖြစ်သည်။ ၎င်းတို့သည် ဘာသာရေးနှင့် ဆိုင်သဖြင့် ဆင်ခြင်ခြင်းထက် သာလွန်သည်။ သို့ သော် ဆင်ခြင်ခြင်းနှင့် လုံးဝဆန့်ကျင်သည် ဟူ၍ကား မဆိုနိုင်ပေ။ ဘာသာရေးရှိ အံ့ဩဖွယ်ရာများကို စဉ်းစားဝေဖန်ခြင်းသည် ယုံကြည်မှုနှင့် ဆန့်ကျင်သည်။ ကျွန်ုပ်တို့ ဘာသာရေးကို ယုံကြည်သက်ဝင်မှု မှန်သမျှ ကျွန်ုပ်တို့၏ ဆန္ဒပေါ်တွင် တည်၍ ကျွန်ုပ်တို့၏ ဆန္ဒများသည် ထာဝရဘုရားသခင်၏ အလိုဆန္ဒကြောင့် ဖြစ်ပေါ်ရသည်။

http://www.cherrythitsar.org


## သိမှုဗေဒ

သောမတ်အကွိုင်းနတ်သည် အာရစ္စတိုတယ်၏ နည်းစနစ်များကို လိုက်နာသူ ဖြစ်သည့် အာရစ္စတိုတယ်ကဲ့သို့ပင် သူသည်လည်း စစ်မှန်သော အသိပညာသည် ယေဘုယျ အသိပညာမှ လာသည်ဟု ဆို၏။ ယေဘုယျနာမများသည် အာရုံသိ၌ အခြေခံသည်။ အာရုံငါးပါးနှင့် တွေ့ထိခြင်းအားဖြင့် အရာဝတ္ထုများကို အကျွန်ုပ်တို့ သိရှိလာကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ဓမ္မာရုံ အသိမှန်သမျှသည် အာရုံအသိကို အခြေခံပြီးမှ ဖြစ်ပေါ်လာသည်။ အာရုံ ခံစားခြင်းဖြင့် ကျွန်ုပ်တို့သည် အရာခပ်သိမ်းကို သိနိုင်၏။ သောမတ်အကွိုင်းနတ်သည် သူ၏ သိမှုဗေဒ၌ လူတို့၏ အသိတရားကို အာရုံသိပိုင်းနှင့် ဓမ္မာရုံသိပိုင်း ဟူ၍ နှစ်ပိုင်း ခွဲခြားကာ ဖော်ပြထားလေသည်။ သီးခြား အရာများနှင့် ယေဘုယျ သဘောများကိုလည်း သူ၏ သိမှုဗေဒတွင် ထည့်သွင်း ဆွေးနွေးပြခဲ့သည်။ သောမတ်အကွိုင်းနတ် အလိုအရ တွေးခေါ်ရှင် တစ်ယောက်သည် အကယ်၍ သဘောတရား တစ်ခုကို ရှင်းလင်းလိုပါက အတွေ့အကြုံကို အခြေခံ၍ ရှင်းလင်းရမည်ဟု ဆိုလေသည်။ ဤကဲ့သို့ အတွေ့အကြုံကို အခြေခံမှသာ အရာဝတ္ထုတို့၏ အနှစ်သာရ သဘောကို သိနိုင်လေသည်။ တက္ကိကဆိုသည်မှာ ဤကဲ့သို့ ဆင်ခြင်ခြင်းအား အတတ်ပင် ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုသော် တက္ကိကဝါဒဆိုသည်မှာ ယေဘုယျ သဘောများကို လေ့လာသော ဘာသာရပ် ဖြစ်၏။ ဤအချက်အလက်များကို ထောက်ထားကြည့်ခြင်းအားဖြင့် အာရစ္စတိုတယ်၏ အတွေးအခေါ်များသည် သောမတ်အကွိုင်းနတ်၏ အတွေးအခေါ်များ ပေါ်တွင် မည်မျှ လွှမ်းမိုးနေကြောင်း သိနိုင်လေသည်။

တက္ကိကဝါဒနှင့် သိပ္ပံပညာတို့သည် ယေဘုယျသဘောများကို အဓိကထား၍ လေ့လာကြသည်။ ထို့ကြောင့် ယေဘုယျ သဘောများသည် စင်စစ် ရှိကြရမည်ဖြစ်၏။ ယေဘုယျသဘောများ မရှိလျှင် အမှန်တရားဆိုသည်မှာလည်း ရှိနိုင်တော့မည် မဟုတ်ချေ။ သို့သော် ယေဘုယျ သဘောများသည် သီးခြားအရာများနှင့် ကင်းကွာ၍ကား မရှိနိုင်ကြပေ။ ယေဘုယျ သဘောများသည် သီးခြား အရာများနှင့် အစဉ်အတူ ရှိနေကြ၏။ သီးခြား အရာများနှင့် ကင်းကွာသော ယေဘုယျ သဘောဟူသည် မရှိပေ။ အရာဝတ္ထုများတွင်လည်း ယေဘုယျ သဘောများ ရှိသည်။

ယေဘုယျ သဘောများသည် တက္ကိကဝါဒ၏ အခြေခံများ ဖြစ်သည်။ သဘာဝလောကတွင် သီးခြားတည်ရှိသော အရာဝတ္ထုများအကြောင်းကို ယေဘုယျ

http://www.cherrythitsar.org


သဘော တစ်ခုတည်းဖြင့် မဖြေရှင်းနိုင်။ ထို့ကြောင့် ရုပ်သဘောကို ထည့်သွင်းခဲ့လေသည်။ ဤအချက်တွင် အာရစ္စတိုတယ်နှင့် တူသည်။ သဘာဝဆိုသည်မှာ အရူပသဘောနှင့် ရူပသဘောတို့ ပေါင်းစပ်ထားခြင်းပင် ဖြစ်သည်။ ရူပသဘောနှင့် ပေါင်းစပ်ထားသော အရူပသဘောများအပြင် ရူပ၏ အကူအညီကို မလိုသော မိမိဘာသာ ရပ်တည်နိုင်သော သတ္တိရှိသည့် အရူပသဘောများလည်း ရှိသည်။ ၎င်းအရူပသဘောများတွင် ထာဝရဘုရားသခင် ကောင်းကင် တမန်များနှင့် လူ့ဝိညာဏ်များ ပါဝင်သည်။ ၎င်းတို့ အခြေခံသဘောမှာ ရူပသဘော လုံးဝမပါသော အရူပသဘော သက်သက်သာ ဖြစ်သည်။ အရူပသဘော သက်သက်များ၏ အထွဋ်အထိပ်မှာ ထာဝရဘုရားသခင် ဖြစ်သည်။

## ယေဘုယျသဘော၏ ပြဿနာများ
## ပရမတ္ထဝါဒနှင့် ပညတ္တိဝါဒ

ယေဘုယျ သဘောများ၏ ပြဿနာများကို ပထမဆုံး တင်ပြသူမှာ ဆိုကရေးတီ ဖြစ်သည်။ သူ၏ အလိုအရ သီးခြားအရာများ၌ အခြေခံသဘောများ ရှိ၍ အသိပညာဟူသည် ဤသဘောတရားများကို ပလေတိုက ဆက်လက်ခံယူခဲ့သည်။

သို့သော် ပလေတို၏ ယေဘုယျ နာမများနှင့် ပတ်သက်သော အခက်အခဲ အချို့ကို 'ဒိုင်အိုဂျီနီ' က ညွှန်ပြခဲ့သည်။ ၎င်း စကားအတိုင်း ဖော်ပြရပါမူ ကျွန်ုပ်သည် ဤမြင်း ထိုမြင်းများကို မြင်နိုင်စွမ်းရှိ၏။ သို့သော် မြင်းဟူသော ယေဘုယျ သဘောကိုကား မမြင်နိုင်ပေ။ ပလေတို၏ အဆိုအရမူ မြင်းဟူသည့် ယေဘုယျ သဘောသာလျှင် စစ်မှန်သည်ဟု ဆိုထားလေသည်။

ပလေတိုကလည်း အားကျမခံ ပြန်လှန် ချေပခဲ့သည်။ 'ဒိုင်အိုဂျီနီ' တွင် မျက်စိရှိ၍ အရာဝတ္ထုများကို မြင်နိုင်သော်လည်း နားလည်သဘောပေါက်ရန် 'အသိဉာဏ် ခေါင်းပါးသည်' ဟု ဆိုခဲ့သည်။

ပလေတို၏ အလိုအရ ယေဘုယျနာမများကို ဆင်ခြင် စဉ်းစားခြင်းဖြင့်သာ သိနိုင်သည်။ အာရုံဖြင့် မသိနိုင်ပေ။ ၎င်း ယေဘုယျနာမများသည် သီးခြားအရာများမှ ကင်းကွာ၍ သူ့အလိုလို ရပ်တည်နိုင်သော သဘောရှိလေသည်။

သို့သော် အာရစ္စတိုတယ်အဖို့မူ ယေဘုယျနာမများသာမက သီးခြားအရာများသည်လည်း အစစ်အမှန်သဘောကို ဆောင်ကြလေသည်။

http://www.cherrythitsar.org


တစ်ဖန် သောမတ်အကွိုင်းနတ်အပါအဝင် အလယ်ခေတ် အတွေးအခေါ်များက အာရစ္စတိုတယ်၏ သဘောတရားများကို ဆက်လက် ခံယူပြန်သည်။ ခရစ်ယာန် ဘုရားကျောင်း၏ အလိုအရ ထာဝရဘုရားသခင်သည် ကမ္ဘာကြီးအား ပုံစံတစ်ခုအရ ဖန်တီးခဲ့သည်။ ဤပုံစံအရသာ သီးခြားအရာများကို ထာဝရဘုရားသခင်သည် ဖန်ဆင်း၏။ ယေဘုယျနာမများပေါ်တွင် အရာဝတ္ထုများသည် အမှီပြုနေလေသည်။ ယေဘုယျနာမများသည် သီးခြားအရာများထက် အရေးကြီး၏။ ထို့ကြောင့် သီးခြားအရာများ၏ သဘာဝကို ၎င်းတို့က အဆုံးအဖြတ် ပေးနိုင်သည်။ 'ပရမတ္တဝါဒ' က ယေဘုယျနာမများသည် အခြားအရာဝတ္ထုများထက် အရေးကြီးသောသဘော ရှိသည်ဟု ဆိုသည်။

တစ်ယူသန် ပရမတ္တဝါဒီများသာ အလိုအရမူ သဘာဝကြီးတွင် ပုံစံစစ်များရှိသည်။ ထိုပုံစံစစ်များသည် အပြစ်ဆိုစရာမရှိအောင် ပြည့်စုံသည်။ ထိုပုံစံစစ်ရှိခြင်းကို သောမတ်အကွိုင်းနတ်က လက်ခံခဲ့သည်။ ထို့ပြင် ရုပ်နှင့် ရောစပ်နေသောပုံစံများလည်း ရှိသေးသည်ဟု သောမတ်က ထပ်မံဖြည့်စွက် ပြောဆိုခဲ့သည်။ ဤအချက်မှာ အာရစ္စတိုတယ်၏ သဘောတရားနှင့် ကိုက်ညီသည်။

အလယ်ခေတ်တွေးခေါ် မြော်မြင်ရေးသဘောတရားမှ ပရမတ္တဝါဒဆိုသည်မှာ ယေဘုယျနာမများ ရှိသည်ဟု ယုံကြည်သော ဝါဒဖြစ်သည်။ ၎င်းယေဘုယျ နာမများသည် စစ်မှန်သော သဘောရှိသည်။ အဘယ်ကြောင့် ခရစ်ယာန်ဘုရားကျောင်းသည် ယေဘုယျ သဘောများ ရှိသော လောကကို လက်ခံသည် ဟူသောအချက်မှာ စဉ်းစားဖွယ်ရာ ဖြစ်၏။ သီးခြားအရာများကို အစစ်အမှန်ဟု ယူဆလျှင် ယေဘုယျ နာမများသည် အသွင်သဘောမျှသာ ဖြစ်နေပေလိမ့်မည်။ ကက်သလစ်ဘုရားကျောင်းအနေဖြင့် နာမများသည် အသွင်သဘောမျှသာ ဖြစ်သည်ဟူသောအချက်ကို လက်မခံနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ယေဘုယျနာမများသည် သီးခြားအရာများကို စုစည်းသော သဘောကို ဆောင်ကာ အကယ်၍ ယေဘုယျနာမများ မရှိလျှင် စုစည်းသော သဘောသည်လည်း မရှိရာ ကျပေမည်။ ဤသို့ဆိုလျှင် ကျောင်းငယ်ပေါင်း များစွာကို စုစည်းထားသော ကက်သလစ်ဘုရားကျောင်းသည်လည်း အသွင်သဘောမျှသာ ဖြစ်ကာ အသုံးမကျသော သဘောသို့ သက်ရောက်သွားမည် ဖြစ်၏။ တွေးခေါ် မြော်မြင်ရေး သဘောတရားမှ ယေဘုယျနာမသည် ကက်သလစ်ဘုရားကျောင်းကို ရောင်ပြန်ဟပ်သော နာမများ ဖြစ်၏။ ထိုအခါ၌ ကက်သလစ်ဘုရားကျောင်းသည် တန်ခိုးအာဏာများ ယုတ်လျော့သွားပေလိမ့်မည်။ ပရမတ္တဝါဒသည် ထာဝရဘုရားသခင်နှင့် ရုပ်သဘော ကင်းမဲ့

http://www.cherrythitsar.org


သည့် ကောင်းကင်တမန်များ ရှိသည်ကို လက်ခံ၏။ ထို့ကြောင့် ကက်သလစ်ဘုရား ကျောင်းသည် ပရမတ္တဝါဒကို အကြီးအကျယ် ထောက်ခံခဲ့လေသည်။

## ဉက္ကံရပ်မှ ဝီလျံ၏ ပညတ္တဝါဒ

ခရစ်ယာန်ဘုရားကျောင်းတော်သည် ပရမတ္တဝါဒကို လေးလေးနက်နက် လက်ခံယုံကြည်သည်။ အေဒီ (၁၃၀၀၊ ၁၄၀၀) ဤတတိယခေတ်တွင်ပင် ပရမတ္တ ဝါဒ ဆန့်ကျင်သော ပညတ္တဝါဒသည် ထွန်းကားပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် ဘုရားကျောင်း ဝါဒ မှေးမှိန်သွားပေသည်။ ဤဘုရားကျောင်းတော် ဝါဒက လက်ခံသော ပရမတ္တဝါဒနှင့် ပညတ္တဝါဒတို့သည် အတွေးအခေါ်၌သာ သဘော ကွဲလွဲကြသည် မဟုတ်၊ လူတို့၏ နေ့စဉ် ပြုမူ လုပ်ကိုင်ခြင်းများတွင်လည်း သဘော ကွဲလွဲလာသည်ကို တွေ့ရသည်။

ပရမတ္တဝါဒီများသည် လူ့ကျင့်ဝတ်များ၊ နိုင်ငံရေး ဖွဲ့စည်းပုံတရားများကို စဉ်းစားသောအခါ ၎င်းတို့သည် မပြောင်းလဲသော ထာဝရတည်ရှိသည့် သဘောများ အဖြစ် မှတ်ယူကြ၏။ ၎င်းတို့သည် ပြောင်းလဲခြင်းကို လုံးဝ လက်မခံလိုသူများ ဖြစ်၏။ ဤထာဝရဝါဒမှာ အလယ်ခေတ်ရှိ ခရစ်ယာန် ဘုရားကျောင်းနှင့် ၎င်း ၏သြဇာသက်ရောက်ရာ လူ့အဖွဲ့အစည်းများတွင် ရေပန်းစားသော ဝါဒ ဖြစ် သည်။

ပညတ္တဝါဒသည် ထာဝရဝါဒရှိ ယေဘုယျ နာမများကို ငြင်းပယ်၏။ ထို့ ကြောင့် ထာဝရဝါဒနှင့် ယေဘုယျနာမတို့ကို လက်ခံသော အလယ်ခေတ် ဘုရားကျောင်းတော်၏ အယူအဆတို့ မှန်ကန်မှုနှင့် ပတ်သက်၍ လက်ခံသူများ က သံသယဖြစ်လာကြသည်။

အလယ်ခေတ် ပညတ္တဝါဒကို ဦးဆောင်သူမှာ ဉက္ကံရပ်မှ ဝီလျံ ဖြစ်သည်။ သူသည် ယေဘုယျနာမများထက် အာရုံသိ သီးခြားအရာများကို ပို၍ စိတ်ဝင်စား သည်။ အာရုံသိ သီးခြားအရာများသည် ပိုမို၍လည်း အရေးကြီးသည်ဟု ဆို၏။ ထို့ကြောင့် ယေဘုယျနာမများသည် သီးခြားအရာများ ကင်း၍ မရပ်တည်နိုင်၊ သီးခြားအရာများကြောင့်သာ ယေဘုယျနာမတို့ ဖြစ်လာကြသည်။ ဖော်ပြပါ သဘောကို ရှင်းရန်အတွက် ဝီလျံသည် (Ockham's Rozor) ဟု ခေါ်သော နည်း တစ်ခုကို ချမှတ်ခဲ့သည်။

ဆိုလိုသည့်သဘောမှာ တွေးခေါ် မြော်မြင်ရေး သဘောတရား တစ်ရပ်တွင်

http://www.cherrythitsar.org


မလိုအပ်ဘဲနှင့် အကြောင်းအရာများကို မပွားသင့်။ အကြောင်းအရာတစ်ခုကို ရှင်းလင်းရာတွင် အလွယ်ဆုံးနည်းဖြင့် ရှင်းလင်းသင့်သည်။ အကြောင်းအနည်းငယ် ပြခြင်းဖြင့် လုံလောက်နေပါလျက်နှင့် အကြောင်းများစွာ ပြခြင်းသည် မလိုလားအပ်သော အချက် ဖြစ်၏ဟု ဆိုခြင်းပင် ဖြစ်၏။

ဘုရားကျောင်းတော်ဝါဒသည် ဝီလျံ၏ သိမှုဗေဒ ထွန်းကားလာခြင်းကြောင့် မှေးမှိန်သွားလေသည်။ ဝီလျံ၏ အလိုအရမူ သီးခြားအရာများသာ အစစ်အမှန်များ ဖြစ်၍ ယေဘုယျနာမများသည် အသွင်သဘောကို ဆောင်သော ပညတ်များသာ ဖြစ်၏။ သီးခြားအရာများသည် ရုပ်သဘောကို ဆောင်၍ ယေဘုယျနာမများသည် အရူပသဘောကို ဆောင်ကြသည်။ ဤကဲ့သို့ဆိုလျှင် ရုပ်သဘောသည် အရူပ သဘောထက် ပိုမို၍စစ်မှန်သည်ဟု ဆိုရာကျသည်။ ထို့ကြောင့် ကက်သလစ် ဘုရားကျောင်း၏ တွေးခေါ် မြော်မြင်ရေး သဘောတရားနှင့် ဝီလျံ၏ သဘော တရားတို့မှာ တစ်ခုနှင့် တစ်ခု ဆန့်ကျင်နေကြလေသည်။

တွေးခေါ် မြော်မြင်ရေး သဘောတရား ပေါ်ပေါက်လာခြင်းကြောင့် ဘာသာ တရားပေါ်တွင် လူတို့၏ ယုံကြည်သက်ဝင်မှု မှေးမှိန်လာ၏။ သို့သော် သိပ္ပံပညာ တိုးတက်မှုအတွက်မူ ဤတွေးခေါ် မြော်မြင်ရေး သဘောတရားသည် များစွာ အထောက်အကူ ပြုခဲ့၏။

ဘုရားကျောင်း၏ သဘောနှင့် ဝီလျံ၏ သဘောတို့ ဤကဲ့သို့ ဆန့်ကျင်နေ သည်ကို ဝီလျံကိုယ်၌က မလိုလားပေ။ ဤဆန့်ကျင်ခြင်းကို ရှောင်ရန်အတွက် သူသည် ဆင်ခြင်ခြင်းနှင့် ယုံကြည်သက်ဝင်ခြင်းတို့ကို တစ်ခုနှင့်တစ်ခု ခွဲပြလေသည်။ ဆင်ခြင်ခြင်းသည် ဘာသာရေးနှင့် မဆိုင်။ တွေးခေါ် မြော်မြင်ရေးသဘောတရား သိပ္ပံပညာတို့နှင့်သာ ဆိုင်၏ဟု ဆိုသည်။ ဘာသာရေးနှင့်မူ သက်ဝင်ယုံကြည်ခြင်း နှင့်သာ စပ်ဆိုင်သည်ဟု ဆိုလေသည်။

ဤသဘောမှာ ဘာသာရေးကို သီးခြား လွတ်လပ်ခွင့်ပေးလို၍ ဖြစ်ပေ သည်။ တစ်နည်းဆိုလျှင် မိမိတို့ ယုံကြည်ချင်ရာကို လွတ်လပ်စွာ ယုံကြည် ကိုး ကွယ်ခြင်းကို ဆင်ခြင်တုံတရား တွေးခေါ်မြော်မြင်ရေး သဘောတရားတို့နှင့် မ ရောထွေးစေသင့်ပေ။ လောကီပညာနှင့် လောကုတ္တရာရေး ယုံကြည်မှုကို တစ်သီး တစ်ကန့်စီ ထားရန် ဖြစ်ပေသည်။

*　　*　　*

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ရဲနေဒေးကား

http://www.cherrythitsar.org

အပိုင်းသုံး

# ခေတ်သစ် အတွေးအမြင်များ

ဖရန့်စစ်ဘောကွန်

ဆင်ခြင်တုံအဓိကဝါဒ
၁။ ရဲနေဒေးကား
၂။ စပင်နိုဇာ
၃။ လိုင်ဗနိ

အတွေ့အကြုံ အဓိကဝါဒ
၁။ ဂျွန်လော့ (က)
၂။ ဂျော့၊ ဘာကလေ
၃။ ဒေးဗဒ်ဟယွမ်း

## ခေတ်သစ် တွေးခေါ်မြော်မြင်ရေး သဘောတရား ထွန်းကားလာခြင်း

၁၄ ရာစုနှစ်တွင် အလယ်ခေတ် တွေးခေါ်မှု တိမ်ကောစ ပြုလာပြီး ခေတ်သစ် အတွေးအခေါ်သစ်များ ပေါ်ပေါက်လာသည်။

ထိုခေတ်ပြောင်းကာလတွင် ထင်ရှားအရေးပါသော ပြောင်းလဲမှုကြီးလေးခု ဖြစ်ပွားခဲ့သည်။ ပထမ ပြောင်းလဲမှုမှာ ၁၅ ရာစုနှင့် ၁၆ ရာစုအကြား အီတလီ ရီနေးဆန့် ခေတ်ဖြစ်သည်။ ၎င်းကာလသည် အလယ်ခေတ် ဘာသာရေး လွှမ်းမိုး မှုနှင့် ဆန့်ကျင်ဘက်ဖြစ်သည့်အတိုင်း ရှေးဂရိတို့၏ လောကီယဉ်ကျေးမှု ပြန်လည် ပေါ်ထွန်းလာသော အချိန်ဖြစ်သည်။ 'ဒန်တေ'၊ 'ပီထရာ'၊ 'ဘိုကပ်ရှို' စသည့် စာရေးဆရာများ ထွန်းကားလာသည်နှင့်အညီ လောကီ ဓလေ့ထုံးစံများကိုလည်း ပြန်လည် သုံးသပ်လာကြသည်။ ထိုခေတ်အချိန်တွင် လူတို့သည် 'ပိုက်သဂိုရပ်' နှင့် 'ယူကလစ်'တို့ ပြုစုခဲ့သော သင်္ချာဘာသာကို ပြန်လည် စိတ်ဝင်စား လာ ကြသည်။

ဒုတိယ အရေးပါသော ပြောင်းလဲမှုမှာ ပထမလှုပ်ရှားမှု ပေါ်တွင် အခြေပြု ၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ **'လူသာလျှင် အဓိက ဟူသော ဝါဒ'** မှာ ဒုတိယ လှုပ်ရှားမှုပင် ဖြစ်သည်။ အလယ်ခေတ်၏ တွေးခေါ်မှုတွင် ဘာသာရေး နှင့် ဘာသာရေးဆိုင်ရာ ကျမ်းဂန်တို့ လွှမ်းမိုးနေခဲ့သည်။ ခေတ်ပြောင်းကာလရှိ တွေးခေါ်ရှင်တို့လက်ထက်တွင်မူ လူအကြောင်းကို ပိုမို စိတ်ဝင်စားလာကြသည်။

http://www.cherrythitsar.org



လူသတ္တဝါတို့၏ လုပ်ဆောင် အောင်မြင်ချက်များတွင် အာရုံစိုက်လာခဲ့သည်။ လူ့ပင်ကိုယ် စွမ်းရည်ကိုလည်း သိမ်ဖျင်းသည်ဟု လုံးဝ မယူဆတော့ပေ။ ကဗျာ လင်္ကာဆရာများ၊ အနုပညာသည်များ၊ သမိုင်းပညာရှင်များနှင့် ခေတ်ပေါ်သုတေသန ပညာရှင်များကို ဂုဏ်ပြုလာခဲ့သည်။

အလယ်ခေတ်ကို ပြောင်းလဲပစ်သော တတိယအင်အားစုမှာ ဘာသာရေး ပြုပြင် ပြောင်းလဲရေးကြီးပင် ဖြစ်သည်။ ထိုခေတ် ထိုအချိန်တွင် ကက်သလစ် ကျောင်းတော်သည် ရှေးယခင်ကလောက် တန်ခိုး မရှိတော့ချေ။ 'ရီဖော်မေရှင်း' ခေါ် ပြုပြင်ပြောင်းလဲရေးကြီးကြောင့် အမျိုးသား 'ပရိုတက်စတင့်' ကျောင်းတော်များ ပေါ်ပေါက်လာကြပြီး ကက်သလစ်ကျောင်းတော်၏ အခွင့်အာဏာများကို ကန့်ကွက် တားဆီးကြသည်။

စတုတ္ထမြောက် ပြောင်းလဲမှုကြီးသည် 'ဥက္ကံ' ၏ သဘောတရားများကို ဝေဖန်ခြင်းမှ စတင်လာခဲ့သည်။ ဤသို့ ဝေဖန်လာမှုကြောင့် ယခင်က ယုံကြည်မှု အပေါ်တွင်သာ အခြေစိုက်၍ တွေးခေါ်ကြသည့် အလေ့အထမှ အတွေ့အကြုံကို အခြေစိုက်၍ တွေးခေါ်မှုများ ပေါ်ပေါက်ထွန်းကားလာလေသည်။ တစ်နည်းအားဖြင့် ဆိုလျှင် ဤစတုတ္ထမြောက် ပြောင်းလဲမှုကို သိပ္ပံပညာ စတင်ထွန်းကားရာခေတ် ဟုလည်း ခေါ်နိုင်ပေသည်။ ၁၆ ရာစုနှင့် ၁၇ ရာစုအတွင်း သိပ္ပံပညာရပ်တွင် တိုး တက် တီထွင်မှုကြီးများ ရှိခဲ့ကြသည်။ ထို့ကြောင့် သိပ္ပံပညာ ထွန်းကားရာ ခေတ်ဟုလည်း ခေါ်နိုင်သည့် ဤစတုတ္ထ ပြောင်းလဲမှုသည် ခေတ်သစ် ဒဿနိကဗေဒ ပညာရှင်များ၏ တွေးခေါ်မှုတွင် များစွာ အရေးပါခဲ့၏။

ခေတ်သစ် ကမ္ဘာလောကကြီးအား ရှေးဦးရာစုနှစ်များနှင့် ကွာခြားစေခဲ့ သည့်အမှု ကိစ္စအားလုံးလိုလိုပင် ၁၇ ရာစုနှစ်တွင် အောင်မြင်မှုရခဲ့သည့် သိပ္ပံ ပညာရပ်ကြောင့် ဖြစ်ကြောင်း မှတ်ယူနိုင်ပေသည်။ ကိုပါနီကပ် (စ)၊ ကက်ပလာဂက်၊ ဂယ်လယ်လီယိုနှင့် နယူတန်စသည့် ပုဂ္ဂိုလ်ကြီး ၄ ဦးတို့သည် သိပ္ပံပညာဆိုင်ရာ တီထွင်မှုများစွာ ပြုခဲ့သည်။ ခေတ်သစ် သိပ္ပံပညာကို အခြေချသော ပုဂ္ဂိုလ်တို့သည် အကျိုး နှစ်မျိုး ရခဲ့သည်။ ၎င်းအကျိုးများမှာ ကြည့်ရှုလေ့လာမှု၌ အလွန် စိတ်ရှည်လာခြင်းနှင့် တွေးဆချက်များကို ရဲဝင့်စွာ ချမှတ်လာနိုင်ခြင်းတို့ ဖြစ်သည်။ သိပ္ပံပညာနှင့် ဘာသာရေး ပဋိပက္ခမှုသည် ၁၇ ရာစုတွင် အစပျိုးခဲ့သည်။ အ လယ်ခေတ် ခရစ်ယာန်ကျောင်းတော်သည် အာရစ္စတိုတယ်၏ ရုပ်ပိုင်း ပြောင်း လဲမှုဆိုင်ရာ သဘောတရားကို တရားဝင် လက်ခံသည်။ ဤသဘောတရားအရ နေ လ နက္ခတ်တာရာ အစရှိသည်တို့သည် ကမ္ဘာကြီးကို ဗဟိုပြု၍ လှည့်ပတ်

http://www.cherrythitsar.org


သွားလာနေကြသည်ဟု ဆိုသည်။ ဤသဘောတရားကို 'ကိုပါနီကပ်(စ) ကက်ပလာ နှင့် 'ဂယ်လယ်လီယို' အစရှိသော သိပ္ပံပညာရှင်များက ငြင်းပယ်ခဲ့သည်။ ၎င်း တို့အမြင်မှာ ကမ္ဘာမြေကြီးကသာ အခြားနက္ခတ်များနှင့်အတူ နေကို လှည့်ပတ်နေပြီး၊ နေ လ အစရှိသည်တို့က ကမ္ဘာကို ပတ်ခြင်း မဟုတ်ပေ။ ဤသဘောတရားကို ဖော်ထုတ်ခဲ့သည့်အတွက် ခရစ်ယာန်ကျောင်းတော်သည် ဂယ်လယ်လီယိုကို ကွပ် မျက်ခဲ့သည်။

ဘုရားကျောင်းတော်သည် 'ကိုပါနီကပ်'၏ အထက်ပါ သဘောတရားကို လည်းကောင်း၊ ဂယ်လယ်လီယိုက မှန်ပြောင်း တီထွင်၍ အဆိုပါ သီဝရီအား ထောက်ခံအတည်ပြုခြင်းကို လည်းကောင်း ရှုံ့ချခဲ့သည်။

မည်သို့ပင် ဆိုစေ အမှန်တရားကို တာရှည် ဖုံးကွယ်မထားနိုင်ကြောင်း ထင်ရှားပေသည်။ ဤကာလသည် 'ဒိဋ္ဌကျသော အသိပညာ' ကို ရှာဖွေလေ့လာ ရန် ခြေလှမ်းသစ်လှမ်းရာ ကာလလည်းဖြစ်သည်။ ထို့ကြောင့် သဘာဝ အဖြစ် အပျက်များကို သဘာဝလောက၏ ရုပ်ဝတ္ထုများ လှုပ်ရှားမှုဆိုင်ရာ 'နိယာမ'တို့ ဖြင့် ရှင်းလင်းရန် လိုအပ်လာသည်။ ထို့ကြောင့် အလယ်ခေတ် အယူအဆများကို အသုံးမပြုတော့ဘဲ စံနစ်သစ်ရှာဖွေလာကြသည်။ သဘာဝတရားကို နားလည်လာရန် နည်းလမ်းကို သင်္ချာတွင် လည်းကောင်း၊ အတွေ့အကြုံနှင့် ပတ်သက်သော နည်း စနစ်အသစ်တွင် လည်းကောင်း၊ ရှာဖွေရန် လိုအပ်သည်ကို နားလည်လာကြသည်။ 'ဖရန့်စစ်ဘေကွန်'၏ တွေးခေါ် မြော်မြင်ရေး သဘောတရားတွင်လည်း အတွေ့ အကြုံကို အသုံးပြုသော နည်းလမ်းသစ်ဖြင့် လေ့လာထားသည်ကို တွေ့ရပေသည်။

* * *

http://www.cherrythitsar.org



## ဖရန့်စစ်ဘေကွန် (၁၅၆၁–၁၆၂၆)

ရီနေးဆန့်ခေတ်၏ အားပေးမှုကို ရရှိသဖြင့် အလယ်ခေတ် တွေးခေါ် မြော်မြင်ရေး သဘောတရားကို ဆန့်ကျင်ခဲ့သည့် 'ဖရန့်စစ်ဘေကွန်' သည် အတွေ့ အကြုံနှင့်ဆိုင်သော ကြည့်ရှုလေ့လာမှုနှင့် တွေးဆချက်တို့ကို အခြေပြု၍ အမှန် တရားကို ဖွေရှာသော၊ အကြောင်းအရာ အဓိကထားသော ခြုံယူ ဆင်ခြင်နည်းကို စီမံတင်ပြသည်။ အကြောင်းအရာ အဓိကထားသော ခြုံယူဆင်ခြင်နည်းကို မလေ့ လာမီ စိတ်သည် အစွဲ (Idons) ဟုခေါ်သည့် အထင်အမြင်လွဲမှားမှုများမှ ကင်းရှင်း ရပေမည်။ ဤအစွဲများသည် လူများကို လမ်းမှားသို့ ပို့ဆောင်သည့် အကျင့်ဆိုး များဟုလည်း ယူဆနိုင်သည်။ ယင်းအစွဲများကို လေးမျိုး လေးစား ခွဲခြားထားသည်။ (၁) 'လူ့ဇီဇကြောင့် ဖြစ်သော အစွဲ'၊ (၂) 'ပုဂ္ဂလိက ဆန္ဒအစွဲ'၊ (၃) 'ဘာသာစကား ဝေါဟာရနှင့် ဆိုင်သော အစွဲ' နှင့် (၄) 'အတွေးအခေါ် အယူအဆနှင့် ဆိုင်သော အစွဲ' တို့ ဖြစ်ကြသည်။

လူ့ဇီဇကြောင့်ဖြစ်သော အစွဲဆိုသည်မှာ လူ့သဘာဝတွင် စွဲမြဲနေသော အစွဲတို့ပင် ဖြစ်သည်။ ဥပမာ သဘာဝ မျက်မြင်လောကကြီး တစ်ခုလုံးတွင် အစီ အစဉ်ကျခြင်း ရှိချင်မှ ရှိမည်။ ထိုအစီအစဉ်ကို တွေ့နိုင်သည်ထက်ပို၍ မျှော်လင့် တောင့်တသဖြင့် မှားယွင်းလာသော အစွဲမျိုး ဖြစ်သည်။ လူတစ်ဦးစီနှင့် ပတ်သက် သော အစွဲတို့မှာ အထူးသဖြင့် လူတစ်ဦးတစ်ယောက်စီ၏ ပညာရေး၊ စိတ်သဘော ထား စသည်တို့နှင့် ဆိုင်သည်။ ၎င်းအစွဲတို့မှာ တစ်စုံတစ်ယောက်၏ သက္ကာယ အစွဲအလမ်းကြောင့် ပေါ်ပေါက်လာသော အစွဲဖြစ်သည်။

ဘာသာစကားနှင့် ဆိုင်သော အစွဲတို့မှာ ဝေါဟာရနှင့် ဆိုင်သော အစွဲများ ဖြစ်သည်။ ထိုအစွဲများသည် အမည်နာမများ၊ ဝေါဟာရများကို နှိုင်းချိန် သုံးစွဲ မှု မရှိခြင်း၊ ပေါ့ပေါ့ဆဆ သုံးမိခြင်းတို့ကြောင့် မှားသော အမှားများ ဖြစ်သည်။ ဥပမာ ဒီမိုကရေ ဟူသော ဝေါဟာရကို လူများစုက လူနည်းစုအား အနိုင်အထက် ပြုခြင်း၊ ဖိနှိပ် အနိုင်ယူခြင်းအဖြစ် မှားယွင်းစွာ စွဲလမ်းမှုမျိုး ဖြစ်၏။

'ဘေကွန်'၏ တွေးခေါ်မှု သဘောတရား တစ်ခုလုံးသည် လက်တွေ့ကျသည်။ ဘေကွန်၏ အလိုအရ တွေးခေါ် မြော်မြင်ရေး သဘောတရား၏ ရည်ရွယ်ချက်မှာ သိပ္ပံပညာကို အကြောင်းပြု၍ သဘာဝအင်အားစုများကို လူတို့က အသုံးချရန် ဖြစ်သည်။ တွေးခေါ်မှု သဘောတရားသည် ဘာသာရေး ကျမ်းဂန် ပယောဂမှ လွတ်ကင်းရမည်ဟု ဘေကွန်က ရဲဝံ့စွာ ထုတ်ဖော်ပြောခဲ့သည်။

http://www.cherrythitsar.org


ထို့ကြောင့် ၎င်း၏ တွေးခေါ်မှုသည် ခေတ်သစ် တွေးခေါ်မှုသဘောကို စတင် ဖော်ပြခဲ့သည်။ သို့သော် ဘေကွန်သည် လုံလောက်သော တက္ကိက စနစ် တစ်ခုကိုပင် အကောင်အထည် မဖော်နိုင်ခဲ့ပေ။

အဲလိဇာဘက်ခေတ်မှ အင်္ဂလိပ်လူမျိုး တစ်ဦး ဖြစ်သော ဘေကွန်သည် အလယ်ခေတ် တွေးခေါ်မှုကို အရင်းအမြစ်မှစ၍ ပထမဆုံး ပြုပြင်ခဲ့သည်မှာ စိတ်ဝင်စားဖွယ်ပင် ဖြစ်သည်။ ဘေကွန် အစပြုခဲ့သော အတွေ့အကြုံ အဓိက တွေးခေါ်မှု အစဉ်အလာကို လော့(က) ဘာကလေ၊ ဟယူမ်း၊ မီ(လ) နှင့် ရပ်ဆဲ(လ) စသည့် ဗြိတိသျှ တွေးခေါ်ရှင်များက ဆက်လက် ပြုစုပျိုးထောင်ခဲ့ကြသည်။

## ရဲနေဒေးကား (၁၅၉၆–၁၆၅၀)

ဥရောပတိုက်တွင် ရီနေးဆန့် ခေတ်သည် လူတို့အား သင်္ချာဘာသာတွင် ပြန်လည် စိတ်အာရုံစိုက်မှု ဖြစ်စေခဲ့သည်။ ရီနေးဆန့်ခေတ် လွန်ပြီးမှ ပေါ်ပေါက်လာသည့် တွေးခေါ်ရှင်များအား ဆွဲဆောင်ခဲ့သော ဒုတိယ အရေးကြီးသည့်အချက်မှာ ဘေကွန်၏ အတွေးအမြင်တွင် ပါရှိသော နည်းစနစ် အသစ်ပင် ဖြစ်သည်။ ထို့ကြောင့် ဒေးကားသည် သင်္ချာဘာသာရပ်နှင့် ဘေကွန်၏ တွေးခေါ်မြော်မြင်ရေး သဘောတရား နည်းအသစ်တို့ကို အသုံးပြုထားသော 'တက္ကိကစနစ်' တစ်ခု တည်ဆောက်ရန် လိုသည်ဟု နားလည်လာသည်။ ထို့ကြောင့် ဒေးကားအား ခေတ်သစ် အတွေးအမြင် ပညာ၏ ဖခင်ကြီးဟု ခေါ်ဆိုနိုင်သည်။ ထိုသို့ ဒေးကားသည် ခေတ်သစ် တွေးခေါ် မြော်မြင်ရေး သဘောတရား၏ ဖခင်ကြီး ဖြစ်သော်ငြားလည်း ခေတ်သစ် အတွေးအခေါ်တွင် ၎င်းထက် ရှေးကျသော အဆက်အနွယ်များ ရှိသေးသည်ကို ထိန်ချန် မထားသင့်ပေ။ ၎င်းတို့မှာ သင်္ချာပညာရှင်ကြီးများ ဖြစ်သည့် 'ပိုက်သဂိုရပ်'နှင့် 'ယူကလစ်' အလယ်ခေတ် တွေးခေါ်ရှင်များ ဖြစ်သော 'သြဂတ်စတင်' နှင့် 'အန်ဆန်' တို့နှင့် ခေတ်ပြောင်းကာလတွင် ပေါ်ပေါက်ခဲ့သော သိပ္ပံပညာရှင်များ ဖြစ်ကြသည်။ အမှန်စင်စစ် ဒေးကားသည် ပင်ကိုယ် ထိုးထွင်း တွေးခေါ်နိုင်သော တွေးခေါ်ရှင် တစ်ယောက် ဖြစ်သည်။ ဒေးကား၏ အတွေးအမြင်ကို ခြုံ၍ ကြည့်သော် ၎င်း၏ ပင်ကိုယ် အတွေးအခေါ်များနှင့် ၎င်းထက် ရှေးကျသော တွေးခေါ်ရှင်များ၏ အတွေးအခေါ်များကို ပေါင်းစပ်ထားသည့် အတွေးအခေါ်ပင် ဖြစ်သည်။

ဒေးကားသည် ၎င်း၏ အတွေးအခေါ်တွင် သင်္ချာနည်းကို အသုံးပြု၍

http://www.cherrythitsar.org


တစ်ချိန်တည်းများပင် ၎င်းသည် အလယ်ခေတ် အယူအဆဖြစ်သော ထာဝရဘုရားသခင် ဟူသော အယူအဆကိုလည်း လက်ခံသည်။ တစ်ဖန် ထိုခေတ်ထိုအခါက ပေါ်ပေါက်ခဲ့သော သဘာဝသိပ္ပံပညာကိုလည်း လက်ခံခဲ့၏။ ထို့ကြောင့် ဒေးကား၏ တွေးခေါ်မြော်မြင်ရေး သဘောတရားတွင် ဤအချက်သုံးရပ်ကို စုစည်းထားပေသည်။

## ဒေးကား၏ ဘဝပတ်ဝန်းကျင်နှင့်စာပေ

ဒေးကားသည် ပြင်သစ်ပြည် တောရိန်းရှိ 'လာဟေး' ခေါ် မြို့ကလေးတစ်မြို့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် 'လာဖလက်' ရှိ 'ယေရှုဝ' ကောလိပ်ကျောင်း၌ ရှေးဟောင်းဘာသာစကားများ၊ ဘုရားကျောင်းတော်ဆိုင်ရာ အတွေးအမြင်နှင့် သင်္ချာဘာသာကို သင်ကြားလေ့လာခဲ့သည့် ဒေးကားသည် ၎င်းတောင့်တရှာဖွေနေသည့် တိကျသေချာမှုနှင့် 'ရှင်းလင်းပြတ်သားမှုကို သင်္ချာဘာသာလေ့လာမှု တစ်ခုတည်း၌သာ တွေ့ရှိသည်။ ၎င်းသည် ခရီးသွား၍ လောကလူသားအနေနှင့် စိတ်ပျော်ရွှင်မှုများကို ရှာဖွေခဲ့သည်။ ၁၆၁၇ ခုတွင် စစ်ထဲသို့ ဝင်ရောက်ခဲ့သည်။ ဒေးကားသည် လူအမျိုးမျိုး၊ အခြေအနေ အမျိုးမျိုးထဲတွင် ကျင်လည်ခဲ့ရသည်။ တပ်မတော်ထဲတွင် အမှုထမ်းနေစဉ်၌ပင် ဒေးကား၏ စာပေပညာစိတ်ဝင်စားမှုသည် အားလျော့ ကုန်ခန်းသွားခြင်း မရှိခဲ့သည့်ပြင် မကြာခဏပင် နက်နက်နဲနဲ တွေးတော နေတတ်ပေသည်။ 'သင်္ချာဘာသာ၌ တွေ့ရသော တိကျသေချာမှုမျိုး တွေးခေါ်မြော်မြင်ရေး သဘောတရားတွင်လည်း ရှိလာအောင် ဘယ်ကဲ့သို့ပြုရပါမည်နည်းဟူသော ပြဿနာသည် ဒေးကား၏ စိတ်နှလုံးထဲတွင် ကိန်းအောင်း နေသည်။

၁၆၂၁ ခုတွင် တပ်မတော်မှ ထွက်ခွာခဲ့လျက် ၁၆၂၅ တိုင်အောင် ခရီးသွားခြင်း၊ လေ့လာခြင်းတို့ကို ပြုခဲ့သည်။ ပဲရစ်တွင် ၁၆၂၅ ခု မှ ၂၈ ခုတိုင် ၃ နှစ်လုံးလုံး သိပ္ပံပညာရှင် မိတ်ဆွေများနှင့် အချိန်ကုန်ခဲ့သည်။ သို့ရာတွင် တစ်ဦးတည်းနေလိုစိတ် ဖြစ်ခဲ့သဖြင့် ဟော်လန်သို့ သွားရောက်ပြီး ၎င်း၏ စာပေလုပ်ငန်းများ ပြင်ဆင်ခြင်းဖြင့် အချိန်ပြည့် အလုပ်လုပ် နေခဲ့သည်။ ၁၆၄၉ ခုတွင် တွေးခေါ်မှု၌ အလွန်စိတ်ပါဝင်စားသည့် ဆွီဒင် ဘုရင်မ ခရစ္စတီးနား၏ ဖိတ်ခေါ်ချက်အရ 'စတော့ဟုမ်း' သို့ သွားသည်။ ထိုအရပ်ရှိ ရာသီဥတုကြောင့် ၎င်း၏ ကျန်းမာရေးဆုတ်ယုတ်လာသဖြင့် ထိုအရပ်၌ တစ်နှစ်ကြာနေပြီးသော ကွယ်လွန်ခဲ့လေသည်။

http://www.cherrythitsar.org


ဒေးကား၏ အရေးပါသော စာပေများမှာ ၁၉၃၇ ခုနှစ်တွင် ပုံနှိပ် ထုတ်ဝေခဲ့သော 'ဒိုင်ယိုထရစ်'ကျမ်း၊ 'မီတီယော်'ကျမ်းနှင့် 'ဂျဲသြမေထရီ'ကျမ်းများ၏ နိဒါန်းဖြစ်သော 'နိသျည်း ဆွေးနွေးခန်းကျမ်း'ပင် ဖြစ်၏။ ၁၆၄၁ ခုနှစ်တွင် ၎င်း၏ ပထမဆုံး တွေးခေါ်မြော်မြင်ရေး သဘောတရားကို လည်းကောင်း၊ ၁၆၄၄ ခုတွင် 'တွေးခေါ်မြော်မြင်ရေးမူဝါဒကျမ်း'ကို လည်းကောင်း ပုံနှိပ် ထုတ်ဝေခဲ့သည်။

ဒေးကား၏ အတွေးအခေါ် နိသျည်း

ဒေးကား၏ တွေးခေါ် မြော်မြင်နည်းစနစ်သည် သင်္ချာဘာသာကို စိတ်ဝင်စားရာမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ သင်္ချာဘာသာတွင် တီထွင်အောင်မြင်ခဲ့သည့် နည်းလမ်းကို အခြားဘာသာရပ်များတွင်ပါ တိုးချဲ့ အသုံးပြုသင့်သည်။ ဤနည်းအားဖြင့် စူးစမ်းလေ့လာသူသည် သင်္ချာဘာသာရပ်မှ 'တိကျသေချာမှု' မျိုးကို အခြားဘာသာရပ်၌လည်း ရှာဖွေတွေ့နိုင်မည်ဟု ဒေးကား ယုံကြည်ခဲ့သည်။ ဒေးကား၏ ယူဆချက်အရဆိုလျှင် တွေးခေါ် မြော်မြင်ရေး သဘောတရားတွင် မှန်ကန်ခြင်းကို ရှာလိုပါက (၁) ရှင်းလင်း ပြတ်သားသော အယူအဆများမှ တစ်ပါးအခြား မည်သည့်အရာကိုမျှ မှန်ကန်သည်ဟု မယူဆရ၊ (၂) ကျွန်ုပ်တို့သည် ပြဿနာ ဖြေရှင်းရာတွင် ပြေလည်လာရန်အတွက် လိုအပ်သလောက် အစိတ်အပိုင်းကိုသာ ခွဲခြား၍ ဖြေရှင်းရမည်၊ (၃) တွေးခေါ်ပုံသည် 'ရှင်းလင်း လွယ်ကူသော သဘော'မှ နက်နဲ ရှုပ်ထွေးသော သဘောသို့ ရောက်သည့် နည်းစနစ်အတိုင်း ဖြစ်ရမည်။ အစီအစဉ် မရှိသော အစိတ်အပိုင်းများတွင် အစီအစဉ်ကို ထည့်သွင်းစဉ်းစား၍ ဖြေရှင်းရမည်၊ (၄) မည်သည့် အချက်အလက်မှ မကျန်ခဲ့ကြောင်း စိတ်ချရသည်အထိ စေ့စပ်စုံလင်စွာ စစ်ဆေးသုံးသပ်သင့်သည်။

ဒေးကား၏ တက္ကိက အမြင်ကျသော တွေးခေါ်ပုံမှာ သံသယဖြစ်ခြင်းမှ အစပြုသည်။ အာရုံသိသည် တိကျမှု မရှိ၊ ထို့ကြောင့် ၎င်းအာရုံသိကို သံသယဖြစ်ထိုက်သည်၊ သံသယ ဖြစ်နေသူသည် မိမိ သံသယ ဖြစ်နေကြောင်း တစ်ခုသာ သိရှိ ဝန်ခံနိုင်သည်။ တပ်အပ်သေချာသိနိုင်သည့် စဉ်းစားနေသည်ဟူသည့် အချက်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် သံသယဖြစ်ခြင်းသည် စဉ်းစားနေခြင်းပင် ဖြစ်သည်။ သံသယ ဖြစ်နေကြောင်းကိုမူ သံသယ မရှိနိုင်ပေ။ စိတ်သည် စိတ်ရှိကြောင်းကို စိတ်ပညာနည်းအရ သိသည် မဟုတ်၊ ယုတ္တိဗေဒနည်းအရသာ ဆင်ခြင်၍ သိနိုင်သည်ဟု ဒေးကား ယုံကြည်သည်။ သံသယရှိလျှင်

http://www.cherrythitsar.org



သံသယရှိသောသူ ရှိမည်။ အတွေးရှိလျှင် တွေးသူ ရှိမည်။ တစ်နည်းဆိုသော် 'စိတ်' တည်းဟူသော ဝိဉာဏ်ထာဝရ အခြေခံရှိမည်ဟု ဒေးကားက ယုတ္တိဗေဒ နည်းကျကျ ဆင်ခြင်ခဲ့သည်။ ဤနည်းအားဖြင့် ဒေးကားသည် ၎င်းအနေနှင့် မှန်ကန်သည့် အဆိုတစ်မျိုးကို ရခဲ့သည်။

သံသယဖြစ်ခြင်း ဆိုသည်မှာ စဉ်းစားခြင်းဟု ဆိုလိုသည်။ စဉ်းစားခြင်းသည် ကား ရှိခြင်းဟု ဆိုလိုသည်။

'ကျွန်ုပ် စဉ်းစားသည်၊ ထို့ကြောင့် ကျွန်ုပ် ရှိသည်' ဟူသော အဆိုသည် ဒေးကား၏ တွေးခေါ်မှုတွင် အဓိက အကျဆုံးသော တွေးခေါ်ရေးမူဝါဒ ဖြစ်သည်။ ၎င်းအဆိုသည်တိကျမှန်ကန်သည်ဟု ဒေးကားက ယူဆသည်။ ၎င်းပြင် ဒေးကား ၏ 'တက္ကိက စနစ်'တွင် ထိုအဆိုသည် မူလအရင်းအမြစ်အဆို ဖြစ်သည်။ ထို့ပြင် အမှန်တရားကို စိစစ်သော အဆိုလည်း ဖြစ်သည်။

အဆိုတစ်ခုအား ရှင်းလင်းပြတ်သားစွာ တွေ့နိုင်လျှင် ၎င်းအဆိုသည် မှန် သည်ဟု ဒေးကား ယူဆသည်။ ဒေးကား အမြင်တွင် **'ကျွန်ုပ် စဉ်းစားသည်၊ ထို့ကြောင့် ကျွန်ုပ် ရှိသည်'** ဟူသော အဆိုသည် မှန်သည်။

တွေးခေါ်မှုနှင့် တွေးခေါ်သူတို့ ရှိကြောင်းကို ပြဆိုပြီးနောက် ဒေးကားသည် ၎င်း၏ အတွေးအခေါ်တွင် ပါဝင်သည့် ကျန်အချက်အလက်များကို စစ်ဆေး သုံး သပ်ခဲ့သည်။ ထိုအခါ အခြားအခြားသော အယူအဆများအပြင် ထာဝရဘုရား သခင်ဟူသော အယူအဆသည်လည်း မိမိ တွေးခေါ်မှု၌ ပါနေကြောင်း ဒေးကား တွေ့ရပေသည်။ အကယ်၍ ထာဝရဘုရားသခင်သည် လုံးဝပြီးပြည့်စုံသော ဘုရားသခင် အမှန်ဖြစ်လျှင် ထိုဘုရားသခင်သည် အမှန်တကယ် ရှိရပေမည်။ အကယ်၍ ထိုဘုရားသခင်သည် အမှန်တကယ် မရှိပါက ယင်းဘုရားသခင်သည် ပြီးပြည့်စုံသော ဘုရားမျိုး မဖြစ်နိုင်ပေ။ ဤအချက်သည် ဒေးကား အတွေးအခေါ် တွင် ဘုရားကို သိသော အချက်မှ ဘုရားရှိသည်ဟူသော အချက်သို့ ဒေးကား ရောက်လာခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားသခင်သည် ဒေးကား၏ စိတ်ကူးထဲ၌သာ ရှိနေခြင်း မဟုတ်။ စိတ်ကူး၏ ပြင်ပ၌လည်း အမှန်တကယ် တည်ရှိနေပေသည်။

လူသားသည် ပြီးပြည့်စုံမှု မရှိသော အတိုင်းသိ သတ္တဝါသာ ဖြစ်သည်။ လူသား၏ စိတ်ကူးသည်လည်း အတိုင်းသိသော စိတ်ကူးသာ ဖြစ်၏။ သို့ရာတွင် လူသား၏ စိတ်ကူးထဲ၌ အတိုင်းမသိသော ဘုရားတည်းဟူသော စိတ်ကူး ပေါ် ပေါက်နေခြင်းမှာ လူသားက ဖန်တီးသော စိတ်ကူး မဟုတ်တန်ရာပေ။ ထို့ကြောင့်

http://www.cherrythitsar.org


အဆိုပါ အတိုင်းမသိသော ဘုရားတည်းဟူသော စိတ်ကူးကို ဖန်တီးပေးသူမှာ ထာဝရဘုရားသခင်သာ ဖြစ်ပေသည်။

ဤသို့ ထာဝရဘုရားသခင်ရှိကြောင်း တွေးခေါ်မြော်မြင်ရာတွင် အင်ဆလမ်နှင့် ဩဂတ်စတင် စသည့် အလယ်ခေတ် တွေးခေါ်ရှင်များ၏ တွေးခေါ်မှုများက ဒေးကားကို လွှမ်းမိုးနေကြောင်း တွေ့ရသည်။

ဒေးကား အတွေးအခေါ်များတွင် ဗီဇဉာဏ် သဘောတရား ရှိကြောင်း တွေ့ရသည်။ ဘုရားဟူသော အယူအဆသည် ဗီဇစိတ်ကူးပင် ဖြစ်သည်။ ဒေးကား ဆိုလိုသည့် ဗီဇစိတ်ကူးမှာ အတွေ့အကြုံမှ ရလာသည့် အရာမျိုး မဟုတ်၊ စိတ်အတွင်း၌ ပြတ်သား ထင်ရှားစွာ ရှိနေသည့် အသိပင် ဖြစ်သည်။

ဘုရားသခင်ရှိကြောင်း တွေးခေါ်ပြီးသည့်နောက် ဒေးကားသည် ယခင်က ၎င်းသံသယ ဖြစ်ခဲ့သည့် ပြင်ပလောက ရှိနေကြောင်း တင်ပြပြန်သည်။ ဘုရားသခင်သည် ပြင်ပလောကရှိကြောင်း ကျွန်ုပ်တို့ကို နားလည်စေခဲ့ပြီး နောက်မှ အကယ်၍ ပြင်ပလောကသည် တကယ် မရှိခဲ့ပါလျှင် ဘုရားသခင်သည် လိမ်ညာသော ပုဂ္ဂိုလ်သာ ဖြစ်သွားပေမည်။ ဘုရားသခင်သည် လိမ်ညာတတ်သူ မဟုတ်ချေ။ ထို့ကြောင့် ကျွန်ုပ်တို့ မြင်တွေ့နေသည့် ပြင်ပလောကကြီးသည် အမှန်တည်ရှိသည်ကို ဆိုသည်ကို ကျွန်ုပ်တို့ ယုံကြည်လက်ခံခြင်းမှာ တရားနည်းလမ်းကျသည်။ ထို့ကြောင့် ပြင်ပလောကသည် အမှန်ရှိသော လောက ဖြစ်သည်။

ဤအတွေးအခေါ်တို့ကို ပိုမို ရှင်းလင်းအောင် ပြောရမည်ဆိုလျှင် ဒေးကား၏ တွေးခေါ် မြော်မြင်ရေး သဘောတရားတွင် ပထမဦးစွာ သံသယဟူ၍ ရှိသည်။ သံသယရှိခြင်းကို သံသယ မရှိနိုင်၊ အကယ်၍ သံသယ ရှိခြင်းကို သံသယ ရှိနိုင်လျှင်လည်း သံသယဟူ၍ မရှိနိုင်တော့ပေ။ သံသယဖြစ်ခြင်းသည် စဉ်းစားခြင်းပင် ဖြစ်သည်။ တစ်ဖန် စဉ်းစားမှု ရှိလျှင် 'ဝိဉာဏ်ထာဝရ အခြေခံ' ရှိရမည်။ ၎င်း 'ဝိဉာဏ်ထာဝရ အခြေခံ'ထဲတွင် ဘုရားသခင်ဟူသော အယူအဆ ရှိသည်။ ၎င်းဘုရားသခင်သည် ပြီးပြည့်စုံသည် ဖြစ်၍ အယူအဆ (စိတ်ကူး) အနေနှင့်သာ ရှိသည် မဟုတ်၊ တကယ့်ဘဝနှင့် တည်ရှိလေသည်။ ၎င်းဘုရားသခင်သည် ကမ္ဘာကြီးအား ဖန်တီးရမည်။ ကမ္ဘာကြီးအား ဘုရားသခင်က ဖန်တီးသည် ဆိုပြီး ကမ္ဘာကြီးဟူ၍ မရှိဟု ဆိုပြန်လျှင် ဘုရားသည် လိမ်ညာသူ တစ်ယောက် ဖြစ်သွားပေမည်။ ဘုရားသခင်သည် လိမ်ညာသူ မဟုတ်ချေ။ ထို့ကြောင့် ကမ္ဘာကြီး ရှိသည်။

အထက်ပါ ဆင်ခြင်ပုံမှာ သင်္ချာဘာသာတွင် ဆင်ခြင်ပုံ ဆင်ခြင်နည်းကို

ယူ၍ စဉ်းစားထားခြင်း ဖြစ်သည်။ ထိုနည်းတူပင် ဒေးကားသည် ၎င်း၏ 'တက္ကိကစနစ်'တွင် 'ငါ စဉ်းစားသည်၊ ထို့ကြောင့် ငါ ရှိသည်' ဟူသော အဆိုကို အထောက်အထားပြစရာ မလိုတော့သော အခြေခံအချက်အဖြစ် မူတည်သည်။ ထိုမှတဖန် ထာဝရ ဘုရားသခင်နှင့် ပြင်ပလောကတို့ ရှိကြောင်း ဆင်ခြင်သုံးသပ်ခဲ့သည်။ ဒေးကား၏ အတွေးအမြင်အရ အမှန်တရားကို သိရန် ကျွန်ုပ်တို့သည် အာရုံငါးပါးကို အခြေခံသည့် အတွေ့အကြုံကို အသုံးပြုရန် မလို၊ အတွေ့အကြုံ မပါသော ဆင်ခြင်ခြင်း သက်သက်ဖြင့်သာ 'ပရမတ္ထသစ္စာ' များကို သိနိုင်သည်ဟု ဒေးကား ယူဆသည်၊ ထို့ကြောင့် ၎င်းအား ဆင်ခြင်ခြင်း အဓိက ဝါဒီဟု ခေါ်ကြလေသည်။

## စိတ်နှင့် ရုပ်ဆက်စပ်ဖြစ်ပေါ်ပုံ

စင်စစ်အားဖြင့် ဒေးကားသည် ဘုရားသခင်ဟူသော အခြေခံနှင့် စိတ်နှင့် ရုပ်ဟူသော ဘုရားသခင်ဖန်တီးထားသည့် ထာဝရအခြေခံသဘော ၂ ခုရှိကြောင်း လက်ခံခဲ့သည်။ စိတ်နှင့် ရုပ်တို့သည် တစ်ခုနှင့် တစ်ခု သီးခြားရပ်တည်နေသည်။ သို့ရာတွင် ၎င်းတို့ ၂ ခုစလုံးသည် ဘုရားသခင်ကို မှီခို ရပ်တည်ကြရသည်။ ၎င်းတို့သည် ကွဲပြားခြားနားသည့် 'ထာဝရ အခြေခံတရားများ' ဖြစ်ကြသည်။ စိတ်နှင့် ရုပ်သည် တိုက်ရိုက်ဆန့်ကျင်ဘက် ဖြစ်သည်။ ရုပ်၏ 'ဂုဏ်ရည်' မှာ ထုထည်ပမာဏ ရှိခြင်း ဖြစ်သည်။ စိတ်၏ ဂုဏ်ရည်မှာ တွေးခေါ်နိုင်ခြင်း ဖြစ်သည်။ စိတ်နှင့် ရုပ်သည် လုံးဝ ကွာခြားသည်။ စိတ်သည် ထုထည်မရှိ။ ထိုနည်းအတူ ရုပ်သည်လည်း မတွေးတောနိုင်ပေ။ ဒေးကားသည် ကမ္ဘာကြီး တစ်ခုနှင့်တစ်ခု အတုံ့အပြန် သဘောအားဖြင့် ကျေးဇူးပြုနိုင်စွမ်း မရှိသည့် ထာဝရ အခြေခံသဘော နာမ်မျိုးအသွင် ခွဲခြမ်းသုံးသပ်ခဲ့သည်။

စိတ်နှင့် ရုပ်အကြားတွင် ဆက်နွယ်မှု တစ်ခု ရှိသည်မှာ သေချာသည်။ ၎င်းတို့ ၂ ခုသည် သဘောအရ ကွဲပြားသော်လည်း ခွဲ၍ မရနိုင်လောက်အောင် ဒွန်တွဲနေသည်။ စိတ်နှင့် ရုပ်ရှိ ပြောင်းလဲမှုတို့သည် တစ်ခုနှင့် တစ်ခု အတုံ့အပြန် ကျေးဇူးပြုနေကြသည်။ သို့ပင်ဖြစ်သော်ငြားလည်း ဒေးကား၏ အခြေခံမူဖြစ်သည့် 'ဒွိတ္တဝါဒ' တွင် ဤစိတ်နှင့် ရုပ်တို့ကို ကွဲပြားသော ထာဝရ အခြေခံသဘော ၂ ခု ဖြစ်သဖြင့် မည်သို့ မည်ပုံ တစ်ခုနှင့်တစ်ခု ကျေးဇူးပြုနေသည်ကို ရှင်းလင်း မပြနိုင်ပေ။ အများသိဖြစ်သည့် ဒေးကား၏ စိတ်နှင့် ရုပ် ဒွိတ္တဝါဒရှိ ပြဿနာရပ်

http://www.cherrythitsar.org


များကို ဒေးကားနောက်မှ ပေါ်ပေါက်လာသော အနောက်တိုင်းသား တွေးခေါ်ရှင်ကြီးများသည် ဆက်လက် ဖြေရှင်းရန် ကြိုးစားခဲ့ကြသည်။

ကက်သလစ် ဘာသာရေး စာပေတွင် ဘုရားသခင် ဝိညာဉ်နှင့် စိတ်ဆန္ဒ၏ လွတ်လပ်မှုတို့ ပါဝင်သည်။ တစ်ဖန် ၁၇ ရာစုအတွင်း ထွန်းကားလာသော သိပ္ပံပညာရပ်များတွင် သဘာဝသည် လည်းကောင်း၊ သဘာဝ လောက၏ စက်ယန္တရားဆန်ဆန် ချယ်လှယ်နေကြသော စည်းမျဉ်းများအကြောင်းသည် ဒေးကား၏ ကက်သလစ် စာပေပါ အယူအဆများနှင့် သိပ္ပံပညာ အယူအဆများကို ဆီလျော်ကိုက်ညီမှု ရှိလာရအောင် ပေါင်းစည်းပေးရန် ဖြစ်၏။ ၎င်း၏ 'ဒွိတ္တဝါဒ' သည်လည်း ထိုသို့ ပေါင်းစည်းနိုင်ရန် ကြိုးပမ်းရာမှ ဖြစ်ပေါ်လာခြင်းသာ ဖြစ်ပေသည်။

ဒေးကား၏ တပည့်တပန်းများသည် စိတ်နှင့်ရုပ် ဆက်သွယ်ပုံကို ရှင်းလင်းပြရန် ကြိုးစားခဲ့သည်။ ၎င်းသီဝရီအရ ဆိုလျှင် ဘုရားသခင်သည် စကြာဝဠာကြီးတွင် စိတ်နှင့် ရုပ်ဟူသော သဘောတို့ကို ဖန်တီးထားသည်။ စိတ်၏ လှုပ်ရှားမှုရှိလျှင် တပြိုင်တည်းမှာပင် ရုပ်၏ လှုပ်ရှားမှုလည်း ရှိပေမည်။ ထိုစိတ်နှင့် ရုပ်တို့သည် ပြိုင်တူ လှုပ်ရှားသော်လည်း တစ်ခုနှင့်တစ်ခု ကျေးဇူးပြုနေသည့် သဘောမျိုး မဟုတ်။ ဤယူဆချက်ကို အချိန်တူ ကိုက်ထားသော နာရီ ၂ လုံး အကြောင်း ဥပမာကို ပေးခြင်းဖြင့် ရှင်းပြနိုင်သည်။ ချိန်ကိုက်ထားသော နာရီ ၂ လုံး သည် အချိန်ချင်း တူညီနေပေမည်။ ထိုသို့ တူညီနေခြင်းသည် နာရီ ၂ လုံး အချင်းချင်း ကျေးဇူးပြုနေကြ၍ တူညီနေခြင်း မဟုတ်၊ လူက ချိန်ကိုက်ထားသဖြင့်သာ တူညီနေခြင်း ဖြစ်သည်။ ထိုဖော်ပြပါ နာရီ ၂ လုံး ကဲ့သို့ပင် စိတ်၏ လှုပ်ရှားမှုနှင့် ရုပ်၏ လှုပ်ရှားမှုတို့သည် မိမိ လမ်းကြောင်းနှင့် မိမိ အမြဲတစေ တစ်ခုနှင့်တစ်ခု ယှဉ်ပြိုင်သွားနေသည်။ သို့သော် တစ်ခုနှင့် တစ်ခု အတုံ့အပြန် ကျေးဇူးပြုသည့် သဘောဖြင့် ပြိုင်တူ လှုပ်ရှားနေခြင်း မဟုတ်၊ ဘုရားသခင်က ဖန်တီးထားသဖြင့်သာ ပြိုင်တူ လှုပ်ရှားနေခြင်း ဖြစ်သည်ဟု အထက်ပါ သီဝရီက ဆိုခဲ့ပေသည်။ ၎င်းသီဝရီသည် ဒေးကား၏ လောကအမြင်ရှိ စိတ်နှင့်ရုပ် ဆက်နွှယ်ပုံ ပြဿနာကို ကြိုးပမ်းဖြေရှင်းသော်လည်း ပြေလည်မှု မရခဲ့ပေ။

ဒေးကား၏ တွေးခေါ် မြော်မြင်ရေး သဘောတရားသည် ကျမ်းတတ်တို့၏ မထင်ရှားသော အတွေးအခေါ်ကို ပစ်ပယ်ကာ ကိုယ်ပိုင်ဉာဏ်ဖြင့်သာ တွေးခေါ်ရန် လူတို့ကို နည်းပေး လမ်းပြခဲ့သည်။ ဒေးကား၏ ဆင်ခြင် ဝေဖန်ခြင်းဖြင့် ဖြစ်လာသော သံသယသည် တွေးခေါ် မြော်မြင်ရေးသဘောအရ အလွန်အရေးပါသည်။ ထို့ကြောင့်

http://www.cherrythitsar.org



တွေးခေါ် မြော်မြင်ရေး ပညာရပ်တွင် မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် စူးစမ်းတတ်သော ဝသီကို အစပြုခဲ့သူ အဖြစ် ဒေးကားကို အထူးအရေး ပေးကြရပေမည်။

အာရုံသိကို အသုံးမပြုဘဲ ဆင်ခြင်တုံတရားကို အသုံးပြုခြင်းဖြင့် အမှန်တရားကို သုံးသပ်သင့်ကြောင်း ဒေးကားက အလေးအနက် ဆိုခဲ့သည်။ ထိုသို့ ဆင်ခြင်သိကိုသာ အရေးထားလွန်းသဖြင့် တွေးခေါ်ရာတွင် အတွေ့အကြုံလည်း အရေးပါသေးသည် ဟူသော အချက်ကို ဒေးကား လျစ်လျူ ရှုမိခဲ့လေသည်။ ထို့ကြောင့် ဆင်ခြင်သိဟူသရွေ့ မှန်သည်ဟု ဒေးကားက ယုံကြည်စိတ်ချခဲ့သည်။

ဒေးကားသည် ကေန်သေချာမှုကို ရှာဖွေရာ၌ သင်္ချာပညာတွင် လိုအပ်သဖြင့် ဖြစ်ပေါ်လာပြီး **'အလိုအလျောက် သိသာ ထင်ရှားသော စည်းမျဉ်း'** များကို မက်မောမိခြင်းမှာ ၎င်း၏ အဓိက အမှားပင် ဖြစ်သည်။ တွေးခေါ် မြော်မြင်မှု ပြဿနာရပ်များသည် သင်္ချာဘာသာရှိ ပြဿနာရပ်များနှင့် မတူပေ။ ထို့ကြောင့် တွေးခေါ်မြော်မြင်ရေး သဘောတရားတွင် သင်္ချာဘာသာ၌ သုံးသည့် နည်းမျိုး မသုံးနိုင်ပေ။

ဒေးကားအနေနှင့် သစ္စာတရား မှန်သမျှ ပရမတ္ထသစ္စာဟူ၍သာ ထင်နေခဲ့သည်။ ထို့ကြောင့်လည်း ထာဝရ မဖောက်မပြန်သော အမှန်မျိုးကို ရှာခဲ့၏။ သို့သော် လူ့ဘဝတွင် သမုတိသစ္စာများလည်း ရှိသေး၏။ ထို 'သမုတိ သစ္စာများ' သည်လည်း လူတို့၏ ဘဝတွင် ရှေ့ဆောင်နိုင်ကြသည်။ ဤအချက်ကို တွေးခေါ်ရှင်များအနေနှင့် နှလုံးသွင်းအပ်ပေသည်။

ဒေးကား၏ လက်သုံး အယူအဆဖြစ်သော 'ငါ စဉ်းစားသည်၊ ထို့ကြောင့် ငါရှိသည်' သဘောကို ဝေဖန် သုံးသပ်ကြည့်ကြပါစို့။

ဘာထရန်ရပ်ဆယ်၏ ယူဆချက်အရဆိုလျှင် 'ငါ စဉ်းစားသည်၊ ထို့ကြောင့် ငါရှိသည်' ဟူသော အယူအဆသည် ရုပ်ထက် စိတ်က ပို၍သေချာပြီး ကျွန်ုပ်စိတ်က အခြားသူတို့ စိတ်ထက် ပို၍ သေချာသည်ဟု ဆိုလိုရာကျသည်။ ထို့ကြောင့်ပင် ဒေးကား၏ အယူအဆကို နည်းယူကြကုန်သော တွေးခေါ် မြော်မြင်ရေး သဘောတရားများသည် 'ပုဂ္ဂလဓိဋ္ဌာန်ဝါဒ' ဘက်သို့ ဦးတည်လာကြသည်။

သူ၏ တွေးခေါ် မြော်မြင်ရေး သဘောတရားတွင် ရုပ်သည် စိတ်ပေါ်တွင် တည်သည်ဟူသော ဝိဉာဏဝါဒ ဘက်သို့လည်း ယိုင်လာသေးသည်။ ဤပုဂ္ဂလဓိဋ္ဌာန်ဝါဒနှင့် ဝိဉာဏဝါဒ နှစ်ခုစလုံးပင် ဥရောပ ဝိဉာဏဝါဒနှင့် ဗြိတိသျှ အတွေ့အကြုံ ဝါဒတို့တွင် ပါရှိနေသည်။

တွေးဆမှုနှင့် ရုပ်ဒြပ် ဟူသော လုံးဝ ကွဲပြားခြားနားသည့် အယူအဆ နှစ်ခု

http://www.cherrythitsar.org


သည် အမှန်တရားကို ဖော်ပြကြသည်မှာ ဒေးကား၏ တွေးခေါ် မြော်မြင်ရေး သဘောတရားတွင် အရေးအကြီးဆုံး ဖြစ်သည်။

၁။ အတွေးအခေါ်ရှိသည်။ ထိုအတွေးအခေါ်၏ ဂုဏ်ရည်မှာ တွေးခြင်း ဖြစ်သည်။ ထိုအတွေးအခေါ်တွင် နေရာ ဌာန မရှိ။

၂။ ရုပ် ရှိသည်။ ရုပ်သည် မတွေး။ ရုပ်၌ ဌာနရှိသည်။ ရုပ်ကို တိုင်းတာ နိုင်သည်။

ထို့ကြောင့် လုံးလုံးလျားလျား ကွဲပြားခြားနားသော အစစ်အမှန် နှစ်ခု ကျန်နေခဲ့သည်။ ထိုအစစ်အမှန် နှစ်ခုသည် တစ်ခုကိုတစ်ခု အကျိုးမပြုနိုင်ပေ။ စိတ်သည် ထုထည် မရှိသဖြင့် စိတ်၌ နေရာဌာန မရှိ။ အာကာသထဲတွင် မရှိသော စိတ်သည် အာကာသထဲတွင် ရှိသော ရုပ်ကို မရွှေ့ပြောင်းနိုင်။ ရုပ်သည် အာကာသထဲ၌ ရွှေ့ပြောင်းနိုင်သည်။ စိတ်သည်ကား အာကာသထဲ၌ မရှိ။ ထို့ကြောင့် ရုပ်သည် စိတ်အား မည်သည့်နည်းနှင့်မျှ အကျိုးမပြုနိုင်။

ရုပ်နှင့်စိတ်ကို ခွဲခြားပြီးသည့်နောက် ဒေးကားသည် ရုပ်အကြောင်းကို စက်ယန္တရားဆန်သော သိပ္ပံနည်းအရ ရှင်းပြနိုင်သည်။ သို့သော် စိတ်ကိုမူ 'ဘာသာရေး ကျမ်းစာပါ စည်းမျဉ်း'အရသာ ရှင်းပြနိုင်သည်။ ထို့ကြောင့် ဒေးကား၏ ဝါဒကို ရုပ်ဝါဒဟု မခေါ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဒေးကားက စိတ်ဟူသည်မှာ ထာဝရ ရှိပြီး 'ဆန္ဒ' ၏ လွတ်လပ်မှုလည်း ရှိကြောင်း စသည့် ဘာသာရေးကျမ်း ဆိုင်ရာ စည်းမျဉ်းများကို လက်ကိုင်ထားသောကြောင့် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဒေးကားသည် သူ မဖြေရှင်းနိုင်သည့် ပြဿနာရပ်များနှင့် ရင်ဆိုင်နေရသည်။ ထိုပြဿနာများမှာ

၁။ ရုပ်နှင့် စိတ်လောကတို့ မည်ကဲ့သို့ ဆက်နွယ်နေသည်ကို လည်းကောင်း၊

၂။ ကျွန်ုပ်စိတ်နှင့် ကျွန်ုပ်ကိုယ်တို့ မည်သို့ ဆက်နွယ်သည်ကို လည်းကောင်း ရှင်းမပြနိုင်သော ပြဿနာများပင် ဖြစ်သည်။

အမှန်စင်စစ် ရုပ်နှင့်စိတ်ကြားတွင် တစ်ခုနှင့် တစ်ခု ကျေးဇူးပြုမှုရှိသည်။ ဒေးကားကိုယ်တိုင်ပင် ဤအချက်ကို သတိပြုမိဟန် တူသည်။ ထိုသို့ သတိပြုမိသော်လည်း ဒေးကားသည် ဤအချက်ကို သူ၏ ဒွိတ္တဝါဒ၏ စိတ်ကျေနပ်ဖွယ် ဖြစ်လောက်အောင် ရှင်းမပြနိုင်ခဲ့ပေ။ ဤအချက်သည် ဒေးကား၏ တွေးခေါ် မြော်မြင်ပုံစံစနစ်တွင် အဓိက ချွတ်ယွင်းချက်ပင် ဖြစ်သည်။

ဒေးကား၏ တွေးခေါ် မြော်မြင်ရေး သဘောတရားကို လေ့လာရာတွင်

http://www.cherrythitsar.org



ပေါ်ပေါက်ခဲ့သော သူ့ခေတ်အခါ၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေများကိုပါ ဆက်စပ်လေ့လာအပ်၏။

ဒေးကား၏ ခေတ်တွင် မြေရှင်ပဒေသရာဇ်စနစ်သည် ပျက်စီးပြိုလဲသွားပြီး စက်မှုလက်မှု လုပ်ငန်းများ စတင် ထွန်းကားလာသဖြင့် အရင်းရှင် လူတန်းစား သည်လည်း တစ်စတစ်စ ကြီးထွားလာခဲ့သည်။ အရင်းရှင်များအနေနှင့် 'ပုဂ္ဂလ ဝိဋ္ဌာန်ဆန္ဒစွဲဝါဒ' ကိုသာ စိတ်ဝင်စားခဲ့ကြသည်။ ဒေးကား၏ တွေးခေါ် မြော်မြင် ရေး သဘောတရားတွင်လည်း တစ်သီးပုဂ္ဂလဝါဒကို ဦးစားပေးထားသည်ကို တွေ့ရှိရပေသည်။ ဒေးကားအနေနှင့် တစ်သီးပုဂ္ဂလဝါဒကို အစပြုပေးခဲ့သောကြောင့် နောင်လာနောင်သား တွေးခေါ်ရှင်များသည် သူ၏ လမ်းကြောင်းအတိုင်း လိုက်ခဲ့ကြ ၏။ ခေတ်သစ် ဂျာမန် တွေးခေါ်ရှင် 'နီရှေး' သည် ပြင်းထန်၍ အစွန်းကျလွန်းသော တစ်သီးပုဂ္ဂလဝါဒကိုပင် ဖော်ထုတ်ခဲ့ပေသည်။ ခေတ်သစ် တွေးခေါ်ရေးသမား အများပင်လျှင် အတွေ့အကြုံအဓိက ဝါဒီ ဖြစ်စေ၊ ဆင်ခြင်ခြင်း အဓိက ဝါဒီပင် ဖြစ်စေ ဒေးကား၏ တစ်သီးပုဂ္ဂလဝါဒနောက်သို့ အဖုံဖုံ အနည်းနည်း လိုက်ပါခဲ့ ကြလေ၏။

ဒေးကားသည် စိတ်နှင့် ရုပ်ကို သီးခြားကင်းလွတ်စွာ တည်နေသော အရာ နှစ်ခုအဖြစ် ဖော်ပြရုံသာမက ငါတွေးသည် ငါရှိသည်ဆိုသော အမြင်ကို ချမှတ် ခဲ့သည်မှာ အတ္တဟိတသမား အရင်းရှင်များ၏ လူတန်းစား အကျိုးစီးပွားအတွက်သာ ဖြစ်ကြောင်း ရှုမြင်ရသည်။

* * *

## စပင်နိုဇာ (၁၆၃၂–၁၆၇၇)

စပင်နိုဇာသည် ရှေးက ကမ္ဘာ့အတွေးအခေါ် စင်မြင့်တွင် ပေါ်ထင်ခဲ့ကြ လေသော တွေးခေါ်ရှင်ကြီးများအနက် အမွန်မြတ်ဆုံး ချစ်စရာ အကောင်းဆုံးသော တွေးခေါ်ရှင်ကြီးတစ်ဦး ဖြစ်ပေသည်။ တစ်ပါးသော တွေးခေါ်ရှင်ကြီးတို့သည် ဆင်ခြင်တုံတရားတွင် စပင်နိုဇာထက် သာလွန်ကောင်း သာလွန်ပေလိမ့်မည်။ သို့ရာတွင် စပင်နိုဇာကမူ အားလုံးသော တွေးခေါ်ရှင်များထက် သူ၏ လောကကျင့်ဝတ်တွင် သာလွန်ကဲမောက် ဖြစ်သည်ဟု ကမ္ဘာကျော် အတွေးအခေါ်ရှင်ကြီး ဘာထရန် ရပ်ဆဲလ်က ချီးကျူးခဲ့ပေသည်။

စပင်နိုဇာ၏ ဘဝသည် အလွန်ရိုးသားသော ဘဝဟု ဆိုရပေမည်။ ဘဝသက်တမ်း တစ်လျှောက်လုံးတွင် စပင်နိုဇာသည် လူတကာပြစ်တင် ရှုတ်ချမှုကို ခံခဲ့ရ၏။ ရေဝတီမိဘများမှ မွေးလာသော ရေဝတီလူမျိုး တစ်ဦး ဖြစ်သော်လည်း ရေဝတီတို့၏ ပိုင်းပယ်ခြင်းကို ခံရသည်။ ရေဝတီ ဘာသာဝင်တို့က စွန့်ပယ် အဆက်ဖြတ်ကြသကဲ့သို့ပင် ခရစ်ယာန်များကလည်း စပင်နိုဇာအား လက်သင့် မခံခဲ့ကြပေ။ သို့တစေလည်း စပင်နိုဇာ၏ အတွေးအခေါ် မှန်သမျှမှာ 'ဘုရား' ယုံကြည်မှုဖြင့် လွှမ်းမိုးနေသည်ကို တွေ့ရပေသည်။

၁၆၃၂ ခုနှစ်တွင် ဟော်လန်ပြည် အမ်စတာဒမ်းမြို့၌ စပင်နိုဇာအား ရေဝတီ မိဘနှစ်ပါးမှ ဖွားမြင်ခဲ့သည်။ မိဘများမှာ ဘာသာရေး ညှဉ်းဆဲမှုကို ကြောက်လန့်၍ ပေါ်တူဂီပြည်မှ ဟော်လန်ပြည်သို့ ပြေးလာခဲ့ရသည်။ ချမ်းသာကြွယ်ဝသူများ ဖြစ်၏။ မိဘမျိုးရိုးမှ ချမ်းသာသော ကုန်သည် ရေဝတီများ ဖြစ်

http://www.cherrythitsar.org



**ကမ္ဘာ့တွေးခေါ်ရှင်ကြီး**
**စပင်နိုဇာ**

http://www.cherrythitsar.org


၊ရကား၊ ထိုစဉ်က ဘာသာရေး လွတ်လပ်ခွင့်ရှိသော ဟော်လန်ပြည်သို့ ပြောင်းရွှေ့ကာ ဘုရားတရား ကြည်ညိုစွာ နေထိုင်ခဲ့ကြသည်။ ထိုသို့ ပြောင်းရွှေ့လာသူများကြောင့် အမ်စတာဒမ်မြို့မှာလည်း ရေဝတီလူမျိုးတို့ နေထိုင်ရာ ရပ်ကွက်ကြီးသဖွယ် ဖြစ်လာသည်။ ပထမတွင် စပင်နိုဇာသည် ဟီဘရူး စာပေကို လေ့လာ လိုက်စား ခဲ့သည်။ ထိုစဉ်က သူ၏ ရည်ရွယ်လျက်မှာ ရေဝတီဘုန်းကြီး လုပ်ရန် ဖြစ်သည်။ သို့ရာတွင် ကြာရှည်လေ့လာမိသောအခါ စပင်နိုဇာသည် ရေဝတီ အဘိဓမ္မာများကို စိတ်ဝင်စားမှု နည်းပါးလာသည်။ ထိုသို့ ဒွိဟသံသယစိတ်များ ဖြစ်လာစဉ် စပင်နိုဇာသည် ဒေးကား၏ အတွေးအခေါ်များကို လေ့လာဖတ်ရှုရပြန်ရာ နောက်ဆုံး၌ ရေဝတီဘာသာကို လုံးဝ ယုံကြည်မှု ကင်းမဲ့သွားလေသည်။

ထို့နောက်မှ စပင်နိုဇာသည် လက်တင်ဘာသာ စာပေကို လေ့လာ လိုက်စားရာ ကမ္ဘာ့အတွေးအခေါ် ပညာရှင်များ၏ အတွေးအခေါ်များကို ဖတ်ရှုရ၏။ ထိုပညာရှင်များ၏ သိပ္ပံနည်းသစ်များနှင့် အတွေးအခေါ်သစ်များမှာ များစွာ တိုးတက် ထွန်းကားလျက် လက်ရှိ အခြေအနေများကိုပင် ပြောင်းလဲနေပြီ ဖြစ်ကြောင်း ကိုယ်တိုင် လေ့လာမိသည်။ ခရစ်ယာန်ဘာသာသည်သာလျှင် အမှန် ဆုံးဟု တရားသေ မှတ်ယူနေသော ရေဝတီ အသိုင်းအဝိုင်းအတွင်း၌ ဆက်လက် နေထိုင်လိုစိတ်များလည်း တဖြည်းဖြည်း ကင်းမဲ့လာသည်။ ဤပြောင်းလဲမှုသည် စပင်နိုဇာအဖို့ ရေဝတီ အသိုင်းအဝိုင်း၌ ကြီးစွာသော အနှောက်အယှက် တစ်ခု ဖြစ်လာပေတော့သည်။ ငှက်ပျောပင်စိုက် မိလိုက်ဖလာ ရိုးရာယုံကြည်မှုကို သွေ ဖီ၍ အသိသစ် အမြင်သစ်များကို လက်ခံကာ မိမိကိုယ်ကို ဦးစွာ ပြောင်းလဲပြီး ရိုးရာကိုးကွယ်နေသော ဘာသာတရားကိုပါ စွန့်ပယ်သော အတွေးအခေါ် ပညာ ရှင်တို့သည် ရိုးရာ ယုံကြည်စွဲလမ်းမှုများဖြင့် တရားသေ ဘာသာရေးသမားတို့ လွှမ်းမိုး ရာ လူ့အသိုင်းအဝိုင်းအတွင်း၌ အမြဲ အနှိမ်ခံရတတ်ပေသည်။ စပင်နိုဇာအားလည်း ရေဝတီကျောင်းတော်မှ လည်းကောင်း၊ ခရစ်ယာန် ဂိုဏ်းသားများက လည်းကောင်း အဆက်အသွယ်ဖြတ်ကာ ဝိုင်းပယ်ကြလေသည်။ ကျောင်းတော်မှ ဝိုင်းပယ်လိုက်ခြင်း အတွက် သဘာဝအလျောက် ရက်သည်တစ်ကြောင်း၊ ရိုးရိုးအေးအေး နေပြီးလျှင် မိမိ အတွေးအခေါ်များကို အားထုတ် ပြုစုလိုသည်လည်း တစ်ကြောင်းကြောင့် စပင်နိုဇာသည် ကြီးပြင်းလာသောအခါ ခင်မင်သော မိတ်ဆွေ အနည်းငယ်နှင့်သာ ပေါင်းသင်းပြီး တသီးတသန့် အေးဆေးစွာ နေထိုင်ခဲ့ပေသည်။ ကျောင်းတော်မှ ဝိုင်းပယ်လိုက်ခြင်းသည် စပင်နိုဇာအဖို့ အမ်စတာဒမ်မြို့တွင် ဆက်လက်နေထိုင်ရန်ပင် မဖြစ်နိုင်ရတော့ကား ဟော်လန်ပြည်မြို့ငယ်ကလေးများသို့ တစ်မြို့ပြီးတစ်မြို့

http://www.cherrythitsar.org


ပြောင်းရွှေ့ လှည့်လည်နေခဲ့ရသေးသည်။

၁၆၆၉ ခုနှစ်တွင် ဟေ့(ဂ်) မြို့ကလေးတွင် အခြေစိုက်မိပြီး ထိုမြို့မှာပင် အသက်ထက်ဆုံး နေထိုင်ရန် ဆုံးဖြတ်လိုက်ပေတော့သည်။

ထိုမြို့ကလေးတွင် အခြေစိုက်မိသောကာလ သူ၏ အသက်မွေးဝမ်းကျောင်း အတွက် စပင်နိုဇာသည် မှန်ဘီလူးသွေးသော အလုပ်ကို လုပ်ကိုင်ခဲ့လေသည်။

'အမှန်တရား' ကိုသာ ရိုးတွင်းချဉ်ဆီမှ လိုချင်တောင့်တခဲ့ပေသော စပင်နိုဇာ ကဲ့သို့ ပညာရှင်တစ်ဦးအတွက် လောက၏ အဆင်းတန်ဆာ၊ ဥစ္စာဓန၊ ဂုဏ် ပကာသနတို့သည် သူ၏ အာရုံ၌ ရိုးရိပ်မျှ မထင်၊ လိုချင်ရမ္မက်လည်း လုံးဝ မရှိခဲ့ပေ။ အတွေးအခေါ် ပညာရှင်တစ်ဦး၏ ဘဝပတ်ဝန်းကျင် အပြုအမူ အနေ အထိုင်များကို သရုပ်ဖော်သည့်အနေနှင့် ရိုးသား စင်ကြယ်စွာ လုပ်ကိုင် စား သောက်ကာ အသက်ထက်ဆုံး နေထိုင်သွားလေသည်။

ဤသို့ အေးချမ်းစွာ နေထိုင်သောအခါမှ သူ၏ ဂုဏ်သတင်းသည် တစ်စ တစ်စ ပြန့်နှံ့ပြီး သူ၏ အတွေးအခေါ်များကို သော်လည်းကောင်း၊ သူ၏ အနေ အထိုင်များကို သော်လည်းကောင်း၊ ချစ်ခင်လေးစားသူများ ပေါ်များ လာလေသည်။ ထိုသူများအနက်တွင် အတွေးအခေါ် ပညာရှင်ကြီး တစ်ဦးဖြစ်သော 'လိုင်ဗနိ' သည် အရေးပါဆုံးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေသည်။

စပင်နိုဇာနှင့် လိုင်ဗနိသည် ဟေ့(ဂ်) မြို့ကလေးတွင် တွေ့ဆုံကြသည် ဟု အဆိုရှိသည်။

၁၆၇၃ ခုနှစ်တွင် စပင်နိုဇာအား ပါယ်လက်(စ)တိုင်း ဘုရင်ခံက ဟိုက်ဒယ်ဘတ်မြို့တွင် လာရောက်၍ နန်းတွင်း တွေးခေါ်ရှင် သုခမိန်ကြီး အဖြစ် အမှုထမ်းရန် ဖိတ်ကြားသည်။ စပင်နိုဇာသည် ရာထူးဂုဏ်ကို မက်မောသူ မဟုတ်ရကား အောက်ပါအတိုင်း ယဉ်ကျေးစွာ ငြင်းပယ်လိုက်သည်။

**'ကျွန်ုပ်သည် ယခုကဲ့သို့ ရာထူးဂုဏ်ပေး၍ မြှောက်စားကာ ကလေး သူငယ်များအား အတွေးအခေါ်ပညာရပ်များ သင်ကြားပို့ချခြင်းအလုပ်ကို လက်ခံ လိုက်ပါက ကျွန်ုပ်၏ အတွေးအခေါ် လုပ်ငန်းတွင် များစွာ အားစိုက်နိုင်တော့မည် မဟုတ်ပါ။ ထို့ပြင်တဝ မင်းနားစိုးနီး ဖြစ်ပါက ကျွန်ုပ်အနေနှင့် မည်မျှလောက် အတိုင်းအတာ စည်းကမ်းဘောင်အတွင်းမှသာ လွတ်လပ်စွာ တွေးခေါ်နိုင်ခြင်း ရှိသည်ကိုလည်း ကျွန်ုပ် နားမလည်ပါ။ ယခုတိုင် ကျွန်ုပ်မှာလည်း ချမ်းသာကြွယ်ဝစွာ နေထိုင်လိုသော ဆန္ဒ မရှိသေးပါ'** ဟူသတည်း။

စပင်နိုဇာ၏ ဘဝသက်တမ်း တစ်လျှောက်လုံး၌ ရွှေ၊ ငွေ၊ ဓနဥစ္စာတို့က သူ၏

စိတ်ကို မည်သည့်အခါမျှ မလွှမ်းမိုးနိုင်ခဲ့ပေ။ ဟိုယခင် ရေဝတီဘာသာကို သံသယ ဖြစ်ခဲ့စဉ်ကလည်း ၎င်းအား 'မိမိ မယုံကြည်သော်လည်း စိတ်ထဲတွင် ထားပါ၊ ထုတ်ဖော် မပြောဆိုပါနှင့်' ဟု ပြောကြသည်။ ထိုသို့ မိမိ စိတ်ထဲတွင်သာ ထားမည်ဆိုလျှင် စပင်နိုဇာအား တစ်နှစ်လျှင် ဖလောရင်း ဒင်္ဂါးတစ်ထောင်ပေးမည်ဟု ဆိုလာကြသဖြင့် သူက ခါးခါးသီးသီး ငြင်းဆိုလိုက်၏။ ဤကိစ္စအတွက် စပင်နိုဇာ၏ ဘဝတွင် သေကြောင်းကြံစည်ခံရမှု တစ်ခုနှင့်ပင် ရင်ဆိုင်ခဲ့ရပေသည်။ အလားတူ မဟုတ်မခံ အမှန်ဘက်ကနေခဲ့သော ကိစ္စမျိုးကိုလည်း စပင်နိုဇာ ဘဝ တစ်လျှောက်လုံး တွေ့ကြုံခဲ့ရပေသေးသည်။

ရေးသားခဲ့သော ကျမ်းကြီး ကျမ်းငယ်များအနက် အထင်အရှားဆုံးမှာ ကိုယ်ကျင့်တရားပညာကျမ်း (Ethics) ဖြစ်သည်။ သူ၏ ထင်ရှားသော အခြား ကျမ်းနှစ်စောင်မှာ **နိုင်ငံရေး** နှင့် **နိုင်ငံရေး သဘောတရား** ကျမ်း ဖြစ်လေသည်။

ကိုယ်ကျင့်တရား ပညာကျမ်းမှာ သမ္မာကျမ်းစာကို ဝေဖန်ရေးသားချက် များနှင့် သူ၏ မူရင်းအတွေးအခေါ်များအပြင် နိုင်ငံရေး အယူအဆများ ပါဝင်ပြီး ကျန်ကျမ်းများမှာ နိုင်ငံရေး သဘောတရား သက်သက်ဖြစ်ပေသည်။

စပင်နိုဇာသည် အသက် ၄၅ နှစ်အရွယ် သက္ကရာဇ် ၁၆၇၇ တွင် အနိစ္စ ရောက်သည်။

## နိုင်ငံရေးသဘောတရားကျမ်း

စပင်နိုဇာ၏ နိုင်ငံရေး သဘောတရားများမှာ အင်္ဂလိပ်နိုင်ငံရေး အတွေး အခေါ်ရှင်ကြီး တစ်ဦးဖြစ်သော ဟော့(ဗ်)နှင့် များစွာ တူညီသည်။ ဟော့(ဗ်)၏ သဘောတရားများအတိုင်း အချုပ်အချာ အာဏာပိုင်မင်းသည် အမှားကို မလုပ်ဟု ယုံကြည်သည်။ ထိုယုံကြည်မှု၏ ရင်းမြစ်ကား အခြားမဟုတ်၊ ဘုရားသခင်သည် ရှင်ဘုရင်တို့အား လူအများကို အုပ်ချုပ်ရန် စေလွှတ်ထားသောကြောင့် ရှင် ဘုရင်များသည် လူပင် ဖြစ်သော်လည်း ဘုရား၏ ကိုယ်စားလှယ်များ ဖြစ်သည်ဟု သဘောထားကြသည်။ ဤအချက်ကပင် ရှင်ဘုရင်ဆိုသူသည် လူတွင် အမြတ် ဆုံးဖြစ်သည်ဟု ယူဆခဲ့၏။ ဘာသာရေးအရ ဆိုလျှင်လည်း ရှင်ဘုရင်သည် ဘုရား၏ ကိုယ်စားလှယ် အမှန်ဖြစ်ရကား ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး၊ အကြီးမြင့်ဆုံး ဖြစ်လေသည်။ စပင်နိုဇာသည် ဤအယူအဆကို လက်ခံပြီးလျှင် 'ကျောင်းတော်' သည် ဘုရင်၏ လက်အောက်ခံ ဖြစ်ရမည်ဟု

http://www.cherrythitsar.org



ဟောကြားခဲ့သည်။

(ထိုစဉ်က ခရစ်ယာန်ကျောင်းတော်က ဘုရင်၏ ဩဇာမခံဘဲ နိုင်ငံရေးတွင် ဝင်ရောက် စွက်ဖက်ကာ အချုပ်အချာ အာဏာပိုင်ရန် ကြိုးစားလျက် ရှိသောကြောင့် ဖြစ်သည်။)

## ကိုယ်ကျင့်တရားပညာကျမ်း

စပင်နိုဇာ၏ ရေးသားခဲ့သော ကိုယ်ကျင့်တရား ပညာကျမ်းသည် အရေးပါ အရာရောက်သလောက် ထင်ရှားသော ကျမ်းတစ်စောင် ဖြစ်၏။

ကိုယ်ကျင့်တရား ပညာကျမ်းကို ရေးသားရာတွင် စပင်နိုဇာသည် အပိုင်း သုံးပိုင်း ခွဲခြား တင်ပြခဲ့သည်။ ပထမပိုင်းမှာ သူ၏ အတွေးအခေါ် (လောကအမြင်) များ ပါဝင်ပြီး ဒုတိယပိုင်းမှာ သူ၏ စိတ္တဗေဒ ဖြစ်သည်။ တတိယပိုင်းတွင် သူ၏ ကိုယ်ကျင့်တရားပညာ သဘောတရားများကို ရှေ့ပိုင်းအတွေးအခေါ်များနှင့် စိတ္တဗေဒ အခြေခံပေါ်တွင် တည်၍ တွေးခေါ်တင်ပြထားလေသည်။

စပင်နိုဇာ၏ ဒဿနိကဗေဒ အတွေးအခေါ်များမှာ ဒေးကား၏ အတွေးအခေါ် များနှင့် များစွာ ခြားနားခြင်း မရှိချေ။ ဒေးကား အတွေးအခေါ်များကို စီစစ် ဆွေးနွေးကာ တစ်နည်းတစ်ဖုံ ကြံစည်ဖန်တီး၍ တင်ပြခြင်းသာ ဖြစ်၏။ သို့ရာတွင် အနည်းငယ် ခြားနားမှုများလည်း ရှိသည်ကား မှန်ပေသည်။ စိတ္တဗေဒများမှာလည်း ဟော့(ဗ်)၏ စိတ္တဗေဒကို မှတ်စုသဖွယ် တင်ပြခြင်းသာ ဖြစ်သည်ဟု ဆိုနိုင်သည်။

ကိုယ်ကျင့်တရား ပညာသာလျှင် စပင်နိုဇာ၏ ပင်ကိုယ်သီးခြား အတွေးအခေါ် ဖြစ်ပေသည်။

## စပင်နိုဇာ၏ ကျောထောက်နောက်ခံများ

ဒေးကားထံမှ စပင်နိုဇာသည် စိတ်နှင့်ရုပ် ပြဿနာများ ထာဝရ အခြေခံ သဘောတရားနှင့် ပတ်သက်သော ပြဿနာနှင့် ‘ဆင်ခြင်ခြင်း အဓိကဝါဒ’ ၏ နည်းများကို ဆက်လက်ခံယူသည်။

အတွေးအခေါ်ဆိုင်ရာ နည်းစနစ်၏ အခြေခံ လက္ခဏာများနှင့် အမှန်တရား ဆိုင်ရာ မူသဘောတို့တွင် ဤတွေးခေါ်ရှင် နှစ်ဦးမှာ တူညီခဲ့ကြသည်။

သို့သော် သူသည် တွေးခေါ်မှု၌ ဒေးကားကဲ့သို့ သံသယမှ စတင်ခြင်း မရှိ

http://www.cherrythitsar.org


ခဲ့ချေ။ ဒေးကားသည် အတွေးအခေါ်နည်းသစ်တစ်ခုကို တီထွင်ရာတွင် ဂဲသြမေထရီမှ ပုံသေဆင်ခြင်နည်းကို စံထား၍ တွေးခေါ်သည်။ စပင်နိုဇာအဖို့မူ ဂဲသြမေထရီပညာမှ တွေ့သော နည်းများကို စံပြုရုံသာမက ထိုပညာ၏ ပုံသဏ္ဌာန်ကိုလည်း အသုံးပြုခဲ့လေသည်။ ထို့ကြောင့် စပင်နိုဇာသည် သူ၏ ကိုယ်ကျင့်တရား ကျမ်းစာအုပ်ကို ယူကလစ် ဂဲသြမေထရီ ရေးပုံရေးနည်းအတိုင်း စီစဉ်ရေးသားခဲ့လေသည်။

စပင်နိုဇာသည် သူ့အတွေးအမြင်များတွင် ဦးစွာ ပင်ကိုယ်မှန် **မူလသဘောတရားများ**နှင့် အဓိပ္ပာယ် သတ်မှတ်ချက်များကို ပေး၍ တွေးခေါ်မှုကို စတင်ခဲ့လေသည်။ ထိုသို့ စတင်သော သူ၏ အတွေးအမြင်များကိုပါ အဆိုပါ မူလသဘောတရားတို့ဖြင့်ပင် အဆင့်ဆင့် သက်သေပြ၍ အခိုင်အမာ ဆိုခဲ့၏။ ဒေးကား၏ ဆင်ခြင်ခြင်းသဘော အယူအဆကို မှီးခဲ့သော်လည်း စပင်နိုဇာနှင့် ဒေးကားသည် အခြားသော အခြေခံ အချက်အလက်များတွင် သဘောကွဲလွဲမှုများ ရှိခဲ့သည်။

စပင်နိုဇာအဖို့တွင် ထာဝရဘုရားသခင်၊ စကြဝဠာ သို့မဟုတ် သြကာသလောကကြီးသည် အတူတူပင် ဖြစ်သည်။ ထာဝရဘုရားသခင်သည် စကြဝဠာကြီးထက် စော၍ ပေါ်ပေါက်ခဲ့ခြင်း မဟုတ်၊ တစ်ချိန်တည်း ပေါ်ပေါက်ခဲ့သည်။ ထာဝရဘုရားသခင်သည် စကြဝဠာ ဖြစ်ပေါ်စေရန် မရှိမဖြစ် လိုအပ်သော အကြောင်းတရားတစ်ခုပင် ဖြစ်သည်။

သို့ရာတွင် ထာဝရဘုရားသခင်သည် **ကာလ** အကြောင်းတရားကား မဟုတ်ပေ။ (ဆိုလိုသည်မှာ ထာဝရ ဘုရားသခင် ပထမပေါ်ပေါက်လာပြီးမှ ထိုဘုရားသခင်က စကြဝဠာကြီးထဲရှိ အရာခပ်သိမ်းတို့ကို ဖန်တီးသည်။ ထိုအခါမှစ၍ ထာဝရဘုရားသခင်၏ 'အနှစ်သာရသဘော' (Essence) ပေါ် မူတည်၍ ခပ်သိမ်းသော အရာများ ပေါ်ပေါက်လာကြသည်။) ထို့ကြောင့် ထာဝရဘုရားသခင်နှင့် စကြဝဠာသည် ခြားနားခြင်း မရှိချေ။ သဘာဝ လောကကြီး တစ်ခုလုံးသည် ထာဝရဘုရားဖြစ်၍ ထာဝရဘုရားသည်လည်း သဘာဝလောကကြီး တစ်ခုလုံး ဖြစ်၏။

ဒေးကား အမြင်အရဆိုလျှင် ထာဝရဘုရားသခင်က စကြာဝဠာကို ဖန်ဆင်းသည်ဟု ယူဆ၏။ ထို့ကြောင့် ဘုရားနှင့် စကြာဝဠာသည် ထိုသို့ ဖန်ဆင်းပြီးနောက် သီးခြား ကင်းကွာ၍ တည်နေကြသည်။

ထာဝရ အခြေခံသဘောနှင့် ပတ်သက်သည့် ပြဿနာများ၏ အဓိပ္ပာယ်ကို ဖော်ပြထားသည့် အချက်တွင်လည်း ဒေးကားနှင့် စပင်နိုဇာတို့ သဘောထားကွဲလွဲခဲ့ကြသည်။ စပင်နိုဇာ၏ ရည်ရွယ်ချက်မှာ ဒေးကား၏ တက္ကိကဝါဒစနစ်တွင် ရှေ့နောက် မကိုက်ညီသည့် အချက်ရှိလျှင် ပြင်ဆင်ရန် ဖြစ်သည်။

http://www.cherrythitsar.org


ဒေးကားက ထာဝရဘုရားသခင် စိတ်နှင့် ရုပ်ဟူ၍ ထာဝရ အခြေခံသဘော သုံးမျိုး ရှိသည်ဟု ယူဆခဲ့သည်။

အကယ်၍ ထာဝရ အခြေခံသဘောသည် မိမိအဖြစ်ကို နားလည် သဘော ပေါက်စေရန် မိမိ၏ ရပ်တည်မှုအတွက် မည်သည့်အရာ၏ အကူအညီမှ မလိုဟု အဓိပ္ပာယ်သတ်မှတ်လျှင်သော်လည်းကောင်း၊ ထာဝရဘုရားသခင်သည် အရာဝတ္ထု တိုင်း၏ မှီခိုရာ ထာဝရအခြေခံ ဖြစ်သည်ဟု ဆိုလျှင်သော် လည်းကောင်း၊ ထာဝရဘုရားသခင်မှအပ မည်သည့် ထာဝရအခြေခံသဘောမျှ မရှိနိုင်ဟူသည့် အချက်မှာ ထင်ရှားနေပေသည်။

ထို့ကြောင့် စိတ်နှင့် ရုပ်တို့သည် သီးခြား ထာဝရ အခြေခံသဘောများ မဖြစ်နိုင်ချေ။ ထာဝရဘုရားသခင် (ဝါ) သဘာဝ တရားသာလျှင် တစ်ခုတည်းသော ထာဝရ အခြေခံ သဘော ဖြစ်၏။ စိတ်နှင့် ရုပ်တို့မှာကား ထိုတစ်ခုတည်းသော သဘောတရား ဂုဏ်ရည်နှစ်ရပ်သာ ဖြစ်လေသည်။

ဒေးကား၏ စိတ်အလိုဆန္ဒ လွတ်လပ်မှုသည် အရေးကြီးသည်ဆိုသည့် သဘောကိုလည်း စပင်နိုဇာက ကန့်ကွက်သည်။ စက်ယန္တရားသဖွယ် သူ့ အလို အလျောက် ဖြစ်ပျက်နေသော လောကတွင် လူ၏ စိတ်အလိုဆန္ဒသည် အရေးမပါပေ။ ထို့ကြောင့် ဒေးကား၏ အယူအဆမှာ ရှေ့နောက် ကိုက်ညီမှု မရှိချေ။ လူသည် သဘာဝ လောက၏ တစ်စိတ်တစ်ဒေသသာလျှင် ဖြစ်သည်။ မပြောင်းလဲနိုင်သော သဘာဝတရား၏ အစေအပါးမျှသာလျှင် ဖြစ်သည်။ စကြာဝဠာ၏ စက်ယန္တရားမှ မည်သည့် အရာမျှ မလွတ်မြောက်နိုင်စွမ်းမရှိ။ လူ၏ စိတ်ရော ခန္ဓာကိုယ်ပါ ရှေးဦးကပင် သတ်မှတ် ပြဋ္ဌာန်းခဲ့သည်။ ပုံသေတရားများ၏ အကြီးအပါး ဖြစ်ကြသည်။

## စပင်နိုဇာ၏ တက္ကိကဝါဒ

ဒေးကားနှင့် စပင်နိုဇာတို့၏ သဘော ကွဲလွဲချက်များကို နားလည်ရန် အရေးကြီး၏။ ထိုသို့ သဘောပေါက်ရန် စပင်နိုဇာ၏ တက္ကိကဝါဒကို သေသေချာချာ လေ့လာရပါမည်။ စပင်နိုဇာ၏ တက္ကိကဝါဒကို လေ့လာသောအခါ အောက်ပါ အချက်အလက်များကို ကျွန်ုပ်တို့ သတိပြုရပေလိမ့်မည်။

တွေးခေါ်ရှင် တစ်ဦးအနေနှင့် သူ၏ ခံယူချက်မှာ စကြာဝဠာကို တစ်စုတည်း တစ်ပေါင်းတည်း၊ တစ်ခုတည်းသော အရာဝတ္ထုအနေဖြင့်သာ နားလည် သဘော

http://www.cherrythitsar.org



ပေါက်စေရန်နှင့် စကြာဝဠာ၌ လူ၏ ကဏ္ဍကို ရှင်းလင်းဖော်ပြရန် ဖြစ်သည်။

သူ၏ ရည်ရွယ်ချက် ပြည့်ဝရန် တွေးခေါ်မှု နည်းလမ်းများအနက် တစ်ခု ဖြစ်သော သင်္ချာ၏ ပုံစံ အဓိက ဆင်ခြင်နည်းကိုသာ အသုံးပြုရပေမည်။

သူအရေးအထားဆုံး အချက်မှာ လူ၏ အကျင့်စာရိတ္တပင် ဖြစ်သည်။ သူ၏ 'ရှိမှုဗေဒ' နှင့် 'သိမှုဗေဒ' အမြင်မှ 'ကိုယ်ကျင့်တရားပညာ' ပေါ်ပေါက်လာသည်။ သူသည် ဤအချက်ကို ရှင်းလင်းရန် ကြိုးစားသည်။

သူ၏ မက်တာဖီးစစ်ကို ထာဝရအခြေခံ သဘောအား မည်သို့ ထင်မြင် ယူဆသနည်းဆိုသည့် ပြဿနာဖြင့် စတင်ခဲ့သည်။ ဤပြဿနာသည် ကမ္ဘာ့ တွေးခေါ်မှုသမိုင်း၌ ယခုမှ ပေါ်ပေါက်သော ပြဿနာ မဟုတ်။ အာရစ္စတိုတယ် လက်ထက်မှ ဒေးကား လက်ထက်အထိ ရှိခဲ့သော ပြဿနာ ဖြစ်ပေသည်။

စပင်နိုဇာသည် သူ၏ (Ethics) ဟူသော စာအုပ်တွင် အခြေခံထား၍ ဆွေးနွေး ခဲ့သည့်အချက်မှ ထာဝရဘုရားသခင် (ဝါ) သဘာဝတရား ဟူသော ထာဝရ အခြေခံ သဘော တစ်ခုတည်းသာ ရှိသည်။ ၎င်းထာဝရအခြေခံသဘောသည် မရှိလျှင် မဖြစ်နိုင်သဖြင့် မိမိအလိုအလျောက် ကိုယ်တိုင်ပင် ဖန်တီး ဖြစ်ပေါ်လာရသည့် အရာဖြစ်သည်။ အခြား အရာဝတ္ထုများသည် ဤတစ်ခုတည်းသော ထာဝရအခြေခံ သဘော၏ ဂုဏ်ရည်နှင့် သတ္တိများသာ ဖြစ်ကြသည်။

စပင်နိုဇာ၏ အတွေးအမြင်၌ ဖန်ဆင်းအပ်သော အရာနှင့် ဖန်ဆင်းသူသည် တသီးတခြား တည်နေသည် မဟုတ်။ အကြောင်းတရားဖြစ်သော ထာဝရအခြေခံ သဘောနှင့် အကျိုးတရားဖြစ်သော သဘာဝတရားသည် အတူတူပင် ဖြစ်သည်ဟု စပင်နိုဇာ ရှုမြင်နားလည်ခဲ့၏။ ထာဝရ ဘုရားသခင်ကို အရာဝတ္ထု ခပ်သိမ်းတို့၏ အစုအဝေးကြီးဟူ၍ လည်းကောင်း ယူဆနိုင်သည်။

မိမိကိုယ်တိုင်နှင့် အရာဝတ္ထု ခပ်သိမ်းကို ဖန်ဆင်းသူ ဖြစ်သော ထာဝရ ဘုရားသခင် (ဝါ) သဘာဝသည် လွတ်လပ်သောသဘော ရှိသည်။ အဘယ်ကြောင့် ဆိုသော် မိမိ၏ ဖြစ်ပျက်မှုများကို မိမိဘာသာ ဖန်တီးနိုင်သော ဂုဏ်နှင့် ပြည့်စုံ သောကြောင့် ဖြစ်သည်။ အရာတစ်ခုသည် (ပြင်ပအကြောင်းအရာကြောင့် မဟုတ်ဘဲ) ၎င်း၏ ပင်ကိုယ်သဘောအရ အလိုအလျောက် ဖြစ်ပေါ်လာ၏။ ၎င်းအရာ၏ ဖြစ်ပျက်ခြင်းများကိုလည်း (ပြင်ပ အကြောင်းအရာကြောင့် မဟုတ်ဘဲ) ဖန်တီး ပေးနိုင်၏။ ဤသို့ဆိုလျှင် စပင်နိုဇာ အလိုအရ ၎င်းအရာသည် လွတ်လပ်သော သဘောရှိသည်ဟု ဆိုလို၏။ သဘာဝလောကတွင် အရာတိုင်းသည် တစ်စုံတစ်ဦး၏ ဆုံးဖြတ်ပြဋ္ဌာန်းမှုအရ ဖြစ်ရသည်။ ဆိုလိုသည်မှာ မိမိ ကိုယ်တိုင် အကြောင်းပြု၍

http://www.cherrythitsar.org


ဖြစ်လာခြင်း မဟုတ်။ မိမိ၏ ဖြစ်ပျက်မှုအစဉ်ကို မိမိဘာသာ ဖန်ဆင်းခဲ့ခြင်း မဟုတ်ပေ။

သို့သော် ထာဝရဘုရားသခင်မှာကား မိမိ ကိုယ်တိုင် အကြောင်းပြု၍ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် လွတ်လပ်သည် ဆိုရာတွင် 'လွတ်လပ်ခြင်း' ဆိုသည့် စကား၏ အဓိပ္ပာယ်ကို အကောက်မလွဲရန် လိုပေသည်။ သူတို့၏ အပြုအမူများတွင် အသုံးပြုသည့် 'လွတ်လပ်ခြင်း' ဆိုသော စကားနှင့် လုံးဝ မဆိုင်ပေ။ ထာဝရဘုရားသခင်အား ရည်ညွှန်း၍ သုံးသော စကားများနှင့် လူကို ရည်ညွှန်း၍ သုံးစွဲရန် မဖြစ်နိုင်ပေ။ သာမန်အားဖြင့်ဆိုသော် လွတ်လပ်သည်ဟု ဆိုရာ၌ 'လွတ်လပ်ခြင်း' ဆိုသည့် စကားလုံး၏ အဓိပ္ပာယ်မှာ စိတ်အလိုဆန္ဒအရ စိတ်ကြိုက်ဟု ကျွန်ုပ်တို့ နားလည်သည်။ သို့သော် ထာဝရဘုရားသခင်သည် လွတ်လပ်သည်ဟု ဆိုရာ၌ ထာဝရ ဘုရားသခင်သည် လွတ်လပ်စွာ မိမိ စိတ်ဆန္ဒအတိုင်း ပြုလုပ်နိုင်သည်ဟု မဆိုလို၊ ဘုရားသခင်သည်ပင်လျှင် မိမိ ပြုမူရမည့် အလုပ်များကို ပြုမူရမည်သာ ဖြစ်၏။

ဘုရားသခင်သည် အရာဝတ္ထုများကို ယခုလက်ရှိ ပုံပန်းသဏ္ဌာန်များမှလွဲ၍ ၎င်း၏ စိတ်ကြိုက်ဖြစ်သော အခြားပုံသဏ္ဌာန်များသို့ လွဲပြောင်းဖန်တီးနိုင်စွမ်း မရှိပေ။ သဘာဝလောကသည် ထာဝရ ဘုရားသခင်၏ ပင်ကိုယ်သဘာဝမှ ဖြစ်ပေါ်လာကြသည်။ ထပ်၍ ပြောဆိုရလျှင် မိမိ ဖြစ်ပျက်မှုများကို မိမိဘာသာ ဖန်တီးနိုင်သော ဂုဏ်နှင့် ပြည့်စုံသော ထာဝရဘုရားသခင် (ဝါ) သဘာဝတရားသည် လွတ်လပ်သည်ဆိုရာတွင် စိတ်ကြိုက် ရွေးချယ်နိုင်သည့် သဘောကို ဆိုလိုခြင်း မဟုတ်ဘဲ ပြင်ပ ပယောဂမပါဘဲ မိမိဘာသာ ဖန်တီးနိုင်ခြင်းကိုသာ ဆိုလိုသည်။ စပင်နိုဇာ၏ ထာဝရ ဘုရားသခင်အား စက်ရုပ်ကြီးသဖွယ် ဖြစ်သည်ဟုဆိုလျှင် မမှားနိုင်ပေ။

စပင်နိုဇာက စကြာဝဠာ ဖြစ်ရခြင်းအကြောင်းရင်းမှာ ထာဝရဘုရားသခင်ဟု ဆိုထားသော်လည်း 'အကြောင်း' ဆိုသည့် စကားလုံး၏ အဓိပ္ပာယ်နှင့် လုံးဝမတူဘဲ တမူ ထူးခြားစွာ အသုံးပြုခဲ့သည်။ သာမန်အားဖြင့် ဆိုသော် အကြောင်းတရားနှင့် အကျိုးတရားတို့သည် သီးခြား တည်ရှိနေသော အဖြစ်အပျက်များဖြစ်၍ အကြောင်းသည် အချိန်အားဖြင့် အကျိုးရှေ့မှ ဖြစ်၍ အကျိုးသည် အချိန်အားဖြင့် အကြောင်းနောက်မှ လာသည်။ သူဆိုလိုသည့် 'အကြောင်း' ၏ အဓိပ္ပာယ်မှာ ထာဝရ အခြေခံသဘောပင် ဖြစ်သည်။ ထာဝရဘုရားသခင်သည် စကြဝဠာ၏ အကြောင်းဖြစ်သည်ဟု ဆိုရာ၌ မိမိဘာသာ တစ်နေရာမှ နေ၍ စကြဝဠာကို ဖန်ဆင်းခဲ့ခြင်း

http://www.cherrythitsar.org


မဟုတ်ဘဲ ၎င်း၏ ပင်ကိုယ်သဘာဝမှ စကြဝဠာကြီး ထွက်ပေါ်လာခဲ့ခြင်းကို ဆိုလိုသည်။ ထာဝရဘုရားသခင်သည် သဘာဝလောကကို ဖန်ဆင်းသူ မဟုတ်၊ ကိုယ်တော်တိုင်သည် သဘာဝလောကပင် ဖြစ်သည်။

စပင်နိုဇာ အလိုအရ 'ဂုဏ်ရည်' ဆိုသည်မှာ ထာဝရ အခြေခံတရား၏ အနှစ်သာရများအဖြစ် အသိအမှတ်ပြုထားသော အရာများ ဖြစ်သည်။ ထာဝရ အခြေခံသဘော၏ ဂုဏ်ရည်ကို ဘုရားသခင်၏ သဘာဝတွင် မရှိလျှင် မဖြစ်နိုင်သော အရာအဖြစ်ဖြင့် အသိအမှတ် ပြုရပေမည်။ ၎င်းတို့ကို 'ဂုဏ်ရည်' ဟု ခေါ်ဆိုရခြင်းမှာ ထာဝရဘုရားသခင် (ဝါ) သဘာဝတရားကို သိနိုင်ရန် ၎င်း၏ အရည်အချင်း ဂုဏ်ရည်များကို ပြောဆိုခြင်းသာ သိနိုင်သောကြောင့် ဖြစ်သည်။ ထာဝရဘုရား သခင်၌ မရေမတွက်နိုင်သော ဂုဏ်ရည်များ ရှိသည်။ သို့သော် ကျွန်ုပ်တို့သည် ထိုဂုဏ်ရည်များထဲမှ ဂုဏ်ရည်နှစ်ခုကိုသာ သိနိုင်သည်။ ထိုဂုဏ်ရည်နှစ်ခုမှာ 'ရုပ်' နှင့် 'စိတ်' (ဝါ) အတိုင်းအဆသဘောနှင့် အတွေးအခေါ်သဘောတို့ ဖြစ်သည်။ ရုပ်သည် အာကာသတွင် နေရာယူသည့် သဘောရှိသဖြင့် အတိုင်းအဆ ရှိသည်။ အထည်ဒြပ် ရှိသည်။ စိတ်သည် စဉ်းစားတွေးခေါ်တတ်သော သဘော ရှိသည်။ သဘာဝလောကတွင် ရှိသော အရာဝတ္ထုတိုင်းတွင် ဤဂုဏ်ရည် နှစ်ရပ် ပါဝင်သည်။ ဆိုလိုသည်မှာ အားလုံးသော အရာဝတ္ထုများတွင် စိတ်ဓာတ် သဘာဝ၊ ရုပ်ဓာတ် သဘာဝ နှစ်ပါးစလုံး ပါဝင်သည်။ သဘာဝလောကကို စိတ်ပိုင်း သက်သက်မှသော် လည်းကောင်း၊ ရုပ်ပိုင်း သက်သက်မှသော် လည်းကောင်း၊ ကြည့်ရန် မဖြစ်နိုင်ပေ။ စိတ်နှင့် ရုပ်သည် အရာဝတ္ထု တစ်ခုတည်းကို ရှုဒေါင့် နှစ်မျိုးမှ ကြည့်ခြင်းသာ ဖြစ်သည်။

စပင်နိုဇာသည် သူ၏ စိတ်ရုပ်ယှဉ်ပြိုင်ဝါဒအားဖြင့် ဒေးကား၏ 'ဒွိတ္တဝါဒ' ကို ရှောင်ဖယ်နိုင်ခဲ့သည်။ စပင်နိုဇာ၏ အလိုအရ စိတ်နှင့် ရုပ်သည် မျဉ်းကောက် တစ်ခု၏ ခွက်နေသော အတွင်းဘက်နှင့် ခုံးနေသော အပြင်ဘက်တို့ကဲ့သို့ ဖြစ် သည်။ ထို့ကြောင့် အပြန်ပြန် အလှန်လှန် အကျိုးပြုမှု ပြဿနာကို ထည့်သွင်းရန် မလို၊ မျဉ်းကောက် တစ်ခု၏ ဘက်နှစ်ဘက်သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အကျိုးမပြု၊ တစ်ခုက တစ်ခုကို မဖြစ်ပေါ်စေနိုင်၊ နှစ်ခုစလုံးကို ပုံသေနည်း တစ်ခု တည်းအားဖြင့်သော်လည်းကောင်း၊ တစ်ချက်ဆွဲ မျဉ်းကောက်ဖြင့်သော်လည်း ကောင်း ရှင်းလင်းနိုင်သည်။ တစ်ခုနှင့်တစ်ခု အပြန်အလှန် အကျိုးပြုခြင်း မရှိ သော်လည်း နှစ်ခုစလုံးမရှိလျှင် မဖြစ်နိုင်သော အခြေအနေ၌ ရှိသည်။ 'ရုပ်ကြမ်း ဝါဒ' မှာကဲ့သို့ စိတ်၏ ပြဿနာများကို ရုပ်အားဖြင့် ဖြေရှင်းရန် မဖြစ်နိုင်။ 'စိတ်

http://www.cherrythitsar.org



ပဓာန ဝါဒ' မှာကဲ့သို့လည်း ရုပ်၏ ပြဿနာများကို စိတ်အားဖြင့် မဖြေရှင်းနိုင်ပေ။ ရုပ်နှင့်စိတ်တို့သည် သဘာဝလောကတွင် အညီအမျှ အရေးပါကြလေသည်။

စပင်နိုဇာ၏ အလိုအရ ဖြစ်တည်ပုံ (Modes) ဆိုသည်မှာ ထာဝရ အခြေခံ သဘောအား တစ်မျိုးတစ်ဖုံ ပြောင်းလဲ ဖော်ပြခြင်းသာ ဖြစ်သည်။ တစ်နည်း ဆိုရလျှင် သဘာဝတရားကြီးနှင့် ၎င်း၏ဂုဏ်ရည်များသည် သီးခြား ဝိသေသသဏ္ဌာန် ယူ၍ ဖြစ်တည်ပုံကို ဆိုလိုသည်။ ထို့ကြောင့် လောကရှိ အရာခပ်သိမ်းသည် ဖြစ် တည်ပုံချည်း ဖြစ်၏။ စပင်နိုဇာမှာလည်း လက်ခံသော ဤဖြစ်တည်ပုံ သဘော တို့သည် ထာဝရဘုရားသခင် (ဝါ) သဘာဝတရားအတွင်း၌ တည်ရှိ၏။ ၎င်းတို့ ဘာသာ သီးခြား ကင်းလွတ်စွာ ရပ်တည်နိုင်ခြင်း မရှိချေ။ ထို့ကြောင့် ၎င်းတို့ကို သဘာဝတရား၏ ဖြစ်တည်ပုံများ အဖြစ်သာ နားလည်ရပေမည်။ ဥဒါဟရဏ် ဆိုသော် ဖြစ်တည်ပုံများသည် ကျောက်ခဲ၊ တိရစ္ဆာန်၊ လူ၊ တောတောင်၊ ရေမြေ စသည်တို့ ဖြစ်ကြသည်။ တစ်နည်းအားဖြင့်ဆိုသော် ဖြစ်တည်ပုံများသည် သမုဒ္ဒရာ ရေမျက်နှာ၌ ဖြစ်ပေါ်လာသော လှိုင်းများနှင့် တူသည်။ သမုဒ္ဒရာရေပြင်မရှိလျှင် လှိုင်းမရှိနိုင်ချေ။ လှိုင်းသည် ရေပြင်ဖြစ်၍ လှိုင်းကို သမုဒ္ဒရာက ပိုင်ဆိုင်သည်။ ထိုနည်းတူစွာ ဖြစ်တည်ပုံများသည် ထာဝရအခြေခံသဘော ဖြစ်သော ထာဝရ ဘုရားသခင် (ဝါ) သဘာဝတရားမှ ဖြစ်ပေါ်လာ၍ ၎င်းတို့ကို ထာဝရဘုရားသခင်က ပိုင်ဆိုင်သည်။ ထာဝရအခြေခံသဘောကို အမှီပြုနေသဖြင့် ဖြစ်တည်ပုံများမှာ ကိုယ်ပိုင် ရပ်တည်နိုင်ခွင့် မရှိပေ။ ထာဝရ အခြေခံ သဘောသည် ပင်မသဘောတရား ဖြစ် ၍ ဖြစ်တည်ပုံများသည် ၎င်းပင်မကြီးမှ ဖြာထွက်လာသည့် အခက်အလက်များ သာ ဖြစ်သည်။ ဖြစ်တည်ပုံများသည် ထာဝရ မတည်ရှိနိုင်။ အချိန်ကာလအလျောက် ဖြစ်ပေါ်လာသည့် ထာဝရ အခြေခံသဘော၏ အသွင်သဏ္ဌာန်များ ဖြစ်ကြသည်။

## စပင်နိုဇာ၏ သိမှုဗေဒ

စပင်နိုဇာ၏ တက္ကိကဝါဒနှင့် ခွဲခြား၍ မရသည့် သိမှုဗေဒသည် သူ၏ ကိုယ်ကျင့်တရားပညာ၏ အဖွင့် ဖြစ်လေသည်။ စပင်နိုဇာအတွက် အရေးကြီးသည့် ကိုယ်ကျင့်တရားဆိုင်ရာ ပြဿနာများသည် လူတို့၏ အနှောင်အဖွဲ့ လွတ်လပ်မှု စသည်သဘောတို့နှင့် ပတ်သက်သည့် ပြဿနာများ ဖြစ်ကြသည်။

စပင်နိုဇာသည် သိမှုဗေဒ၏ မူလသဘောတရားကို သုံးဆင့်ခွဲခြား၍ ပြသ ထားလေသည်။

http://www.cherrythitsar.org


၁။ မူလ သဘောတရားများအနက် အောက်ဆုံး အဆင့်တွင် 'အာရုံ' နှင့် 'စိတ်ကူး' ကို အခြေခံသည်။ မထင်ရှား မတိကျသော အတွေးအခေါ်များနှင့် မခိုင်လုံသော အတွေးအခေါ်များ ပါဝင်သည်။ အကြမ်းအားဖြင့် ပြောဆိုရလျှင် ဤအဆင့်ရှိ အသိပညာသည် 'အာရုံသိ' မှ ဆင်းသက်လာသည့် အသိပညာနှင့် တူညီသည်။ အာရုံသိသည် ကျွန်ုပ်တို့အား ပြင်ပမှ အရာဝတ္ထုများနှင့် သက်ဆိုင်သည့် ခိုင်လုံသော အသိပညာကိုသော်လည်းကောင်း၊ ကျွန်ုပ်တို့ ကိုယ်ခန္ဓာနှင့် သက်ဆိုင်သည့် ခိုင်လုံသော အသိပညာကိုသော်လည်းကောင်း မပေးခဲ့ပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ခန္ဓာကိုယ်နှင့်အခြား အရာဝတ္ထုများ၏ အပြန်အလှန် အကျိုး ပြုကြသည့် သဘောတရားများကို မထင်မရှား သိခွင့်ရခဲ့သော်လည်း ထိုသဘောတရား၏ အကြောင်းရင်းကိုကား မသိခဲ့ပေ။ ဤအဆင့်တွင် အသိပညာသည် ပိုင်းခြား သိမြင်တတ်သော သဘော မရှိသေးပေ။ ထို့ကြောင့် စစ်မှန်သော အသိပညာ မဟုတ်နိုင်။ ဥပမာ သခွားသီး စားသဖြင့် လူတစ်ယောက်သည် အပြင်းအထန် ဗိုက်နာ၏ ဆိုရာ၌ ချက်ခြင်း သိလိုက်သည့် ဗိုက်နာခြင်းအသိသည် မခိုင်လုံသော တွေးခေါ်မှုသာလျှင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအဆင့်တွင် အကျိုးကိုသာ သိလျက် အကြောင်းကို မသိနိုင်သောကြောင့် ဖြစ်သည်။

၂။ ပို၍ မြင့်မားသော ဒုတိယအဆင့်တွင် သိပ္ပံဆိုင်ရာ အသိပညာ (ဝါ) ခိုင်လုံထင်ရှားသော တိကျသော အတွေးအခေါ်များ ရှိသည်။ အသိပညာ၏ ပထမ အဆင့်မှ ဒုတိယအဆင့်သို့ ကူးပြောင်းရာတွင် ကျွန်ုပ်တို့ ခန္ဓာကိုယ်တွင် ပြောင်းလဲနေသည့် အကြောင်းကို ဆင်ခြင်မိကြသည်။

ဥပမာ သခွားသီး စားခြင်းသည် ဗိုက်နာခြင်း၏ အကြောင်းဖြစ်သည်ဟု ဆိုသော ဆရာဝန်၏ အသိသည် ဒုတိယအဆင့်တွင် ရှိသော အသိပညာ ဖြစ်သည်။ ဤခိုင်လုံသည့် တွေးခေါ်မှု အမျိုးအစားကို ဆင်ခြင်သိဟု ခေါ်သည်။ ဆင်ခြင်သိတွင် ထင်ရှားတိကျသော အတွေးအခေါ်များ ပါဝင်သည်။

၃။ တတိယနှင့် အမြင့်ဆုံးအဆင့်တွင် ရှိသော အသိပညာကို 'တခ်ဏာ ပွတ္တိဉာဏ်' (အတွင်းသိဉာဏ်) ဟု ခေါ်သည်။ ဤနေရာတွင်လည်း ကျွန်ုပ်တို့သည် ခိုင်လုံသော အတွေးအခေါ်များကို တွေ့ရှိရသည်။ ဤခိုင်လုံသော အတွေးအခေါ် များအားဖြင့် တစ်ခုတည်းသော ထာဝရဘုရားသခင် (ဝါ) သဘာဝ တရားသဘော ကို အပြည့်အစုံ သိနိုင်လေသည်။ ကျွန်ုပ်တို့၏ အသိပညာတွင် အမှားအယွင်း မရှိစေရန် ဆိုခဲ့ပြီးသော ခိုင်လုံသည့် အသိဉာဏ် ရှိရပေမည်။ ထို့ကြောင့် အမှန် တရားကို ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် သိလိုလျှင် အာရုံသိကို အခြေမစိုက်သင့်

http://www.cherrythitsar.org



ပေဟု ဆိုသည်။

## လူတို့၏ အနှောင်အဖွဲ့နှင့် လွတ်လပ်ခွင့်အကြောင်း

ရှေးက ရှင်းလင်းပြီးခဲ့သည့်အတိုင်း လူအပါအဝင် သီးခြား အရာဝတ္ထု အားလုံးသည် သဘာဝအကြောင်းတရား၏ စီမံမှုကို ခံယူခဲ့ကြရသည်သာ ဖြစ်သည်။ စပင်နိုဇာက သဘာဝဓမ္မနှင့် ဖြစ်ရပ်အားလုံးတို့သည် အကြောင်းတရားများကြောင့် မဖြစ်မနေနိုင်သဖြင့် ဖြစ်ပေါ်လာသော အကျိုးတရားများသာ ဖြစ်သည်ဟု ဆိုလေသည်။

စပင်နိုဇာ၏ အလိုအရ လူတို့၏ ရွေးချယ်မှု စိတ်သဘောထားနှင့် ခံစားမှုတို့သည် ကြောင်းကျိုး ဖြစ်စဉ်ကြီးကြောင့် မလွဲကေန် ဖြစ်ပေါ်လာရသည့် အကျိုးတရားများသာ ဖြစ်သည်ဟု ဆိုလေသည်။ အခြားသဘာဝ အရာဝတ္ထုများကဲ့သို့ပင် လူသည်လည်း သဘာဝလောက၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။ လူသည် သဘာဝလောက၏ တစ်စိတ်တစ်ဒေသ ဖြစ်သည့်အလျောက် လူတို့၏ ကိုယ်ကျင့်တရားများသည်လည်း လောကပါလ တရားများသာ ဖြစ်လေသည်။

လူသည် သဘာဝတရား၏ ဖြစ်တည်ပုံသတ္တိ တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် လူတို့၏ ပျော်ရွှင်မှုနှင့် လွတ်လပ်ခွင့်သဘောတို့သည်လည်း သဘာဝ အကြောင်းတရား အလျောက် ဖြစ်လာသည်။ သို့သော် လူသည် သဘာဝလောကတွင် မိမိရပ်တည်ရာ အခြေကို နားလည် သဘောပေါက်လျှင် လွတ်လပ်သူ တစ်ယောက် ဖြစ်လာနိုင်ပေသည်။

စပင်နိုဇာ၏ ခံယူချက်မှာ ပါရမီရှိသူ တစ်ယောက်သည် သူ ခံစားနေရသော တပ်မက်မှုများအောက်မှ ရုန်းကန်နိုင်လျှင် လွတ်လပ်ပြီး ဖြစ်သည်။ ထိုသို့ လွတ်မြောက်ရန်မှာ တပ်မက်မောမှုများ၏ အရင်းအမြစ် သဘာဝများကို သေချာစွာ နည်းနာသဘောပေါက်လာမှသာ လွတ်မြောက်နိုင်ပေမည်။ စပင်နိုဇာ ကိုယ်ကျင့်တရားပညာ၏ အခြေခံအချက်မှာ ခိုင်လုံသောအသိပညာကို ရရှိ၍ တပ်မက်မောမှုများသည် စင်စစ် ထွေပြားသော မခိုင်လုံသေးသည့် အသိမျိုးများ ဖြစ်ကြသည်။

တပ်မက်မောမှုများအား ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းဖြင့် စပင်နိုဇာ၏ ကိုယ်ကျင့်တရားပညာသည် သူ၏ သိမှုဗေဒနှင့် ဆက်စပ်နေလေသည်။ လူ၏ အတွင်းသဏ္ဌာန်၌ ဖြစ်လာသည့် တပ်မက်မောမှုများသည် ပြင်ပ အကြောင်းတရားများကြောင့် ဖြစ်လာသည့် အကျိုးတရားများ ဖြစ်ကြသည်။ ထိုအကျိုးတရား

http://www.cherrythitsar.org


များမှာ ချစ်ခြင်း၊ မုန်းခြင်း၊ ကြောက်ရွံ့ခြင်းနှင့် ကရုဏာသက်ခြင်းတို့ ဖြစ်၏။

အရင်းစစ်လိုက်လျှင် လူသည် သဘာဝလောကနှင့် သဘာဝလောကတွင် မိမိ ပါဝင်နေရသည့် ကဏ္ဍကို မသိနားမလည်သောကြောင့်သာ တပ်မက်မောမှု၏ ကျေးကျွန်ဖြစ်ရသည်။ လူတွင် လုံလောက်သည့် အသိပညာ မရှိလေလေ တပ်မက်မောမှု၏ ကျေးကျွန် ဖြစ်ရလေလေ ဖြစ်သည်။

ထို့ကြောင့် သိမှုဗေဒ၏ တာဝန်မှာ လုံလောက်သည့် အသိပညာကို တတ်နိုင်သမျှ အများဆုံး ရရှိအောင် ကြိုးစားခြင်းပင် ဖြစ်သည်။ အသိတရားရှိမှသာလျှင် လူသည် လွတ်လပ်နိုင်ပေမည်။ ထိုသို့သော အသိတရားကို ရရှိရန် စကြာဝဠာ၏ ဝဘာဝ အစစ်အမှန်နှင့် စကြာဝဠာတွင် လူတို့ ပါဝင်နေရသည့် ကဏ္ဍကို သိရန် လိုအပ်လေသည်။

ဤနေရာ၌ 'လွတ်လပ်ခြင်း' ဆိုသည်မှာ လွတ်လပ်စွာ ရွေးချယ်နိုင်မှုကို ဆိုလိုခြင်း မဟုတ်၊ လူသည် သဘာဝလောက၏ နိယာမတရားများအရ ပြုမူဆောင်ရွက်သဖြင့် လွတ်လပ်ခြင်းကိုသာ ဆိုလိုသည်။ လူတစ်ဦးချင်းသည် သဘာဝလောကအတွင်းရှိ သတ္တိတစ်ခုသာ ဖြစ်သည့်အတွက် အကြွင်းမဲ့ လွတ်လပ်ခွင့်ကို ရရှိနိုင်မည် မဟုတ်၊ တည်ငြိမ်နေရာမှ ပြန်လည် လှုပ်ရှားလာရန်အတွက် တစ်ခုခုက စေ့ဆော်ပေးမည့် စေ့ဆော်ရေး အထောက်အခံ ရှိရပေမည်။ မသိနားမလည်သူတွေ အဖို့သာလျှင် လွတ်လပ်သယောင် ရှိသည်။ မူအားဖြင့် ပြောဆိုရပါလျှင် လူတို့သည် ပြင်ပယောဂမပါသည့် အကြွင်းမဲ့ လွတ်လပ်ခြင်း၌ အဆင့်အတန်း ရှိသည်။

လူသည် ၎င်းပြုမူချက်များ၏ တကယ့်အကြောင်းတရားများအတွက် ခိုင်လုံသော (ဝါ) သိပ္ပံနည်းကျသော အသိပညာကို ရရှိမှသာလျှင် လွတ်လပ်သည်ဟု ဆိုနိုင်သည်။

*　　*　　*

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
လိုင်ဗနိ

## လိုင်ဗနီ (၁၆၄၆–၁၇၁၆)

ဂေါ့ဖရီး၊ ဝီလျှံ၊ လိုင်ဗနီကို ဂျာမနီပြည် လိုက်ပဇစ်မြို့တွင် ဖွားမြင် ခဲ့လေသည်။ သူ၏ ဖခင်မှာ ကိုယ်ကျင့်တရားဆိုင်ရာ ဒဿနိကဗေဒတွင် ပါမောက္ခ တစ်ဦး ဖြစ်သည်။ ဦးစွာ ဂျီနားတက္ကသိုလ်သို့ ဝင်ရောက် ပညာသင်သည်။ ဥပဒေ ပညာ၊ ဒဿနိကဗေဒ ပညာ၊ သင်္ချာပညာများကို လေ့လာ သင်ကြားခဲ့၏။သူ့အသက် ၂၀ နှစ်အရွယ်တွင် အာဒေ့ါတက္ကသိုလ်မှ ဥပဒေပညာတွင် ပါရဂူဘွဲ့ထူးကို ဆွတ်ခူးနိုင်ခဲ့သော ပါရမီရှင်ကြီး ဖြစ်၏။ ဘာထရန်ရပ်ဆယ်ကမူ သူ၏ အနောက်တိုင်း တွေးခေါ် မြော်မြင်ရေး သဘောတရားသမိုင်းကျမ်းကြီးတွင် လိုင်ဗနီအား မည်သည့်ခေတ်တွင်မျှ ယှဉ်ပြိုင်နိုင်မည့်သူ ရှိမည် မဟုတ်သော တွေးခေါ်ရှင်ကြီးအဖြစ် ချီးကျူးခဲ့လေသည်။

ဒေါက်တာဘွဲ့ထူးကို ဆွတ်ခူးပြီးနောက် အာဒေ့ါတက္ကသိုလ်မှာပင် ပါမောက္ခရာထူးကို ပေးအပ်နှင်းခြင်း ခံရသည်။ သို့ရာတွင် ပါမောက္ခရာထူးကို လက်မခံဘဲ ငြင်းပယ်လိုက်သည်။ ထိုသို့ ငြင်းပယ်ရာတွင် သူ၏ အကြောင်းပြချက်မှာ သူသည် လူတစ်ကာ ထင်မြင်ယူဆသလို မယူဆနိုင်။ လူများ အယူအဆနှင့် တူသော အယူအဆ အတွေးအခေါ်များလည်း မရှိ။ ထို့ကြောင့် လက်မခံနိုင် ဆို၏။ ၁၆၆၇ ခုတွင် လိုင်ဗနီသည် ခရစ်ယာန် ဂိုဏ်းချုပ်ကြီး မိန်း (ဇ) ထံတွင် အမှုထမ်းရာ ဂိုဏ်းချုပ်ကြီးက သူ့ကို ပြင်သစ် ဘုရင်လူဝီ ၁၄ အား ဂျာမနီကို စစ်မတိုက်ရန် သွေးဆောင် ခိုင်းခဲ့လေသည်။ ထိုစဉ်က ဂျာမန် မင်းညီမင်းသားများသည် ပြင်သစ်ဘုရင်ကို လွန်စွာ စိုးရိမ်ကြောက်လန့်ဖြစ်နေရာ သူ့ကို ပြင်သစ်သို့ စေ

http://www.cherrythitsar.org


လွှတ်ခဲ့ခြင်း ဖြစ်၏။ ပြင်သစ်ပြည် ပါရီမြို့တွင် လေးနှစ်ကြာမျှ နေထိုင်စဉ် သူသည် တွေးခေါ်မြော်မြင်မှုဘက်တွင် လွန်စွာ တိုးတက်လာခဲ့လေသည်။ ထိုစဉ်က ဆိုလျှင် ပါရီမြို့မှာလည်း အတွေးအခေါ်နှင့် သင်္ချာဘက်တွင် အထူး ထွန်းကားသော ဌာန ဖြစ်လေသည်။

ပါရီမြို့တွင် နေစဉ်ကာလ၌ လိုင်ဗနိသည် ဒေးကား၏ အတွေးအခေါ်များကို လေ့လာရသည်။ ဂါဆန္ဒီ၏ ရုပ်ဝါဒကလည်း သူ့ကို ထိုစဉ်က လွှမ်းမိုးနေခဲ့သည်။ ဤတွင် ယခင်က သူ စွဲလမ်းခဲ့ဖူးသော စကော်လပ်စတစ် ဖီလိုဆိုဖီခေါ် ခရစ်ယာန်ကျမ်းတတ် ပုဂ္ဂိုလ်များ၏ ကျောင်းတော်ဝါဒကို စွန့်ပစ်လိုက်လေသည်။

၁၆၇၆ ခုနှစ်တွင် စပင်နိုဇာနှင့် တွေ့ဆုံဆွေးနွေးပြီးသောအခါတွင်ကား လိုင်ဗနိအား စပင်နိုဇာ၏ အယူအဆများက လွှမ်းမိုးသွားလေသည်။ သို့ရာတွင် နောင်သောအခါ စပင်နိုဇာ၏ နိုင်ငံရေး အယူဝါဒများမှာ ပုံပြင် ဆန်လွန်းသည်ဟု သူက ထုတ်ဖော် ပြောကြားခဲ့လေသည်။

၁၆၇၃ ခုနှစ်မှစ၍ ဟင်နိုဗာ နန်းတော်တွင် အမှုတော်ထမ်းရင်း အသက်ထက်ဆုံးတိုင် နေထိုင်ခဲ့လေသည်။

လိုင်ဗနိ၏ အထင်ရှားဆုံးသော အတွေးအခေါ် စာတမ်းမှာ မိုနာဒိုလိုဂျီ (Monadology) ကျမ်း ဖြစ်သည်။ သူ၏ ဖီလိုဆိုဖီများကို ဤကျမ်းမှာပင် သုတေသီများ လေ့လာမှတ်သားနိုင်လေသည်။

လိုင်ဗနိ၏ ဖီလိုဆိုဖီများကို မလေ့လာမီ သူ့အတွေးအခေါ်များ မြစ်ဖျားခံလာရသည့် ကျောထောက်နောက်ခံ အကြောင်းတရားများကို လေ့လာသင့်ကြပေသည်။ ထိုအကြောင်းတရားများအနက် ဂျာမနီ ယဉ်ကျေးမှု နောက်ခံကားကို ဦးစွာ ဖော်ပြရပေမည်။

၁၈ ရာစုနှစ် မတိုင်မီက ဂျာမနီပြည်သည် အတွေးအခေါ် ပညာတွင် များစွာ တိုးတက် ထွန်းကားခြင်း မရှိခဲ့သေးချေ။ ဂျာမနီသည် ရှေးအခါက ဘာသာရေး အငြင်းပွားမှုများ၊ နှစ်ပေါင်း ၃၀ စစ်ပွဲများကြောင့် အကျိုးမဲ့ အချိန်ကုန်ခဲ့ရပေရာ သိပ္ပံပညာနှင့် အတွေးအခေါ် ပညာများ တိုးတက်ခွင့် မရရှိခဲ့ပေ။ ထိုအချိန်များကဆိုလျှင် အင်္ဂလန်တွင် ဘေကွန်၊ မီးလ်၊ ရှိတ်စပီးယား၊ လော့(က) ဆိုသူ ပညာရှင်များ ပေါ်ပေါက် ထွန်းကားနေပြီး ပြင်သစ်ပြည်တွင်လည်း မွန်တိန်း၊ ကော်နီးလ်၊ ပါစကယ်၊ ဒေးကား စသူတို့ ထွန်းကားခဲ့လေပြီ။ ဂျာမနီတွင်ကား ဘာသာရေး ပြုပြင်ပြောင်းလဲရေးကြောင့် ဘာသာရေး အငြင်းပွားမှုများသာ

http://www.cherrythitsar.org


ဖြစ်ပေါ်နေခဲ့လေသည်။ ဂျာမနီဘာသာ စကားမှာလည်း ပညာရှင်တို့ သုံးစွဲသော စကား မဟုတ်။ လက်တင်ဘာသာနှင့် ပြင်သစ်ဘာသာစကားများကိုသာ ပညာရှိများ အသုံးပြုပြီး တိုင်းရင်းသား ဂျာမနီစကားများကိုမူ အောက်တန်းစား လူသာမန်များသာ သုံးနှုန်းခဲ့ကြလေသည်။ ပြင်သစ်ယဉ်ကျေးမှုကို ဂျာမနီပြည်တွင်းသို့ တဖြည်းဖြည်း သွတ်သွင်းလာခဲ့ခြင်းကြောင့်လည်း နောက်ပိုင်းတွင် ပြင်သစ်ဟန်၊ ပြင်သစ် ထုံးဓလေ့များ ခေတ်စားလာလေသည်။ နောက်ဆုံး၌ ဂျာမနီလူမျိုးတို့သည် ဂျာမန်အမည်များကို မှည့်ခေါ်ရန်ပင် ရှက်လာကြသည် ဟူ၏။

ထိုခေတ်က ဂျာမန် တက္ကသိုလ်များမှာ ခေတ်သစ် အတွေးအခေါ်များနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အရေးယူ ဆောင်ရွက်ခြင်း မရှိသဖြင့် ခေတ်သစ် သဘောတရားများမှာ တက္ကသိုလ်ပြင်ပရှိ ပညာရှင်များက ဝိုင်းဝန်းပျိုးထောင်ခဲ့ရသည်။

ဂျာမန်လူမျိုးအနက် ခေတ်သစ် သိပ္ပံနှင့် ဖီလိုဆိုဖီ အတွေးအခေါ်များကို ဦးစွာတင်ပြ ဟောကြားခဲ့သူမှာ 'ဆင်မျူဝဲလ် ပြူဖင်ဒေါ့' ဖြစ်သည်။ ထိုသို့ ဂျာမန် တွေးခေါ်ရှင်များအနက် တတိယမြောက် ပေါ်ပေါက်ပြီး အထင်အရှားဆုံးသော ပုဂ္ဂိုလ်မှာ လိုင်ဗနိပင် ဖြစ်သည်။ သင်္ချာဗေဒ၊ တရားဥပဒေနှင့် ဖီလိုဆိုဖီဘက်တွင် ထူးချွန်သူ ဖြစ်ခဲ့လေသည်။ ထို့ကြောင့် ဂျာမနီပြည်၏ အတွေးအခေါ် ပြောင်းလဲမှုသမိုင်း၌ လိုင်ဗနိကို ခေတ်သစ် တွေးခေါ်မှု၏ ခေတ်ရှေ့ဆောင် ပုဂ္ဂိုလ်ကြီးဟု သမုတ်ထိုက်ပေသည်။

## လိုင်ဗနိ၏ ပြဿနာ

လိုင်ဗနိသည် ဒေးကားနှင့် စပင်နိုဇာတို့ကဲ့သို့ပင် သူ၏ ဖီလိုဆိုဖီကို လောကထာဝရ ဝတ္ထုဆိုသည် အဘယ်နည်းဟူသော အခြေခံပေါ်၌ အခြေတည်၍ တွေးခေါ်ခဲ့လေသည်။ သို့ရာတွင် စိတ်နှင့် ရုပ်တို့ အပြန်အလှန် ဆက်ဆံမှုသဘောတရားတွင် လိုင်ဗန်၏ အတွေးအခေါ်မှာ ဒေးကားနှင့် စပင်နိုဇာတို့၏ အတွေးအခေါ်နှင့် ခြားနားသွားလေသည်။ ဒေးကားသည် စိတ်ကို လည်းကောင်း၊ ရုပ်ကို လည်းကောင်း သီးခြားတည်နေနိုင်သော လောကထာဝရ ဝတ္ထုကြီးများ ဖြစ်သည်ဟု ဖော်ပြခဲ့သည်ကို ကျွန်ုပ်တို့ လေ့လာခဲ့ရပြီ။ စပင်နိုဇာကမူ ဘုရားသခင်သည်သာလျှင် လောကထာဝရ ဝတ္ထုဖြစ်ပြီး စိတ်နှင့် ရုပ်သည် ဘုရားသခင်၏ သဘာဝပေါ်၌ တည်မှီနေသော ဘုရားသခင်၏ ဂုဏ်အင်္ဂါ လက္ခဏာများသာ ဖြစ်သည်ဟု ဟောကြားခဲ့

http://www.cherrythitsar.org



ကြောင်းလည်း သိခဲ့ရပေပြီ။ ဤတွေးခေါ်ရှင်နှစ်ဦးစလုံးပင် စိတ်ပိုင်းနှင့် ရုပ်ပိုင်းကို တစ်ခုနှင့်တစ်ခု သီးခြား ဖြစ်ပေါ်နေသော စနစ်များအဖြစ် ဖော်ပြကြသည်။ ရုပ်ကမ္ဘာကြီးအကြောင်းကို ဖော်ပြရာ၌ ဒေးကားနှင့် စပင်နိုဇာတို့သည် ရုပ်ဝတ္ထုတို့၏ လှုပ်ရှားမှုမှန်သမျှမှာ စက်ယန္တရားတစ်ခုသဖွယ် ဖြစ်ပေါ်နေကြသည်ဟု ဖော်ပြခဲ့ကြသည်။

မည်သို့ပင်ဆိုစေ လိုင်ဗနစ်၏ အတွေးအခေါ်များထဲတွင် ဤလောကရှိ ခပ်သိမ်းသော ပစ္စည်းတို့သည် ကွဲပြားခြားနားကြသည် မဟုတ်၊ တစ်သဘောတည်းရှိကြောင်းကိုသာ အမြဲခံယူထားကြောင်း တွေ့ရသည်။

လိုင်ဗနိအဖို့ အမှန်ထာဝရတရားသည် ချေဖျက်၍ ရသော အရာလည်းမဟုတ်၊ အတိုင်းအဆ (ဝါ) ပမာဏအားဖြင့် ဖော်ပြ၍ ရကောင်းသော အရာလည်း မဟုတ်ဟု ယုံကြည်ထားသည်။ အဘယ်ကြောင့်ဟူမူ အဝန်းပမာဏ ရှိသော အရာတိုင်းသည် ချေဖျက်ခွဲစိတ်၍ ရသောကြောင့်ပင်တည်း။ ဥပမာအားဖြင့် အနုမြူခေါ်သော ရုပ်ဓာတ်တွင် ပမာဏရှိသည်သာ ဖြစ်ရကား ၎င်းကို စိတ်စိတ်ခွဲချေ၍ ရနိုင်၏။ သို့သော် ထိုသို့ အထပ်ထပ် ခွဲစိတ်ခြင်းဖြင့် နောက်ဆုံးတွင် ခွဲစိတ်ခြင်ငှာ မတတ်စွမ်းသာသော အခြေအနေသို့ ရောက်လာရပေမည်။ ထိုသို့ ခွဲစိတ်ချေဖျက်၍ မရသောအခါ၌ ထိုအရာတွင် ပမာဏခေါ်သော အတိုင်းအဆ သဘောမရှိတော့ပေ။ တစ်နည်းဆိုသော် အတိုင်းအဆ ပမာဏ ကင်းမဲ့သောအခါ ထိုအရာသည် ရုပ်ဓာတ်လည်း မဟုတ်တော့ပေ။ ဝိညာဉ်သက်သက်သာ ဖြစ်ရပေမည်။

ထို့ကြောင့် ဖျက်ဆီး၍ မရသောအရာသည် ရုပ်ဓာတ် မဟုတ်၊ ဝိညာဉ်ဓာတ်သာ ဖြစ်၏။ ထိုဖျက်ဆီး၍ မရသော အရာသည်သာ အမှန်ထာဝရ သတ္တုမျိုးဖြစ်ပေတော့သည်။

ဤသဘောတရားကို လိုင်ဗနိ၏ အင်အားစုသဘောတရားတွင် အထင်အရှားတင်ပြထားသည်ကို တွေ့ရသည်။

## အင်အားစုသဘောတရား

လိုင်ဗနိသည် ခေတ်သစ်သိပ္ပံပညာမှ ထင်မြင်ယူဆချက်များကို စူးစမ်းလေ့လာကြည့်သောအခါ ထိုအထင်အမြင် အယူအဆများသည် တိတိကျကျ၊ ခိုင်ခိုင်မာမာ မရှိလှသည်ကို တွေ့ရသည်။ ရူပဗေဒသော်မှ အဝန်းပမာဏရှိသော ဒဗ္ဗ ရုပ်ဝတ္ထု ပစ္စည်းများ၏ သဘောနှင့် ယင်းတို့၏ လှုပ်ရှားပြောင်းလဲနေပုံကို စနစ်

http://www.cherrythitsar.org


တကျ ရှင်းပြနိုင်ခြင်း မရှိဟု သူက ဆိုသည်။

ဒေးကားက လှုပ်ရှားမှု၏ အရေအတွက် သဘောသည် အပြောင်းအလဲ မရှိ၊ တရားသေဖြစ်သည်ဟု ယူဆခဲ့လေသည်။ သို့ရာတွင် အရာဝတ္ထုတို့သည် တည်ငြိမ်သည်လည်း ရှိသည်။ လှုပ်ရှားသည်လည်း ရှိသည်။ လှုပ်ရှားမှုမှာ ဖြစ်လာလိုက် ပျောက်သွားလိုက် ဆိုသလို ဖြစ်နေတတ်သည်။ သို့ဖြစ်လျှင် ဤဖြစ်စဉ်သည် စဉ်ဆက် ဖြစ်ပေါ်မှု နိယာမတရားကို ဖောက်ဖျက်ရာ ကျပေတော့မည်။ အရာဝတ္ထုတို့၏ စဉ်ဆက် ဖြစ်ပေါ်မှု နိယာမသည် လောကဖြစ်စဉ်များ၌ ကြားကွက်လပ် မရှိဟူသော သဘောကို ဖော်ပြသော နိယာမ ဖြစ်ချေသည်။

စဉ်းစားရန် တစ်ချက်မှာ အရာဝတ္ထု တစ်ခုသည် လှုပ်ရှားမှုကင်းပြီး တည်ငြိမ်နေရာမှ ပြန်လည် လှုပ်ရှားလာရန်အတွက် တစ်ခုခုက စေ့ဆော်ပေးမည့် စေ့ဆော်ရေး အထောက်အခံ ရှိရပေမည်။ ယင်းအထောက်အခံမှာ အခြားမဟုတ်၊ အင်အားစု (Force) (ဝါ) လှုပ်ရှားမှုကို ဖြစ်စေသော အလားအလာများ ဖြစ်သည်။ အင်အားစုများသည် အရေအတွက်သဘော၌ အမြဲတမ်း သဘောရှိသည်။

ထို့ကြောင့် ဤလောက၌ မလှုပ်ရှားသော အရာဝတ္ထု (ဒြပ်) ဟူ၍ မရှိချေ။ အင်အားစုများကို ဖော်ပြမနေသော အရာဟူ၍လည်း မရှိချေ။ အကယ်၍ အရာဝတ္ထု တစ်ခုသည် မလှုပ်ရှားဘူးဆိုလျှင် ထိုအရာဝတ္ထုသည် အမှန်တကယ် မရှိသောကြောင့်သာ ဖြစ်ရပေမည်။ အစဉ်လှုပ်ရှားမှု ရှိသော အရာသည်သာလျှင် ယထာဘူတ ကျသောအရာ၊ တကယ်စစ်မှန်စွာ ဖြစ်တည်နေသော အရာ ဖြစ်ပေသည်။

အထက်ပါ သဘောတရားကို အခြေခံထား၍ လောကကို ရှုကြည့်သော အခါ ဤလောကတွင် ရှိနေကြသော ဒဗ္ဗရုပ် ဝတ္ထုများ၏ အနှစ်သာရသဘောသည် (ဒေးကားတို့ ယူဆသကဲ့သို့) အဝှန်းပမာဏ သဘောမဟုတ်၊ ရုပ်၏ အနှစ်သာရ ဂုဏ်ရည်သည် အင်အားစုများသာလျှင် ဖြစ်ပေတော့သည်။

တစ်နည်း....... ရုပ်၏ ပဓာနဂုဏ်ရည်သည် အဝှန်းပမာဏ မဖြစ်နိုင်ကြောင်းမှာ ပမာဏသဘော၏ ပေါင်းဖွဲ့ ဖြစ်ပေါ်ပုံကို လေ့လာကြည့်က သိနိုင်သည်။ အကြောင်းမှာ အခြေခံ ပဓာနကျသော အရာဝတ္ထု တစ်ခုသည် အစိတ်အပိုင်းများ ပေါင်းဖွဲ့ထားသော အစုအပေါင်းတစ်ခု မဖြစ်နိုင်ခြင်းပင် ဖြစ်ပေသည်။ အရာဝတ္ထုတစ်ခု၏ ပဓာနအကျဆုံးမှာ ကေမှု သဘောရှိရပေမည်။ ဓာတ်စင် ဖြစ်ရပေမည်။ ဤနေရာ၌ ဆက်စပ်၍ ကြည့်သောအခါ 'အင်အားစု' များသည် ခွဲခြားခြင်း၊ ဖျက်စီးခြင်း၊ ချေမှုန်းခြင်း လုပ်၍ မရသော ဓာတ်စင်များ ဖြစ်ကြကြောင်း

http://www.cherrythitsar.org



တွေ့ရသဖြင့် 'အင်အားစု' များသည် ပဓာနကျသော ထာဝရ အခြေခံဓာတ်များ ဖြစ်ကြကုန်သည်ဟု မြင်ရာသည်။

ရှေးက လောကအမြင်များ၌ သဘာဝတရားကြီးသည် လှုပ်ရှားခြင်း ကင်းသော ဘဝသေကြီး ခိုင်ဖြိုးတင်းမာတည်ငြိမ်သော အဖြစ်ကြီးဟု ယူဆခဲ့ကြသည့် အစဉ်အလာကြီး တစ်ခုလုံးကို လိုင်ဗနိ၏ အတွေးအခေါ်ကစ၍ တော်လှန်ကာ ဤလောကကြီးကား အစဉ် လှုပ်ရှားပြောင်းလဲနေသော တည်ငြိမ်ခြင်း ကင်းသော လောကသာလျှင် ဖြစ်ပေကြောင်း ဖွင့်ဟ ထုတ်ဖော်လာခဲ့ပေတော့သည်။

လိုင်ဗနိအမြင်တွင် အကယ်၍ ဤလောကဖြစ်စဉ်များ၏ အင်အားစုများသည် အစဉ်ကိန်းဝပ်လျက် မရှိလျှင် ယင်းအရာဝတ္ထုများ၌ အဝှန်းပမာဏလည်း ရှိတော့မည် မဟုတ်ချေ။ ဒေးကားအမြင်နှင့် လိုင်ဗနိအမြင်မှာ ဤနေရာ၌ သိသိသာသာကြီး ခြားနားကြသည်။

ဒေးကားက အရာဝတ္ထုများ ဖြစ်တည်နေရေးအတွက် အဝှန်းပမာဏလိုသည်ဟု ဆိုခဲ့သည်ကို လိုင်ဗနိက အဝှန်းပမာဏသဘော ရှိဖို့ရန်အတွက် အရာဝတ္ထု၊ အင်အားစုများ လိုသည်ဟု ရှုမြင်လိုက်လေသည်။ စက်ယန္တရားသဖွယ် လှုပ်ရှားဖြစ်ပေါ်နေသော လောကဖြစ်စဉ် တစ်ရပ်လုံး၏ ရေသောက်မြစ်သည်ကား အင်အားစုများပင် ဖြစ်ပေတော့သည်။

'အင်အားစု' တစ်ခုစီသည် ဝိညာဉ်နှင့် ဒဗ္ဗရုပ် ပေါင်းဖွဲ့ဖြစ်ပေါ်မှု တစ်ခုစီ ဖြစ်ကြသည်ဟုလည်း လိုင်ဗနိ မြင်လေသည်။ လှုပ်ရှားခြင်း တည်ငြိမ်ခြင်း အပေါင်းအစည်း မိမိကိုယ်တိုင် ဖွဲ့စည်းဖြစ်ပေါ်ခြင်း၊ မိမိကိုယ်ကို မိမိ ကာကွယ်ခြင်း၊ ဆုံးဖြတ်ခြင်း အလုံးစုံပြည့်ဝသောအရာသည် 'အင်အားစု' ပင် ဖြစ်သည်။ ဤ အင်အားစုများကို လိုင်ဗနိက သူ့အတွေးအမြင်များတွင် မိုနာ့ဒ်(ဒ်)ဟု ခေါ်သည်။

## မိုနာ့ဒ်ဝါဒ (MONADISM)

လိုင်ဗနိ၏ ဝိဉာဏဝါဒမှာ ဗဟုနာမ်ဝါဒတစ်မျိုး ဖြစ်သည်။ မိုနာ့ဒ်ဟု ခေါ်သော နာမ်ဓာတ်များသာလျှင် ထာဝရဝတ္ထုများ ဖြစ်သည်ဟု လိုင်ဗနိ ယုံကြည်လေသည်။ ဒြပ်ကိုယ်ထည် မှန်သမျှသည် ထိုမိုနာ့ဒ်ခေါ်သော နာမ်ဓာတ်များ အပေါင်းအစု ဖြစ်ကြလေသည်။ နာမ်ဓာတ် (မိုနာ့ဒ်) တစ်ခုသည် ထာဝရ အရာဝတ္ထုတစ်ခုစီ ဖြစ်ကြလေသည်။ သို့သော် ထိုမိုနာ့ဒ် ခေါ် ထာဝရဝတ္ထုကလေးများသည် တစ်ခုတည်း မဟုတ်၊ ဤလောက၌ ဝတ္ထုပစ္စည်းများ ကွဲပြားခြားနားစွာ တည်

http://www.cherrythitsar.org


နေကြသည်နှင့် အမျှ မရေမတွက်နိုင်အောင်ပင် များပြားစွာ တည်ရှိကြသည်။ မိုနာ့ဒ်၏ သဘောမှာ နာမ်သက်သက်၊ သို့မဟုတ် ပုံသဏ္ဌာန် (Form) သက်သက်သာ ဖြစ်ပြီး ပုဂ္ဂလိက တည်နေနိုင်သော ဖျောက်ဖျက်၍ မရသော သဘောရှိသည်။

ထို့ကြောင့် မိုနာ့ဒ်များသည် ရုပ်ဓာတ်များ အလျဉ်း မဟုတ်ကြကြောင်း မှတ်အပ်ပေသည်။ ရုပ်ဓာတ်တို့သည် ပြောင်းလဲပျက်စီးကြသော်လည်း ဤမိုနာ့ဒ်များကား ထာဝရ တည်နေနိုင်သော သဘောတရားများသာ ဖြစ်ကြ၏။ သို့ပင်ဖြစ်လင့်ကစား မိုနာ့ဒ် ခေါ် နာမ်သဘောတို့ကား အများလှုပ်ရှားလျက် ရှိသော ပမာဏကင်းမဲ့သည်။ အရူပ အင်အားစုများ ဖြစ်ကြသည်ဟုလည်း မှတ်ရာသည်။

လိုင်ဗနိ အလိုအားဖြင့် ကျွန်ုပ်တို့ မျက်မြင် ကိုယ်တွေ့ အရာခပ်သိမ်းတို့မှာ မိုနာ့ဒ်များဖြင့် ဖွဲ့စည်းထားသော မိုနာ့ဒ် အဖွဲ့အစည်းများသာ ဖြစ်ကြသည်။ အမှန်မှာ မိုနာ့ဒ်များသည် သီးသန့် ရုပ်ဓာတ်နှင့် နာမ်ဓာတ်တို့ စပ်ကြားမှ အစဉ်လှုပ်ရှား ဆက်စပ်နေသော သဘောတရားများ ဖြစ်ကြောင်း လိုင်ဗနိ နားလည်ခဲ့သည်။ (မြန်မာများ အဖို့ကား ဤသဘောတရားကို အတော်ပင် နားလည်ရန် ခက်ပေမည်။)

သိမှုဆိုင်ရာ သဘောတရားနှင့် ပတ်သက်၍မူ လိုင်ဗနိက မိုနာ့ဒ်များတွင် အာရုံသိ (ဝါ) ရုပ် မှတ်သိမှုကို ဖြစ်စွမ်းနိုင်သော အင်အား ရှိကြသည်။ အမှန်မှာ မိုနာ့ဒ်သည် စကြာဝဠာ တစ်ခုလုံး၏ လှုပ်ရှားမှုများ အရိပ်ထင်ရာ ကြေးမုံပြင် ဖြစ်သည်။

ဥပမာ လူတစ်ဦးစီသည် လိုင်ဗနိအလိုအားဖြင့် မိုနာ့ဒ် တစ်ခု တစ်ခုစီ ဖြစ်ကြသည်။ သက်ရှိသည်လည်းကောင်း၊ သက်မဲ့သည်လည်းကောင်း၊ ရေမြေတောတောင် အားလုံး မိုနာ့ဒ်များချည်းသာ ဖြစ်ကြသည်။ သို့ဖြစ်ပေရာ မိုနာ့ဒ်တစ်ခုနှင့် တစ်ခုမှာ အခြေအနေ အဆင့်အတန်းချင်း မတူညီကြချေ။

လူမှာပင် အယုတ် အလတ် အမြတ် ရှိပေရာ အသိဉာဏ် ထက်မြက်သူ ထုံထိုင်းသူ ရှိ၏။ ထိုသို့ ရှိခြင်းမှာ မိုနာ့ဒ်ချင်း တစ်ခုနှင့် တစ်ခု မတူခြင်းကြောင့် ဖြစ်ရသည်ဟူ၏။ ပိုမို၍ အဆင့်အတန်း မြင့်သော မိုနာ့ဒ် ရှိသူသည် ပို၍ အမြင်အသိ ထက်မြက်သည်ဟု ဟူ၍ ယုံကြည်သည်။

ထို့ပြင် မိုနာ့ဒ်တို့သည် တစ်ခုနှင့်တစ်ခု မိမိတို့ သဘာဝအလျောက် အပြန်အလှန် ဆက်ဆံနှီးနှောခြင်း မရှိ။ တစ်ခုနှင့် တစ်ခု တူညီခြင်းလည်း မရှိသည့်အပြင် တစ်ခုအပေါ်တွင် တစ်ခုက လွှမ်းမိုးနိုင်ခွင့်လည်း မရှိကြပေ။

ထို့ကြောင့် လိုင်ဗနိက မိုနာ့ဒ်များသည် ဝင်ပေါက် မရှိ။ ငါးများ ပြည့်သော ရေအိုင်များနှင့် တူသည်ဟု ဆိုလေသည်။ သူ၏ ဆိုလိုရင်းမှာ မိုနာ့ဒ်များသည်

http://www.cherrythitsar.org


မိမိတို့ သဘာဝအလျောက် ဘုရားသခင် ဖန်ဆင်းစဉ်ကပင် အပြည့်အစုံ ရှိပြီး ဖြစ်ရာ နောက်ထပ်တိုး၍သော် လည်းကောင်း၊ နုတ်၍သော် လည်းကောင်း မရနိုင်။ ပြုပြင် ဖန်တီး၍လည်း မရနိုင်ဟု ဆိုလိုရင်း ဖြစ်ပေသည်။

ဤသဘောတရားနှင့် ဆက်စပ်၍ လိုင်ဗနိက အရာဝတ္ထုတို့၏ ထပ်တူထပ်မျှ တူညီခြင်း (Identity) သဘောကို စဉ်းစားသည်။ သူ၏ အလိုအားဖြင့် မည်သည့် မိုနာ့ဒ်များမှ တစ်ခုနှင့်တစ်ခု ထပ်တူထပ်မျှ မတူညီနိုင်ချေ။ အကယ်၍ မိုနာ့ဒ် နှစ်ခုသည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားခြင်း မရှိ။ ထပ်တူထပ်မျှ တူညီကြသည် ဆိုလျှင် ထိုမိုနာ့ဒ်သည် နှစ်ခု မဟုတ်တော့၊ တစ်ခုတည်းသာ ဖြစ်ရပေမည်ဟု ဖော်ပြခဲ့လေသည်။

ဤသဘောတရားကား အလွန်ခေတ်မီ၍ သိပ္ပံနည်းကျ ဖြစ်ကြောင်း နှောင်းခေတ် တွေးခေါ်ရှင်များက လက်ခံခဲ့ကြရသည်။

လိုင်ဗနိ၏ တက္ကိကဝါဒဟု ဆိုအပ်သော ရုပ်လွန် တွေးခေါ် မြော်မြင် ရေး သဘောတရား၌ အရေးပါသော အခြားအချက်တစ်ချက်မှာ သူ၏ 'စဉ်ဆက် ဖြစ်ပေါ်မှု ဥပဒေ' (Law of Continuity) ဖြစ်သည်။ ဤသဘောတရား အရ သဘာဝ တရားကြီးတွင် အဆက်အပြတ် ခြားကွက်လပ်ဟူ၍ မရှိ၊ နိမ့်ကျသော အခြေအနေမှ မြင့်မားသော အခြေအနေသို့ အစဉ်ဆက်တိုက် ဖြစ်ပေါ်မှုသာ ရှိသည်။ တစ်နည်းဆိုရသော် ဤဖြစ်စဉ်တန်းကြီးသည် အဆုံးမထင်ချေ။ ဥပမာ အားဖြင့် နိမ့်ကျသော ရုပ်ဝတ္ထု ဖွဲ့စည်းမှု မတိုင်မီမှ အစဉ် ဖြစ်ပေါ်လာခဲ့ရာ တစ်စတစ်စ ရုပ်ဝတ္ထု ဖွဲ့စည်း ဖြစ်ပေါ်မှု၊ သက်မဲ့မှ သက်ရှိ ဖြစ်ပေါ်မှု၊ သက်ရှိ အချင်းချင်းတွင် လူက အဖက်ဖက်မှ တိုးတက် မြင့်မားစွာ ဖြစ်ပေါ်မှု စသည်များကို အခြေခံ၍ တွေးခေါ်ကြပါက နောက်ဆုံး ဘုရားသခင်၏ သဘာဝသို့တိုင် ဆိုက် ရောက်လာရပေမည်။

ဤကား စဉ်ဆက် ဖြစ်ပေါ်မှု နိယာမ ဖြစ်၏။ ဘုရားသခင်သည် လိုင်ဗနိ အလိုအားဖြင့် အကောင်းဆုံး၊ အမှန်မြတ်ဆုံး၊ ပြီးပြည့်စုံဆုံးသော မိုနာ့ဒ်ကြီး ဖြစ် သည် ဟူ၏။ အမှန်မှာ လိုင်ဗနိ၏ ဤစဉ်ဆက် ဖြစ်ပေါ်မှု နိယာမသည် ဆိုခဲ့ပြီး သော အထွဋ်အထိပ် မိုနာ့ဒ်ရှိကြောင်း ဖော်ပြရန် တွေးခေါ်မှု လမ်းကြောင်း ဖြစ် ပေသည်။ လိုင်ဗနိသည် မိုနာ့ဒ်များ၏ အီဗော်လူရှင်းခေါ် တစ်စတစ်စ တိုးတက် ဖြစ်ပေါ်မှု သဘောကိုလည်း စဉ်းစားတွေးခေါ်၍ လက်ခံ ယုံကြည်ခဲ့လေသည်။

မိုနာ့ဒ်များမှာ မိမိတို့ အချင်းချင်း ဆက်ဆံ နှီးနှောခွင့်သော်လည်းကောင်း၊ အပြန်အလှန် ကျေးဇူးပြုမှုသော်လည်းကောင်း၊ အချင်းချင်း ပြုပြင် ဖန်တီးမှုသော်

http://www.cherrythitsar.org


လည်းကောင်း မပြုနိုင်ဘဲ ၎င်းတို့ အားလုံးကို ဘုရားသခင်ကသာ ပြုပြင် ဖန်တီးနိုင်ခွင့်ရှိသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ရှေ့စာမျက်နှာများတွင် ဖော်ပြခဲ့ပြီးသကဲ့သို့ မိုနာ့ဒ်များမှာ ဝင်ပေါက် မရှိသည် ဖြစ်ရကား မိုနာ့ဒ်တစ်ခုကို ဘုရားသခင်က ပြုပြင် ဖန်တီးလိုက်စဉ်က မပါဝင်ခဲ့သော အခြေအနေများသည် နောင်သောအခါမှာ ပါဝင် ဖြစ်ပေါ်လာခြင်းလည်း မရှိ။

ဘုရားသခင် ဖန်တီးစဉ်ကပင် အားလုံး 'လိုသမျှ' မိုနာ့ဒ်ထဲတွင် ထည့်သွင်းပြီး ဖြစ်သည်။

## ကြိုတင်ဖန်ဆင်းသော ရုပ်–စိတ် ဆက်ဆံရေး သဘောတရား

အထက်ပါ သဘောတရားကို အမှီပြု၍ လိုင်ဗနိက ရုပ်နှင့်နာမ် (ကိုယ်နှင့်စိတ်) အပြန်အလှန် ဆက်ဆံမှု သဘောတရားကို အောက်ပါအတိုင်း အဖြေပေးခဲ့သည်။

ဒေးကားနှင့် စပင်နိုဇာတို့က စိတ်နှင့်ရုပ် ဆက်ဆံရေးသဘော၌ အယူအဆကွဲပြားခြားနား၍ တစ်ဦးလျှင် တစ်မျိုးကျ တင်ပြသွားခဲ့ကြကြောင်း တွေ့ပြီးခဲ့လေပြီ။

ယခု လိုင်ဗနိကမူ စိတ်နှင့်ရုပ်တို့သည် တစ်ခုကိုတစ်ခု မိမိတို့ သဘောအလျောက် အပြန်အလှန် ဆက်ဆံနိုင်သည် မဟုတ်၊ ဆက်ဆံရန်လည်း အကြောင်းမရှိချေ။ အဘယ်ကြောင့်ဆိုသော် စိတ်သည် လည်းကောင်း၊ ရုပ်သည် လည်းကောင်း သီးခြားတည်နေသော မိုနာ့ဒ်များသာ ဖြစ်သောကြောင့် ဖြစ်၏။

မိုနာ့ဒ်အချင်းချင်းသည် တစ်ခုကိုတစ်ခု လွှမ်းမိုးခြင်း၊ ပြုပြင်ခြင်း မရှိနိုင်ကြောင်း အထက်က ဆိုခဲ့ပြီး ဖြစ်ပေသည်။ သို့ဆိုလျှင် လူ၏ ကိုယ်ခန္ဓာတွင် စိတ်နှင့်ရုပ်သည် တစ်ခုကို တစ်ခု ထိခိုက်လှုပ်ရှား ဖြစ်ပေါ်နေကြသည်မှာ အဘယ်ကြောင့်နည်း။ ဤမေးခွန်းကို မေးအပ်ပေသည်။

ဤမေးခွန်းအတွက် လိုင်ဗနိသည် အဖြေပေးနိုင်ခဲ့၏။ လိုင်ဗနိ အလိုအားဖြင့် မိနာ့ဒ်တို့သည် အပြည့်အစုံ ဖန်ဆင်းထားသော အရာများ ဖြစ်၍ စိတ်နှင့် ရုပ်လှုပ်ရှား ဖြစ်ပေါ်မှုများမှာ သူတို့ဘာသာ သူတို့ အပြန်အလှန် လှုပ်ရှားကြခြင်း မဟုတ်၊ ဤအချိန်ကျလျှင် ဤသို့ ဖြစ်ရမည်။ ဤသို့ လှုပ်ရှား ဖြစ်ပေါ်ရမည်ဟု ရေးကပင်လျှင် ဘုရားသခင်က ကြိုတင် ဖန်ဆင်းထားခြင်းကြောင့်သာ ဖြစ်သည်ဟု ဆိုသည်။

ဥပမာ စာရေးသူသည် အဘယ်ကြောင့် ဤအချိန်တွင် ဤစာကို ရေးရ

http://www.cherrythitsar.org


သနည်း။ ဤအချိန်တွင် ဤစကားကို အဘယ်ကြောင့် ဆိုရသနည်း ဟူမူ စာရေးသူ (မိုနာ့ဒ်) အား ဘုရားသခင် ဖန်ဆင်းစဉ်က ဤအချိန်တွင် ဤသို့ ပြုမူရမည်ဟု ကြိုတင် ဖန်ဆင်းထားသောကြောင့် ဖြစ်သည်ဟု လိုင်ဗနိက ယူဆလေသည်။

သူ၏ ထင်ရှားသော ဥပမာမှာကား တိုင်ကပ်နာရီနှစ်လုံးကို နာရီဆရာက ကြိုတင်၍ စီမံထားမှုကြောင့် အကြင် အချိန်သို့ ရောက်သောအခါ တစ်ပြိုင်နက် ၁၂ နာရီ ထိုး၏။ ထိုသို့ တစ်ပြိုင်နက် ၁၂ ချက် မြည်သော နာရီ တစ်ခုသည် တစ်ခုကိုတစ်ခု အပြန်အလှန် ကျေးဇူးပြုကြသောကြောင့် မဟုတ်မူ၍ ကြားမှ နာရီဆရာ၏ ကြိုတင်ဖန်တီးထားသော အဆင်ပြေစွာ ဖြစ်ပေါ်မှုကြောင့်သာ ဖြစ်၏။

သို့ဖြင့် ရုပ်နှင့် နာမ် ဆက်ဆံရေး သဘောကိုလည်း လိုင်ဗနိက ဘုရားသခင်၏ ကြိုတင်ဖန်ဆင်းထားသော အဆင်ပြေစွာ ဖြစ်ပေါ်မှု သဘောတရားအဖြစ် ရှင်းပြခဲ့လေသည်။

ဤလောက၌ ရှိရှိသမျှ အရာဝတ္ထုများသည် မိုနာ့ဒ်များသာ ဖြစ်ကြကုန်သည်ဟု လိုင်ဗနိ ရှုမြင်ခဲ့လေသည်။ လူသည် လည်းကောင်း၊ အခြား သက်ရှိ ရုပ် သက်မဲ့ ရုပ် အလုံးစုံသည် လည်းကောင်း မိုနာ့ဒ်များ ဖြစ်ကြကုန်သည်။

သို့ဆိုလျှင် အသိစိတ်ဟူသည် ဤကမ္ဘာ၌ အဘယ်သို့ ရှိသနည်း။ မိုနာ့ဒ်များသည် အားလုံး အတူတူဟု ဆိုလျှင် ကျောက်တုံးတွင် လူမှာကဲ့သို့ စိတ်ရှိသလောဟု မေးဖွယ် ဖြစ်ချေပြီ။ လိုင်ဗနိကမူ ဤအမေးအတွက် မတုန်လှုပ်ချေ။

လောကရှိ ကျောက်တုံးအပါအဝင် အရာခပ်သိမ်းမှာ စိတ် (ဝိညာဉ်) ရှိသည်။ သို့သော် ကျောက်ခဲစိတ်နှင့် လူစိတ်၏ အသိဉာဏ် (အလင်း) အဆင့်ချင်း မတူသည်သာ ဖြစ်၏။

ဤနေရာ၌ ဒေးကားက စိတ်၏ သဘောမှာ သိခြင်း ဖြစ်၍ ရုပ်၏ သဘောမှာ ပမာဏ ရှိခြင်းဟု ဆိုခဲ့သဖြင့် လူတို့က ဤအမြင်ကို လက်ခံခဲ့ကြသည်။

သို့ရာတွင် လိုင်ဗနိက ဤသို့ မယူ။ အရာဝတ္ထု အားလုံး၏ အခြေခံတရားမှာ 'အင်အားစု' များသာ ဖြစ်သည်။ အင်အားစုဆိုသည်မှာ ဒဗ္ဗ မရှိ၊ ဝိညာဉ် သဘောသာ ဖြစ်သည်ဖြစ်၍ အားလုံးမှာ စိတ်ရှိသည်ဟု သူ မြင်သည်။

ဤနေရာ၌ လိုင်ဗနိသည် ရှေးက စိတ်နှင့် ရုပ် (ရူပဗေဒနှင့် စိတ္တဗေဒ) ခွဲခြားမှု (ဒွိတ္တဝါဒ)ကို ကျော်လွန်၍ စိတ်ရုပ်တို့၏ စဉ်ဆက် ဖြစ်ပေါ်နိုင်ပုံကို ဖော်ထုတ်ခဲ့လေသည်။ လိုင်ဗနိက စိတ်တွင် အာရုံခံအသိများ အဆင့်ဆင့် ရှိသည်ဟု ဆိုသည်။ ဤသို့ အဆင့်ဆင့် ဖြစ်နေရခြင်းမှာ အာရုံခံအသိတွင် တစ်ခုနှင့်တစ်ခု တစ်ယောက်နှင့် တစ်ယောက် အကြည်ဓာတ်ချင်း၊ အလင်းဓာတ်ချင်း မတူရကား

http://www.cherrythitsar.org


ကွဲပြားမှု ရှိသည်။

မိုနာ့ဒ် တစ်ခုသည် အခြား မိုနာ့ဒ် တစ်ခုနှင့် အသိပညာချင်း မတူ၊ ကွဲပြားမှု ရှိပေသည်။ လူ၏ အသိစိတ်ပင်လျှင် အာရုံခံ အသိအရာ၌ အဆင့်အတန်းခြင်း မတူကြချေ။ အကြည်ဓာတ်ချင်း၊ ပြတ်သားသော စိတ်ခြင်းမှာ မတူကြချေ။

အရာဝတ္ထု တစ်ခုကို အာရုံနှင့် ထိတွေ့ ရှုမြင်ကြရာ၌ တစ်စုံတစ်ဦး၏ အသိစိတ်၌ ပြတ်ပြတ်သားသား မြင်ခြင်း၊ ပြတ်ပြတ်သားသား နားလည်ခြင်းနှင့် ကွဲကွဲပြားပြား မမြင်၊ မှုန်ဝါးဝါး အမြင်ဟူ၍ အဆင့်ကွဲနေတတ်သည်။ ဤကဲ့သို့ အကြည်စိတ်ဓာတ်ခြင်း အဆင့်အတန်း ကွဲမှုကို လိုက်ပြီး မိုနာ့ဒ်များ၏ အဆင့်အတန်းခြင်း ကွဲပြားကြရသည်။

အောက်ဆုံးအလွှာရှိ အနိမ့်ဆုံး မိုနာ့ဒ်သည် ဘာကိုမျှ သဲသဲကွဲကွဲ မမြင်နိုင်ချေ။ ဤအဆင့်၌ ရှိတတ်သော အသိဉာဏ်အဆင့်မှာ ပမာပုံပြရလျှင် အိပ်နေစဉ်၊ မိန်းမူးနေစဉ် အသိမျိုးသာ ဖြစ်သည်။ ဤအသိအဆင့်မျိုး လွှမ်းမိုးရာ ဘဝကို ရှာကြည့်လျှင် သစ်ပင် ပန်းမာလ်များ ဘဝ၌ တွေ့ရတတ်လေသည်။

တိရစ္ဆာန်များဘဝတွင်ကား ပြန်လည်သတိရ အောင့်မေ့နိုင်သော အသိပညာအဆင့်မျိုး ဉာဏ်အလင်းမျိုး ရှိသည်။

လူမှာမူကား အရာရာကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား မြင်နိုင်သော အသိဉာဏ် ရှိပေသည်။ ဤအသိသည် အတွင်းစိတ်က တုန့်ပြန်ထင်ဟပ် သိမြင်နိုင်သော အသိပညာမျိုး (Apperception) ဖြစ်သည် ဟူ၍ လိုင်ဗနိသည် သူ၏ သိမှုဗေဒ ဆိုင်ရာ သီဝရီတွင် ဖော်ပြခဲ့သည်။

ထို့ကြောင့် လိုင်ဗနိက မိုနာ့ဒ်မှန်သမျှတွင် အာရုံခံအသိမျိုး ရှိကြသည်။ ယင်းအသိဖြင့် စကြာဝဠာ တစ်ခုလုံးကို ကိုယ်စားပြု၍ ထုတ်ဖော်တင်ပြနိုင်ခြင်း ရှိသည်ဟူ၍လည်း လိုင်ဗနိ ယုံကြည်ခဲ့ပေသည်။

တစ်နည်း မိုနာ့ဒ်သည် ရှင်သန် လှုပ်ရှားနေသော သက်ရှိ ကြေးမုံပြင် (Living Mirror) ဖြစ်သည်ဟု ဆိုခြင်း ဖြစ်သည်။ သို့ရာတွင် မိုနာ့ဒ်တစ်ခုသည် လောကကြီးကို ကိုယ်နည်းနှင့်ကိုယ် ထင်ဟပ်သိမြင် တင်ပြကြခြင်းသာ ဖြစ်သည်ဟုလည်း ရှုမြင်သည်။ မိုနာ့ဒ်တစ်ခုသည် အသိအမြင်အရာ၌ ပို၍ ကြည်လင် ပြတ်သားလျှင် ယင်းမိုနာ့ဒ်သည် ပို၍ အဆင့်မြင့်သည်။ ဉာဏ်စဉ် အမြင့်ဆုံး မိုနာ့ဒ်သည် အဆင့်အမြင့်ဆုံး မိုနာ့ဒ် ဖြစ်လေသည်။

ဤကား လိုင်ဗနိဝါဒ အကျဉ်း ဖြစ်ပေသည်။

* * *

http://www.cherrythitsar.org

၁၇–ရာစုခေတ်

# အတွေ့အကြုံ အဓိက ဝါဒဂိုဏ်း

(၁) ဂျွန်လော့(က)

(၂) ဂျော့၊ ဘာကလေ

(၃) ဒေးဗစ်ဟယူမ်း

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ဂျွန်လော့(က)

## ဂျွန်လော့(က) (၁၆၃၂–၁၇၀၄)

ကမ္ဘာ့တွေးခေါ်မှုသမိုင်း၌ ခေတ်သစ် အတွေးအမြင်များ၏ ဒုတိယကဏ္ဍကို ဖွင့်လှစ်ပေးခဲ့သူမှာ ဂျွန်လော့(က) ခေါ်သည့် ဗြိတိသျှ တွေးခေါ်ရှင်ကြီး ဖြစ်သည်။ ဥရောပတိုက်တွင် အတွေးအခေါ်နှင့် ပတ်သက်သော အယူအဆ နှစ်မျိုး ရှိခဲ့သည်။ ၎င်းတို့မှာ–

၁။ ဆင်ခြင်ခြင်း အဓိကဝါဒနှင့်

၂။ အတွေ့အကြုံ အဓိကဝါဒ

များ ဖြစ်ကြသည်။ ဆင်ခြင်ခြင်း အဓိကဝါဒကို စတင်ခဲ့သော ပုဂ္ဂိုလ်မှာ ပြင်သစ်တွေးခေါ်ရှင်ကြီး ဒေးကား ဖြစ်၍ အတွေ့အကြုံ အဓိကဝါဒကို စတင်ခဲ့သူမှာ ဘေကွန် ဖြစ်၍ ထင်ပေါ်အောင် လုပ်ပေးခဲ့သူမှာ ဂျွန်လော့(က) ဖြစ်သည်။

ဂျွန်လော့(က) သည် အင်္ဂလန်ပြည်သား ဖြစ်၍ ၁၆၃၂ ခုနှစ်တွင် ဖွားမြင်သည်။ ထိုစဉ်က အင်္ဂလန်ပြည်တွင် နိုင်ငံရေးအရ ပါလီမန်ဘက်တော်သားများနှင့် ဘုရင့်ဘက်တော်သားများ ပဋိပက္ခ ဖြစ်နေသောအချိန် ဖြစ်ပေသည်။ အောက်စဖို့(ဒ) တက္ကသိုလ်ကို ရောက်လာသောအခါတွင် အောက်စဖို့(ဒ) တက္ကသိုလ်သည် ဘာသာရေး အယူဝါဒများ လွှမ်းမိုးနေသည်ကို လော့(က) တွေ့ရသည်။ လော့(က) ငယ်စဉ်က ပညာသင်ကြားရေးတွင် လော့(ဒ်)ရှက်ဖရီက ထောက်ပံ့ပေးခဲ့သည်။ လော့(က) သည် နိုင်ငံရေးတွင် ဘုရင့်အတိုက်အခံသမားများ ဖြစ်သော ပါလီမန်ဘက်တော်သားများကို ထောက်ခံခဲ့သည်။ ဘာသာရေးအရဆိုလျှင် လော့(က)သည် အလယ်ခေတ် ခရစ်ယာန် အယူဝါဒကိုလည်း မနှစ်သက်ခဲ့ချေ။

http://www.cherrythitsar.org


ထိုအချိန်ကဆိုလျှင် ဥရောပတစ်ခွင်၌ သိပ္ပံပညာရှင်ကြီး နယူတန်၏ ရူပဗေဒ သဘောတရားများက လွှမ်းမိုးနေလေသည်။ လော့(က)သည် နယူတန်နှင့် ရင်းနှီးသူ တစ်ဦး ဖြစ်ရကား ရုပ်လောကရှိ အရာဝတ္ထု အဖြစ်အပျက် အခြင်းအရာ မှန်သမျှကို လူ၏ အာရုံအတွေ့အကြုံများအရ သိနိုင်သည် ဟူသော အချက်ကို ယူ၍ သူ၏ တွေးခေါ် မြော်မြင်ရေးသဘောတရားတွင် သိမှုဗေဒ၏ အခြေခံအဖြစ် ထည့်သွင်းလာ ခဲ့ပေသည်။

လော့(က)သည် ၁၆၈၃ ခုနှစ်တွင် နိုင်ငံရေး အပြောင်းအလဲများကြောင့် လော့(ဒ်)ရှက်ဖရီနှင့်အတူ ဟော်လန် နိုင်ငံသို့ ထွက်ပြေးခဲ့လေသည်။

၁၆၈၈ ခုနှစ်တွင် အင်္ဂလန်ပြည်၌ သွေးကင်းတော်လှန်ရေး ဖြစ်သည်။ ထို အချိန် မတိုင်မီ နှစ်များအတွင်း လော့(က)သည် 'လူ၏ အသိဉာဏ် ဖြစ်ပေါ်ပုံ စာတမ်း' ခေါ် ကျမ်းကို ပြုစုသည်။ ဤကျမ်းတွင် တွေးခေါ် မြော်မြင်ရေး သဘော တရားနှင့် နိုင်ငံရေးတို့ကို ဆက်စပ် တင်ပြခဲ့သည်။ သူ၏ အတွေးအခေါ် သဘော တရားများသည် ဥရောပ တစ်ခွင်တွင်သာမက အမေရိကန်နိုင်ငံတို့အထိ ဩဇာ လွှမ်းမိုးမှု ရှိခဲ့လေသည်။

## လော့(က)၏ သိမှုဗေဒဆိုင်ရာ သဘောတရား

ဥရောပတိုက်တွင် လော့(က) မတိုင်မီက အထင်အရှား ပေါ်ပေါက်ခဲ့သော အတွေးအခေါ်ဂိုဏ်း တစ်ခုမှာ **'ဆင်ခြင်မှု အဓိက ဝါဒီတို့၏ ဂိုဏ်း'** ဖြစ်သည်။ ဤဂိုဏ်းခေါင်းဆောင်မှာ ဒေးကား ဖြစ်သည်။

ဆင်ခြင်မှု အဓိက ဝါဒီတို့သည် အသိပညာ၏ အခြေခံမှာ ဆင်ခြင်စဉ်းစားမှု ဖြစ်သည်ဟု ယူဆသည်။ ၎င်းတို့သည် ဆင်ခြင်စဉ်းစားရာ၌ သင်္ချာမှ ပုံသေ ဆင်ခြင် နည်းကို အသုံးပြု၍ စဉ်းစားခဲ့ကြသည်။

လော့(က)သည် အသိပညာ၏ အခြေခံမှာ ဆင်ခြင်မှုမဟုတ်၊ အတွေ့အကြုံ သာ ဖြစ်သည်ဟု ယူဆခဲ့သူ ဖြစ်၏ အတွေ့အကြုံကို အခြေတည်၍ သာလျှင် မှန်ကန်သော အသိပညာကို ရရှိနိုင်သည်ဟု ဆိုရာ၌ လော့(က)သည် ထိုစဉ်က သိပ္ပံပညာတွင် အသုံးပြုသော **ခြုံယူဆင်ခြင်နည်း**ကို အသုံးပြုလေသည်။ တစ်နည်းဆို သော် မှန်ကန်သော အသိပညာကို ဒေးကား ဟောကြားခဲ့သကဲ့သို့ မွေးဗီဇပါ ဝိဉာဏ သဘောတရားများဖြင့် မရနိုင်၊ တကယ့်ဘဝထဲမှ ရလာသော အတွေ့အကြုံ များကို အခြေခံ၍သာ ရနိုင်သည်ဟု ဖော်ပြခဲ့လေသည်။

http://www.cherrythitsar.org


'စိတ်'သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း၊ ထာဝရ အခြေခံဝတ္ထုများ အဖြစ် တည်ရှိနေကြသည်။ သို့ရာတွင် စိတ်သည် ဒေးကား ယူဆခဲ့သလို မွေးကတည်းက ဗီဇအသိဉာဏ်၊ ဝိညာဉ်သဘောများဖြင့် ပြည့်နှက်နေသည် မဟုတ်။

လူ၏ စိတ်သည် မွေးဖွားစဉ် ခဏ၌ တစ်စုံတစ်ရာ အမှတ်အသား မထင်သေးသော ကျောက်သင်ပုန်းကဲ့သို့ ပြောင်ချော တစ်ခု ဖြစ်သည်။

စိတ်ထဲတွင် ဘာမျှ မရှိ၊ ဘာမျှ ပါမလာ၊ ပကတိ ဗလာနတ္ထိသာ ဖြစ်၏။ သို့သော် လောကအဖြစ်အပျက် အခြင်းအရာနှင့် လူ၏ အာရုံပေါက်တို့ ထိတွေ့သော အတွေ့အကြုံမှစ၍ လူ့စိတ်ထဲတွင် အမှတ်သညာများ ဖြစ်ပေါ်လာသည်ဟုသာ သူ ယုံကြည်လေသည်။ အတွေ့အကြုံ မရှိဘဲနှင့် လူသည် မည်သည့်အရာကိုမျှ မသိနိုင်၊ အတွေ့အကြုံသည်သာလျှင် မှန်ကန်သော အသိပညာ၏ ပဓာန အခြေခံ အကြောင်းတရား ဖြစ်ပေတော့သည်။

ဤနေရာ၌ အတွေ့အကြုံ ဟူသည် အဘယ်နည်းဟု ခွဲခွဲခြားခြား သိအပ်ပေသည်။

လော့(က)၏ အလိုအရ အတွေ့အကြုံဟူသည် **အာရုံခံစားမှုများမှ တစ်ဆင့် သိသော၊ အာရုံသိကိုပင် ဆိုလိုပေသည်။** ရှေးက ဆိုလျှင် အတွေ့အကြုံ မရှိဘဲနှင့်လည်း သိနိုင်သည်ဟူသော တွေ့ကြုံ ရှေ့ဖြစ် အသိပညာကိုလည်း လက်ခံခဲ့ကြ၏။ ယခု လော့(က) လက်ထက်တွင်ကား တွေ့ကြုံ မှု ရှိပြီးမှ ဖြစ်သော အသိပညာကိုသာ လက်ခံခဲ့၏။ လော့(က)သည် တစ်နည်းအားဖြင့် သူ၏ သိမှုဗေဒတွင် အာရုံသိကို အခြေခံထားသည်ဟုလည်း ဆိုနိုင်သည်။

## အာရုံသိသည် ဘယ်သို့ ဖြစ်ပေါ်သနည်း

ပြင်ပရုပ်လောကရှိ အရာဝတ္ထု အဖြစ်အပျက်များနှင့် အာရုံပေါက်တို့ ထိတွေ့သောအခါ အာရုံခံစားမှုများ ဖြစ်ပေါ်လာသည်။ ထိုအာရုံခံစားမှုများမှာ 'အသိ'မဟုတ်သေးပေ။ အာရုံခံစားမှု သက်သက်မျှသာ ဖြစ်၏။ ထိုအာရုံခံစားမှုကို စိတ်က သတိကပ်၍ ထင်ဟပ်လိုက်သောအခါမှသာ လူသည် အဖြူအနီ ကွဲ၍ သိလာသည်။ ဤတွင် တစ်စုံတစ်ခုသော အရာကို တွေ့မြင်သောအခါ အာရုံခံစားမှု ရှိပြီး ထိုအာရုံခံစားမှုကို လူ့စိတ်က ထင်ဟပ်ရာ၌ ရှေးက မြင်ဖူးသော အလားတူသဘောရှိသည့် အသိနှင့် ပေါင်းစပ်ပေးခြင်းအားဖြင့်လည်း စိတ်ထဲတွင် ထိုအရာကို သိနိုင်ပေသည်။ ဤကား လော့(က)၏ အာရုံသိသဘောပင် ဖြစ်၏။

http://www.cherrythitsar.org


အာရုံသိအားဖြင့် သိလာသော အသိသည် သာမန်အသိများသာ ဖြစ်ကြသည်။ ဥဒါဟရဏ်အားဖြင့် လူ၏ အာရုံသိတွင် ထင်မြင်သိရှိလာသော အဖြူ၊ အနီ၊ အနိမ့် အမြင့် လှုပ်ရှားမှု တည်ငြိမ်မှု စသည့် သဘောများသည် သာမန်အသိများ ဖြစ်ကြသည်။ ထိုသာမန် အသိများကို လူ၏ အာရုံပေါက် တစ်ခုတည်း ဖြစ်စေ အာရုံပေါက် နှစ်ခုမှ တစ်ပြိုင်နက်တည်း ဖြစ်စေ တွေ့ထိခံစား သိမြင်နိုင်သည်ဟုလည်း လော့(က) ယူဆလေသည်။

ဆိုခဲ့ပြီးသော အသိများထက် ပိုမို ရှုတ်ထွေး နက်နဲသော အသိများမှာ ထာဝရ အခြေခံသဘောနှင့် ထိုထာဝရ အခြေခံပေါ်တွင် မှီနေကြသော ဂုဏ်သတ္တိများနှင့် စပ်ဆိုင်သော အသိပညာများ ဖြစ်ကြသည်။

## လော့(က)၏ ကိုယ်စားပြုဝါဒ

လော့(က)သည် ရုပ်လောကကို အရှိတရားအဖြစ် လက်ခံသည်။ ရုပ်ဝတ္ထုများ တကယ်ရှိသည်ဟု ယုံကြည်သည်။ ရုပ်သဘောသည် ထာဝရအခြေခံတရားလည်း ဖြစ်သည်။ ထိုနည်းတူစွာ စိတ်ကိုလည်း ထာဝရအခြေခံတရား ဖြစ်သည် ဟူ၍ လော့(က) ယူဆသည်။ ၎င်း၏ တွေးခေါ် မြော်မြင်ရေး သဘောတရား၌ **စိတ်နှင့် ရုပ် ဆက်သွယ်ပုံကို ရှင်းပြသည့် သဘောကို ကိုယ်စားပြုဝါဒ** ဟုခေါ်ကြသည်။

လော့(က)သည် စိတ်ကို လည်းကောင်း၊ ရုပ်ကို လည်းကောင်း ထာဝရ အခြေခံတရားများ ဖြစ်ကြသည်ဟု ယူဆသဖြင့် ၎င်းအား ဒွိတ္တ (Dualist) ဝါဒီ ဟုလည်း ခေါ်ကြသည်။ ဒွိတ္တဝါဒီ ဆိုသည်မှာ ထာဝရ အမှန်တရားသည် တစ်ခုတည်း မဟုတ်၊ နှစ်ခု ရှိသည်ဟု ယူဆသူကို ဆိုလိုသည်။

ရုပ်တရားနှင့် ဝိညာဉ် (စိတ်)တရား ဆက်သွယ်ပုံကို ရှင်းပြရာ၌ လော့(က) က ရုပ်လောကရှိ အရာဝတ္ထု အဖြစ်အပျက်များနှင့် လူ၏ အာရုံပေါက်များ ထိတွေ့သောအခါ လူတွင် အာရုံခံစားမှုများ ဖြစ်လာကြသည်။ လူ၏ စိတ်သည် ရုပ်လောကကို သိသည် ဆိုရာ၌ ရုပ်လောက၏ အနှစ်သာရသဘော အတွင်းအဇ္ဈတ္တ သဏ္ဌာန်ကို စိတ်က သိသည် မဟုတ်၊ ရုပ်ထာဝရ အခြေခံပေါ်တွင် တည်မှီနေရသော ဂုဏ်သတ္တိများကိုသာ သိခြင်း ဖြစ်သည်ဟု ဆိုသည်။ အာရုံခံစားမှုများမှာလည်း အဆိုပါ ဂုဏ်ရည်များသာ ဖြစ်သည်။ ဥပမာ စားပွဲကို သုသည်ဆိုရာ၌ လူ၏ အာရုံတွင် စားပွဲ၏ ရုပ်အခြေခံသဘောသည် ပေါ်လာသည် မဟုတ်၊ စားပွဲရှိ အရောင် အဆင်း၊ အကျယ်အဝန်း၊ ထုထည်ပမာဏ၊ အလေးချိန် စသည့်

http://www.cherrythitsar.org


ဂုဏ်အရည်များကို သိခြင်းသာ ဖြစ်သည်။ စိတ်သည် ထိုဂုဏ်ရည်များက လွဲ၍ မည်သည့်အရာများကိုမျှ ကျော်လွန်၍ မသိနိုင်ပေ။ ဤသို့ ဖြစ်ရခြင်းမှာ အာရုံနှင့် အရာဝတ္ထု၊ အဖြစ်အပျက်များ ထိတွေ့သောအခါ အရာဝတ္ထု အဖြစ်အပျက်များ၏ အနှစ်သာရ ဖြစ်သော ထာဝရအခြေခံသဘောသည် အာရုံတွင် ပေါ်လာသည် မဟုတ်၊ ထိုထာဝရအခြေခံပေါ်တွင် တည်နေကြကုန်သော ဆိုခဲ့ပြီး ဂုဏ်ရည်များ ကသာ ထာဝရအခြေခံသဘောကို ကိုယ်စားပြု၍ ဖော်ပြနေသောကြောင့် လူ့စိတ်သည် ထိုဂုဏ်ရည်များ (ဝါ) နာမ်သဘောများကိုသာ သိခွင့်ရပေသည်။ ဤသည်ကိုပင် လော့(က)၏ ကိုယ်စားပြု ဝါဒဟု ခေါ်သည်။

လော့(က) အတွေးအမြင်တွင် ဂုဏ်ရည်များကို နှစ်မျိုး နှစ်စား ခွဲခြားဖော်ပြခဲ့လေသည်။ ၎င်းတို့မှာ သာမည ဂုဏ်ရည်နှင့် ပဓာန ဂုဏ်ရည်တို့ ဖြစ်ကြသည်။

သာမည ဂုဏ်ရည်ဆိုသည်မှာ သိသူနှင့် တသီးတခြား သူ့ဘာသာသူ ပကတိအတိုင်း တည်နေနိုင်ခြင်း မရှိဘဲ လူ့စိတ်နှင့် ဆက်စပ်နေသော ဂုဏ်ရည်မျိုးကို ခေါ်ပေသည်။ ဥပမာ အဖြူ၊ အနီ စသော အရောင်များ၊ အချို အချဉ် စသော အရသာများမှာ သာမည ဂုဏ်ရည်များ ဖြစ်ကြလေသည်။ သာမည ဂုဏ်ရည်များကို မိမိအလိုအရ ပြောင်းလဲလိုက်သော်လည်း အရာဝတ္ထုတစ်ခုသည် အခြေခံအားဖြင့် ပြောင်းလဲသွားခြင်း မရှိပေ။ ထိုကဲ့သို့ ဖောက်ပြန်လွယ်၍ လူ၏ ဆန္ဒလိုရာသို့ လိုက်၍ ပြောင်းလဲနေသော ဂုဏ်သတ္တိမျိုးသည် သာမညဂုဏ်သတ္တိများ ဖြစ်သည်။

ပဓာနဂုဏ်ရည် ( Primary Quality )ဆိုသည်မှာ အရာဝတ္ထုတို့၏ အနှစ်သာရ သဘောပင် ဖြစ်သည်။ ဤဂုဏ်များသည် သိသူနှင့် တသီးတခြား ဖြစ်၍ ဝတ္ထုပင်ကိုယ်၌ တည်နေသော ဂုဏ်ရည်များ ဖြစ်၏။ ပဓာနဂုဏ်ရည် မရှိပါက မည်သည့် အရာဝတ္ထုမျှ မရှိနိုင်ပေ။ ပဓာနဂုဏ်ရည်သည် ပြောင်းလဲ ပျက်စီးခြင်း မရှိ၊ ပဓာနဂုဏ်ပြောင်းလျှင် အရာဝတ္ထု၏ ပင်ကိုယ်သဘာဝလည်း ပြောင်းသွားနိုင်ပေသည်ဟု လော့(က)က ယုံကြည်ခဲ့လေသည်။ ၎င်းဂုဏ်ရည်များမှာ ဥပမာ အရေအတွက်၊ ပုံပန်းသဏ္ဍာန် အတိုင်းအဆ ပမာဏ၊ လှုပ်ရှားမှု၊ တည်ငြိမ်မှု စသည်တို့ ဖြစ်၏။

လော့(က)၏ သိမှုဗေဒတွင် လူသည် အရာဝတ္ထု တစ်ခုကို သိသည်ဆိုရာ၌ ထိုအရာဝတ္ထု၏ အနှစ်သာရ ဖြစ်သော ထာဝရအခြေခံ သဘောကို သိရသည် မဟုတ်၊ ၎င်း၏ သာမညနှင့် ပဓာနဂုဏ်ရည်များကို သိရခြင်းသာ ဖြစ်သည်ဟု ယူဆလေသည်။

ကျွန်ုပ်တို့သည် အဆိုပါ သာမညဂုဏ်နှင့် ပဓာနဂုဏ်ရည်တို့ကို ကျော်လွန်၍

http://www.cherrythitsar.org



၍ ထာဝရအခြေခံ သဘောကိုကား သိလည်းမသိ သိလည်းမသိနိုင် ဟူ၍ လော့(က) ဆိုလေသည်။

လော့(က)၏ အတွေးအမြင်တွင် ပါရှိသော ချွတ်ယွင်းချက်များကို သူ့အား ဆက်ခံသူ ဗြိတိသျှတွေးခေါ်ရှင် ဘာကလေက ဝေဖန်သုံးသပ်ခဲ့လေသည်။ ဘာကလေ ၏ ဝေဖန်ချက်များကို နောက်အခန်းတွင် ဆက်လက် လေ့လာကြရပေမည်။

## ကိုယ်ကျင့်တရားအမြင်

အတွေ့အကြုံဘဝကို အခြေစိုက်သော သူ၏ လောကအမြင်များနှင့် လိုက်ဖက်ညီသော ကိုယ်ကျင့်တရားဝါဒကို လော့(က) ချမှတ်ခဲ့လေသည်။ သူ၏ ကိုယ်ကျင့်တရား အယူအဆများမှာ အတ္တကို အခြေခံသော ပုဂ္ဂလိက ချမ်းသာရေးဝါဒ (ဝါ) အတ္တသုခံဝါဒ ဖြစ်နိုင်ပေသည်။

သူသည် မွေးကတည်းက ဗီဇအသိဉာဏ် သဘောများပါသည် ဟူသော အမြင်ကို ပယ်ခဲ့သကဲ့သို့ ကောင်းမှု၊ ဆိုးမှု၊ အကုသိုလ်၊ ကုသိုလ် စသည်တို့သည် မွေးကတည်းက ပါလာသည်ဟု မယူဆချေ။

ကောင်းမှု၊ ဆိုးမှု၊ ကုသလကမ္မ၊ အကုလကမ္မ စသည်တို့သည် ဘဝ အတွေ့အကြုံများထဲကသာ ရလာသည်ဟု သူ ယုံကြည်လေသည်။

လူတို့ လိုက်နာကျင့်ကြံအပ်သော ကျင့်ထုံး၊ သီလ၊ ဓလေ့ထုံးစံတို့ကို လူတို့သည် မိမိတို့၏ ပတ်ဝန်းကျင် လောက၊ လူမှုထုံးတမ်း အစဉ်အလာတို့၏ သွန်သင်မှု အားဖြင့်သာ ရရှိလာကြကုန်သည်။ လူကြီးများသည် မိမိတို့ လိုချင်သော ဓလေ့၊ ကျင့်ထုံးများကို ကလေးငယ်တို့၏ စိတ်တွင်းသို့ သွတ်သွင်းပေးခြင်းဖြင့် သူတို့ ကြီးလာသောအခါ ထိုအစဉ်အလာတို့သည် သူတို့ စိတ်တွင် စွဲမြဲနေတတ်ပေသည်။ ဤသို့ စွဲဝင်နေသည်ကိုပင် ဘုရားသခင်က ပေးလိုက်သော အသိများ ဖြစ်လေဟန် အယူ ရှိကြသည်။

ဤကား လော့(က) အမြင် ဖြစ်ချေသည်။ သို့ဆိုလျှင် ယင်းကျင့်ထုံး ဥပဒေသများ၊ ကောင်းမှု၊ မကောင်းမှု သဘောများသည် အစက ဘယ်သို့ ပေါ်ပေါက်လာကြသနည်းဟု ဆိုလျှင် လော့(က)က ယင်းသဘောတို့ကို သိအောင် သင်ပေးတတ်သော ဆရာများမှာ ချမ်းသာခြင်း (သုခ)နှင့် ဆင်းရဲခြင်း (ဒုက္ခ) များ ပင်တည်းဟု အဖြေပေးလေသည်။ လူသည် သဘာဝအလျောက် ပျော်ရွှင်ချမ်းမြေ့ခြင်းကို လိုလားသည်။ ဆင်းရဲခြင်းကို မလိုလားကြချေ။ ဤစိတ်၊ ဤဆန္ဒတို့သည် လူ၏

http://www.cherrythitsar.org


နေ့စဉ် လုပ်ငန်းဆောင်တာများ၌ လွှမ်းမိုးနေကြသည်။

လော့(က) တင်ပြခဲ့သော ကိုယ်ကျင့်တရား ပညာအမြင်များမှာ ဂရိတို့ ခေတ်က အယူရှိခဲ့သော သုခ ပဓာနဝါဒကို ခရစ်ယာန် အယူဝါဒများနှင့် ပေါင်းစပ်ထားသော အမြင်သာ ဖြစ်ပေသည်။

*       *       *

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး

ဘာကလေ

## ဘာကလေ (၁၆၈၅–၁၇၅၃)

'ဘာကလေ' (၁၆၈၅–၁၇၅၃) သည် အိုင်ယာလန်ပြည်တွင် မွေးဖွားခဲ့သည်။ 'ဒပ်ဗလင်' ရှိ 'ထရိနီတီကောလိပ်'တွင် စာပေသင်ကြားသည်။ အသက် ၁၉ နှစ်တွင် ဝိဇ္ဇာဘွဲ့ရပြီး အသက် ၂၂ နှစ်တွင် မဟာဝိဇ္ဇာဘွဲ့ရခဲ့သည်။ ဘာကလေသည် ကျောင်းနေစဉ်တွင် ဘာသာရေးနှင့် အတွေးအခေါ် မြော်မြင်ရေးပညာရပ်ကို အထူးစိတ်ဝင်စားသည်။ ၁၇၃၂ ခုတွင် သာသနာပြုဆရာ အဖြစ်ဖြင့် အမေရိကန်ပြည်သို့ သွားရောက်ခဲ့သည်။ ၁၇၃၄ ခုတွင် အင်္ဂလန်ပြည်သို့ ပြန်လာပြီး အိုင်ယာလန် တောင်ပိုင်းရှိ ကိုလုံးမြို့တွင် ခရစ်ယာန်ဂိုဏ်းအုပ်အဖြစ် ခန့်အပ်ခြင်း ခံရသည်။ သူ၏ အရေးပါသော စာပေများမှာ **'လူ၏ အသိပညာဖြစ်ပေါ်ပုံစာတမ်း'** နှင့် **'ဟိုက်လပ်နှင့် ဖီလို နိုယပ် တို့၏ ဆွေးနွေးခန်းကျမ်း'** တို့ ဖြစ်သည်။

တွေးခေါ်ရှင် တစ်ဦး အနေနှင့်ဆိုလျှင် ဘာကလေ၏ အဓိကရည်မှန်းချက်သည် ရုပ်ဝါဒကို တိုက်ဖျက်ရန်ပင် ဖြစ်သည်။ ဘာကလေ၏ ယူဆချက်အရ ရုပ်ဝါဒသည် ဘုရားမရှိ ဝါဒနှင့် သံသယဝါဒကို အထောက်အကူ ပေးနေသော ဝါဒသာ ဖြစ်သည်။ ထို့ကြောင့် ဘာသာရေးအားဖြင့် ထိုရုပ်ဝါဒကို တိုက်ခိုက်ဖျက်ဆီးရန် မိမိ တာဝန်ရှိသည်ဟု ဘာကလေက ထင်မှတ်သည်။ ဤအချိန်မှစ၍ ဘာကလေသည် ကမ္ဘာကြီးမှာ ရုပ်သဘော မဟုတ်၊ ဝိညာဏ သဘောသာ ဖြစ်ကြောင်း တင်ပြလာလေသည်။

http://www.cherrythitsar.org


## ဘာကလေနှင့် လော့(က)တို့၏ ခြားနားချက်များ

ဘာကလေသည် လော့(က)၏ အတွေ့အကြုံ အဓိကဝါဒရှိ အခြေခံအချက်များကို လက်ခံခဲ့သည်။ အသိပညာတိုင်းကို အတွေ့အကြုံမှ ရသည်။ ဆင်ခြင်ခြင်း အဓိက ဝါဒီတို့ တင်ပြသည့် ဆင်ခြင်ခြင်း သက်သက်ဖြင့် ပြင်ပလောကကြီး အကြောင်း မသိနိုင်။ 'ကိုယ်တွင်း ဗီဇ စိတ်ဓာတ်' (Innate ideas) ဟူ၍ မရှိ ဟူသော လော့(က) တင်ပြခဲ့သော အတွေ့အကြုံ အဓိက ဝါဒရှိ အခြေခံအချက်များကို ဘာကလေသည် ဆက်လက်၍ လက်ခံသည်။ သို့သော် ဘာကလေနှင့် လော့(က) တို့သည် သဘောတရား အမြင်ချင်း ကွာခြားချက် နှစ်ချက် ရှိသည်။ ၎င်းတို့မှာ–

၁။ 'ပဓာန ဂုဏ်ရည်' နှင့် 'သာမည ဂုဏ်ရည်' ဟူ၍ လော့(က) ခွဲခြားထားခြင်းကို ဘာကလေက ပယ်ဖျက်သည်။

၂။ 'ထာဝရအခြေခံသဘော'သည် 'ပဓာန ဂုဏ်ရည်' တို့ကို အထောက်အကူပြုသည်။ 'ရုပ်ထာဝရအခြေခံ' ရှိသည်။ သို့သော် ထိုရုပ်ကို သိလည်း မသိ၊ သိလည်း မသိနိုင်ဟူသော လော့(က)၏ ယူဆချက်ကို ဘာကလေက ငြင်းပယ်သည်။

ယင်းအချက် နှစ်ချက်ကို သေချာစွာ ဆန်းစစ်ကြည့်ကြပါစို့။

၁။ 'ပဓာန ဂုဏ်ရည်' နှင့် 'သာမည ဂုဏ်ရည်' တို့နှင့် ပတ်သက်သော လော့(က)၏ သီဝရီအရဆိုလျှင် အရောင်၊ အနံ့၊ အရသာ စသည့် 'သာမညဂုဏ်ရည်' တို့သည် စိတ်အပေါ်တွင် တည်သည်။ သို့ရာတွင် ထုထည်ပမာဏ၊ ပုံပန်းသဏ္ဍာန် လှုပ်ရှားခြင်းနှင့် အရေအတွက် စသည့် 'ပဓာန ဂုဏ်ရည်'တို့သည်ကား အရာဝတ္ထု ပစ္စည်းပင်ကိုယ် သဘာဝ၌ တည်ရှိသည်။ လော့(က) ဖော်ပြခဲ့သည့် အထက်ပါ ပဓာနဂုဏ်နှင့် သာမညဂုဏ်တို့ တစ်မျိုးနှင့်တစ်မျိုး ကွာခြားချက်ကို ဘာကလေက ငြင်းပယ်သည်။ သူ ဖော်ပြသည်မှာ အကယ်၍ သာမညဂုဏ်ရည်တို့သည် တွေ့သိနေသော သူမှ လွတ်ကင်းစွာ ရပ်တည်မနေနိုင်ဟု ဆိုပါလျှင် (ပဓာန ဂုဏ်ရည်)တို့သည်လည်း ပြင်ပလောကကြီးထဲ၌ ရှိနေကြ၍ တွေ့သိနေသောသူမှ လွတ်ကင်းစွာ ရပ်တည်နေသည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် (ပဓာန ဂုဏ်ရည်) တို့ကိုလည်း သာမညဂုဏ်ရည်တို့ နည်းတူပင် အာရုံခံစားချက်များအရ သိသောကြောင့် ဖြစ်ရသည်။ ထို့ပြင် 'စိတ်ပိုင်း အခြေအနေ' ပြောင်းလဲရာ၌ (ပဓာန ဂုဏ်ရည်) သည်လည်း သာမည ဂုဏ်ရည်တို့ကဲ့သို့ ပြောင်းလဲနေသည်။

http://www.cherrythitsar.org


ဥပမာ ဖြောင့်သော တုတ်တစ်ချောင်းကို ရေထဲတွင် ထိုးကြည့်လျှင် ၎င်းတုတ်သည် ကောက်ကွေးနေသည်ကို မြင်ရမည်။ ၎င်းပြင် အဆောက်အဦး တစ်ခု၏ အမြင်နှင့် ပတ်သက်၍ ပြောဆိုရာ၌လည်း ၎င်းအဆောက်အဦးနှင့် ကြည့်ရှုသူတို့၏ ကြားဝယ်ရှိသော အကွာအဝေးကို ဖော်ပြပြီးမှသာ ပြောဆိုနိုင်လေသည်။ ကြည့်ရှုသူသည် ဝေးလံသော နေရာမှ ကြည့်ရှုလျှင် ၎င်းအဆောက်အဦး၏ အမြင့်သည် မြင့်မားမှု မရှိဘဲ နေမည်ဖြစ်၍ ကြည့်ရှုသူသည် ၎င်းအဆောက်အဦး အနီးသို့ တဖြေးဖြေး ကပ်သွားသောအခါ ၎င်းအဆောက်အဦး၏ အမြင့်သည်လည်း တဖြေးဖြေး မြင့်လာမည် ဖြစ်၏။ (ပဓာန ဂုဏ်ရည်) တို့သည် အရသာ အရောင်စသည့် (သာမည ဂုဏ်ရည်) တို့ နည်းတူပင် သိတွေ့နေသူနှင့် ဆက်သွယ်မှု ရှိရုံမျှမက သိတွေ့ နေသူ၏ စိတ်အပေါ်၌လည်း တည်နေသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် ပဓာနဂုဏ်ရည်များ ဖြစ်သော ပုံပန်းသဏ္ဌာန်၊ အမြင့် စသည်တို့သည်လည်း သာမည ဂုဏ်ရည်များ နည်းတူ လော့(က) ပြောသကဲ့သို့ အရာဝတ္ထုနှင့် အစဉ်အမြဲ မကွဲမကွာ ရှိသည် မဟုတ်ဘဲ စိတ်၏ အပေါ်ဝယ် တည်နေသည်။ သို့ဖြစ်ရာ ဘာကလေ အလိုအရ ပဓာနဂုဏ်ရည်နှင့် သာမည ဂုဏ်ရည်တို့၏ အကြားတွင် ခြားနားမှု မရှိချေ။

၂။ 'မသိနိုင်သည့်' ရုပ်ထာဝရ အခြေခံကို ထည့်သွင်း ဖော်ပြခြင်းသည် ပင် လော့(က) အတွေးအခေါ်၌ ချို့ယွင်းချက်ကြီး တစ်ရပ် ဖြစ်ကြောင်း ထင်ရှားပေသည်။

လော့(က) အတွေးအမြင်၌ သိမှုဗေဒ အခြေခံသဘောမှာ အတွေ့အကြုံဖြစ်၍ အတွေ့အကြုံအားဖြင့် အရာဝတ္ထုများကို သိနိုင်ကြောင်း ဖော်ပြခဲ့သည်။ သို့ရာတွင် ရုပ်ထာဝရ အခြေခံကိုမူကား သိလည်းမသိ၊ သိလည်းမသိနိုင်ဟု ဆိုခြင်းမှာ ရှေ့နောက် ညီညွတ်မှု မရှိသောကြောင့် ယုတ္တိမတန်ချေ။ ဘာကလေသည် ထိုရုပ်ထာဝရ အခြေခံကို ပယ်ထုတ်လိုက်ခြင်းဖြင့် လော့(က)၏ အတွေးအခေါ်တွင် ပါဝင်နေသော 'ရှေ့နောက် မကိုက်ညီမှု' ကို ပြုပြင်ခဲ့သည်။ ဘာကလေ၏ ယူဆချက်အရ ဆိုလျှင် အကယ်၍ စိတ်သည် စိတ်မှ ဖြစ်ပေါ်လာသော အမှတ်သညာ (စေတသိက်)များကိုသာ တိုက်ရိုက်သိနိုင်ပြီး ပြင်ပရုပ်ဝတ္ထုပစ္စည်းများကို တိုက်ရိုက် မသိနိုင်ပေရကား ယင်းရုပ်ဝတ္ထုများ ရှိသည်ဟု မပြောနိုင်တော့ပေ။ ကျွန်ုပ်တို့ အနေနှင့် ဘယ်သောအခါမျှ မသိနိုင်သည့် အရာကို ရှိသည်ဟု အဘယ်ကြောင့် မှတ်ယူနေတော့မည်နည်း။ ဤကမ္ဘာပေါ်တွင် သိနိုင်သမျှသည် စိတ်၏ အယူအဆများသာ ဖြစ်သည်။ အာရုံအားဖြင့် သိရသမျှမှာလည်း စိတ် အယူအဆ

http://www.cherrythitsar.org



များသာဖြစ်၍ ရုပ်မဟုတ်ချေ။ လူတို့သိသမျှမှာ စင်စစ် အာရုံခံစားမှုတွင် ပေါ်လာသည့် ဂုဏ်အချင်းအရာများသာ ဖြစ်သည်။ ၎င်းတို့သည် 'စိတ်တွင်း အယူအဆများ' ကို ဖွဲ့စည်း ဖြစ်ပေါ်စေသည်ဟု ဘာကလေ ယူဆသည်။ ပြင်ပ ရုပ်ဝတ္ထုပစ္စည်းများ ရှိသည်ဟူသော အချက်ကို ဘာကလေအနေနှင့် ပယ်ထုတ်လိုက်ခြင်းအားဖြင့် ပဓာန ဂုဏ်ရည်တို့ တည်ရာ ဖြစ်သည်ဟု လော့(က) ယူဆခဲ့သည့် ရုပ်ထာဝရ အခြေခံသဘော တစ်ခုလုံးကို ပယ်ဖျက်လိုက်ခြင်း ဖြစ်ပေတော့သည်။

## သိခြင်းသည် ရှိခြင်းဖြစ်သည်

ဘာကလေသည် အထက်ဖော်ပြပါ ယူဆချက် နှစ်ရပ်တွင် လော့(က)နှင့် သဘောကွဲသည်။ သို့သော်ငြားလည်း 'ကျွန်ုပ်တို့ သိသည်မှာ ကျွန်ုပ်တို့၏ ဝိညာဉ်သဘောများသာ ဖြစ်သည်။ ဝိညာဉ်သဘောများ ဆိုရာ၌ ကြမ်းခြင်း၊ ချောခြင်း၊ ဝိုင်းခြင်း၊ လုံးခြင်း၊ ပြားခြင်း၊ ဖြူခြင်း၊ မဲခြင်း၊ ချိုခြင်း၊ ခါးခြင်း၊ အနိမ့်အမြင့်၊ အပျော့အမာ စသော ရုပ်ဝတ္ထု မဟုတ်သည့်အရာများ (ဝါ) အာရုံခံစားမှုတွင် ပေါ်လာသည့် (ခံစားချက်) ဂုဏ်အချင်းအရာများကို ဆိုလိုပေသည်။ လော့(က)၏ တွေးခေါ်ပုံကိုမူ ဘာကလေသည် အခြေခံအားဖြင့် လက်ခံသည်။ သို့သော် လော့(က)နှင့် ဘာကလေသည် အထက်တွင် ဖော်ပြသကဲ့သို့ ခြားနားမှုများစွာ ရှိသည်။ ဘာကလေ အမြင်၌ အာရုံသိအားဖြင့် သိရသော အရာဝတ္ထုတို့သည် ထိုအသိနှင့် တသီးတခြား ကင်းလွတ်စွာ တည်နေကြသည်ဟူသော အမြင်ကို လက်မခံချေ။

ဘာကလေ၏ အတွေးအခေါ်များတွင် တွေးခေါ်ပုံ နှစ်ရပ် ဖြစ်ထွန်းလာသည်။ ဂုဏ်ရည်များသည် ကျွန်ုပ်တို့၏ စိတ်များ ပေါ်တွင် တည်နေသည်ဟု ဘာကလေ ယူဆသည်။ ထို့ပြင် (ပဓာန ဂုဏ်ရည်) များကို အထောက်အကူ ပြုနေသည်ဟု ယူဆရသည့် လော့(က)၏ (ထာဝရ အခြေခံ)သည် စိတ်၏ တီထွင်ချက်သာ ဖြစ်သည်ဟုလည်း ဘာကလေ ယူဆသည်။ ထို့ကြောင့် ဝတ္ထုပစ္စည်းတို့မည်သည် စိတ်များက ၎င်းတို့ကို သိမြင်သရွေ့သာ ရှိနေနိုင်သည်။ သိခြင်းသည် ရှိခြင်းသာ ဖြစ်သည်။

ကျွန်ုပ် စာရေးနေသည့်စားပွဲ ရှိသည်ဟု ကျွန်ုပ် ဆိုရာတွင် ထိုစားပွဲကို ကျွန်ုပ် မြင်သည်။ ကျွန်ုပ် စမ်းသပ်နိုင်သည်ဟု ဆိုလိုခြင်းပင် ဖြစ်သည်။ ကျွန်ုပ် အခန်းအပြင်တွင် ရှိနေသောအခါ၌လည်း ထိုစားပွဲ ရှိနေသည်ဟု ကျွန်ုပ် ဆိုရာတွင်လည်း

http://www.cherrythitsar.org


အကယ်၍ ကျွန်ုပ် အခန်းထဲတွင် ရှိနေလျှင် ထိုစားပွဲကို ကျွန်ုပ် သိမြင်မည်(သို့မဟုတ်) အခြား တစ်စုံတစ်ခုသော စိတ်ကသော်လည်း ကေန် အမှန် သိမြင်မည်ဟု ဆိုလိုခြင်းပင် ဖြစ်သည်။ ဝတ္ထုပစ္စည်းများကို မည်သည့် စိတ်ကမျှ သိမှတ်မနေသော်လည်း ရှိနေသည်ဟု ဆိုခြင်းမှာ မဖြစ်နိုင်ပေ။ ရှိခြင်းဆိုရာ၌ သိစိတ်ထဲတွင် ရှိနေခြင်းဟု ဆိုလိုသည်။ ဝတ္ထုပစ္စည်းတို့သည် စိတ်၏ ပြင်ပ၌ ရပ်တည်မနေနိုင်ကြ၊ ထို့ကြောင့် ရုပ်ဝတ္ထုလောကတွင် ရုပ်ထာဝရ အခြေခံသဘောဟူ၍ မရှိနိုင်ပေ။

ပြင်ပလောကနှင့် ပတ်သက်သော အသိပညာ ဖြစ်ပေါ်ရာ ဖြစ်သည့် ကျွန်ုပ်တို့ စိတ်တွင်းရှိ ဝိညာဉ်သဘော (Ideas) များသည် ရုပ်ဝတ္ထုပစ္စည်းတို့၏ ဝိညာဉ်သဘောများ မဟုတ်၊ အနံ့အရသာ အရောင်အဆင်း စသော အာရုံခံစားမှု၌ ဖြစ်ပေါ်လာသော ဂုဏ်ရည်များ၏ ဝိညာဉ်သဘော (Ideas) များသာ ဖြစ်သည်။ ဘာကလေအဖို့ အပြင်လောကသည် ရုပ်လောက မဟုတ်၊ စိတ် (သို့မဟုတ်) ဝိဉာဏလောကသာ ဖြစ်သည်ဟု ယူဆသည်။

## ဘုရားသခင် (သို့မဟုတ်) သဘာဝတရားကို ဖန်တီးသူ

ဘာကလေ၏ အတွေးအခေါ်တွင် 'သိခြင်းသည် ရှိခြင်းဖြစ်သည်' ဟု ဆိုထားလေသည်။ တစ်နည်းဆိုသော် သိခြင်းနှင့် ရှိခြင်းသည် အတူတူပင် ဖြစ်သည်ဟု ဆိုလိုသည်။

ဥပမာ ကျွန်ုပ်တို့သည် အခန်းတစ်ခုထဲတွင် ဖယောင်းတိုင် တစ်တိုင်ကို မီးညှိထွန်းပြီး ကြည့်နေစဉ် ထိုဖယောင်းတိုင်သည် ရှိနေ၏။ အဘယ်ကြောင့်ဆိုသော် ဘာကလေ အလိုအရ သိမှုရှိသောကြောင့် ကျွန်ုပ်တို့က အာရုံသိနှင့် တွေ့မြင်သိရှိနေစဉ်၌ ဖယောင်းတိုင်သည် ရှိနေခြင်း ဖြစ်၏။ သို့သော် ဤနေရာတွင် စဉ်းစားစရာ တစ်ချက် ရှိပေသည်။

အကယ်၍ ဖယောင်းတိုင်ကို မီးညှိထွန်းပြီး သိသူက အပြင်ထွက်သွားသောအခါ ဖယောင်းတိုင်ကို အာရုံသိဖြင့် မသိတော့ပြီ ဖြစ်၍ မရှိတော့ပြီလော၊ ဘာကလေ သဘောအရဆိုလျှင် မရှိတော့ဟု ယူဆဖွယ် ဖြစ်နေသည်။ သို့သော် ၁၅ မိနစ်ခန့်ကြာပြီး ပြန်လာကြည့်ပါက ဖယောင်းတိုင် တိုနေသည်ကို တွေ့ရခြင်းအားဖြင့် ဖယောင်းတိုင်ကို လူက မမြင် မသိ၍ မရှိတော့ဟု မဆိုသာချေ။ ဘာကလေ အလိုအရလည်း မရှိဟု မဆို၊ လူက မသိ မမြင်သော်လည်း ဖယောင်းတိုင်သည် ရှိမြဲရှိနေသည်ဟုပင် ဆိုသည်။

http://www.cherrythitsar.org


အဘယ်ကြောင့် ဘာကလေသည် ဤသို့ ပြောနိုင်ပါသနည်း။ အကြောင်းမူကား ဘာကလေ၏ အတွေးအခေါ်အရ ဆိုလျှင် ထိုဖယောင်းတိုင်ကို လူက မမြင်မသိသော်လည်း ဘုရားသခင်ကမူ မြင်နေ သိနေသည်။ ထို့ကြောင့် ထိုဖယောင်းတိုင်သည် ရှိနေသည်ဟု ဆိုလေသည်။ သူ၏ တွေးခေါ်မှုအရ လူ၏ စိတ်ထဲတွင် ရှိသမျှ အရာခပ်သိမ်းတို့သည် ဘုရားသခင်၏ စိတ်ထဲတွင်လည်း ရှိနေသည်သာ ဖြစ်၏။ ထို့ကြောင့် အရာဝတ္ထုများနှင့် ပတ်သက်သော ဝိညာဉ်သဘောတို့သည် လူမှာ မရှိစေကာမူ ဘုရားသခင် စိတ်ထဲမှာ ရှိသည် ဖြစ်၍ အရာဝတ္ထုတို့သည် လူ့အသိနှင့် သီးခြားကင်းလွတ်စွာ ဖြစ်တည်ခွင့် ရှိသည်ဟု ဆိုသည်။ ထာဝရဘုရားသခင်သည် ဝတ္ထုပစ္စည်းများကို အစဉ်သိတွေ့နေသဖြင့် ကျွန်ုပ်တို့ မြင်တွေ့ သိရှိနေသော (ဥပမာ စားပွဲတစ်ခုသည်) ဘုရားသခင် စိတ်ထဲတွင်လည်း ရှိသော အရာ ဖြစ်သည်။ အမှန်မှာ ထိုစားပွဲနှင့် ပတ်သက်သော အသိသည်ပင် ဘုရားသခင်က လူ့စိတ်ထဲသို့ထည့်ပေးလိုက်သော နာမ်သဘောသာ ဖြစ်ပေတော့သည်။ စကြာဝဠာကြီးတစ်ခုလုံးသည် ဘုရားသခင်က ဖန်ဆင်းထားသော ဝိဉာဏလောကကြီးသာ ဖြစ်ပေသည်။

ဤနေရာ၌ ဘာကလေ၏ ဝိညာဉ်သဘောဆိုသော စကားမှာ အဓိပ္ပာယ်နှစ်မျိုး ဖြစ်နိုင်သည်။ ဘာကလေ သဘောအရဆိုလျှင် အာရုံသိဖြင့် သိမြင်သမျှကိုလည်း ဝိညာဉ်သဘော စိတ်ကူးသက်သက်ဖြင့် တွေးတောခြင်းမျိုးကိုလည်း ဝိညာဉ်သဘောဟု ဆိုရပေမည်။

တကယ်ဖြစ်သော အာရုံသိနှင့် စပ်သော ဝိညာဉ်သဘောနှင့် တွေးတောစိတ်ကူးမှု ဝိညာဉ်သဘောကို ဘာကလေသည် မည်သို့ ခွဲခြားမည်နည်း ဟူသော ပြဿနာတစ်ရပ် ရှိပေသည်။

ဥပမာ စိတ်ကူးထဲမှ ကျားတစ်ကောင်သည် တကယ့်ဘဝထဲတွင် မျက်စိနှင့် မြင်ရသော ကျားတစ်ကောင်နှင့် မတူချေ။ ဘာကလေ အနေနှင့်လည်း ၎င်းတို့သည် ဝိညာဉ်သဘောချည်း ဖြစ်၍ အတူတူ ဖြစ်ကြသည်ဟု မည်သည့်နည်းနှင့်မျှ မဆိုသာချေ၊ ဆိုလည်း မဆိုခဲ့ပေ။ ဘာကလေလည်း ထိုသဘော နှစ်ရပ်သည် မတူဟူ၍သာ ဆိုလေသည်။ အားလုံး ဝိညာဉ်သဘောချည်းဆိုလျှင် ၎င်းတို့ နှစ်မျိုးသည် အဘယ်ကြောင့် မတူကြပါသနည်း။ ဘာကလေသည် ဤမေးခွန်းကို အောက်ပါ အတိုင်း ဖြစ်လေသည်။

တစ်ကယ့်တစ်ကယ် ဖြစ်သော ဝိညာဉ်သဘောသည် လူ့စိတ်လူ့အသိထဲတွင်လည်းကောင်း၊ ဘုရားသခင်၏ စိတ်ထဲတွင် လည်းကောင်း ရှိသော ဝိညာဉ်သဘောမျိုး

http://www.cherrythitsar.org


ဖြစ်သည်။ ထို့ကြောင့် တောစပ်တွင် မျက်စိနှင့် မြင်ရသော ကျားသည် လူ့စိတ်ထဲ လူ့အသိထဲ၌ ရှိသကဲ့သို့ ဘုရားသခင် စိတ်ထဲတွင်လည်း ရှိသည်။ လူမြင်သကဲ့သို့ ဘုရားသခင်လည်း မြင်သည်။ ထို့ကြောင့် ထိုကျားသည် လူ့စိတ်သက်သက်ထဲတွင်သာ ရှိသော ကျားနှင့် မတူချေ။ အဘယ်ကြောင့် မတူပါသနည်း။ အကြောင်းမူကား လူ့စိတ်ထဲတွင် မိမိဘာသာ စိတ်ကူးယဉ်ကြည့်သော ကျားသည် လူ့စိတ်ထဲတွင်သာရှိပြီး ဘုရားသခင် စိတ်ထဲတွင် မရှိသည်ဖြစ်၍ တစ်ကယ့်ကျား မဟုတ်၊ စိတ်ကူးကျားသာ ဖြစ်သည်ဟု ဘာကလေသည် ဝိညာဉ်သဘောနှစ်မျိုးကို ခွဲခြား ပြခဲ့လေသည်။

ဘာကလေ၏ အတွေးအခေါ်တွင် ဘုရားသခင်သည် အချက်အချာပင် ဖြစ်ကြောင်း ထင်ရှားသည်။ ဦးပုည ပြဇာတ်များထဲမှ ဇာတ်ကောင်များသည် ဦးပုည ဖန်တီးမှုပေါ်တွင် တည်သကဲ့သို့ စကြာဝဠာကြီးသည်လည်း ဘုရားသခင်က ဖန်ဆင်းမှုပေါ်တွင် တည်သည်။ သို့ရာတွင် ဤယူဆချက်သည် ဘာကလေ လက်ခံထားသည့် အတွေ့အကြုံ အဓိကဝါဒ အခြေခံတရားများနှင့် မကိုက်ညီပေ။ ဘာကလေ၏ ထာဝရဘုရားသခင်သည် လော့(က)၏ မသိနိုင်သည့် ရုပ်ထာဝရ အခြေခံ သဘောနှင့်များစွာ မခြားနားလှပေ။ အဘယ်ကြောင့် ဆိုသော အတွေ့အကြုံ အားဖြင့် မသိနိုင်သောကြောင့် ဖြစ်၏။ မြင်မှုသိ၊ သိမှုရှိဟု ဆိုထားလျက် မမြင်ရသော ဘုရားသခင်ရှိသည်ဟု ယူပုံမှာ မလျော်ချေ။

ဘာကလေသည် အရာတိုင်းကို 'လူ့စိတ်တွင်းရှိ ဝိညာဉ်သဘောများ' အဖြစ်မြင်သည်။ ဝတ္ထုပစ္စည်းတစ်ခု၏ တည်ရှိမှုသည် တွေ့သိသူ တစ်စုံတစ်ယောက်၏ စိတ်ပေါ်တွင် တည်သည်ဟု ယူဆနေသရွေ့ ဘာကလေသည် 'ပုဂ္ဂလ ဓိဋ္ဌာန် ဝိညာဏဝါဒီ' ဖြစ်သည်။ သို့သော်လည်း ပြင်ပလောကကြီးသည် ဘုရားသခင် စိတ်ထဲ၌ ဝိညာဉ်သဘောအဖြစ် တည်ရှိနေသရွေ့ ထိုပြင်ပလောကသည် အချုပ်အချယ် ကင်းသည့် 'အမှန်တရား' ဖြစ်ကြောင်းပြရန် ဘာကလေသည် 'ထာဝရ ဘုရားသခင်' ဟူသော သဘောကို ထည့်သွင်း ဖော်ပြသဖြင့် သူသည် ဓမ္မဓိဋ္ဌာန် ဝိညာဏဝါဒီ ဖြစ်လာပြန်သည်။

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ဒေးဗစ်ဟယွမ်း

## ဒေးဗစ်ဟယွမ်း (၁၇၁၁–၁၇၇၆)

ဒေးဗစ်ဟယွမ်းကို ၁၇၁၁ ခုနှစ်တွင် စကော့တလန်ပြည် အီဒင်ဘာရာမြို့၌ ဖွားမြင်သည်။ ငယ်စဉ်က အီဒင်ဘာရာ တက္ကသိုလ်တွင် ပညာဆည်းပူးသည်။ ဥပဒေပညာကို လေ့လာလိုက်စားခဲ့ပြီးနောက် ပိဋကတ်တိုက် လုပ်ငန်းဖြင့် ထင်ပေါ်လိုသော ဆန္ဒရှိခဲ့သည်။

အီဒင်ဘာရာ တက္ကသိုလ်၌ ပါမောက္ခ ရာထူးကို ရရှိအောင် ကြံစည်ကြိုးစားခဲ့သော်လည်း၊ ထင်ကြေးမပေါက်ခဲ့ချေ။ ထိုသို့ ကြိုးစားတိုင်း မဖြစ်သောအခါ အီဒင်ဘာရာ တက္ကသိုလ်ဥပဒေ မဟာဌာနတွင် ပိဋကတ်တိုက်မှူး အဖြစ် (၁၇၅၂–၁၇၅၇) အထိ ဆောင်ရွက်သည်။ ထို့နောက် (၁၇၆၃–၁၇၆၆) အထိ ဂျင်နရယ် စိန့်ကလီယာထံတွင် အတွင်းဝန်အဖြစ် အမှုထမ်းလေသည်။ ၁၇၆၇–၁၇၆၉ တွင် ဒုတိယ နန်းရင်းဝန်ရာထူးကို ရရှိခဲ့၏။

ဟယွမ်း၏ အထင်ရှားဆုံးသော စာအုပ်မှာ 'လူ့သဘာဝ စာတမ်း' ဖြစ်၏။ ထိုစာအုပ်ကို သူ၏ အသက် ၃၀ ပတ်ဝန်းကျင်အချိန်လောက်က ပြင်သစ်ပြည်တွင် ရေးသားခဲ့လေသည်။ သို့သော် ထိုစဉ်က ဤစာအုပ်မှာ လူများ၏ အရေးယူ ဂရုစိုက်ခြင်းကို မခံခဲ့ရချေ။ ထို့ကြောင့် ဤစာအုပ်ကြီးကို နောင်တွင် ပြုပြင်၍ 'လူ၏ အသိပညာ ဖြစ်ပေါ်ပုံစာတမ်း' အမည်ဖြင့် ရေးသားခဲ့လေသည်။

ထို့နောက် ဒုတိယအကြိမ်မြောက် ပြင်သစ်ပြည်သို့ သံတမန်အဖြစ် သွားရောက်နေထိုင်စဉ်အတွင်း ဟယွမ်းသည် ပြင်သစ်တွေးခေါ်ရှင်ကြီးများ ဖြစ်ကြသော

http://www.cherrythitsar.org



ရှူးစိုးဒီဒါးရွတ်၊ ဟော(လ်)ဘတ်(ချ)တာဂေါ့နှင့် ဒီအလမ်ဘတ် ဆိုသူများနှင့် တွေ့ဆုံရင်းနှီး ဆွေးနွေးခွင့် ရလေသည်။

အမှန်အားဖြင့် သူသည် ဖီလိုဆိုဖီပညာကို နိုင်ငံရေးရာကိစ္စများ လုပ်ကိုင်ဆောင်ရွက်ရင်း လေ့လာလိုက်စားပြီး စာအုပ်စာတမ်းများ ရေးသားခဲ့ခြင်း ဖြစ်လေသည်။ ဟယူမ်းကား ကမ္ဘာ့တွေးခေါ်မှုသမိုင်း၌ အတွေ့အကြုံ ဝါဒ အစဉ်အလာ တိုးတက်မှု လမ်းကြောင်းတွင် လော့(က)နှင့် ဘာကလေတို့၏ အတွေးအခေါ်မှ ပျော့ညံ့ကွက်များ၊ ယုတ္တိမတန်မှုများ အားလုံးအတွက် သိမ်းကြုံးဖြေရှင်းကာ ယုတ္တိတန်သော နိဂုံးအဖြေကို ပေးနိုင်ခဲ့သူ ဖြစ်၏။ စင်စစ် သူ၏ ကြိုးပမ်းမှုများကြောင့် ဖီလိုဆိုဖီတွင်သာမက၊ သိပ္ပံပညာတွင်လည်း အလွန် ထိရောက်သော အမြင်မှန်များကို ရှာဖွေ ပေးခဲ့နိုင်လေသည်။ ယခုခေတ်တွင် အနောက်နိုင်ငံ၌ ခေတ်စားလျက်ရှိသော သိပ္ပံပညာဆိုင်ရာ 'ဒဿနိကဗေဒ' ၏ တိုးတက် ထွန်းကားမှုတွင် ဟယူမ်းသည် ထိပ်ဆုံးက ပါဝင်ခဲ့သူ ဖြစ်သည်။ ၁၇၇၆ ခုနှစ်တွင် ဟယူမ်းကွယ်လွန်သည်။

## ဟယူမ်း၏ ပြဿနာ

ဗြိတိသျှအတွေ့အကြုံ အဓိက ဝါဒီများ အနက် ဟယူမ်းသည် အထင်ရှားဆုံးဟု ဆိုရိုးရှိခဲ့လေသည်။

လော့(က) နှင့် ဘာကလေတို့၏ အတွေ့အကြုံ အဓိကဝါဒကို ရှေ့နောက်ဆီလျော်အောင် ပြုပြင်ရေးသားခဲ့သည်။ ထို့ကြောင့် အရေးပါသော တွေးခေါ်ရှင်များအနက် ဟယူမ်းသည်လည်း တစ်ဦး အပါအဝင် ဖြစ်ခဲ့သည်။

သူ၏ အထင်ပေါ်ဆုံး စာပေမှာ 'လူ့သဘာဝစာတမ်း' ဖြစ်သည်။ ဤစာအုပ်ကို ၁၇၃၄ ခုမှ ၁၇၃၇ ခုနှစ်အတွင်း ပြင်သစ်ပြည်၌ နေစဉ် ရေးသားခဲ့သည်။ ပထမနှင့် ဒုတိယတွဲများကို ၁၇၃၉ ခုနှစ်တွင် ရိုက်နှိပ်ခဲ့ပြီး တတိယတွဲကိုမူ ၁၇၄၀ ခုနှစ်တွင် ရိုက်နှိပ်နိုင်ခဲ့သည်။ ထိုအချိန်အခါ၌ ဟယူမ်းသည် အသက် ၃၀ ပင် မပြည့်သေးသော လူငယ်တစ်ယောက်သာ ဖြစ်သည်။ လူသိလည်း မများသေးပေ။ သူ၏ သဘောတရားများကို မည်သည့်အဖွဲ့အစည်းကမှ ကြိုဆိုထောက်ခံခြင်း မရှိခဲ့။ ဟယူမ်းသည် စာပေလောကတစ်ခုလုံးကို သူ၏ အရေးအသားများဖြင့် ဂယက်ရိုက်စေလိုသော ဆန္ဒရှိခဲ့သည်။ ထိုသို့ ဂယက်ရိုက်သောအခါတွင်မှ သူက ပြောင်မြောက်သော အတွေးအခေါ် အရေးအသားတို့ဖြင့် စာပေရေးသားရန် ရည်ရွယ်ခဲ့သော်လည်း သူ၏ စာအုပ်ကို တစ်ဦးတစ်ယောက်ကမှ အရေးတယူ

ဂရုတစိုက် မလုပ်ခဲ့ပေ။ သူ့စာပေများမှာ သူလွန်ပြီးမှ ထင်ပေါ်လာသော စာပေများ ဖြစ်ကြလေသည်။

ဟယ္ယူမ်း၏ အတွေးအခေါ်များ

ဟယ္ယူမ်းသည် လော့(က)နှင့် ဘာကလေတို့၏ စိတ္တပဗေဒကို လက်ခံခဲ့သည်။ လော့(က)နှင့် ဘာကလေတို့ ကဲ့သို့ပင်–

၁။ လောကအသိပညာနယ်မှ သဘောအယူအဆများကို အာရုံငါးပါး အားဖြင့် ရရှိသည်။

၂။ အသိပညာဆိုသည်မှာ ထိုသဘော အယူအဆများ၏ အစုအပေါင်း အဖွဲ့အစည်းပင် ဖြစ်သည်ဟူသော အမြင်ကို သူလက်ခံသည်။

ဘာကလေနှင့် ဟယ္ယူမ်းတို့ နှစ်ယောက်စလုံးပင် လော့(က)၏ အတွေးအခေါ်များကို အကြွင်းမဲ့ လက်မခံခဲ့ကြပေ။ ထာဝရ အခြေခံတရားသည် ပဓာနဂုဏ်ရည်များ၏ တည်ရာဖြစ်သည်ဟူသော လော့(က)၏ အမြင်သည် ဘာကလေ ကဲ့သို့ပင် ဟယ္ယူမ်းသည်လည်း လက်ခံနိုင်ခဲ့၊ ဘာကလေ၏ သဘောတရား အချို့ကိုလည်း ဟယ္ယူမ်းက ငြင်းပယ်သေးသည်။ ဘာကလေ၏ (လော့(က)၏ ရုပ်ထာဝရ အခြေခံကို ဖျက်ပြီး အတွေးအခေါ်နယ်သို့ သွင်းလာခဲ့သော) ထာဝရ ဘုရားသခင် ရှိသည် ဟူသော အယူအဆကိုပါ ဟယ္ယူမ်းသည် ငြင်းပယ်ခဲ့လေသည်။

အသိပညာ မှန်သမျှကို ဝိညာဉ်သဘောများသာ ဖြစ်ကြသည်။ ဝိညာဉ်သဘောများကို အာရုံသိ (အတွေ့အကြုံ)မှ ရသည်။ ဘုရားသခင်ကို အာရုံအားဖြင့် မသိနိုင်၊ ထို့ကြောင့် ဘုရားသခင် (ထာဝရ အခြေခံသဘော)သည် မရှိနိုင်၊ ဟယ္ယူမ်းသည် ထာဝရဘုရားသခင် ရှိသည်ဟူသော အမြင်ကို ပယ်သူ ဖြစ်သည်။ ရုပ်အခြေခံသည်လည်း မရှိ၊ စိတ်အာရုံခံစားမှုများသာ ရှိသည်ဟု သူမြင်သည်။ အသိပညာဆိုသည်မှာ စိတ်အာရုံ ခံစားမှုများကို သိသော အသိပညာပင် ဖြစ်သည်ဟုလည်း သူ ဆိုသည်။

စိတ်အာရုံ ခံစားမှုကို ဟယ္ယူမ်းက နှစ်ပိုင်းခွဲခြား ထားသည်။ တစ်ပိုင်းကို 'အာရုံခံစားချက်' ဟု ခေါ်၍ အခြားတစ်ပိုင်းကိုမူ 'တွေးတောချက်များ' ဟုခေါ်လေသည်။

အာရုံခံစားချက်များနှင့် တွေးတောချက်များ တစ်ခုနှင့် တစ်ခု ခြားနားပုံမှာ အမျိုးအစား သဘောအားဖြင့် ခြားနားကြသည် မဟုတ်၊ စိတ်အတွင်းတွင် အထင်

http://www.cherrythitsar.org


အရှား ဖြစ်မဖြစ်၊ သဘောအနေအားဖြင့်သာ ခြားနားကြလေသည်။ အာရုံခံစားမှုများသည် စိတ်အာရုံ၌ ထင်ရှားစွာ ဖြစ်ပေါ်ကြပြီး တွေးတောချက်များသည် မထင်ရှားလှသော သဘောကို ဆောင်၏။ ဥပမာ စားပွဲခုံကို အာရုံဖြင့် ခံစား၍ သိသောအခါ စားပွဲခုံနှင့် ပတ်သက်သော အသိလည်း စိတ်အတွင်းဝယ် ထင်ရှား၍ လည်းကောင်း၊ စားပွဲကို တွေးတောကြည့်သောအခါ သိရသောအသိသည် မှုန်ဝါးသည်၊ မထင်ရှား။ ယင်းသို့ မထင်ရှားသော အသိများသည် ထင်ရှားသော အာရုံသိများ၏ ရောင်ပြန် ဟပ်မှုများသာ ဖြစ်ကြ၏။ အာရုံခံစားမှုများ မရှိပါက တွေးတောချက်များသည် မရှိနိုင်ဟူ၍ ဟယွမ်းရှုမြင်ခဲ့လေသည်။

ဤတွင် အာရုံခံစားချက် ဆိုရာ၌ စားပွဲခုံကိုသိသော အသိမျိုးကိုသာ ဆိုလိုသည် မဟုတ်၊ စိတ်အတွင်းဝယ် ပြင်းထန်စွာ ဖြစ်ပေါ်သော စိတ်၏ လှုပ်ရှားမှုများ ပြင်းပြသော တပ်မက်မောမှုများသည်လည်း အာရုံခံစားချက်များ အားလုံးကို ခေါ်ခြင်း ဖြစ်ပေတော့သည်။

ဤကဲ့သို့ ထင်ရှားမှုကို စံထား၍ အာရုံခံစားမှုနှင့် တွေးတောမှုများကို ခွဲရသည့် အကြောင်းမှာ ၎င်းအမြင်၌ ဆိုခဲ့သည့်အတိုင်း ထာဝရဘုရားဟူ၍လည်း မရှိ၊ ရုပ်ကမ္ဘာဟူ၍လည်း မရှိခြင်းကြောင့် ဖြစ်သည်။ ရုပ်ကမ္ဘာရှိသည်ဟု ယုံကြည်သော လော့(က) အဖို့မှာမူ အာရုံခံစားချက်၊ တွေးတောချက်များကို ခွဲခြားရာ၌ ထင်ရှားမှုကို စံမထား၊ ရုပ်၏ ဂုဏ်ရည်များကိုသာ စံထားသည်။ အာရုံခံစားမှုသည် ရုပ်၏ ဂုဏ်ရည်များရှိမှ ဖြစ်ပေါ်လာနိုင်လျက် တွေးတောချက်များ မှာမူ ရုပ်၏ ဂုဏ်ရည်များမရှိဘဲနှင့် ဖြစ်ပေါ်နိုင်သည်ဟု ဆိုရုံနှင့် ပြီးသည်။ ထာဝရဘုရားသခင် ရှိသည်ဟု ယုံကြည်သော ဘာကလေ၏ အလိုအရလည်း ထင်ရှားမှုသည် အာရုံခံစားချက်နှင့် တွေးတောချက်များကို ခွဲခြားခြင်း၏။ စံမဟုတ်၊ သူ့သဘောအရဆိုလျှင် အာရုံခံစားချက်၌ ထာဝရဘုရားသခင်၏ ဝိညာဉ်သဘော များရှိ၍ တွေးတောခြင်း၌မူ ထာဝရဘုရားသခင်၏ ဝိညာဉ်သဘောတို့ မရှိ၊ တွေးတောသူ၏ ပုဂ္ဂလိက ဝိညာဉ်သဘောများသာ ရှိသည်ဟူ၍ ယုံကြည်လက်ခံခဲ့လေသည်။

ဤအချက်သည် ဟယွမ်းနှင့် အခြားသော ဗြိတိသျှအတွေ့အကြုံ အဓိက ဝါဒီတို့ ခြားနားမှုတစ်ရပ်ပင်တည်း။ တိုက်ရိုက်ခံစားနိုင်သော အရာများသာလျှင် ရှိသည်။ အတွေ့အကြုံအားဖြင့် တိုက်ရိုက်မသိနိုင်လျှင် ဘယ်အရာဝတ္ထုမှ မရှိနိုင်ဟုလည်း ဟယွမ်း ရှုမြင်နားလည်ခဲ့လေသည်။

http://www.cherrythitsar.org


## အတ္တကို ဝေဖန်ခြင်း

ဟယ္ယွမ်းသည် ထာဝရအခြေခံသဘောကို စနစ်တကျ ပယ်ဖျက်သော ခေတ်သစ် တွေးခေါ်ရှင် တစ်ဦးအဖြစ်ဖြင့် အနောက်တိုင်း တွေးခေါ်မြော်မြင်မှု သမိုင်းတွင် ထင်ရှားလေသည်။ လော့(က)သည် နာမ်ထာဝရ အခြေခံ (ဝါ) အတ္တနှင့် ရုပ်ထာဝရ အခြေခံကို လက်ခံသူဖြစ်၏။

ဘာကလေက လော့(က)၏ ပဓာနဂုဏ်များ အမှီပြုရာ ရုပ်ထာဝရ အခြေခံကို လက်မခံ။ ဟယ္ယွမ်းကလည်း ဘာကလေကို ထောက်ခံသည်။ ထာဝရ အခြေခံသဘောသည် ရုပ်ပိုင်းမှ ကြည့်ကြည့် စိတ်ပိုင်းမှ ကြည့်ကြည့် အဓိပ္ပာယ် မရှိဟု သူက မြင်သည်။ ထို့ကြောင့် နာမ်ထာဝရ အခြေခံ (ဝါ) အတ္တဟူသည်လည်း မရှိဟု ဆိုသည်။

အဘယ်ကြောင့် အတ္တမရှိသနည်းဆိုသော် အတ္တသဘောကို အတွေ့အကြုံအားဖြင့် မသိနိုင်သောကြောင့် ဖြစ်သည်။ အာရုံသိ (အတွေ့အကြုံ)သည် အသိဉာဏ်တို့၏ ရေသောက်မြစ်ကြီး ဖြစ်သည်။ အတ္တကို ယင်းအတွေ့အကြုံအားဖြင့် မသိနိုင်သည် ဖြစ်ရကား အတ္တ ရှိသည်ဟု မဆိုနိုင်ပေ။

ဟယ္ယွမ်းက အတ္တနှင့် ပတ်သက်၍ အောက်ပါဆင်ခြင်ကို ပေးခဲ့ပါသည်။ 'ကျွန်ုပ်သည် ကျွန်ုပ်၏ အတ္တကို ဆန်းစစ်ကြည့်သောအခါ၌ ပူခြင်း၊ အေးခြင်း၊ မုန်းခြင်း၊ နာကျင်ခြင်း၊ ချမ်းမြေ့ခြင်း စသော အာရုံများကိုသာလျှင် တွေ့ရှိရပေသည်။ ကျွန်ုပ် တိုက်ရိုက်ခံစားရသည်မှာ အာရုံများသာ ဖြစ်သည်။ နာမ်ထာဝရ အခြေခံ (ဝါ) အတ္တကိုမူ မတွေ့ကြုံ မခံစားရပေ။

ထို့ကြောင့် အတ္တသည် ဒြပ်အားဖြင့် မရှိ။ ကျွန်ုပ်တို့ အတ္တဟု မှတ်ယူနေသည်မှာ အာရုံသိ အစဉ်ကြီးသာလျှင် ဖြစ်သည်။ အာရုံသိ အစုကြီးသာလျှင် ဖြစ်သည်။ အာရုံများ အဆက်မပြတ် ဖြစ်ပေါ်နေသော ဖြစ်စဉ်သာလျှင် ဖြစ်သည်။ ဖြစ်ပျက်ခံစားခဲ့ပြီးသော အာရုံများကို ပြန်လှန်သတိရနေခြင်းကို ကျွန်ုပ်တို့၏ အတ္တဟု မှတ်ယူနေကြ၏။ အမှတ်ရခြင်း မရှိလျှင် အတ္တဟူသည့် သဘောလည်း ရှိတော့မည် မဟုတ်ချေ။

ယခုကဲ့သို့ အတ္တ မရှိဟူသော သဘောတရားသည် အရေးကြီးလှပေသည်။ သေသေချာချာ သုံးသပ်ကြည့်လျှင် ထာဝရအခြေခံအဖြစ်ဖြင့် အတ္တကြီးသည် မတည်ရှိ။ အတည်ဒြပ် အဖြစ်ဖြင့်လည်း အတ္တကြီးကို ကျွန်ုပ်တို့သည် ခံစားတွေ့ထိ၍ မရ၊ ကျွန်ုပ်တို့ သိသမျှမှာ အာရုံအစုကြီးသာလျှင် ဖြစ်၍ ထိုအာရုံသိ အစဉ်ကြီးကိုပင်

http://www.cherrythitsar.org



အတ္တဟူ၍ အမှတ်မှားနေကြခြင်း ဖြစ်သည်။

အထက်ထက်က ထာဝရ အခြေခံသဘောကို လက်ခံယုံကြည်လာခဲ့ကြသည့် အယူအဆများကို ဟယွမ်းသည် ဤတစ်ချက်တည်းဖြင့်ပင် အပြီးတိုင် ပယ်ဖျက်နိုင်ခဲ့သည်။ ဝိညာဉ်ရှိသည်ဟု လက်ခံသော ဘာသာရေး ပညာ၏ ယုံကြည်မှုကိုလည်း ပယ်ဖျက်နိုင်ခဲ့သည်။ အတ္တမရှိဟူသော ဗုဒ္ဓ၏ ဝါဒနှင့် ဟယွမ်း၏ သဘောတရားတို့ နီးစပ်သည်ကို တွေ့ရှိရပေသည်။

## လူ့သဘာဝ သိပ္ပံပညာ

မည်သည့် သိပ္ပံပညာမျိုးမဆို လူ့သဘာဝနှင့် ဆက်စပ်နေသည်ဟု ဟယွမ်းမြင်သည်။ ယုတ္တိဗေဒ၏ တစ်ခုတည်းသော ရည်မှန်းချက်မှာ လူတို့၏ ဆင်ခြင်တုံတရားနှင့် တွေးခေါ်ယူဆပုံ၊ နယူပဒေသများကို ဖော်ထုတ် ရှင်းလင်းပြသော ပညာဖြစ်သည်။ ကိုယ်ကျင့်တရားနှင့် ဝေဖန်ရေး ပညာများမှာ ကျွန်ုပ်တို့၏ ရသနှင့် ခံစားမှုကို ဖော်ညွှန်းကြသည်။ နိုင်ငံရေးသိပ္ပံသည် လူ့အဖွဲ့အစည်း တစ်ရပ်အတွင်း လူတို့ စုပေါင်း ဆက်သွယ်နေထိုင်ကြရပုံ၊ လူတစ်ဦးသည် တစ်ဦးကို မှီတွယ် ဆက်စပ်နေရပုံများကို ဖော်ပြသည်။

သင်္ချာ၊ သဘာဝတ္တ သိပ္ပံပညာတို့ပင်လျှင် လူတို့၏ ကြံစည်ဖန်တီးမှုစွမ်းအားကြောင့် ဖြစ်လာကြရသော ပညာများ ဖြစ်ပေသည်။

ထို့ကြောင့် လူသားသည် လူ့သဘာဝတရားကို လေ့လာသင့်ပေသည်။ သို့မှ လူတွင် အသိဉာဏ်ပညာကို ဖြစ်စေသော တရားတို့ကား အဘယ်တရားတို့နည်း။ လူတွင် ခံစားမှုကို ဘယ်သင်းက ဖန်တီးပေးသနည်း။ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းကို အဘယ်အရာက ဖြစ်စေသနည်း စသော အခြေအနေအကြောင်းတရားများကို သိနိုင်ပေမည်။

ဤတရားတို့ကား လူတို့၏ အတွေ့အကြုံ အသိပညာကို ဖြစ်စေသောတရားတို့တည်း။ ထိုတရားတို့သည် သိပ္ပံပညာ ခပ်သိမ်း၏ အခြေခံတရားများလည်း ဖြစ်ကြသည်။

ဟယွမ်းသည် ဒဿနိကပညာနယ်တွင် 'လက်တွေ့ စမ်းသပ် ဆင်ခြင်နည်း' (Experimental Method of Reasoning) ကို ဖော်ထုတ်ရန် ကြိုးစားခဲ့လေသည်။

အထက်ပါ အမြင်ဖြင့် ဟယွမ်းသည် သူ၏ 'လူ့သဘာဝစစ်တမ်း' ကို ရေးသားခဲ့လေသည်။

http://www.cherrythitsar.org


## ကြောင်းကျိုးဆက်သွယ်ခြင်းတရားအမြင်

ယုတ္တိဗေဒတွင် ဆက်သွယ်ခြင်းများသည် မရှိမဖြစ် လိုအပ်သော သဘော ရှိသကဲ့သို့ ဒေးကား၏ အတွေးအခေါ်တွင်လည်း ကြောင်းကျိုး ဆက်သွယ်ခြင်းသည် မရှိမဖြစ် လိုအပ်သော သဘောရှိပေသည်။ ဤသဘောတရားကို ဟယူမ်းက ပထမဦးဆုံး အကြိမ်အဖြစ် လေးလေးနက်နက်ကြီး ဝေဖန် တင်ပြခဲ့လေသည်။ အတွေ့အကြုံဝါဒီတစ်ဦး၏ အမြင်ဖြင့် ဟယူမ်းသည် ကြောင်းကျိုးဆက်သွယ်ခြင်း တရားကို ဆန်းစစ် သုံးသပ်ခဲ့ခြင်း ဖြစ်သည်။

ဟယူမ်း၏ အဆိုအရ **A** နှင့် **B** ကို ကြည့်ရာတွင် **A** သည် **B** ၏ အထက်၌ ရှိသည် (ဝါ) **B** ၏ လက်ျာဘက်၌ ရှိသည်ဟူသော အနေအထားကို သိရှိနိုင် သော်လည်း **A** သည် **B** အကြောင်း ဖြစ်သည်ဟူသော အာရုံခံစားချက်ကို မရရှိ နိုင်ဟု ဆိုသည်။

အတွေ့အကြုံမရှိဘဲ ဆင်ခြင်ခြင်း သက်သက်ဖြင့် ကြောင်းကျိုးဆက်သွယ် ခြင်းကို မသိရှိနိုင်။ ဥပမာ မီးသည် ပူစေသည်။ ရေသည် ရေငတ်ခြင်းကို ပြေ ပျောက်စေသည် ဆိုရာ၌ အတွေ့အကြုံ မရှိဘဲ မီးအကြောင်း ရေအကြောင်းကို ကြိုတင်၍ မပြောနိုင်ချေ။ စဉ်းစားခြင်းအားဖြင့် မီးရှိသည်ဆိုရုံနှင့် ပူသည်ဟူသော သဘောကို ဆွဲယူစဉ်းစားခြင်း မပြုနိုင်။ ထို့ကြောင့် ကြောင်းကျိုး ဆက်သွယ်ခြင်း ရှိပါက ယင်းအကြောင်းတရားကို အတွေ့အကြုံအားဖြင့်သာ သိနိုင်သည်ဟု ဟယူမ်းက ဆိုသည်။

ဤသဘောနှင့် ပတ်သက်၍ ဟယူမ်းသည် ဘီလီယက် ဘောလုံးကလေးများ လိမ့်နေပုံကို ဆက်လက် လေ့လာကြည့်လေသည်။ ဘီလီယက် ဘောလုံး တစ်လုံး ကို ကျူတံနှင့် ထိုးကြည့်သောအခါ ၎င်းဘီလီယက် ဘောလုံးလိမ့်ပြီး ဒုတိယ ဘောလုံးကလေးကို ထိသည်။ ဒုတိယ ဘောလုံးကလေး လိမ့်သွားသည်ကို တွေ့ ရပြန်သည်။ သာမန်အားဖြင့် ကြည့်လျှင် ပထမ ဘောလုံးက ဒုတိယဘောလုံးကို ရိုက်ခတ်သောကြောင့် ဒုတိယဘောလုံး လိမ့်သွားသည်ဟု ထင်ရသည်။

တစ်နည်း ပထမ ဘောလုံး၏ အကြောင်းပြုမှုကြောင့် ဒုတိယဘောလုံး လိမ့်သွားသည်ဟု ထင်ရခြင်း ဖြစ်သည်။ အမှန်မှာ ကျွန်ုပ်တို့၏ အာရုံခံစားမှု (ဝါ) အာရုံသိတွင်ကား ပထမဘောလုံး လိမ့်ပြီးနောက် ဒုတိယဘောလုံး လိမ့် သွားခြင်းကိုသာ တွေ့ရသည်။ ပထမဘောလုံးက ဒုတိယဘောလုံးကို အကြောင်း

http://www.cherrythitsar.org



ပြုသည်ဆိုသော **ကြောင်းကျိုးဆက်သွယ်မှု**ကို မတွေ့ရပေ။

မျက်စိနှင့် မြင်လိုက်ရသည်မှာ အရာဝတ္ထု နှစ်ခု၏ လှုပ်ရှားသွားခြင်းသာ ဖြစ်သည်။ အရာဝတ္ထု နှစ်ခုသည် ထိုကဲ့သို့ လှုပ်ရှား ဖြစ်ပျက်သည်ကို အတွေ့အကြုံ လောကတွင် တွေ့ရဖန် များသဖြင့် တစ်ခုခု၏ လှုပ်ရှားမှုကို မြင်လျှင် နောက်တစ်ခုကပါ လှုပ်ရှားလာတော့မည်ဟု မျှော်လင့်ယုံကြည်လာခြင်းသာ ဖြစ်သည်။

ဟယွမ်း၏ အလိုအရ ကြောင်းကျိုးဆက်သွယ်ခြင်းမှာ မဖောက်ပြန် မပြောင်းလဲနိုင်သော နိယာမမျိုး မဟုတ်၊ ယေဘုယျ သဘောအားဖြင့် ဆိုလျှင် ဤဆက်သွယ်မှုသည် အကြောင်းဟုခေါ်သော အဖြစ်အပျက်နှင့် အကျိုးဟုခေါ်သော အဖြစ်အပျက်တို့၏ **အစဉ်ဒွန်တွဲ ဖြစ်ပေါ်မှု**သာ ဖြစ်သည်။

ဟယွမ်း **A** သည် **B** ၏ အကြောင်းဖြစ်သည်ဟု ဆိုလျှင် သူ ဆိုလိုသည်မှာ **A** နှင့် **B** တို့သည် အတိတ်နှင့် ပစ္စုပ္ပန်ကာလတို့တွင် အစဉ်ဒွန်တွဲ ဖြစ်ပေါ်ခဲ့ခြင်းကိုသာ ဆိုလိုပေသည်။ အချို့သော တွေးခေါ်ရှင်များ ဆိုသကဲ့သို့ **A** နှင့် **B** အကြား၌ လိုအပ်သော (မရှိလျှင် မဖြစ်သော) ဆက်သွယ်မှု မရှိပေ။ **A** နှင့် **B** တို့သည် အဘယ့်ကြောင့် အစဉ်ဒွန်တွဲဖြစ်ပျက်ရသည်ကိုပင် ကျွန်ုပ်တို့ မသိနိုင်ပေ။

**A** နှင့် **B** ကို ဖြစ်ပေါ်စေသည်ဟု မှတ်ယူရာ၌ အမှန်အားဖြင့် **A** နှင့် **B** ကို အစဉ်အမြဲဒွန်တွဲ၍ တွေ့မြင်ရသဖြင့်သာ ယခုကဲ့သို့ မှတ်ယူခဲ့ခြင်း ဖြစ်ပေသည်။ သို့သော် **A** ပြီးလျှင် **B** အမြဲလာရမည်ဟု ကေန် မမှတ်ယူနိုင်ပေ။

အတိတ်နှင့် ပစ္စုပ္ပန်ကာလတို့၌ **A** နှင့် **B** တို့သည် အစဉ်ဒွန်တွဲဖြစ်ပေါ်မှု ရှိစေခဲ့ကာမူ အနာဂတ် ကာလတွင်လည်း **A** ပြီးလျှင် **B** မုချလာရမည်ဟု မမှတ်ယူသင့်ပေ။ ဟယွမ်းက ထပ်မံဖြည့်စွက်၍ ဖြေရှင်းရာ၌ အတိတ်၏ **A** နှင့် **B** ကို အမြဲ အတူတကွ ယှဉ်တွဲတွေ့ရှိရုံနှင့် အနာဂတ်ကာလတွင်လည်း **A** နှင့် **B** ကို ဒွန်တွဲတွေ့ရမည်ဟု မဆိုနိုင်ချေ။

သို့ရာတွင် တွေ့ဖန်များလတ်သော အလေ့ကျင့်သား ရလာပြီဖြစ်၍ **A** နှင့် **B** သည် အနာဂတ်ကာလတွင်လည်း အလားတူ ဒွန်တွဲဖြစ်နေလေဦးမည်ဟူ၍ မျှော်လင့်မှုကလေး စွဲဝင်လာတတ်သည်။ အထက်ပါ ကြောင်းကျိုးဆက်သွယ်ခြင်းတရားကို စီစစ်သုံးသပ်ရာမှ အောက်ပါအချက်အလက်များကို ကျွန်ုပ် ရရှိသည်။

၁။ အကြောင်းနှင့် အကျိုးကြား၌ မရှိမဖြစ် လိုအပ်သော ဆက်သွယ်မှုသည် မရှိပေ။ အကြောင်းနှင့် အကျိုး ဆက်စပ်မှုသည် လောကတံထွာ၊ ဓမ္မတာတရား မဟုတ်ချေ။ အဖြစ်အပျက်နှစ်ရပ် အစဉ်အမြဲ ဒွန်တွဲ တွေ့မြင်ရသည်ကို စွဲသူခြင်းသာ ဖြစ်သည်။

http://www.cherrythitsar.org



၂။ ခြုံယူဆင်ခြင်ခြင်းသည် မှန်ကန်သော ဆင်ခြင်ခြင်း ပုဂ္ဂလိက မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ငန်းအချို့ကို ကြည့်ရှုရာ၌ ဖြူသော အရောင်အဆင်းရှိသည်ကို တွေ့ရုံနှင့် ကမ္ဘာပေါ်ရှိ ငန်းအားလုံးတို့သည် ဖြူသည်ဟူ၍ ကျွန်ုပ်တို့ မဆိုနိုင်ပေ။ အနာဂတ်သည် မသေချာ။ လူ ရရှိသော အသိပညာသည် ကေန်မဟုတ် အနေကန်သာ ဖြစ်ပေတော့သည်။

## ပုဂ္ဂလိက အသိစဉ်သာရှိသည်ဟူသောဝါဒ

အကယ်၍ အသိပညာကို အာရုံသိ တစ်ခုတည်းမှ ရရှိသည် ဆိုလျှင် ရုပ်ထာဝရ အခြေခံသဘောလည်း မရှိ၊ နာမ်ထာဝရ အခြေခံသဘောလည်း မရှိ၊ ပြင်ပလောကလည်း မရှိ၊ ထာဝရဘုရားသခင် ဟူ၍လည်း မရှိ။ အာရုံခံစားမှု အစဉ်ကြီးသာလျှင် ရှိတော့သည်။ ထိုအာရုံ ခံစားမှု အစဉ်ကြီးသည်ကား ပုဂ္ဂလိက အာရုံခံစားမှုသာ ဖြစ်ပေတော့သည်။ ဤသဘောတရားကို ပုဂ္ဂလိက အသိစဉ်သာ ရှိသည်ဟူသော ဝါဒဟု ခေါ်ပေသည်။

ဤပုဂ္ဂလိက အသိစဉ်သာ ရှိသည်ဟူသော ဝါဒသည် အတွေ့အကြုံ အဓိက နည်းကို အသုံးပြုခြင်းအားဖြင့် ရရှိလာသော နိဂုံးဖြစ်၏။ ဤပုဂ္ဂလိက အသိစဉ်သာ ရှိသည်ဟူသော ဝါဒသည် စင်စစ် လက်မခံနိုင်သော ဝါဒ ဖြစ်သည်။

ဤဝါဒကို ဂျာမန်တွေးခေါ်ရှင် ကန့် ဆိုသူက ဝေဖန်သုံးသပ်လျက် ဤဝါဒ၏ အခက်အခဲများကို ရှောင်ကာ သူ၏ ဝေဖန်မှု ပြုထားသော ဝိညာဏဝါဒကို တည်ဆောက်ခဲ့လေသည်။

## အတွေ့အကြုံအဓိကဝါဒ၏ ယေဘုယျ အင်္ဂါရပ်များ

၁။ ဤအတွေ့အကြုံ အဓိကဝါဒသည် ထိုခေတ် ထိုအခါက ဥရောပတိုက်တွင် ထွန်းကားနေသော ခရစ်ယာန်ဘုရားကျောင်းတော် ဝါဒကို တွန်းလှန်လိုက်သော ဝါဒတစ်ရပ် ဖြစ်၏။

ခရစ်ယာန်ဘုရားကျောင်းတော်ဝါဒသည် သက်ဝင် ယုံကြည်မှု ပေါ်ဝယ် မူတည်ထားသော ဝါဒဖြစ်၍ ဤဝါဒသည် ဆင်ခြင်ခြင်း အဓိက ဝါဒနှင့် နီးစပ်၏။ ၎င်းကို အတွေ့အကြုံအား အဓိကထားခြင်း အားဖြင့် လော့(က) ဘာကလေနှင့် ဟယ္ယူမ်းတို့က တွန်းလှန်နိုင်ခဲ့

http://www.cherrythitsar.org



လေသည်။ ဤကဲ့သို့ တွန်းလှန်နိုင်ခဲ့သည်မှာလည်း 'ဘေကွန်' ဆိုသူက ၁၆ ရာစုနှစ်ကပင် အင်္ဂလန်ပြည်၌ အတွေ့အကြုံဝါဒ၏ မျိုးစေ့ကို ချခဲ့သောကြောင့် ဖြစ်၏။

၂။ စင်စစ် အတွေ့အကြုံအဓိကဝါဒမှာ ထိုခေတ် ထိုအခါက ထွန်းကားစ ပြုနေသော ခေတ်သစ် လောကဓာတ်ပညာနှင့် စက်မှုလက်မှု ထွန်းကားခြင်းမှ ပေါက်ပွားလာသည်ဟုဆိုလျှင် မှားမည် မဟုတ်ပေ။ အတွေ့အကြုံဝါဒကို ခေတ်စားလာအောင် ပြုလုပ်သော လော့(က)၏ မိတ်ဆွေကြီး တစ်ဦးမှာ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး နယူတန် ဖြစ်၍ နယူတန်သည် အတွေ့အကြုံကို အဓိက ထားကာ ရုပ်လောကကြီး၏ နိယာမများကို စူးစမ်းရှာဖွေခဲ့သူ ဖြစ်လေသည်။

၃။ လော့(က)၊ ဘာကလေ၊ ဟယူမ်းတို့၏ အတွေးအခေါ်များ ထွန်းကားစဉ်ခေတ်ကား အရင်းရှင်စနစ် ထွန်းကားစအချိန် ဖြစ်ရကား အရင်းရှင်တို့ ထင်သလို ကြီးပွားလာနိုင်သောခေတ် ဖြစ်၏။

အရင်းရှင်တို့မည်သည် တစ်ဦးတည်း ကြီးပွားတိုးတက်လာခြင်းကိုသာ အဓိကထား၍ လူအများ၏ တိုးတက်မှုကို သာမည သဘောသာ ထားလေ့ရှိကြ၏။ ဤအတွေးအခေါ်သည် လော့(က)၊ ဘာကလေနှင့် ဟယူမ်းတို့၏ တွေးခေါ်ပုံများတွင် ရောင်ပြန်ဟပ် နေသည်ကို တွေ့ရ၏။

လော့(က) ဘာကလေနှင့် ဟယူမ်းတို့သည် ပုဂ္ဂလိက လူကိုသာ အရေးထား၍ စဉ်းစားကြ၏။ ထို့ကြောင့် ဟယူမ်း၏ အတွေးအခေါ်သို့ ရောက်သောအခါ ပုဂ္ဂလိက အသိစဉ်သာလျှင် ရှိသည်ဟူသော အတွေးအခေါ်နိဂုံးကို မရရအောင် ဆွဲယူလာခဲ့လေတော့သည်။ သဘောမှာ တစ်လောကလုံးတွင် 'ငါ' သာ ရှိသည်။ ပုဂ္ဂလိက အသိစဉ်သာ ရှိသည် ဆိုခြင်းဖြင့် ငါတကော ကောနိုင်သည်။ ကိုယ့်သိသာ ရှိသော လောကအတွေ့အကြုံတွင် သူတစ်ပါးအရေးကို အလေးပေး စဉ်းစားစရာ မလိုဟု ယူဆကာ အရင်းရှင်တို့သည် ကြိုက်သလောက် ခေါင်းပုံဖြတ်လာကြလေသည်။

'ငါသိသည်မှာ ငါ' သာ ဖြစ်သည်ဆိုသော သဘောသည် အရင်းရှင်လောက၌ ခေတ်စားလာခဲ့ပေတော့သည်။

* * *

http://www.cherrythitsar.org

## အပိုင်းလေး

## ၂၀–ရာစုအစ

# ဂျာမန်တွေးခေါ်ရှင်များ

၁။ အင်မင်နယူတန် ဝယ်ကန့်

၂။ ဂျွန်၊ ဂေါ့တလိ(ဘ်)၊ ဖိ(ချ)တေ

၃။ ဖရက်ဒရစ်၊ ဝီလျံ၊ ရှယ်လင်

၄။ ဖရက်ဒရစ်ဟေဂယ်

၅။ ကား(လ်)မာ့က်စ်

## ဂျာမန်ဝိဉာဏဝါဒ ထွန်းကားလာပုံ

အနောက်တိုင်း အတွေးအခေါ်သမိုင်းတွင် အင်မင် နယူဝယ် ကန့် (၁၇၂၄–၁၈၀၄)သည် ဂျာမန်ဝိညာဏဝါဒကို စတင်ပြုစု ပျိုးထောင်ခဲ့သူအဖြစ် ကျော်ကြားလေသည်။ ၎င်းသည် ဝိညာဏဝါဒကို ဖိ(ချ)တေနှင့် ရှယ်လင်တို့က ဆက်လက်၍ တိုးတက်အောင် ဆောင်ရွက်ကြ၏။

တစ်ဖန် ဟေဂယ်က သူ၏ 'နန္တဝိညာဉ်တော်ဝါဒ' ဖြင့် အထွဋ်အထိပ် ရောက်အောင် ပို့ဆောင်ခဲ့၏။ ဟေဂယ် နောက် ပေါ်ပေါက်ခဲ့သော တွေးခေါ်ရှင်များအနက် အချို့က ဟေဂယ်၏ ဝါဒကို ထောက်ခံရေးသားခဲ့ကြ၍ အချို့ကမူ ဆန့်ကျင်ဝေဖန်ခဲ့ကြသည်။ ဤနည်းအားဖြင့် ၁၉ နှင့်၂၀ ရာစုနှစ် အတွေးအခေါ်များကို ဟေဂယ်၏ ဝိညာဏဝါဒက လွှမ်းမိုးခဲ့၏။

ဂျာမန်ဝိညာဏ ဝါဒသည် ဂျာမန်သမိုင်းကို အခြေခံသည်ဟု ဆိုရပေမည်။ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် အာဏာကို ရုပ်သိမ်းထားခြင်းခံရသော တိုင်းပြည်တစ်ပြည်၏ ပုန်ကန် တက်ကြွနေသည့် စိတ်ဓာတ်ကို ဂျာမန်ဝိညာဏဝါဒက ဖော်ပြနေ၏။ ဂျာမနီနိုင်ငံသည် ပြင်ပရန်သူများအား တွန်းလှန်ချေပရန် အင်အား မရှိခဲ့ပေ။ ဂျာမန်ပြည်နယ် တစ်ခု ပရပ်ရှားသာလျှင် ၁၈ ရာစု 'မဟာဖရက်ဒရစ်' အုပ်စိုးချိန်၌ ပြင်သစ်ရန်ကို တွန်းလှန် နိုင်ခဲ့၏။

သို့သော် 'ပရပ်ရှား'သည် 'နပိုလီယန်'နှင့် ဖြစ်ပွားသည့် 'ဂျီနာ' စစ်ပွဲတွင်မူ ကြီးမားသည့် နပိုလီယန်၏ အင်အားကို မခံမရပ်နိုင်သဖြင့် အညံ့ခံခဲ့ရ၏။ နိုင်ငံ

http://www.cherrythitsar.org



ရေးအရ လက်နက်အင်အား ချို့တဲ့ခဲ့သည့် ဂျာမန်လူမျိုးတို့သည် ကမ္ဘာအား သဘောတရားဖြင့် လွှမ်းမိုးရန် ကြိုးစားကြပြန်၏။ ထို့ကြောင့် ပြင်သစ်ပြည်က နပိုလီယန်ကဲ့သို့သော စစ်သူရဲကောင်းများ မွေးထုတ်နေချိန်တွင် ဂျာမနီပြည်ကလည်း 'ကန့်' နှင့် 'ဟေဂယ်' ကဲ့သို့သော ထက်မြက်သည့် တွေးခေါ်ရှင်များ မွေးထုတ်ခဲ့၏။ ထိုတွေးခေါ်ရှင်တို့၏ အတွေးအခေါ်များ၌ နိုင်ငံရေး သဘောတရားများလည်း ပါဝင်၏။ ကန့်၏ အရေးအသားများသည် နိုင်ငံရေး၌ အရေးမပါလှပေ။ သို့သော် 'ဖိ(ချ)တေ' နှင့် 'ဟေဂယ်' တို့သည် နိုင်ငံရေး သဘောတရားများကို ရေးသားခဲ့၏။ ၎င်းတို့၏ အရေးအသားများသည် ထိုခေတ် ထိုအခါ၏ နိုင်ငံရေး အတွေးအခေါ် တို့ကိုသာမက ယခုခေတ် အတွေးအခေါ်များကိုပါ လွှမ်းမိုးနိုင်သည်ကို တွေ့ရ၏။

ဂျာမန် နာမ်ဝါဒကို သဘောပေါက်ရန် အောက်ပါအချက်အလက်များကို မှတ်သားနိုင်ပေသည်။ တက္ကသိုလ်မှ ပါမောက္ခများ ဖြစ်သော 'ကန့်'၊ 'ဖိ(ချ)တေ'၊ 'ရှယ်လင်' နှင့် 'ဟေဂယ်' တို့၏ အရေးအသား အတွေးအခေါ်တို့သည် သိမ်မွေ့နက်နဲ ခက်ခဲလှပေသည်။ ၎င်းတို့၏ အရေးအသားများသည် ပညာတတ်ပုဂ္ဂိုလ်များအတွက် ရည်ညွှန်း၍ ရေးသားထားသောကြောင့် ထိုအတွေးအခေါ်ကို အပျင်းပြေသဘောဖြင့် ဖတ်ရှုသူတို့အဖို့ကား အခက်အခဲ ရှိကောင်း ရှိပေလိမ့်မည်။

ဂျာမန်ဝိညာဏဝါဒ၏ အထင်အရှားဆုံး အင်္ဂါရပ်မှာ ရုပ်နှင့် ဆန့်ကျင်ဘက် ဖြစ်သည့် 'စိတ်'ကို ဦးစီးပေးထားချက်ပင် ဖြစ်သည်။ ဆိုလိုသည်မှာ 'စိတ်' တစ်ခုသာလျှင် အရေးကြီး၏။ နိရာမတရား တစ်ခုအရ ကျွန်ုပ်တို့၏ စိတ်ဓာတ်က ရုပ်ကမ္ဘာကြီးကို ပြုပြင်ဖန်တီးသည်။ ကျွန်ုပ်တို့သည် စိတ်အားဖြင့်သာ အရာဝတ္ထုများကို သိနိုင်သည် ဆိုသော ခံယူချက်ပင် ဖြစ်ပေတော့သည်။

* * *

**ကန့်၏ ဝေဖန်မှုပြုထားသော ဝိညာဏဝါဒ (၁၇၂၄–၁၈၀၄)**
**ကန့်၏ ဘဝနှင့် စာပေ**

၁၇၂၄ ခုနှစ်၌ 'အင်မင်နယူဝယ်ကန့်'ကို ပရပ်ရှားပြည်နယ် ကိုနိ(စ)ဘာ(ဂ)မြို့၌ ဖွားမြင်၏။ သူသည် မြင်းကုန်းနှီး ကကြိုးတန်ဆာ လုပ်ကိုင် ရောင်းချနေသူ တစ်ဦး၏ သားဖြစ်သည်။ ထို့ပြင် သူသည် ဘာသာရေး ကိုင်းရှိုင်းသော ပတ်ဝန်းကျင်၌ ကြီးပြင်းခဲ့ရပေသည်။ 'ကန့်' သည် သူ၏ ကျောင်းသားဘဝ၊ ဆရာဘဝ၊ စာရေးဆရာဘဝ တစ်လျှောက်လုံး၌ ဇာတိချက်ကြွေ မွေးရပ်မြေ တဝိုက်တွင်သာ အချိန်ကုန်လွန်စေခဲ့သည်။ သူ့ဘဝသည် အေးချမ်းသာယာလှ၏။ လူပျိုကြီးဘဝဖြင့် အရိုးထုတ်ခဲ့သည်။ ကိုနစ်ဘာဂ်တက္ကသိုလ်၌ ရူပဗေဒ သင်္ချာ ကျောင်းသားတစ်ဦး ဖြစ်ခဲ့၏။ တက္ကသိုလ်မှ ဘွဲ့ရပြီးနောက် အလွတ် ပညာသင် နည်းပြဆရာ လုပ်ခဲ့သည်။ ၁၇၅၅ ခုနှစ်တွင် တက္ကသိုလ်၌ အထူးကထိက အဖြစ် ဖြင့် ခန့်အပ်ခြင်းခံရသည်။

၁၇၇၀ ခုနှစ်တွင် ပါမောက္ခအဖြစ် ရာထူးတိုးမြှင့်ခြင်း ခံရသည်။ ၁၇၉၇ ခုနှစ်တွင် အငြိမ်းစားရသည့်အထိ ပါမောက္ခအဖြစ် အမှုထမ်းခဲ့သည်။ ပါမောက္ခ အဖြစ် အမှုထမ်းနေစဉ် ယုတ္တိဗေဒနှင့် တက္ကိက ဝါဒကို ပို့ချခဲ့သည်။ ၁၈၀၄ ခုနှစ် တွင် ကွယ်လွန်ခဲ့ပေသည်။ သူရေးသားခဲ့သော စာပေများအနက် ကျော်ကြားသော ကျမ်းစာအုပ်များအရ–

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ကန့်

http://www.cherrythitsar.org


၁။ ဆင်ခြင်ခြင်းသက်သက်ကို **စီစစ်ပုံကျမ်း**။
၂။ လက်တွေ့ကျသော ဆင်ခြင်ခြင်းကို **စီစစ်ပုံကျမ်း**။
၃။ ဆုံးဖြတ်ခြင်းသဘောကို စီစစ်ပုံကျမ်းများ ဖြစ်ကြသည်။

## ဆင်ခြင်ခြင်း အဓိက ဝါဒနှင့် အတွေ့အကြုံ အဓိကဝါဒတို့ကို ပေါင်းစပ်ပြီး ဝေဖန်မှု ပြုထားသော ဝိညာဏဝါဒ

'ကန့်'၏ အတွေးအခေါ်တိုးတက်ပုံကို လေ့လာရာတွင် ကာလ အပိုင်းအခြားကို သုံးပိုင်း ပိုင်းခြားရပေမည်။

၁။ ပထမပိုင်း အနေဖြင့် 'ကန့်' သည် ဂျာမန် တွေးခေါ်ရှင် အများအပြားကဲ့သို့ပင်၊ Leibmitz နှင့် Wolff တို့၏ သဘောတရားများ လွှမ်းမိုးမှုကို ခံခဲ့ရပြီး ဆင်ခြင်ခြင်း အဓိကဝါဒီ တစ်ဦး ဖြစ်ခဲ့ပေသည်။ ထို့ကြောင့် အတွေ့အကြုံ လုံးဝမပါဘဲ ဆင်ခြင်တွေးတောခြင်းသက်သက်ဖြင့်သာ လောကကို နားလည်နိုင်သည်ဟုသူက ယူဆခဲ့သည်။ သို့သော်လည်း ဆင်ခြင်ခြင်း အဓိကဝါဒကို သူသည် ကျေနပ်အားရခဲ့သည် ဟူ၍ကား မဆိုနိုင်ပေ။

၂။ ၁၇၆၅ ခုနှစ်လောက်တွင် ဗြိတိသျှအတွေ့အကြုံ အဓိကဝါဒ၏ လွှမ်းမိုးမှုကို တစ်စိတ်တစ်ဒေသခံခဲ့ရ၏။ ထိုကာလကို ဒုတိယကာလဟူ၍ သတ်မှတ်သင့်သည်။ ထိုအချိန်၌ ဂျာမန်ဘာသာဖြင့် ပြန်ဆိုထားသော ဟယူမ်း (Hume) ၏ **'လူ၏အသိဉာဏ်ကို စူးစမ်းစီစစ်ပုံစာတမ်း'**ကို ဖတ်ရ၏။ ထိုသို့ ဖတ်ရှုရသောအခါ၌ သူ၏ တရားသေဝါဒ၏ အမှားများကို တွေ့မြင်၍ သူ လက်ခံခဲ့သော တွေးခေါ်ယူဆပုံများကို ပြန်လည် စီစစ်ကြည့်လေသည်။ အနောက်တိုင်း တွေးခေါ်မြော်မြင်ရေး သမိုင်းတွင် ဤသို့ 'ကန့်' ၏ ပြန်လည် စီစဉ်ခြင်းကို ကန့်၏**တရားသေဝါဒတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားလာရခြင်း** ဟူ၍ ခေါ်ကြလေသည်။ထို့ကြောင့် အသိပညာကို ရရန် အတွေ့အကြုံမှ လွဲ၍ အခြားနည်းလမ်း မရှိဟူသော သဘောကိုလည်း သူလက်မခံနိုင်ပေ။

၃။ ဤသို့ တရားသေဝါဒမှ နိုးကြားလာပြီးနောက် 'ကန့်'၏ တွေးခေါ်

http://www.cherrythitsar.org



မြော်မြင်ပုံမှာ သိသိသာသာကြီး ပြောင်းလဲလာလေသည်။ ယခင်ကဲ့သို့ ဆင်ခြင်ခြင်းကိုသာ အဓိက မထားတော့ဘဲ အတွေ့အကြုံ၏ အရေးကြီးပုံကိုလည်း မြင်လာလေသည်။ အချုပ်အားဖြင့် ဆိုရသော် 'ကန့်'၏ တွေးခေါ် မြော်မြင်ရေး သဘောတရားသည် ဆင်ခြင်ခြင်း အဓိက ဝါဒနှင့်အတွေ့အကြုံ အဓိကဝါဒ နှစ်ခုကို ယုတ္တိဗေဒနည်းကျကျ ပေါင်းစည်းထားသော တွေးခေါ်မြော်မြင်ရေး သဘောတရားပင် ဖြစ်၏။ ဤသည်ကား 'ကန့်'၏ တတိယကာလပင် ဖြစ်၏။

ဤသို့ 'ကန့်'၏ တွေးခေါ် မြော်မြင်ရေး သဘောတရားတွင် ကာလသုံးပါးရှိသည့်အနက် တတိယကာလဖြစ်သော ဆင်ခြင်ခြင်း အဓိကဝါဒနှင့် အတွေ့အကြုံ အဓိကဝါဒတို့ ပေါင်းစည်းထားသော ကာလသည် အရေးအကြီးဆုံးသော ကာလဖြစ်၏။ ယင်းဝါဒနှစ်ခုကို ပေါင်းစည်းထားခြင်းကိုပင် **'ကန့်'၏ ဝေဖန်မှုပြုထားသော ဝိညာဏဝါဒ**ဟု ခေါ်သည်။ 'ကန့်'၏ ဝိညာဏဝါဒသည် ဂျာမန် ဝိညာဏဝါဒ၏ အစဖြစ်၏။

**ဆင်ခြင်ခြင်း အဓိကဝါဒနှင့် အတွေ့အကြုံ အဓိကဝါဒတို့ကို ပေါင်းစည်းခြင်း (သို့မဟုတ်) 'ကန့်'၏ ဝေဖန်မှုပြုထားသော ဝိညာဏဝါဒ။**

ဆင်ခြင်ခြင်းနှင့် အတွေ့အကြုံတို့ကို ပေါင်းစည်းသည့် 'ကန့်'၏ ဝေဖန်မှုပြုထားသော တွေးခေါ်မြော်မြင်ရေး သဘောတရားကို လေ့လာရာတွင် လွယ်ကူစေရန် သူ၏ သဘောတရားတွင် ပါဝင်သော အဆိုများနှင့် ပတ်သက်၍ အမျိုးအစား ခွဲခြားထားပုံကို နားလည်ရပေမည်။

ပထမ အဆိုများကို 'ကန့်'က (က) အနက်တူ အဆိုနှင့် (ခ) အနက်ကွဲ အဆို ဟူ၍ ခွဲခြားသည်။ ဒုတိယအားဖြင့် အဆိုများကို (က) အတွေ့အကြုံ ရှေ့ဖြစ်အဆိုနှင့် (ခ) အတွေ့အကြုံ နောက်ဖြစ်အဆို ဟူ၍ ခွဲခြားပြန်လေသည်။

## အနက်တူအဆို

အကယ်၍ အဆိုတစ်ခုတွင် ရှိသော ဝါစကသည် ၎င်းအဆိုရှိ ကတ္တားပုဒ်၏ တစ်စိတ်တစ်ဒေသ ဖြစ်ခဲ့သော် ယင်းအဆိုကို **အနက်တူအဆို** (ဝါ) စိတ္တဇအကြောင်းဖြင့် ဒဗ္ဗအကျိုးပြုအဆို ဟူ၍ ခေါ်သည်။ ဥပမာ 'မြင့်သော လူ တစ်ယောက်သည် လူတစ်ယောက် ဖြစ်သည်။ ဖြူသော ငန်းသည် ဖြူသည်' ဟူသော အဆိုများသည် အနက်တူ အဆိုများ ဖြစ်ကြ၏။ 'မြင့်သော လူတစ်ယောက်သည် လူမဟုတ်' ဟု

http://www.cherrythitsar.org


ဆိုလျှင် အတွင်းသဘောဆန့်ကျင်ခြင်း ဖြစ်ပေါ်လာပေလိမ့်မည်။ ထိုနည်းတူစွာ 'ဖြူသောငန်းသည် မဖြူ' ဟူ၍ ဆိုသောအခါ၌လည်း အတွင်းဆန့်ကျင်သော သဘောသည် ဖြစ်ပေါ်လာမည် ဖြစ်၏။

ဤအဆိုမျိုး မှန်မမှန်ကို အဆို၏ သဘောကို စီစစ်ခြင်း စသဖြင့် အတိအကျ သိရှိနိုင်ပေသည်။ ဤအနက်တူအဆိုများသည် အစဉ်မှန်သော အဆိုများ ဖြစ်ကြ၏။ ၎င်းတို့၏ ဆန့်ကျင်ဘက်အဆိုများသည် မဖြစ်နိုင်။

အနက်ကွဲအဆို တစ်ခု၏ ဝါစကသည် ၎င်းအဆို၏ ကတ္တားနှင့် အနက် သဘောအားဖြင့် ထပ်တူမဖြစ်ဘဲ ကွဲပြားခြားနားခဲ့သော် ၎င်းအဆိုကို အနက်ကွဲအဆို (ဝါ) ဒဗ္ဗအကြောင်းဖြင့် စိတ္တဇအကျိုးပြုအဆို ဟူ၍ ခေါ်လေသည်။ အတွေ့အကြုံမှ ရသော အဆိုမှန်သမျှသည် အနက်ကွဲအဆိုများ ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုသော အနက်ကွဲအဆိုများသည် အကြောင်းအရာသစ်ကို ဖော်ပြသော အဆိုများ ဖြစ်သည်။

ဥပမာ သဘာဝအတွေ့အကြုံတရားများကို ဖော်ပြသည့် 'ကြေးနီသည် လျှပ်စစ်အားကို ကွပ်ကဲ ထိန်းချုပ်သည်' ဟူသော အဆိုမျိုးကို ဆိုလိုသည်။ ဤ အဆိုများသည် အစဉ်မှန်သည်ဟု မဆိုသာ၊ ဤအဆိုများ၏ ဆန့်ကျင်ဘက်အဆို များသည် ဖြစ်နိုင်၏။

အတွေ့အကြုံ ရှေ့ဖြစ်အဆို အကယ်၍ အဆိုတစ်ခု၏ အမှန်အမှားသည် အတွေ့အကြုံပေါ်၌ လုံးဝမူမတည်ဘဲ ရှိငြားအံ့၊ ၎င်းအဆိုကို အတွေ့အကြုံရှေ့အဆိုဟု ခေါ်သည်။

ဥပမာ 'ဖြူသောငန်းသည် ဖြူသည်' ဟု ဆိုသော အဆိုသည် မှန်၏။ ဤအဆို၏ မှန်ကန်ချက်ကို သိရှိရန် အတွေ့အကြုံသည် မလို။ ငန်းတစ်ကောင်သည် ငန်းဖြူဖြစ်က ၎င်းငန်းသည် ဖြူရမည်သာ ဖြစ်၏။

အတွေ့အကြုံ ရှေ့ဖြစ်အဆိုများ၏ ဆန့်ကျင်ဘက်မှာ အတွေ့အကြုံနောက် ဖြစ်အဆိုများ ဖြစ်သည်။ အတွေ့အကြုံ နောက်ဖြစ်အဆိုများကို အတွေ့အကြုံမှသာ လျှင် ရရှိသည်။ အတွေ့အကြုံရှိပြီးမှ သိသော အသိမျိုးကို ဆိုလိုသည်။ ဤအဆို များ၏ အမှန်အမှားသည် အတွေ့အကြုံပေါ်၌ လုံးဝမူတည်၏။

ဤကဲ့သို့ ခွဲခြားထားသော အဆိုများကို အမျိုးမျိုး တွဲကြည့်လိုက်လျှင် အဆို ၃ မျိုး ရရှိနိုင်သည်။

(က) အတွေ့အကြုံ ရှေ့ဖြစ် အနက်တူအဆိုများ

(ခ) အတွေ့အကြုံ နောက်ဖြစ် အနက်ကွဲအဆိုများနှင့်

http://www.cherrythitsar.org



(ဂ) အတွေ့အကြုံ ရှေ့ဖြစ် အနက်ကွဲအဆိုများ ဟူ၍ ဖြစ်သည်။

(က) အဆိုတစ်ခု၏ မှန်မှု မှားမှုသည် အတွေ့အကြုံပေါ်တွင် လုံးဝမူမတည်ဘဲ ၎င်း၏ ဝါစကသည်လည်း ၎င်း၏ ကတ္တားပုဒ်၏ တစ်စိတ်တစ်ဒေသ ဖြစ်နေပါက ၎င်းအဆိုမျိုးကို အတွေ့အကြုံ ရှေ့အနက်တူ အဆိုဟု ခေါ်သည်။ ထိုအဆိုမျိုးသည် အတွေ့အကြုံ၌ အကြောင်းအရာသစ် အသိသစ်များကို မပေးနိုင်ပေ။

(ခ) အတွေ့အကြုံ နောက်ဖြစ် အနက်ကွဲအဆို ဆိုသည်မှာ အတွေ့အကြုံ၏ အကြောင်းအရာများကို ဖော်ပြသောအဆိုများ ဖြစ်သည်။ အာရုံသိ အတွေ့အကြုံမှ ဖြစ်ပေါ်လာသောကြောင့် ၎င်းတို့သည် အနက်သဘောကိုသာ ဆောင်သည်။ ၎င်းတို့သည် အကြွင့်မဲ့သဘောနှင့် မရှိမဖြစ် လိုအပ်သော သဘောကို မဖော်ပြကြ။ 'အကြွင့်မဲ့' ဆိုသည်မှာ ကာလသုံးပါးတွင် ရှိသော အရာတို့အတွက် မှန်ကန်ခြင်းကို ဆိုလိုသည်။ 'လိုအပ်ခြင်း' ဆိုသည်မှာ အစဉ်မဖောက်ပြန် မပြောင်းလဲခြင်း မရှိမဖြစ် ဓမ္မတာသဘောကို ဆိုလိုသည်။

လိုင်ဗနိအလိုအရ အဆိုတိုင်းသည် 'အတွေ့အကြုံ ရှေ့ဖြစ် အနက်တူ' အဆိုများ ဖြစ်ကြသည်။ ဟယူမ်း၏ အလိုရကား အဆိုအားလုံးသည် 'အတွေ့အကြုံ ရှေ့ဖြစ် အနက်တူ အဆိုများ' နှင့် 'အတွေ့အကြုံ နောက်ဖြစ် အနက်ကွဲအဆို'များ ဟူ၍ နှစ်မျိုးကား ဖြစ်ရပေမည် ဟူ၏။

(ဂ) သို့သော် ကန့်ကမူ 'အတွေ့အကြုံ ရှေ့ဖြစ် အနက်ကွဲအဆို' များလည်း ရှိသည်ဟု ဆိုလေသည်။ 'အတွေ့အကြုံ ရှေ့ဖြစ် အနက်ကွဲ အဆို' များကို ကန့်၏ ခေတ်၌ (၁) သင်္ချာနှင့် သိပ္ပံပညာတွင် လည်းကောင်း၊ (၂) ကိုယ်ကျင့်တရား ပညာဆိုင်ရာ သဘောတရားများတွင် လည်းကောင်း တွေ့ရသည်ဟု ဆိုခဲ့သည်။

'အတွေ့အကြုံ ရှေ့ဖြစ် အနက်ကွဲအဆိုများ' ကို ဥဒါဟရုဏ် ပေးရလျှင် အရာဝတ္ထုတိုင်း၌ အလေးချိန်ရှိသည်။ '၇+၅=၁၂' သို့မဟုတ် 'ပြောင်းလဲမှုတိုင်း၌ အကြောင်းရှိသည်' ဟူသော အဆိုမျိုးများ ဖြစ်သည်။

ဤအဆိုမျိုးကို သေချာစွာ လေ့လာကြည့်ပါက ၎င်းတို့သည် အသစ်ဖြစ်သော အသိပညာကို ပေးလျက် ၎င်းတို့၏ မှန်မှု မှားမှုများလည်း အတွေ့အကြုံအပေါ်၌ မူမတည်ဘဲ ရှိသည်ကို တွေ့ရမည် ဖြစ်၏။ ပြောင်းလဲမှုတိုင်း၌ အကြောင်းရှိသည် ကို လူတိုင်းသိ၏။ ထင်ရှား၏။

ဤအဆိုမျိုးတွင် အကြွင်းမဲ့ သဘောနှင့် မရှိမဖြစ် လိုအပ်သော သဘောများ ရှိ၏။ ဤအဆိုများသည် အကြောင်းအရာသစ်များ အကြောင်းကိုလည်း ဖော်ပြကြ သည်။

http://www.cherrythitsar.org


သာမန်အားဖြင့် ၎င်းတို့ကို အနက်တူအဆိုများဟု ထင်မှတ်ဖွယ် ရှိသည်။ ၎င်းတို့သည် စင်စစ် အနက်ကွဲအဆိုများသာ ဖြစ်ကြသည်ဟု ကန့်က ဆိုသည်။

ထို့ကြောင့် အထက်ဖော်ပြပါ အဆိုများသည် အတွေ့အကြုံ ရှေ့ဖြစ် အနက်ကွဲ အဆိုများ ဖြစ်ကြသည်။

သင်္ချာနှင့် သိပ္ပံဆိုင်ရာ အသိပညာသည် ဆင်ခြင်ခြင်းနှင့် အတွေ့အကြုံ ပေါင်းစပ်ထားခြင်းသာ ဖြစ်သည်ဟု 'ကန့်'က ဆိုလေသည်။ ဤသဘောကို ပေါ်လွင်စေလိုသဖြင့် 'ကန့်'သည် အတွေ့အကြုံ ရှေ့ဖြစ် အနက်ကွဲအဆိုများကို လက်ခံပေသည်။ သူ၏ ဝေဖန်ရေး သဘောတရား၏ သော့ချက်များ 'အတွေ့အကြုံ ရှေ့ဖြစ် အနက်ကွဲ' အဆိုများ မည်ကဲ့သို့ ပေါ်ပေါက်လာပုံကို အကျယ်ချဲ့၍ ဖော်ပြခဲ့ခြင်း ဖြစ်လေသည်။

## ကန့်၏ သိမှုဗေဒ

'ကန့်'သည် အသိပညာ ရရာလမ်းစဉ်ကို ခွဲခြမ်းစိတ်ဖြာ ကြည့်ခဲ့သည်။ ဤကဲ့သို့ ပြုလုပ်ရခြင်းမှာ အသိပညာသည် အတွေ့အကြုံမှ စခဲ့သော်လည်း အတွေ့ အကြုံ ရှေ့ဖြစ် အချက်အလက်များ ပါဝင်နေသည်ကို ထင်ရှားစေလိုသောကြောင့် ဖြစ်သည်။ 'အတွေ့အကြုံ ရှေ့' အချက်အလက်များသည် အာရုံသိ အတွေ့အကြုံ နှင့် မပတ်သက်ပေ။

လောကကြီးကို သိသော အသိဉာဏ်ကို အာရုံသိ **(အတွေ့အကြုံ နှင့် ဆင်ခြင်ခြင်း)** တို့မှ ရရှိသည်။ ဤပညာသည် အဓိကအားဖြင့် စိတ်ကြောင့် ဖြစ်ပေါ်လျက် 'ကန့်' က ၎င်းအသိစိတ်ကို နှစ်ပိုင်း ခွဲခြားထားလေသည်။

(၁) 'အာရုံသိဆိုင်ရာစိတ်'နှင့်

(၂) 'နားလည်ခြင်း ဆိုင်ရာစိတ်' တို့ဖြစ်သည်။ အာရုံသိဆိုင်ရာ စိတ်တွင် အာကာသ (နေရာဌာန) နှင့် ကာလ (အချိန်) တည်း ဟူသော အတွေ့ အကြုံ ရှေ့ဖြစ် သဘောများ ရှိ၍ နားလည်ခြင်းဆိုင်ရာ စိတ်ပိုင်းတွင် နားလည်ခြင်းဆိုင်ရာ ဝိဘတ် (၁၂) မျိုး ရှိလေသည်။

ဥဒါဟရုဏ်အားဖြင့် လူတစ်ယောက်သည် စားပွဲခုံတစ်ခုကို ကြည့်လိုက်လျှင် ၎င်းစားပွဲခုံကို အာကာသနှင့် ကာလအတွင်းတွေ့မြင်ရမည် ဖြစ်၏။ ဤသည်ကား အာရုံသိဆိုင်ရာ စိတ်ပိုင်းအကြောင်း ဖြစ်သည်။ ထိုသူသည် သူမြင်ရသည့် စားပွဲ ကို နားလည်သဘောပေါက်အောင် ကြိုးစားသည်။ ထိုအခါ သူသည် စားပွဲ၌ ဒြပ်

http://www.cherrythitsar.org


ရှိရမည်ဟု တွေး၏။ သို့သော် ယင်းဒြပ်မှာ အတွေ့အကြုံတွင် မတွေ့ရပေ။

ထို့ကြောင့် 'ကန့်'၏ အမြင်တွင် ယင်းဒြပ်မှာ အတွေ့အကြုံ ရှေ့အသိပညာ ဝိဘတ် တစ်ခုပင် ဖြစ်၏။ ဒြပ်ကဲ့သို့သော အတွေ့အကြုံ ရှေ့အသိပညာ၏ ဝိဘတ်များမှာ (၁၂) မျိုး ရှိ၍ ၎င်းတို့သည် ဓမ္မဓိဋ္ဌာန်ကျသော အသိဉာဏ်ကို ဖြစ်စေနိုင်သည်ဟု သူက ဆိုလေသည်။

လောက၏ အသိပညာကို ရရာရကြောင်း လမ်းစဉ်တွင် ပါဝင်သည့် အတွေ့အကြုံ ရှေ့ဖြစ်အရာများ ဆိုသည်မှာ အဘယ်နည်း။ ဤမေးခွန်းမှာ 'ကန့်' အတွက် အလွန်အရေးကြီးလေသည်။

အသိဉာဏ်သည် အတွေ့အကြုံမှ စသည်၊ အသိဉာဏ်သည် အာရုံခံစားရာမှ စတင်သည်။ ဤအစီအစဉ် ရှိသည့် အာရုံသိကို ဖြစ်စေသော အရာများမှာ 'ကန့်' ၏ အဆိုအရ သူ့အလိုလို တည်ရှိနေသော အရာများမှ ဖြစ်သည်။

လော့(က)၏ ထာဝရ အခြေခံကဲ့သို့ပင် ထိုခက်ခဲ နက်နဲသော **'ပကတိ အတိုင်းရှိနေသော အရာများ'** ကိုလည်း ကျွန်ုပ်တို့ မသိမမြင်နိုင်ပေ။ မသိမမြင်နိုင် သော်လည်း ၎င်းတို့သည် ကျွန်ုပ်တို့၏ အာရုံခံစားချက်များကို ဖြစ်ပေါ်လာစေရန် ပြုလုပ်ပေးနိုင်စွမ်း ရှိပေသည်။

အတွေ့အကြုံမှရသော အာရုံခံစားချက်များသည် အစီအစဉ်စနစ်တကျ မဟုတ်ဘဲ အာရုံသိဆိုင်ရာ စိတ်ပိုင်းအတွင်းသို့ ဝင်ရောက်လာကြသည်။ အာရုံသိ ဆိုင်ရာ စိတ်ပိုင်းအတွင်းသို့ ရောက်ရှိလာသည်နှင့် တပြိုင်နက် အစီအစဉ်တကျ ဖြစ်သွားလေသည်။

အာရုံသိဆိုင်ရာ စိတ်ပိုင်းသည် အာကာသနှင့် ကာလ၏ အကူအညီဖြင့် အာရုံခံစားချက်တို့ကို စီမံလေသည်။ အစီအစဉ် ကျအောင် ပြုလုပ်ပေးလေသည်။ အာကာသနှင့် ကာလသည် အတွေ့အကြုံမှ ရသည် မဟုတ်ပေ။ ၎င်းတို့သည် အတွေ့ အကြုံသဘောများ ဖြစ်သည့် အာရုံသိဆိုင်ရာ စိတ်ပိုင်းက အာရုံခံစားချက်များကို အစီအစဉ်ကျအောင် ပြုလုပ်ရာတွင်သာ အာကာသနှင့် ကာလကို အသုံးပြုသည်။ အာကာသ၊ ကာလတို့သည် စိတ်တွင်း၌ တည်ရှိသည်။ ၎င်းတို့သည် သူ့အလိုလို ရှိသော အရာများနှင့် မပတ်သက်ပေ။ 'ကန့်' က ၎င်းတို့ကို အတွေ့အကြုံ ရှေ့ဖြစ် အာရုံသိ ဖြစ်ပုံ သဘောများဟု ခေါ်ဆိုခဲ့သည်။

ပြင်ပလောကမှ လာသော အာရုံခံစားချက်များကို အတွေ့အကြုံ သဘောများ ဖြစ်သော ကာလနှင့် အာကာသတို့ဖြင့် စနစ်တကျ ဖြစ်လာစေသည်။ ဥပမာ ပြရလျှင် မျက်မှန်ပြာ တပ်လျက် သူသည် မည်သည့်အရာကို ကြည့်ကြည့် ပြာနေသည်ဟုသာ

ထင်နေပေလိမ့်မည်။ ထိုနည်းတူစွာပင် အာကာသအမြင်၊ ကာလအမြင်တို့ဖြင့် မွေးဖွားလာသော ကျွန်ုပ်တို့သည် မြင်မြင်သမျှကို အာကာသ၊ ကာလနှင့် နှိုင်း၍သာ ဆုံးဖြတ်ပေမည်။ အာကာသနှင့် ကာလသည် အတွေ့အကြုံရှေ့ဖြစ် 'ပုံစံ' များသာ ဖြစ်သည်ကို အတည်ပြုလိုသဖြင့် ယူကလစ် ဂဲဩမေထရီ၏ မှန်ကန်မှု ပေါ်တွင် အာကာသကို အခြေပြု၍ ကာလကိုမူ သင်္ချာ၏ မှန်ကန်မှုပေါ်တွင် အခြေပြုခဲ့သည်။

အာရုံသိ ဖြစ်ပေါ်ပုံသဘောများ ဖြစ်သော အာကာသနှင့် ကာလတို့သည် စိတ်အတွင်း၌ ရှိသော်လည်း အားလုံးသော လူတို့၏ အာရုံတွင် တွေ့ရှိနိုင်သည်။ 'ကန့်' အဖို့တွင် အရာဝတ္ထုတိုင်းသည် အာကာသနှင့် ကာလအတွင်း၌ ရှိသည်ဟု ဆို၏။ ပြင်ပလောကမှ လာသော အာရုံသိခံစားချက်များကို အာရုံသိ ဖြစ်ပုံသဘော တရားများက စီမံခန့်ခွဲသည်။ ထို့ကြောင့် အရာဝတ္ထုများကို အာကာသနှင့် ကာလ တွင် တွေ့ရသည်။

အတွေ့အကြုံ ရှေ့သဘော ဖြစ်သည့် သိမှုဆိုင်ရာ ဝိဘတ် (၁၂) မျိုးက ဤအာရုံသိများကို စနစ်ကျအောင် စီမံသည် အာကာသနှင့် ပုံစံစစ်များသည် အတွေ့ အကြုံရှေ့ရှိ အာရုံသိဆိုင်ရာ စိတ်ပိုင်း ဖြစ်သည်ကို ဖော်ပြခဲ့ပေပြီ။

'ကန့်'က အတွေ့အကြုံရှေ့သိမှုဆိုင်ရာ ဝိဘတ်များ သဘောကို ဆက်လက် ရှင်းလင်းလေသည်။ 'ကန့်'သည် နားလည်ခြင်းဆိုင်ရာ ဝိဘတ် အမျိုးအစား ဇယားတစ်ခုကို ဆွဲခဲ့သည်။ ဤဇယား၌ အမျိုးအစား (၁၂) မျိုး ပါဝင်သည်။ ၎င်း (၁၂) မျိုးတို့ကို (၄) ခုခွဲ၍ ဖော်ပြထားသဖြင့် တစ်ခုတွင် သုံးမျိုးစီ ပါဝင်လေ သည်။

**နားလည်ခြင်းဆိုင်ရာ ဝိဘတ်များ**

၁။ **အရေအတွက်သဘော**

(က) စုစည်းညီညွတ်ခြင်း

(ခ) များပြားခြင်း

(ဂ) စုပေါင်းခြင်း

၂။ **အရည်အချင်းသဘော**

(က) စစ်မှန်ခြင်း

(ခ) ငြင်းပယ်ခြင်း

http://www.cherrythitsar.org


(ဂ) ကန့်သတ်ခြင်း

၃။ ဆက်သွယ်မှုသဘော
(က) ဒြပ်
(ခ) ကြောင်းကျိုးဆက်သွယ်မှု
(ဂ) အပြန်အလှန် ဆက်သွယ်ခြင်း

၄။ ဖြစ်ခြင်းသဘော
(က) ဖြစ်နိုင်သော အလားအလာနှင့် မဖြစ်နိုင်သော အလားအလာ
(ခ) ရှိခြင်းနှင့် မရှိခြင်း
(ဂ) မရှိမဖြစ် လိုအပ်ခြင်းသဘောနှင့် ကြုံကြိုက်သလို ဖြစ်ခြင်းသဘော

အာရုံသိဆိုင်ရာ စိတ်ပိုင်းက ပေးအပ်လိုက်သော အသိကို သိမှုဆိုင်ရာ ဝိဘတ်များ၏ အကူအညီဖြင့် နားလည်ခြင်းဆိုင်ရာ စိတ်ပိုင်းက ခွဲခြားပေးသည်။

အသိဉာဏ်သည် အတွေ့အကြုံမှ စသည်။ သို့သော် အတွေ့အကြုံက ပေးသော အသိသည် ရှုပ်ထွေးပွေလီသည့် အာရုံခံစားချက်များသာ ဖြစ်သည်။ အာရုံကုန်ကြမ်းများသာ ဖြစ်ကြသည်။

ထို့ကြောင့် သိမှုဆိုင်ရာ ဝိဘတ်များက ခန့်ခွဲပေးရသည်။ ဤစီမံခန့်ခွဲနည်းကို ကြည့်ကြပါစို့။ အလွယ်ဆုံး ရှင်းလင်းရလျှင် စာအုပ် တစ်အုပ်ကိုပင် ကြည့်ပါ၊ စာအုပ်တစ်အုပ် ဖြစ်သဖြင့် တစ်ခုတည်းသော စုစည်းညီညွတ်ခြင်း သဘောရှိ၏။ ထို့ပြင် စာမျက်နှာပေါင်း မြောက်မြားစွာ ရှိသဖြင့် အများသဘောလည်း ရှိသည်။ အတွေးအခေါ်များစွာ စာမျက်နှာများစွာကို စုပေါင်း ချုပ်လုပ်ထားသဖြင့် အစုအပေါင်းသဘောလည်း ပါဝင်သည်။ဤနေရာအထိ ကျွန်ုပ်တို့သည် အရေအတွက် ဗယားကို အသုံးပြုခဲ့သည်။

ထိုနည်းတူစွာပင် အရည်အချင်းဗယားကိုလည်း အသုံးပြုနိုင်ပါသေးသည်။ အရာဝတ္ထုတစ်ခုသည် အမှန်ရှိသည်ဟု ပထမ ဆိုသည်။ ထို့နောက် ထိုအရာဝတ္ထု၏ ရှိခြင်းကို ငြင်းပယ်သည်။ သို့မဟုတ် ကန့်သတ် ပြောဆိုနိုင်ပါသည်။ ဆက်သွယ်မှုဗယားကိုလည်း ဆက်၍ အသုံးပြုနိုင်သည့်အတွက် ကျွန်ုပ်တို့ အာရုံတွင် ဖြစ်ပေါ်လာသည့် စာအုပ်မှာ အထည်ဒြပ်နှင့် ဖြစ်သည်ဟု သိရသည်။ ထိုစာအုပ်သည်ပင် အကြောင်းတစ်ခုခုကြောင့် ဖြစ်ပေါ်ရသည်ကိုလည်း သိရသည်။

http://www.cherrythitsar.org


တစ်ဖန် ထိုအရာသည် အာကာသထဲတွင် ရှိ၍ အာကာသတွင် ရှိသော ဒြပ်များသည် အပြန်အလှန် ဆက်သွယ်မှု သဘောရှိသည်။ တစ်ခုနှင့် တစ်ခု ကြောင်းကျိုးအားဖြင့် ဆက်သွယ်နေသည်ကိုလည်း သိရပြန်သည်။

'ကန့်'၏ သိမှုဗေဒတွင် အရေးကြီးသော အချက် သုံးချက် ရှိသည်။ ၎င်းတို့မှာ–

၁။ သဘာဝတရားနှင့် ပတ်သက်၍ သိသော အသိသည် အတွေ့အကြုံ တစ်ခုတည်း ပေါ်တွင် မတည်ပေ။ စိတ်တွင်းရှိ အတွေ့အကြုံ ရှေ့ဖြစ်သဘောများ ပေါ်တွင်လည်း တည်သည်။

၂။ သဘာဝတရားသည် ကျွန်ုပ်တို့ စိတ်သဘော၏ အဆုံးအဖြတ်အတိုင်းသာ ပေါ်လာသည်။ သို့သော်လည်း သိမှုဆိုင်ရာ ဝိဘတ်များကြောင့် ကျွန်ုပ်၏ စိတ်သဘော အဆုံးအဖြတ်အရ ဖြစ်ပေါ်လာသော သဘာဝသည် ဓမ္မဒိဋ္ဌာန်ကျသော သဘာဝသာလျှင် ဖြစ်သည်။

သဘာဝအကြောင်းကို လူတိုင်း အတူတူပင် သိသည်။ လူအသီးသီး၌ မိမိကိုယ်ပိုင် မျက်စိ၊ နှာခေါင်း၊ ခြေလက်များ ရှိသကဲ့သို့ အာကာသနှင့် ကာလ ပုံစံစစ်များ၊ သိမှုဆိုင်ရာ ဝိဘတ် (၁၂) မျိုးတို့သည် လူအသီးသီး၌ ကိုယ်ပိုင် ရှိကြသည်။ ဤအတွေ့အကြုံ ရှေ့သဘောများနှင့် ပတ်သက်၍ အားလုံးသော စိတ်တို့၌ တသဘောတည်းသာ ရှိသည်။ (အားလုံး အတူတူ သိရှိသည်ကိုသာ ဆိုလိုပေသည်။)

၃။ လောကကြီး၌ စနစ်ရှိသည်။ ထိုစနစ်မှာ အလိုလို ရှိလာသည် မဟုတ်ဘဲ သိမှုသဘောများက စီမံဖန်တီး ပြုပြင်ပေးသဖြင့်သာ စနစ်တကျ ဖြစ်လာရပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာလောက၏ ပင်ကိုယ်သဘာဝ စင်စစ်ကို မသိနိုင်ပေ။ စိတ်က စီစဉ် ပြုပြင်ပေးသည့် အသွင်သဏ္ဍာန် လောကကိုသာလျှင် သိနိုင်ခြင်း ဖြစ်ပေသည်။

## အသွင်လောကနှင့် အစစ်အမှန်လောကအကြောင်း

'ကန့်' ၏ သိမှုဗေဒသဘော အချုပ်မှာ အရာဝတ္ထုများ၏ အမှန်သဘောကို မသိနိုင်ဟူ၍ ဖြစ်သည်။ သူ့အလိုလို ပကတိအတိုင်း ဖြစ်တည်နေသော အရာဝတ္ထုများ၏ အနှစ်သာရ သဘောကို မသိနိုင်ပေ။ စိတ်က ရွေးချယ် ပြုပြင်ပြီး သည်များကိုသာ သိရသည်။ တစ်နည်းအားဖြင့်ဆိုသော် အရာဝတ္ထုများ၏

http://www.cherrythitsar.org



အသွင်ကိုသာ သိရသည်။

ထို့ကြောင့် 'ကန့်' သည် သူ့အတွေးအခေါ်များ၌ လောကကို အသွင်လောကနှင့် အစစ်အမှန်လောက ဟူ၍ နှစ်မျိုး နှစ်စား ခွဲခြားလိုက်၏။

ဤတွင် မှတ်သားရန် အချက်တစ်ခုမှာ အာကာသနှင့် ကာလ သိမှုဆိုင်ရာ ဝိဘတ် (၁၂) မျိုးတို့ကို အပြင်လောကမှ လာသော (သူ့အလိုလို ရှိနေသည့် အရာများမှ ဖြစ်ပေါ်လာသော) ရှုပ်ထွေးနေသည့် အာရုံ ခံစားချက်များနှင့် ပတ်သက်၍သာ အသုံးချနိုင်လျှင် သူ့အလိုလို ရှိနေသော အရာများနှင့် ပတ်သက်၍မူ ၎င်းတို့ကို အသုံးချ၍ မရပေ၊ အကယ်၍ သူ့အလိုလို ရှိသော အရာများနှင့် ပတ်သက်၍ အာကာသနှင့် ကာလ၊ သိမှုဆိုင်ရာ ဝိဘတ် (၁၂) မျိုးတို့ကို အသုံးချလျှင် ဆန့်ကျင်မှုများ ဖြစ်ပေါ်လာပေလိမ့်မည်ဟု 'ကန့်'က ဆို၏။

ဤဆန့်ကျင်ဘက်များကို အဆိုပြုသောအခါ မူလအဆိုနှင့် ပတ်သက်၍ အဆိုများ ဖြစ်ပေါ်လာမည် ဖြစ်၏။ 'ကန့်'၏ အလိုအရမူ ဤမူလအဆိုနှင့် ပတ်သက်၍ အဆိုတို့ကို ပေါင်းစည်း၍ မရနိုင်ဟူ၍ ဖြစ်၏။

ထို့ကြောင့် သိမှုတွင် အာကာသနှင့် ကာလ၊ သိမှုဆိုင်ရာ ဝိဘတ် (၁၂) မျိုးတို့ကို မလွန်ဆန်နိုင်သော လူသားသည် အစစ်အမှန် လောကကို မည်သည့် နည်းနှင့်မျှ မသိနိုင်ဟု 'ကန့်'က ဆိုခဲ့လေသည်။

## ကန့်၏ အတွေးအခေါ်နှင့် သူ၏ ကိုယ်ကျင့်တရားအမြင်

'ကန့်'အလိုအရ ကြောင်းကျိုးဆက်သွယ်မှုကို အသွင်လောကတွင် တွေ့ရ၏။ တစ်နည်းအားဖြင့် ဆိုသော် အသွင်လောကကို ကြောင်းကျိုးတရားက စိုးမိုးသည်။ ထို့ကြောင့် ကြောင်းကျိုး ဆက်သွယ်မှု၏ အဆုံးအဖြတ်ကို အသွင်လောကက ခံရသဖြင့် အသွင်လောက၌ လွတ်လပ်မှု မရှိပေ။ 'ကန့်' အလိုအရ ကိုယ်ကျင့်တရား (Morality) သည် စိတ်ဆန္ဒ လွတ်လပ်မှုပေါ်တွင် အခြေတည်သည်။ လူကို အသွင်လောကက ပိုင်နေသမျှ ကာလပတ်လုံး လောကနိယာမ တရားများ၏ အဆုံးအဖြတ်ကို လည်းကောင်း ခံနေရပေမည်။ ဤသို့ လောကနိယာမ တရားများ၏ အဆုံးအဖြတ်က လူသားတစ်ဦး ခံရပါက ၎င်းသည် မလွတ်လပ်ပေ။ 'ကန့်'၏ အလိုအရ လွတ်လပ်ခြင်းကို အမှန်လောကတွင်သာ တွေ့နိုင်သည်။ အဘယ်ကြောင့် ဆိုသော် အမှန်လောကသည်သာ ကြောင်းကျိုးဆက်သွယ်မှုတရား၏ စိုးမိုးဆုံးဖြတ်မှုမှ ကင်းလွတ်သောကြောင့် ဖြစ်၏။ သို့ဖြစ်၍ ကိုယ်ကျင့်တရားဟူသည် အသွင်လောက၌

http://www.cherrythitsar.org


မရှိ၊ အစစ်အမှန်လောက၌သာ ရှိသည်ဟု 'ကန့်'က ဆို၏။

ဤနေရာတွင် 'ကန့်'၏ အတွေးအခေါ်များ တစ်ခုနှင့်တစ်ခု ကိုက်ညီမှု ရှိမရှိကို ဆန်းစစ်ရန် လိုပေသည်။ အစစ်အမှန်လောကကို မသိနိုင်ဟု ၎င်းက 'ပထမ၌ ဆိုခဲ့ပြီး ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ စဉ်းစားလာသောအခါ လူနှင့် အမှန်လောကတို့ ဆက်သွယ်မှု ရှိသယောင် ပြောဆိုခဲ့ပြန်သည်။ သာမန်စိတ်ဖြင့် မသိနိုင်သော အစစ်အမှန်လောကကို ကိုယ်ကျင့်တရား သဘောအားဖြင့် ဆက်သွယ်၍ နားလည်နိုင်သည်ဟု ဆိုပြန်ရကား သူ၏ အတွေးအခေါ်တွင် ရှေ့နောက် ညီညွတ်မှု ကင်းမဲ့ခဲ့ရလေသည်။

'ကန့်'၏ အတွေးအမြင် ဝါဒများသည် သူ၏ နောက်လိုက်များ ဖြစ်သော ဖိ(ချ)တေနှင့် ရှယ်လင်းတို့ လက်ထက်တွင် ဥရောပတစ်ခွင်သို့ ပြန့်နှံ့ ခေတ်စားခဲ့လေသည်။

*    *    *

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ဖိ(ချ)တေ

http://www.cherrythitsar.org

# ဂျာမန် ဝိညာဏ ဝါဒ
# တိုးတက်လာခြင်း

## ၀ှူန်၊ ဂေါ့တလီ(ဘ်)၊ ဖိ(ချ)တေ (၁၇၆၂–၁၈၁၄)

ဂျာမန် အတွေးအခေါ် ပညာရှင်များသမိုင်းတွင် ထင်ရှားခဲ့သော တွေးခေါ် ရှင်ကြီး တစ်ဦးဖြစ်သူ ဖိ(ချ)တေမှာ ဆက်ဆိုနီ နယ်သား တစ်ဦး ဖြစ်သည်။ ၁၇၆၂ ခုနှစ်တွင် မွေးဖွားခဲ့၏။ မိဘများမှာ ဆင်းရဲသား၊ ယက်ကန်းသမားများ ဖြစ်ကြလေသည်။ ငယ်စဉ်ကပင် ပညာရည်ချွန်သူ ဖြစ်ရကား သူငယ်ဖိ(ချ)တေ၏ ဉာဏ်စွမ်းဉာဏ်စကို သဘောကျသော ချမ်းသာကြွယ်ဝသူတစ်ဦးက သူ့အား ရက်ရောစွာ ထောက်ပံ့ခဲ့သည့်အတွက် မိုင်ဆင်နှင့် စကပ်ဖိုတာကျောင်းများတွင် ပညာသင်ကြားခွင့် ရရှိခဲ့၏။ ဂျီနာလိုက်ပဇစ်မြို့များတွင် သာသနာရေးပညာကို လေ့လာလိုက်စားပြီး ဘာသာရေးပညာသင်ခန်းစာများကို ပို့ချနေခဲ့လေသည်။ ၁၇၈၄–၁၇၉၃ ခုအထိ မိမိ အသက်မွေးဝမ်းကြောင်းမှုအတွက် အလွတ်ပညာသင် ကျောင်းဆရာအဖြစ် လုပ်ကိုင်နေခဲ့ရပေရာ တက္ကသိုလ် ပညာသင်ကြားရေးတွင် ကြာမြင့်စွာ အနှောင့်အနှေး ဖြစ်ခဲ့ရလေသည်။ ၁၇၉၀ ခုနှစ်တွင် ကျောင်းသားအချို့က သူ့အား ဂျာမန်ဝေဖန်ရေး အတွေးအခေါ်များကို သင်ကြားပို့ချပေးပါရန် ပန်ကြား ကြသည့်အတွက် သူသည် ကန့် ရေးသားထားသော အတွေးအခေါ်ပညာကျမ်း

http://www.cherrythitsar.org


များကို လေ့လာသည်။ ထိုအချိန်သည်ကား သူ၏ အတွေးအခေါ် လမ်းကြောင်း ပြောင်းလဲသွားရန် ဖန်တီးလာသောအချိန် ဖြစ်၏။ ၁၇၉၄ ခုနှစ်တွင် သူ့ကို ဂျီနာ တက္ကသိုလ်တွင် ပါမောက္ခရာထူး ပေးလေသည်။

ဂျီနာသည် ထိုစဉ်က ဂျာမနီပြည်တွင် အတွေးအခေါ် လုပ်ငန်း၏ ဗဟို အချက်အချာဌာန ဖြစ်သည်။ ဖိ(ချ)တေလည်း ဂျာမန် ဝိညာဏဝါဒီများ ဂိုဏ်း ခေါင်းဆောင် ဖြစ်လာလေတော့သည်။ သူ့အတွေးအခေါ်များ၏ အဓိက ရည်မှန်း ချက်မှာ သိပ္ပံပညာနှင့် အတွေးအခေါ် ပညာနယ်တွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်း များ လုပ်သကဲ့သို့ လူ့ဘဝပြုပြင်ပြောင်းလဲရေး လုပ်ရန် ဖြစ်သည် ဆို၏။

၁၇၉၄ မှ ၁၇၉၉ ထိ ဂျီနာတွင် နေထိုင်စဉ်အတွင်း ဖိ(ချ)တေသည် အသိ ပညာသိပ္ပံ၊ သဘာဝ အခွင့်အရေးနှင့် ကိုယ်ကျင့်တရားပညာ စသည့် ကျမ်းများကို ရေးသားခဲ့လေသည်။ ၁၇၉၈ ခုနှစ်တွင် **'ထာဝရဘုရား၏ လောကဖြစ်စဉ်ကို ကျွန်ုပ် တို့ ယုံကြည်ရာ အခြေခံတရား'** ကျမ်းကို ရေးသား ထုတ်ဝေခဲ့၏။ ယင်းကျမ်းတွင် ဖိ(ချ)တေသည် ထာဝရဘုရားသခင်ကို ကိုယ်ကျင့်တရား လောကဖြစ်စဉ်နှင့် ထပ်တူထား၍ ပြခဲ့သည်။

ထို့နောက် သူသည် ပါမောက္ခရာထူးကို စွန့်ခဲ့ပြီး ဂျီနာမှ ဘာလင်မြို့သို့ ထွက်သွားခဲ့လေသည်။ ဘာလင်တွင်နေစဉ် သူ၏ အတွေးအခေါ် လုပ်ငန်း တိုးပွား ရေး အတွက် ကြိုးစားခဲ့၏။ ၁၈၀၇–၁၈၀၈ ခုနှစ်အတွင်း 'ဂျာမန် လူမျိုးများသို့ တိုင်တည်ချက်' စာတမ်းကို ဟောကြားနေခဲ့၏။ ထိုစာတမ်းတွင် နပိုလီယန်စစ်တပ်က ဘာလင်ကို သိမ်းထားစဉ် ဖြစ်လျက် ဂျာမန်တို့ မျိုးချစ်စိတ်ဓာတ် ထွန်းကားလာ အောင် တိုက်တွန်းလှုံ့ဆော်ခဲ့လေသည်။ ထို့နောက် ဘာလင် တက္ကသိုလ်အသစ် ဖွင့်ရာ သူသည် ပါမောက္ခ ရာထူးကို ရရှိခဲ့ပြန်သည်။ ထိုအလုပ်မှာပင် အသက် ထက်ဆုံး လုပ်ကိုင်နေခဲ့၏။

## ကန့်နောက် ပေါ်ပေါက်သော အတွေးအခေါ်များ

ကန့်နှင့် ခေတ်ပြိုင် ပေါ်ပေါက်သော နောက်လိုက်များ၊ သူ ကွယ်လွန်ပြီးနောက် ပေါ်ပေါက်လာသော သူ့နောက်လိုက်များ အားလုံးလိုလိုပင် တက္ကိကဝါဒ နောက် သို့ လိုက်ကြသည်။ ထိုသူတို့သည် အသိပညာနယ်၌ သဘော အယူအဆချင်း တူညီရေး၊ သိပ္ပံပညာများ၌ အခြေခံချင်း တူညီရေး၊ သူ့ဘာသာ ပကတိအတိုင်း ရှိနေသည် ဆိုသော လောကကို နားလည်ရေး၊ ဘုရားရှိကြောင်း လွတ်လပ်ခွင့်

http://www.cherrythitsar.org


နှင့် နိစ္စထာဝရ သဘောတရားတို့ကို အမှန်ရှိကြောင်း ဖော်ထုတ်ရေး လုပ်ငန်းများကို လုပ်ကြသည်။ သူတို့အားလုံး၏ အမြင်တွင် ခေတ်အဆက်ဆက်က ကျန်ရှိနေခဲ့သော စနစ်များ၏ အခြေခံ ကွဲပြားမှုကို တူညီလာအောင် စုစည်းပေးနိုင်သော တစ်ခု တည်းသော နည်းလမ်းသည် 'ဝေဖန်ရေး ကျသော ဝိညာဏဝါဒ' ဖြစ်သည်ဟု မြင်လာကြသည်။

ကန့်သည် စက်ယန္တရားဆန်သော ရုပ်သဘာဝ လောကအမြင်များ၊ ရုပ်ပိုင်း ဘဝကို ယုံစားသူတို့၏ ပဓာနဝါဒ၊ အနိဿရိယ နိမ္မာနဝါဒ၊ သုခပဓာနဝါဒများ အားလုံးကို ငြင်းပယ်ပြီး လူသား၏ တန်ဖိုးကို အရေးထား စဉ်းစားခဲ့သည် ဆိုသည်။

ကန့်၏ အတွေးအမြင် ဝါဒ သဘောတရားများသည် ဂျာမနီပြည်တွင် သူ၏ နောက်လိုက်များ ဖြစ်ကြသော ဖိ(ချ)တေ၊ ရှယ်လင်း စသူတို့ လက်ထက် တွင်မှ အထူးတိုးတက် ပြန့်ပွားလာခဲ့လေသည်။

## ဖိ(ချ)တေ၏ မူဝါဒ

ဖိ(ချ)တေ၏ အမြင်တွင် ဝေဖန်ရေးကျသော အတွေးအခေါ်များ၏ အခြေခံ သဘောတရားမှာ လွတ်လပ်ခြင်း အယူအဆပင် ဖြစ်သည်ဟု မြင်သည်။

ဖိ(ချ)တေက အတ္တ(ဝါ) မနောဓာတ်သည် အရာဝတ္ထုတို့ အလယ်တွင် ဖြစ် တည်နေသော အရာဝတ္ထု ပစ္စည်းတစ်ခု မဟုတ်၊ မနောဓာတ်သည် ကြောင်းကျိုးဆက် နွယ်မှုနိယာမတွင် ကွင်းဆက် တစ်ခုသာ ဖြစ်၏။ မနောဓာတ်သည် လွတ်လပ်ခွင့် ရှိ၏။ ကိုယ်ပိုင် ပြဋ္ဌာန်းပိုင်ခွင့် ရှိ၏။ ယင်းသို့ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့် ဆုံးဖြတ် လုပ်ကိုင်သော အမှုကိစ္စတို့သည်သာလျှင် မှန်သော သစ္စာတရားများ ဖြစ်ကြ၏။ အသက်ရှင်နေ၏။ ယင်းသို့ ကိုယ်ပိုင် ဆုံးဖြတ် ပြဋ္ဌာန်းရခြင်း မရှိဘဲ လုပ်ကိုင်ရသမျှ သော အလုပ်တို့သည်ကား အသေများ၊ အသက်မဲ့သော အရာများသာလျှင် ဖြစ်ပေ သည်ဟု သူ တင်ပြသည်။ လွတ်လပ်စွာ ဆုံးဖြတ်ပြဋ္ဌာန်းလုပ်ပိုင် ခွင့်သည်သာလျှင် အသိပညာနှင့် အပြုအမူမှန်သမျှ၏ အသက် ဝိညာဏ်ဓာတ်၊ မနောဓာတ်ဖြစ်သည်။ ဤတရားသည်ကား ကျွန်ုပ်တို့ ရပ်တည်ရာ လောကအလုံးကို လှုံ့ဆော်တိုက်တွန်း လှုပ်ရှားတိုးတက်စေသော သက်စောင့်ဓာတ်လည်း မည်ပေသည်ဟု သူက ဆိုသည်။ လွတ်လပ်ခြင်း တရားသည်သာ သဘောတရားရေး အသိအမြင် အားလုံးကို တူညီ သော အခြေခံ၌ ပေါင်းစုညီညာစေသော တရား ဖြစ်သည်ဟုလည်း သူမြင်သည်။

ဖိ(ချ)တေသည် သဘောတရားနှင့် လက်တွေ့ ဆင်ခြင်ပုံ တရားနှင့် ပတ်သက်

http://www.cherrythitsar.org



သော အခြေအနေများ၊ မူအယူအဆများကို အသေးစိတ် နားလည်လွယ်အောင် တင်ပြခဲ့လေသည်။

## သိမှုသိပ္ပံပညာ၏ ရည်ရွယ်ချက်နှင့် နိသျည်း

ကန့်သည် သူ၏ သိမှုဆိုင်ရာ ဝိဘတ်များကို အတွေ့အကြုံ လောကမှ တရားကိုယ် ထုတ်ယူခြင်းဖြင့် ရယူခဲ့သော်လည်း ယင်းဝိဘတ်တို့သည် စဉ်းစား ဆင်ခြင်မှုတွင် မရှိမဖြစ် လိုအပ်သော နိယာမ တရားများ ဖြစ်ကြောင်းကိုမူ ဖော်ပြခြင်း မရှိခဲ့ဟု ဖိ(ချ)တေက ဆိုသည်။

ကန့်အနေနှင့် သူ၏ အယူအဆများ၊ ဝိဘတ်များကို သက်သေ ထုတ်ပြခြင်း လည်း မပြုခဲ့။ အမှန်မှာ ယင်းတရားတို့ကို အခိုင်အမာ ပြဆိုလိုလျှင် ၎င်းတို့သည် ဘုံအခြေခံ တစ်ခုတည်းက ပေါ်လာကြကြောင်း ဆွဲထုတ်ပြရမည်။ ဆိုလိုသည်မှာ ၎င်းတို့ကို သိပ္ပံနည်းလမ်း အစဉ်အတိုင်းသာ သက်သေပြဆို၍ ရနိုင်ပေသည်။

ဖိ(ချ)တေ အမြင်တွင် မည်သည့်သိပ္ပံပညာမျိုး၌မဆို ယင်းသိပ္ပံပညာနှင့် ဆီလျော်သင့်မြတ် အံဝင်ဂွင်ကျရှိသော အဆိုများဖြင့် ဖွဲ့စည်းထားခြင်း ရှိရမည်။ ထိုအဆိုများသည် မူလ ပထမစည်းမျဉ်းတစ်ခုတည်းဖြင့် ဖွဲ့စည်းရမည်။ အဆိုများ အချင်းချင်း ဝမ်းတွင်းဆက်စပ်မှုလည်း ရှိရမည်။ သို့ဖြင့် ယင်းအဆို အားလုံးသည် တစ်သဘောတည်း၌ စုစည်းကုံးဝင်လျက် ရှိရမည်။ သို့ဖြစ်ပေရကား အာကာသ ဟူသော အယူအဆသည် ဂျီသြမေထရီတွင် အချက်အချာ အယူအဆ ဖြစ်လာပေ သည်။ ဤနည်းဖြင့် သိပ္ပံပညာအားလုံး အကျုံးဝင်သော ယေဘုယျ ဘုံသိပ္ပံပညာ တစ်ခုကို ရှာဖွေ ရရှိနိုင်သည်ဟု ဖိ(ချ)တေ ယူဆသည်။

အဆိုပါ အကြွင်းမဲ့ ယေဘုယျကျသော ဘုံသိပ္ပံ (ဝါ) ဘုံဒဿန (Wissen-schaftslehre) သည် ကျန်သိပ္ပံပညာ အားလုံးအတွက် ကေန္ဒြိကသစ္စာကို ဖော်ထုတ် ပေးနိုင်သည်ဟုလည်း သူ ယုံကြည်သည်။ ဤဘုံဒဿနကို ပင်ကိုယ်အားဖြင့် မှန် ကြောင်း သိသာထင်ရှားသော အဆိုများမှ ထုတ်ယူဆင်ခြင်၍ ရရှိစေရမည်။ ထိုကဲ့သို့ ပထမ မူလအခြေခံ အဆိုမှ ရရှိလာခြင်းအားဖြင့် ကျန်အဆိုပြုချက်များ ကျန်သိပ္ပံပညာအားလုံးသည် ယုတ္တိရှိကြောင်း ပြပြီး ဖြစ်စေရမည်ဟု သူ တင်ပြခဲ့ လေသည်။

ဖိ(ချ)တေ၏ လောကအမြင်အရ ဆင်ခြင် တွေးတောမှု၏ အစမူလကို စူးစမ်းသောအခါ၌ တွေးခေါ်ရှင်သည် စိတ်ဆန္ဒကို စေ၍ သူ၏ အတွေးအခေါ်များကို

http://www.cherrythitsar.org


လှုပ်ရှားစေရမည်။ ထို့ကြောင့် အတွေးအမြင်ပညာသည် လောက အချင်းအရာ အဖြစ်အပျက်များကို မူတည်၍ ပေါ်လာသည် မဟုတ်။ အလုပ်ကို မူတည်၍သာ ပေါ်လာခြင်း ဖြစ်သည်။ အသိပညာသည် လောကကို ကြေးမုံပြင်၌ အရိပ်ထင် စေသကဲ့သို့ လှုပ်ရှားသက်ဝင်မှုကင်းသော ရုပ်သေကြီး မဟုတ်၊ သက်ရှင် လှုပ်ရှား ဆုံးဖြတ် ပြဌာန်းလုပ်ဆောင်နေသော အစဉ်လှုပ်ရှားသည့် ဖြစ်စဉ်ကြီးသာ ဖြစ်သည် ဟုလည်း သူ မြင်သည်။


သူ့အမြင်အရ ဆိုခဲ့ပြီးသော ဘုံဒဿန၊ ဘုံသိပ္ပံပညာ၏ စတင်ရာ အကြောင်းတရားသည် ကိုယ်တိုင် ပြဌာန်းနိုင်သော ထင်ရှားသော ဆင်ခြင်တုံတရား (အတ္တ)သာလျှင် ဖြစ်သည်ဟု ဆိုသည်။

ဖိ(ချ)တေသည် လောကဖြစ်ရပ်အားလုံးကို အတ္တတွင် အခြေပြု စဉ်းစားခဲ့ လေသည်။ အတ္တသည် အလုံးစုံ ခပ်သိမ်းကုန် ဖြစ်ရကား အတ္တ၏ အပြင်အပ၌ ဘာမျှ ဖြစ်တည်နေခြင်း မရှိဟု သူမြင်သည်။ ထို့ကြောင့် အတ္တ (ဝါ) မနောဓာတ် ၏ အပြင်ဘက်၌ ပကတိတည်နေသော အရာဟူ၍ တစ်သီးတစ်ကန့် ပိုင်းခြား၍ မရှိတော့ပြီဟုလည်း သူ ယူဆလေသည်။ သူတင်ပြသော အတ္တမှာ အကြွင်းမဲ့ ယေဘုယျအတ္တ ဖြစ်သည်။

ဖိ(ချ)တေသည် ကိုယ်တရား ပညာပိုင်းတွင် ကန့်၏ လောကဝဇ္ဇတရား (Categorical Imperative) ကို ယူ၍ စဉ်းစားခဲ့၏။

* * *

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ရှယ်လင်

http://www.cherrythitsar.org

## ဖရက်ဒရစ်၊ ဝီလျံ ရှယ်လင် (၁ရရ၅–၁၈၅၄)

ရှယ်လင်ကို ၁ရရ၅ ခုနှစ်တွင် ဖွားမြင်သည်။ တူးဘင်ဂျင် တက္ကသိုလ် သာသနာရေးပညာဌာနတွင် ဒဿနိကဗေဒနှင့် သာသနာရေးပညာကို လေ့လာလိုက်စားခဲ့လေသည်။ လိုက်ပဇစ်မြို့တွင် တပည့်များအား အလွတ်ပညာသင် ဆရာအဖြစ်ဖြင့် ပညာများ ပို့ချနေစဉ်အတွင်း မိမိကိုယ်တိုင်ကလည်း သင်္ချာ၊ ရူပဗေဒ၊ ဆေးပညာများကို တက္ကသိုလ်တွင် တက်ရောက်ဆည်းပူးခဲ့ပြန်လေသည်။ ၁ရ၉၈ ခုနှစ်တွင် ဂျီနာတက္ကသိုလ်၌ ပါမောက္ခရာထူးကို လက်ခံရရှိခဲ့လေသည်။ ဤတက္ကသိုလ်တွင် အမှုထမ်းနေစဉ်မှာပင် သူ၏ ထင်ရှားသော အတွေးအခေါ် ပညာလုပ်ငန်းများကို လုပ်ကိုင်ခွင့် ရရှိခဲ့လေတော့သည်။ ထို့နောက် အနုပညာသိပ္ပံကျောင်း ညွှန်ကြားရေးဝန်ရာထူးကို လည်းကောင်း၊ မြူနစ်မြို့တွင် ဖွင့်လှစ်သော တက္ကသိုလ်၌ ဒဿနိကဗေဒဌာန ပါမောက္ခရာထူးကို လည်းကောင်း လက်ခံ လုပ်ကိုင်ခဲ့လေသည်။ ထို့နောက် ဟေဂယ်၏ အတွေးအခေါ် လှိုင်းဂယက် ထချိန်တွင် သူ့အား ဟေဂယ်ကို ခံတိုက်နိုင်ရန် ဘာလင်သို့ ဖိတ်ခေါ်ခဲ့ကြသည်။ သို့ရာတွင် သူ့အနေနှင့် ထင်သလောက်မအောင်မြင်ခဲ့ပေ။ သူသည် ၁၈၅၄ ခုနှစ်တွင် ကွယ်လွန်ခဲ့၏။

နုပျိုစဉ်ကာလကမူ ဖိ(ချ)တေ၏ အတွေးအမြင် သဘောတရားများကို ရှယ်လင် လက်ခံခဲ့၏။ ဒုတိယပိုင်း အရေးအသားများကို ကြည့်ရှုလေ့လာမည်ဆိုပါက ရှယ်လင်အား စပင်နိုဇာနှင့် ဘရူနို၏ သဘောတရားများက လွှမ်းမိုးနေသည်ကို တွေ့ရသည်။ ထိုအချိန်အထိ ရှယ်လင်သည် သဘာဝတရားနှင့် စိတ်ဝိညာဏ်တို့သည်

http://www.cherrythitsar.org



မြင့်မားသော အရာတစ်ခု၏ နှစ်ပက္ခသဘောများသာ ဖြစ်သည်ဟု သူ မြင်သည်။

တတိယပိုင်းတွင်ကား သူ့အဆိုအရ အပြုသဘောရှိ လောကအမြင်ဟု ခေါ်သော အဘိဉာဉ်နှင့် ဗျာဒိတ်တော်များကို ဖော်ညွှန်းသော အတွေးအခေါ်များကို ဖော်ထုတ်လာခဲ့သည်။ သူ့ဝါဒမှာ ဂျေကော့(ဗ)ဆိုဟိ(မ)၏ အယူဝါဒနှင့် ဆင်တူသည်။

သူ့အမြင်တွင် စကြာဝဠာကြီးသည် ဘုရားသခင်က ချပေးသော အရာဖြစ်သည်ဟူ၏။ သူကား အဘိဉာဉ်ဆန်သော ဝိညာဏဝါဒီ တစ်ဦးပင် ဖြစ်ပေသည်။

## သဘာဝတတ္တဒဿနိကဗေဒ

ရှယ်လင်သည် ဝိညာဏဝါဒ အသစ်တစ်ခုကို ကြံစည်တင်ပြခဲ့လေသည်။ သူ့ဝါဒအရ လောကအတွေ့အကြုံကို စိတ်ပိုင်းဆိုင်ရာ အယူအဆများဖြင့် ရှင်းပြခဲ့၏။ သူ့အနေနှင့် ဖိ(ချ)တေ တင်ပြခဲ့သော ဤစကြာဝဠာကြီးကို အကြွင်းမဲ့အတ္တကြီးက ထုတ်လုပ်ခဲ့သည် ဆိုသော အမြင်ကို သူလက်မခံချေ။

ရှယ်လင်အနေနှင့် 'သဘာဝတရားသည် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများ၏ ရုပ်လက်နက် ဖြစ်သည်' ဆိုသော အမြင်တရားကိုလည်း လက်မခံခဲ့ချေ။

အကယ်၍ အစစ်အမှန် ထာဝရ သဘာဝ သစ္စာတရားသည် လူ၏ ဝိဉာဉ်နှင့် နီးနွယ်သော အစဉ်လှုပ်ရှားသက်ဝင်လျက် ကိုယ်ပိုင် ပြဋ္ဌာန်းနိုင်သောအရာ ဖြစ်မူ ထိုသဘာဝကြီးသည် လူ၏ ဝိဉာဉ်မှ အခြားမဲ့၍ ဖြစ်တည်နေသည်ဟု မယူရာ။ သဘာဝတရားကို လူသားအနေနှင့် သိနားလည်နိုင်ခြင်းမှာ သဘာဝတရားသည် လှုပ်ရှားနေသောစိတ်၊ ဆင်ခြင်ဉာဏ်၊ လောဘဆန္ဒများကို သရုပ်ဖော်နေသော အရာ ဖြစ်သောကြောင့်တည်းဟု သူက ဆိုသည်။ ဤနေရာ၌ ဆင်ခြင်တုံတရားသည် သိမှု တစ်ခုတည်း မဟုတ်၊ သိမှု မသိမှု အားလုံးပါဝင်သော ရည်ရွယ်ချက်နှင့် ဖြစ်သော သက်ရှိရုပ်၊ သက်မဲ့ရုပ် အလုံးစုံတွင် ကိန်းဝပ်နေသော အရာ ဖြစ်သည်ဟု ရှယ်လင်က ပုံကြီးချဲ့၍ တင်ပြခဲ့လေသည်။

ရှယ်လင်က သဘာဝနှင့် စိတ်၊ ရှိခြင်းနှင့် တွေးတော သိမြင်ခြင်းသည် စပင်နိုဇာတို့ တင်ပြသကဲ့သို့ ယှဉ်ပြိုင် ဖြစ်ပေါ်နေသော ထာဝရဘုရား၏ ဂုဏ်သတ္တိ နှစ်ခု မဟုတ်၊ အကြွင်းမဲ့ ဝိဉာဉ်တော်၏ အဆင့်ဆင့် တိုးတက် ဖြစ်ပေါ်ရာလမ်းတွင် အဆင့်နှစ်ဆင့်သာ ဖြစ်သည်ဟု သူက ဆိုလေသည်။ အကြွင်းမဲ့ ထာဝရ ဝိဉာဉ်တော်သည် ဖြစ်စဉ်သမိုင်းရှိသော အရာသာ ဖြစ်သည်။ ထိုဖြစ်စဉ် သမိုင်း၏

http://www.cherrythitsar.org


အထွဋ်အထိပ်မှာ ပင်ကိုယ်အားဖြင့် အလုံးစုံကို သိမြင်နိုင်သောသဘော ရှိခြင်းပင် ဖြစ်ပေတော့သည်ဟု သူ ဆိုပြန်သည်။


မိမိကိုယ်ကို ပြန်မြင်၊ ပြန်သိနိုင်သော အဆင့်သည် သဘာဝ တိုးတက်မှု၏ အမြင့်ဆုံးအဆင့် ဖြစ်ပေရာ ထိုအဆင့်သည် လူဖြစ်သော အဆင့်ပင် ဖြစ်ချေသည်။ သဘာဝနှင့် စိတ် (ဝိညာဏ်) တရား နှစ်ပါးစလုံးသည် လူတွင် တွေ့မြင်ရသည်။ လူသားသည် သဘာဝတရားက ထုတ်လုပ်သော အမြင့်မြတ်ဆုံး သတ္တဝါ ဖြစ်သည်။ လူတွင် သဘာဝတရားသည် မိမိအဖြစ်ကို မိမိ ပြန်သိနိုင်ခဲ့လေသည်။

ရှယ်လင်သည် ဟေဂယ်မတိုင်မီကပင် သဘာဝတရား၏ ဖြစ်စဉ်များသည် ဒိုင်ယာလက်တစ် ဖြစ်စဉ်အတိုင်း ဖြစ်ပျက်နေကြသည်ကို တွေ့မြင်ခဲ့လေသည်။ ဆန့်ကျင်ဘက်တရားတို့သည် သဘာဝလောက၌ ဒွန်တွဲဖြစ်ပေါ်နေကြသည်ဟု သူ မြင်ခဲ့လေသည်။

ရှယ်လင်သည် သူ၏ စိတ်ပိုင်း ဒဿနိက အမြင်များကို 'ရုပ်လွန်ဝိညာဏဝါဒစနစ်' ကျမ်းတွင် ဖော်ထုတ် ဟောကြားခဲ့လေသည်။ သို့ရာတွင် ကျွန်ုပ်တို့အနေနှင့် ဤဝိညာဏဝါဒ ဂိုဏ်းသားတို့၏ အတွေးအမြင်များကို အကျယ် မတင်ပြလိုပြီ၊ အမျိုးသဘောဖြင့် ဟေဂယ်ကို လေ့လာသောအခါ လွယ်ကူစေမှုကို ရှေ့ရှု၍သာ တင်ပြလိုက်ရခြင်း ဖြစ်ပေတော့သည်။

* * *

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ဟေဂယ်

## ဟေဂယ်(၁၇၇၀–၁၈၃၀)

## အနန္တ ဝိညာဏ်တော်ဝါဒ

ဂျော့၊ ဝီလျံ၊ ဖက်ရက်ဒရစ် ဟေဂယ် (၁၇၇၀–၁၈၃၀)ကို ဂျာမဏီပြည် စတုဂတ်မြို့တွင် ဖွားမြင်သည်။ ၎င်းသည် (၁၉) ရာစုအတွင်း တွေးခေါ်ရှင်များကို လွှမ်းမိုးနိုင်ဆုံးသော တွေးခေါ်ရှင်များတွင် တယောက်အပါအဝင် ဖြစ်သည်။

'ဟေဂယ်' နောက်ဆက် ပေါ်ပေါက်သော တွေးခေါ်ရှင်များသည်။ 'ဟေဂယ်' အတွေးအခေါ်ကို တော်လှန်ခြင်းဖြင့် ထွန်းကားပေါ်ပေါက်လာကြသည်။ 'ဟေဂယ်' ပြုစုခဲ့သော တွေးခေါ် မြော်မြင်ရေး စနစ်တွင် ချွတ်ယွင်းချက်များ ရှိသော်လည်း စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ်ကောင်းသော အကြောင်းအချက်များလည်း ပါရှိသည်။

'ဟေဂယ်'သည် တူဗင်ဂျင်မြို့တွင် ဒဿနိကဗေဒ ပညာရပ်နှင့် ဘာသာရေး ပညာကို သင်ယူလေ့လာခဲ့သည်။ ထိုမြို့မှ ဘွဲ့ရပြီး နောက် (၇) နှစ်ပတ်လုံး ဆွိဇာလန်ပြည်တွင် အလွတ်နည်းပြဆရာ အလုပ်ကို လုပ်နေခဲ့သည်။

(၁၈၀၁)ခုတွင် ဂျီးနားတက္ကသိုလ်၌ ဆရာအဖြစ် အမှုထမ်းပြီး (၁၈၀၅) ခုတွင် ပါမောက္ခရာထူးကို ရခဲ့သည်။

ဂျီးနားတွင် စစ်ဖြစ်ပွားပြီးနောက် (၁၈၀၆) ခုတွင် တက္ကသိုလ်အခြေအနေပျက် ပြားလာသဖြင့် 'ဟေဂယ်' သည် ပါမောက္ခရာထူးကို လက်လွှတ်ခဲ့ရသည်။ (၁၈၁၈)

http://www.cherrythitsar.org



ခုတွင် ဘာလင် တက္ကသိုလ်က သူ့ကို ပါမောက္ခအဖြစ် ခေါ်ယူခဲ့ပြန်သည်။ ထို တက္ကသိုလ်၌ပင် 'ဟေဂယ်' သည် သူ၏ တွေးခေါ်မြော်မြင်ရေး လုပ်ငန်းကြီးကို စတင်လုပ်ဆောင်ခဲ့သည့်ပြင် နောက်လိုက် တပည့်တပန်းများစွာလည်း ရခဲ့သည်။

'ဟေဂယ်'သည် (၁၈၃၁)ခုတွင် ဝမ်းရောဂါနှင့် ကွယ်လွန်ခဲ့သည်။ ထိုကွယ် လွန်သည့် နှစ်တိုင်အောင်ပင် 'ဟေဂယ်'သည် ဂျာမနီပြည်၌ တွေးခေါ် မြော်မြင် ရေးတွင် ခေါင်းဆောင်ဖြစ်ခဲ့၏။

ဟေဂယ်သည် အချို့နေရာများတွင် ပုဂ္ဂိုလ်ရေးရာအရ ထူးခြားမှုများ ရှိသည်။ ၎င်းဆောင်ရွက်လိုသည့် တစ်ခုတည်းသော အလုပ်မှာ ကမ္ဘာကြီးအကြောင်း နားလည်ရန်နှင့် အရာရာတိုင်းကို ယုတ္တိဗေဒနည်းကျကျ ဖြေရှင်းရန် ဖြစ်သည်။ ၎င်း၏ အခြားပုဂ္ဂိုလ်ရေးရာ ထူးခြားမှုမှာ လွဲဟန်ရှိသော အယူများကို နှစ်သက်တတ် ခြင်းပင် ဖြစ်သည်။

လွဲဟန်ရှိသော အယူအဆဆိုသည်မှာ ဆန့်ကျင်နေသော်လည်း ပေါင်းစည်း ၍ ရနိုင်သော အယူအဆများ ဖြစ်သည်။ လွဲဟန်ရှိသော အချက်အလက်များ ဆိုသည်မှာ ဆန့်ကျင်နေသော်လည်း ပေါင်းစည်း၍ ရနိုင်သော အချက်အလက်များ ကို ဆိုလိုပေသည်။ ဤဆန့်ကျင်နေသော အယူအဆများနှင့် အချက်အလက်များကို ယခင်တွေးခေါ်ပညာရှင်များက ပေါင်းစည်းခြင်းကို မပြုခဲ့ပေ။

ဟေဂယ်လက်ထက်တွင် ဤဆန့်ကျင်သော အယူအဆများနှင့် အချက် အလက်များကို ပေါင်းစည်းခြင်း ပြုခဲ့လေသည်။ ဤသို့ ပေါင်းစည်းခြင်းကြောင့် 'ဟေဂယ်'၏ ကျော်ကြားသော အတွေးအမြင်များ ဖြစ်ပေါ်လာ၏။

## ဟေဂယ်၏ ကျောထောက်နောက်ခံတွေးခေါ်ရှင်များ

ဟေဂယ်၏ အတွေးခေါ်တွင် ၎င်းထက် ရှေးကျသော တွေးခေါ်မြော်မြင် ရေး သဘောတရားအားလုံးတို့၏ အဆီအနှစ်များ ပါဝင်ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ဟေဂယ်၏ အတွေးအခေါ်ကို ဆန်းစစ်ကြည့်ပါက သူ၏ အတွေး အမြင်များ၌ တွေးခေါ်မြော်မြင်ရေး လမ်းကြောင်းကြီးနှစ်ခုသာ အထင်အရှားပါ ဝင်နေကြောင်း တွေ့နိုင်သည်။ ထိုလမ်းစဉ်နှစ်သွယ်မှာ **ခေါမဝိညာဏ ဝါဒနှင့် 'ကန့်'၊ ဖိ(ချ)တေနှင့် ရှယ်လင်တို့၏ ဝိညာဏ ဝါဒ** တို့ဖြစ်သည်။

ဖိ(ချ)တေ၊ ရှယ်လင်တို့နှင့် 'ခေါမဂရိ ဝိညာဏ ဝါဒများက' ဟေဂယ်၏ တွေးခေါ်မှုကို မည်သို့ မည်ပုံ လွှမ်းမိုးနေသည်ကို ဦးစွာ ဆန်းစစ်ကြည့်ကြပါစို့။

http://www.cherrythitsar.org


ဂရိတို့အဖို့ 'အရှိတရား' သဘောသာလျှင် တစ်ခုတည်းသော အမှန်တရားဖြစ်သည်ဟု မှတ်ယူခဲ့ကြ၏။ 'အရှိတရား' သည် တစ်ခုတည်း (ကေသစ္စာ) ဖြစ်သည်။ ထို'အရှိတရား'ကိုလည်း အာရုံရှိအားဖြင့် မသိနိုင်၊ ဆင်ခြင်ခြင်းအားဖြင့်သာလျှင် နားလည်သည်ဟုလည်း မှတ်ယူကြ၏။ ဤအချက်ကို အကြောင်းပြုပြီး ထိုအချိန်မှစ၍ အာရုံခံစားခြင်းနှင့် ဆင်ခြင်ခြင်းသဘောတို့၏ ခြားနားပုံမှာ ပို၍ကွဲကွဲပြားပြား ထင်ထင်ရှားရှား ဖြစ်လာသည်။

ဖြစ်ရပ်အမှန်သဘောကို အာရုံများအားဖြင့် မသိနိုင်။ ဆင်ခြင်ခြင်းအားဖြင့်သာ သိမြင်နားလည်နိုင်သည်ဟူသော ယူဆချက်သည် ခေါမဝိညာဏဝါဒ အားလုံး၏ ထူးခြားချက်ပင် ဖြစ်သည်။

အီလီယာတစ်ဂိုဏ်းသားတို့၏ အတွေးအမြင်များအရ အာရုံအားဖြင့် သိရသော လောကကြီးသည် ရှိသည်ကားမှန်၏။ သို့ရာတွင် ထိုလောကကြီးသည် အစစ်အမှန်သဘောကို အဆောင်ယူဟု ယူဆကြသည်။ တစ်နည်းဆိုရပါလျှင် အပြင်လောက (ဗဟိဒ္ဓလောက)သည် မစစ်မှန်ဟု ဆိုလိုခြင်းဖြစ်သည်။

ထိုအယူအဆကို ပလေတိုက ထပ်မံပြုစုမွမ်းမံခဲ့သည်။ သူက ဆင်ခြင်ခြင်းအားဖြင့် သိရသည့် ရုပ်လွန်နာမ်ကမ္ဘာလောကထဲ၌ ရှိနေသော နာမ်သဘောများသည်သာလျှင် အစစ်အမှန် ဖြစ်သည်ဟု ယူဆသည်။ အာရုံသိနိုင်သော လောက (သို့မဟုတ်) သီးခြားဝိသေသ ဝတ္ထုများ တည်ရှိရာ ဤကမ္ဘာလောကသည် မစစ်မှန်။ အပေါ်ရံအသွင် လောကသာ ဖြစ်သည်ဟု ဆိုလေသည်။

ထိုအချိန်က စ၍ နာမ်တရားတို့ တည်ရာ ကမ္ဘာနှင့် ရုပ်တရားတို့ တည်ရှိရာ ကမ္ဘာဟူ၍ ခွဲခြားရှုမြင်မှု ပေါ်လာပြီး ရုပ်လောကကို ပစ်ပယ်သော သဘောတရားများ ပေါ်လာသည်။

ဤသို့ ရုပ်လောကနှင့်နာမ်လောကကို ခွဲခြားပြခြင်းအားဖြင့် ပလေတိုသည် အသွင်သဏ္ဌာန်သဘောနှင့် အစစ်အမှန်သဘောတို့၏ ခြားနားမှုကို လည်းကောင်း၊ အာရုံသိနှင့် ဉာဏ်သိတို့၏ ခြားနားမှုကို လည်းကောင်း ခွဲခြားပြနိုင်ခဲ့သည်။

ဤသို့ ရုပ်လောကကို ဥပက္ခာပြုစေခြင်းအားဖြင့် ပလေတိုကဲ့သို့သော မြေရှင်ကိုယ်စားပြုသူ တွေးခေါ်ရှင် တစ်ဦးအနေနှင့် ရုပ်လောကထဲရှိ လူတန်းစား ပြဿနာအရပ်ရပ်ကို ပြက်ရယ်ပြုကာ ဖုံးကွယ်နိုင်ခဲ့သည်။ သို့ရာတွင် ဤပြဿနာကား ဖုံးကွယ်၍ ရနိုင်သော ပြဿနာမျိုး မဟုတ်ချေ။ ထို့ကြောင့် ပလေတိုနောက် ဆက်နွယ် ပေါ်ပေါက်သူ အာရစ္စတိုတယ်က လောကနှစ်ပါး ဆက်သွယ်ပုံပြဿနာကို ဖြေရှင်းပေးရသည်။

http://www.cherrythitsar.org


အာရစ္စတိုတယ်၏ ယူဆချက်အရဆိုလျှင် အရာဝတ္ထုများတွင် ဒြပ်နှင့် ပုံတို့သည် ခွဲခြား၍ မရနိုင်လောက်အောင် ပေါင်းစပ်နေသည်။ ပလေတို၏ နာမ်လောကကြီးသည် ရုပ်လောကနှင့် ကင်းကွာ၍ ရုပ်လွန်လောကအဖြစ် တသီးတခြားနေနိုင်စွမ်းရှိသည်ဟူသော ယူဆချက်သည် အဓိပ္ပာယ်မရှိဆိုကာ အာရစ္စတိုတယ်က ငြင်းပယ်ခဲ့သည်။ တစ်နည်းဆိုရလျှင် အထက်တန်းစားများသည် အောက်အလွှာမှ လုပ်သားပြည်သူများနှင့် ကင်းကွာ၍ မတည်နိုင်ကြောင်း ပြလိုက်ခြင်း ဖြစ်သည်။

ယေဘုယျနာမ်သဘောမရှိလျှင် အရာဝတ္ထုဟူ၍လည်း ရှိလိမ့်မည်မဟုတ်။ ထို့ကြောင့် ယေဘုယျနာမ်သည် အရာဝတ္ထုတို့တည်နေသည့် ပကတိ ဒြဗ္ဗသဘော မဟုတ်သော်လည်း ထိုယေဘုယျနာမ်တို့သည် စစ်မှန်သော သဘောကားရှိသည်ဟု သူကဆိုသည်။ သီးခြားဝိသေသအရာဟူသည်မှာ ဒြပ်နှင့်ပုံဟု ခေါ်သော ယေဘုယျနာမ်တို့ ပေါင်းစပ်ထားသော အရာဖြစ်သဖြင့် ယေဘုယျနာမ်ဟူသော သဘော မရှိလျှင် သီးခြားပုဂ္ဂလိက အရာဝတ္ထုများလည်း ရှိနိုင်တော့မည် မဟုတ်ချေ။

ယေဘုယျနာမည်သည် အရာဝတ္ထုတိုင်း၏ မူလဘူတ (အရင်းအမြစ်) ဖြစ်သည်။ ထိုသဘောသည် သီးခြားအရာဝတ္ထုများတည်ရှိရာ လောက ဖြစ်ပေါ်မှု၏ မူလအခြေခံလည်း ဖြစ်သည်။ သို့သော် ယေဘုယျနာမ်များသည် သီးခြားအရာဝတ္ထုများကို ဖြစ်ပေါ်အောင် ဖန်တီးပေးသော အကြောင်းတရားကား မဟုတ်၊ သီးခြားအရာဝတ္ထုများမှာလည်း ယေဘုယျနာမ်ကို အကြောင်းပြု၍ ဖြစ်ပေါ်သော အကျိုးတရားများ မဟုတ်ပေ။ တစ်နည်းဆိုသော် ကမ္ဘာကြီးသည် ယေဘုယျနာမ်သဘောမှ ရလာခြင်းမှာ အကြောင်းတရားမှ အကျိုးတရားကို ကာလ အလိုအားဖြင့် စေ့ဆော်ရလာသည့် သဘောမျိုး မဟုတ်။ ယုတ္တိဗေဒတွင် နိဒါန်းများမှ နိဂုံး ရလာသကဲ့သို့သာ ဖြစ်သည်။ ယေဘုယျနာမ်များသည် ကမ္ဘာကြီး၏ အရင်းအမြစ်ပင် ဖြစ်သည်။

ထိုသို့ ယူဆခြင်းမှာ ယေဘုယျနာမ်များသည် ကမ္ဘာကြီး မဖြစ်ပေါ်မီကပင် ရှိနေသည်ဟူသော သဘောအနေနှင့် ယူဆခြင်းမဟုတ်၊ အလားတူပင် အထက်တန်းစား လူကုံထံများလည်း ကမ္ဘာကြီးမပေါ်မီကပင် ရှိနေသူများ မဟုတ်ဟု ဆိုလိုသည်။

အကောင်အထည် ဒြပ်မရှိသော ထာဝရ ဘုရားသခင်သည် ဟေဂယ်၏ အတွေးအမြင်တွင် ရှိမှုဗေဒ အမြင့်မားဆုံးသော အဆင့်ဖြစ်သည်။

ကမ္ဘာကြီးရှိ အရာရာတိုင်း၏ အဆုံးစွန်သော အဖြစ်မှန်တရားနှင့် အရင်းအမြစ်

http://www.cherrythitsar.org


ဖြစ်သော ထာဝရ ဘုရားသခင်သည် အနန္တဝိညာဉ်တော် ဖြစ်သည်။

အနန္တ ဝိညာဉ်သဘောသည် ဒြပ်မဲ့သဘော နာမသဘောသာ ဖြစ်သည်။

ဂရိအတွေးအခေါ်ရှိ ဝိညာဏသဘောတရားသည် 'ဟေဂယ်'၏ အတွေးအခေါ်ကို များစွာ လွှမ်းမိုးခဲ့သည်။ ထို့ကြောင့် ဂရိအတွေးအခေါ်ကို နားလည်လျှင် နက်နဲခက်ခဲသော 'ဟေဂယ်'၏ တွေးခေါ်ပုံကို နားလည်ရန် လွယ်ကူပေလိမ့်မည်။

ဂျာမန် ဝိညာဏဝါဒသည် ဟေဂယ်၏ အတွေးအခေါ်ခေတ်တွင် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ စင်စစ် ဂျာမန်ဝိညာဏဝါဒကို စတင်ခဲ့သူမှာ အင်မင် နယူဝယ် ကန့် ဖြစ်သည်။ ထို့ကြောင့် 'ကန့်' မှစ၍ ၎င်းနောက် ဆက်နွယ်သူများ ဖြစ်သည့် ဖိ(ချ်) တေ၊ ရှဲလင်နှင့် ဟေဂယ်သို့တိုင် ဤဝါဒ တိုးတက်ပြန့်ပွားသွားသည်။

**လူ၏ ဆင်ခြင်တုံတရားသည် အမှန်တရားကို သိနိုင်သည်ဟု ဂရိဝိညာဏဝါဒက အကြွင်းမဲ့ မှတ်ယူသည်။** 'အသိပညာသည် အဘယ်နည်း'၊ 'အသိပညာသည် မည်ကဲ့သို့ ဖြစ်သနည်း'၊ 'အသိပညာ၏ ကန့်သတ်ချက်များကား အဘယ်နည်း' ဟူသော အတွေးအခေါ်ဆိုင်ရာ ပြဿနာများကို 'ကန့်' ကတင်ပြခဲ့သည်။

ကန့်၏ **'ဝေဖန်ရေးသားသဘာဝကျသော ဝိညာဏဝါဒ' တွင် အသိပညာဟူသည်မှာ အာရုံခံစားခြင်းနှင့် တွေးခေါ်ဆင်ခြင်ခြင်းတို့၏ ပေါင်းစပ်ဖြစ်ပေါ်မှုမှ ရအပ်သော ရလာဒ်ပင် ဖြစ်ကြောင်း ကျွန်ုပ်တွေ့ခဲ့ရပေပြီ။**

ကန့်၏ အမြင်များအရ **'သူ့အလိုလို ရှိနေသော အရာ'** မှ ရလာသည့် အစီအစဉ်မကျသော အာရုံခံစားချက်များကို အာကာသနှင့် ကာလ ရှုထောင့်မှ ကြည့်ရသည်။ အာကာသနှင့် ကာလဆိုသည်မှာ လူ့စိတ်သန္တာန်၌ တွယ်ငြိကိန်းဝပ်နေသော အတွေ့အကြုံရှေ့ပုံသဏ္ဍာန်များ ဖြစ်ကြသည်။ လောကပတ်ဝန်းကျင်မှ ထိတွေ့ ရရှိလာသော အာရုံများကို စနစ်တကျ အစီအစဉ်နှင့် ဖြစ်အောင် လူ့စိတ်ထဲတွင် အတွေ့အကြုံ မရှိမီကပင် ကိန်းအောင်းနေသော တွေ့ကြုံ ရှေ့ဖြစ်ပုံသဏ္ဍာန်များက ပြုပြင်ပေးသည်။

အသိပညာဟူသည်မှာ အာရုံခံစားချက်များကို တသွေမတိမ်း လက်ခံခြင်းကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်။ အသိပညာကို ရှာဖွေဆည်းပူးရာ အစိတ်အပိုင်းတွင် စိတ်သည် ကျွန်ုပ်တို့ အာရုံကို ခံစားခြင်းဖြင့် ရလာသော အာရုံကုန်ကြမ်းသဘောများကို စနစ်တကျ စုစည်းသည်။

ထို့ကြောင့် အသိပညာကို ရှာဖွေဆည်းပူးရာ အစိတ်အပိုင်းတွင် စိတ်သည် လည်း အရေးကြီးသောကဏ္ဍ၌ ပါဝင်သည်။ 'စိတ်' အရေးပါသည့် ဤအသိပညာ

http://www.cherrythitsar.org



သည် အစစ်အမှန်သဘော သို့မဟုတ် သူ့အလိုလို ရှိသော အရာများကို သိနိုင်သော အသပညာ မဟုတ်၊ 'အသွင်သဘော' သို့မဟုတ် ကျွန်ုပ်တို့ မြင်ရသော အရာဝတ္ထုတို့၏ အပေါ်ရံသဘောကို သိသော အသိပညာသာ ဖြစ်သည်။

ဤအချက်တို့သည် 'ကန့်'၏ တွေးခေါ်မြော်မြင်မှုရှိ ချွတ်ယွင်းချက်များ ဖြစ်ကြသည်။ ကန့်၏ ချို့ယွင်းချက်မှာ တခြားမဟုတ်။ စိတ်သည် အရေးကြီးသော ကဏ္ဍက ပါဝင်သည်ဆိုပြီး အစစ်အမှန်သဘောကိုမူ စိတ်က မသိနိုင်ဟု ဆိုပြန်သောကြောင့် ဖြစ်သည်။ ထို့ပြင် 'ကန့်'၏ ယူဆချက်အရ ဆိုလျှင် 'သူ့အလိုလို ရှိသော အရာများ'ကို မသိနိုင်၊ အကယ်၍ သိလိုသဖြင့် အာကာသ၊ ကာလနှင့် သိနားလည်မှု ဆိုင်ရာ ဝိဘာက်တို့နှင့် အဆုံးအဖြတ်ပေးလျှင် 'မူလ'နှင့် 'ပတိ' ဟူသော ဆန့်ကျင်ဘက်များ ပေါ်ပေါက်လာမည်ဟု ဆိုသည်။ 'ကန့်'သည် ဤ ဆန့်ကျင်ဘက်များကို မပေါင်းစည်းနိုင်ခဲ့ပေ။ ဤအချက်မှာလည်း သူ၏ ဟာကွက်ကြီး တစ်ခု ဖြစ်သည်။

'ကန့်' ၏ နောက် ပေါ်ပေါက်ကြသော ဖိ(ချ)တေနှင့် ရှဲလင်တို့သည် 'ကန့်'၏ အတွေးအမြင်၌ ကျန်ရှိနေခဲ့သော ချို့ယွင်းချက်များကို ဖော်ထုတ်ရှင်းလင်းရန် ကြိုးပမ်းကြသည်။

ဖိ(ချ)တေနှင့် ရှဲလင်တို့သည် စိတ်ပြင်ပရှိ ကမ္ဘာကြီးကို စိတ်က ဖန်တီးပြုပြင်ထားသောအရာအဖြစ် ဆင်ခြင်ကြည့်ခြင်းဖြင့် 'ကန့်'၏ အထက်ပါ အတွေးအမြင် ဟာကွက်ကို ဖယ်ထုတ်ရန် အားထုတ်ကြ၏။ ဤတွင် ဖိ(ချ)တေ ဆိုသူက သူ၏ အတ္တဝါဒကို ဖော်ထုတ်သည်။

ဖိ(ချ)တေ၏ ယူဆချက်အရဆိုလျှင် အတွေ့အကြုံလောကဟူသည်မှာ အတ္တသဘောက ပြဋ္ဌာန်းထားသည့် သဘောဖြစ်ပြီး ထိုလောကမှာ စင်စစ် အတ္တသာ ဖြစ်သည်ဟု ဆိုသည်။

ဤသို့ အတ္တကို ပြဋ္ဌာန်းရာ၌လည်း သတိမမူဘဲ အမှတ်မဲ့ ပြဋ္ဌာန်းထားခြင်းဖြစ်သဖြင့် ကျွန်ုပ်တို့ အနေနှင့် အတွေ့အကြုံ လောကကို ယထာဘူတကျသည့် ဒိဋ္ဌဓမ္မ လောကကြီးအသွင်ယွင်းမှားစွာ ထင်မြင်လာရသည်ဆို၏။

ဖိ(ချ)တေသည် အစစ်အမှန် သဘောအားလုံးကို အတ္တတွင် အခြေခံထား၍ စဉ်းစားသည်။ အရာရာတိုင်းသည် အတ္တ နောမတိသာ ဖြစ်သဖြင့် အတ္တ ပြင်ပတွင် ဘာမှမရှိနိုင် 'သူအလိုလို တည်ရှိသောအရာ'ဟူသည်လည်း စိတ်နှင့် ကင်းကွာနေနိုင်သော အစစ်အမှန်သဘော မဖြစ်နိုင် 'သူ့အလိုလို တည်ရှိသောအရာ' ဆိုသည်မှာ စိတ်ကူးသာ ဖြစ်သည်။ အယူအဆသဘောအရ မှားယွင်းသော တွေးခေါ်တီထွင်ချက်

http://www.cherrythitsar.org


သာ ဖြစ်သည်။ 'သူ့အလိုလို ရှိသောအရာ'တွင် အတွင်းဆန့်ကျင်ဘက် သဘောပါနေသည် ဟုလည်း သူက ဆိုသည်။

တစ်နည်းဆိုသော် အဓိပ္ပာယ်သတ်မှတ်၍ မသိနိုင်သော အရာကို သိပါသည်နှင့် ဆိုနေသည်နှင့် တူနေသည်။

ဖိ(ချ)တေသည် 'ကန့်'၏ 'သူ့အလိုလို ရှိသောအရာ'ကို ငြင်းပယ်လိုက်ခြင်းအားဖြင့် ကန့်၏ ဒွိတ္တဝါဒကို ဖြေရှင်းနိုင်ခဲ့သည်။ ဖိ(ချ)တေ၏ တွေးခေါ်မြော်မြင်မှုတွင် စိတ် (သို့မဟုတ်) အတ္တသဘောသည် ထိပ်တန်းက ပါသည်။ စိတ်သည် အရာရာတိုင်းကို သိသည်သာမက အရာရာတိုင်းကို ဆုံးဖြတ်သည်။ ဖိ(ချ)တေသည် အတ္တသဘောကို ဆင်ခြင်စဉ်းစားရာ၌ ထိုအတ္တသဘောသည် ထာဝရဘုရားသခင်၏ အတ္တသဘောသာ ဖြစ်ကြောင်း မှတ်ယူပေသည်။ ဤအယူအဆသည် ပုဂ္ဂလိက အသိတိုင်းကို ချုပ်ကိုင်သည့် ယေဘုယျ ဆင်ခြင်ခြင်း သဘောဖြစ်သည်။

ဤဝိညာဏဝါဒသစ်သည် အတွေ့အကြုံလောကို'စိတ်'သဘောအရ ဆုံးဖြတ်သည်။ ဖိ(ချ)တေနောက် ပေါ်ပေါက်သူ ရှယ်လင်ကို ဤဝါဒသစ်က လွှမ်းမိုးသည်။ သို့ပင်ဖြစ်စေကာမူ အနန္တ ဝိညာဏ်တော်၏ အတ္တက လုပ်ဆောင်ချက်အဖြစ် ဖိ(ချ)တေယူဆသော သဘာဝလောက၏ မူလအခြေခံကို ရှယ်လင်က မကျေနပ်ပေ။ ရှယ်လင်သည် ဖိ(ချ)တေနှင့် ခြားနားသော သဘာဝ အကြောင်း တွေးခေါ်ပုံ သဘောတရားကို ပြုစုပျိုးထောင်သည်။

၎င်းသဘာဝ တရားအကြောင်း တွေးခေါ်ပုံ သဘောတရားတွင် ရှယ်လင်သည် သဘာဝတရားကို အတွေ့အကြုံရှေ့ဖြစ် သဘာဝဓမ္မများဖြင့် ရှင်းလင်းပြရန် ကြိုးပမ်းခဲ့သည်။ သို့သော် ၎င်း၏ သဘာဝအကြောင်းတွေးခေါ်မှု သဘောတရားအများအပြားတွင် ထူးခြားစွာ စိတ်ကူးယဉ်ထားသော ယူဆချက်များ ပါဝင်သောကြောင့် တွေးခေါ်မြော်မြင်မှု သဘောတရား တစ်ရပ်အနေနှင့်ကား ခိုင်မာမှု မရှိချေ။

ရှယ်လင်၏ အတွေးအခေါ်သည် တန်ဘိုးရှိနေခြင်းမှာ သဘာဝသည် အစဉ် ပြောင်းလဲတိုးတက်နေသော သဘောရှိသည်ဟု ရှင်းလင်းပြသောကြောင့် ဖြစ်၏။ ရှယ်လင်သည် သဘာဝတရားရှိ ဆန့်ကျင်သော သဘောများကိုလည်း ညီညွတ်အောင် ပြုလုပ်နိုင်သည်ဟု ယူဆသည်။ ၎င်းဆန့်ကျင်ဘက်သဘောကို 'တြိကဏ္ဍသဘောတရား'ဟု ရှယ်လင်က ခေါ်သည်။ ဤတြိကဏ္ဍသဘောသည် ဟေဂယ်၏ ဒိုင်ယာလက်တစ်ခေါ် အညမညတရား၏ ရှေ့ပြေးပင် ဖြစ်သည်။

http://www.cherrythitsar.org


ထို့ကြောင့် ဂျာမန် ဝိညာဏဝါဒကို 'ကန့်' က စခဲ့သော်လည်း ဖိ(ချ)တေနှင့် ရှယ်လင်တို့က ထပ်မံပြုပြင် မွမ်းမံခဲ့ကြခြင်း ဖြစ်သည်။ ကန့်၊ ဖိ(ချ)တေနှင့် ရှယ်လင်တို့ ပြုစုခဲ့သော ဂျာမန်ဝိညာဏဝါဒတွင် အထူးသတိပြုစရာလိုသော အချက်မှာ စိတ်ပိုင်းအခြေအနေများက ရုပ်ပိုင်းအခြေအနေများကို ဆုံးဖြတ်ပြဋ္ဌာန်းသည် ဆိုသော အယူအဆပင် ဖြစ်သည်။

အထက်က ဖော်ပြခဲ့သော အယူအဆ အတွေးအမြင်များ အားလုံးသည် ဟေဂယ်၏ အတွေးအမြင်များတွင် ကျောထောက် နောက်ခံ အတွေးအမြင်အင်အားစုများ ဖြစ်လာကြသည်။

## ဟေဂယ်၏ အတွေးအခေါ် စတင်ပေါ်ပေါက်လာပုံ

ဂျာမန်ဝိညာဏဝါဒကို စတင်ခဲ့သူ 'ကန့်' သည် သူ၏ အတွေးအခေါ်တွင် အမှန်တရားဟူသည်ကား ရှိ၏။ သို့ရာတွင် ထိုအမှန်တရားကို လူသားအနေနှင့် သိလည်း မသိရ၊ သိလည်း မသိနိုင်ဟူ၍ အဆုံးသတ်ခဲ့၏။ တနည်းဆိုသော် သိခြင်းနှင့် ရှိခြင်းသဘောနှစ်ခုကြား၌ မဆက်စပ်နိုင်ဘဲ ကွက်လပ်ကြီး ချန်ထားခဲ့လေသည်။

တွေးခေါ်မြော်မြင်ရေး သဘောတရားသမိုင်းတွင် ကန့်နောက်ပေါ်ပေါက်လာကြသော တွေးခေါ်ရှင်များအဖို့ ဤကွက်လပ်ကြီးသည် ပြဿနာကြီး ဖြစ်လာလေသည်။ 'ဤပြဿနာကို ရှင်းရန်အတွက် ဖိ(ချ)တေနှင့် ရှယ်လင်စသူတို့က ကြိုးပမ်းခဲ့ကြကြောင်းကို အမြွက်မျှ ဖော်ပြခဲ့လေပြီ။ သို့ရာတွင် ဤတွေးခေါ်ရှင်များသည်လည်း ၎င်းတို့၏ အတွေးအခေါ်ကို ခိုင်ခိုင်မာမာ မဆောက်တည် နိုင်ခဲ့ကြပေ။

ထို့ကြောင့် ဤပြဿနာသည် ဟေဂယ်လက်ထက်သို့တိုင် ဆက်လက်တည်ရှိခဲ့ပြန်သည်။ ဟေဂယ်သည် အရှိတရားနှင့် အသိတရားကြားမှ ကွက်လပ်ကြီးကို ခိုင်မာသော အတွေးအခေါ်တစ်ရပ်နှင့် ဆက်စပ်၍ ဖြေရှင်းရန် ကြိုးပမ်းသည်။ ဤတွင် ဟေဂယ်၏ အနန္တဝိညာဉ်တော်ဝါဒ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

သူ၏ အတွေးအမြင်၌ အရှိတရားနှင့် ဆင်ခြင်တုံတရားသည် အတူတူဖြစ်ကြောင်းကို ယုတ္တိဗေဒနည်းဖြင့် ဖော်ပြလေသည်။ ဤသို့ပြဆိုရာမှစ၍ သူ၏ အတွေးအခေါ်တွင် **'အမှန်တရားဟူသည် ဆင်ခြင်တုံတရားဖြစ်၍ ဆင်ခြင်တုံတရားမှာလည်း အစစ်အမှန် ဖြစ်သည်'** ဟူသော ခံယူချက်ကို ရရှိခဲ့လေသည်။

ဟေဂယ်သည် ဤအမြင်သို့ ရောက်ရှိလာသည်မှာ ကိုယ်ပိုင်အတွေးအခေါ်

http://www.cherrythitsar.org


သက်သက်ဖြင့် ရောက်ရှိလာခြင်းမဟုတ်။ ဖိ(ချ)တေနှင့် ရှယ်လင်တို့၏ အတွေးအမြင်များမှ ကောင်းနိုးရာရာ အယူအဆများကို အဆီအနှစ်ထုတ်၍ ဆက်ခံရယူခြင်းလည်း ဖြစ်၏။

အတွေးအခေါ်များကို နည်းမှီဆက်ခံရာ၌ ဟေဂယ်သည် ဖိ(ချ)တေနှင့် ရှယ်လင်ကိုသာ နည်းမှီဆက်ခံသည် မဟုတ်၊ ရှေးက ခေါ်မတိုင်းသား တွေးခေါ်ရှင်များ ဖြစ်သော ပါမင်နဒိ၊ ဟေရာကလိုက်တပ်၊ ပလေတို၊ အာရစ္စတိုတယ်တို့ကိုလည်း ဆက်ခံရယူကြောင်း ရှေးအပိုင်းများက ဖော်ပြခဲ့ပြီး ဖြစ်၏။

ဟေဂယ်သည် ဖိ(ချ)တေနှင့် ရှယ်လင်ကို ဆက်ခံသည်ဆိုရာ၌ ဖိ(ချ)တေနှင့်မှု ယုတ္တိဗေဒနည်းကို အတွေးအခေါ်၌ အသုံးပြုပုံတွင် တူညီသည်။ ရှယ်လင်နှင့်မှုကား ယုတ္တိဗေဒ (သိမှုဗေဒ)သည် ရှိမှုဗေဒနှင့် အတူတူပင် ဖြစ်ကြောင်း ပြဆိုစဉ်းစားရာ၌ သဘောထား ညီညွတ်မှုရှိသည်။

အမှန်တရားမည်သည် တိုးတက်မှုဖြစ်စဉ်ကြီး ဖြစ်သည်ဟူသော အမြင်၌ကား ဟေဂယ်သည် ဖိ(ချ)တေ၊ ရှယ်လင်တို့ နှစ်ဦးစလုံးနှင့် တူသည်။ ဤတွင် ဟေဂယ်က အရှိတရားနှင့် အသိ ဖြစ်စဉ်ကြီးသည် အတူတူပင် ဖြစ်ကြောင်း၊ အသိတရားထဲ၌ ဖြစ်ပေါ်နေသော ဖြစ်စဉ်ကြီးသည် နေရာတကာ၌ ဖြစ်ပေါ်လျက်ရှိသော အရှိဖြစ်စဉ်ကြီး ဖြစ်ကြောင်း။

ထို့ကြောင့် အမှန်တရားမည်သည် ဆင်ခြင်တုံတရားဖြစ်၍ ဆင်ခြင်တုံတရားမှန်သမျှမှာလည်း အမှန်အစစ်ချည်း ဖြစ်ကြောင်း ဟောကြားခဲ့လေသည်။

ဟေဂယ်၏ အယူအဆအရဆိုလျှင် သဘာဝ ဖြစ်ရပ်များသည် လည်းကောင်း၊ သမိုင်းဖြစ်ရပ်များသည် လည်းကောင်း၊ ယုတ္တိဗေဒ သဘောအတိုင်း ဖြစ်နေသည်။ စင်စစ် စကြာဝဠာကြီး တစ်ခုလုံးမှာ ယုတ္တိဗေဒစနစ်ကြီးတစ်ခုသာ ဖြစ်သည်ဟု ရှုမြင်ခဲ့သည်။ ဤနေရာ၌ ဟေဂယ်ဆိုလိုသော ယုတ္တိဗေဒမှာ အညမညနည်းကျ ယုတ္တိဗေဒဖြစ်စဉ်ကို ဆိုလိုသည်။

ဟေဂယ်၏ တွေးခေါ်မြော်မြင်ရေး သဘောတရားတစ်ခုလုံးကို အနုစိတ်မစဉ်းစားမီ ကျွန်ုပ်တို့၏ လေ့လာမှု လွယ်ကူစေရန်နှင့် ဟေဂယ်သဘောတရားများကို လွယ်လွယ်ကူကူနှင့် နားလည်နိုင်ရန် သူ၏ တွေးခေါ်ပုံနည်းကို ဦးစွာနားလည်ရန် လိုပေသည်။ သူ၏ တွေးခေါ်ပုံနည်းဆိုသည်မှာ အခြားမဟုတ်၊ သူ၏ ဒိုင်ယာလက်တစ်နည်း ခေါ်သော မဇ္ဈိမပဋိပဒါနည်းပင် ဖြစ်ပေသည်။

http://www.cherrythitsar.org



## ဟေဂယ်၏ မဏ္ဍိုမပဋိပဒါနည်း

ဟေဂယ်၏ အတွေးအမြင်အရဆိုလျှင် တွေးခေါ်မြော်မြင်ရေး သဘောတရား တစ်ရပ်၏ အဓိကတာဝန်မှာ သဘာဝလောကကြီးနှင့် တကွ လူ့ဖြစ်စဉ်ဖြစ်ရပ်များ၏ မူလဘူတ အတွင်းသဘော အနှစ်သာရနှင့် နိယာမတရားတို့ကို ရှာဖွေဖော်ထုတ်ရန်ပင် ဖြစ်သည်။

လောကတွင် ဖြစ်နေသမျှ အရာခပ်သိမ်းတို့သည် အဓိပ္ပာယ်ရှိကြသည်သာ ဖြစ်၏။ ၎င်းတို့၏ ဖြစ်စဉ်မှာလည်း ရည်မှန်းချက်အသိစသည်တို့နှင့် ယှဉ်၍သာ ဖြစ်နေကြသည်။ အမှန်ဖြစ်ရပ်(ဝါ) အမှန်တရား၏ မူလဘူတသဘောကို ဆန်းစစ်ကြည့်လျှင် ထိုသဘောသည် အသိနှင့်ယှဉ်၍ ဖြစ်သည်ကို တွေ့ရသည်။ မရှိမဖြစ် လိုအပ်သောကြောင့် ဖြစ်သည်။ ယုတ္တိဗေဒ တွေးခေါ်မှုအစဉ်ကြီး အနေနှင့် ဖြစ်နေသည်။

ထို့ကြောင့် အမှန်တရားကို အမှန်အကန် နားလည်လိုလျှင် အတွေ့အကြုံကို အားကိုး၍ မဖြစ်၊ ဆင်ခြင်စဉ်းစား၊ တွေးခေါ်ခြင်းဖြင့်သာ အမှန်တရားကို နားလည်သဘောပေါက်နိုင်သည်ဟူ၍ ဟေဂယ်ယုံကြည်လေသည်။ ထို့ကြောင့် အတွေးအမြင်တစ်ရပ်သည် ဆင်ခြင် စဉ်းစားရာ၌ အသုံးပြုသော ဥပဒေများ လိုအပ်သော ပုံစံများကို ရှာဖွေဖော်ထုတ်ရမည်။

တစ်ဖန် ဟေဂယ်က စကြာဝဠာကြီးသည် မတုန်မလှုပ်ဘဲ ရပ်တည်နေသည် မဟုတ်၊ အစဉ်လှုပ်ရှား တိုးတက်ပြောင်းလဲနေသည်။ ထို့အတူပင် အတွေးအခေါ် (ဝါ) အသိတရားသည်လည်း အဆင့်ဆင့် တိုးတက်ပြောင်းလဲနေလေသည်ဟု ရှုမြင်ခဲ့၏။

ဤသို့ အဆင့်ဆင့် ဖြစ်ပေါ်တိုးတက်ရာတွင် တစ်စုံတစ်ရပ်သောအဖြစ် အပျက်သည် ဦးစွာ မတိမကျ မသဲမကွဲသော ဒြပ်မဲ့ အခြေအနေမှ တဖြည်းဖြည်း သဲသဲကွဲကွဲ ထင်ထင်ရှားရှား တိတိကျကျ အသွင်ကို ဆောင်ယူလာတတ်သည်။ ဤသို့ ကွဲကွဲပြားပြား ဖြစ်သွားသောအခါ သီးခြားအရာဝတ္ထုများ ဖြစ်လာကြသည်။ ဤအရာဝတ္ထုများသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်အသွင်ကို ဆောင်လာကြသည်။

တစ်ဖန် ထိုသို့ ကွဲပြားခြားနား ဆန့်ကျင်သော ဒြပ်ရှိ အရာဝတ္ထုဖြစ်ရပ်များသည် အလုံးစုံ ပြီးပြည့်စုံသော သဘော၌ ပြန်လည်၍ ပေါင်းစည်းညီညွတ်

http://www.cherrythitsar.org


ကြသည်။ နိမ့်ကျသော အခြေအနေမှ မြင့်မားသော အခြေအနေသို့ တိုးတက်သွားသောအခါ မြင့်မားသော အခြေအနေမှ နိမ့်ကျသော အခြေအနေကို ငြင်းပယ်၍ တိုးတက်ခြင်း ဖြစ်၏။

သို့ရာတွင် နိမ့်ကျသော အခြေအနေများကို လုံးဝ ပစ်ပယ်လိုက်ခြင်း မဟုတ်။ ထိုအခြေအနေများကို မြင့်မားသော အနေနှင့် ဖော်ပြနေခြင်းသာ ဖြစ်သည်။ ဤသဘောတရားတို့မှာ ဟေဂယ်၏ အညမည သဘောဖြစ်စဉ်ကို ဖော်ပြသော သဘောတရားများဖြစ်၏။

ဟေဂယ်၏ မဇ္ဈိမပဋိပဒါနည်းကို ကန့်၊ ဖိ(ချ)တေ၊ ရှယ်လင်တို့၏ အယူအဆများတွင်လည်း အမြွက်မျှ တွေ့ခဲ့ရလေပြီ။

ဟေဂယ်၏ အညမည သဘောအရ အတွေးအခေါ်တစ်ခုသည် ဦးစွာ မသဲကွဲသော ဒြပ်မဲ့သော ယေဘုယျ သဘောတရားတစ်ခုမှ စတင်၍ ပိုမို ရှုတ်ထွေး တိကျသော **ဒြပ်သဘောရှိသော** ဖြစ်ရပ်များသို့ ရွေ့လျှ ဖြစ်ပေါ်သည်။ ဤနည်းတွင် ဆိုခဲ့ပြီးသော ယေဘုယျသဘောကို **မူလ** ဟု ခေါ်သည်။ အဆိုပါ မူလအခြေမှ ဆန့်ကျင်၍ ဖြစ်လာသော သဘောကို ပတိ ဟု ခေါ်၍ ဝိရောဓိ တရားတို့၏ ပေါင်းစည်း ညီညွတ်ရာ တတိယအဆင့်ကိုမူ **သမူဟ** ဟုခေါ်သည်။

**မူလ၊ ပတိ** နှင့် **သမူဟ** ဆိုသော သဘောကို တွေးရှုဆင်ခြင်နိုင်ရန် အလွယ်ဆုံး ဥဒါဟရဏ်တစ်ခုကို တင်ပြလိုပေသည်။

ခေါမတိုင်းသား တွေးခေါ်ရှင်များအနက် 'ပါမင်နဒိ' ဆိုသူက **'ရှိခြင်း (ဝါ) အရှိတရား'**သည်သာ ထာဝရဖြစ်သည်ဟု ဆိုခဲ့၏။ 'ဟေရာကလိုက်တပ်' ကမူ **ပြောင်းလဲမှုအစဉ်ကြီး (ဝါ) ဖြစ်စဉ်ကြီး** သာလျှင် ထာဝရဖြစ်ကြောင်း ဆိုခဲ့ပေရာ ထိုဆန့်ကျင်ဘက် (ဝိရောဓိ) သဘောနှစ်ခုဖြစ်သော 'အမြဲရှိခြင်းနှင့် ပြောင်းလဲဖြစ်ပျက်ခြင်း' တို့ကို အနုမြူဝါဒီများ လက်ထက်တွင် ပေါင်းစပ်ပေးခဲ့သည်။ အနုမြူသမားများက အနုမြူတို့သည် ရှိလည်းရှိ၏၊ အမြဲထာဝရလည်း ဖြစ်၏။ သို့သော် အနုမြူအပေါင်းအစုဖြစ်သော ဝတ္ထုဒြပ်ပစ္စည်းတို့ကား ပြောင်းလဲ ဖြစ်ပျက် နေကြပြန်သည်ဟု ဆို၏။ ဤနည်းဖြင့် အထက်က ဆန့်ကျင်ဘက် သဘောတို့ကို ပေါင်းစည်းပေးခဲ့လေသည်။

အထက်ပါ သဘောတရားကို ပိုမို၍ တိတိကျကျ ပြည့်ပြည့်စုံစုံ နားလည်နိုင်စေရန် ဟေဂယ်၏ ယုတ္တိဗေဒသဘောတို့ ပြောင်းလဲဖြစ်တည်ပုံကို အနည်းငယ် လေ့လာကြည့်ကြပါဦးစို့။

ဟေဂယ်၏ ယုတ္တိဗေဒတွင် ဝိဘာဂ်(၃)မျိုး (၃)စား ရှိသည်။ ၎င်းတို့မှာ

http://www.cherrythitsar.org



ရှိခြင်း၊ မရှိခြင်းနှင့် ဖြစ်ပေါ်ခြင်း တို့ဖြစ်ကြသည်။ ဤသည်ပင်လျှင် ဟေဂယ်၏ အတွေးအခေါ် စတင်ပုံဖြစ်၏။

အထက်တွင် ဖော်ပြသကဲ့သို့ အညှမည၏ အစသည် ဒြပ်မဲ့သော၊ မသဲကွဲသော ယေဘုယျခံယူချက်ဖြစ်သည်။ တနည်းဆိုသော် အတွေ့အကြုံဖြင့် စတင်ခြင်းမဟုတ်ဘဲ စဉ်စားဆင်ခြင်မှုဖြင့် စတင်သည်။ ဆင်ခြင်မှု၌ **'ရှိခြင်း'** ဟူသော ယေဘုယျ သဘောတစ်ခုကို တွေ့ရှိ ဆင်ခြင်မိသောအခါ ဟေဂယ်သည် ထိုသဘောကို **'မူလ'** ခံယူချက်အဖြစ် ထား၍ စဉ်းစားသည်။ **'ရှိခြင်း'** ဆိုသောကြောင့် သီးခြားအရာဝတ္ထုများဖြစ်သော (စားပွဲ၊ ကုလားထိုင်တို့) ရှိနေခြင်းမျိုးနှင့် ရောထွေး စဉ်းစားခြင်း မပြုအပ်ပေ။ **'ရှိခြင်း'** ဆိုသည်မှာ သဘောတရား သက်သက်သာ ဖြစ်သည်။ ဒြပ်တစ်စုံတစ်ရာ မပါသော နာမ်သဘောတရား သက်သက်ပင် ဖြစ်၏။

တနည်းဆိုသော် ရှိခြင်းဆိုသော သဘောမှာ ဘာမျှ မရှိချေ။ ဟေဂယ် အလိုအရဆိုလျှင် **'ရှိခြင်း'** နှင့် **'မရှိခြင်း'** သည် အတူတူပင် ဖြစ်သည်။ ဤသို့ ဆိုလိုက်ခြင်းအားဖြင့် ခေါင်းရှုတ်သွားဖွယ်ရာရှိပေသည်။ သို့သော် စဉ်းစား ကြည့်ပါဦးစို့။

**'ရှိခြင်း'** နှင့် **'မရှိခြင်း'** သည် အတူတူပင်ဖြစ်သည်ဟု အဘယ်ကြောင့် ဆိုနိုင်သနည်း။ အကြောင်းမူကား ယခုဖော်ပြထားသော **'ရှိခြင်း'** ဆိုသည်မှာ ဝိညာဏ်သဘောသက်သက်သာ ဖြစ်၍ ဒြပ်အကောင်အထည် မရှိချေ။ ရှိခြင်းဟူသော ယေဘုယျ သဘောတရားကြီးကိုသာ ဆိုလိုသည် ဖြစ်၍ စားပွဲကုလားထိုင်တို့ ရှိနေခြင်းနှင့် မတူ၊ အဘယ်ကြောင့်ဆိုသော် စားပွဲကုလားထိုင်တို့မှာကား ဒြပ်ရှိ၏။ တသီးတခြား၊ ပုဂ္ဂလိကသဘောရှိ၏။ 'ရှိခြင်း' ဆိုသော ဝိဘက်နာမ်သဘော သက်သက်မှာကား တစ်စုံတစ်ရာ ပါဝင်ခြင်းမရှိချေ။ အဆိုပါ နာမ်သဘောတရား သက်သက်အနေနှင့် ခံယူထားသော ခံယူချက်မှာ ဘာမျှမရှိသော၊ ဒြပ်မဲ့သော အတွေးပင်ဖြစ်၍ 'မရှိခြင်း'ပင် ဖြစ်၏။ **ထို့ကြောင့် ရှိခြင်းနှင့် မရှိခြင်းသည် အတူတူပင်ဖြစ်သည်။**

သို့ဖြစ်ပေရာ ရှိခြင်းမှ မရှိခြင်းသို့လည်းကောင်း၊ မရှိခြင်းမှ ရှိခြင်းသို့ လည်းကောင်း ပြောင်းလဲနိုင်သည်။ (အဘယ်ကြောင့်ဆိုသော် ဘာမျှမရှိသော အရာကို တွေးသောအတွေးသည် ဘာမျှမရှိသော အတွေး (ဝါ) ဝိညာဏ် သဘော သက်သက်သာ ရှိ၏။

ဤကဲ့သို့ ရှိခြင်းမှ မရှိခြင်းသို့လည်းကောင်း၊ မရှိခြင်းမှ ရှိခြင်းသို့လည်းကောင်း

http://www.cherrythitsar.org


ပြောင်းလဲနေသော ဖြစ်စဉ်သည် တတိယခံယူချက်ဖြစ်သည့် ဖြစ်ပေါ်ခြင်း ဖြစ်၏။

အထက်ပါရှိခြင်း၊ မရှိခြင်းနှင့် ဖြစ်ခြင်းသဘောသည် ဟေဂယ်၏ မဇ္ဈိမပဋိပဒါနည်းပါ **သုံးဆင့်ဖြစ်ပေါ်မှု** ဖြစ်သည်။ ဤကား မဇ္ဈိမပဋိပဒါနည်းကို ဥပမာနှင့် ရှင်းပြခြင်းသာ ဖြစ်သည်။

ဟေဂယ်၏ သုံးဆင့် ဖြစ်ပေါ်မှု သဘောတရား၌ ပထမအဆင့်ဖြစ်သော ရှိခြင်း(ဝါ) **မူလ** သဘောသည် လက်ခံသော သဘောရှိသည်။ ဒုတိယဝိဘတ်နာမ် ဖြစ်သော မရှိခြင်း (ဝါ) **ပတိ** သဘောမှာ လက်မခံခြင်း၊ ဆန့်ကျင်ခြင်း သဘော ရှိသည်။ ဤနေရာ၌ မူလနှင့် ပတိသည် တသီးတခြားဖြစ်သည်မဟုတ်။ ရှိခြင်းထဲက မရှိခြင်းဖြစ်သကဲ့သို့ မူလထဲတွင် ပတိပါသည်။ ဟေဂယ်က အပြင်မှ ဖွဲ့ထွင်းလာသော သဘောမဟုတ်ချေ။ အတွင်းမှ ဖြစ်ပေါ်လာခြင်းသာ ဖြစ်၏။

ဟေဂယ်၏ သဘောတရားအရ စကြာဝဠာကြီး တစ်ခုလုံးသည် အတွင်း သဘောအားဖြင့် ဆက်စပ်နေကြသည်။ အထက်ကပြဆိုခဲ့သောနည်းနှင့် ယခုဖော်ပြသော သဘောတရားတို့ကို အခြေတည်၍ သူ၏ အနန္တဝိညာဉ်တော်ဝါဒကို တည်ဆောက်သည်။ သူ၏ အနန္တ ဝိညာဉ်ဝါဒကို မဇ္ဈိမပဋိပဒါနည်းနှင့် တည်ဆောက်ပုံကို နားလည်ရန်အတွက် အောက်ပါအတိုင်း ဖော်ပြရပေမည်။

မဇ္ဈိမပဋိပဒါနည်း၏ **'မူလ'** အခြေခံ သဘောမှာ ယေဘုယျသဘောတရား ဖြစ်သည်။ အနီးစပ်ဆုံး ဥပမာဖြင့် ပြရသော် အထက်က ဖော်ပြခဲ့သည့် 'ရှိခြင်း' ဆိုသည့် ဝိညာဏ်သဘောသက်သက်ပင် ဖြစ်၏။ ရှိခြင်းသဘောသက်သက်သည် ဒြပ်မရှိသော ဝိညာဏ်သဘောတစ်ခုသာ ဖြစ်၏။ ထိုသဘောသည် ဟေဂယ် အလိုအရဆိုလျှင် အနန္တ ဝိညာဉ်တော်ကြီးပင် ဖြစ်သည်။

ဤအနန္တ သိညာဉ်တော်ကား သူ၏ ယုတိဗေဒဟု ခေါ်သော ဆင်ခြင်တုံ သဘောကြီးပင်တည်း။ တစ်နည်းဆိုသော **အယူအဆသက်သက်(ဝါ) ယုတ္တိဗေဒ အယူအဆ** ဖြစ်သည်။

ထိုအနန္တ ဝိဉာဉ်တော်(ဝါ) ဆင်ခြင်တုံသဘောကြီးမှာ အမှန်တရားကြီး ဖြစ်၏။ ဤသဘောသည် ရှိခြင်းသဘောသက်သက်ဖြစ်သကဲ့သို့ 'မရှိခြင်း' သဘော လည်း ဖြစ်သည်။ (မရှိခြင်းသဘောကို အထက်တွင် ဖော်ပြခဲ့ပြီ)။

အထက်ပါ ရှိခြင်းသဘောသည် လည်းကောင်း၊ မရှိခြင်းသဘောသည် လည်းကောင်း ပြည့်စုံခြင်း မရှိသေးပေ။ ၎င်းဆန်းကျင်ဘက်သဘောတို့သည် တိကျသော ရှိခြင်း(ဝါ) ဒြပ်ရှိခြင်း၌ ပေါင်းစပ်ကြသည်။ ဤတွင် ပြီးပြည့်စုံသော သဘောသို့ ရောက်ရှိလာပြန်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဟေဂယ်၏ အလို

http://www.cherrythitsar.org


အရ မတိကျသော ဒြပ်မဲ့သော အနန္တသဘောကြီးမှစ၍ တိကျပြည့်စုံသော ဒြပ်နှင့် ဖြစ်သော အနန္တသဘော(ဝါ) ပြီးပြည့်စုံသော သဘော၌ပင် ဆုံးသည်။

အထက်ပါသဘောကို ပိုမိုနားလည်နိုင်စေရန်အတွက် ထပ်မံ၍ အနုစိတ် အပိုင်းကဏ္ဍခွဲ၍ လေ့လာတင်ပြပေဦးမည်။

## ဆင်ခြင်တုံတရားနှင့် အရှိတရား

အထက်က ဖော်ပြခဲ့သော ဒြပ်နှင့်တကွ တိကျသော ပြီးပြည့်စုံသည့် အနန္တသဘောသည် စင်စစ် ဆန့်ကျင်ဘက်တရားတို့ ချုပ်ငြိမ်းရာပင် ဖြစ်သည်။ ဤသို့ ဖော်ပြရာ၌ ဟေဂယ်သည် ဆင်ခြင်မှုသည် လည်းကောင်း၊ အမှန်တရားသည် လည်းကောင်း ထိုသဘော ရှိကြောင်း ပြဆိုလိုခြင်း ဖြစ်သည်။

သူ့အဆိုအားဖြင့် အမှန်တရားသည် ဆင်ခြင်တုံတရား ဖြစ်စဉ်ကြီးသာ ဖြစ်သည်။ ယုတ္တိဗေဒသဘောအရ ဆင်ခြင်ခြင်း အစဉ်သည် အမှန်တရားပင် ဖြစ်သည်။

ဤအစဉ်သည် နာမ်စဉ်ကြီးပင် ဖြစ်သော်လည်း ထိုဖြစ်စဉ်ကို ကျွန်ုပ်တို့ ကိုယ်တွင်း အဖြစ်အပျက်များကို လေ့လာခြင်းဖြင့်သာ သိနိုင်သည်။ တစ်နည်းအားဖြင့် ဆိုရပါမူ ဤသဘာဝလောကဖြစ်စဉ်ကြီးသည် အနန္တ ဝိညာဉ်တော် ဝင်စားရာ ဖြစ်စဉ်ကြီးပင် ဖြစ်တော့သည်။ ကမ္ဘာလောကကြီးနှင့် အနန္တ ဝိညာဉ်တော်ကြီးသည် သီးခြား ဖြစ်ပေါ်နေသည် မဟုတ်၊ အနန္တ ဝိညာဉ်တော်ကြီး ဝင်စားနေခြင်း မရှိလျှင် ဤကမ္ဘာလောကကြီးလည်း ရှိတော့မည် မဟုတ်ချေ။

သဘောတရား သမိုင်းဖြစ်စဉ်များ၌ ဝင်စားခြင်းမရှိသော အနန္တဝိညာဉ်(ဝါ) နာမ်သဘောကြီးသည် 'သူ့ဘာသာသူ' ရှိနေ၏။ သို့သော် သဘောတရားနှင့် သမိုင်းစဉ်တွင် ဝင်စားသောအခါ နာမ်သဘောကြီးသည် 'သူ့အတွက်သူ' ရှိလာပြန်သည်။ ထို သူ့ဘာသာ သူ ရှိနေခြင်းနှင့် သူ့အတွက် သူ ရှိလာခြင်းတို့ ပေါင်းစပ်ဖြစ်ပေါ်သောအခါ အနန္တဝိညာဉ်တော် (ဝါ) အကြွင်းမဲ့ ဉာဏ်တော်သည် ပြီးပြည့်စုံသော အသွင်ကို ဆောင်ယူလျက် မိမိကံကြမ္မာကို မိမိ ဖန်တီးနိုင်သော အခြေသို့ ဆိုက်ရောက်လာသည်ဟု ဟေဂယ် ယူဆသည်။ တစ်နည်းဆိုသော် အနန္တ ဝိညာဉ်တော်သည် မိမိ၏ ပင်ကိုယ်သဘာဝမှ အခြားတပါးဖြစ်သော သဘာဝအားဖြင့်သာလျှင် ကိုယ့်ကံကြမ္မာကိုယ် ဖန်တီး ပြုပြင်နိုင်သည်ဟု ဆိုလိုသည်။

ဟေဂယ်၏တွေးခေါ်မြော်မြင်ရေး စနစ်တစ်ခုလုံးကို အောက်ပါအတိုင်း

http://www.cherrythitsar.org


(၃) ပိုင်းခွဲ၍ လေ့လာနိုင်သည်။ ၎င်းတို့မှာ–
(၁) ယုတ္တိဗေဒ၊
(၂) သဘာဝဆိုင်ရာ အတွေးအမြင်၊
(၃) ဝိညာဉ်တော်ဆိုင်ရာ အတွေးအမြင်၊

များဖြစ်သည်။ အထက်ပါ အဆင့် (၃) ဆင့်သည်ပင် ဟေဂယ်၏ သုံးဆင့်ဖြစ်ပေါ်ပုံပင် ဖြစ်သည်။ ယုတ္တိဗေဒသည် ဆိုခဲ့ပြီးသော အနန္တဝိညာဉ်၊ နာမ်သဘောကြီးကို သူ့ပင်ကိုယ်အတိုင်း လေ့လာမှု ဖြစ်သည်။ တစ်နည်းဆိုလျှင် ဒိုင်ရာလက်တစ်နည်းကျ တွေးခေါ်မှု အကြွင်းမဲ့ ဉာဏ်တော်၏ အဖ္ဖုတ္တသန္တာန်၏ အနှစ်သာရသဘောကို ဖော်ပြသည်။ ဤအဆင့်သည် မူလအဆင့်ပင် ဖြစ်၏။


သဘာဝတရားသည် ထိုမူလနာမည်သဘောတရား၏ အခြားမဲ့၌ ဖြစ်သော (ဝါ) ဆန့်ကျင်ဖြစ်ပေါ်ပုံ သဘောပင် ဖြစ်သည်။ အနန္တ ဝိညာဉ်တော်သည်ကား နာမ်သဘောကြီးနှင့် သဘာဝသဘောတို့ ပေါင်းစည်းညီညွတ်ရာ သမူဟသဘော ပင်တည်း။

ဤသဘောမှာလည်း အနန္တ ဝိညာဉ်တော် သဘောပင်ဖြစ်သည်။ သို့ရာတွင် ယုတ္တိဗေဒက လေ့လာသော အနန္တ ဝိညာဉ်နာမသဘောကြီးသည်။ ဒြပ်မဲ့သော၊ မသဲကွဲသော နာမ်သဘောကြီး ဖြစ်၍ နောက်ဆုံး ရောက်လာသော အနန္တဝိညာဉ်တော် နာမ်သဘောသည် ဒြပ်နှင့် တိတိကျကျ၊ ကွဲကွဲပြားပြား ရှိလာသည်။ ဤအဆင့်သည် ပြီးပြည့်စုံသော အဆင့် ဖြစ်၏။

အနန္တ ဝိညာဉ်တော်သည် ၎င်း၏ အခြားမဲ့၌ ဖြစ်သော ဆန့်ကျင်ဘက် သဘောနှင့် ပေါင်းစည်းညီညွတ်မှု မရှိစဉ်ကမူ ၎င်းသည် ဒြပ်မဲ့သော စိတ္တဇနာမ် သဘောဖြစ်၍ ၎င်း၏ ဆန့်ကျင်ဘက် သဘောအားဖြင့် မိမိအဖြစ်ကို မိမိ ပြန်လည် သုံးသပ် ထင်မြင်နိုင်သောအခါ ၎င်းသည် ဒြပ်နှင့် ဖြစ်သော နာမ်သဘော ဖြစ်လာလေသည်။ တစ်နည်းဆိုရသော် ဆန့်ကျင်ဘက်သို့ ပေါင်းစည်းညီညွတ်ခြင်း ရှိသော အလုံးစုံ ပြီးပြည့်ဝသော သဘောသည် ဒိဋ္ဌသဘောကို ဆောင်သည်။ ဤကား ဟေဂယ်၏ နာမ်ဝါဒကို အကျဉ်းရုံး၍ တင်ပြခြင်း ဖြစ်ပါသည်။ သုတေသီများ ထပ်မံ ရှာဖွေလာမှုဖြင့် ပိုမိုသဘောပေါက်အောင် ကြိုးစားကြပါကုန်။

* * *

http://www.cherrythitsar.org



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
မာ့က်(စ)

http://www.cherrythitsar.org

## ကား(လ)မာ့က်(စ) (၁၈၁၈–၁၈၈၃)

ကား(လ) မာ့က်(စ)ကို ပရပ်သျှားနိုင်ငံ ထရီးယားမြို့တွင် ၁၈၁၈ ခုနှစ် မေလ ၅ ရက်နေ့တွင် ဖွားမြင်ခဲ့လေသည်။ သူ၏ ဖခင်မှာ ဝတ်လုံတော်ရရှေ့နေ တစ်ဦး ဖြစ်သည်။

ဂျာမန်ရဟူဒီဖြစ်၍ ၁၈၂၄ ခုနှစ်လောက်ကစ၍ ပရိုတက်စတင့် ခရစ်ဂိုဏ်းသို့ ဝင်ရောက်ခဲ့သူဖြစ်သည်။ မာ့က်(စ)တို့ မိသားစုမှာ လူကုံထံ မိသားစုပင်ဖြစ်သည်။ သို့ရာတွင် မာ့က်(စ)ကဲ့သို့ တော်လှန်ရေးအမြင်ရှိသူများကား မဟုတ်ကြချေ။

သူမွေးဖွားရာ ထရီးယားမြို့မှာပင် မာ့က်(စ)သည် ပထမဘွဲ့ရသည်။ ပြီးမှ ဘွန်းမြို့တက္ကသိုလ်သို့ ဝင်ရောက်ကာ ပညာဆက်လက်သင်ကြားသည်။

ထိုမှတဖန် ဘာလင်တက္ကသိုလ်တွင် ဆက်၍ ပညာသင်ယူပြန်သည်။ ဘာလင်တက္ကသိုလ်ရောက်မှ သူသည် သမိုင်းပညာနှင့် ဒဿနိက ဗေဒများကို အပတ်တကုတ် ကြိုးစားအားထုတ်၍ သင်ယူလေသည်။

၁၈၄၁ ခုနှစ်တွင် သူသည် ဒဿနိက ဗေဒဘာသာဖြင့် သူ၏ ဒေါက်တာဘွဲ့ ထူးကို ဆွတ်ခူးခဲ့လေသည်။

မာ့က်(စ)သည် ပညာသင်ကြားနေစဉ်က ဂျာမန်တွေးခေါ်ရှင်ကြီး ဟေဂယ်၏ လွှမ်းမိုးမှုကို များစွာ ခံခဲ့ရသည်။ ဘာလင်မြို့တွင် နေထိုင်စဉ် ဟေဂယ်၏ ဝိညာဏ ဝါဒအောက်က မလွတ်မြောက်သေးသည် ဖြစ်၍ 'လက်ဝဲဟေဂယ်နောက်လိုက်များ' အဖွဲ့တွင် ဝင်ရောက်ကာ သူငယ်ချင်းဖြစ်သူ ဘရူးနိုဘိုးဝါးနှင့်အတူ အတွေးအခေါ်နယ်

http://www.cherrythitsar.org



၌ လှုပ်ရှားခဲ့သည်။

ပထမပိုင်းတွင် ဟေဂယ်၏ ဝိညာဏဝါဒမှ ပိုမိုလက်တွေ့ကျပြီး တော်လှန်ရေးကျသော အတွေးအမြင်များကို ထုတ်ဖော်ရန် ကြိုးပမ်းခဲ့လေသည်။

ဘာလင်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ ယူပြီးနောက် မာ့က်(စ)သည် ဘွန်းတက္ကသိုလ်သို့ ပြန်သွားသည်။ ထိုစဉ်က သူ၏ ရည်မှန်းချက်မှာ ဘွန်းတက္ကသိုလ်တွင် ပါမောက္ခရာထူးရရန်အတွက် ဖြစ်လေသည်။ သို့ရာတွင် အစိုးရ၏ ခေတ်နောက်ပြန်ဆွဲ ရေးအယူဝါဒများကြောင့် မာ့က်(စ)သည် သူ၏ ရည်မှန်းချက်ကို လက်လွှတ်လိုက်သည်။

ထိုစဉ်က အစိုးရသည် အတွေးအမြင်နယ်၌ တိုးတက်လာသော **လုဒဝစ် ဖြူဝါဘာ့ဂ်**ကို တက္ကသိုလ်မှ ထုတ်ပယ်လိုက်ပြီး ဘရူနိုဘိုးဝါးကိုလည်း နောက်ထပ် စာပေများပို့ချခြင်း မပြုရဟု တားမြစ်လိုက်လေသည်။

ဖြူဝါဘာ့ဂ်မှာ သာသနာရေးပညာကို ဝေဖန်ပြီး ရုပ်ဝါဒဘက်သို့ ယိမ်းယိုင်စပြုနေသော အချိန် ဖြစ်၏။

ဖြူဝါဘာ့ဂ်၏ ရုပ်ဝါဒမှာ မာ့က်(စ)တို့ လူငယ်တစ်စုကို လွှမ်းမိုးခဲ့လေသည်။

ထိုအတောအတွင်း တိုးတက်သော အမြင်ရှိသော အရင်းရှင်ပေါက်စအချို့နှင့် အမြင်ချင်းတူသော လက်ဝဲဟေဂယ်ဝါဒနောက်လိုက်များ ပေါင်းဆုံမိကာ ကိုလုံးမြို့၌ တွင် သတင်းစာ တစ်စောင်ကို တည်ထောင်လိုက်ကြသည်။

၎င်းသတင်းစာကို ၁၈၄၂–ခုနှစ် ဇန္နဝါရီလ ၁–ရက်နေ့တွင် စတင်ထုတ်ဝေသည်။ မာ့က်(စ)၊ ဘရူးနိုဘိုးဝါးတို့ကို သတင်းစာက ဖိတ်ခေါ်၍ နေရာပေးသည်။ ထိုနှစ် အောက်တိုဘာလမှာပင် မာ့က်(စ)သည် သတင်းစာ အယ်ဒီတာချုပ် ဖြစ်လေသည်။

အစက တော်လှန်ရေးသမား ဒီမိုကရက်များ၏ လမ်းစဉ်ကို လိုက်သော သတင်းစာသည် မာ့က်(စ)၏ လက်ထက်တွင် ပို၍ ပြင်းထန်လာသည်။ ပို၍ လှုပ်ရှားလာသည်။ ဤတွင် အစိုးရက သတင်းစာကို အထပ်ထပ် စီစစ် ချုပ်ကိုင်ပြုလုပ်လာလေသည်။

၁၈၄၃–ခု ဇန္နဝါရီလတွင် မာ့က်(စ)သည် ထိုသတင်းစာ အယ်ဒီတာချုပ်ဘဝက နုတ်ထွက်လိုက်ရတော့သည်။ ထိုစဉ်က မာ့က်(စ)သည် နိုင်ငံရေး ဘောဂဗေဒများကို များးစွာ လေ့လာလိုက်စားခြင်း မရှိသေးပေ။

၁၈၄၃–ခုနှစ်မှာပင် ဘရူးဇနတ်မြို့တွင် မာ့က်(စ)သည် သူ၏ ငယ်ရည်းစားဖြစ်သူ ဂျင်နီဗွန်ဝက်စဖဲလင်နှင့် လက်ထပ်ထိမ်းမြားလိုက်သည်။ ဂျင်နီမှာ မှူးမျိုး

http://www.cherrythitsar.org


မတ်နွယ်မှ ဆင်းသက်လာသူ ဖြစ်ပြီး သူ့အစ်ကို တစ်ဦးမှာ ပရပ်သျှားနိုင်ငံ၏ ပြည်ထဲရေးဝန်ကြီး တစ်ဦး ဖြစ်သည်။

ထိုနှစ် ဩတမ်ရာသီတွင် မာ့က်(စ)သည် ပဲရစ်မြို့သို့ ထွက်ခွာ သွားသည်။ မဂ္ဂဇင်းတစ်စောင် ထုတ်ဝေရန် သွားခဲ့ခြင်းဖြစ်၏။ ထိုမဂ္ဂဇင်းမှာလည်း တစ်စောင်သာ ထုတ်ဝေခွင့်ရပြီး အကြောင်းအမျိုးမျိုးကြောင့် ရပ်နားလိုက်ရလေသည်။

၁၈၄၄ ခုနှစ်တွင် ဖရက်ဒရစ်အိန်းငဲ(လ)သည် ပဲရစ်မြို့သို့ ရောက်ရှိလာသည်။ ထိုအချိန်မှစ၍ မာ့က်(စ)နှင့် တွေ့သိ ကျွမ်းဝင်ကာ ရာသက်ပန် မိတ်ဆွေ ဖြစ်ခဲ့လေသည်။

တဖန် ၁၈၄၅ ခုနှစ်တွင် အစိုးရ၏ ဖိနှိပ်မှုကြောင့် ပဲရစ်မြို့မှ ထွက်ပြေး တိမ်းရှောင်ပြီး ဘရပ်ဆယ်မြို့တွင် သွားရောက်နေထိုင်ရသည်။

၁၈၄၇– တွင် မာ့က်(စ)နှင့် အိန်းငဲ(လ) ပူးပေါင်းပြီး လျှို့ဝှက်ဆိုရှယ်လစ် အဖွဲ့အစည်းတစ်ခုကို တည်ထောင်လိုက်ကြသည်။ ၎င်းကို **ကွန်မြူနစ်လူငယ်များ အစည်းအရုံး**ဟု ခေါ်သည်။

ထိုအစည်းအရုံး၏ ဒုတိယအကြိမ်မြောက် ကွန်ဂရက်တွင် မာ့က်(စ)သည် သူ၏ အလွန်အရေးပါသော **ကွန်မြူနစ်ပါတီ ကြေညာစာတတမ်း**ကို ရေးသားတင်သွင်း ရလေသည်။

ထိုစာတမ်းသည် ၁၈၄၈ ခု ဖေဖော်ဝါရီလတွင် ထွက်ပေါ်လာသည်။ ဤကား မာ့က်(စ) တည်ဆောက်လိုသည့် ကွန်မြူနစ် လူ့အဖွဲ့အစည်း၏ အုတ်မြစ် အခြေခံ ဖြစ်လေသည်။

၁၈၄၈ ခုနှစ်တွင် တော်လှန်ရေး ဖြစ်ပွားပြန်ရာ၊ မာ့က်(စ)သည် ဘယ်(လ) ဂျီယန်မှ ထွက်ပြေးတိမ်းရှောင်ရပြန်သည်။ ဘယ်(လ)ဂျီယန်မှ ပဲရစ်၊ ပဲရစ်မှ ဂျာမနီ၊ ကိုလုံးစသည်မြို့များသို့ အဆင့်ဆင့် ရွှေ့ပြောင်းနေထိုင်ရသည်။

ကိုလုံးတွင် နေစဉ် အစက တည်ထောင်ခဲ့ဖူးသော သတင်းစာကို အသစ် တစ်ဖန် ပြန်ထုတ်ဝေပြန်သည်။ သူ၏ တော်လှန်ရေး အတွေးအခေါ်များနှင့် လှုံ့ ဆော်မှုများကြောင့် ၁၈၄၉ ခုနှစ်တွင် သတင်းစာနှင့်တကွ သူ့ကို တရားစွဲခံရပြန်ရာ မာ့က်(စ)သည် ကိုလုံးမြို့မှ ပဲရစ်သို့ တစ်ဖန် ထွက်ပြေးပြန်သည်။ ပဲရစ်တွင် တစ်လခန့်သာ နေရပြီး ၁၈၄၉ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် ပဲရစ်မှ လန်ဒန် မြို့သို့ ထွက်ပြေးရပြန်သည်။

လန်ဒန်မြို့တွင် မာ့က်(စ)သည် အသက်ထက်ဆုံးတိုင် နေထိုင်ခဲ့ရသည်။

မာ့က်(စ)နှင့် အိန်းငဲ(လ) အပြန်အလှန် ပေးစာများကို ဖတ်ကြည့်မည်ဆိုပါက

http://www.cherrythitsar.org



မာ့က်(စ)ဘဝလောက် ကြမ်းတမ်းခက်ထရော် ရှိလှသော ဘဝမျိုးကား ရှိနိုင် ကောင်းသောအရာ မဟုတ်ကြောင်း တွေ့ရသည်။

ပညာတတ် လူကုံထံ မျိုးရိုးမှ ဆင်းသက်ခဲ့ကြပါလျက် မာ့က်(စ)တို့ မိသားစုသည် အလွန်ဆင်းရဲဒုက္ခ ရောက်ခဲ့ရလေသည်။

**လန်ဒန်မှာ နေစဉ်အတွင်း အိန်းငဲ(လ)ကသာ ဒိုင်ခံ၍ အနစ်နာခံကာ ထောက်ပံ့နေခြင်း မရှိခဲ့လျှင် မာ့က်(စ)သည် သူ၏ ထင်ရှားလှသော အရင်းကျမ်းကြီး ကို ပြုစုနိုင်ခဲ့မည် မဟုတ်ပေ။**

ဤသို့ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကူးပြောင်းသွားရင်းပင် မာ့က်(စ)သည် ပစ္စည်း မဲ့ လူတန်းစားတို့၏ တော်လှန်လှုပ်ရှားမှုများတွင် ကိုယ်ထိလက်ရောက် ပါဝင်ခဲ့ လေသည်။

များပြားလွန်းလှသော သူ၏ ဆောင်ရွက်ချက်များကို ပြည့်စုံအောင် ဖော်ပြ နိုင်ခြင်း မရှိပါ။ နောင်သောအခါ အခွင့်သင့်သော် စာတစ်စောင် ကျမ်းတဖွဲ့ကို တင်ပြ လိုပါသည်။

**နိုင်ငံရေးဘောဂဗေဒနှင့် အရင်းကျမ်းကို မာ့က်(စ)သည် ဗြိတိသျှပြတိုက်တွင် နာရီပေါင်းမြောက်များစွာ အလုပ်လုပ်၍ ပြုစုသည်။** ထိုစဉ်မှာပင် သူ၏ ကျန်းမာ ရေးလည်း ထိခိုက်လာလေတော့သည်။

၁၈၈၁ ခု ဒီဇင်ဘာ ၂ ရက်နေ့တွင် ဇနီးဖြစ်သူသည် ပင်ပန်းဆင်းရဲငတ်ပြတ် ခြင်းဒဏ်ကိုခံရင်း အနိစ္စရောက်ရှာသည်။ ဇနီးဖြစ်သူ ကွယ်လွန်သွားသည့်အချိန် မှစ၍ မာ့က်(စ)သည် စိတ်ထိခိုက်သည်က တကြောင်း၊ အရင်းကျမ်းနှင့် ပတ်သက်၍ ကြီးလေးသော လုပ်ငန်းများ ဖိစီးသည်က တကြောင်း၊ ကျန်းမာရေးလည်း အလွန်ချို့တဲ့လာပြီ ဖြစ်သည်က တကြောင်းကြောင့် ၁၈၈၃ ခု မတ်လ ၁၄ ရက်နေ့တွင် မာ့က်(စ)သည် သူ၏ စားပွဲကုလားထိုင်ပေါ်မှာပင် အရင်းကျမ်း မပြီး မပြတ်ကို ရေးရင် ကွယ်လွန်ခဲ့လေသည်။

## မာ့က်(စ)ဝါဒ

မာ့က်(စ)ဝါဒဆိုသည်မှာ မာ့က်(စ)ရေးသားဟောကြားသွန်သင် ညွှန်ပြခဲ့မှုများ အားလုံးတွင် ထားရှိသော သူ၏ လောကအမြင်ပင် ဖြစ်ပေသည်။

မာ့က်(စ)သည် ထိုခေတ်က အလွန်ထင်ရှားခဲ့သော နိုင်ငံကြီးများဖြစ်သည့် ဂျာမဏီ၊ အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံများမှ အယူဝါဒရေးရာ ရေသောက်မြစ်

http://www.cherrythitsar.org


သုံးသွယ်ကို စုပေါင်းဖွဲ့စည်းကာ သူ၏ဝါဒကို အသွေးသစ် အသွင်သစ်ဖြင့် ဖော်ထုတ်နိုင်ခဲ့သော ပါရမီရှင်တစ်ဦးပင် ဖြစ်သည်။

သူ ရယူခဲ့သော အတွေးအမြင်ဆိုင်ရာ ရေသောက်မြစ်သုံးသွယ်မှာ

၁။ ဂျာမန်တွေးခေါ် မြော်မြင်ရေးသဘောတရား

၂။ အင်္ဂလိပ်တို့၏ နိုင်ငံရေးဘောဂဗေဒနှင့်

၃။ ပြင်သစ်တို့၏ ဆိုရှယ်လစ်ဝါဒ တို့ဖြစ်သည်။

ဤအယူအဆ အတွေးအမြင်သုံးခုကို ပေါင်းရုံးကာ မာ့က်(စ)သည် သူ၏ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒနှင့် ခေတ်သစ်ရုပ်ဝါဒ လောကအမြင်များကို တည်ဆောက်ခဲ့သူဖြစ်သည်။ သူ၏ အတွေးအမြင်များကို တိုတိုနှင့် လိုရင်း ရောက်အောင် အကျဉ်းချုံး၍ ဤစာစောင်တွင် တင်ပြလိုက်ရပါသည်။

## မာ့က်(စ)၏ ရုပ်ဝါဒ

ကား(လ)မာက်(စ)၏ လောကအမြင်များ တွေးခေါ်မြော်မြင်ပုံ နည်းစနစ်များ သွန်သင် ညွှန်ပြချက်များအားလုံးကို စုပေါင်း၍ စကားတစ်လုံးတည်းဖြင့် မာက်(စ) ဝါဒဟု ခေါ်ကြပါသည်။

ဖော်ပြခဲ့ပြီးဖြစ်သော ဂျာမန်တွေးခေါ်မြော်မြင်ရေး သဘောတရားဖြစ်သော ဟေဂယ်၏ လောကအမြင်၊ အင်္ဂလိပ်တို့၏ နိုင်ငံရေးဘောဂအမြင်နှင့် ပြင်သစ်တို့၏ ဆိုရှယ်လစ်ဝါဒ သုံးရပ်ကို ပေါင်းစပ်ကာ ပြည့်ဝစုံလင်သော ကိုယ်ပိုင်လောက အမြင်သစ်တစ်ရပ်ကို မာက်(စ)က ဖော်ထုတ်နိုင်ခဲ့လေသည်။

ကား(လ)မာက်(စ)သည် ၁၈၄၄–၄၅ ခုလောက်တွင် သူ၏ အမြင်သစ်ကို တိကျခိုင်မာစွာ ဖော်ထုတ်လာသည်။ သူကား ရုပ်ဝါဒီဖြစ်၏။ တိကျစွာဆိုရလျှင် လုဒဝစ် ဖြူဝါဘာဂ့်၏ နောက်လိုက်ဖြစ်ခဲ့၏။

သို့ရာတွင် မာ့က်(စ)သည် ဖြူဝါဘာဂ်၏ ပျော့ကွက် ညံ့ကွက်များကို သူ၏ရုပ်ဝါဒတွင် ရှေ့နောက် ညီညွတ်ကိုက်ညီအောင် တီထွင်နိုင်ခဲ့၏။ မာက်(စ)၏ ရုပ်ဝါဒကို ဒိုင်ယာလက်တစ်နည်းကျ ရုပ်ဝါဒ ဟူ၍လည်းခေါ်သည်။ ဤရုပ်ဝါဒသည် ရှေးက ပေါ်ပေါက်ခဲ့ဖူးသော ရုပ်လွန်တွေးခေါ်တတ်သည့် တက္ကိကဝါဒအားလုံးကို ပယ်သည်။

ရှေးယခင်က ကြီးစည်စိတ်ကူးခဲ့ကြဖူးသော တက္ကိကဝါဒအလို ရုပ်လောက

http://www.cherrythitsar.org



၏ ဖန်တီးရှင်ဖြစ်သော ဘုရားသခင်ဝါဒကိုလည်းကောင်း၊ အနန္တဝိဉာဏ်တော် ဝါဒမျိုးတို့ကိုလည်းကောင်း ငြင်းပယ်သည်။

ရုပ်လောကသည်သာလျှင် ပကတိတည်နေနိုင်သော အစစ်အမှန်လောက ဖြစ်၍ မည်သူ တစ်စုံတစ်ယောက်ကမျှ ပြုပြင်ဖန်တီးခြင်းမရှိ၊ ဤအချက်ကို တိုးတက်သော တွေးခေါ်မြော်မြင်ရေး သဘောတရားများနှင့် သဘာဝတ္တသိပ္ပံပညာများ က အခိုင်အမာ သက်သေထူပြလျက်လည်း ရှိလေပြီ။

လှုပ်ရှားမှုသည်သာလျှင် ရုပ်၏ ပကတိတည်နေပုံ လက္ခဏာအမှန် ဖြစ်တော့သည်။ ဤလောက၌ လှုပ်ရှားခြင်းကင်းသော ရုပ်ဟူ၍ မရှိဟူ၍လည်းကောင်း၊ အလားတူပင် ရုပ်မဲ့သော လှုပ်ရှားမှုဟူ၍လည်း မရှိဟူ၍လည်းကောင်း **ဒူရင်း ဆန့်ကျင်ရေး စာတမ်းကျမ်း** တွင် အိန်းငဲ(လ)က ရေးသားဖော်ပြခဲ့လေသည်။

မာက်(စ)ဝါဒအရ ရုပ်ဆိုသည်မှာ ဒဿနိကဗေဒဆိုင်ရာ ယူဆချက်အရ သဘောတရားတစ်ရပ်ဖြစ်၍ ၎င်းမှာ အသိစိတ်မှ အပဖြစ်သော အရာအားလုံးကိုပင် ရုပ်ဟုခေါ်ရမည်ဖြစ်ကြောင်း လီနင်က သူ၏ရုပ်ဝါဒနှင့် အတွေ့အကြုံ ဝေဖန် ဆန်းစစ်ရေးကျမ်းတွင် အကျယ်တဝင့် ရေးသားဖော်ပြခဲ့ဖူးလေသည်။

ရုပ်သည်သာလျှင် လောက၏ ထာဝရအခြေခံတရားဖြစ်၍ ၎င်းကို မည်သည့်နာမ်တရားကမျှ ဖန်ဆင်းခြင်း မပြုနိုင်ဟု မာက်(စ)ဝါဒတွင် ယုံကြည်သည်။

သို့ဆိုပါလျှင် လောကတွင် နာမ်(စိတ်)တရားများ မရှိတော့ပြီလောဟု မေးစမ်းလိုကြပေမည်။ မာက်(စ)ဝါဒသည် လောက၌ စိတ်ဟူ၍ မရှိ၊ အရာရာသည် ရုပ်သာဖြစ်သည်ဟု စိတ်ကို ငြင်းပယ်သော ရုပ်ကြမ်းဝါဒ မဟုတ်ပါချေ။

မာက်(စ)ဝါဒအရ လောကတွင် ရုပ်ရှိသကဲ့သို့ စိတ်လည်း တကယ်ပင် ရှိသည်ဟု လက်ခံသည်။ ရုပ်သည် စိတ်မှအပ အရာခပ်သိမ်းဖြစ်သည်ဟု အဆို ရှိသကဲ့သို့ စိတ်သည်လည်း ရုပ်မဟုတ်ကြောင်း လက်ခံသည်။

သို့ရာတွင် မာက်(စ)ဝါဒသဘောတရားများ၌ ဤလောကတွင် ရုပ်မရှိဘဲနှင့် စိတ်သက်သက်ဟူ၍ မရှိနိုင်။ စိတ်သည် ရုပ်တစ်ခုခုကို မှီတွယ်၍သာလျှင် ဖြစ်နိုင်သည်။ တည်နိုင်သည်။ လှုပ်ရှားဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် စိတ်သည် ရုပ်နှင့် နှိုင်းစာလျှင် ပဓာနမဟုတ်၊ ရုပ်သာလျှင် ပဓာနဖြစ်ကြောင်း ရှုမြင်ရပေမည်။

ဤနေရာတွင် စိတ်သည် ဘယ်သို့ဖြစ်ပေါ်လာသနည်းဟု မေးနိုင်ပေသည်။ မာက်(စ)ဝါဒက ဤမေးခွန်းအတွက် အဖြေပေးသည်။ အဖြေကား ရှင်းလှပါ၏။

စိတ်သည် ရုပ်မရှိဘဲ မရပ်တည်နိုင်၊ ရုပ်ကိုသာ အမှီပြု၍ ရပ်တည်နေရသည် ဆိုသော စကားအရ စိတ်သည် ရုပ်ဝတ္ထုများ ပေါင်းစပ်ဖွဲ့စည်းမှုမှ ဖြစ်ပေါ်လာသော

http://www.cherrythitsar.org


ဖြစ်ရပ်တစ်ခုသာ ဖြစ်ကြောင်း သိရပေသည်။

တနည်းဆိုသော် စိတ်သည် လူ၏အာရုံ ဦးဏှောက်နှင့် သဘာဝ ပတ်ဝန်းကျင်လောကတို့ ထိတွေ့ဆက်စပ်ရာမှ ဖြစ်ပေါ်လာသော ဖြစ်ရပ်တစ်ခုသာ ဖြစ်သည်။ လူသည် သဘာဝတရား၏ ဖြစ်ရပ်တစ်ခုဖြစ်၍ စိတ်သည် လူ့ဦးဏှောက်လှုပ်ရှားမှုမှ ဖြစ်ပေါ်လာသော ဖြစ်ရပ်တစ်ခုဖြစ်သည်။

ထို့ကြောင့် စိတ်သည်လည်း ရုပ်သဘာဝတရားက ဖန်တီးပြုပြင်လိုက်သော တရားတစ်ခုသာဖြစ်ကြောင်း သိသာထင်ရှားသည်ဟု လီနင်က ရေးသား ဖော်ပြခဲ့ပေသေးသည်။

ဤသို့ဆိုလျှင် ရုပ်လောကကို တည်မှီ၍ ဖြစ်လာရသောကြောင့် လူ့၏ (စိတ်သည် အရေးမပါတော့ဟု မဆိုလိုပေ၊ လူသား၏ လုပ်ငန်းဆောင်တာ အရပ်ရပ်တွင် ရုပ်ပိုင်း) ဖွံ့စည်း ဖြစ်ပေါ်မှုများက အရေးကြီးသကဲ့သို့ စိတ်ပိုင်းဖွံ့စည်းဖြစ်ပေါ်မှုများကလည်း အရေးကြီးပေသည်။ မာက်(စ)ဝါဒတွင် စိတ်ပိုင်း၏ အရေးပါသော အခန်းကိုလည်း အရေးထားပေသည်။

မာက်(စ)ဝါဒသည် ရုပ်ဝါဒဖြစ်သည်အလျောက် ဝိညာဏဝါဒအားလုံးနှင့် ဆန့်ကျင်သည်။ အလားတူပင် ဟယ္ယူမ်း၊ ကန့်စသူတို့၏ **လူသည် အမှန်တရားကို မသိနိုင်ဆိုသော ဝါဒ** များနှင့်လည်း ဆန့်ကျင်သည်။

မာ့က်(စ)ဝါဒအရ လောက၏ အမှန်တရားများကို လူသည် မသိသေးသည်သာ ရှိရမည်။ မသိနိုင်သော အရာဟူ၍ မရှိဟု ယုံကြည်ပေသည်။

## မာ့က်(စ)၏ ဒိုင်ယာလက်တစ်သဘောတရား

မာ့က်(စ)နှင့် အိန်းငဲ(လ)နှစ်ဦးစလုံးကပင် ဟေဂယ်၏ ဒိုင်ယာလက်တစ်သဘောတရားကို အလွန်သိသာထင်ရှား ပြည့်ဝစုံလင်သော တိုးတက်ဖြစ်ပေါ်မှုပြသဘောတရားအဖြစ် လက်ခံသည်။ 'သူတို့အနေနှင့် ဟေဂယ်၏ ဒိုင်ယာလက်တစ်သဘောတရားကို နာမ်အခြေခံပေါ်မှ ရုပ်အခြေခံပေါ်သို့ ပြောင်းလဲ ဖော်ပြခဲ့ခြင်းသာဖြစ်သည်။

http://www.cherrythitsar.org


## ရုပ်ဝါဒ၏ ဒိုင်ယာလက်တစ် သဘောတရားဆိုင်ရာ အခြေခံ ဥပဒေသများ။

တိုးတက်ဖြစ်ပေါ်မှုတစ်ခုတွင် အရေးကြီးသော ကိစ္စမှာ ထိုတိုးတက်မှု မည်သို့ စတင်လာပုံနှင့် ၎င်း၏ တွန်းအားများမှာ အဘယ်သို့ရှိသနည်း ဟူသော ပြဿနာဖြစ်၏။ အထက်ပါ မေးခွန်းကို **ဆန့်ကျင်ဘက်တရားတို့ စည်းလုံးညီညွတ်မှုနှင့် ပဋိပက္ခဖြစ်မှု ဥပဒေသ**က အဖြေပေးလျက်ရှိရာ ထိုဥပဒေသ အကြောင်းကို ဦးစွာ တင်ပြလိုပေသည်။

## ဆန့်ကျင်ဘက်(ဝိရောဓိ)တရားတို့၏ ညီညွတ်မှုနှင့် ပဋိပက္ခဖြစ်မှု ဥပဒေသ

ဤဥပဒေသကို လီနင်က အညမည (ဒိုင်ယာလက်တစ်)သဘောတရား၏ အနှစ်သာရ အမြုတေဖြစ်ကြောင်း ရေးသားခဲ့၏။ ဤဥပဒေသသည် ရုပ်လောက၏ လှုပ်ရှားတိုးတက်မှုအစနှင့် ၎င်းတိုးတက်မှုဖြစ်ပေါ်ရေး အကြောင်းတရားများကိုပါ ဖော်ပြသည်။ သဘာဝတရား လူ့ဘောင်အဖွဲ့အစည်းနှင့် အတွေးအခေါ် တိုးတက်မှုဆိုင်ရာ အညမညသဘောတရားကို နားလည်ရန်အတွက် အထက်ပါ ဥပဒေသသည် အလွန်အရေးပါသော ဥပဒေသဖြစ်သည်။

ယထာဘူတ တရားများအတွင်းရှိ ဆန့်ကျင်ဘက်တရားများကို လေ့လာခြင်းနှင့် ၎င်းတို့၏ သဘာဝကို ဖော်ထုတ်ပြခြင်းသည် သိပ္ပံနည်းကျ လေ့လာမှုနှင့် လက်တွေ့လုပ်ငန်းများတွင် အဓိက လိုအပ်သော အချက်ပင်ဖြစ်၏။

## ဆန့်ကျင်ဘက် တရားများ၏ စည်းလုံးညီညွတ်မှုနှင့် ပဋိပက္ခ

အထက်ပါ သဘောတရားကို မလေ့လာမီ **ဆန့်ကျင်ဘက်တရားတို့၏ စည်းလုံးညီညွတ်မှု** စသည့် စကားတို့၏ အနက်ကို မာ့က်(စ)ဝါဒ၏ အညမည သဘောတရားတွင် မည်သို့ နားလည်ထားသနည်း ဟူသော အချက်ကို ဆွေးနွေးသင့်ပေသည်။

ကျွန်ုပ်တို့သည် သံလိုက်ကို တွေ့မြင်ဖူးကြ၏။ သံလိုက်၏ အဓိကလက္ခဏာမှာ တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်း ရှိခြင်း၊ ၎င်းတို့သည် တစ်ခုကို တစ်ခု

http://www.cherrythitsar.org


ဆန့်ကျင်နေခြင်းပင် ဖြစ်၏။

သို့သော် တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းသည် သံလိုက်တုံး တစ်တုံးထဲတွင် ပါဝင်နေ၏။ သံလိုက်ကို နှစ်ပိုင်းပိုင်းပြီး တောင်ဝင်ရိုးပိုင်းနှင့် မြောက်ဝင်ရိုးပိုင်းကို ခွဲခြား၍ မရချေ။ သံလိုက်ကို မည်မျှပင် ပိုင်းပိုင်း သံလိုက်၏ အပိုင်းတိုင်းတွင် တောင်ဝင်ရိုးနှင့် မြောက်ဝင်ရိုး ရှိမြဲဖြစ်ပေသည်။

ထို့ကြောင့် ဆန့်ကျင်ဘက်တရားတို့သည် အရာဝတ္ထုတစ်ခုတွင်းရှိ တစ်ခုထဲတွင် တစ်ခု အကြိုးဝင်ခြင်း မရှိသော ဘက်များ၊ သဘောထားများ၊ အင်အားစုများဖြစ်၏။ ၎င်းဆန့်ကျင်ဘက်တရားတို့သည် တစ်ခုထဲတွင် တစ်ခု အကြိုး မဝင်သော်လည်း တစ်ခု မရှိဘဲ တစ်ခု မရှိနိုင်။ တစ်ခုရှိမှသာ တစ်ခုရှိ၏။ ဤကဲ့သို့ ဘက်များ၊ အင်အားစုများသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်သော်လည်း ခွဲမရအောင် ဆက်စပ်နေသည့် သဘောသည် **ဆန့်ကျင်ဘက်တရားတို့၏ စည်းလုံးညီညွတ်မှု** ပင် ဖြစ်ပေသည်။

အရာဝတ္ထု အဖြစ်အပျက်တိုင်းတွင် ဆန့်ကျင်ဘက် သဘောတရားများ ရှိကြသည်။ သို့ရာတွင် ၎င်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်တည်နေကြသည်။ စည်းလုံးညီညွတ်မှုလည်း ရှိကြသည်။

ဥပမာ အခြေခံ၍ ရုပ်ပစ္စည်းကလေးများမှာလည်း ဆန့်ကျင်ဘက်သဘော ရှိကြ၏။

> ၎င်းကို လှိုင်းသဘောနှင့် မြူမှုံတို့မှာ ဆန့်ကျင်ဘက် အသွင်ကို ဆောင်နေကြသည်။ ထိုမြူမှုံနှင့် လှိုင်းတို့မှ ဖွဲ့စည်းဖြစ်ပေါ် လာသော အနုမြူတွင်လည်း ဆန့်ကျင်ဘက်သဘောများရှိသည်။ အနုမြူ၏ အလည်တွင် အဖိုသဘောရှိသောနယူကလီယပ်စ်ရှိပြီး ၎င်းပတ်စီးနေသော အီလက်ထရွန်မှာ အမသဘောရှိပေသည်။ ဓာတ်ဖြစ်စဉ်များမှာလည်း အလားတူပင် ဆန့်ကျင်ဘက်သဘောများရှိ၏။

သက်ရှိ ကိုယ်အင်္ဂါအဆောက်အအုံတွင်လည်း ဆန့်ကျင်ဘက်တရားများ ရှိကြသည်။ ၎င်းဆန့်ကျင်ဘက်သဘောတို့မှာ ဓာတ်တို့၏ စုစည်းမှုနှင့် ကွဲပြားမှု ဗီဇနှင့် ပတ်ဝန်းကျင်အခြေအနေ စသည့် လက္ခဏာများ ဖြစ်ကြပေသည်။

လူ၏ စိတ်တွင်လည်း စိတ်လှုပ်ရှားမှု၊ ထိန်းချုပ်မှု၊ အာရုံစူးစိုက်မှု၊ စိတ်ပျံ့လွင့်မှု စသည် ဆန့်ကျင်ဘက် သဘောများ ရှိသည်။

ပဋိပက္ခအသွင်ကို ဆောင်နေသော လူ့ဘောင် အဖွဲ့အစည်းထဲတွင်လည်း ဆန့်ကျင်ဘက် ဖြစ်နေသော လူတန်းစားရှိသည်။ ၎င်းတို့မှာ မြေရှင်ပဒေသရာဇ်

http://www.cherrythitsar.org



စနစ်တွင် မြေကျွန်နှင့် မြေပိုင်ရှင်၊ အရင်းရှင်စနစ်တွင် ပစ္စည်းမဲ့ အလုပ်သမားနှင့် အရင်းရှင် လူတန်းစားတို့ ဖြစ်၏။

အသိပညာ ဖြစ်ပေါ်မှုတွင်လည်း ဆန့်ကျင်ဘက်များရှိ၏။ လူသည် အသိပညာ ရရာရကြောင်းအတွက် ဆန့်ကျင်ဘက် နည်းလမ်းများကို အသုံးပြုရသည်။ ထိုသိမှုပညာဆိုင်ရာ ဆန့်ကျင်ဘက် နည်းလမ်းများမှာ–

ထုတ်ယူဆင်ခြင်နည်း (Deduction)

ခြုံယူဆင်ခြင်နည်း (Induction)

ခွဲခြမ်းရှုနည်း (Analysis)

စုပေါင်းရှုနည်း (Synthesis)

စသည်တို့ ဖြစ်ပေသည်။

ထို့ကြောင့် အရာဝတ္ထုအဖြစ်အပျက်များ၏ ဆန့်ကျင်ဘက်တရားများမှာ တလောကလုံးနှင့် စပ်ဆိုင်သော ယေဘုယျလက္ခဏာကို ဆောင်ယူထားပေသည်။ ကမ္ဘာပေါ်တွင် အရာဝတ္ထု အဖြစ်အပျက်ဟူ၍ တစ်စုံတစ်ခုမျှ မရှိပေ။

ဆန့်ကျင်ဘက် တရားတို့သည် တစ်ခုနှင့်တစ်ခု အကြိုးမဝင်ကြသော်လည်း တစ်ခုနှင့်တစ်ခု ဆက်စပ်မှုကား ရှိ၏။ အရာဝတ္ထုတစ်ခုတွင် ဖြစ်စေ၊ အဖြစ်အပျက်တစ်ရပ်တွင် ဖြစ်စေ ဆန့်ကျင်ဘက် တရားတို့သည် ယှဉ်တွဲဖြစ်ပေါ်လျက်ရှိ၏။

ဥပမာအားဖြင့် အထက်တွင် သံလိုက်၏ တောင်ဝင်ရိုးနှင့် မြောက်ဝင်ရိုး သဘောကို ရှင်းပြခဲ့လေပြီ။ အရင်းရှင်စနစ်သည်လည်း ဆန့်ကျင်ဘက်ဖြစ်နေသော လူတန်းစားများသာ မရှိလျှင် အရင်းရှင်စနစ် မဖြစ်နိုင်တော့ပေ။ အဘယ်ကြောင့် ဆိုသော် ဆိုရှယ်လစ်တော်လှန်ရေး ဆင်နွှဲပြီး ပစ္စည်းမဲ့အလုပ်သမားတို့က အရင်းရှင်တို့အား လူတန်းစားတစ်ရပ်အဖြစ် ဆက်လက် ရပ်တည်ခွင့်မရှိအောင် သုတ်သင်လိုက်သောအခါ အရင်းရှင်စနစ်သည် အရင်းရှင်စနစ် မဟုတ်တော့ဘဲ ဆိုရှယ်လစ်စနစ် ဖြစ်သွားလေတော့သည်။

အိန်းငဲ(လ)ကလည်း ဆန့်ကျင်ဘက် တရားများတွင် တဖက်မရှိဘဲ တစ်ဖက် မရှိနိုင်ချေ။ ၎င်းမှာ တစ်ဝက်စားပြီးသော သစ်တော်သီးကို အလုံးလိုက် ကိုင်ထားချင်၍ မဖြစ်သကဲ့သို့ပင်တည်း ဟု ရေးသားခဲ့ဖူးလေသည်။

## ဆန့်ကျင်ဘက်တရားတို့၏ ပဋိပက္ခသည် တိုးတက်မှု၏ အစဖြစ်သည်

အထက်ပါ သဘောအရ ဆိုလျှင် အရာဝတ္ထု အဖြစ်အပျက်မှန်သမျှသည်

http://www.cherrythitsar.org


ဆန့်ကျင်ဘက်တရားတို့၏ စည်းလုံးညီညွတ်မှု(ဝါ) ဆန့်ကျင်ဘက် တရားတို့၏ ပေါင်းဆုံ ညီညွတ်မှုများ ဖြစ်ပေသည်။ ဤညီညွတ်ပေါင်းစည်းမှု၏ သဘော လက္ခဏာမှာ မည်သို့ ရှိပါသနည်း။ ဆန့်ကျင်ဘက် တရားတို့သည် ငြိမ်းချမ်းစွာ အေးအေးဆေးဆေး စည်းလုံးပေါင်းဆုံ ညီညွတ်နေကြပါသလော။ သို့တည်းမဟုတ် တစ်ခုနှင့်တစ်ခု ပဋိပက္ခ ဖြစ်နေကြပါသလော။

အရာဝတ္ထု ဖြစ်ပျက်မှုအားလုံးကို ခြုံ၍ သုံးသပ်ကြည့်လျှင် ဆန့်ကျင်ဘက် တရားတို့သည် အရာဝတ္ထုတစ်ခုတွင်း၌ ငြိမ်းချမ်းစွာပေါင်းဆုံ ညီညွတ်နေကြသည် မဟုတ်။ ဘက်တစ်ဘက်နှင့်တစ်ဘက် အချင်းချင်း ပဋိပက္ခဖြစ်နေကြသည်ကိုသာ တွေ့ရပေသည်။ အသစ်နှင့် အဟောင်း ဖြစ်ပေါ်မှုနှင့် ပျက်သုဉ်းမှု မှန်သမျှသည် ပဋိပက္ခ ဖြစ်နေကြသည်။ တစ်ခုနှင့် တစ်ခု တိုက်ခိုက်နေကြသည်။

ဤကဲ့သို့ တိုက်ခိုက်နေသည့် ပဋိပက္ခသဘောသည် ရုပ်ပိုင်းတိုးတက် ဖြစ်ပေါ်မှုများနှင့် စိတ်ပိုင်း တိုးတက်ဖြစ်ပေါ်မှုများ၏ အဓိက အခြေခံတရားပင် ဖြစ်တော့သည်။ တိုးတက်မှု ဆိုသည်မှာ ဆန့်ကျင်ဘက်တရားတို့၏ ပဋိပက္ခ ဖြစ်သည်။ ဤပဋိပက္ခသည် တိုးတက်မှု စသော တရားများကဲ့သို့ အကြွင်းမဲ့ ထာဝရ သဘောတရားပင် ဖြစ်သည်ဟူ၍ လီနင်က ရေးသားခဲ့၏။

ဆန့်ကျင်ဘက်တရားတို့၏ ပဋိပက္ခသည် တိုးတက်ဖြစ်ပေါ်မှုအတွက် အလွန်အရေးပါ အရာရောက်သည်ဟု ဆိုသောကြောင့် ၎င်းတို့၏ စည်းလုံးညီညွတ်မှု သည် အရေးပါအရာရောက်ခြင်းမရှိဟု မဆိုလိုချေ။ စင်စစ် ဆန့်ကျင်ဘက် တရားတို့၏ ပေါင်းစည်းမှု စည်းလုံးညီညွတ်မှုသည် ၎င်းတို့ ပဋိပက္ခဖြစ်လာမှု အတွက် မရှိမဖြစ်လိုအပ်သော အခြေအနေတစ်ရပ် ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ဆန့်ကျင်ဘက်တရားတို့သည် တစ်ခုနှင့်တစ်ခု အချင်းချင်း ပဋိပက္ခ ဖြစ်လာသည်မှာ ၎င်းတို့၏ တစ်နေရာတစ်ဌာန အရာဝတ္ထု တစ်ခုတည်းတွင် ပေါင်းဆုံမိနေသောကြောင့်သာ ဖြစ်လေသည်။ ထိုသို့ ပေါင်းစုံမှု မရှိပါက ပဋိပက္ခလည်း ဖြစ်လာစရာအကြောင်း မရှိတော့ပေ။

လီနင်က တစ်စုံတစ်ရပ်သော အခြေအနေတွင် ဆန့်ကျင်ဘက်တို့၏ အကြား၌ ယာယီ ဟန်ချက်ညီနေသော အခိုက်အတန့်မျိုးလည်း ရှိနိုင်သည်ဟု ဖော်ပြခဲ့ဖူးလေသည်။ ဆိုလိုသည်မှာ ဆန့်ကျင်ဘက်တရားများသည် တစ်စုံ တစ်ရပ်သော အခြေအနေမျိုး၌ တစ်ဘက်ကို တစ်ဘက် လွှမ်းမိုးနိုင်ခြင်း မရှိဘဲ သူမသာ ကိုယ်မသာ ဖြစ်နေသည့် သဘောကို ဆိုလိုခြင်း ဖြစ်ပေသည်။

အကယ်၍ ဆန့်ကျင်ဘက်တို့၏ ဟန်ချက်ညီနေမှုသည် ထာဝရ

http://www.cherrythitsar.org



တည်မြဲနေမည်ဆိုလျှင် တိုးတက်ဖြစ်ပေါ်မှုဟူ၍ ရှိနိုင်၏တော့မည် မဟုတ်ချေ။ ထို့ကြောင့် ၎င်းတို့မှာ တဒင်္ဂမျှသာ ဖြစ်ပေသည်။ စင်စစ်လောက တိုးတက်မှု မှန်သမျှ၏ ရေသောက်မြစ်သည် ပဋိပက္ခတရားပင် ဖြစ်တော့သည်။

ခေတ်သစ် ဘူဇွာ တွေးခေါ်မြော်မြင်ရေးဆရာများက ဆိုခဲ့ပြီးသော ဆန့်ကျင်ဘက် တရား၏ ဟန်ချက်ညီနေခြင်း သဘောကို ထာဝရတရား၊ ပရမတ္ထသစ္စာတရားဟု ယူဆပြီးနောက် မာ့က်(စ)ဝါဒီတို့၏ အညမညသဘော တရားမှာ တော်လှန်ရေးရသ, သဘောကို ငြင်းပယ်ရန် ကြိုးပမ်းကြသည်။ ၎င်းတို့ကမူ အဓိကဖြစ်ရပ်မှာ ဆန့်ကျင်ဘက်တရားတို့၏ ပဋိပက္ခမဟုတ် ၎င်းတို့၏ ပူးပေါင်းမှုပင် ဖြစ်သည်ဟု ဆိုကြလေသည်။

ဤနည်းအားဖြင့် ဘူဇွာ သဘောတရားရေးရာ ဆရာကြီးများသည် အရင်းရှင်တို့၏ အကျိုးစီးပွားနှင့် ပစ္စည်းမဲ့ အလုပ်သမားတို့၏ အကျိုးစီးပွားကို ပူးပေါင်းရန် ကြိုးစားကြသည်။ ထိုသို့ ကြိုးပမ်းခြင်းဖြင့် အလုပ်သမားတို့နှင့် အရင်းရှင်တို့ကြားမှ ပဋိပက္ခကို ရှောင်လွှဲရန် အားထုတ်ကြသည်။ တစ်နည်းဆိုသော် အရင်းရှင်စနစ်ကို တော်လှန်သည့် တော်လှန်ရေးအင်အားစုများကို ကွဲပြားသွားစေသည်။

သို့ရာတွင် လူတန်းစား ပဋိပက္ခကို ပူးပေါင်းသောနည်းဖြင့် ဖြေရှင်းရန်မှာ လုံးဝ မဖြစ်နိုင်ကြောင်းကိုလည်း လူ့သမိုင်းခေတ် အဆက်ဆက်က မငြင်းသာအောင် သက်သေပြခဲ့ပြီး ဖြစ်၏။

လူ့အဖွဲ့အစည်းသမိုင်းနှင့် သိပ္ပံသမိုင်း နှစ်ရပ်စလုံးက ဆန့်ကျင်ဘက်တရားတို့၏ ပဋိပက္ခသည် တိုးတက်ဖြစ်ပေါ်မှု မှန်သမျှ၏ ရေသောက်မြစ်ဖြစ်ကြောင်း အခိုင်အမာ ပြဆိုလျက် ရှိသည်။ တချိန်တည်းမှာပင် ဆိုခဲ့ပြီးသော ပဋိပက္ခသည် အသွင်သဏ္ဌာန်အမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် ဤရုပ်လောကကြီးထဲတွင် ဖြစ်ပေါ်နေသည်ဟူသော အချက်ကိုလည်း နှလုံးသွင်းအပ်ပေသည်။

သက်မဲ့ ရုပ်လောကထဲတွင် ဆန့်ကျင်ဘက်အင်အားစုများ ဖြစ်သော ဆွဲငင်ခြင်းနှင့် တွန်းကန်ခြင်းသဘောကို တွေ့ရသည်။ ဤသဘောများကြောင့် အနုမြူတို့၏ နယူကလီယပ် ဖွဲ့စည်းမှု၊ အနုမြူနှင့် မော်လီကျူး ဖွဲ့စည်း ဖြစ်ပေါ်မှုများကိုလည်း ဖြစ်စေသည်။ ဤဆွဲငင်ခြင်းနှင့် တွန်းကန်ခြင်း အင်အားစုများသည် ဆိုလာစနစ်ဖြစ်ပေါ်မှုအတွက် အရေးပါသော အင်အားစုများ ဖြစ်ကြောင်းကိုလည်း ခေတ်သစ် စကြာဝဠာဗေဒက ဖော်ပြလျက် ရှိပေသည်။

ခေတ်သစ် နက္ခတ်ဗေဒကလည်း အာကာသကြီးထဲရှိ ဖြစ်ပျက်ပြုပြင်မှုများသည် အဆိုပါ အင်အားစုကြီးများကြောင့် ဖြစ်ရကြောင်း သရုပ်ပြလျက်ရှိကြသည်။

http://www.cherrythitsar.org


ဤဆန့်ကျင်ဘက် အင်အားစုများသည် စကြာဝဠာကြီးထဲတွင် အမြဲတန်း ဟန်ချက်ညီ၍ တည်ငြိမ်နေသည် မရှိချေ။ အင်အားစုတစ်ခုခုကသာ အမြဲကြီးစိုး နေလေသည်။ တွန်းကန်မှု အားကြီးသောအခါ ရုပ်နှင့် အား ကွဲသွားပြီး နက္ခတ်တာရာ များ(ကြယ်များ) ကြွေသွားတတ်သည်။

ဆွဲငင်ခြင်း အင်အားစု ကြီးစိုးသောအခါ ရုပ်နှင့်အား စုစည်းပြီး ကြယ် တာရာ အသစ်များ ဖြစ်ပေါ်လာသည်။ ဤသို့လျှင် ရုပ်နှင့် အားသည် စကြာဝဠာ ကြီးထဲတွင် အစဉ်လှုပ်ရှား ဖြစ်ပေါ်နေလေသည်။

အထက်ကမူ ကျွန်ုပ်တို့သည် သက်ရှိရုပ်ပိုင်း ဖြစ်စဉ်များ၌ ဖွဲ့စည်းမှုနှင့် ကွဲကွာမှု စသော ဆန့်ကျင်ဘက်တရားများ ရှိကြောင်း ဖော်ပြခဲ့လေပြီ။ ဤဆန့် ကျင်ဘက်တရားများ၏ ပဋိပက္ခမှ သက်ရှိ ရုပ်ဝတ္ထုမှန်သမျှ ပေါ်ပေါက်လာရလေ သည်။ ဤဆန့်ကျင်ဘက် တရားများသည်လည်း ထာဝရဟန်ချက်ညီနေခြင်းမျိုး မရှိချေ။ တခုခုက ကြီးစိုးနေခြင်းမျိုးသာ ရှိတတ်ပေသည်။ ဖွဲ့စည်းမှု အင်အားစု များလျှင် သက်ရှိသတ္တဝါများ ပေါက်ဖွားလာပြီး ကွဲကွာမှု အားများလျှင် ၎င်း တို့သည် အိုမင်းဟောင်းနွမ်းသွားတတ်ပေသည်။

ကိုယ်အင်္ဂါ အဆောက်အအုံတိုင်းတွင် ပျိုရွယ်ခြင်းနှင့် အိုမင်းခြင်း (အသစ်နှင့် အဟောင်း) သဘောတို့သည် အပြန်အလှန်တုံ့ပြန် ဆက်ဆံလျက် ရှိလေသည်။ ၎င်းတို့အချင်းချင်း အပြန်အလှန် ထိခိုက်လှုပ်ရှားမှု (ပဋိပက္ခဖြစ်မှု) မှ အသက် ဝင် လှုပ်ရှားမှု ဖြစ်လာရသည်။ အဆိုပါ ပဋိပက္ခများ ရပ်တန့်သွားလျှင် အသက် ဝင်လှုပ်ရှားမှုလည်း ရပ်တန့်သွားပေလိမ့်မည်။

လူမှုရေး တိုးတက် ဖြစ်ပေါ်မှု မှန်သမျှမှာလည်း ဆိုခဲ့ပြီးသော ဆန့်ကျင်ဘက် တရားတို့၏ ပဋိပက္ခနှင့် ပေါင်းစည်း ညီညွတ်မှုမှ ဖြစ်ပေါ်လာကြသည်။ လူမှု ရေး တိုးတက်မှုများ၏ အရေးပါသော ပဋိပက္ခမှာ ကုန်ထုတ်စွမ်းအားစုများနှင့် ကုန်လုပ်ဆက်ဆံရေးတို့ကြားတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခပင် ဖြစ်တော့သည်။

လူတန်းစား ပဋိပက္ခရှိသော လူ့ဘောင်အဖွဲ့အစည်းမှန်သမျှ၌ အဆိုပါ ကုန်ထုတ်စွမ်းအားစုများနှင့် ကုန်လုပ်ဆက်ဆံရေးအကြားရှိ ပဋိပက္ခသည် ဆန့်ကျင် ဘက် ဖြစ်နေသော လူတန်းစား ပဋိပက္ခအဖြစ် ဖြစ်ပေါ်နေတတ်ပေသည်။ ထို ပဋိပက္ခသည် နောက်ဆုံးတွင် စနစ်ဟောင်းတစ်ခုကို စနစ်သစ်တစ်ခုဖြင့် အစား ထိုးသည့် လူမှုတော်လှန်ရေးတစ်ရပ်ကို ဖြစ်ပေါ်စေသည်။

ထို့ကြောင့် အရာဝတ္ထု အဖြစ်အပျက်မှန်သမျှတွင် ဆန့်ကျင်ဘက်များ ရှိသည်။ ၎င်းတို့သည် ပေါင်းစည်းညီညွတ်မှုသဘောကိုလည်း ဆောင်သည်။

http://www.cherrythitsar.org


ဆန့်ကျင်ဘက်တရားတို့သည် တစ်ခုနှင့် တစ်ခု ဘေးချင်းယှဉ်၍ တည်နေကြသည် မဟုတ်။ အစဉ်သဖြင့် အချင်းချင်း တွန်းကန်လှုပ်ရှား ပဋိပက္ခဖြစ်လျက်သာ ရှိကြသည်။ ဤကဲ့သို့ ပဋိပက္ခ ဖြစ်နေခြင်းသည်ပင်လျှင် တိုးတက်ဖြစ်ပေါ်မှု၏ ရေသောက်မြစ် (ဝါ) အခြေခံအကြောင်းတရား ဖြစ်ပေသည်။

ဤကား ဒိုင်ယာလက်တစ် (အညမည) သဘောတရား၏ အနှစ်သာရ ဖြစ်သော ဆန့်ကျင်ဘက်တရားတို့၏ ပေါင်းစည်းညီညွတ်မှုနှင့် ပဋိပက္ခဖြစ်မှု ဥပဒေသပင်တည်း။

## ပဋိပက္ခသဘောများ ကွဲပြားခြားနားနေပုံ

ဤလောကထဲတွင် ပဋိပက္ခမျိုးပေါင်း မရေမတွက်နိုင်အောင်ပင် ရှိလေသည်။ ကျွန်ုပ်တို့အနေနှင့်လည်း ပဋိပက္ခများကို နေ့စဉ်ကျော်ဖြတ်လာရသည်။ ထိုပဋိပက္ခ များအနက် အားလုံးနှင့်ဆိုင်သော ယေဘုယျသဘောရှိသည့် ပဋိပက္ခများကို မာ့က်(စ)ဝါဒက လေ့လာသည်။ ကျွန်ုပ်တို့သည် အတွင်းပဋိပက္ခနှင့် အပြင် ပဋိပက္ခ၊ ဖြေရှင်းမရသော ပဋိပက္ခနှင့် ဖြေရှင်းရသော ပဋိပက္ခ၊ အခြေခံဖြစ်သော ပဋိပက္ခနှင့် အခြေခံ မဟုတ်သော ပဋိပက္ခများ အကြောင်းကို ဆက်လက် လေ့လာကြပါစို့။

## အတွင်းပဋိပက္ခနှင့် အပြင်ပဋိပက္ခ

မာ့က်(စ)ဝါဒီတို့၏ အညမည သဘောတရားတွင် အတွင်းပဋိပက္ခနှင့် အပြင် ပဋိပက္ခကို ခွဲခြား၍ ရှင်းပြထားလေသည်။

အရာဝတ္ထုတစ်ခုရှိ ဆန့်ကျင်ဘက်အစွန်းနှစ်ဖက်တို့၏ အပြန်အလှန် ထိ ခိုက် လှုပ်ရှားမှု (ပဋိပက္ခ)ကို အတွင်းပဋိပက္ခဟု ခေါ်သည်။ အရာဝတ္ထုတစ်ခု သည် ပတ်ဝန်းကျင်ရှိ အရာဝတ္ထုတစ်ခုနှင့် အပြန်အလှန် ဆက်စပ်မှုကို အပြင် ပဋိပက္ခဟု ခေါ်ပေသည်။ မာက်(စ)ဝါဒကို မလိုလားသောသူများက တိုးတက်ဖြစ်ပေါ် မှုဆိုင်ရာ ပဋိပက္ခတရားစုများကို ငြင်းဆိုကြသည်။ ထိုသူတို့ကမူ တိုးတက်ဖြစ်ပေါ်မှု သဘောရှိ အတွင်းပဋိပက္ခကို ငြင်းပယ်၍ အပြင်ပဋိပက္ခသည်သာလျှင် တိုးတက်မှု ၏ အကြောင်းခံတရား ဖြစ်သည်ဟု ဆိုကြလေသည်။

ဥပမာ ၎င်းတို့၏ အမြင်အရ လူတန်းစားများရှိသော လူ့အဖွဲ့အစည်း

http://www.cherrythitsar.org


တိုးတက်ဖြစ်ပေါ်မှုသည် ဆန့်ကျင်နေသော လူတန်းစားတို့၏ ပဋိပက္ခကြောင့် မဟုတ်၊ လူ့အဖွဲ့အစည်းနှင့် သဘာဝတရားတို့၏ အပြန်အလှန် ဆက်စပ်လှုပ်ရှားမှု ပဋိပက္ခကြောင့်သာ ဖြစ်သည်ဟု ယူဆကြသည်။ ထိုသူတို့ကမူ လူနှင့် ပတ်ဝန်းကျင် သဘာဝတရားတို့၏ ဆက်စပ်မှုသည် လူမှုဆက်ဆံရေးစနစ်၏ အသွင်လက္ခဏာပေါ်တွင် တည်ကြောင်း နားလည်ခြင်း မရှိကြချေ။ ရုပ်လောကထဲရှိ ဝတ္ထုပစ္စည်း အဖြစ်အပျက် မှန်သမျှ၏ ပင်ကိုယ်သဘာဝထဲ၌ အတွင်းပဋိပက္ခရော အပြင် ပဋိပက္ခပါ နှစ်ရပ်စလုံး ပါဝင်နေကြလေသည်။ သို့သော် ထိုပဋိပက္ခ နှစ်ရပ်အနက် အတွင်း ပဋိပက္ခသည် အဓိကအကျဆုံး ဖြစ်ပေသည်။ ဤပဋိပက္ခ သဘောသည် တိုးတက်မှု၏ ပဓာနအကြောင်းတရားလည်း ဖြစ်ပေသည်။

မာ့က်(စ)ဝါဒီတို့၏ အညမည သဘောတရားအရ လှုပ်ရှားမှုဆိုင်ရာ၌ ရုပ်၏ အတွင်းသဘော လှုပ်ရှားမှုသာ ဆိုလိုသည်။ ထိုအတွင်း လှုပ်ရှားမှုသည် သာလျှင် အရာဝတ္ထု အဖြစ်အပျက်များ၏ တိုးတက်မှုမှန်သမျှတွင် တွန်းအား တစ်ရပ် ဖြစ်ပေသည်။

ရုပ်၏ ဂုဏ်ရည်များဖြစ်သော မြူမှုံနှင့် လှိုင်းတို့၏ အပြန်အလှန် ထိခိုက် လှုပ်ရှားမှုဆိုင်ရာ ဆွဲငင်ခြင်းနှင့် တွန်းကန်ခြင်း ဖွဲ့စည်းခြင်းနှင့် ကွဲပြားခြင်းစသည် ဆန့်ကျင်ဘက်တရားတို့သည် အရာဝတ္ထုများထဲသို့ အပြင်ဘက်က ဆွဲငင်လာသော အရာဝတ္ထုများမဟုတ်၊ အရာဝတ္ထုတို့၏ ပင်ကိုယ်သဘာဝထဲတွင် ရှိသော သဘောများ ဖြစ်ပေသည်။

အတွင်းပဋိပက္ခဖြစ်မှုများသည်သာလျှင် တိုးတက်မှုမှန်သမျှ၏ ရေသောက် မြစ် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အရာဝတ္ထု အဖြစ်အပျက်များ၏ အသွင် လက္ခဏာအရပ်ရပ်ကို ၎င်းက ပြဌာန်းပေးခြင်းကြောင့် ဖြစ်၏။

ဥပမာ အနုမြူတွင်အဖိုသဘောရှိသော နယူကလိယပ်
နှင့် အမသဘောရှိသောအီလက်ထရွန်တို့၏ ပဋိပက္ခ (အပြန်
အလှန် ဆက်စပ်မှု) မရှိလျှင် အနုမြူလည်း မရှိတော့ပေ။

သက်ရှိရုပ်ဝတ္ထုများ၏ တိုးတက်မှုများသည်လည်း အထက်ပါနည်းအ တိုင်းပင် ဖြစ်လေသည်။ လူ့ဘောင်တိုးတက်မှု၏ အခြေခံ အကြောင်းတရားမှာလည်း လူ့ဘောင်ထဲရှိ လူတန်းစား ပဋိပက္ခများပင် ဖြစ်ပေသည်။ ဤသို့လျှင် အတွင်း ပဋိပက္ခများကိုသာ အခြေစိုက်အရေးပေး၍ ဆွေးနွေးမှုကြောင့် အပြင်

http://www.cherrythitsar.org


ပဋိပက္ခသည်လည်း ကွဲပြားခြားနားမှုရှိပြီး ၎င်းတို့သည် တိုးတက်မှု အတွက် လိုအပ်ချက်လည်း ဖြစ်ပေသည်။

ဥပမာ လူ၏ အသက်ရှင်ရေးအတွက် လိုအပ်သော အရာများကို လူ့ဘောင် အဖွဲ့အစည်းနှင့်သဘာဝတရားတို့၏ အပြင်ပဋိပက္ခမှ ရရှိလာပေသည်။

အတွင်းပဋိပက္ခတို့သည် အရာဝတ္ထုအဖြစ်အပျက်များ၏ တိုးတက်မှုကို ပြဋ္ဌာန်းနေသည့်အလျောက် ထိုပဋိပက္ခများကို လက်တွေ့ဘဝတွင်း၌ ဖြေရှင်းနိုင်ရပေမည်။ ထိုနည်းတူစွာ တိုးတက်မှုအတွက် အရေးပါသော အပြင်ပဋိပက္ခသဘောကိုလည်း လျစ်လျူရှု၍ မဖြစ်ပေ။ အတွင်းပဋိပက္ခနှင့် အပြင်ပဋိပက္ခနှစ်ရပ်စလုံးကို မစဉ်းမစားလျှင် အောင်မြင်မှုကို မရရှိနိုင်ချေ။

## ရန်ဘက်ပဋိပက္ခနှင့် မိတ်ဖက်ပဋိပက္ခ

အထက်ပါ ပဋိပက္ခများအကြောင်းကို ပြောသောအခါ ကျွန်ုပ်တို့အနေနှင့် ၎င်းပဋိပက္ခများသည် လူမှုရေးနယ်မှ ပဋိပက္ခသဘောများဖြစ်ကြောင်း နှလုံးသွင်းထားရပေမည်။ သက်ရှိ ရုပ်ပိုင်းဖြစ်စဉ်များတွင် ပဋိပက္ခများရှိသည်ကားမှန်၏။ သို့သော် ၎င်းပဋိပက္ခများသည် လူမှုရေး ပဋိပက္ခများနှင့် ရောမသွားစေသင့်ပေ။

ဖြေရှင်း မရနိုင်သော ရန်ဘက်ပဋိပက္ခများမှာ စင်စစ် အကျိုးစီးပွားချင်း မတူသော လူတန်းစားအချင်းချင်း ဖြစ်ပွားသော ပဋိပက္ခမျိုးဖြစ်၏။ ဤပဋိပက္ခမှာ ဆန့်ကျင်ဘက် လူတန်းစားတို့တွင်ရှိသော ဘဝအခြေအနေများ မြှော်လင့်ချက်တောင့်တချက်များကို အကြောင်းပြု၍ ပေါ်ပေါက်လာသော ပဋိပက္ခများဖြစ်ပေသည်။ ဤပဋိပက္ခမျိုး၏ ထင်ရှားသောလက္ခဏာများမှာ ဤပဋိပက္ခမျိုးကို ဖြစ်ပေါ်စေခဲ့သော လူ့ဘောင် အဖွဲ့အစည်းထဲတွင် ဘယ်နည်းနှင့်မျှ ဖြေရှင်း၍ မရခြင်းပင် ဖြစ်သည်။

အရင်းရှင် လူမှုရေးစနစ်ထဲတွင် ဘူဇွာနှင့် ပစ္စည်းမဲ့ လူတန်းစားတို့၏ ပဋိပက္ခမှာ အလွန်ထင်ရှားသည်။ ထိုပဋိပက္ခမှာ အထက်ပါ လူတန်းစားနှစ်ရပ်၏ တကယ့်ဘဝ ရပ်တည်ရာ အခြေအနေကို လိုက်၍ ဖြစ်လာရသည်။ ဘူဇွာ အရင်းရှင်တို့သည် ကုန်ထုတ်အရင်းအနှီးများကို ပိုင်ဆိုင်ရကား ၎င်းလူ့အဖွဲ့အစည်း

http://www.cherrythitsar.org


က ထုတ်လုပ်လိုက်သော ရုပ်ပိုင်းတန်ဘိုးများ၏ အကြီးဆုံးဝေစုကို ၎င်းတို့က လက်ဝါးကြီးအုပ်ယူသွားကြသည်။

အရင်းရှင်တို့ကပင် နိုင်ငံရေးကို ချယ်လှယ် လာနိုင်ကြသည့် အလျောက် အကျိုးစီးပွားမှန်သမျှကို ၎င်းတို့ချည်း ခံစားလာကြလေသည်။ ပစ္စည်းမဲ့ လူတန်းစားများမှာကား ကုန်ထုတ်အရင်းအနှီးများကို မပိုင်သည့်အလျောက် အရင်းရှင်ကြီးများထံတွင် အလုပ်သမားအဖြစ် လုပ်ကြရသည်။ ထိုသို့ လုပ်ကိုင်ခြင်းဖြင့် ရုပ်ဝတ္ထုတန်ဘိုးများကို ထုတ်လုပ်ပေးကြသည်။ သို့ ထုတ်လုပ်ပေးငြားသော်လည်း ပစ္စည်းမဲ့ လူတန်းစားတို့မှာ တန်ဘိုးကို ခံစားခွင့် ရှိသည် မဟုတ်ချေ။ မဖြစ်စလောက်သော ဝေစုကလေးကိုသာ ရကြလေသည်။

ထို့ပြင် အရင်းရှင်(ဘူဇွာ) နှင့် ပစ္စည်းမဲ့ လူတန်းစားတို့၏ အကျိုးစီးပွားမြှော်လင့်ပုံချင်းလည်း မတူကြချေ။ အရင်းရှင်က ၎င်းတို့ လက်ဝါးကြီးအုပ်ချယ်လှယ်နိုင်ရေးကို ရှေ့ရှုသည်။ ပစ္စည်းမဲ့တို့ကမူ ၎င်းတို့၏ အပေါ်တွင် ခေါင်းပုံဖြတ် ခံနေရသည့် ဘဝမျိုးမှ လွတ်မြောက်ရေးအတွက် ရှေ့ရှုသည်။

နောက်ဆုံးတွင် ဤလူတန်းစားနှစ်ရပ်သည် အကြီးအကျယ် ပဋိပက္ခဖြစ်လာခဲ့ကြလေသည်။ ဤပဋိပက္ခသည် ဆိုရှယ်လစ်တော်လှန်ရေးရောက်မှ ဆုံးခန်းတိုင်တော့သည်။ ထို့ကြောင့် အရင်းရှင်စနစ်တွင်းရှိ ဖြေရှင်းမရသော ပဋိပက္ခမျိုးကို သုတ်သင်ရန် အကောင်းဆုံးနည်းမှာ လူတန်းစားတိုက်ပွဲနှင့် ဆိုရှယ်လစ်တော်လှန်ရေးပင် ဖြစ်သည်။

အလုပ်သမားနှင့် လယ်သမားတို့၏ အကျိုးစီးပွားရှေ့ရှုမှုချင်း မတူ၍ဖြစ်ပေါ်လာသော ပဋိပက္ခသည် အခြေခံမဟုတ်ချေ။ အခြေခံအားဖြင့် ၎င်းတို့၏ အကျိုးစီးပွားရှေ့ရှုပုံချင်းသည် တိုက်ဆိုင်မှုရှိကြသည်။ စင်စစ် လယ်သမားနှင့် အလုပ်သမား လူတန်းစားနှစ်ရပ်စလုံးသည် အချယ်လှယ်ခံခေါင်းပုံ ဖြတ်ခံလူတန်းစားများသာ ဖြစ်ကြသည်။

ထို့ကြောင့် ထိုလူတန်းစား နှစ်ရပ်စလုံးသည် ခေါင်းပုံဖြတ်စနစ်ကို တွန်းလှန် တိုက်ခိုက်လျက် ရှိသည်။ ဤအချက်တွင် သူတို့အကျိုးစီးပွား ရှေ့ရှုမှု ချင်းတူညီကြသည်။ ဤတူညီသော အခြေခံကြောင့်လည်း အလုပ်သမားနှင့် လယ်သမား လူတန်းစားတို့သည် လက်တွဲ၍ အရင်းရှင်စနစ်ကို တွန်းလှန်တိုက်ဖျက်နိုင်ကြခြင်း ဖြစ်ပေတော့သည်။

http://www.cherrythitsar.org



## အခြေခံပဋိပက္ခနှင့် အခြေခံမဟုတ်သောပဋိပက္ခ

အရာဝတ္ထု အဖြစ်အပျက် အချင်းအရာများ အကြောင်းနှင့် ပတ်သက်၍ အလွယ်မှ အခက် အတိမ်မှအနက်သို့ သွားလေလေ ၎င်းတို့အတွင်း၌ ပဋိပက္ခ သဘောသည် တစ်ခုတည်းတစ်သဘောတည်း မဟုတ်ဘဲ အမြောက်အမြား တပြိုင်နက် ဖြစ်နေကြောင်း တွေ့ရပေတော့သည်။ ထိုသို့ ခက်ခဲနက်နဲရှုတ်ထွေး လိမ်ယှက်နေသော အခြေအနေများကို ကျွန်ုပ်တို့သည် **အခြေခံပဓာန ပဋိပက္ခနှင့် အခြေခံ မဟုတ်သော သာမညပဋိပက္ခ** ဟူ၍ ခွဲထုတ်လိုပေသည်။ အခြေခံပဋိပက္ခ ဆိုသည်မှာ တိုးတက်မှုကို ဦးဆောင်သော၊ ပဓာနအကျဆုံးသော ကျန်ပဋိပက္ခများကို ပါ အကျိုးသက်ရောက်မှုရှိသော ပဋိပက္ခမျိုးကို ဆိုလိုပေသည်။

ဤသို့ ရှုတ်ထွေး လိမ်ယှက်နေသော အခြေအနေများ ကြားထဲမှ အခြေခံ ပဓာနကျသော ပဋိပက္ခကို ဖော်ထုတ်နိုင်မှသာ တိုးတက်သော လူတန်းစားများနှင့် မာ့က်(စ)ဝါဒီတို့၏ ပါတီအဖို့ လက်တွေ့လုပ်ရပ်များတွင် မှန်ကန်တိကျသော လမ်းကြောင်းကို ချမှတ်နိုင်ပေလိမ့်မည်။

မျက်မှောက်ခေတ် လူ့ဘောင်အဖွဲ့အစည်းထဲတွင် ပဋိပက္ခအမြောက်အမြား ရှိပေသည်။ မည်သည့် အရင်းရှင်နိုင်ငံတွင်မဆို ကုန်ထုတ်အရင်းအနှီးများကို ပုဂ္ဂလိက ပိုင်ဆိုင်ထားမှုနှင့် ကုန်ထုတ်လုပ်ငန်း၏ ဘုံလက္ခဏာတို့သည်လည်းကောင်း လုပ်အား နှင့် ငွေပင်ငွေရင်းသည် လည်းကောင်း၊ အစဉ်သဖြင့် ဖြေရှင်းမရသော ပဋိပက္ခမျိုး ဖြစ်နေလေသည်။ ထို့ပြင် အရင်းရှင်နိုင်ငံအချင်းချင်းလည်း ပဋိပက္ခ ဖြစ်လျက် ရှိ၏။

သို့ဆိုလျှင် ဤမျှ များပြားလှသည့် ပဋိပက္ခများအနက် အဘယ်ပဋိပက္ခ သည် အခြေခံ ပဓာနကျသော ပဋိပက္ခ ဖြစ်ပါသနည်း။

မျက်မှောက်ခေတ် လူ့ဘောင်အဖွဲ့အစည်းထဲတွင် တည်ရှိသော အခြေခံ ပဓာန အကျဆုံးသော ပဋိပက္ခသည် အခြားမဟုတ်၊ **ဆိုရှယ်လစ်အင်အားစုများနှင့် နယ်ချဲ့ စနစ်ဟောင်းသမားတို့၏ အင်အားစုများ၏** ပဋိပက္ခသည် အခြေခံ ပဋိပက္ခပင် ဖြစ်သည်။ ယခုခေတ် ယခုအခါ၌ ဤအခြေခံ ပဋိပက္ခသည်ပင် လူ့ဘောင်တစ်ရပ်လုံး တိုးတက် ဖွံ့ဖြိုးမှုအတွက် စေ့ဆော်ပေးသည့် အင်အားစုကြီး ဖြစ်လာလေပြီ။ ဤ ပဋိပက္ခသည် လူ့သမိုင်းကြောင်းနှစ်ရပ်ကိုလည်း ဖော်ပြလျက် ရှိသည်။ ထိုသမိုင်းကြောင်းများမှာ–

(၁) ဆိုရှယ်လစ်စနစ်က တင်ပြထားသောငြိမ်းချမ်းစွာ တည်

http://www.cherrythitsar.org


ဆောက်၍ တိုးတက်စေရေးနှင့်–

(၂) နယ်ချဲ့စနစ်က တင်ပြသော ကျူးကျော်ရေး၊ ဖိနှိပ်ရေးနှင့် စစ်ရေး သမိုင်းကြောင်းပင် ဖြစ်တော့သည်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ဝါဒနှင့် အရင်းရှင်ဝါဒတို့၏ ကြားမှ ပဋိပက္ခသည် ကြီးမားကျယ်ပြန့်သော တိုက်ပွဲကြီး ဖြစ်ခဲ့လေသည်။ ဤ ပဋိပက္ခသည် အရင်းရှင်နိုင်ငံများရှိ လူတန်းစား ပဋိပက္ခများအပေါ်၌ လွှမ်းမိုးလျက်ရှိရုံသာမက ကိုလိုနီနိုင်ငံများနှင့် ၎င်းတို့အပေါ်တွင် ဖိနှိပ်နေသူများ အကြား ဖြစ်ပွားသော ပဋိပက္ခများကိုလည်း လွှမ်းမိုးသွားလေသည်။

ကမ္ဘာပေါ်၌ ဆိုရှယ်လစ် စနစ်တည်ရှိနေခြင်းမှာ နယ်ချဲ့သမားတို့၏ စစ်ရေး ပြင်ဆင်မှု ခြေလှမ်းများကို အဟန့်အတား ဖြစ်စေခဲ့လေသည်။ ထို့ပြင် ဤစနစ်သည် အရင်းရှင် နိုင်ငံရှိ ပစ္စည်းမဲ့အလုပ်သမားများအားလည်း ၎င်းတို့အပေါ်၌ ခေါင်းပုံဖြတ်နေသူများကို တွန်းလှန် တိုက်ခိုက်ရန် အားသစ်လောင်းပေးနေသည်။

ဆိုခဲ့ပြီးသော ဆိုရှယ်လစ်စနစ်နှင့် နယ်ချဲ့စနစ်ကြားရှိပဋိပက္ခ (**အခြေခံပဋိပက္ခ**) သည် အရင်းရှင်စနစ်တွင်းရှိ နက်ရှိုင်းသော ပဋိပက္ခများကို မဖယ်ရှားနိုင်ပေ၊ ထိုပဋိပက္ခများမှာ အခြားမဟုတ်၊ အလုပ်နှင့် အရင်းကြားရှိ ပဋိပက္ခ၊ လုပ်သားပြည်သူများနှင့် လက်ဝါးကြီးအုပ်သူများကြားရှိ ပဋိပက္ခ စသည်တို့ ဖြစ်သည်။ အထက်ပါ ပဋိပက္ခများနှင့် ဆိုရှယ်လစ်စနစ် တိုးတက်ထွန်းကားလာခြင်းသည် နယ်ချဲ့အရင်းရှင်စနစ်ကို ကျဆုံးပျက်စီးစေခဲ့လေသည်။

**အမှန်အားဖြင့် အထက်ဖော်ပြခဲ့သော ပဋိပက္ခများ တစ်ခုနှင့် တစ်ခုကြားရှိ တိကျသော ဘောင်ခတ်ခြင်းမျိုးကား မရှိချေ။** ၎င်းတို့သည် တစ်ခုနှင့် တစ်ခု ဆက်စပ်၍ နေကြလေသည်။ ၎င်းတို့အားလုံးသည် တိုးတက်မှုကို သူ့အပိုင်းနှင့်သူ ဆောင်ကျဉ်းလျက် ရှိကြပေသည်။

ထို့ကြောင့် ထိုပဋိပက္ခများသည် မည်သို့သော အခြေအနေမျိုး၌ ဖြစ်ပေါ်တတ်သည် မည်သည့် အပိုင်းက ပါဝင်သည်ကို တစ်ခုစီခွဲ၍ စူးစမ်းလေ့လာ ကြည့်သင့်ပေသည်။

http://www.cherrythitsar.org


## အရေအတွက်မှ အရည်အချင်းသို့ ပြောင်းလဲခြင်း ဥပဒေသ။

အရေအတွက်မှ အရည်အချင်းသို့ ပြောင်းလဲခြင်း ဥပဒေသသည် တိုးတက်မှု ဖြစ်စဉ်တစ်ခု မည်သို့ ဖြစ်ပေါ်သည်ကို ပြသော ဥပဒေသဖြစ်၏။ ဥပဒေ၏ အနှစ်သာရသဘောကို သိလိုပါလျှင် ကျွန်ုပ်တို့သည် အရေအတွက်နှင့် အရည်အချင်းတို့၏ သဘောသရုပ်ကို ဦးစွာ နားလည်ရန် လိုအပ်ပေသည်။

## အရည်အချင်းနှင့် အရေအတွက်

ကျွန်ုပ်တို့၏ ပတ်ဝန်းကျင် လောကထဲတွင် အရာဝတ္ထုအဖြစ်အပျက် မျိုးစုံရှိကြသည်။ ၎င်းတို့သည် အစဉ်သဖြင့် လှုပ်ရှားပြောင်းလဲနေကြသည်ကို တွေ့ရ၏။ မည်မျှပင် ဝတ္ထုပစ္စည်းများ အကွဲကွဲအပြားပြား၊ အမျိုးမျိုး အစားစား ရှိနေစေကာ ကျွန်ုပ်တို့အနေနှင့် ထိုပစ္စည်းများကို ရွတ်ထွေးလိမ်ယှက်နေသည်ဟူ၍ လည်း မထင်၊ အမှားမှားအယွင်းယွင်းလည်း မဖြစ်၊ တစ်ခုနှင့်တစ်ခု ခွဲခွဲခြားခြား ရှုမြင်နိုင်ကြသည်။ အရာဝတ္ထုများကလည်း တစ်ခုနှင့်တစ်ခု မသဲမကွဲဖြစ်နေသည် မဟုတ်၊ မိမိတို့ကိုယ်စီ ဂုဏ်ရည်များဖြင့် ကွဲကွဲခြားခြား ရှိနေကြလေသည်။

ဥပမာ– ရေကို ကြည့်လျှင် ၎င်း၏ ဂုဏ်ရည်များသည် အခြားအရာဝတ္ထု များနှင့်မတူ တမူ ကွဲပြားနေသည်ကို တွေ့ရပေမည်။

ထိုကြောင့် အရာဝတ္ထုတစ်ခုကို အခြားသော အရာဝတ္ထုများနှင့် ကွဲပြား စေလျက် မိမိဘာသာ တစ်သီးတခြား ဖြစ်တည်နေဘိသကဲ့သို့သော အသွင်ကို ဆောင်ယူစေသည့် ဂုဏ်ရည်ကို အရည်အချင်းဟု ခေါ်ပေသည်။

အရာဝတ္ထုတိုင်း အဖြစ်အပျက်တိုင်းသည် ဆိုခဲ့ပြီးသော ပင်ကိုယ် အရည် အချင်းများ ရှိကြသည်။ ထိုအရည်အချင်းကြောင့်ပင် ကျွန်ုပ်တို့သည် အရာဝတ္ထုများကို တစ်ခုနှင့်တစ်ခု ခွဲခြားသိမြင်နိုင်ခြင်း ဖြစ်ပေသည်။

ဥပမာ– သက်ရှိရုပ်ပစ္စည်းကို သက်မဲ့ ရုပ်ပစ္စည်းတို့နှင့် မည်သို့ ခွဲခြားမည်ဟု မေးပါလျှင် သက်ရှိရုပ်ဝတ္ထုတို့၏ ပတ်ဝန်းကျင်နှင့် အသွေးအရောင် ပြောင်း၍ ဆက်ဆံတတ်ခြင်း၊ အပြင်ပလောကမှ ထင်ဟပ် လှုပ်ရှားမှုများကို ရည်ရွယ်ချက် မြော်လင့်တောင့်တချက် တစ်ခုခုဖြင့် ပြန်လည်တုန့်ပြန်တတ်ခြင်း စသည်တို့သည် သက်ရှိနှင့်သက်မဲ့ ရုပ်ဝတ္ထုတို့ခြားနားစေသည့် အရည်အချင်းများ ဖြစ်ကြပေသည်။

http://www.cherrythitsar.org


လူမှုရေးဘဝအဖြစ်အပျက် အခြေအနေများသည်လည်း တစ်ခုနှင့်တစ်ခု အရည်အချင်းအရ ကွဲပြားခြားနားမှု ရှိကြသည်။ ဥပမာ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုက လူ့ဘောင်ကို ကြီးစိုးလာခြင်း၊ အရင်းရှင်တို့၏ ပုဂ္ဂလိကပိုင်ပစ္စည်း အခစားအလုပ်နှင့် အခြားသော လက္ခဏာများသည် မြေရှင်ပဒေသရာဇ်စနစ်နှင့် အရင်းရှင်စနစ်တို့ကို ခြားနားစေခဲ့သည်။ အရည်အချင်းများ ဂုဏ်ရည်များဖြစ်ကြသည်။ ဂုဏ်ရည်(ဝါ) စွမ်းရည်တစ်ခုသာ အရာဝတ္ထုတစ်ခု၏ ထင်ရှားသော ဘက်တစ်ခုကိုသာ ဖော်ပြကြသည်။ သို့သော် အရည်အချင်းဆိုသည်မှာကား အရာဝတ္ထုတစ်ခုလုံး၏ ထူးခြားပုံကိုပြသည်။

> ဥပမာ– အဝါရောင် ရှိခြင်း၊ ထုလျှင် ပိပြားခြင်း၊နန်းဆွဲ၍ ရခြင်းစသော ဂုဏ်ရည်တို့သည် ရွှေ၏ ထူးခြားချက်များကို ပြသော ဂုဏ်ရည်များ ဖြစ်ကြ၏။ သို့သော် ထိုဂုဏ်ရည်တို့ကို ပေါင်းချုပ်၍ ရွှေ၏ အရည်အချင်းဟု သတ်မှတ်ပေသည်။

ထို့ပြင် အရာဝတ္ထုတိုင်းတွင်ရှိသော အခြားအရည်အချင်းတစ်ရပ်မှာ အရေအတွက်ပင် ဖြစ်၏။ အရေအတွက် သဘောသည် အရည်အချင်းနှင့် မတူဘဲ တမူထူးခြားခြင်းမှာ ၎င်းသည် တိုးတက်မှု ပြင်းပြမှု စသည်တို့၏ ဒီဂရီ (ပမာဏ) နှင့် ၎င်း၏ အရွယ်အစားထုထည် စသည်တို့ကို ဖော်ပြခြင်း ဖြစ်ပေသည်။ တစ်ခါတစ်ရံ အရည်အတွက်ကို ဂဏန်းအရေအတွက်မျိုးဖြင့်လည်း ဖော်ပြကြသည်။

> ဥပမာ အရွယ်အစား အလေးချိန်ထုထည်၊ အရောင်အဆင်းအသံ စသည်တို့ကို အရေအတွက်ဖြင့် ဖော်ပြကြခြင်းမျိုးဖြစ်၏။ လူမှုရေးဘဝဖြစ်ရပ်များတွင်လည်း အရေအတွက် သဘောများပါရှိလေသည်။ လူမှုရေး၊ စီးပွားရေးစနစ်မှန်သမျှတွင် ကုန်ထုတ်လုပ်ငန်း အဆင့်အတန်းကို ဖော်ပြခဲ့သည့် အရေအတွက် သဘောများရှိသည်။ မည်သည့်နိုင်ငံတွင်မဆို ကုန်ထုတ်စွမ်းအားနှင့် ပတ်သက်သော လုပ်အားနှင့် ကုန်ကြမ်းအင်အားတို့ကို အရေအတွက်သဘောဖြင့် ဖော်ပြကြလေသည်။

အမှန်မှာ အရေအတွက်နှင့် အရည်အချင်းတို့သည် အရာဝတ္ထုတစ်ခု၏ ဟိုဘက်ဒီဘက်အဖြစ် ပေါင်းစည်းညီညွတ်မှု ရှိကြသည်။ သို့သော် အရည်အချင်းနှင့် အရေအတွက် သဘောတို့၏ ထင်ထင်ရှားရှား ကွဲပြားမှု ရှိပေသည်။ အရာဝတ္ထုတစ်ခု၏ အရည်အချင်းသဘော ပြောင်းလဲသွားပါက ဆိုင်ရာ ဝတ္ထုသည်လည်း ပြောင်းလဲသွားပေသည်။ သို့ရာတွင် အရေအတွက်၏ ပြောင်းလဲမှုကြောင့်ကား

http://www.cherrythitsar.org



အရာဝတ္ထုတစ်ခုလုံးပါ ပြောင်းမသွားနိုင်ချေ။

ဥပမာအားဖြင့် ကြည့်မည်ဆိုပါကအရင်းရှင်စနစ်၏ အဓိက အရည်အချင်း တစ်ရပ်ဖြစ်သောအရင်းရှင် ပိုင်ဆိုင်မှုကို ပယ်ဖျက်ပြီး ဆိုရှယ်လစ် ပိုင်ဆိုင်မှုအစားထိုးလိုက်လျှင် အရင်းရှင်စနစ် ပျောက် ကွယ်ပြီး ဆိုရှယ်လစ် စနစ်ဖြစ်ပေါ်လာပေလိမ့်မည်။ ထိုနည်းတူစွာ ယခုခေတ် အရင်းရှင်နိုင်ငံကြီးများကဲ့သို့ အရင်းရှင်ပိုင်ဆိုင်မှုကို တိုးချဲ့၍ အနည်းငယ်မျှသော လက်ဝါးကြီးအုပ် ချယ်လှယ်သူတို့ လက်တွင်း၌ ထားရှိမည်ဆိုလျှင် အရင်းရှင်စနစ်သည် မပျောက်ကွယ်နိုင်ချေ။

**အရေအတွက်နှင့် အရေအချင်းတို့၏ ပေါင်းစည်းညီညွတ်မှုကို အတိုင်းအဆ** (Measure) ဟု ခေါ်ပေသည်။ အတိုင်းအဆဆိုသည်မှာ ဘောင်၊ စည်း သဘော ပင်ဖြစ်သည်။ ထိုကဲ့သို့ ဖွဲ့စည်းအပ်သော အတိုင်းအဆကို ဖျက်ဆီးလိုက်လျှင် (ဝါ) အရည်အချင်းနှင့် အရေအတွက် သဘောတို့၏ ဆက်စပ်မှုပေါ်ကို ဖျက် ဆီးလိုက်လျှင် အရာဝတ္ထုတစ်ခုလုံး ပျက်စီးသွားတတ်ပေသည်။ တစ်နည်းဆို သော် အရာဝတ္ထုတစ်ခုသည် တစ်သဘောမှ တစ်သဘောသို့ လုံးဝ ပြောင်းသွား တတ်ပေသည်။

ဥပမာ ပြဒါး၏ အတိုင်းအဆ (ဘောင်) သည် အပူရှိန် စင်တီဂရိတ် ၃၉+၃၅၇ စင်တီဂရိတ် ဖြစ်၏။ ပြဒါးကို အပူရှိန် ၃၉ သို့ ချလိုက် လျှင် ခဲသွားပြီး အပူရှိန် ၃၅၇ ဒီဂရီသို့ တင်လိုက်သောအခါ ၎င်း သည် ဆူ၍ ပျံ့လွင့်သွားတတ်ပေသည်။

ဆိုခဲ့ပြီးသော တိကျသည့် အရေအတွက်နှင့် အရည်အချင်းသဘောသည် လူမှုရေး အဖြစ်အပျက်များတွင်လည်း ရှိ၏။

ဥပမာ ကွန်မြူနစ်ဝါဒ၏ရပ်ပိုင်းနှင့် လက်တွေ့ အခြေခံအုတ်မြစ်ကို အရေအတွက် များပြားသော ကုန်ထုတ်လုပ်ငန်းကြီးမားတိုးတက်မှု တစ်ခုတည်းဖြင့် သတ်မှတ်၍ မရချေ။ အရည်အချင်းသဘောအရ ကုန်ထုတ်လုပ်ငန်းမှန်သမျှကို လျှပ်စစ်အားဖြင့် ထူထောင်နိုင်ခြင်း၊ နေရာတကာတွင် စက်မှုအင်အားကို အသုံးပြုနိုင်ခြင်း၊ သိပ္ပံပညာနှင့် ကုန်ထုတ်လုပ်ငန်းကို စနစ်တကျ ပေါင်းစပ်နိုင်ခြင်း ရှိဖို့လည်း လို ပေသေးသည်။

ထို့ကြောင့် သဘောတရားနှင့် လက်တွေ့နှစ်ပိုင်းစလုံးတွင် အရည်အချင်းနှင့် အရေအတွက်တို့၏ ညီညွတ်မှုရှိရန် အထူးလိုအပ်သည်။

http://www.cherrythitsar.org


## အရေအတွက်မှ အရည်အချင်းသို့ ပြောင်းလဲတိုးတက်မှု ဥပဒေတစ်ရပ်

ရှေးအခန်းတွင် ကျွန်ုပ်တို့သည် အကန့်အသတ်အတွင်း အရေအတွက်များ ပြောင်းလဲရုံနှင့် အရာဝတ္ထုတစ်ခု၏ အရည်အချင်းများပါ မပြောင်းနိုင်ကြောင်း ဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် အထက်ဖော်ပြခဲ့သော အတိုင်းအဆ (ဘောင်)ကို ကျော်လွန်သောအခါ ယခင်က အရေးမကြီးဟု ထင်ခဲ့သော အရေအတွက်ပြောင်းလဲမှုသည်ပင် ကြီးမားသော အရည်အချင်းပြောင်းလဲမှုကို ဖြစ်ပေါ်စေတတ်လေသည်။ဤကား အရေအတွက်မှ အရည်အချင်းသို့ ပြောင်းလဲခြင်း ဖြစ်ပေတော့သည်။

မာ့က်(စ)ကလည်း **'တိုးတက်ဖြစ်ပေါ်မှု တစ်ရပ်တွင် အရေအတွက်ကွဲပြားမှုသည် ဖြစ်သင့်သည်ထက် ပိုလွန်သွားသောအခါ အရည်အချင်း ပြောင်းလဲမှု ဖြစ်လာနိုင်သည်'** ဟု ရေးသားခဲ့ပေသည်။

ဤအရေအတွက်မှ အရည်အချင်းသို့ ပြောင်းလဲမှုသည် ရုပ်လောကနှင့် တိုးတက်ဖြစ်ပေါ်မှုများဆိုင်ရာ ဥပဒေသတစ်ခု ဖြစ်သည်။ ဤဥပဒေသ၏ ယေဘုယျ သဘောများကို သိနားလည်ရန်အတွက် ဆက်လက်လေ့လာကြည့်ကြပါစို့။

ခေတ်သစ်ရူပဗေဒကလည်း အခြေခံ ရုပ်ပစ္စည်း ကလေးတစ်ခုသည် အရည်အချင်းချင်း မတူသော အခြားတစ်ခုသို့ ပြောင်းလဲနိုင်ကြောင်း သက်သေပြလျက် ရှိ၏။ အစိုင်အခဲမှ အရည်၊ အရည်မှ အခိုးအငွေ့သို့ ပြောင်းလဲနေကြသည့် ဒြပ်တို့၏ ပြောင်းလဲမှုများမှာလည်း အရေအတွက်မှ အရည်အချင်းသို့ ပြောင်းလဲခြင်းများ ဖြစ်ကြသည်။

> ဥပမာ ရေကို အပူရှိန် ၁၀၀ စင်တီဂရိတ်သို့ရောက်အောင် အပူ ပေးပါက ရေနွေးငွေ့ဖြစ်သွားသည်။ ရေနွေးငွေ့နှင့် ရေတို့၏ ဂုဏ်ရည်ချင်း မတူညီကြပေ။ အဘယ်ကြောင့် ဆိုသော် ဆားနှင့် သကြားတို့သည် ရေနွေးငွေ့ထဲတွင် မပျော်ဝင်ကြဘဲ ရေတွင်သာ ပျော်ဝင်ကြလေသည်။

ဓာတ်ပြောင်း ဓာတ်လွှဲများတွင် အဆိုပါ အရေအတွက်မှ အရည်အချင်းသို့ ပြောင်းလဲမှု နိယာမသည် ပို၍ထင်ရှားသည်။ မင်ဒီလီယက်က ဓာတ်တို့၏

http://www.cherrythitsar.org


အရည်အချင်းမှာ ၎င်းတို့၏ အနုမြူနယူကလိယပ်ရှိ အဖိုဓာတ်တို့၏ အရည်အတွက် ပေါ်တွင် တည်ကြောင်း ဖော်ပြခဲ့လေသည်။ ထို့ကြောင့် ယေဘုယျသဘောအားဖြင့် ဆိုလျှင် ဓာတုဗေဒသည် အရေအတွက်ပြောင်းလဲမှုကြောင့် ဒြပ်တို့၏ အရည်အချင်း ပြောင်းလဲပုံကို လေ့လာသော သိပ္ပံပညာဖြစ်ပေသည်။

> ဥပမာ အောက်စီဂျင်–မော်လီကူးတစ်ခုတွင် အနုမြူနှစ်ခုပါသည်။ အဆိုပါ အောက်စီဂျင်–မော်လီကူးတွင် နောက်ထပ် အနုမြူတစ်ခု ထပ်လောင်းလိုက်လျှင် ၎င်းသည် အောက်စီဂျင်နှင့်လုံးဝခြားနားသော အိုဇုံးခေါ် ဓာတ်ဖြစ်လာလေသည်။ အလားတူပင် သက်ရှိရုပ်လောက တွင်လည်း အရေအတွက်မှအရည်အချင်းသို့ ပြောင်းလဲမှု သဘော ရှိကြောင်းကို သိပ္ပံပညာရှင် 'လိုက်ဆင်ကို'က သက်သေပြခဲ့၏။

ဤဥပဒေသသည် လူမှုရေးတိုးတက်မှုတွင်လည်း ဖြစ်ပေါ်လျက် ရှိ၏။ ဆိုရှယ်လစ် တော်လှန်ရေးသည် အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ ပြောင်းလဲ ဖြစ်ပေါ်စေ၏။ ဤပြောင်းလဲမှုတွင် အရေအတွက် ပြောင်းလဲမှုများ လို၏။ ဥပမာ အရင်းရှင်စနစ်ထဲတွင် ကုန်ထုတ်စွမ်းအားစုများ တိုးတက်ကြီးမားလာမှု၊ တော်လှန်ရေးလုပ်သားများ ပေါများလာမှုစသည်တို့ဖြစ်ကြသည်။ အရေအတွက် မှသာ အရည်အချင်းသို့ ပြောင်းလဲနိုင်သည် မဟုတ်၊ အရည်အချင်းကလည်း အရေအတွက် ပေါများလာရေးအတွက် စွမ်းဆောင်ပေသည်။

> ဥပမာ အရည်အချင်းသဘောအရ အရင်းရှင်စနစ် ဆိုရှယ်လစ်စနစ် သို့ပြောင်းသွားပြီးနောက်တွင် ဆိုရှယ်လစ်စနစ်သည်စက်မှုလယ်ယာ ထွက်ကုန်များကို တိုးတက် စေရုံသာမက၊ အမျိုးသား စီးပွားရေး ယဉ်ကျေးမှုတိုးတက်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

## တိုးတက်မှု၏ စဉ်ဆက် ဖြစ်ပေါ်ပုံနှင့် စဉ်ဆက်မဖြစ်ပေါ်ပုံ

အရေအတွက် ပြောင်းလဲခြင်းကား နှေးလည်းနှေးသည်။ စဉ်ဆက်ဖြစ်ပေါ် မှုလည်းရှိသည်။ သို့သော် အရည်အချင်းပြောင်းလဲမှုကား စဉ်ဆက်ဖြစ်ပေါ်မှု မဟုတ်ဘဲ အဟုန်နှင့် ဖြိုးကနဲ ပြောင်းလဲတတ်သဖြင့် လျင်မြန်သည်။ ထို့ကြောင့် တိုးတက်မှုသည် အစဉ်လိုက် ဆက်၍ ဖြစ်ပေါ်ခြင်းသဘောနှင့် အဆက်ပြတ်ပြီး တမုဟုတ်ချင်း အဟုန်ဖြင့် ပြောင်းလဲဖြစ်ပေါ်ခြင်းနှစ်ရပ်စလုံး၏ အပြန်အလှန် ကျေးဇူးပြုနေမှုပင် ဖြစ်သည်။

http://www.cherrythitsar.org


အဆိုပါ သဘောနှစ်ရပ်စလုံးကို ရုပ်လောက (သက်ရှိသက်မဲ့အားလုံး)နှင့် လူမှုရေးဘဝထဲတွင် တွေ့နိုင်ပေသည်။

ဆိုခဲ့ပြီးသော အဆက်ဖြတ်ပြီး အဟုန်နှင့် ပြောင်းလဲခြင်းသည် အဟောင်းမှ အသစ်သို့ ရုတ်တရက် ပြောင်းလဲခြင်း ဖြစ်၍ တိုးတက်မှု၏ အရေးပါသော လက္ခဏာဖြစ်လေသည်။ အထက်ပါ ပြောင်းလဲမှုသည် လူမှုရေးဘဝထဲတွင် ဖြစ်ပေါ်သောအခါ လူမှုတော်လှန်ရေးအသွင်တို့ ဆောင်ယူလေသည်။

တိုးတက်မှု မှန်သမျှသည် အစဉ်အဆက် သဖွယ် တဖြည်းဖြည်းတိုးတက်ခြင်း နှင့် အဟုန်ဖြင့် ရုတ်တရက် တိုးတက်ခြင်း နှစ်ရပ်စလုံး ဆက်စပ် ဖြစ်ပေါ်မှု ဖြစ်စေရာ ၎င်းတို့ နှစ်ခုစလုံးကို နှလုံးသွင်း၍ လေ့လာအပ်ပေသည်။ ၎င်းသဘော နှစ်ရပ်သည် တစ်ခုမရှိလျှင် တစ်ခုမရှိနိုင်ချေ။

## ငြင်းပယ်ခြင်း၏ ငြင်းပယ်ခြင်း ဥပဒေသ

ဤဥပဒေသသည် ရုပ်လောက တိုးတက်မှု၏ ရှေ့ရှုဦးတည်ချက်ကို ပြသည်။ ဥပဒေသ၏ အကျိုးသက်ရောက်မှုနှင့် အနှစ်သာရကို သိနားလည်လိုပါက ကျွန်ုပ်တို့သည် **'အညမညနည်းကျ ငြင်းပယ်ခြင်း'** သဘောကို လည်းကောင်း၊ ထိုသဘောသည် တိုးတက်မှုတွင် မည်သည့်နေရာက ပါဝင်နေသည်ကို လည်းကောင်း ဦးစွာ သိနားလည်ရန် လိုအပ်ပေသည်။

## ဒိုင်ယာလက်တစ်နည်းကျ ငြင်းပယ်ခြင်းနှင့် တိုးတက်ပြောင်းလဲမှု

လောက၏ တကယ့်ဖြစ်ရပ်မှန်သမျှတွင် ဟောင်းနွမ်းဆုတ်ယုတ်နေသော အရာများက ပျက်စီး၍ သစ်လွင်တိုးတက်သော အရာများက ပေါ်ပေါက်နေကြလေ သည်။ ဤကား အဟောင်းကို အသစ်ဖြင့် အစားထိုးခြင်းပင် ဖြစ်၏။ တစ်နည်း ဆိုလျှင် ပျက်စီးနေသည့်အရာများကို အသစ်ဖြစ်ပေါ်နေသည့် အရာတို့ဖြင့် အစား ထို၍ တိုးတက်မှုကို ဖြစ်ပေါ်စေခြင်းလည်း ဖြစ်၏။ ဤသို့လျှင် အဟောင်းထဲက ဖြစ်ပေါ်လာသော အသစ်များက အဟောင်းတို့နေရာတွင် အောင်ပွဲခံနေခြင်းကို ငြင်းပယ်ခြင်းဟု ခေါ်ဆိုသည်။

ငြင်းပယ်ခြင်းဆိုသော ဝေါဟာရကို တွေးခေါ်မြော်မြင်ရေး သဘောတရားနယ် သို့ သွင်းလာခဲ့သော ပုဂ္ဂိုလ်မှာ ဂျာမဏီတိုင်းသား တွေးခေါ်ရှင်တစ်ဦးဖြစ်သူ

http://www.cherrythitsar.org


ဟောဂယ်ဖြစ်၏။ သို့ရာတွင် ဟောဂယ်သည် ဤဝေါဟာရကို နာမ်ဝါဒီတို့ နားလည်သည့် အနက်မျိုးဖြင့် သုံးနှုန်းခဲ့ပေသည်။

ဤဝေါဟာရကိုပင် မာ့က်(စ)နှင့် အိန်းငဲ(လ)တို့က ယူ၍ သုံးသောအခါ၌ကား ရုပ်ဝါဒီတို့ နားလည်သော အဓိပ္ပာယ်မျိုးဖြင့် သုံးခဲ့ခြင်း ဖြစ်ပေသည်။ မာ့က်(စ)က 'မည်သည့်နယ်ပယ်တွင်မဆို၊ ထိုနယ်တွင်ရှိသော အဟောင်းအဆွေးများကို မငြင်းပယ်ဘဲ တိုးတက်မှု မဖြစ်နိုင်'ဟု ရေးသားခဲ့လေသည်။ မာ့က်(စ)တို့၏ အမြင်တွင် ငြင်းပယ်ခြင်းသဘောသည် တိုးတက်မှု၏ အရေးပါသော အပိုင်းဖြစ်သည်ဟု ယုံကြည်လက်ခံခဲ့ကြသည်။

ကမ္ဘာပေါ်ရှိ အရာဝတ္ထုအဖြစ်အပျက်မှန်သမျှတွင် အဟောင်းထဲက အသစ်များပေါ်ပေါက်လာပြီး နောက်ဆုံး အသစ်က အဟောင်းကို ငြင်းပယ်ကာ အဟောင်းနေရာတွင် အသစ်နေရာ ယူလိုက်ကြသည်။ သက်မဲ့လောကတွင် လည်းကောင်း၊ သက်ရှိလောကတွင် လည်းကောင်း ထိုနည်းအတိုင်းပင် ဖြစ်ပေသည်။ လူ့ဘောင်အဖွဲ့အစည်းထဲမှာဆိုလျှင်လည်း ထိုနည်းအတိုင်း ဖြစ်ပေသည်။ လူမှုရေးစနစ်ဟောင်းတစ်ခုကို လူမှုရေးစနစ်သစ်တစ်ခုက ငြင်းပယ်ခြင်း ဖြစ်စဉ်သည်ပင် လူ့အဖွဲ့အစည်းသမိုင်း ဖြစ်ပေသည်။

ဥပမာ– သမိုင်းဦး ဘုံမြေခေတ်ကို ကြေးပိုင်ကျွန်ပိုင်ခေတ်က လည်းကောင်း၊ ကြေးပိုင်ကျွန်ပိုင်ခေတ်ကို မြေရှင်ပဒေသရာဇ်က လည်းကောင်း၊ မြေရှင်ပဒေသရာဇ်ခေတ်ကို အရင်းရှင်ခေတ်က လည်းကောင်း၊ အရင်းရှင်စနစ်ခေတ်ကို ဆိုရှယ်လစ်ခေတ်က လည်းကောင်း အစဉ်ငြင်းပယ်ခဲ့၏။ ငြင်းပယ်ခြင်း သဘောသည် အသိပညာ တိုးတက်ဖြစ်ပေါ်မှုတွင်လည်း ပါဝင်လျက် ရှိသည်။ (ဥပမာ– တိုးတက်ထွန်းကားလာသော ဝိဇ္ဇာ သိပ္ပံပညာအသစ်များက အယူအဆဟောင်းများကို ငြင်းပယ်လေပြီ)။

ငြင်းပယ်ခြင်းသည် ပြင်ပ ပယောဂအရ ဖြစ်ပေါ်သည် မဟုတ်၊ အရာဝတ္ထုအဖြစ်အပျက်များ၏ ပင်ကိုယ်သဘာဝထဲက ဖြစ်ပေါ်တိုးတက်လာခြင်း ဖြစ်ပေသည်။ အရာဝတ္ထု အဖြစ်အပျက်များမှာ ဆန့်ကျင်ဘက်သဘောတို့ကြောင့် တိုးတက်နေရသည်။ ထိုကဲ့သို့ အတွင်း ပဋိပက္ခသဘောကြောင့် မိမိတို့၏ ပျက်စီးမှုနှင့် အသစ်အဆန်းများ ဖြစ်ပေါ်မှုကို မိမိတို့ ကိုယ်တိုင် ဖန်တီးနေကြလေသည်။ ငြင်းပယ်ခြင်းသည် ထိုပဋိပက္ခ အခြေအနေများထဲ အဟောင်းတို့ကို ချေမှုန်း၍ အသစ် ဖြစ်ပေါ်အောင် ဖန်တီးမှုဖြစ်၏။

တစ်နည်းဆိုသော် အရာဝတ္ထု အဖြစ်အပျက်များ၏ ပင်ကိုယ် တိုးတက်မှု၊

http://www.cherrythitsar.org


ပင်ကိုယ်စေ့ဆော်မှု တွန်းအားဖြစ်ပေသည်။ အရင်းရှင်ဝါဒကို ငြင်းပယ်၍ ဆိုရှယ်လစ်ဝါဒ ပေါ်ပေါက်လာခြင်းမှာ အရင်းရှင်စနစ်တွင်းရှိ ပဋိပက္ခများကို ရှင်းလင်းလိုက်သောကြောင့် ဖြစ်ပေသည်။

ငြင်းပယ်ခြင်းသဘောကို ရှုမြင်နားလည်ကြရာ၌ အညမညနှင့် တက္ကိကတို့သည် သဘောအယူအဆကွဲလွဲကြသည်။ တက္ကိကအလိုအရ ငြင်းပယ်ခြင်းဆိုသည်မှာ အဟောင်းကို အကြွင်းမဲ့ ပယ်ဖျက်ခြင်းဟု ယူဆရကား၊ တိုးတက်မှုကိုလည်း အကောက်အယူ လွဲမှားကြလေသည်။ လီနင်က အဆိုပါ ငြင်းပယ်ခြင်းမျိုးကို အနှစ်အသားမပါသော ငြင်းပယ်ခြင်းဟု ခေါ်ခဲ့လေသည်။

မာ့က်(စ)ဝါဒဆိုင်ရာ အညမညသဘောအရ ရှုမြင်နားလည်သော ငြင်းပယ်ခြင်းမှာ အကျိုးမဲ့အချည်းနှီး ငြင်းပယ်ခြင်းမျိုး မဟုတ်၊ ဤငြင်းပယ်ခြင်းမှာ တိုးတက်မှု၏ အခိုက်အတန့် ဆက်သွယ်မှု၏ အခိုက်အတန့်သာ ဖြစ်ရကား အဟောင်းကို လုံးဝပယ်ဖျက်လိုက်သည် မဟုတ်၊ လက်ခံထားသင့်သလောက် လက်ခံထားသည်။ အညမည သဘောအရ အသစ်သည် အဟောင်းကို လုံးဝပစ်ပယ်သည် မဟုတ်၊ အဟောင်းထဲမှ အကောင်းအကောင်းတို့ကို ရွေးထုတ်နှုတ်ခါ သစ်သော ဘဝခြေအနေသို့ရောက်အောင် ဖန်တီးခြင်းမျိုးသာ ဖြစ်ပေသည်။

ထို့ကြောင့် ငြင်းပယ်ခြင်းဆိုရာ၌ အဟောင်းနှင့် အသစ်တို့၏ တစ်ခုက တစ်ခုသို့ ပြောင်းလဲ ဖြစ်ပေါ်မှု အစဉ်ကြီးသာ ဖြစ်သည်ဟု မာ့က်(စ)ဝါဒီတို့က ယုံကြည်လေသည်။ သို့ရာတွင် အသစ်သည် အဟောင်းမရှိဘဲ သူ့ဘာသာသူ အလိုလိုဖြစ်မလာနိုင်ဟူသော အချက်ကို နှလုံးသွင်းထားအပ်ပေသည်။ အသစ်ဖြစ်ပေါ်မှုများ၌ အဟောင်းထဲက တစိတ်တဒေသပါသည်။

သို့သော် သစ်ဆန်းလာသောအခါ၌ အဟောင်းထဲက ပါလာသော အရာများသည် တစ်စတစ်စပြုပြင်ပြောင်းလဲကာ အသစ်ထဲသို့ စီးဝင်ပေါင်းစပ်ကုန်ကြသည်။ မာ့က်(စ)ဝါဒသည် ရှေးက လူ အတွေ့အကြုံများကို မပစ်ပယ်ဘဲ ဝေဖန်ပိုင်းခြားလေ့လာ၍ လက်ခံသော ဝါဒ ဖြစ်သည်။ ထိုအတွေ့အကြုံများကို လက်တွေ့ဘဝတွင် ဘယ်နေရာ၌ အသုံးချရမည်ကိုလည်း ဖော်ပြလေသည်။ သို့ရာတွင် ဤသို့ အသုံးချသောအခါ၌ ပြောင်းလဲနေသော အခြေအနေများကိုလည်း ဂရုစိုက်ရပေမည်။

မာ့က်(စ) ဝါဒ အတွေးအမြင်များတွင် ရှေးခေတ်က တွေးခေါ်ရှင်တို့၏ တိုးတက်သော အမြင်များကို လက်ခံရုံ လက်ခံသည်မဟုတ်၊ ထိုအယူအဆများကို သိပ္ပံပညာ တိုးတက်မှုနှင့် လက်တွေ့လုပ်ငန်းများ အောင်မြင်မှုတို့အတွက် တိုးပွားလာအောင်လည်း လုပ်ပေးပေသေးသည်။

http://www.cherrythitsar.org


## တိုးတက်ပြောင်းလဲ ဖြစ်ပေါ်မှု၏ ရှေ့သို့ အစဉ်တိုးတက်သော သဘာဝ

ငြင်းပယ်ခြင်းအားဖြင့် ပဋိပက္ခတစ်ခုခုသည် ကြေပျက်သွားပြီး အဟောင်းမှ အသစ်သို့ တိုးတက်လာတတ်ကြောင်းကို ပြခဲ့ပြီ။ သို့သော် ငြင်းပယ်မှုမှ ဖြစ်ပေါ်လာသော တိုးတက်မှုသည် အဆုံးစခန်းသို့ ရောက်သွားပြီလော၊ မရောက်ပေ။ အသစ် ဖြစ်ပေါ်လာသည့်တိုင် နောက်ထပ် မတိုးတက်တော့ဘူးဟု မဆိုသာချေ။ တိုးတက်မှုကား ဆုံးခန်းတိုင်သည် မရှိ၊ အဘယ်ကြောင့်ဆိုသော် မည်သည့်အရာမျိုး မဆို အမြဲတန်း သစ်သည်ကား မဟုတ်ချေ။ တိုးတက်နေရင်းကပင် နောက်ထပ် သစ်ဆန်းလာဦး အခြေအနေများ ဖြစ်ပေါ်လာတတ်ပေသည်။

တစ်နည်းဆိုသော် ထို့ထက် ပို၍ တိုးတက်မည့် အခြေအနေများ ဖြစ်လာတတ်လေသည်။ ထို့ကြောင့် ဆိုခဲ့ပြီးသော အခြေအနေများ အရင့်အမာ ဖြစ်လာသောအခါ ငြင်းပယ်ခြင်းသဘောသည် ထပ်၍ ဖြစ်ပေါ်လာပြန်၏။ ဤကား **'ငြင်းပယ်ခြင်း၏ ငြင်းပယ်ခြင်း'** ဥပဒေသ ဖြစ်တော့သည်။ ဤ ငြင်းပယ်ခြင်းကား ယခင်က အဟောင်းကို ပယ်ဖျက်ခဲ့သည့် ငြင်းပယ်ခြင်းကို ထပ်၍ ငြင်းပယ်သည့် သဘောပင် ဖြစ်လေသည်။ တနည်းဆိုရလျှင် အသစ်ကို ပို၍ သစ်သော ဘဝအခြေအနေဖြင့် အစားထိုး ပြောင်းလဲခြင်းကို ငြင်းပယ်ခြင်း၏ ငြင်းပယ်ခြင်းဟု ခေါ်သည်။

ဤဒုတိယ ငြင်းပယ်ခြင်းကို ထပ်မံ ငြင်းပယ်ခြင်းအားဖြင့် ပို၍ တိုးတက်လာပေမည်။ ဤငြင်းပယ်ခြင်းကား ဤသို့လျှင် မဆုံးတမ်း မထုံးထမ်း ဖြစ်နေပေသည်။ ထို့ကြောင့် တိုးတက်မှုသည် မရေမတွက်နိုင်သော ငြင်းပယ်မှု အစဉ်ကြီးပင် ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

ဤကဲ့သို့ အဟောင်းအဆွေးတို့ကို သုတ်သင်ယင်း ရှေးက အတွေ့အကြုံများ ထဲက ကောင်းနိုးရာရာကို ရွေးချယ် အသုံးချခြင်းတို့ဖြင့် တိုးတက်လာသော တိုးတက်မှုသည် အစဉ်သဖြင့် ရှေ့သို့သာ ချီနေလေတော့သည်။ တစ်နည်းအားဖြင့် အစဉ်ရှေ့သို့သာ ချီနေလေတော့သည်။ တစ်နည်းအားဖြင့် ဦးတည်တိုးတက်မှု သဘောသည် အညမည၏ တိုးတက်မှုသဘောပင်တည်း။

ဤကဲ့သို့ ရှေ့သို့ တိုးတက်မှုကို ဘဝ၏ တကယ့်ဖြစ်ရပ်များထဲတွင် နေရာတိုင်း၌ တွေ့နိုင်ပေသည်။ ကျွန်ုပ်တို့ ကမ္ဘာရှိ ဤတိုးတက်မှုများကို စဉ်းစားလေ့လာကြည့်ကြပါစို့။

http://www.cherrythitsar.org


ရုပ်ဓာတ်ရှိသော အခြေခံ မြူမှုံကလေးများမှစ၍ ကျွန်ုပ်တို့ နေထိုင်ရာ ကမ္ဘာမြေကြီးနှင့်တကွ နက္ခတ်ဂြိုဟ်များ ဖြစ်ပေါ်လာကြောင်းကို ဖော်ပြခဲ့လေပြီ။ သဘောတရား၏ တိုးတက်ဖြစ်ပေါ်မှု အစဉ်ကြီးထဲတွင် အဆိုပါ ရုပ်ဒြပ်များသည် တဖြည်းဖြည်း ပို၍ ပို၍ ရှုတ်ထွေးလိမ်ယှက် နက်နဲသော အသွင်ကို ဆောင်လာခဲ့ကြသည်။ နောက်ဆုံးတွင် သက်ရှိရုပ်ခန္ဓာ၊ ကိုယ်အင်္ဂါ အဆောက်အအုံများ ပေါ်ပေါက်လာလေသည်။

တစ်ဆင့်တစ်ဆင့်နှင့် တိရစ္ဆာန်များ၊ ထိုမှတစ်ဆင့် လူသတ္တဝါများ ဖြစ်ပေါ်လာကြသည်။ လူပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် လူမှုရေးတိုးတက် ဖြစ်ပေါ်လာသည်။ လူ့ဘောင်၏ တိုးတက်မှုကို အောက်ပါအတိုင်း ပိုင်းခြားသတ်မှတ်နိုင်သည်။

၎င်းတို့မှာ သမိုင်းဦး ဘုံမြေခေတ်၊ ကျွန်ပိုင်ရှင်ခေတ်၊ ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်နှင့် ဆိုရှယ်လစ်ခေတ်တို့ ဖြစ်ကြသည်။ အစဉ်သဖြင့် လျင်မြန်သော အဟုန်နှင့် တိုးတက်ပြောင်းလဲနေခြင်းသည် လူ့ဘောင်တိုးတက်မှု၏ ထင်ရှားသော အဓိက လက္ခဏာတစ်ရပ် ဖြစ်ပေသည်။ လူဖြစ်ပေါ် တိုးတက်လာသည်မှာ နှစ်ပရိစ္ဆေအားဖြင့် နှစ်ပေါင်းတစ်သန်းခန့် ကြာမြင့်ပြီဟု ဆိုနိုင်၏။ သို့ရာတွင် လူ့ဘောင် တိုးတက်မှုမှာကား နှစ်ပေါင်း တစ်သောင်းခန့်ပင် မကြာသေးဟု ဆိုနိုင်သည်။

ထို့ကြောင့် လူ့ဘောင်တိုးတက်မှုနှင့် နှိုင်းစာလျှင် လူဖြစ်စဉ်က အလွန်နှေးကွေးစွာ ဖြစ်ပေါ်နေခဲ့ကြောင်း သိသာသည်။ ကျွန်ပိုင်ရှင်စနစ်နှင့် မြေရှင်ပဒေသရာဇ်စနစ်သည် အတက်မြန်သည်ဟု ဆိုရသော်လည်း အရင်းရှင်စနစ် တိုးတက်လာပုံမှာကား ပို၍ပင် လျင်မြန်ပေသေးသည်။ ထိုမှတစ်ဖန် ဆိုရှယ်လစ်စနစ်သို့ ပြောင်းလဲလာပုံမှာကား အဆမတန် လျင်မြန်သော အဟုန်နှင့် တိုးတက်ခြင်း ဖြစ်ပေတော့သည်။ ဆိုရှယ်လစ်စနစ်တွင် စီးပွားရေးနှင့် ယဉ်ကျေးမှု တိုးတက်ပုံမှာလည်း အလွန့်အလွန် လျင်မြန်သည်ဟု ဆိုနိုင်ပေသည်။

အနာဂါတ်တွင် လူ့ဘောင် တိုးတက်ရေးကို အဟန့်အတား ဖြစ်နေသည့် အရင်းရှင် လူ့ဆက်ဆံရေးများကို ဖယ်ရှားသုတ်သင်ပြီးသောအခါ၌ လည်းကောင်း၊ သဘာဝတရား၏ စွမ်းအားများကို လူက အသုံးပြုကြရန် ကြိုးပမ်းလာနိုင်သော အခါတွင် လည်းကောင်း၊ လူ့ဘောင်တိုးတက်မှုသည် ယခုထက် အဆပေါင်းများစွာ ပို၍ လျင်မြန်လာပေလိမ့်မည်။

http://www.cherrythitsar.org


## တိုးတက်မှု၏ အတက်အကျရှိသော လက္ခဏာ

တိုးတက်မှုတွင် ရှေ့သို့သာ တိုးတက်သည့် လက္ခဏာမှာ အဓိက လက္ခဏာ ဖြစ်သော်ငြားလည်း အမြဲတမ်း ထိုကဲ့သို့ချည်း တိုးတက်နေသည်ကား မဟုတ်ချေ။ ငြင်းပယ်ခြင်း ဥပဒေသသည် အစဉ်သဖြင့် ဒေါင်လိုက်ဖြောင့်တန်းစွာ တသမတ်တည်း တိုးတက်နေသည်ကို ပြသော ဥပဒေသ မဟုတ်ချေ။

တစ်ခါတစ်ရံ အတက်အကျများဖြစ်ပြီး အခြေအနေများ ပြန်ဖြစ်ခြင်းများ ရှိကြောင်းလည်း ပြဆိုပေသည်။ တိုးတက်မှုတွင် ဖြတ်ကျော်ခဲ့ပြီး အခြေအနေမျိုး နှင့်လည်း ထပ်မံ ကြုံတွေ့တတ်ပေသည်။

သို့သော် ထိုသို့သော အခြေအနေမျိုးနှင့် ပြန်လည် ကြုံကြိုက်မှုများသည် အခြေခံခြင်း မတူညီပေ။ ထို့ကြောင့် တိုးတက်မှုသည် အတက်အကျရှိသော ကြောင်လိန်လှေခါးသဖွယ် တိုးတက်ခြင်း ဖြစ်ပေသည်ဟူ၍ လီနင်က ရေးသား ခဲ့ပေသည်။ အထက်ပါ တိုးတက်မှုမျိုးကို ဘဝဖြစ်ရပ်များတွင် တွေ့မြင်နိုင်သည်။

ဓာတ်သဘာဝ သက်ရှိသက်မဲ့ ရုပ်ပိုင်းဖြစ်စဉ်အားလုံးတွင် ကြောင်လိန်လှေ ခါးသဖွယ် အတက်အကျရှိမှုများကို တွေ့ရသည်။

အလားတူပင် လူမှုရေးဘဝတွင်လည်း ထိုတိုးတက်မှုမျိုးကို တွေ့နိုင်သည်။ သမိုင်းဦးဘုံမြေစနစ်သည် လူ့သမိုင်း၏ ပထမဆုံးသော လူမှုအဆောက်အအုံ ပုံစံပင်ဖြစ်သည်။ ထိုစနစ်များလည်း ဘုံသဘောဖြင့် ပိုင်ဆိုင်မှုကို အကြောင်းပြု၍ ပေါ်ပေါက်သော လူတန်းစားမရှိသည့် လူ့ဘောင်အဖွဲ့အစည်းမျိုး ဖြစ်၏။

ထိုစဉ်က ကုန်ထုတ်ကိရိယာများမှာ အလွန်ရှေးကျသော ကိရိယာများသာ ဖြစ်ကြလေသည်။ ကုန်ထုတ်လုပ်ငန်း တိုးတက်လာသည်နှင့် တပြိုင်နက် ထို စနစ်ကို ကျွန်ပိုင်ရှင်စနစ်က ငြင်းပယ်လိုက်၊ ထိုကျွန်ပိုင်စနစ်မှ မြေရှင်ပဒေသ ရာဇ်စနစ် ပေါ်ပေါက်လာသည်။ မြေရှင်ပဒေသရာဇ်၏ စနစ်ကို အရင်းရှင် စနစ်က ငြင်းပယ်လိုက်ပြန်သည်။

တစ်ဖန် အရင်းရှင်စနစ်၏ နေရာတွင် ဆိုရှယ်လစ် စနစ်ပေါ်ပေါက်လာ ခဲ့သည်။ ဆိုရှယ်လစ် စနစ်မှာ ကွန်မြူနစ်စနစ်၏ ပထမအဆင့် ဖြစ်ပေရာ ဆိုရှယ်လစ်စနစ်မှ ဆိုရှယ်လစ်စနစ်ကို ငြင်းပယ်တိုးတက်ရဦးမည်။ ကွန်မြူနစ် စနစ်သည် ကုန်ထုတ်အရင်းအနှီးများကို ဘုံသဘောပိုင်ဆိုင်ပြီး လူတန်းစား မရှိ သော လူ့အဖွဲ့အစည်းမျိုး ဖြစ်၏။ သို့သော် သမိုင်းဦးဘုံမြေခေတ်နှင့်ကား လုံးဝ မတူပေ။

http://www.cherrythitsar.org


ပစ္စည်းများကို ပိုင်ဆိုင်ရာ၌ ဘုံလက္ခဏာရှိခြင်း၊ လူတန်းစားမရှိခြင်း၌ သမိုင်းဦးဘုံစနစ်နှင့် ကွန်မြူနစ်တို့သည် တူသော်လည်း လူ့ဘောင်တစ်ခုလုံး၏ အနေအထားမှာကား ကွန်မြူနစ်စနစ်က များစွာ သာလွန်ပေသည်။ အရည်အချင်း အားဖြင့် များစွာ တိုးတက်မှု ရှိပေသည်။

ငြင်းပယ်ခြင်း၏ ငြင်းပယ်ခြင်း နိယာမသည် ကာလအကန့်အသတ်ကိုလည်း ပြသည်။ ရုပ်ပိုင်း တိုးတက်ဖြစ်ပေါ်မှုများ၏ ထပ်တလဲလဲ ဖြစ်တတ်ပုံကိုလည်း ပြသည်။ သို့ပင် ရှေ့က ဖြစ်ပေါ်ခဲ့ဖူးသည့် အခြေအနေမျိုးများ ထပ်မံဖြစ်တတ်သော် လည်း ထိုကဲ့သို့ ထပ်မံ ဖြစ်ပေါ်လာသော အခြေအနေမှာ ဟိုယခင်က ဖြစ်ဖူး သော အခြေအနေများနှင့် တထပ်တည်း တူညီပါသည်ဟု ကျွန်ုပ်တို့ မဆိုသာချေ။ ပြင်ပန်းသဏ္ဍာန်အားဖြင့် တူပင်တူသော်လည်း အတွင်းသဘောဖြင့်ကား မတူညီပေ။

မင်ဒီလီယက်၏ ကာလ ကန့်သတ်မှု စနစ်တွင် ဆိုဒီယန်သတ္တု၏ တတိယ ဖြစ်ပေါ်မှုမှာ လီသီယန်နှင့် တူပေသည်။ သို့ရာတွင် တတိယ ဖြစ်ပေါ်မှု၏ ပင်ကိုယ် ဂုဏ်ရည်များမှာ ပိုမိုရှုတ်ထွေးသော အဆောက်အအုံ ပုံသဏ္ဍာန်ကို ဆောင်ယူ လာလေသည်။

ဆိုရှယ်လစ်စနစ်တွင်ရှိသော ဆိုရှယ်လစ်ပိုင်ဆိုင်မှုသဘောသည် ရှေးခေတ်ဟောင်း ဘုံမြေစနစ်ကို ပြန်လည်ဖော်ထုတ်သည် မှန်သော်လည်း အလွန်တိုးတက် ထူးခြားသော ရုပ်ပိုင်းဘဝနှင့် စိတ်ပိုင်းဘဝ ဖွံ့စည်းဖြစ်ပေါ်မှု အခြေခံပေါ်တွင် ပြန်လည်တည်ဆောက်ခြင်းသာ ဖြစ်၏။ တစ်နည်းဆိုသော် ဆိုရှယ်လစ်စနစ်သည် ရှေးက သမိုင်းဦးဘုံမြေခေတ်နှင့် အပြင်သဏ္ဍာန်၌ တူငြား သော်လည်း သမိုင်းဦးဘုံမြေခေတ်က မတိုးတက်၊ ဆိုရှယ်လစ်စနစ်က တိုးတက်သည် ဆိုရာ၌ ထူးခြားလေသည်။ ဤကား ငြင်းပယ်ခြင်း၏ ငြင်းပယ်ခြင်း ဥပဒေသပင် တည်း။

## ဆိုရှယ်လစ် စနစ်တွင် ငြင်းပယ်ခြင်း၏ ငြင်းပယ်ခြင်း ဥပဒေသ ဖြစ်ပေါ်ပုံ

ဆိုရှယ်လစ် လူ့ဘောင်ထဲတွင်လည်း ငြင်းပယ်ခြင်း၏ ငြင်းပယ်ခြင်း ဥပဒေသသည် ဖြစ်ပေါ်လျက်ရှိ၏။ သို့ရာတွင် ဆိုရှယ်လစ် လောကတွင် ဤ ဥပဒေသ ဖြစ်ပေါ်ပုံမှာ အခြားအခြေအနေများနှင့် အတော်အတန် ခြားနားပေသည်။

ဆိုရှယ်လစ် ပိုင်ဆိုင်မှုက ကြီးစိုးနေခြင်း၊ ပဋိပက္ခဖြစ်နေသော လူတန်းစား

http://www.cherrythitsar.org


များ မရှိတော့ခြင်း၊ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ သဘောတရားအမြင်ချင်းညီညွတ်မှုရှိခြင်း၊ စသည်တို့ကြောင့် ဆိုရှယ်လစ်လူ့ဘောင်ထဲတွင် လူမှုတော်လှန်ပြောင်းလဲရေး ကဲ့သို့သော ငြင်းပယ်ခြင်း ကိစ္စမျိုး၊ ပေါင်းစပ် မရနိုင်သော လူတန်းစား ပဋိပက္ခ ဖြစ်နေသည့် လူ့အဖွဲ့အစည်းမျိုးမှာကဲ့သို့ လူတန်းစား တိုက်ပွဲမျိုး မပေါ်ပေါက်နိုင်ပေ။

ဆိုရှယ်လစ် အခြေအနေသို့ ရောက်သောအခါ အသစ်ဖြစ်ပေါ်လာသည့် အခြေအနေများနှင့် လုပ်ငန်းများ၊ မဟပ်စပ်တော့သည့် ဟောင်းနွမ်းသော အသွင်လက္ခဏာများကို ငြင်းပယ်ကြရသည်။ ခေတ်နောက်ကျ၍ ဟောင်းနွမ်းပျက်စီးနေပြီဖြစ်သော စီးပွားရေး၊ နိုင်ငံရေး သဘောတရားများကို ငြင်းပယ်၍ အသစ်အသစ်တို့ဖြင့် အစားထိုး ယူကြရမည်။ တိုးတက်အောင် ဆောင်ရွက်ကြရမည်။

ဆိုရှယ်လစ် လူ့ဘောင်၏ တိုးတက်မှုကို ရှေ့သို့ အဟုန်ဖြင့် တိုးတက်၍ ဖြစ်လာသော ကွန်မြူနစ်စနစ် ရောက်ခြင်းဖြင့်သာ သတ်မှတ်ရပေမည်။ ဤကား ဆိုရှယ်လစ်စနစ်တွင် ဖြစ်ပေါ်သည့် ငြင်းပယ်ခြင်း၏ ငြင်းပယ်ခြင်း ဥပဒေသ ဖြစ်ပေါ်ပုံ၏ ထင်ရှားသော အမှတ်လက္ခဏာပင်တည်း။

လူတန်းစားတိုက်ပွဲ

မာ့က်(စ)ဝါဒတွင် လူ့အဖွဲ့အစည်းနှင့် ပတ်သက်သော အတွေးအမြင်များကို **သမိုင်း ရုပ်ဝါဒ** ဟုခေါ်သည်။ သမိုင်းရုပ်ဝါဒအရ လူ့သမိုင်းဆိုသည်မှာ ဆိုရှယ်လစ်စနစ် မတိုင်မီ ကာလအတွင်းက ဖြစ်ပေါ်ခဲ့သော လူတန်းစား တိုက်ပွဲ အစဉ်ပင် ဖြစ်ကြောင်း ကားမာ့က်(စ)သည် သူ၏ **ကွန်မြူနစ် ကျေညာစာတမ်း**တွင် အတိအလင်း ကျေညာခဲ့၏။

မာ့က်(စ)၏ အတွေးအမြင်များအရ သဘာဝတရားကြီးသာလျှင် အညမည ဖြစ်စဉ်အရ တိုးတက်နေသည် မဟုတ်၊ လူ့အဖွဲ့အစည်းများ၏ သမိုင်းစဉ်သည် အညမည နိယာမအတိုင်း ဖြစ်နေရသည်။ သဘာဝတရားထဲတွင် ဆန့်ကျင်ဘက်အသွင်ကို ဆောင်ယူနေကြသော ဝိရောဓိတရားများ ပြွမ်းတီးလျက် ရှိသကဲ့သို့ လူ့ဘောင်အဖွဲ့အစည်းတိုင်းတွင်လည်း ဆန့်ကျင်ဘက် အသွင်ကို ဆောင်ယူနေကြသည်။ ဝိရောဓိတရားများ ရှိသည်။ ထိုဝိရောဓိတရားများမှာ ရန်သတ္တုရု အသွင်ကို ဆောင်နေသည် ဖြစ်၍ ၎င်းတို့ကို ပဋိပက္ခများဟု ခေါ်သည်။

လူ့ဘောင် အဖွဲ့အစည်း တစ်ခုလုံးသည် ပဋိပက္ခများဖြင့် ပြွမ်းလျက်ရှိ

http://www.cherrythitsar.org


ပြန်သည်။ လူတန်းစားတိုက်ပွဲသည်ကား ပဋိပက္ခမှန်သမျှတွင် အကြီးမားဆုံး ပဋိပက္ခပင်ဖြစ်သည်။

လူ့ဘောင်အတွင်း အဘယ်ကြောင့် လူတန်းစား တိုက်ပွဲများ ရှိနေပါသနည်း၊ ဤပြဿနာကို ကမ္ဘာ့အတွေးအမြင် သမိုင်းတွင် အဓိကထား၍ စဉ်းစားခဲ့သူများ အနက် မာ့က်(စ)သည် အထင်ရှားဆုံး ဖြစ်သည်။

လူတန်းစားတိုက်ပွဲအဘယ်ကြောင့် ဖြစ်ရသနည်းဆိုသော မေးခွန်း၏ အဖြေမှာ လွယ်လွယ်ပြောရသော် လူ့ဘောင်အတွင်း လူတန်းစားများ ရှိနေသောကြောင့် ဖြစ်သည်။ လူတန်းစားများဆိုရာ၌လည်း ခြုံ၍ ပြောရလျှင် ချယ်လှယ်သူ ခေါင်းပုံဖြတ်လူတန်းစားနှင့် အချယ်လှယ်ခံ ခေါင်းပုံဖြတ်ခံ လူတန်းစားများ ရှိနေသော ကြောင့်ပင် ဖြစ်ပေသည်။

လူ့ဘောင်အတွင်း၌ အဘယ်ကြောင့် ချယ်လှယ်သူလူတန်းစားနှင့် အချယ်လှယ်ခံ လူတန်းစား ဟူ၍ မညီမျှ ဖြစ်နေရပါသနည်း။ ဤအချက်ကိုလည်း မာ့က်(စ)သည် ဂရုစိုက်ထား၍ လေ့လာခဲ့သေးသည်။ သူ၏ အမြင်မှာ ဤသို့ လူတန်းစားများ မညီမျှဖြစ်လာရခြင်းသည် လူ့ဘောင် အဖွဲ့အစည်းအတွင်း ကုန်ထုတ်ကိရိယာများကို ပိုင်မှု မပိုင်မှု ဆိုသော စီးပွားရေး အခြေခံကြောင့် ဖြစ်ရသည်ဟု မြင်သည်။ (ဤကား အကြမ်းဖျဉ်း ဖော်ပြချက် ဖြစ်၏။)

ထို့ကြောင့် သမိုင်းဦး ဘုံမြေစနစ် ကျဆုံးသွားပြီးသည့်အချိန်မှစ၍ လူ့သမိုင်းတွင် ကျွန်ပိုင်ရှင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်ဟူ၍ ခေတ်များ အတွင်း၌ ပဋိပက္ခဖြစ်နေသော လူတန်းစားများ အထင်အရှား ရှိခဲ့သည်။

ကျွန်ပိုင်ရှင်ခေတ်က ဆိုလျှင် ကျွန်လူတန်းစားနှင့် ကျွန်ပိုင်ရှင်လူတန်းစား တို့သည် လည်းကောင်း၊ မြေရှင်ခေတ်ကဆိုလျှင် မြေကျွန်များနှင့် မြေပိုင်ရှင် ပဒေသရာဇ်များသည် လည်းကောင်း၊ အရင်းရှင်ခေတ်ကဆိုလျှင် အရင်းရှင်နှင့် ပစ္စည်းမဲ့ အလုပ်သမား လူတန်းစားတို့သည် လည်းကောင်း အချင်းချင်း ပဋိပက္ခ ဖြစ်ခဲ့၏။

ဤသို့လျှင် အဘယ်ကြောင့် ပဋိပက္ခများ ဖြစ်ခဲ့ရပါသနည်း။ အကြောင်းမူကား ဥဒါဟရဏ် အားဖြင့် အရင်းရှင် ခေတ်တွင် အရင်းရှင်ကုန်လုပ်ဆက်ဆံရေး စနစ်၌—

(၁) ကုန်ထုတ်ကိရိယာများကို အရင်းရှင် လူတစ်စုက ပုဂ္ဂလိကပိုင် ထားသော်လည်း ထိုကုန်ထုတ်လုပ်ငန်းကြီးကိုသက်ဝင်လှုပ်ရှား အောင် လုပ်နေရပုံမှာကား အများစု ပါဝင်လုပ်ပေးရသော ဘုံ

http://www.cherrythitsar.org



စနစ် ဖြစ်နေခြင်း၊ ဤတွင် ပုဂ္ဂလိက ပိုင်ဆိုင်မှုနှင့် ဘုံလုပ်ငန်းသည် ပဋိပက္ခဖြစ်လာသည်။

(၂) တစ်ဖန် ထိုအသွင်မတူသော လူတန်းစားတို့သည် မိမိတို့၏ အကျိုးစီးပွားမြှော်ကိုးမှု၌လည်း ပဋိပက္ခ ဖြစ်ခဲ့ကြသည်။ အရင်းရှင်သည် အမြတ်များများရဖို့ကိုသာ ရှေ့ရှုပြီး ရသည့် အခွင့်အရေးမှန်သမျှကိုယူကာ အလုပ်သမားများအပေါ်တွင် ခေါင်းပုံဖြတ်သည်။ အလုပ်သမားများမှာ လုပ်ခများများ ရဖို့ကိုသာ ရှေ့ရှုနေရင်း ခေါင်းပုံဖြတ်ခြင်းခံနေရသည်။

(၃) ထို့ပြင် ထိုလူတန်းစားနှစ်ရပ်မှာ ဘဝရပ်တည်နေရပုံချင်း ပဋိပက္ခ ဖြစ်နေပြန်သည်။ ဆိုလိုသည်မှာ အရင်းရှင်စနစ်၌ အရင်းရှင်များမှာ တစ်နေ့ထက်တစ်နေ့ ချမ်းသာကြွယ်ဝလာပြီး ပစ္စည်းမဲ့ အလုပ်သမားများမှာ တစ်နေ့ထက်တစ်နေ့ ဆင်းရဲနေရသည်။

ဤသို့လျှင် ပဋိပက္ခများကို အကြောင်းပြုပြီး လူတန်းစားများသည် သမိုင်းခေတ် အဆက်ဆက်တွင် ပုံစံအမျိုးမျိုးဖြင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ရသည်။ ဤတိုက်ပွဲများကို အကြောင်းပြုပြီး တော်လှန်ရေးများ ဖြစ်ပေါ်ကာ ခေတ်တစ်ခေတ်မှ တစ်ခေတ်သို့ ပြောင်းလဲလာခဲ့ရကြောင်း မာ့က်(စ)သည် သူ၏ သမိုင်းရုပ်ဝါဒတွင် ရှင်းပြနိုင်ခဲ့လေသည်။ ဤစာအုပ်တွင် မာ့က်(စ)၏ နိုင်ငံရေးဘောဂဗေဒ အမြင်များကို တင်ပြလိုပါသော်လည်း ကျမ်းလေးအံ့စိုး၍ မာ့က်(စ) ဝါဒကို ဤမျှနှင့်ပင် ရပ်နားလိုက်ရပါကြောင်း။

* * *

http://www.cherrythitsar.org

အပိုင်း၅

# နှစ်ဆယ်ရာစုခေတ်

၁။ ယန်းပေါ်ဆတ်

၂။ ဂျိမ်းနှင့် ဂျူဝီ

၃။ ရှူးဒေါ့ကားနက်(ပ)

၄။ ဘာထရန်ရပ်ဆယ်

# ဘဝဖြစ်တည်ခြင်း၏ ပဓာနဝါဒ

## ကဲကီဂတ် (၁၈၁၃–၁၈၅၅)

ကဲကီဂတ်ကို ဒင်းမတ်ပြည် 'ကိုပင်ဟေဂင်' မြို့တွင် မွေးဖွားသည်။ ၎င်းသည် ၁၇ နှစ်အရွယ်၌ 'ကိုဟေဂင်တက္ကသိုလ်'တွင် စာပေသင်ကြားသည်။ ထို တက္ကသိုလ်မှပင် ၁၈၄၁ ခု၌ သာသနာရေးပညာတွင် မဟာဝိဇ္ဇာဘွဲ့ကို ရခဲ့သည်။ ကဲကီဂတ်သည် ဖခင်ဖြစ်သူ ဓနရှင် ကုန်သည်ကြီးထံမှ ငွေကြေး လုံလောက်စွာ ရရှိခဲ့သူ ဖြစ်သဖြင့် အသက်မွေးကျောင်းအတွက် ငွေကြေး အကြပ်အတည်းနှင့် ရင်မဆိုင်ခဲ့ရပေ။ ထို့ကြောင့် ပညာစုံသောအခါ တွေးခေါ်မြော်မြင်ရေး ပညာနှင့် ဘာသာရေးပညာအကြောင်း စာပေများ ရေးသားပြုစုခြင်းဖြင့် အချိန် ကုန်လွန်ခဲ့သည်။ ထိုခေတ် ထိုအချိန်ကဆိုလျှင် ကဲကီဂတ်၏ စာပေလုပ်ငန်းများသည် အရှိန်အဝါ အနည်းအကျဉ်းမျှသာ ရှိခဲ့သည်။ သို့ရာတွင် အနှစ်ငါးဆယ်ခန့် ကြာပြီးမှ ၎င်း၏ စာပေတို့သည် ဥရောပတခွင်ရှိ ဖြစ်တည်ခြင်း ပဓာနဝါဒီတို့ လှုပ်ရှားမှုများ၏ ရေသောက်မြစ် ဖြစ်လာခဲ့ပေသည်။ ကဲကီဂတ်သည် အသက် (၄၁) နှစ်တွင် ကွယ်လွန်ခဲ့၏။

http://www.cherrythitsar.org


## ကဲကီဂတ်၏ ဘုရားရှိသည်ဟု ယုံကြည်သော ဖြစ်တည်ခြင်း ပဓာနဝါဒ

နှစ်ဆယ်ရာစုနှစ်အတွင်း ပေါ်ပေါက်ခဲ့သော တွေးခေါ်ရှင်များအားလုံးလိုလိုပင် ဟေဂယ်၏ လွှမ်းမိုးမှုကို ခံရပြီး ဟေဂယ်ဝါဒကို ဆန့်ကျင်ကာ ပေါ်ပေါက်လာကြသည်။

ဆိုရမ်ကဲကီဂတ်၏ အတွေးအမြင်သည်လည်း 'ဟေဂယ်'၏ 'အနန္တဝိဉာဉ်တော်ဝါဒ'ကို ပြင်းထန်စွာ ဆန့်ကျင်ပြီး ပေါ်ပေါက်လာသော ဝါဒဖြစ်သည်။

ဟေဂယ်၏ အတွေးအခေါ်တွင် ကမ္ဘာကြီးတစ်ခုလုံးအား တက္ကိကစနစ်ကြီးအသွင် ထင်မြင်ရန် ကြိုးပမ်းခဲ့ကြောင်း တွေ့ရပေပြီ။ ဟေဂယ်၏ ယူဆချက်အရဆိုလျှင် 'ဖြစ်တည်ခြင်း' ဟူသော သဘောသည်ပင် အနန္တဝိဉာဉ်တော်ကြီးမှ ယုတ္တိဗေဒသဘောအရ ဆင်ခြင်ခြင်းဖြင့် ရလာသော သဘောဖြစ်သည်ဟု ဆိုလေသည်။ ကဲကီဂတ်သည် ဟေဂယ်၏ တွေးခေါ်ပုံစနစ်ကို မကျေနပ်ပေ။ အဘယ်ကြောင့်ဆိုသော် ဟေဂယ်၏ တွေးခေါ်ပုံ စနစ်သည် 'ဖြစ်တည်ခြင်း' အဓိပ္ပာယ်ကို မရှင်းလင်းနိုင်သောကြောင့် ဖြစ်ပေသည်။

ကဲကီဂတ်၏ ယူဆချက်အရဆိုလျှင် တွေးခေါ်မြော်မြင်ရေး သဘောတရားဟူသည် လူ့အခြေအနေ အရပ်ရပ်ကို ဆန်းစစ်လေ့လာရပေမည်။ အတွေးအမြင်ပညာ၏ လုပ်ငန်းမှာလည်း ခမ်းနားကြီးကျယ်သော တွေးခေါ်ပုံစနစ်ကို တည်ဆောက်ရန်မဟုတ် လူတို့၏ ပြဿနာအရပ်ရပ်ကို ဖြေရှင်းရန်သာ ဖြစ်သည်။

ကဲကီဂတ်၏ အတွေးအခေါ်မှ ပထမအခြေခံယူဆချက်မှာ 'ဖြစ်တည်ခြင်း' ရှိပြီးမှ အနှစ်သာရရှိနိုင်သည် (Existence is Prior to Essence) ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ ဖြစ်တည်ခြင်းမရှိပဲ အနှစ်သာရသဘောကို မပြောနိုင်ချေ။ ထို့ကြောင့် အနှစ်သာရသဘောနှင့် ယှဉ်ကြည့်လျှင် ဖြစ်တည်ခြင်းသာ ဦးစွာ ရှိရမည်။ ဖြစ်တည်ပြီးမှ ဖြစ်တည်ခြင်း၏ အနှစ်သာရရှိပေမည်။

ထိုယူဆချက်ကို တနည်းအားဖြင့် ဖော်ပြရလျှင် ကျွန်ုပ်တို့သည် တစ်စုံတစ်ခုသော အရာ၏ ဖြစ်တည်နေပုံကို ပထမ သိသည်။ နောက်မှ ထိုအရာသည် မည်သို့သော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသည်ကို သိလာရသည်။ ထိုယူဆချက်သည် သီးခြားဝိသေသ သဘောတို့ကို ယေဘုယျသဘောထက် ဦးစားပေးခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဒြပ်မဲ့ စိတ္တဇအနုမာနဖြစ်သော ယုတ္တိဗေဒဆိုင်ရာ အယူအဆများကို စဉ်းစားပြီးမှသာ ဒိဋ္ဌဓမ္မဖြစ်ရပ်များကို စဉ်းစားမည့်အစား

http://www.cherrythitsar.org


ကျွန်ုပ်တို့သည် အစကနဦးကပင် ဒိဋ္ဌဓမ္မ ဖြစ်ရပ်များကို ဦးစွာ စဉ်းစားရပေမည်။ ဤနေရာတွင် တကယ့်သီးခြားအသွင်ဖြင့်ရှိသော ဒိဋ္ဌဓမ္မဖြစ်ရပ်ဆိုသည်မှာ လူ၏ ဖြစ်တည်မှုပင်ဖြစ်သည်ဟု ကဲကီဂတ်က ဆိုလိုသည်။

ဟေဂယ်၏ တွေးခေါ်ပုံအရဆိုလျှင် တွေးခေါ်မြော်မြင်ရေး သဘော တရားသည် ဆင်ခြင်ခြင်းကို အခြေခံသော တွေးခေါ်မှုသာ ဖြစ်သည်ဟု ကဲကီဂတ်က ထင်မှတ်သည်။ ထို့ကြောင့်ပင် လူသတ္တဝါတို့သည် ဖြစ်တည်ခြင်း၏ သဘော အဓိပ္ပာယ်ကို လုံးဝ မသိကြတော့ဟု သူက ဆိုလိုခြင်း ဖြစ်၏။

ထိုယူဆချက်နှင့် စပ်လျဉ်း၍ ကဲကီဂတ်သည် တွေးခေါ်မြော်မြင်ရေးပညာရှင် ပါမောက္ခတစ်ဦးအကြောင်း ရယ်မောဖွယ်ရာ ဥပမာတစ်ခု ရေးသားခဲ့ဖူးသည်။ အဆိုပါ ပါမောက္ခသည် တွေးခေါ်စဉ်းစားမှု နယ်ပယ်၌သာ အစဉ် ကျင်လည် ကျက်စားနေခဲ့သဖြင့် မိမိ ရှိနေသည် မရှိနေသည်ကိုပင် ကိုယ်တိုင် သတိ မမူ မိတော့ပေ။ မိမိရှိနေကြောင်းကို သတိမူမိသည့် တစ်နေ့သော နံနက်ခင်းတွင် သူ ကွယ်လွန်သွားလေသည်။

ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် အလွန်အမင်း ပိုင်းခြားဝေဖန်စဉ်းစားလာလျှင် ကိုယ့်ဘဝအမှန်နှင့် အဆက်ပြတ်သွားတတ်သည်ဟူသော သဘောကို တင်ပြ လိုက်ခြင်းဖြစ်၏။ အလွန်အမင်း ဆင်ခြင်စဉ်းစားလျှင် ကျွန်ုပ်တို့သည် လူ့ဘဝတွင် ရပ်တည်နေသော လူသားများသာ ဖြစ်သည်ဟူသော အချက်ကို မေ့လျော့ သွား ပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် 'ကျွန်ုပ်မည်သူနည်း' ဟူ၍ မိမိကိုယ်ကို မိမိ စစ်ဆေး မေးမြန်းရန် လိုသည်။

ကဲကီဂတ်သည် 'ဆိုကရေးတိ' ၏ အယူအဆကို ယူ၍ စဉ်းစားခဲ့သည်။ 'ဆိုကရေးတိ' နှင့် ခေတ်သစ် တွေးခေါ်ရှင် တစ်ဦးဖြစ်သည့် ဟေဂယ်တို့ကို နှိုင်းယှဉ် ကြည့်ကြပါစို့။

ဟေဂယ်၏ အလိုအရ အရာခပ်သိမ်းသည် 'တွေးခေါ် မြော်မြင်ရေး စနစ်အောက်တွင် အကျုံးဝင်နိုင်သည်'ဟု အခိုင်အမာ ဆိုခဲ့သည်။ ဆိုကရေးတိ အဖို့မူကား တွေးခေါ်မြော်မြင်ရေး သဘောဆိုင်ရာ သီဝရီဟူ၍ပင် မရှိချေ။

ဤနေရာ၌ ကဲကီဂတ်အလိုမှ 'ဆိုကရေးတိ' သည်သာ တကယ့် တွေး ခေါ်ရှင် စစ်သည်ဟု ယူဆသည်။ အဘယ်ကြောင့်ဆိုသော် **အတွေးအမြင် ဆိုသည်မှာ ဘဝလမ်းညွှန်ပင် ဖြစ်သည်** ဟု ဆိုကရေးတိက ယူဆသော ကြောင့်ပင်တည်း။

'ဆိုကရေးတိ' အနေနှင့် အသိပညာကို အတွေးအခေါ်များမှ သဘော

http://www.cherrythitsar.org


တရားအမြင်သက်သက်က ပေးသည် ဆိုသည်ထက် တကယ့်ဘဝ ဖြစ်စဉ်များက ပို၍ ပေးနိုင်သည်ဟု ယုံကြည်ခဲ့လေသည်။ ထို့ကြောင့်ပင် ဘဝအကြောင်းကို ဖော်ပြသည့် သဘောတရားများထက် 'တကယ့်လက်ငင်းဘဝ' က ပိုမို အရေးကြီး ကြောင်း ကဲကီဂတ် နားလည်လာရသည်။

စားသောက်ဆိုင်ရှိ ပုံနှိပ်ထားသည့် စားသောက်ဖွယ် စာရင်းနှင့် အစာ စားခြင်းဖြင့် ရလာသည့် အာဟာရသည် မတူ။ ထိုနည်းတူပင် 'ဖြစ်တည်ခြင်း' သည် ဖြစ်တည်ခြင်းအကြောင်း ရေးသားထားသည့် သဘောတရားနှင့် မတူနိုင်ချေ။

လူ၏ ဖြစ်တည်မှုအကြောင်းကို လေ့လာရာ၌ လူ့ဘဝ သက်တမ်းတွင် အရွယ်အားဖြင့် အဆင့်သုံးဆင့်ရှိကြောင်း ကဲကီဂတ် သိမြင်လာသည်။ ခံစားမှုကိုသာ သိသေးသည့်အရွယ်၊ အဆိုးအကောင်း ခွဲခြားတတ်သည့်အရွယ်နှင့် ဘာသာရေး ကိုင်းရှိုင်းသည့်အရွယ် ဟူ၍ဖြစ်သည်။

ခံစားမှုကိုသာ သိသေးသည့် ပထမအရွယ်တွင် လူသည် လက်ငင်း ကြုံ တွေ့ရတတ်သည့် ပျော်ရွှင်မှု(သုခ)နှင့် စိတ်ထိခိုက်မှု(ဒုက္ခ) ကိုသာ ကြည့်တတ်သည်။ ဤအရွယ်သည် ဘဝ၏ တစ်စိတ်တစ်ဒေသသာ ဖြစ်ပြီး ဘဝ မမည်သေးပေ။ ပထမအရွယ်မှ ဒုတိယအရွယ်သို့ ကူးပြောင်းလာသောအခါ လူတို့သည် စဉ်းစား တွေးခေါ် တတ်လာသည်။ မည်သည့် အပြုအမူများ မှားကြောင်း၊ မည်သည့် အပြုအမူများ မှန်ကြောင်း ဝေဖန်ကြည့်တတ်လာသည်။ သို့ရာတွင် ပထမအရွယ် ခံစားမှုတို့သည် ဒုတိယအရွယ်တွင် လုံးဝမရှိဟု မဆိုနိုင်။ အဘယ်ကြောင့်ဆိုသော် ပထမအရွယ်တွင် တွေ့ရသည့် ခံစားမှုမျိုးများကို ဒုတိယအရွယ်၌လည်း တွေ့နိုင် သေးသည်။ ဒုတိယအရွယ်သည် ပထမအရွယ်မှ ပေါ်ထွက်လာခြင်းဖြစ်သည်။

ဤအရွယ် ၂ မျိုး၏ သဘောအဓိပ္ပာယ်ကို ဥဒါဟရဏ် ပေးရလျှင် လူတစ်ယောက်သည် အခြားလူတစ်ယောက်အား စုံမက်ရာမှ လက်ထပ်ထိမ်းမြားကာ အိုးအိမ်ထူထောင်သည့် အချိန်သို့ ရောက်သောအခါ ၎င်းလူသည် ပထမအဆင့်မှ ပို၍ အဓိပ္ပာယ် လေးနက်မှုရှိသော ဒုတိယအဆင့်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။ သို့ဖြစ်စေကာမူ ပထမအဆင့်၌ပင် ရပ်တန့်နေသော လူအချို့ ရှိပေမည်။ ၎င်းတို့၏ ဘဝသည် အဓိပ္ပာယ် လေးနက်မှု မရှိ။ ဘဝအခြေအနေ အပြည့်ဝဆုံး၊ အမြင့်မားဆုံး အဆင့်မှာ 'ဘာသာရေး ကိုင်းရှိုင်းသည့် အရွယ်' ပင် ဖြစ်သည်။

ကဲကီဂတ်အဖို့ အရေးအကြီးဆုံးသော ပြဿနာမှာ ဘာသာရေးပြဿနာပင် ဖြစ်သည်။ ကဲကီဂတ်သည် ဘာသာရေးကို သဘောတရားသက်သက် အနေနှင့်သာ နားလည်နေရုံနှင့် မပြီးပေ။ လက်တွေ့ကျင့်ကြံလိုက်နာရန် ပို၍ အရေးကြီးသည်ဟု

http://www.cherrythitsar.org


ယူဆသည်။

ဘာသာရေးသည် လူ့ဘဝတစ်ခုလုံးကို အကျိုးပြုနိုင်သည်။ လူ့ပြဿနာမှာလည်း 'ဘာသာရေးကို မည်သို့ ကိုင်းရှိုင်းအောင် လုပ်ရမည်နည်း' ဟူသော ပြဿနာပင် ဖြစ်သည်။ ကဲကီဂတ်၏ ယူဆချက်အရဆိုလျှင် ဘာသာရေးဆိုသည်မှာ ဆင်ခြင်မှုပေါ်တွင် မတည်၊ ယုံကြည်သက်ဝင်မှုအပေါ်တွင်သာ တည်သည်။ ဘာသာရေးဆိုင်ရာ သစ္စာတရားတို့သည် တစ်ဦးတစ်ယောက်နှင့်ဆိုင်ပြီး ပုဂ္ဂလဓိဋ္ဌာန်များသာ ဖြစ်ကြသည်။ ဘာသာရေးဆိုင်ရာ သစ္စာတရားတို့သည် ယထာဘူတတရားများ မဟုတ်ကြချေဟု ယူဆခဲ့၏။

ကဲကီဂတ်၏ အတွေးအခေါ်သည် 'ဆင်ခြင်တုံတရားဝါဒ' ကို ဆန့်ကျင်မှုမှ အစပြုခဲ့ကြောင်းကျွန်ုပ်တို့ တွေ့ရပေသည်။ ကဲကီဂတ်၏ အတွေးအခေါ်တို့သည် ပုဂ္ဂလဓိဋ္ဌာန် ဆန္ဒစွဲ အယူများသာ ဖြစ်သည်။ ၎င်း၏ အတွေးအခေါ်တို့သည် ၂၀ ရာစုတွင် ဥရောပတစ်ခွင်၌ တိုးတက် ပျံ့နှံ့ခဲ့သည်။

* * *



ကမ္ဘာတွေးခေါ်ရှင်ကြီး
ယန်းပေါ်ဆတ်

## ယန်းပေါ်ဆတ်

ပြင်သစ်ပြည်သားဖြစ်သူ 'ယန်းပေါ်ဆတ်' သည် မျက်မှောက်ခေတ်တွင် 'ဖြစ်တည်ခြင်း ပဓာန ဝါဒ' ကို ဖော်ထုတ်ပြုစုခြင်းဖြင့် ထင်ပေါ်ကျော်ကြား ရေပန်းစားလာသူ တစ်ဦး ဖြစ်ပေသည်။ ဖြစ်တည်ခြင်း ပဓာနဝါဒ ဖခင်ကြီးဖြစ်သည့် ကဲကီဂတ်၏ အခြေခံသဘောတရား ဖြစ်သော 'ဖြစ်တည်ခြင်းရှိမှ အနှစ်သာရ ရှိနိုင်သည်' ဆိုသော သဘောကို 'ဆတ်' က လက်ခံခဲ့သည်။

သို့ရာတွင် ကဲကီဂတ်နှင့် ဆတ် ခြားနားသည့် အချက်များစွာရှိသည်။ ကဲကီဂတ်က ဘုရားရှိကြောင်း လက်ခံသည့်အပြင် ဘာသာရေးသည် လူ့အဖို့ အရေးအကြီးဆုံး ဖြစ်သည်ဟု ယူဆခဲ့သည်။ ဆတ်ကမူ 'ထာဝရ ဘုရားသခင်မရှိ' ဟု ရဲရဲဝံ့ဝံ့ ကြေညာသည်။ ထိုကြောင့် ဆတ်၏ အတွေးအခေါ်သည် ဘုရား မရှိ ဝါဒဖြစ်သည်။

ဆတ်သည် သူ၏ အတွေးအခေါ် အယူအဆများကို ဝတ္ထုများ ပြဇာတ်များတွင် ထည့်သွင်းရေးသားသည်။ ထိုကြောင့် 'ဖြစ်တည်ခြင်း ပဓာနဝါဒ' ဟူသည့် ဆတ်၏ အတွေးအခေါ်သည် ပြင်သစ်ပြည် စာပေလှုပ်ရှားမှုနှင့် အဆက် အစပ်ရှိသည်။ ဆတ်၏ အတွေးခေါ်သည် စာပေအနုပညာ နယ်ပယ်များတွင် ထင်ပေါ်ကျော်ကြားသည်။ သို့ရာတွင် တွေးခေါ်ရှင်များထဲတွင်မူ ၎င်း၏အတွေး အခေါ်သည် အရေးထားခြင်း မခံရပေ။ မည်သို့ပင်ဆိုစေ တွေးခေါ် မြော်မြင်ရေး

http://www.cherrythitsar.org


သဘောတရား ဆရာတစ်ဦးအနေနှင့်မူ ၎င်းကို မှတ်ယူရပေမည်။

၁၉၄၆ ခုတွင် 'ဖြစ်တည်ခြင်း ပဓာနဝါဒဟူသည် လူသာပဓာနဝါဒ (Humanism) ပင်ဖြစ်ကြောင်း' ဆတ်က ပြောခဲ့၏။ ၎င်းဟောပြောချက်များကို စာအုပ်အနေနှင့် ၁၉၄၆ ခုတွင် ထုတ်ဝေခဲ့သည်။ သူက 'ဖြစ်တည်ခြင်းပဓာနဝါဒီ' ဆိုသည်မှာ 'ဖြစ်တည်ခြင်းသည် အနှစ်သာရထက် ဦးစွာဖြစ်လာသည်' ဟူသော ယူဆချက်ကို လက်ကိုင်ထားသူ ဖြစ်သည်ဟု ဆိုသည်။ ဤနေရာတွင် 'ဖြစ်တည်မှု' ဆိုသည်မှာ 'လူ၏ ဖြစ်တည်မှု' ကို ဆိုလိုခြင်း ဖြစ်သည်။ မိမိတို့၏ ဖြစ်တည်ခြင်းသည် မိမိတို့၏ ဂုဏ်အရည်အချင်းများ ဖြစ်သည်။ ဆတ်သည် လူနှင့် မောင်းချရားကို နှိုင်းယှဉ်ပြသည်။ မောင်းချရား ဖြစ်လာဘို့ရန် လိုအပ်သည့် ဂုဏ်အင်္ဂါများကို ပထမဆုံး ကြံစည်စိတ်ကူးထားရသည်။ နောက် အလုပ်ရုံထဲတွင် ၎င်းအင်္ဂါရပ်များကို စနစ်တကျ စုစည်း၍ လုပ်ကိုင်ခြင်းဖြင့် မောင်းချရားဟူ၍ ဖြစ်ပေါ်လာသည်။ မောင်းချရားတွင် လိုအပ်သည့် ဂုဏ်အင်္ဂါများကို ကြံစည် ဆုံးဖြတ်ထားပြီး ဖြစ်ရသည်။ လူတို့မှာမူ မောင်းချရားကဲ့သို့ ပထမဦးစွာ ကြံစည်စိတ်ကူးရန်မလို။ လူသတ္တဝါတို့မှာကား ဖြစ်တည်ခြင်းဦးစွာ ရှိပြီးမှ ၎င်းတို့ အပြုအမူပေါ်တွင် တည်၍ '၎င်းတို့ မည်သူနည်း။ ၎င်းတို့မှာ မည်သို့သော ဂုဏ်အင်္ဂါ လက္ခဏာများ ရှိသနည်း' ဟူသော အချက်များ ပေါ်လာမည်။ ထို့ကြောင့် လူသည် သူ၏ အပြုအမူအားလုံးတို့အတွက် လုံးလုံးလျားလျား တာဝန်ရှိသူဖြစ်သည်။ ဥပမာ ထမင်းချက်အလုပ်ကို လုပ်သောသူသည် မွေးကတည်းက ဖြစ်သော ထမင်းချက်မဟုတ်ပေ။

**မိမိသဘောအရ ထမင်းချက်အလုပ်ကို 'ရွေး'၍သာ ထမင်းချက် ဖြစ်နေရခြင်း ဖြစ်သည်။ ၎င်းထမင်းချက်ဖြစ်ရခြင်းသည် မည်သည့်အရာ၏ ဆုံးဖြတ်မှုကြောင့်မှ မဟုတ်။ မိမိသဘာဝအရ ထမင်းချက် ဖြစ်လာရခြင်း လည်းမဟုတ်။ ထိုသူ၏ ပင်ကိုယ်သဘာဝက ထိုသူအား ထမင်းချက်ဖြစ်စေသည်ဟု ကျွန်ုပ်တို့ မဆိုနိုင်။**

**ဆတ်၏ ယူဆချက်အရဆိုလျှင်**

**လူသည် မိမိပြုလိုသည်ကို ပြုနိုင်ရန် အစဉ်အမြဲ လွတ်လပ်ခွင့် ရှိသည်။ ထို့ကြောင့် ၎င်းထမင်းချက် လုပ်ခြင်းမှာ ကိုယ်က လုပ်ချင်၍ လုပ်ခြင်းသာ ဖြစ်သည်။**

'အတ္တ နှင့် အနတ္တ' ဟူသော စာအုပ်သည် ဆတ်၏ အရေးအပါဆုံးသော အတွေးအခေါ်ရေးရာနှင့် ပတ်သက်သော စာအုပ်ဖြစ်သည်။ ထိုစာအုပ်ထဲတွင် ဆတ်သည် 'ဒေးကား' ကဲ့သို့ပင် 'အသိဉာဏ်' ကို ခွဲခြမ်းစိတ်ဖြာ ကြည့်ခဲ့သည်။

http://www.cherrythitsar.org


ဒေးကား၏ ကျွန်ုပ်စဉ်းစားသည်။ ထို့ကြောင့် ကျွန်ုပ်ရှိသည် ဟူသော ပထမ အခြေခံတရားကို ဆန်းစစ်ကြည့်ပါလျှင် ဒေးကားသည် စဉ်းစားခြင်းမှ စ၍ စဉ်းစားသူရှိကြောင်း သက်သေပြနိုင်ခဲ့ကြောင်း ဖော်ပြခဲ့လေပြီ။ ဆတ်ကမူ 'ကျွန်ုပ် စဉ်းစားသည်' ဟူသော နိဒါန်းမှ 'ကျွန်ုပ် ရှိသည်' ဟူသော နိဂုံး တစ်ခုတည်းသာ ရသည်မဟုတ်။ စဉ်းစားခြင်းမှ စဉ်းစားခံရသည့် အရာဝတ္ထုများ (သို့မဟုတ်) ကမ္ဘာကြီးရှိ စိတ်မဟုတ်သည့် အရာဝတ္ထုများလည်း ရှိသည်ဟူသော နိဂုံးကိုပါ ရသည်ဟု အခိုင်အမာ ဆိုသည်။

စဉ်းစားခြင်းရှိလျှင် ၎င်းစဉ်းစားခြင်းသည် အကြောင်းမဲ့သက်သက် စဉ်းစားခြင်း မဟုတ်။ တစ်စုံတစ်ခုသော အရာကို စဉ်းစားခြင်းသာ ဖြစ်ရပေမည်။ ထို့ကြောင့်ပင် လောကကြီးတွင် 'အသိတရားရှိသောလူ' နှင့် သက်မဲ့ အချက်ကို အခြေပြု၍ ဆတ်သည် အသိတရားရှိသောလူနှင့် ကမ္ဘာကြီးရှိ ကျန်သောအရာတို့ ဆက်သွယ်ပုံကို ရှင်းပြရန် ကြိုးပမ်းသည်။

ဆတ်သည် အသိဉာဏ်ရှိသောလူများနှင့် ကမ္ဘာပေါ်ရှိ သက်မဲ့အရာဝတ္ထုတို့ကို နှိုင်းယှဉ်ကြည့်သည်။ ထိုသို့ နှိုင်းယှဉ်ကြည့်ရာတွင် ဆတ်သည် ဒေးကား၏ 'ဒွိတ္တဝါဒ'ကို တွေ့လာသည်။

ကမ္ဘာပေါ်ရှိ သက်မဲ့ အရာဝတ္ထုတို့ကို ပြဋ္ဌာန်းသည့် နိယာမများက ချုပ်ကိုင်လျက်ရှိသည်။ ထိုနိယာမများသည် လူသတ္တဝါကိုမူ မချုပ်ကိုင်ပေ။ လူသတ္တဝါ၌ ကြံစည်ဖန်တီး နိုင်စွမ်းရှိသည်ဟု ဆိုလိုသည်။ လူသည် မိမိ ပြုမူလိုသည်ကို ပြုမူရန် လွတ်လပ်ခွင့်ရှိသည်။ တနည်းအားဖြင့်ဆိုလျှင် လူသည် လုံးဝ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိသည်။ ထိုသို့ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိသဖြင့် လူ၌ မိမိ ပြုသည့် အပြုအမူအတွက် တာဝန်ရှိလာသည်။ ဆတ် ယူဆချက်အရဆိုလျှင် လူသည် မိမိပြုသည့် အပြုအမူများ ပေါင်းဆုံရာ ပင်ဖြစ်သည်။ လူသည် မိမိ ပြုသည့်အမူအတွက် မိမိ၌ တာဝန်ရှိလာသဖြင့် အထက်ဖော်ပြပါ လွတ်လပ်ခွင့်သည် လူ့အဖို့ ကြောက်မက်ဖွယ်ကောင်းသော လွတ်လပ်ခွင့်မျိုး ဖြစ်သည်။ ထို့ကြောင့်ပင် လူသည် စိတ်မချမ်းမြေ့ဖြစ်ကာ သောကပင်လယ် ဝေလာရသည်။

သို့ရာတွင် လူသတ္တဝါဖြစ်သည့် ကျွန်ုပ်တို့သည် အမြဲတစေ စိတ်မချမ်းမြေ့ ဖွယ်ရာများနှင့် သောကပွေနေခြင်း မဟုတ်ဟု ဆတ်က ဝန်ခံသည်။ သို့ဖြစ်လျှင် 'ထိုသောကဗျာပါဒများ'ကို လူများသည် မည်ကဲ့သို့ ရှောင်ရှားကြသနည်း။ 'လူသည်' Bad faith ခေါ် မှောက်မှားသော အမြင်ကို သုံးခြင်းဖြင့် ရှောင်ရှားသည်။ ထို (Bad faith) ကို ဆတ်အနေနှင့် မည်သို့ နားလည်ယူဆသည်ကို သုံးသပ်

http://www.cherrythitsar.org



ကြည့်ပါစို့။ စင်စစ်အားဖြင့် Bad faith သည် ကိုယ့်ကိုကိုယ် လိမ်လည် လှည့်ဖျားခြင်းသာ ဖြစ်သည်။ သို့မဟုတ် ကျွန်ုပ်တို့၏ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို ငြင်းဆန်ခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့ပြုသည့် အပြုအမူများအတွက် ကျွန်ုပ်တို့ တာဝန်မယူသော အခါမျိုးတွင် ထိုအပြုအမူများကို ကျွန်ုပ်တို့ကိုယ်ပိုင် ဆုံးဖြတ်ချက်အရ ပြုခြင်း မဟုတ်။ ပြင်ပရှိ အင်အားစုများက ထိုအပြုအမူများ ပြုရန် ဆုံးဖြတ်ပေးသောကြောင့် ပြုရခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ ဟန်ဆောင်တတ်ကြသည်။

ဤကိစ္စတွင် ကျွန်ုပ်တို့ ဘာမျှမတတ်နိုင်။ ကျွန်ုပ်၌ ဘာမျှ ရွေးချယ်ပိုင်ခွင့် မရှိ။ ထို့ကြောင့် ကျွန်ုပ်သည် မည်သည့် ကိစ္စတွင်မဆို တာဝန်မရှိဟု မကြာမကြာ ပြောလေ့ရှိသည်။ ထိုသို့ပြောခြင်းသည် ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ လိမ်လည် လှည့်ဖျားနေခြင်းသာ ဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ မရိုးဖြောင့်ရာလည်း ကျသည်။ အထက်ပါ အဖြစ်များသည် မှောက်မှားသော အမြင်များကြောင့် ဖြစ်လာရသည်။

သက်မဲ့အရာဝတ္ထုတို့သည်ကား မည်သို့မည်ပုံ ပြုလုပ်ရမည်ကို အဆုံးအဖြတ်ခံရစမြဲဖြစ်သည်။ အသိတရားရှိသော လူသတ္တဝါတို့မှာမူကား လွတ်လပ်စွာ ပြုမူပိုင်ခွင့်၊ ရွေးချယ်နိုင်ခွင့် ရှိပြီး ထိုအပြုအမူတို့အတွက် တာဝန်လည်း ရှိသဖြင့် ၎င်းအသိတရားရှိသော လူသတ္တဝါတို့သည် သက်မဲ့ အရာဝတ္ထုများနှင့် မတူပေ။ သို့ပင်ဖြစ်သော်ငြားလည်း လူတို့သည် တာဝန်မယူလိုသဖြင့် မိမိကိုယ်ကို မိမိတို့ အဆုံးအဖြတ်ခံ ဝတ္ထုပစ္စည်းအသွင် ကြိုးပမ်းလှည့်စားတတ်ပေသည်။ ထိုသို့ ကိုယ့်ကိုကိုယ် လိမ်လည်လှည့်စားနေသော လူတစ်ယောက်သည် အခြားလူများနှင့် လူလူချင်း ဆက်ဆံရာတွင် ကိုယ့်ကိုကိုယ် အဆုံးအဖြတ်ခံ ဝတ္ထုပစ္စည်းအနေသို့ ရောက်အောင် လှည့်စားတတ်သည်။

လူသည် တာဝန်မယူလိုသဖြင့် မကြာမကြာပင် မိမိ၏ လွတ်လပ်စွာ ရွေးချယ်ပိုင်နိုင်ခွင့်ကို စွန့်လွှတ်ပြီး အခြားလူတို့၏ အစေအပါး အဆုံးအဖြတ်ကို ခံတတ်သည်။

ဆတ် ထင်မှတ်သည့်အတိုင်း လူ၌ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိလျှင် ကျွန်ုပ်တို့အနေနှင့် မည်သည့်အရာကို ရွေးချယ်ရမည်နည်းဟု ဆတ်အား မေးမြန်းနိုင်သည်။ ဆတ်အနေနှင့် အဖြေတိတိကျကျ မပေးနိုင်။ ဆတ်ပြောခဲ့လေသမျှမှာ ကျွန်ုပ်တို့သည် အမြဲပြုမူ လုပ်ကိုင်ရမည်။ ထို့ပြင် မှန်မှန်ကန်ကန် ယုံကြည်သည့်အရာကို ရွေးချယ်ရမည်။ ကျွန်ုပ်တို့ ပြုလေသမျှတို့အတွက် ကျွန်ုပ်တို့ လုံးဝတာဝန်ယူရမည်ဟူ၍ ဖြစ်သည်။ ဤယူဆချက်သည် 'ပုဂ္ဂလဓိဋ္ဌာန် ဆန္ဒစွဲအယူ'

http://www.cherrythitsar.org


သာဖြစ်သည်။

လူ၏ လွတ်လပ်ခြင်း ရွေးချယ်ခြင်းနှင့် ပတ်သက်သော ဆတ်၏ ယူဆချက်ကို သေချာစွာ ဆန်းစစ်ကြည့်ပါစို့။

ကျွန်ုပ်တို့မှာ လုံးဝလွတ်လပ်ခွင့် ရှိသည်ဟု ထင်လျှင် မှားပေမည်။ စင်စစ်အားဖြင့်ဆိုလျှင် လူသည် ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းထဲရှိ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ဇီဇအမူအကျင့်တို့၏ ဆုံးဖြတ်ပေးမှုကို အတော်ပင် ခံယူရပေသည်။ လူတစ်ဦးတစ်ယောက်သည် ကလေးအရွယ် လူမမယ်မှ အစပြု၍ လူကြီးဘဝအထိ အရာရာတိုင်းကို ကိုယ်တိုင်ရွေးချယ် ဆုံးဖြတ်ခဲ့သည် ဆိုသည်မှာ မဖြစ်နိုင်ပေ။ ကျွန်ုပ်တို့၌ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် အတော်အတန်ရှိသည်ကား မှန်သည်။ ကျွန်ုပ်အိမ်နီးချင်းကို ကျွန်ုပ်ကူညီရန် ဆုံးဖြတ်ကောင်း ဆုံးဖြတ်မည်။ သို့မဟုတ် မကူညီဘဲ နေလိုလျှင်လည်း နေမည်။ ဤနေရာတွင် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် အတော်အတန်ရှိသည်။ သို့ရာတွင် ကျွန်ုပ်တို့ လုံးဝလွတ်လပ်သည် ဆိုလျှင် အလွန်တရာ ချဲ့ထွင်ပြောဆိုရာ ကျပေသည်။ ကျွန်ုပ်တို့သည် အခြေအနေကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ကြည့်လျှင် လူသည် ပတ်ဝန်းကျင်၏ အဆုံးအဖြတ် ခံရသည်မှာ အတော် အသင့်မှန်သည်။ သို့ရာတွင် လူသည် မိမိ ပတ်ဝန်းကျင်ကို ပြောင်းလဲနိုင်သဖြင့် ပတ်ဝန်းကျင်က လူကို လုံးဝဉသုံ ဆုံးဖြတ်ခြင်းကား မဟုတ်။ လူက ပတ်ဝန်းကျင်ကို ဆုံးဖြတ်သည့်အခါ ဆုံးဖြတ်ပြီး ပတ်ဝန်းကျင်က လူကို ဆုံးဖြတ်ပေးသည့်အခါ ဆုံးဖြတ်သည်။

'ဆတ်သည် အဘယ်ကြောင့် အကြွင်းမဲ့ လွတ်လပ်ခွင့်ရှိသည်ဟု ယုံကြည်နေသနည်း' ဆတ်၏ အမြင်ကို နားလည်ရန် ကျွန်ုပ်တို့သည် ဆတ်၏ အမြင် ပေါ်ပေါက်ရာဒေသ ပတ်ဝန်းကျင် အခြေအနေကို ဆန်းစစ်ကြည့်ရပေမည်။

စစ်ဖြစ်ပွားနေသည့် ပြင်သစ်ပြည်တွင် ပြင်သစ် 'ဖြစ်တည်ခြင်းပဓာနဝါဒ' ထင်ပေါ်ကျော်ကြားလာသည်။ ဂျာမန်တို့ အုပ်ချုပ်စိုးမိုးမှုကို ပြင်သစ်တို့က တော်လှန်ပုန်ကန်နေချိန်တွင် ဆတ်၏ ဖြစ်တည်ခြင်း ပဓာနဝါဒ ပေါ်ပေါက်လာခြင်း ဖြစ်၍ ပတ်ဝန်းကျင်ခေတ် အခြေအနေအရ ကြည့်လျှင် ဆတ်၏ အတွေးအခေါ်သည် သတ္တိရှိလှသည်။ ဤအတွေးအခေါ်မှာ လူတို့အား စွမ်းစွမ်းတမံ ဆောင်ရွက်လိုစိတ်များ ဖြစ်ပေါ်လာအောင် လှုံ့ဆော်သည့် သဘောတရားပင် ဖြစ်သည်။ 'မည်သည့် ပြင်သစ်လူမျိုးမဆို အဆုံးဖြတ်ခံ မဖြစ်ရ။ ဖြစ်ပျက်နေသည့် နိုင်ငံရေးအခြေအနေနှင့် မိမိ မသက်ဆိုင်ဟု မည်သည့် ပြင်သစ်လူမျိုးမဆို မပြောဆိုရ' ဟု ဤသဘော တရားက ဆိုလိုခြင်း ဖြစ်သည်။ ပြင်သစ်လူမျိုးတိုင်း၌ လွတ်လပ်မှုရှိသည်။

http://www.cherrythitsar.org


တိုင်းပြည်ရေးရာကို ဆောင်ရွက်ရန် တာဝန်လည်း ရှိသည်။ ထို့ကြောင့် ပြင်သစ်လူမျိုးတိုင်း စွမ်းစွမ်းတမံ ပြုမူဆောင်ရွက်ကြရမည်။ အဘယ်ကြောင့်ဆိုသော် ဆတ်၏ ယူဆချက်အရဆိုလျှင် 'လွတ်လပ်မှု' ဆိုသည်မှာ တာဝန်ရှိခြင်းနှင့် စွမ်းစွမ်းတမံ ပြုမူဆောင်ရွက်ခြင်းသာ ဖြစ်သောကြောင့်တည်း။

မည်သို့ပင်ဆိုစေ ဆတ်၏ ဖြစ်တည်ခြင်း ပဓာနဝါဒသည် လောကုတ္တရာဝါဒ မဟုတ်မူဘဲ လောကီရေးဝါဒဖြစ်သည်။ လူကို အခြေစိုက်သော ဝါဒဖြစ်သည်။ မနုသတ္တ ဘာဝေါ ဒုလ္လဘော ဆိုသည့်အတိုင်း လူ့ဘဝကို ရလာပြီးနောက် လူ့ဘောင်ကြီး ကောင်းစားရေးအတွက် လူမှာ တာဝန်အရှိဆုံး ဖြစ်သည်။ လူ့ဘဝကို လူသည် တန်ဖိုးထားရမည်ဟူသော သဘောတို့ကိုကား ဤဖြစ်တည်ခြင်း ပဓာနဝါဒ ဉရောပတစ်ခွင်၌ နှစ်ဆယ်ရာစုအတွင်း ပြန့်နှံ့အောင် လုပ်ဆောင်နိုင်ခဲ့ပေသည်။

* * *

http://www.cherrythitsar.org

# လက်တွေ့သက်သက် ဝါဒ

## ဝီလျံဂျိမ်း(စ) နှင့် ဂျွန်ဂျူဝီ

နှစ်ဆယ်ရာစုနှစ်တွင် ထွန်းကားလာသော ကမ္ဘာ့အတွေးအမြင် လှုပ်ရှားမှုများအနက် အရေးပါသော လှုပ်ရှားမှုတစ်ရပ် ဖြစ်သည်။ လက်တွေ့ပဓာနဝါဒဟု ခေါ်သော ဤတွေးခေါ်မြော်မြင်ရေး သဘောတရားတစ်ရပ်သည် နှစ်ဆယ်ရာစုနှစ်တွင် အမေရိကန်နိုင်ငံတွင် ထွန်းကားလာသည်။

လက်တွေ့ပဓာနဝါဒကို စတင်မျိုးစေ့ချပေးခဲ့သူမှာ အမေရိကန်ပြည်သား တွေးခေါ်ရှင်တစ်ဦးဖြစ်သူ ချား(လ)ဆန္ဒာပဲ(ဆ) ဆိုသူဖြစ်၏။ ပဲ(ဆ)စတင်ခဲ့သော ဤဝါဒသည် သူ့အသက်ထင်ရှားရှိစဉ်ကမူ ရေပန်းစားခြင်းမရှိခဲ့ပေ။ သူကွယ်လွန်ပြီးနောက်မှ ပို၍ ထင်ရှားလာသည်။

လက်တွေ့ ပဓာနဝါဒကို ခေတ်စားအောင် ဆောင်ရွက်သူများမှာ **ဝီလျံဂျိမ်း(စ) (၁၈၄၂–၁၉၁၀)** နှင့် **ဂျွန် ဂျူဝီ (၁၈၅၉)** တို့ ဖြစ်ကြသည်။

ဝီလျံဂျိမ်း(စ) (၁၈၄၂–၁၉၁၀)သည် ဆာ–ဟင်နရီဂျိမ်း၏ သားသမီးငါး ယောက်အနက် အကြီးဆုံးသားဖြစ်သည်။ ဖခင်ဖြစ်သူမှာ ကိုယ်ပိုင်ဝင်ငွေနှင့် သက်တမ်းတစ်လျှောက်လုံး ခရီးလှည့်လည်ရင်း တွေးခေါ်ခြင်း၊ စာရေးခြင်း အလုပ်ကိုသာ လုပ်ကိုင်နေထိုင်ခဲ့သည်။ ထို့ကြောင့် ဝီလျံဂျိမ်း(စ) သည် တစ်နေရာတွင် အတည်တကျမရှိသော မိသားစုနှင့် အတူလိုက်ပါ နေထိုင်ခဲ့ရသည်။

http://www.cherrythitsar.org



ဤသို့လျှင် တစ်နေရာမှ တစ်နေရာသို့ သွားလာနေထိုင်ရသည်ဖြစ်၍ ဝီလျံဂျိမ်း(စ)၏ ငယ်ရွယ်စဉ်ဘဝ ပညာသင်ရသည့် အခြေအနေများမှာ ကမောက်ကမ မတည်မငြိမ် ဖြစ်နေခဲ့ရသည်။

ပညာကို အတည်တကျ သင်ခွင့်ရသောအခါ ဝီလျံ ဂျိမ်း(စ)သည် ပန်းချီပညာ၊ ဓာတုဗေဒပညာနှင့် ဆေးပညာများကို လေ့လာခဲ့သည်။

၁၈၆၉ ခုနှစ်တွင် ဝီလျံဂျိမ်း(စ)သည် ဆေးပညာ ပါရဂူဘွဲ့ဖြစ်သော အမ်ဒီဘွဲ့ကို ရသော်လည်း မိမိကိုယ်တိုင်က အပင်ပန်းခံနိုင်လောက်အောင် ကျန်းမာ သန်စွမ်းခြင်း မရှိသဖြင့် ဆရာဝန်အလုပ်ကို မလုပ်နိုင်ခဲ့ပေ။

၁၈၇၂ ခုနှစ်တွင် ဟားဘတ်တက္ကသိုလ်တွင် ခန္ဓာဗေဒနည်းပြဆရာအလုပ်ကို ဝင်လုပ်ပြီး ၁၈၇၈ ခုနှစ်တွင် အိမ်ထောင်ပြုခဲ့လေသည်။

အိမ်ထောင်ပြုလိုက်ခြင်းသည် ဝီလျံဂျိမ်း(စ)အဖို့ အဖက်ဖက်က အောင်မြင်မှုရှိခဲ့သည်။ သူသည် ခန္ဓာဗေဒမှတစ်ဆင့် စိတ်ပညာကို ကူးကာ ထိုမှတစ်ဆင့် ဒဿနိကဗေဒနယ်သို့ ရောက်ခဲ့လေသည်။

၁၈၇၇ ခုတွင် သူသည် ဟားဘတ်တက္ကသိုလ်တွင် ခန္ဓာဗေဒဆိုင်ရာ စိတ်ပညာနှင့် ပတ်သက်သော သင်တန်းတစ်ခုကို စတင်ပို့ချပေးသည်။ ထိုသင်တန်းကို ပို့ချစဉ်မှာပင် လက်တွေ့စိတ်ပညာအတွက် ဓာတ်ခွဲခန်း (စမ်းသပ်ခန်း) တစ်ခုကိုလည်း အမေရိကန်ပြည်၌ ပထမဆုံး တည်ထောင်ပေးခဲ့သည်။

ဤအောင်မြင်ချက်ကြောင့် ၁၈၈၀ ခုနှစ်တွင် သူ့ကို လက်ထောက်ပါမောက္ခရာထူးသို့ တိုးမြှင့်ပေးခြင်း ခံခဲ့ရသည်။ ၁၈၈၅ ခုနှစ်တွင် ဒဿနိကဗေဒဌာန ပါမောက္ခရာထူးကို ရရှိသည်။ ထိုစဉ်ကမူ ဝီလျံဂျိမ်း(စ) သည် ဒဿနိကဗေဒနှင့် ပတ်သက်သော စာပေများကို များးစွာပြုစုခြင်း မရှိသေးပေ။ ဤသို့ ဒဿနိက ဗေဒဘက်တွင် အာရုံစူးစိုက်ခြင်း မရှိနိုင်ခြင်းမှာ ထိုစဉ် **(၁၈၇၈ မှ ၁၈၉၀ထိ)** က သူ၏ဘဝမှတ်တိုင် တစ်ခုသဖွယ် ထင်ရှားသော **'စိတ်ပညာ နိသျှည်း'** ကျမ်းကို ပြုစုနေရသောကြောင့် ဖြစ်ပေသည်။

ထိုသို့ပြုစုနေစဉ် အတွင်းမှာပင် ဂျိမ်း(စ)သည် သူ့ဌာနတွင် အတွေးအမြင် အုပ်စုကလေးတစ်ခုကို ဖွဲ့စည်းရာ ထိုအုပ်စုတွင် နောင်အခါ ထင်ရှားသော အမေရိကန် တွေးခေါ်ရှင်များ ဖြစ်မည့် ဂျိူရိုယား ရွိုက်(စ) နှင့် ဂျော့၊ စန္တာယာနာ တို့ ပါဝင်ခဲ့ကြသည်။

စိတ်ပညာနှင့် အစပြု၍ တွေးခေါ်မြော်မြင်ရေး သဘောတရားနယ်ပယ်သို့ ရောက်ခဲ့ရသော ဝီလျံဂျိမ်း(စ)သည် ကမ္ဘာ့အတွေးအမြင်သမိုင်း၌ များးစွာ အားဖြည့်

http://www.cherrythitsar.org


ပေးခဲ့သည်။ အတွေးအမြင်နယ်တွင် သူ၏ ထင်ရှားသော ဝါဒမှာ **'လက်တွေ့ ပဓာနဝါဒ'** ဖြစ်ပေသည်။

ဤဝါဒကို ချား(လ) ဆန္ဒာပဲ(ဆ)က စတင်ခဲ့ပြီးနောက် သူ၏ အတွေး အမြင်ခေတ်တွင် ထင်ရှားအောင် ဂျိမ်း(စ)က ကြိုးပမ်းခဲ့လေသည်။

'လက်တွေ့ ပဓာနဝါဒ' ကို ၁၈၇၈ ခုလောက်က ပဲ(ဆ)သည် **'ကျွန်ုပ်တို့ အတွေးအခေါ် အယူအဆများကို ရှင်းလင်းအောင် ဘယ်သို့ လုပ်ရမည်နည်း'** ဆိုသော ဆောင်းပါးတစ်စောင်ဖြင့် စ၍ တင်ပြလိုက်သည်။

ဂျိမ်း(စ)က တက္ကိကအမြင်ဖြင့် ရုပ်ဝါဒ နာမ်ဝါဒဟူ၍ ခွဲခြားကာ အငြင်း ပွားနေခြင်းများသည် စင်စစ်အကြောင်းလည်း မထူး၊ အဓိပ္ပာယ်လည်း မရှိပေ။ ထိုအမြင်များမှာ လက်တွေ့ကျကျ ရှုမြင်လျှင် ရုပ်ဝါဒနှင့် စိတ်ဝါဒသည် အတူ တူပင် ဖြစ်သည်။

လက်တွေ့အားဖြင့် ဒိဋ္ဌဓမ္မဖြစ်သော ဤကမ္ဘာလောကကြီး တကယ်တမ်း ရှိနေသည်။ ဤအချက်သည် လက်တွေ့အကျဆုံးဖြစ်သည်။ ဤလောကကြီးကို ရုပ်လောကဟုဆိုဆို နာမ်လောကဟုဆိုဆို ထိုသို့ ပြောဆိုနေကြခြင်းအားဖြင့် ဤ ကမ္ဘာလောကကြီး၌ အကြောင်းတစ်စုံတစ်ရာ ထူးခြားလာသည် မဟုတ်၊ အငြင်း ပွားမှုမှန်သမျှသည် ဒိဋ္ဌဓမ္မဖြစ်ရပ်များ မဟုတ်။ ဒိဋ္ဌဓမ္မဖြစ်ရပ်များကား လက်တွေ့ အားဖြင့် ပြဿနာ အငြင်းပွားစရာ တစ်စုံတစ်ရာ မရှိချေ။ လူတို့က တကယ့် ဖြစ်ရပ်များကို ကိုယ်လိုသလို လိုရာဆွဲ၍ တင်ပြခဲ့ကြရာတွင်သာ အငြင်းပွားနေရသည်။ ပြဿနာဖြစ်နေရသည်။ ထို့ကြောင့် ပြဿနာမှန်သမျှသည် လက်တွေ့ကျကျသာ ရှုကြည့်ပါမူ ပြဿနာ တစ်စုံတစ်ရာ မဟုတ်ကြောင်း တွေ့ရပေမည်။

ဤအချက်ကို အကြောင်းပြု၍ ဝီလျံ ဂျိမ်း(စ)သည် သူ၏ လက်တွေ့ ပဓာနဝါဒတွင် တွေးခေါ်ဆင်ခြင်မှု ပြုကြရာ၌ လိုအပ်သော အဆိုများ၏ အမှန် အမှားကို ဆုံးဖြတ်ရန် မူလသဘောတရားနှင့် အဓိပ္ပာယ်ရှိခြင်း မရှိခြင်း သဘောတို့ကို လေ့လာတင်ပြခဲ့၏။

ဝီလျံဂျိမ်း(စ)က 'မည်သည့်အတွေးအမြင် အယူအဆမျိုးမဆို ကျွန်ုပ်တို့ လက်တွေ့တကယ်တမ်း ရှိနေသော ဘဝ၌ အကျိုးစီးပွား တစ်စုံတစ်ရာကို ဆောင်ကြဉ်းသည်။ ဘဝအတွေ့အကြုံများကို စိတ်ကျေနပ်ဖွယ်ဖြစ်အောင် ဆက်စပ်ပေးသည်။ အချိန်ကုန် လုပ်နိုးသက်သာစေသည် ဆိုလျှင် ထိုအယူအဆသည် ထိုအခြေအနေ၌ မှန်သည်ဟု ကျေညာခဲ့သည်။

သူ့အမြင်များအရ အတွေးအမြင် အယူအဆများ၏ အမှန်အမှားသဘောသည်

http://www.cherrythitsar.org



လူ့ဘဝတွင် တကယ်တမ်းရလာသော ရလာဒ်များ (ဝိပါက်) များအရ ဆုံးဖြတ်ရမည်။

အယူအဆများသည်လည်းကောင်း၊ အသိပညာများသည် လည်းကောင်း၊ လူ့ဘဝအသုံးချစရာ လက်နက်ကိရိယာများသာ ဖြစ်ကြသည်ဟု လက်တွေ့ပဓာနဝါဒီများက ယုံကြည်သည်။

အတွေးအမြင် မှန်ခြင်းသည် လက်တွေ့ အသုံးချနိုင်ခြင်းဖြစ်၍ အပြုအမူ မှန်ခြင်းသည်လည်း လက်တွေ့ အကျိုးရှိခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် တနည်းအားဖြင့်ကြည့်လျှင် လက်တွေ့ပဓာနဝါဒသည် အဆိုများ၏ အမှန်အမှားကို လက်တွေ့ဘဝတွင် ကိုယ်၏ အကျိုးစီးပွား စိတ်၏ ချမ်းသာမှု သုခများကို ပေးနိုင်ခြင်း၊ မပေးနိုင်ခြင်းဖြင့် ဆုံးဖြတ်သော ဝါဒဖြစ်သည်။

အလားတူစွာ ယုံကြည်ချက်များ မူဝါဒများ မူအယူအဆများ၏ အမှန်အမှားကိုလည်း ထိုမူဝါဒ အယူအဆများကြောင့် ကျွန်ုပ်တို့အတွက် ဖြစ်လာသော လက်တွေ့ အကျိုးတရားများအရသာ တွက်စစ်ရမည်ဟု လက်တွေ့ပဓာနဝါဒီများက ယုံကြည်သည်။

ဝီလျံဂျိမ်း(စ)သည် ဘာသာတရားကို ယုံကြည်သူပီပီ၊ ထာဝရဘုရားသခင်ကို ယုံကြည်နေခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း တွေးမြင်ခဲ့သည်။

ဘုရားသခင်ကို ယုံကြည်နေခြင်း၊ ဘုရားသခင်ရှိသည်ဟု မှတ်ယူနေခြင်းကြောင့် လက်တွေ့ဘဝထဲတွင် ကျွန်ုပ်တို့အဖို့ တကယ်တမ်း စိတ်ချမ်းသာမှုကို ရလျှင် ထိုယုံကြည်ချက်သည် မှန်ပြီဟု မှတ်ယူရမည်။

ဤသို့ မှန်ပြီဆိုယုံမျှဖြင့် ဤအမှန်ကား ဘယ်တော့မှ မမှားတော့သော အမှန်တရားမျိုး ဖြစ်တော့သည်။ အကြွင်းမဲ့ အမှန်(ပရမတ္ထသစ္စာ) ဖြစ်တော့သည်ဟု လက်တွေ့ပဓာနဝါဒအရ မယူဆချေ။

အသိပညာသည် စင်စစ်အသုံးချရန် လက်နက်ကိရိယာ တစ်ခုသာဖြစ်သည်။ အသိပညာသည် အသိပညာအတွက်သာ မဟုတ်၊ ဘဝအတွက် လိုအပ်သော အသုံးအဆောင် တစ်ခုသာ ဖြစ်သည်။ သို့ရာတွင် ဘဝသည် အသိပညာအတွက် လိုအပ်သော အသုံးအဆောင် မဟုတ်ချေ။

'အမှန်သဘောကို အဆုံးအဖြတ်ပေးရန် မူသဘောကို စဉ်းစားရာ၌ ဂျိမ်း(စ)သည် လက်တွေ့အသုံးကျမှုနှင့် အဖြစ်အပျက်များ တစ်ခုနှင့် တစ်ခု ရှေ့နောက်ကိုက်ညီမှု လိုက်လျောညီညွတ်စွာ ဖြစ်ပေါ်မှုများကိုလည်း ထည့်တွက် စဉ်းစားခဲ့ပေသည်။

http://www.cherrythitsar.org


**ဗဟုလောကဝါဒ**

လက်တွေ့ပမာနဝါဒသည် တွေးခေါ်မြော်မြင်ပုံ စနစ်ကြီးတစ်ခု မဟုတ်ချေ။ တွေးခေါ်ပုံ တွေးခေါ်နည်းတစ်ရပ်သာ ဖြစ်၏။ လက်တွေ့ ပမာနဝါဒအားဖြင့် ဝီလျံဂျိမ်း(စ)နှင့် အပေါင်းပါတွေးခေါ်ရှင်တို့သည် လောက၏ သစ္စာ (အမှန်) တရားတို့ကို နေရာဌာနတိုင်း ဒေါင့်တိုင်းစေ့အောင် လေ့လာကြသည်။ ဤအတွေး အခေါ်နည်းဖြင့် ဒဿနိကဗေဒဆိုင်ရာ အတွေးအမြင်ပြဿနာများဖြစ်သော ရုပ်နာမ်ပြဿနာ၊ ကေဝုစ်ဝါဒနှင့် ဗဟုဝုစ်ပြဿနာများကို ရှင်းထုတ်ရန် ကြိုးပမ်း ခဲ့ကြသည်။ ဝီလျံဂျိမ်း(စ)ကမူ ဗဟုဝုစ်ဝါဒကို ကေဝုစ်ဝါဒထက် ပို၍ နှစ်သက် သည်။ ဤသို့ယူဆရခြင်းမှာ လက်တွေ့ပမာနဝါဒီများအနေနှင့် ပုဂ္ဂလိက လူသား၏ အရေးပါသော အခန်းကဏ္ဍ ပျောက်သွားမည် စိုးသောကြောင့် ဖြစ်၏။ ဤလောကရှိ အရာခပ်သိမ်းသည် ထာဝရ အခြေခံတရားတစ်ခုတည်းကသာ ဖြစ်ပေါ်လာသည်ဟု ယူဆပါမူ လူသားသည် သဘာဝလောက၏ စေပါးရာ ခံနေရသော စက်ရုပ် သဖွယ်သာ ဖြစ်သွားပေတော့မည်။ ထို့ကြောင့် လောကဆိုသည် တစ်သဘောတည်း တစ်ခုတည်း ရှိသည်မဟုတ်။ တစ်ကိုယ်တစ်လောက ရှိကြသည်သာ ဖြစ်သည်ဟု ဆိုခြင်းဖြစ်၏။

ဝီလျံဂျိမ်း(စ)၏ သဘောတရားများအရ အမှန်တရားဆိုသည်မှာ ဆင်ခြင် စဉ်းစား၍ ရနိုင်သော အရာဖြစ်သည်ဟု ဆိုခြင်းထက် အတွေ့အကြုံဖြင့် သိရှိ နိုင်သော အရာဖြစ်သည်ဆိုခြင်းက ပို၍ မှန်သည်။ အမှန်တရားဟူသည် ပြီး ပြည့်စုံစွာဖြင့် ထာဝရ ဖန်တီးပြီးသားကြီးအဖြစ် တည့်နေသည် မဟုတ်။ လူ့အတွေ့အကြုံ လုပ်ယူရသည်သာ ဖြစ်၍ ပြီးပြည့်စုံပြီဟု မဆိုသာ။ အမြဲ ရှေ့တိုး ရှာဖွေလေ့လာ နေရသော အရာသာ ဖြစ်သည်။

ထို့ကြောင့် ဤစကြာဝဠာထဲတွင် သူ့ဘာသာသူရှိနေသော အရာဟူ၍ လည်းကောင်း၊ အကြွင်းမဲ့ ထာဝရတရား ဟူ၍လည်းကောင်း၊ လူသားက မသိနိုင်သော အရာဟူ၍ လည်းကောင်း မရှိချေ။ အမှန်တရားများသည် လူ့အတွေ့ အကြုံဘဝထဲ၌ တွေ့ထိ ခံစားနေရသော ဖြစ်စဉ် ဖြစ်ရပ်များသာ ဖြစ်ကြသည်။

တဖန် လူသားထိတွေ့ ခံစားသိမြင်ရသော အတွေ့အကြုံများကား ထွေပြား လှ၏။ အကွဲကွဲအပြားပြား အမျိုးမျိုး အစားစား ဖြစ်သည်ဖြစ်၍လည်း တစ်ခုနှင့် တစ်ခု ဆန့်ကျင် ကွဲပြားကြသည်။ ထို့ကြောင့် လောကသည် တစ်ခုတည်း

http://www.cherrythitsar.org



တစ်သဘောတည်းသာ ရှိသော လုံးပြည့် လောကမျိုး မဟုတ်ချေ။ ဤလောကသည် စင်စစ် ဆန့်ကျင်ဘက်တရားများ၊ ကွဲပြားနေသော အမြင်များ၊ ခြားနားချက်များ ပေါင်းဆုံညီညွတ်စွာ ဖြစ်ပေါ်နေသော လောကသာလျှင် ဖြစ်တော့သည်။

ဤအမြင်ကို လက်ခံသည်ဖြစ်၍လည်း လက်တွေ့ပမာနဝါဒသည် ဗဟုဝုစ် ဝါဒ ထောက်ခံကြောင်း ထင်ရှားသည်။

ဂျိမ်း(စ)၏ ဒဿနိကဗေဒနည်းကျသော စိတ်ပညာအမြင်များကိုမူ ဤ စာအုပ်တွင် မဖွင့်ဆိုတော့ဘဲ ချန်လှပ်ထားခဲ့ပါတော့မည်။

ဝီလျံ ဂျိမ်း(စ)ပြုစုခဲ့သော လက်တွေ့ပမာနဝါဒကို မျက်မှောက်ခေတ် အမေရိကန် လူနေမှု စနစ်တစ်ခုလုံးကို လွှမ်းမိုးသော အယူအဆဖြစ်အောင် ဖန် တီးခဲ့သူမှာ အမေရိကန် တွေးခေါ်ရှင် တစ်ဦးဖြစ်သူ ဂျွန် ဂျူဝီဖြစ်သည်။

ဆက်လက်၍ ဂျူဝီ၏ လက်တွေ့ စမ်းသပ်မှုဝါဒခေါ် လက်တွေ့ပမာန ဝါဒတစ်မျိုးကို ဆက်လက်လေ့လာကြပါစို့။

* * *

http://www.cherrythitsar.org

## ဂျွန် ဂျူဝီ (၁၈၅၉–၁၉၅၂)

အမေရိကန် လက်တွေ့ပဓာနဝါဒကို ထူထောင်ကြသော သုံးပွင့်ဆိုင် တွေးခေါ်ရှင်ကြီး ၃ ဦးအနက် ဂျူဝီသည် အငယ်ဆုံးဖြစ်သည်။ သူ့ကို ၁၈၅၉ခုနှစ်တွင် အမေရိကန်ပြည်၊ ဘာလင်တန်(ဗားမောင့်)မြို့တွင် မွေးဖွားသည်။ ငယ်စဉ်က ဗားမောင့်တက္ကသိုလ်နှင့် ဂျွန်ဟော့ပကင် တက္ကသိုလ်များတွင် ပညာ သင်ကြားခဲ့လေသည်။ ဂျွန်ဟော့ပကင် တက္ကသိုလ်တွင် ဘွဲ့ရသည်။ ထိုစဉ်က ပဲ(ဆ)သည် ဟော့ပကင်တက္ကသိုလ်တွင် နည်းပြဆရာအဖြစ် လုပ်ကိုင်နေသည်။

တက္ကသိုလ်မှ ဘွဲ့ရပြီးနောက် ဆရာဝန်လုပ်သောအခါတွင်ကား ဂျွန်ဂျူဝီသည် မီချီကန်တက္ကသိုလ် ချီကာဂိုတက္ကသိုလ်နှင့် ကိုလံဘီယာတက္ကသိုလ်များတွင် ပြောင်းရွှေ့ အမှုထမ်းခဲ့လေသည်။

ဂျူဝီသည် တွေးခေါ်ရှင်တစ်ဦးပင် ဖြစ်စေကာမူ သူ၏ ဘဝတစ်လျှောက်လုံး လုပ်ဆောင်ချက်များသည် အမေရိကန်တို့၏ နိုင်ငံရေး၊ လူမှုရေး အဖြစ်အပျက်များနှင့် ဆက်စပ်နေလေသည်။

သူ၏ အတွေးအမြင်များမှာလည်း အမေရိကန်ပြည်တွင် ပညာရေး၊ လူမှုရေး အဖက်ဖက်တွင် လွှမ်းမိုးနေခဲ့၏။ သူသည် တရုတ်ပြည်သို့လည်းကောင်း၊ ဆိုဗီယက်ယူနီယံသို့ လည်းကောင်း ရောက်ရှိခဲ့၏။

လက်တွေ့ ပဓာနဝါဒကို ဆက်ခံပျိုးထောင်သူများအနက် ဂျူဝီကား အထင်ရှားဆုံးဖြစ်သည်။ သူသည် အတွေးအမြင်လောက၌ စူးစမ်းရှာဖွေမှု နည်းနိသျများ၊

http://www.cherrythitsar.org


သူ၏ တက္ကိကအမြင်၊ သူ၏ တန်ဖိုးသဘောတရားများဖြင့် ဖြည့်စွက်အားတင်း ပေးခဲ့သူဖြစ်သည်။

ဂျွန်ဂျူဝီ၏ အဓိကအယူအဆများမှာ အဓိပ္ပာယ်သဘောတရား၊ မှန်ကန်ခြင်း သဘောတရားနှင့် ယုံကြည်ခြင်းသဘောတရားတို့ ဖြစ်သည်။ ထိုသဘောတရားများကို ခေတ်သစ်သိပ္ပံနည်းကျဖြစ်အောင် တွေးခေါ်ကာ လက်တွေ့ပဓာနဝါဒကို တစ်ခန်းသစ်စေခဲ့၏။

ဂျွန်ဂျူဝီ၏ ဝါဒကို လက်တွေ့ အသုံးချရေးဝါဒ (သို့မဟုတ်) လက်တွေ့ စမ်းသပ်မှုဝါဒဟု ခေါ်ဝေါ်သမုတ်ကြသည်။ ဤဝါဒ၏ ပဓာနလိုရင်းအချက်မှာ ယုတ္တိဗေဒအရ ဆင်ခြင်၍ ရလာသော သဘောတရားရေးအမြင်များမှ လက်တွေ့ ဘဝတွင် ဖြစ်လာသော အကျိုးဆက်များသည် တကယ်တမ်း လက်တွေ့ အသုံးချ၍ ရမရ လက်တွေ့ စမ်းသပ်၍ ရမရ ရှာဖွေဖော်ထုတ်ရန်ပင် ဖြစ်၏။

လက်တွေ့ပဓာနဆိုသည်မှာ စကားအရ မည်သည့် ကြံစည်ဖန်တီး တွေးခေါ်မှုမျိုး၏ အကျိုးဆက် (ဝါပါက်)များကိုမဆို လက်တွေ့စမ်းသပ်နိုင်မည့် နည်းလမ်း ရှာခြင်း သဘောပင် ဖြစ်သည်။

ဂျွန်ဂျူဝီ၏ အတွေးအမြင်များအရ ဆုံးဖြတ်ချက်မှန်သမျှသည် ကြိုတင် မှန်းဆထားသော ရလာဒ်များ၊ အကျိုးတရားများကို အကြောင်းပြု၍သာလျှင် အဓိပ္ပာယ်ရှိသည်။ တဖန် ထိုမှန်းထားသော အကျိုးတရားမျိုး ရရှိသည် မရရှိသည်ကို လက်တွေ့စီစစ်ခြင်းအားဖြင့် ထိုအဆိုများ ဆုံးဖြတ်ချက်များ၏ အမှားအမှန်ကို သိနိုင်သည်ဟု ဆိုလေသည်။

ထို့ကြောင့် မည်သို့သော အဆို ဆုံးဖြတ်ပြဋ္ဌာန်းချက်မျိုးကို မဆို 'ဤသို့ ဖြစ်လျှင်.... ဤသို့ဖြစ်လိမ့်မည်' ဆိုသော အနုမာန အဆိုပုံစံမျိုးသို့ ပြောင်းလဲ၍ စမ်းသပ်ကြည့်နိုင်သည်။

ဥဒါဟရဏ်ပြသော်–

**အားလုံးသော လူတို့သည် အနိစ္စချည်း ဖြစ်သည်** ဆိုသော အဆိုပြုချက်ကို အနုမာနပုံစံသို့ ပြောင်းသော်....

**အကြင်သူသည် လူဖြစ်လျှင် ထိုလူသည် အနိစ္စဖြစ်ရမည်** ဟု ပြောင်းလဲ ရနိုင်သည်။

ထိုသို့ ပြောင်းလဲပြီးပါက ထိုအဆို၏ နောက်ဆက်တွဲဖြစ်သော အကျိုးဆက် (ထိုလူသည်လည်း အနိစ္စဖြစ်၏) ဆိုသည်ကို ဟုတ်မဟုတ် လက်တွေ့ စီစစ်နိုင်ပြီ။ ထိုသို့ စီစစ်ခြင်းဖြင့် လက်တွေ့ဘဝတွင် အနိစ္စဖြစ်နေသည်ကို တွေ့ရလျှင်

http://www.cherrythitsar.org


အဆိုမှန်ပြီး အနိစ္စမဟုတ်လျှင်ကား အဆိုမှားသည်မည်၏။ ထို့ကြောင့် မည်သည့် အယူအဆ အတွေးအမြင်ကို မဆို သူ၏ အကျိုးသက်ရောက်မှုကိုရှာ၍ လက်တွေ့ အမှားအမှန်ကို စမ်းသပ်နိုင်သည်ဟု ဂျူဝီက ဆိုခြင်း ဖြစ်ပေသည်။

အထက်ပါ သဘောတရားများကို ဂျွန်ဂျူဝီရေးသားခဲ့သော 'ကေနိသဘော ကို ရှာခြင်း' 'ယုတ္တိဗေဒ' စသည့် ဆောင်းပါးများတွင် လေ့လာတွေ့ရှိနိုင်ပေသည်။

ဂျွန်ဂျူဝီမှစ၍ ကမ္ဘာ့အတွေးအမြင်များ လမ်းကြောင်း ပြောင်းသွားသည်။ ဂျူဝီသည် အတွေးအမြင်မှန်သမျှသည် ရှာဖွေစူးစမ်းမှုသာ ဖြစ်ရမည်ဆိုသော အယူအဆကို လက်ကိုင်ထားခဲ့သည်။

အတွေးအမြင်ဆိုရာ၌လည်း လူသား၏ လိုအင်ဆန္ဒ လိုဘနှင့် ကိုက်ညီသော အတွေးအမြင်၊ လူ့ဘဝအတွက် လက်တွေ့အသုံးကျသော လူ၏ ကျေနပ်နှစ်သိမ့်မှုကို ဖော်ဆောင်သော အတွေးအမြင်များသည်သာလျှင် အကျိုးရှိသော မှန်ကန်သော အတွေးအမြင်ဖြစ်သည်ဟု ဂျူဝီ ရှုမြင်သည်။

ဂျူဝီ၏ အတွေးအမြင်ပြောင်းလဲရေး မူဝါဒနှင့်အတူ လူသား၏ 'ယုံကြည်မှု' နှင့်ပတ်သက်သော မူအယူအဆများကိုလည်း တွေ့ရသည်။ ဂျူဝီ၏ သဘော တရားများအရ ယုံကြည်မှုသည် လူသားနှင့်ဆိုင်သော သဘာဝကျသည့် မှတ်ယူချက် တစ်ရပ်ဖြစ်သည်။ အသိပညာသည် ယုံကြည်မှုက ပေါက်ပွားလာသော လက်တွေ့ လုပ်ဆောင်မှုလိုအပ်သော ရှေ့ပြေး အနုမာနဖြစ်သည်။ သို့ဖြစ်၍ ယုံကြည်ချက်သည် အမှန်တရားကို ပုံဖော်သော သဘောတရားတစ်ရပ်ဖြစ်သည်။

ဂျူဝီစိတ်ဝင်စားသော လောကမှာ လက်တွေ့ဘဝ သက်ရှိလူသားတို့၏ လူမှုဆက်ဆံရေးဘဝ အလုပ်လုပ်နေသော လူသား၏ ဘဝဖြစ်သည်။

အမေရိကန် လက်တွေ့ပဓာနဝါဒသည် ဒီဋ္ဌဓမ္မဘဝ အခြေအနေများ၌ အခြေစိုက်သည်။ လူ့ဘဝကို အရေးထားသည်ကား မှန်၏။ သို့ရာတွင် ပုဂ္ဂလိက လူသား၏ လွတ်လပ်ခွင့်ကို ဖော်ညွှန်းလွန်းသောကြောင့် ပုဂ္ဂလဓိဋ္ဌာန် ဆန္ဒစွဲဝါဒ တစ်ရပ် ဖြစ်လာသည်။

* * *

http://www.cherrythitsar.org

## ယုတ္တိဗေဒနည်းကျ ဒိဋ္ဌဓမ္မဝါဒ

### ရုဒေါ့ ကားနက်(ပ)

ရုဒေါ့ကားနက်(ပ) ဟူသော မျက်မှောက်ခေတ် အတွေးအမြင်လောကတွင် ထင်ရှား ကျော်ကြားသော တွေးခေါ်ရှင်တစ်ဦး၏အကြောင်းကိုကား တစ်သီးတခြား ဖော်ပြ၍ မဖြစ်နိုင်ပေ။ ယုတ္တိဗေဒနည်းကျ ဒိဋ္ဌဓမ္မဝါဒဟု ခေါ်သော သိပ္ပံနည်းကျ အတွေ့ အကြုံ အဓိကဝါဒတည်းဟူသော အတွေးအမြင်လှုပ်ရှားမှုကြီးနှင့် ဆက်စပ် ဖော်ပြမှသာ ပို၍ ထိရောက်ပေမည်။

ဤအတွေးအမြင် အုံကြွမှုတစ်ခုသည် ၁၉၂၂-ခုနှစ် ပတ်ဝန်းကျင်တွင် 'ဗီယင်နာ အသိုင်းအဝိုင်း' ခေါ် တွေးခေါ်ရှင်တစ်စုက စ၍ ပေါ်ပေါက်လာခဲ့သည်။

ဩစတြီးယားပြည် ဗီယင်နာတက္ကသိုလ်တွင် မောရစ်ရှလစ်ခေါ် တွေးခေါ်ရှင် တစ်ဦးသည် ၁၉၂၂ ခုနှစ်က ဒဿနိကဗေဒဌာနတွင် ပါမောက္ခဖြစ်လာသည်။ ရှလစ်သည် ရူပဗေဒကိုလည်း လေ့လာခဲ့၏။ သူ၏ ဒေါက်တာဘွဲ့ကိုပင် သိပ္ပံပညာရှင် ပလန့်(ခ)၏ လက်အောက်၌ အလင်းရောင်အကြောင်း ရေးသားခဲ့၏။ သူ ကိုယ် တိုင်ကလည်း သိပ္ပံပညာရှင်များဖြစ်သော ပလန့်(ခ)၊ အိုင်စတိုင်း၊ ဟီးလဘတ် စသူတို့နှင့် ရင်းနှီးသူ ဖြစ်၏။ သူရလာသော ရာထူးမှာလည်း သိပ္ပံပညာဆိုင်ရာ ဒဿနိကဗေဒအတွက် ပါမောက္ခ ရာထူးဖြစ်ပေရာ သူသည် ဒဿနိကဗေဒကို သိပ္ပံနည်းကျအောင် လုပ်လိုခဲ့၏။

ဤအခြေခံပေါ်တွင် တည်၍ ရှလစ်သည် သူ့လက်ထက်တွင် ဗီယင်နာအသိုင်း

အပိုင်းကို ဦးဆောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်၏။ ထိုအချိန်ကစပြီး အတွေးအမြင်သမိုင်းတွင် လှုပ်ရှားမှု အသစ်အဆန်းကြီးတစ်ရပ်သည် အထင်အရှား ဖြစ်ပေါ်ခဲ့ပေသည်။

၁၉၂၆–ခုနှစ်တွင်မှ ကားနက်(ပ)သည် ဗီယင်နာ အသိုင်းအဝိုင်းတွင် ပါဝင်လာခဲ့လေသည်။ သို့ရာတွင် ကားနက်(ပ)မှာ ဤလှုပ်ရှားမှုတွင် အထင်ရှားဆုံး ပုဂ္ဂိုလ် ဖြစ်ပေသည်။

ကားနက်(ပ)ကို ၁၈၉၁–ခုနှစ်တွင် မွေးဖွားခဲ့၏။ ကားနက်(ပ)၏ ဘဝဖြစ်ရပ်များနှင့် ပတ်သက်၍ သူကိုယ်တိုင် အောက်ပါအတိုင်း ရေးသားခဲ့ပေသည်။

> ကျွန်ုပ်သည် ၁၉၂၆–ခုနှစ်အထိ ဂျာမဏီပြည် ကျေးလက်တောရွာကလေး တစ်ရွာတွင် မိမိဘာသာ လုပ်ကိုင်နေခဲ့ခြင်းသာ ဖြစ်၏။ အတွေးအမြင် နယ်သို့ ဝင်လာရာ၌ ကျွန်ုပ်ကို အလွှမ်းမိုးဆုံး ပုဂ္ဂိုလ်များမှာ ရပ်ဆယ်နှင့် ဖရေဂေးတို့ ဖြစ်ကြသည်။ ဖရေဂေးမှာ စင်စစ် ကျွန်ုပ်၏ ဆရာလည်း ဖြစ်၏။ အတွေးအမြင် နယ်ပယ်သို့ ဝင်ရောက်လာရာ၌ ရည်ရွယ်ချက်တစ်ခု ရှိပေသည်။ ထိုရည်ရွယ်ချက်မှာ ခေတ်သစ်ယုတ္တိဗေဒအားဖြင့် သိပ္ပံပညာမှ မှတ်ယူချက်များနှင့် ဒဿနိကဗေဒမှ ပြဿနာများကို ဖြေရှင်းရန် ဖြစ်၏။ ကျွန်ုပ်၏ စိတ်ထဲတွင်အတွေးအမြင် လှုပ်ရှားမှုကြီး တစ်ရပ်ဖြစ် အောင် ဖန်တီးလိုသော ဆန္ဒမျိုး မရှိပေ။

ရှဒေါ့ကားနက်(ပ)၏ ထုတ်ဖော် ဝန်ခံချက်အရ ဆိုပါမူ သူ၏ အတွေးအမြင် များကို လွှမ်းမိုးနေသော ပုဂ္ဂိုလ်မှာ ဘာထရန်ရပ်ဆယ်ပင် ဖြစ်၏။

သူက ‘ဝစ်ဂျင်စတိုင်း’သည် ဗီယင်နာ အသိုင်းအဝိုင်းပေါ်တွင် များစွာ လွှမ်းမိုးမှုရှိခဲ့သော်လည်း ကျွန်ုပ်နှင့် ‘နျူရပ်’ တို့အပေါ်တွင်ကား များစွာလွှမ်းမိုးခြင်း မရှိခဲ့ပေ။ ကျွန်ုပ်တို့ကို လွှမ်းမိုးနိုင်ဆုံးပုဂ္ဂိုလ်မှာကား ဘာထရန်ရပ်ဆယ်ပင် ဖြစ်တော့သည်။

၁၉၂၂–၁၉၂၉ ခုအတွင်း ဗီယင်နာ အသိုင်းအဝိုင်းဝင် တွေးခေါ်ရှင်တို့သည် မကြာခဏ အတွေးအမြင်များနှင့် ပတ်သက်သော ဆွေးနွေးမှုများ လုပ်ခဲ့ကြသည်။

၁၉၁၈ ခုနှစ်လောက်တွင် ဝစ်ဂျင်စတိုင်း၏ ယုတ္တိဗေဒနည်းကျ ဒဿနိက ဗေဒကျမ်း ( Tractatus Logico Philosophicus ) ထွက်ပေါ်ခဲ့၏။ ဝစ်ဂျင်စတိုင်း သည် ပထမကမ္ဘာစစ်ကြီး အပြီးတွင် ဗီယင်နာမြို့အနီး၌ နေခဲ့ဖူးသော်လည်း ဗီယင်နာ အသိုင်းအဝိုင်းတွင် ပါဝင်ခဲ့ခြင်းကား မရှိခဲ့ပေ။ ထိုအဖွဲ့ဝင် တွေးခေါ်ရှင်

http://www.cherrythitsar.org


အချို့ကသာ ဝစ်ဂျင်စတိုင်းနှင့် မကြာခဏဆိုသလို အဆက်အသွယ်ပြုလုပ်ကာ တွေ့ဆုံမှုများ ရှိခဲ့၏။ စင်စစ် ဝစ်ဂျင်စတိုင်း၏ အထက်ပါစာအုပ်သည် **'ယုတ္တိဗေဒ နည်းကျ ဒိဋ္ဌဓမ္မဝါဒ'** ဖြစ်လာအောင် ဖန်တီးပေးခဲ့သော စာအုပ်ဖြစ်၏။

ယုတ္တိဗေဒနည်းကျ ဒိဋ္ဌဓမ္မဝါဒသည် အတွေ့အကြုံ အဓိကဝါဒတစ်မျိုး ပင်ဖြစ်၏။ ယုတ္တိဗေဒနည်းကျ ဒိဋ္ဌဓမ္မဝါဒီများသည် ယုတ္တိဗေဒနည်းကျ ဆို သောစကားကို အသုံးပြုလာခြင်းမှာ ထိုပုဂ္ဂိုလ်များအနေနှင့် အတွေးအမြင် စနစ် ကြီးတစ်ရပ် တည်ဆောက်ရန် မဟုတ်မူဘဲ သိပ္ပံပညာနှင့် ဒဿနိကဗေဒတွင် အသုံးပြုသော အတွေးအမြင် အယူအဆများကို ယုတ္တိဗေဒအရ စီစစ်လေ့လာရန် ဖြစ်သောကြောင့် ဖြစ်၏။

ကားနက်(ပ)က ယုတ္တိဗေဒနည်းကျ ခွဲစိတ်စီစစ်ခြင်းကဏ္ဍတွင် အသိပညာ အားလုံး၊ သိပ္ပံပညာဆိုင်ရာ ခံယူချက်များမှ အစ နေ့စဉ်ဘဝ၌ ခံယူချက်မှန်သမျှကို ရှင်းလင်းသိလွယ် အဓိပ္ပာယ် တိကျမှုရှိအောင် လုပ်ခြင်းများ အားလုံး ပါဝင်သည် ဟုဆိုခဲ့၏။

၁၉၃၆ ခုနှစ်တွင် ကားနက်(ပ)သည် အမေရိကသို့ ထွက်သွားသည်။ ထို နှစ်မှာပင် ချီကာဂိုတက္ကသိုလ်တွင် ဒဿနိကဗေဒဌာန ပါမောက္ခအဖြစ် ခန့်ထားခြင်း ခံရသည်။

ကားနက်(ပ)ပါဝင်သော ဤအတွေးအမြင်လှုပ်ရှားမှုကြီးကြောင့် ဒဿနိက ဗေဒ၏ အနက်အဓိပ္ပာယ်မှာ တစ်မျိုးတစ်မည် ပြောင်းလဲလာခဲ့လေသည်။ သူတို့၏ အယူအဆအရ **'ဒဿနိကဗေဒဟူသည် သိပ္ပံပညာဆိုင်ရာ ယုတ္တိဗေဒ ဖြစ်သည်'** ဟု အဓိပ္ပာယ်သတ်မှတ် ဖော်ပြလာကြ၏။

ယုတ္တိဗေဒနည်းကျ ဒိဋ္ဌဓမ္မဝါဒတွင် သဘောတရားအမြင် နှစ်ရပ်ရှိ၏။ ထိုအမြင်နှစ်ရပ်မှာ ရှေးက တွေးခေါ်မြော်မြင်ရေး သဘောတရားသမိုင်းကို ဇရမ်း ဇတာ ဖြစ်သွားအောင် ဝေဖန်တိုက်ခိုက်သော အမြင်ပိုင်းနှင့် တည်ဆောက်မှု အမြင်ပိုင်းများ ဖြစ်ကြ၏။

ပထမအမြင်အရ ဤဝါဒကို လက်ခံသူများသည် အထူးသဖြင့် တက္ကိက ဝါဒနှင့် ကိုယ်ကျင့်တရား ပညာများကို တိုက်ခိုက်ခဲ့ကြ၏။ ထိုပုဂ္ဂိုလ်များအမြင်တွင် တက္ကိကဝါဒသည်လည်းကောင်း၊ ကိုယ်ကျင့်တရားပညာသည်လည်းကောင်း အဓိပ္ပာယ် မရှိသော အတွေးအမြင်များဖြစ်သည်ဟု ယူဆကြ၏။ (ဤကဲ့သို့ တက္ကိကဝါဒနှင့် ကိုယ်ကျင့်တရား ပညာအပေါ်တွင် အဘယ်ကြောင့် အပျက်သဘော ရှုမြင်လာရကြောင်းကို နောက်ပိုင်းတွင် တင်ပြထားပါသည်။)

http://www.cherrythitsar.org


ဒုတိယအမြင်အရ ဤဝါဒကို လက်ခံသူများသည် သူတို့အတွေးအမြင်များကို 'ယုတ္တိဗေဒနည်းကျ ဒိဋ္ဌဓမ္မဝါဒ' ဟု အမည်ပေးထားသည်နှင့်အညီ ယုတ္တိဗေဒနှင့် သိပ္ပံပညာကိုကား များစွာအရေးပေးကြ၏။ ထို့ကြောင့်လည်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒဿနိကဗေဒဟု ခေါ်သော လောကအတွေးအမြင်များသည် သိပ္ပံပညာဆိုင်ရာ ယုတ္တိဗေဒပင်ဖြစ်သည်ဟု ဆိုလာကြခြင်း ဖြစ်ပေတော့သည်။ (ဤကဲ့သို့ ယုတ္တိဗေဒနှင့် သိပ္ပံပညာကို ဦးစားပေးလာရသည့် အကြောင်းကိုလည်း နောက်ပိုင်းတွင် တင်ပြထားပါသည်။)

ဗီယင်နာအသိုင်းအဝိုင်းဝင် ပုဂ္ဂိုလ်များမှ အစ ယုတ္တိဗေဒနည်းကျ ဒိဋ္ဌဓမ္မဝါဒကို လက်ခံသူများ အားလုံးလိုလိုပင် တက္ကိကဝါဒနှင့် ကိုယ်ကျင့်တရားပညာများကို ကမ္ဘာ့ အတွေးအမြင်သမိုင်းမှ တိုက်ခိုက်ဖယ်ထုတ်ရခြင်းမှာ သူတို့၏ လက်သုံးစကား သဘောတရားရေး လက်နက်တစ်ခုဖြစ်သော **'အတွေ့အကြုံသမားများ၏ အဓိပ္ပာယ်သတ်မှတ်ပုံ မူအယူအဆ'** (The Empiricist Criterion of Meaning) ကို အသုံးပြုလာကြခြင်းကြောင့် ဖြစ်၏။

ဤအဓိပ္ပာယ်သတ်မှတ်ပုံ မူအယူအဆအရ အသိပညာမှန်သမျှတွင် သင်္ချာပညာက လက်ခံထားသော ယေဘုယျမှတ်ယူချက်များနှင့် သိပ္ပံပညာက လက်ခံထားသော အတွေ့အကြုံမှရသော အာရုံအသိများကိုသာ လက်ခံပြီး ကျန် အယူအဆ အားလုံးကို ငြင်းပယ်ထားသည်။

'ဒဿနိကဗေဒသည် သိပ္ပံဆိုင်ရာ ယုတ္တိဗေဒ' ပင် ဖြစ်သည်ဆိုသော အမြင်ကို လက်ခံလာခဲ့ခြင်းမှာလည်း စင်စစ် ထိုပုဂ္ဂိုလ်များအနေနှင့် အတွေ့အကြုံက ရသော သိပ္ပံပညာကလွဲလျှင် ယုတ္တိဗေဒ (သင်္ချာအပါအဝင်) သာလျှင် မှန်ကန်သော အသိပညာမျိုးကို ပေးနိုင်သည်ဟု မှတ်ယူထားသောကြောင့် ဖြစ်၏။

ကားနက်(ပ)သည် ဤအတွေးအမြင်လှုပ်ရှားမှုတွင် အရေးပါအရာရောက်သူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့ခြင်းမှာ သူကိုယ်တိုင်က ဒဿနိကဗေဒကို မလေ့လာမီ ရူပဗေဒကို လေ့လာလိုက်စားခဲ့၏။ ထို့ပြင် ပင်ကိုယ်အားဖြင့် ယုတ္တိဗေဒပညာရှင် အရင့်အမာကြီးတစ်ဦးဖြစ်၏။

အလျဉ်းသင့်၍ ဖော်ပြရပါမူ 'အတွေ့အကြုံသမားများ၏ အဓိပ္ပာယ်သတ်မှတ်ပုံ အယူအဆ' ခေါ် 'မူ'သည် အမေရိကန်ပြည်သား 'လက်တွေ့ပဓာနဝါဒီ' တစ်ဦးဖြစ်သူ ချား(လ)ဆန္ဒားပဲ(ဆ)၏ 'လက်တွေ့ပဓာနသမားတို့၏ အဓိပ္ပာယ်သတ်မှတ်ပုံ မူအယူအဆ' နှင့် အတော်ပင် တူညီခဲ့၏။

ယုတ္တိဗေဒနည်းကျ ဒိဋ္ဌဓမ္မဝါဒီတို့က အသိပညာနယ် (သိမှုဗေဒအလိုအရ)

http://www.cherrythitsar.org



တွင် အတွေ့အကြုံက ရသော အသိ၏ မှန်ကန်ပုံနှင့် သချာ်ယုတ္တိဗေဒစသည် ဆင်ခြင်မှုအတတ်မှ ရသော အသိပညာ၏ မှန်ကန်ပုံကို ခွဲခြားဖော်ပြခဲ့ရာတွင်လည်း ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီးဖြစ်သော လိုင်ဗနိနှင့် ဟယွမ်းတို့၏ သဘောတရားများကို မှီငြမ်းကြောင်း တွေ့ရ၏။

လိုင်ဗနိနှင့် ဟယွမ်းတို့သည် တွေ့ကြုံသိနှင့် ဉာဏ်သိကို မူတည်၍ တွေ့ကြုံ ရှေ့ဖြစ်အဆိုနှင့် တွေ့ကြုံနောက်ဖြစ်အဆိုကိုလည်းကောင်း အနက်တူအဆိုနှင့် အနက်ကွဲ အဆိုကိုလည်းကောင်း ခွဲခြားပြခဲ့ကြ၏။ သူတို့၏ သဘောအယူအဆတွင် တွေ့ကြုံရှေ့ဖြစ်ဟု ခေါ်သော အတွေ့အကြုံမလိုဘဲ ဉာဏ်ဖြင့်သိရသော အသိများသည် အနက်တူ သဘောရှိ၏။ ဆိုလိုသည်မှာ ထိုအသိများကို ဖော်ပြသော ဝါကျများတွင် ဝါစ္စ (ကတ္တား)နှင့် ဝါစက တို့၏ အနက်အဓိပ္ပာယ်ချင်း တူနေသည်ဟု ဆိုလိုခြင်း ဖြစ်၏။

ဥဒါဟရဏ် ထုတ်ပြရသော် ....

အပျိုကြီးဆိုသည်မှာ အိမ်ထောင်မပြုရသေးသော မိန်းမကြီးဖြစ်၏။

တရိဂံဆိုသည်မှာ ထောင့်သုံးထောင့်ရှိသော မျက်နှာပြင်ညီပုံဖြစ်၏။

စသည် အဆိုပါ ဝါကျများတွင် 'အပျိုကြီး'နှင့် 'အိမ်ထောင်မပြုသေးသော မိန်းမကြီး' စကားတို့သည် အဓိပ္ပာယ်အတူတူဖြစ်ကြသည်။ (အနက်တူသဘောကို ဖော်ပြခြင်းဖြစ်၏။)

တဖန် တွေ့ကြုံနောက်ဖြစ် အသိပညာဆိုသည်မှာ အာရုံနှင့်တကွဖြစ်သော တွေ့ကြုံပြီးမှ သိသော အသိပညာမျိုးဖြစ်၏။ ထိုသို့သိသော အသိမျိုးကား အနက်ကွဲကြ၏။ ဝါစ္စနှင့် ဝါစကတို့၏ အနက်အဓိပ္ပာယ်ချင်း မတူညီကြပေ။

လိုင်ဗနိနှင့် ဟယွမ်းတို့ စတင်ဖော်ပြခဲ့သော သဘောတရားများသည် 'ကန့်'၏ အယူအဆများနှင့် ထိပ်တိုက်ဝင်ခဲ့ပေရာ ၁၉ ရာစုခေတ်က ပေါ်ပေါက်သော တွေးခေါ်ရှင်များသည် ပစ်ပယ်ထားခဲ့ကြ၏။ ထိုသို့ ပစ်ပယ်ခဲ့သော အယူအဆသည် ၂၀ ရာစုခေတ်တွင် တဖန် ယုတ္တိဗေဒနည်းကျ ဒိဋ္ဌဓမ္မဝါဒီများ လက်ထက်တွင် ပြန်လည်ဆန်းသစ်လိုခဲ့ပေသည်။

ထို့ကြောင့် ဤဝါဒကို လက်ခံသူများသည် အတွေးအမြင်သမိုင်းတစ်လျောက် သူတို့လေးစား ဂုဏ်တင်လောက်သူများ အနက်တွင် ဟယွမ်းတစ်ယောက်လည်း ပါသည်ဟု ယူဆခဲ့ကြ၏။

ဤစာအုပ်တွင် ကျန်အပိုင်း၌ ယုတ္တိဗေဒနည်းကျ ဒိဋ္ဌဓမ္မဝါဒီများ၏ အတွေးအမြင်များတွင် အရေးကြီးသော အဓိကသဘောတရားများကိုသာ

http://www.cherrythitsar.org


ရွေးထုတ်တင်ပြပါမည်။ ဤသို့တင်ပြရာတွင်လည်း ဤတွေးခေါ်ရှင် အားလုံး၏ အမြင်များထက် ကားနက်(ပ)၏ အမြင်များကိုသာ ပိုမို ဦးစားပေး၍ တင်ပြလိုက်ရပါကြောင်း။

## (၁) အတွေ့အကြုံသမားတို့၏ အဓိပ္ပာယ်သတ်မှတ်ပုံ မူအယူအဆ

ကားနက်(ပ)နှင့် အပေါင်းတို့သည် **'အဓိပ္ပာယ် ရှိ မရှိ သတ်မှတ်ပုံ အယူအဆ'** တစ်ခုကို သတ်မှတ်လာရခြင်းမှာ အကြောင်းရှိ၏။ ထိုအကြောင်းမှာ ရှေးက တွေးခေါ်ရှင်များသည်လည်းကောင်း၊ သိပ္ပံပညာရှင်များသည်လည်းကောင်း၊ များသောအားဖြင့် မိမိကိုယ်တိုင် တိတိကျကျ အဓိပ္ပာယ်မဖော်ပြနိုင်သော ပြဿနာများကို လက်လှမ်းမမီဘဲ တင်ပြကြ၏။ အငြင်းပွားကြ၏။ အချိန်ကုန်ခံကြ၏။

ထိုကဲ့သို့ အချိန်ကုန် လူပန်း အချည်းနှီး ဖြစ်ခဲ့ရခြင်းမျိုးများကို တားဆီးနိုင်ရန်အလို့ငှာ ဤအဓိပ္ပာယ်မူကို သတ်မှတ်ရခြင်းဖြစ်၏။

ဤမူအရ မည်သည့် သိပ္ပံပညာဆိုင်ရာ ဖော်ပြပြောဆိုချက်မျိုးမဆို လူ၏ အတွေ့အကြုံလောကတွင် အခိုင်အမာ မှတ်ကျောက်တင်၍ လက်ခံ အတည်ပြုနိုင်ခွင့်သော်လည်းကောင်း၊ လက်ခံ အတည်မပြုနိုင်ခွင့်သော်လည်းကောင်း မရှိလျှင် ထိုဖော်ပြချက်သည် အဓိပ္ပာယ်မရှိဟု ဆိုရမည်။ ထိုသို့ မှတ်ကျောက်တင်၍ အတည်ပြုနိုင်သော အဆို သို့မဟုတ် အတည်မပြုနိုင်ဘဲ ငြင်းပယ်ရသည့်အဆို နှစ်မျိုးစလုံးသည်သာ အဓိပ္ပာယ်ရှိသော အဆိုများ ဖြစ်ကြ၏။

ယုတ္တိဗေဒ သဘောအရ အဆိုပြုချက် တစ်ရပ်သည် မှန်နိုင် မှားနိုင်ခွင့်ရှိရမည်။
ပြယုဂ်များ ...

ကမ္ဘာကြီးသည် လုံးဝိုင်း၏ ဆိုသော အဆိုသည် မှန်လည်း မှန်နိုင်၏။ မှားလည်း မှားနိုင်၏။ အတွေ့အကြုံဖြင့် စူးစမ်းဆုံးဖြတ်နိုင်သည်။

'ထာဝရသဘောသည် အမှန်တရားဖြစ်၏'ဟု ဆိုသော် ထိုအဆို၏ အမှန်အမှားကို ဘယ်သို့ ဆုံးဖြတ်မည်နည်း။

အဆိုတစ်ရပ်သည် အမှားအမှန်ကို ဆုံးဖြတ်ရန် မဖြစ်နိုင်။ သို့မဟုတ် မှန်လည်း မမှန်၊ မှားလည်း မမှားသော သဘောကို ဆောင်ယူလျှင် ထိုအဆိုသည် အဆိုဟု မဆိုသာချေ။

အဆိုတစ်ခုဖြစ်ရန်မှာ ယုတ္တိဗေဒအရ အမှား အမှန်သဘောတစ်ခုခု ရှိရမည်ဟု ဆိုလိုသည်။ သို့မှသာ ထိုအဆိုသည် အဓိပ္ပာယ်ရှိပေမည်။

http://www.cherrythitsar.org



'ဤစာရွက် ဖြူ၏' ဆိုလျှင် မှန်သလား၊ မှားသလားကို အတွေ့အကြုံအရ ဆုံးဖြတ်ရ၏။ ပေးထားသော စာရွက်က အတွေ့အကြုံတွင် ဖြူနေလျှင် အဆိုမှန်ပြီး၊ အတွေ့အကြုံတွင် မဖြူလျှင် အဆိုမှားသည်မှာ ရှင်းလှ၏။ ထို့ကြောင့် ထိုအဆိုသည်လည်း လက်တွေ့စမ်းသပ် အတည်ပြုနိုင်သည်ဖြစ်၍ အဓိပ္ပာယ်ရှိ၏။

ဤနေရာတွင် ပြဿနာတစ်ခု ရှိလာပြန်သည်။

ထိုပြဿနာမှာ အရာရာကို အတွေ့အကြုံအားဖြင့် သတ်မှတ်အတည်ပြုနိုင်မှ အဓိပ္ပာယ်ရှိသည်ဟု ယူဆပါလျှင် သိပ္ပံပညာ (ရူပဗေဒ၊ ဓာတုဗေဒ) များမှ တချို့သော အဆိုများ၊ ခံယူချက်များသည် အာရုံနှင့် တွေ့ထိ၍မရ၊ ဥဒါဟရဏ်အားဖြင့် ရူပဗေဒမှ နိယာမတရားများသည် တလောကလုံးနှင့်စပ်ဆိုင်သော ယေဘုယျသဘောများဖြစ်၍ အာရုံဖြင့် မထိတွေ့နိုင်ချေ။ သို့ဖြစ်သောကြောင့် ရူပဗေဒက လက်ခံထားသော လောကနိယာမ ဥပဒေသများသည် အဓိပ္ပာယ်မရှိဟု ဆိုမည်လော။

ဤမေးခွန်းသည် အရေးကြီးလာ၏။ ဆိုခဲ့ပြီးသည်အတိုင်း အတွေ့အကြုံဖြင့် အတည်ပြုနိုင်သော အဆိုများနှင့် သိပ္ပံပညာတွင် လက်ခံထားသော ဒြပ်မဲ့သဘောရှိသော အဆိုများကို မည်သို့ ယုတ္တိရှိအောင် ဆက်စပ်ပါမည်နည်းဟု ထပ်ဆင့်စဉ်းစားစရာ ရှိလာသည်။

ရုပ်လောကထဲရှိ သဘာဝနိယာမများကား လူတို့၏ အတွေ့အကြုံတွင် ရလာသော အဖြစ်အပျက်များကို ဆက်စပ်ထားသော အရာများမဟုတ်။ နိယာမတရားများကား မတွေ့ဖူးသော အချိန်ပိုင်းများမှာလည်း ဖြစ်ပေါ်နေ၏။ အနာဂါတ်ကာလကိုလည်း နိယာမအတိုင်း ဆက်စပ်ရှုမြင်၍ ကြိုတင်ဟောကြား နိုင်၏။ ထိုသို့သော သဘောများရှိသော အဆိုများကို ထည့်တွက်စဉ်းစားရပေမည်။

ဤအချက်တွင် အချို့သော ပုဂ္ဂိုလ်များက ဆိုခဲ့ပြီးသည့် အဓိပ္ပာယ်မူတွင် မဝင်လျှင် မည်သည့် အဆိုပြုချက်များမှ အဓိပ္ပာယ်မရှိဟု ဆိုခဲ့၏။ သို့ရာတွင် ကားနက်(ပ)နှင့် သူ၏ ရင်းနှီးသူ မိတ်ဆွေများကမူ ထိုကဲ့သို့ အတင့်ရဲစွာ မဆိုခဲ့ချေ။

တက္ကိကဝါဒကဲ့သို့ ရုပ်လွန်တွေးများမှာ မရေမရာ ရှိလှသောကြောင့် ငြင်းပယ်ရာတွင် ရူပဗေဒနှင့်တကွ သိပ္ပံပညာများမှ အဆိုများမှလည်း တိုက်ရိုက် အာရုံခံစားချက်ဖြင့် မသိမြင်ရစေကာ ၎င်းတို့ကိုပါ သိမ်းကျုံးမပါဝင်စေသင့်ပေ။ ထိုသိပ္ပံပညာဆိုင်ရာ အဆိုများကိုကား တိုက်ရိုက်တွေ့ကြုံ၍ မသိနိုင်သော်လည်း သွယ်ဝိုက်ကာ စမ်းသပ်အတည်ပြုနိုင်သည်ဖြစ်၍ အဓိပ္ပာယ်ရှိသည်ဟု မှတ်ယူကြရပေမည်။

http://www.cherrythitsar.org


ထို့ကြောင့် အဓိပ္ပာယ် မှုအယူအဆသည် လူတို့၏ အတွေးအမြင်များကို ဖော်ပြကြသည့် ဘာသာစကားနှင့် ၎င်းတို့နောက်ကွယ်ရှိ အစစ်အမှန်သဘော ပကတိ အခြေအနေများကို ဆက်စပ်ခြင်းဖြစ်၏။

မှန်ကန်ခြင်း သဘောသည် လက်တွေ့ဖြစ်ရပ်မှန်နှင့် ဖော်ပြချက်တို့ ကိုက်ညီမှုကို ခေါ်ကြောင်း ဖော်ပြခဲ့၏။ သို့ရာတွင် လက်တွေ့ မဖော်ပြနိုင် မထိတွေ့နိုင်ပါလျက် မှန်ကန်သော သဘောများလည်း ရှိကြောင်း ယုတ္တိဗေဒနည်းကျ ဒိဋ္ဌဓမ္မဝါဒီတို့ လက်ခံကြရ၏။ ထို'အမှန်' သဘောတို့မှာ သင်္ချာနှင့် ယုတ္တိဗေဒတွင် ပါဝင်သော အဆိုများ ဖြစ်ကြပေသည်။

ထို့ကြောင့် လက်တွေ့မှန်ခြင်းနှင့် သင်္ချာယုတ္တိဗေဒတို့ကဲ့သို့ ဆင်ခြင်ခြင်း အားဖြင့် မှန်ခြင်းကို ခွဲခြားနိုင်ရပေမည်။

အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း လက်တွေ့မှန်ခြင်းသည် အတွေ့အကြုံနောက်ဖြစ် အဆိုများနှင့် ဆိုင်သည်။ ယုတ္တိမှန်သဘောမှာကား အတွေ့အကြုံရှေ့ဖြစ် အဆိုမျိုးနှင့် ဆိုင်သည်။ တွေ့ကြုံနောက်မှ သိရသော အသိ မျိုးကား အနက်ကွဲအဆိုမျိုးဖြစ်၍ တွေ့ကြုံရှေ့ဖြစ် အသိမျိုးကား အနက်တူများ ဖြစ်ကြ၏။

သင်္ချာတွင် ၅+၇=၁၂ ဆိုသော အဆိုမှာလည်း တွေ့ကြုံရှေ့ဖြစ် ဖြစ်၍ ၅+၇ သည် ၁၂ နှင့် အတူတူဖြစ်သည်။

ကန့်ကမှ ၅+၇ သည် ၁၂ ဖြစ်သော်လည်း ၅ သည်လည်းကောင်း၊ ၇ သည်လည်းကောင်း ၁၂ မဟုတ်၍ ဤအဆိုမျိုးမှာ တွေ့ကြုံရှေ့ဖြစ် အနက်ကွဲ အဆိုပင် ဖြစ်သည်ဟု ဆိုခဲ့၏။ သို့ရာတွင် ဘာထရန်ရပ်ဆယ်က ကန့်ကို ဝေဖန်ရာတွင် ၅+၇ ကို ခွဲစိပ်လိုက်ပါမူ ၁၂ ပင် ရပေမည်။ ထို့ကြောင့် အနက်တူပင်ဖြစ်ကြောင်း ဖွင့်ပြခဲ့၏။

## တက္ကိကဝါဒ

ကားနက်(ပ)နှင့် အပေါင်းပါ တွေးခေါ်ရှင်များကား သူတို့တီထွင်ခဲ့သော အဓိပ္ပာယ်မှု အယူအဆကို လွန်စွာအားကိုးကြသည်။ ထိုသဘောတရားအရ ရှု မြင်ပါက တက္ကိကဝါဒတွင် ပါဝင်သော အဆိုပြုချက်များ၊ အတွေးအမြင်များမှ လက်တွေ့(တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ) စမ်းသပ်အတည်ပြုရန် မဖြစ်နိုင် ပေ။ ထို့ကြောင့် ထိုအဆိုများသည် လက်တွေ့မှန်ကြောင်းကိုလည်း သက်သေမပြနိုင်၊

http://www.cherrythitsar.org



အလားတူပင် လက်တွေ့မမှန်ကြောင်းကိုလည်း သက်သေမပြနိုင်ပေ။ ထို့ကြောင့် တက္ကိကဝါဒမှ အဆိုပြုချက်များသည် အဓိပ္ပာယ်မရှိသော အဆိုများသာ ဖြစ်ကြောင်း ထုတ်ဖော်လာကြ၏။

ကားနက်(ပ)က တက္ကိကဝါဒီများ လက်ခံထားသော အဆိုများတွင် ပါဝင်သည့် အသိများမှာ လက်တွေ့ ကမ္ဘာလောကကြီးကိုလွန်၍ တွေးသော အတွေ့အကြုံနှင့် ရုပ်လောကကို လွန်သော အတွေးအမြင်များသာ ဖြစ်၏။ အရာခပ်သိမ်း၏ အနှစ်သာရဖြစ်သော ထာဝရအမှန်တရား၊ အနန္တဝိဉာဉ်တော် စသည့် အယူအဆများမှာ ရုပ်လောကကို လွန်သော တက္ကိကဝါဒရှိ မှတ်ယူချက်များ ဖြစ်ကြ၏။

ရှေးကတွေးခေါ်ရှင်များကလည်း လောကထာဝရ အခြေခံ တရားကြီးသည် ရေဓာတ်ဟု သေးလိကတစ်မျိုး၊ အဆုံးအစမရှိသော အရာဟု အနက်စီမန်းဒါးက တစ်လီ၊ မီးဓာတ်ဟု ဟေရာကလိုက်တပ်က တဖုံ၊ အရေအတွက်သဘောဟု ပိုက်သကိုရပ်က တနည်း ဆိုခဲ့ပြီးကြပြီ။ ပလေတိုကလည်း ဤရုပ်ကမ္ဘာကား အမှန်ထာဝရဖြစ်သော နာမ်တရားများတည်ရာ လောက၏ အရိပ်ဟု ဆိုခဲ့ကြပြီ။

ထိုသို့ အမျိုးမျိုး အဖုံဖုံ အစုံစုံသော အမြင်တို့ကို တင်ပြခဲ့ကြသူများ၏ အတွေးအမြင်ပါ အဆိုပြုချက်များသည် လက်တွေ့စမ်းသပ် အတည်ပြုနိုင်ပါသလော။ အဖြေကား ရှင်းလှ၏။ ထိုအဆိုများကို လက်တွေ့စမ်းသပ်၍ မရပေ။ ထိုစမ်းသပ်စစ်ဆေး၍ မရနိုင်ခြင်းကိုလည်း တက္ကိကဝါဒီများ ရှောင်ဖယ်ရန် မတတ်နိုင်ပေ။ ထိုသို့ မတတ်နိုင်လင့်ကစား ထိုပုဂ္ဂိုလ်များကမူ ၎င်းတို့တွေးမြင်ရရှိသော အသိပညာများမှာ လက်တွေ့ သိပ္ပံပညာရှိ အသိပညာများထက်ပင် အဆင့်အတန်းမြင့်လေဟန်၊ ဟန်ဆောင်တတ်ကြ၏။ သို့ဖြင့် သူတို့အတွေးအမြင်ပါ အဆိုများကို လက်တွေ့ ဘဝအတွေ့အကြုံလောကနှင့် အဆက်ပြတ်အောင် လုပ်ခဲ့ကြ၏။ ထို့ကြောင့် တက္ကိကဝါဒအမြင်များမှာ လက်တွေ့မပါ အမှန်နှင့်လည်း ကင်းလျက် ကဗျာလင်္ကာရသစာပေများကဲ့သို့ အပျော်ဖတ်ဖို့သာ ကောင်းတော့ကြောင်းဖြင့် ရေးသားခဲ့၏။

အလားတူပင် ကိုယ်ကျင့်တရားပညာ ဆိုသည်မှာလည်း စိတ်ပညာနှင့် လူမှုရေးသိပ္ပံပညာများအရ လူသား၏ အပြုအမူ၊ အကျင့်အကြံများကို လေ့လာသော ပညာဖြစ်၏။ ထို့ကြောင့် ကိုယ်ကျင့်တရားပညာသည် လက်တွေ့သိပ္ပံပညာနယ်တွင် ထည့်ဖို့သာရှိ၏။ ဒဿနိကဗေဒနယ်တွင် ထည့်ရန်မလိုတော့ပေ။


တစ်ဖက်မှ ကြည့်ပြန်ပါကလည်း ကိုယ်ကျင့်တရားပညာသည် လူ့ကိုယ်ကျင့်တရားများကို လေ့လာသော ဒဿနိကဗေဒ ဖြစ်ကြောင်း ဆိုကြ၏။ ထိုအယူအဆ

http://www.cherrythitsar.org



အရ ကိုယ်ကျင့်တရားပညာသည် စံထားသိပ္ပံပညာဟုလည်း ဆိုကြ၏။ ဤနေရာ၌ ဤသိပ္ပံက လေ့လာသောအရာမှာ တကယ့်ဖြစ်ရပ်မဟုတ်၊ တကယ့်ဖြစ်ရပ်ဖြစ်လေတန် ယူဆသော အပြုအမူတို့၏ ကောင်းခြင်း၊ မြတ်ခြင်း၊ ယုတ်ခြင်း တရားများကိုလည်းကောင်း၊ မှန်ခြင်း မှားခြင်း သဘောကိုသာ စူးစမ်းကြသည်။ ထို့ကြောင့် 'စံ' သဘောကိုသာ လေ့လာသော ဤပညာပါ အဆိုများမှာ တကယ့်ဒိဋ္ဌဓမ္မဖြစ်ရပ်များကို ဖော်ပြချက်များ မဟုတ်မူဘဲ စိတ်လှုပ်ရှားမှု ခံစားမှုများကိုသာ ဖော်ပြသော အဆိုများ ဖြစ်ကြ၏။ သို့ဖြစ်ရကား ထိုအဆိုများမှာလည်း အမှန်အမှားကို လက်တွေ့ဆုံးဖြတ်ရန် မဖြစ်နိုင်သော အဆိုများ ဖြစ်လာသည်။ ထို့ကြောင့် ကိုယ်ကျင့်တရားပညာသည်လည်း အဓိပ္ပာယ်မရှိသော ပညာသာဖြစ်သည်ဟု ဆိုကြခြင်းဖြစ်သည်။

* * *



ကမ္ဘာ့တွေးခေါ်ရှင်ကြီး
ဘာထရန်ရပ်ဆယ်

http://www.cherrythitsar.org

## ဘာထရန်ရပ်ဆယ် (၁၈၇၂)

ဘာထရန်ရပ်ဆယ်သည် နှစ်ဆယ်ရာစု ခေတ်ပေါ် တွေးခေါ်ရှင်များ အနက် ပြိုင်ဘက်မရှိလောက်အောင် ထင်ရှားကျော်ကြားသော တွေးခေါ်ရှင်ကြီးတစ်ဦး ဖြစ်သည်။ သူသည် ဗြိတိသျှလူမျိုး တွေးခေါ်ရှင်တစ်ဦးဖြစ်ပြီး ယနေ့ထက်တိုင် အသက်ထင်ရှား ရှိသေးသော ပုဂ္ဂိုလ်ကျော်ကြီး တစ်ဦးဖြစ်၏။

သူ၏ မိဘမျိုးရိုးမှာ မှူးမျိုး မတ်နွယ်ဖြစ်၏။ ဖခင်ဘက်က အဘိုးဖြစ်သူ လော့(ဒ)ဂျွန်ရပ်ဆယ်မှာ ဝန်ကြီးချုပ်တစ်ဦးဖြစ်ခဲ့ပြီး ၁၈၃၂ ခုနှစ်က ပြုပြင် ပြောင်းလဲရေး ဥပဒေကြမ်းကို တင်သွင်းခဲ့သူဖြစ်ပေသည်။

ငယ်စဉ်က အင်္ဂလန်ပြည် ကင်းဘရစ်(ချ်) တက္ကသိုလ်တွင် ပညာသင်ခဲ့၏။ ထိုစဉ်က အထူးသဖြင့် သင်္ချာပညာနှင့် ဒဿနိကဗေဒကို လေ့လာလိုက်စားခဲ့ပေသည်။ ရပ်ဆယ်သည် ကင်းဘရစ်(ချ်)တက္ကသိုလ်တွင် သူနှင့်ခေတ်ပြိုင် တွေးခေါ်ရှင် များ ဖြစ်လာကြမည့် ဂျီအီးမိုးနှင့် အေအင်ဝိုက်ဟတ်တို့နှင့် တွေ့ဆုံ ဆက်ဆံခဲ့ရသည်။

သူ၏ တွေးခေါ်မြော်မြင်မှု လုပ်ငန်းများကို ကင်းဘရစ်(ချ်) တက္ကသိုလ် ထရိနိတီကောလိပ်တွင် စတင်လုပ်ဆောင်ခဲ့၏။ ထိုသို့ တက္ကသိုလ်ပညာရေး လောကတွင် အမှုထမ်းနေစဉ် ၁၉၁၆ ခုနှစ်တွင် သူသည် စစ်ဆန့်ကျင်ရေး ဘက်တော်သား ဖြစ်လာသဖြင့် ပညာရေးလောကမှ ရပ်နားလိုက်ရပြန်သည်။ ထိုသို့ စစ်ကို ဆန့်ကျင်ခဲ့မှုကြောင့် ထောင်ခြောက်လ ကျခဲ့ရသေးသည်။

http://www.cherrythitsar.org


ရပ်ဆယ်၏ အတွေးအမြင် လုပ်ရပ်များသည် နိုင်ငံရေးနှင့်လည်း ဆက်စပ်နေခဲ့၏။ ရပ်ဆယ်သက်တန်းတစ်လျှောက်တွင် **'လွတ်လပ်ရေးနှင့် စည်းရုံးရေး'၊ 'အာဏာ'၊ 'လူသားအတွက် အနာဂါတ်ရှိသေးရဲ့လား'၊ 'လက်နက်မဲ့ အောင်နိုင်ခြင်း'** စသည့် နိုင်ငံရေးစာအုပ်များကို ရေးသားခဲ့၏။

ပညာရေးတွင်လည်း ပညာရေးနှင့် လူမှုဆက်ဆံရေး စာအုပ်မျိုးဖြင့်လည်းကောင်း၊ ဘာသာရေးတွင် ဘာသာရေးနှင့် သိပ္ပံပညာ၊ ကျွန်ုပ်တို့ ဘာကြောင့် ခရစ်ယာန် မဖြစ်သနည်း စသည့် စာအုပ်မျိုးဖြင့်လည်းကောင်း၊ သိပ္ပံပညာနှင့် ပတ်သက်၍ အနုမြူ အဖွင့်ကျမ်း၊ သဘာဝတရား၏ အညမည အဖွင့်ကျမ်းများကိုလည်းကောင်း ရေးသားခဲ့၏။

ထို့ပြင် အိမ်ထောင်ရေးအတွက်လည်း 'အိမ်ထောင်ရေးနှင့် ကိုယ်ကျင့်တရားကျမ်း' ကိုသာ ရေးသားခဲ့ရုံမက ဝတ္ထုများကိုလည်း အခါအားလျော်စွာ ရေးသားခဲ့ပေသည်။ တွေးခေါ်မြော်မြင်ရေးသဘောတရားပညာရှင် တစ်ဦးပင်ဖြစ်စေကာ ရပ်ဆယ်၏ ဘဝသက်တမ်းတစ်လျှောက်လုံး ပြည်သူအများနှင့် ဆက်နွယ်ပတ်သက်သော လုပ်ငန်းများစွာကို လုပ်ကိုင်ခဲ့လေသည်။ ကမ္ဘာ့ဖြစ်ရပ်ကြီးများနှင့် ရင်ဆိုင်လာရတိုင်း ရပ်ဆယ်၏အသံကို ကြားရပေမည်။

နှစ်ဆယ်ရာစု နှစ်များအတွင်း ကမ္ဘာ့လူသားထု တစ်ရပ်လုံး၏ ငြိမ်းချမ်းသာယာရေးကို ကိုယ်စွမ်းရှိသမျှ လုပ်ကိုင်နေသော ငြိမ်းချမ်းရေးဖခင်ကြီးလည်း ဖြစ်ပေသည်။

သူ၏ ပထမဆုံး အတွေးအမြင် သက်သက် လုပ်ဆောင်ချက်မှာ သင်္ချာနှင့် ယုတ္တိဗေဒ ဆက်စပ်ရန် ကြိုးပမ်းချက်ပင် ဖြစ်သည်။ ပထမဆုံး အတွေးအမြင်စာအုပ်မှာ **'လိုင်ဗနိ၏ အတွေးအမြင်များကို ဝေဖန်သုံးသပ်ချက်'** ဆိုသည့် စာအုပ်ဖြစ်သည်။

အထူးထင်ရှားသော ကျမ်းတစ်စောင်မှာ ဝှိုက်ဟတ်နှင့် အတူ ပူးတွဲရေးသားခဲ့သော သင်္ချာနိဒါန်းကျမ်း ဖြစ်ပေသည်။ ဤကျမ်းတွင် သင်္ချာသည် ယုတ္တိဗေဒမှ စတင်ပေါ်ပေါက်လာပုံကို အကျယ်တဝင့် ရှင်းထုတ်နိုင်ပေသည်။

## ရပ်ဆယ်၏ အတွေးအမြင်များ

တွေးခေါ်ရှင်တစ်ဦးအနေဖြင့် ရပ်ဆယ်သည် တွေးခေါ်ပုံကဏ္ဍ လေးကဏ္ဍကို ကျော်ဖြတ်ခဲ့သည်။

ဤကဏ္ဍလေးခုကို ပိုင်းခြား သတ်မှတ်ပေးထားသော မှတ်တိုင်ကြီး လေး

http://www.cherrythitsar.org


တိုင်ကား သူ၏ ထင်ပေါ်ကျော်ကြား လူသိများသော ကျမ်းကြီး လေးကျမ်းပင် ဖြစ်လေသည်။

(၁) သူ၏ ပထမ တွေးခေါ်ယူဆပုံတို့က ၁၉၁၁–ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော **ဒဿနိကဗေဒပြဿနာများ** ကျမ်းငယ်တွင် တွေ့နိုင်သည်။

(၂) သူ၏ ဒုတိယ တွေးခေါ်ယူဆပုံတို့ကို ၁၉၁၄–ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော **'ပြင်ပလောကနှင့် ပတ်သက်သောကျွန်ုပ်တို့၏ အသိပညာ'** ဟူသော ကျမ်းတွင် တွေ့ရသည်။

(၃) သူ၏ တတိယ တွေးခေါ်ပုံနှင့် ပတ်သက်၍မူ ၁၉၂၁–ခုနှစ်တွင် ထွက်ပေါ်လာသော 'စိတ်ကို စီစစ်ကြည့်ခြင်း' ဟူသော ကျမ်းတွင် တွေ့မြင်နိုင်သည်။

(၄) သူ၏ စတုတ္ထတွေးခေါ် ယူဆပုံကိုကား ၁၉၄၈–ခုနှစ်တွင် ထုတ်ဝေသော **'လူ၏ အသိပညာ'** ဟူသည့် ကျမ်းတွင် ဖတ်ရှုနိုင်လေသည်။

ဤကဲ့သို့ ရပ်ဆယ်သည် တစ်ချိန်မှ တစ်ချိန် တွေးခေါ်ယူဆပုံတို့ကို ပြောင်းလဲနေသည့်အတွက် ရပ်ဆယ်ကို အတွေးအမြင်၌ ရှေ့နောက် ညီညွတ်သော တွေးခေါ်ရှင်ဟူ၍ မှတ်ယူကြလျှင် မှားမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ရပ်ဆယ်၏ အဆင့်ဆင့် ပြောင်းလဲသော တွေးခေါ်ယူဆပုံတို့၏ နောက်ကွယ်၌ ညီညွတ်မှုကို ပေးသော ဥပဒေသတစ်ခုသည် ရှိသောကြောင့် ဖြစ်၏။

ဤဥပဒေသမှာ အလယ်ခေတ်တွင် ထင်ပေါ်ကျော်ကြားခဲ့သော ဥက္ကံရပ်မှ ဝီလျံ ဆိုသော ဘုန်းတော်ကြီးတစ်ပါးက စတင်တီထွင်ခဲ့သော ဥပဒေသ ဖြစ်၏။ တစ်ခါတစ်ရံ ဤဥပဒေသကို **ဥက္ကံ၏ ပိုမှုဖြတ်တောက်ခြင်း ဥပဒေသ** ဟူ၍ ခေါ်လေသည်။ ဤဥပဒေသ၏ သဘောမှာ တွေးခေါ်ရာတွင် မလိုအပ်ဘဲ အပို ဖြစ်နေသော သဘောတရားများကို တွေ့တိုင်း တွေ့တိုင်း ပယ်ဖြတ်ပစ်ရန် ဖြစ်၏။

ရပ်ဆယ်၏ တွေးခေါ်ပုံများကို သေချာစွာ လေ့လာကြည့်လျှင် သူသည် ဤ **'အပိုဖြတ်တောက်ခြင်း ဥပဒေသ'** ကို အစဉ်သုံး၍ သူ၏ အတွေးအခေါ်တွင် မလိုအပ်သော သဘောများကို အဆင့်ဆင့် ဖြတ်တောက်ပစ်သည်ကို တွေ့ရ၏။ ဤဥပဒေသကြောင့်ပင် ရပ်ဆယ်သည် ယူဆပုံ တစ်မျိုးမှ တစ်မျိုးသို့ ပြောင်းနေသော တွေးခေါ်ရှင် တစ်ယောက် ဖြစ်လာရလေသည်။

စင်စစ် ရပ်ဆယ်၏ ရပ်တည်ပုံမှာ ဒိဋ္ဌဓမ္မဝါဒီတစ်ဦးအနေပင် ဖြစ်ခဲ့သည်။

http://www.cherrythitsar.org


သူ၏ အတွေးအမြင်များအရ–

(၁) ကျွန်ုပ်တို့သည် ပြင်ပလောကရှိ အရာဝတ္ထုတစ်ခုကို သိခြင်းနှင့် ပတ်သက်၍ သေချာစွာ ဆန်းစစ်ကြည့်လျှင် ကျွန်ုပ်တို့သိသော အချက်အလက်များမှာ အရာဝတ္ထု မဟုတ်၊ ၎င်းအရာဝတ္ထု၏ ဂုဏ်ရည်များသာ ဖြစ်ကြောင်းကို တွေ့ရ မည် ဖြစ်ပေသည်။ ဥဒါဟရဏ်ဆောင်သော်

သစ်ပင်တစ်ပင်ကို ကျွန်ုပ်တို့ ကြည့်သောအခါ ၎င်းသစ်ပင်၏ စိမ်းလန်းသော အရွက်များ၏ အရောင်၊ ညိုမှိုင်းသော ပင်စည်၏ အရောင်၊ ၎င်းသစ်ပင်၏ ပုံပန်း သဏ္ဌာန် စသည်တို့ကို တွေ့မြင်ရမည် ဖြစ်၏။

ဤတွင် ကျွန်ုပ်တို့ ရရှိထားအပ်သော သစ်ပင်နှင့် ပတ်သက်သည့် အသိ ပညာကို သေချာစွာ စီစစ်ကြည့်ရမည် ဖြစ်၏။ ဤနေရာ၌ ထပ်ဆင့်မေးရမည့် မေးခွန်းမှာ ကျွန်ုပ်တို့သည် မည်သို့သော အရာများကို သိကြသနည်း ဟူသော မေးခွန်းဖြစ်၏။

ရပ်ဆယ်၏ သဘောတရားအရ သစ်ပင်နှင့် ပတ်သက်၍ ကျွန်ုပ်တို့ **တိုက်ရိုက်သိသော အရာများမှာ** သူ့ဘာသာရှိနိုင်သော ရုပ်ဝတ္ထုမဟုတ်၊ ၎င်းရုပ်ဝတ္ထုကို အမှီပြုကာ တည်နေကြသော ဂုဏ်ရည်များသာ ဖြစ်သည်ဟု ဆိုလေသည်။

အထက်တွင် ဖော်ပြခဲ့သော စိမ်းလန်းသော အရောင်၊ ညိုမှိုင်းသော အရောင်၊ သစ်ပင်၏ ပုံပန်းသဏ္ဌာန် စသည်တို့ကို သေချာစွာ လေ့လာကြည့်လျှင် ရပ်ဆယ်ပြောသကဲ့သို့ ဤအရာများသည် သူ့ဘာသာ ရပ်တည်နိုင်သော ဝတ္ထုပစ္စည်းများ မဟုတ်၊ ရုပ်ကို အမှီပြု၍ ဖြစ်နေကြသော ရုပ်၏ ဂုဏ်ရည်များသာ ဖြစ်ကြောင်း တွေ့မြင်ရမည်ဖြစ်၏။

စိမ်းလန်းခြင်းသည် သူ့ဘာသာသူ သီးခြားရပ်တည်မနေနိုင်။ စိမ်းလန်းခြင်း ရှိရန်အတွက် ၎င်း၏ မှီတွယ်ရာ ဝတ္ထုပစ္စည်းသည် ရှိရမည်ဖြစ်၏။ သစ်ပင်တစ်ပင်၏ ပုံပန်းသဏ္ဌာန်ဆိုရာ၌လည်း ပုံပန်းသဏ္ဌာန်ဆိုသည်မှာ သူ့ဘာသာသူ သီးသန့်မရှိ နိုင်။ အရာဝတ္ထုတစ်ခုခုကို စွဲကပ်နေသော ပုံပန်းသဏ္ဌာန်သာ ဖြစ်နိုင်၏။ ဤ ကဲ့သို့ အရာဝတ္ထု တစ်ခုခုကို စွဲကပ်မှ ရပ်တည်နိုင်သော ဂုဏ်ရည်များသည်သာ လူသားတို့၏ တိုက်ရိုက်အာရုံခံစားမှု၌ ဖြစ်ပေါ်သိမြင်ကြရသည်။ ဝတ္ထုပစ္စည်း၏ ပင်ကိုယ်သဘော၊ တကယ့် အနှစ်သာရ သဘောကိုကား လူတို့၏ တိုက်ရိုက် အာရုံခံစားမှုတွင် မတွေ့ထိနိုင်ပေ။ ဤသို့ အာရုံအားဖြင့် တိုက်ရိုက်ထိရသော

http://www.cherrythitsar.org


ဂုဏ်ရည်များကို အာရုံ၌ ပေးချက်များ (ဝါ) ဝတ္ထု အာရုံများဟူ၍ ရပ်ဆယ်က ခေါ်လေသည်။

ဤသို့ဆိုလျှင် ပြင်ပ ဗဟိဒ္ဓလောက၌ ဝတ္ထုပစ္စည်းများ တကယ်မရှိတော့ပြီလောဟု မေးရန်ရှိလေသည်။ ရပ်ဆယ်ကမူ ဝတ္ထုပစ္စည်းများကား တကယ်ရှိသည်ဟု ဆို၏။ ရပ်ဆယ်၏ ဆိုလိုရင်းမှာ ပြင်ပလောကရှိ ဝတ္ထုပစ္စည်းကို တိုက်ရိုက်အားဖြင့် အာရုံဖြင့်သာ မသိနိုင်ဟူ၍ ဆိုလိုရင်း ဖြစ်လေသည်။

ရပ်ဆယ်သည် သိမှုနှင့် ပတ်သက်၍ နှစ်မျိုးနှစ်စား ခွဲခြားပြ၏။ တစ်မျိုးတစ်စားကို 'တိုက်ရိုက်သိခြင်း' (အာရုံနှင့် ရင်း၍ သိသောအသိ) ဟုခေါ်ကာ အခြားသိမှုကိုမူ 'ဖော်ပြခြင်းအားဖြင့် သိခြင်း' (သရုပ်ဆောင်၍ သိခြင်း)ဟု ခေါ်လေသည်။

ဖော်ပြခဲ့သည့်အတိုင်း အာရုံ၌ ပေးချက်များ (ဝတ္ထုအာရုံများ) ကိုမူ တိုက်ရိုက်အာရုံဖြင့် သိနိုင်၍ ထိုအာရုံခံစားရာ ဝတ္ထုအာရုံများ၊ မီးတင်းတွယ်မှီရာ ပစ္စည်းများ၏ ပင်ကိုယ်သဘောကိုမူ တိုက်ရိုက်မသိနိုင်၊ ဖော်ပြသော နည်းဖြင့်သာ ဖော်ပြနိုင်သည်။

ဤနေရာ၌ ထပ်၍ စောဒကတက်ပြီး မေးနိုင်သော မေးခွန်းတစ်ခုရှိသေး၏။ ၎င်းမှာ ပြင်ပလောကတွင် အာရုံခံစားရာများသာမက ၎င်းတို့ကို ဆက်သွယ်ပေးသော ဆက်သွယ်မှုများ ( ဥဒါဟရုဏ် ဤစာအုပ်သည် စားပွဲပေါ်၌ရှိသည် ဆိုရာ၌ ပေါ်၌ဆိုသော စကားသည် ဆက်သွယ်မှု တစ်ခုဖြစ်၏။) ကို လွယ်လွယ်နှင့် ဖော်ပြရသော ဝတ္ထုပင်ကိုယ်လည်း မဟုတ်၊ ဝတ္ထုအာရုံလည်းမဟုတ်၊ ထိုသဘောတို့ကို ဆက်သွယ်ပေးသော ဆက်သွယ်မှုသဘော (မှတ်ယူချက်) များ မရှိတော့ပြီလောဟု မေးစရာ ရှိပေသည်။ မည်သို့ သဘောထားမည်နည်း ဟူသော မေးခွန်း ဖြစ်၏။

ရပ်ဆယ်ကမူ 'ဆက်သွယ်မှု' များသာမက ယေဘုယျသဘောကို ဖော်ပြသော နာမ်များ။ (ဥဒါဟရုဏ် လူအများကို ခြုံ၍ ဖော်ပြသော 'လူ' ဟူသော နာမ်) များ ပင်လျှင် စိတ်မှအပဖြစ်၍ တစ်ကယ်ပင် ရှိနေကြသည်ဟု ဆိုလေသည်။ ၎င်းတို့ကို အာရုံခံစားချက်များနည်းတူ တိုက်ရိုက်သိနိုင်သည်ဟု ဆိုလေသည်။

ဤကဏ္ဍနှင့် ပတ်သက်၍ အချုပ်အားဖြင့် ဆိုရသော် ရပ်ဆယ်၏ တွေးခေါ်ပုံတွင် လေးမျိုးသော သဘောကို တွေ့မြင်ရမည် ဖြစ်၏။

(၁) သိသောစိတ်သည် ရှိ၏။ (၂) အာရုံ၌ ပေးချက်များ (ဝတ္ထုအာရုံများ) သည် ရှိ၏။ (၃) ယေဘုယျ နာမ်များနှင့် ဆက်သွယ်မှု သဘောများသည် ရှိ၏။ (၄) ဖော်ပြခြင်းဖြင့်သာ သိနိုင်သော အာရုံဖြင့် မသိနိုင်သည့် ရုပ်ဝတ္ထုပစ္စည်းများသည်လည်း ရှိ၏ ဟူသည်တို့ ဖြစ်၏။

http://www.cherrythitsar.org



(၂) ရပ်ဆယ်၏ ဒုတိယ တွေးခေါ်ပုံကဏ္ဍကို မိမိရရ နားလည်စေရန် အချက်လေးချက်ကို မှတ်သားထားရမည် ဖြစ်လေသည်။

၁။ ရပ်ဆယ်၏ပထမတွေးခေါ်ပုံကဏ္ဍနှင့် ဒုတိယတွေးခေါ်ပုံကဏ္ဍတို့သည် ဆက်သွယ်နေသည်။

၂။ ရပ်ဆယ်သည် ပထမတွေးခေါ်ပုံကဏ္ဍမှ ဒုတိယတွေးခေါ်ပုံကဏ္ဍသို့ ပြောင်းသောအခါ ဥက္ကံ၏ အပိုမှ ဖြတ်တောက်ခြင်း ဥပဒေသကို သုံးသည်။

၃။ ရပ်ဆယ်သည် အခြေခံအားဖြင့် အတွေ့အကြုံအဓိက ဝါဒီ တစ်ယောက်ဖြစ်၍ အာရုံခံစားခြင်းဖြင့် ရရှိအပ်သော အချက်အလက်များကိုသာ အကယ်ရှိသည်ဟု မှတ်ယူသည်။

၄။ ယုတ္တိဗေဒနည်းအားဖြင့် (ဝါ) ဆင်ခြင်ခြင်းနည်းအားဖြင့် သိရသော အချက်အလက်များသည် အကယ်မရှိ။ ယုတ္တိဗေဒ သဘောအားဖြင့် တည်ဆောက်မှုသာ ဖြစ်သည်ဟူသော အချက်လေးချက်ပင် ဖြစ်လေသည်။

အကယ်၍ တွေးခေါ်ပညာရှင်တစ်ဦးသည် အာရုံခံစားခြင်းကိုသာ အဓိကထား၍ အာရုံခံစားခြင်းကသာ အကယ်ရှိခြင်းကို အဆုံးအဖြတ်ပေးသည်ဟူ၍ ယူဆအံ့။ ရပ်ဆယ်၏ အာရုံဖြင့် မသိနိုင်သော (ဖော်ပြခြင်းအားဖြင့်သာ သိနိုင်သည်ဟု ဆိုသော) ရုပ်ဆိုသည့် ဝတ္ထုပစ္စည်းသည် အပိုသက်သက် ဖြစ်နေပေလိမ့်မည်။

သူ၏ ဒုတိယတွေးခေါ်ပုံကဏ္ဍတွင် ဤပိုနေသော ရုပ်ဝတ္ထုပစ္စည်းကို ဖြတ်တောက်၍ ပစ်ခြင်းမှာ ရပ်ဆယ်၏ အဓိကပြောင်းလဲမှုပင် ဖြစ်လေသည်။ ဤသို့ဆိုလျှင် ပြင်ပလောကကြီးသည် အကယ်ရှိပါသေး၏လောဟု မေးရန် ရှိလာပြန်၏။

ရပ်ဆယ်ကမူ ပြင်ပလောကကြီးသည် အကယ်ရှိ၏ ဟုဖြေ၏။ သို့သော် ပြင်ပလောကဟု ခေါ်သော လောကတွင် ရုပ်ဝတ္ထုပစ္စည်းဟူ၍ကား မရှိ။ အာရုံ၌ ပေးချက်များ (ဝတ္ထုအာရုံများ) သာရှိလေသည်။ ဤ (ဝတ္ထုအာရုံများသည်) သူ့အလိုအလျောက် ရှိနေကြသည်ဟု ရပ်ဆယ်က ဆိုလေသည်။

သာမန်အားဖြင့် ရုပ်ဝတ္ထုပစ္စည်း ဆိုသည်မှာလည်း ဤအာရုံခံစား (ဝတ္ထုအာရုံများ) စုပေါင်းထားသော စနစ်တစ်ခုပင် ဖြစ်လေသည်။ ဥဒါဟရဏ် စားပွဲခုံ တစ်ခုံကို ကြည့်လျှင် ၎င်းစားပွဲခုံကို အမျိုးမျိုးသော ရှုဒေါင့်များမှ

ကြည့်နိုင်၍ ဤကဲ့သို့ အမျိုးမျိုးသော ရှုဒေါင့်များမှ ကြည့်ခြင်းဖြင့် အမျိုးမျိုးသော အာရုံခံစားချက်များကို ရရှိနိုင်လေသည်။ ဤအာရုံခံစားချက်များသည် တစ်ခုနှင့် တစ်ခု မတူဘဲကွဲပြားခြားနားကြ၏။ သို့သော် ဤအာရုံခံစားရာများအားလုံးပင် အကယ်ရှိကြ၍ ၎င်းတို့သည် ပြင်ပလောက၌ ရှိကြသည်ဟု ရပ်ဆယ်က ဆို၏။

ထို့ကြောင့် ရပ်ဆယ်သဘောအရ ဆိုလျှင် ရုပ်ဝတ္ထုပစ္စည်းဟု သာမန်ခေါ်ဝေါ် သမုတ်နေကြသော ဝတ္ထုပစ္စည်းသည် ယုတ္တိစဉ်အရ တည်ဆောက်ထားသော စနစ်တစ်ခုသာ ဖြစ်၍ အကယ်ရှိသော အရာမဟုတ်ပေ။

ဤဒုတိယကဏ္ဍတွင် ရပ်ဆယ်သည် အပိုဖြစ်သော ရုပ်ဝတ္ထုပစ္စည်းကို သူ၏ အတွေးအခေါ် စနစ်မှ ဖယ်ထုတ်၍ ပစ်လိုက်လေသည်။ ရုပ်ဝတ္ထုသည် ယုတ္တိဗေဒ တည်ဆောက်မှုတစ်ခုသာ ဖြစ်လာ၍ အကယ်ရှိသော အရာမဟုတ်ပေ။

(၃) ရပ်ဆယ်သည် သူ၏ တတိယ အတွေးအခေါ်ကဏ္ဍတွင် 'စိတ်' ဟူသော သဘော 'ရုပ်' ဟူသော သဘောများကို သေချာစွာ စီစစ်ကြည့်သည်။ 'ရုပ်'ကိုမူ ယုတ္တိဗေဒတည်ဆောက်မှု တစ်ရပ်သာ ဖြစ်ကြောင်း ပြဆိုခဲ့ပြီး ဖြစ်လေသည်။

စိတ်ဆိုသည်မှာ အဘယ်နည်း။ စိတ်ဆိုသည်မှာလည်း တွေ့ထိမြင်ကြား နိုင်သော အရာမဟုတ်ပေ။ စိတ်ဆိုသည်မှာ **သိသောသဘောသာစင်စစ်** ဖြစ်လေသည်။ သိသော သဘောဆိုသည်မှာလည်း အဓိကအားဖြင့် အာရုံသိသာလျှင် ဖြစ်ပေသည်။

အာရုံသိတွင် အာရုံသိ၌ ပေးထားချက်များ (ဝတ္ထုအာရုံများ) ကို တွေ့ရ လေသည်။ စိတ်ဟူ၍ ဆိုတိုင်းဆိုတိုင်း အာရုံသိ၌ ပေးထားချက်များကို ဖယ်ထား၍ မဖြစ်ပေ။ ထိုဝတ္ထုအာရုံက လွဲ၍လည်း ဘာကိုမှ မသိချေ။ ထို့ကြောင့် စိတ် ဆို သည်မှာ အာရုံသိ၌ ပေးထားချက်များ၏ အစဉ်ကြီးဖြစ်လေသည်။

အာရုံပေးထားချက်များ ဖြစ်သော ဝတ္ထုအာရုံများသည် တစ်နည်းအားဖြင့် ပြောရလျှင် ရုပ်လည်းမဟုတ်၊ စိတ်လည်း မဟုတ်ချေ။ တစ်နည်းအားဖြင့် ပြော ပြန်ကလည်း စိတ်၏သဘော ရုပ်၏သဘောကိုလည်း ဖော်ပြနိုင်သော သဘော ရှိလေသည်။ ၎င်းတို့ကို ရပ်ဆယ်က ဝတ္ထုအာရုံများကို ရုပ်စိတ်မဟုတ်သော ပစ္စည်းများဟူ၍ ခေါ်ခဲ့လေသည်။

သို့ဆိုလျှင် ဤလောက၌ စိတ်သဘော ရုပ်သဘော ဟူ၍ မရှိတော့ပြီလောဟု မေးစရာရှိပေမည်။ ရပ်ဆယ်၏ သဘောတရားများအရ စိတ်၊ ရုပ်ဟူသော မှတ်ချက်များသည် ပျောက်ကွယ်၍ မသွားပေ။ ဤလောကတွင် လူတို့သိနေကြသော ဝတ္ထုအာရုံများကို လေ့လာရာမှပင် ရူပဗေဒနှင့် စိတ်ပညာများ ဖြစ်ပေါ်လာရသည်။

http://www.cherrythitsar.org



မျက်မှောက်ခေတ် ရူပဗေဒအရ ရုပ်သည်လည်း စိတ်၏ မှတ်ယူချက် တစ်ရပ်ဖြစ်ကြောင်း ဆိုလာသည်။ အလားတူပင် စိတ်ပညာကလည်း စိတ်ဆိုသည်မှာ ရုပ်သဘောပင် ဖြစ်ကြောင်း ထောက်ခံလာပေရာ စိတ်နှင့်ရုပ်ဆိုသည်မှာ တစ်စုံတစ်ခု တည်းသော ဝတ္ထုအာရုံကိုပင် ဒေါင့်နှစ်ဒေါင့်မှ ရှုမြင် လေ့လာရခြင်းမျိုးသာ ဖြစ်ပေသည်။

ရုပ်ဆယ်၏ အတွေးအမြင်များကို ပြည့်စုံစွာ ဖော်ပြရန်မှာ များပြားလှသည် ဖြစ်၍ မဖြစ်နိုင်တော့ပေ။ ဤမျှဖြင့်ပင် သူ့အတွေးအမြင်များ၏ ယေဘုယျ လက္ခဏာများကို ဖော်ပြလိုက်ရပေတော့သတည်း။

* * *

http://www.cherrythitsar.org


## ဝေါဟာရရှင်းတမ်း

| | |
|---|---|
| က္လာသရိယနိမ္မနဝါဒ | Theism |

### အ

| | |
|---|---|
| အညမည | Dialectic |
| အကြောင်းအရာ | Matter of Content |
| အနှစ်သာရ | Essence |
| အပေါ်ရံလက္ခဏာ | Phenomenon |
| အကြောင်းတရား | Cause |
| အကျိုးတရား | Effect |
| အာကာသ(နေရာဌာန) | Space |
| အရှိတရား | Being |
| အသိတရား၊ အသိပညာ | Knowledge |
| အင်အားစု | Force |
| အာရုံသိ | Perception |
| အား | Energy |
| အနုမာန (တွေးဆချက်) | Hypothesis |
| အရည်အချင်း | Quality |
| အရည်အတွက် | Quantity |
| အတိုင်းအဆ (အဝန်းပမာဏ) | Measurement Extention |
| အကြွင်းမဲ့ လက္ခဏာ | Absolute Character |
| အဓိပ္ပာယ်သတ်မှတ်ချက် | Definition |
| အတွင်းလှုပ်ရှားမှု | Internal Motion |
| အပြင်လှုပ်ရှားမှု | External Motion |
| အခြေခံပြဿနာ | Fundamental Question |
| အာရုံခံစားမှု | Sensation |

http://www.cherrythitsar.org


| | |
|---|---|
| အတွေ့အကြုံအဓိကဝါဒ | Empiricism |
| အတွင်းသိဉာဏ် | Intuition |
| အဆို | Proposition |
| အရင်းရှင်စနစ် | Capitalism |
| အသိစိတ် | Consciousness |
| အခြေခံအုတ်မြစ် | Basis |
| အပေါ်ရံ အဆောက်အအုံ | Superstructure |
| အနန္တ ဝိညာဉ်တော်ဝါဒ | Absolute Idealism |
| အတ္တဝါဒ | Egoism |
| အဓိပ္ပာယ်မူအယူအဆ | Criteria of Meaning |
| အကြွင်းမဲ့အဆို | Universal Proposition |
| အကြွင်းရှိအဆို | Particular Proposition |
| အနုမြူဝါဒ | Atomism |
| အနေကန် | Propablity |
| အနိစ္စ (သင်္ခါရ) | Change |
| ပုဂ္ဂလဓိဋ္ဌာန်ဆန္ဒစွဲဝါဒ | Individualism |
| အဖြစ်တရား | Becoming |
| အတွေးအမြင် (လောကအမြင်) | Philosophical Outlook |
| အနက်တူအဆို | Analytic Proposition |
| အနက်ကွဲ အဆို | Synthetic Proposition |
| အသွင်သဏ္ဌာန် | Appearence |
| အကျုံးဝင်အဆို | Conditional Proposition |
| အပြုအမူ | Conduct |
| အကြွင်းမဲ့လက္ခဏာ | Absolute Character |
| အန္တိမ | Ultimate |
| အဆင့်ဆင့်တိုးတက်ဖြစ်ပေါ်ခြင်း | Evolution |
| အနန္တ (အဆုံးမရှိ) | Infinate |
| အစစ်အမှန် | Reality |
| ဥက္ကံ၏အပိုဖြတ်တောက်ခြင်းဝါဒ | Occam's razor |
| အစွဲ | Idol |

http://www.cherrythitsar.org


| | |
|---|---|
| အမှန် (သစ္စာ) | Truth |
| အဇ္ဈတ္တသန္တာန် | Inner Nature |

## က

| | |
|---|---|
| ကိုယ်စားပြုဝါဒ (ကိုယ်စားလှယ်ဝါဒ) | Representationalism |
| ကြောင်းကျိုးဆက်နွယ်ခြင်း | Causation |
| ကိုက်ညီခြင်း | Consistency |
| ကိုယ်ကျင့်တရား | Morality |
| ကိုယ်ကျင့်တရားပညာ | Ethics |
| ကိုယ်ကျင့်တရားစံနှုန်း | Moral Criterion |
| ကာလ (အချိန်) | Time |
| ကြည့်ရှုလေ့လာခြင်း | Observation |
| ကုန်ထုတ်စွမ်းအားစု | Productive Forces |
| ကုန်ထုတ်အရင်းအနှီး | Means of Production |
| ကုန်ထုတ်ကရိယာ | Instruments of Production |
| ကုန်လုပ်ဆက်ဆံရေး | Production Relation |
| ကုန်ထုတ်လုပ်ငန်း၏ဘုံလက္ခဏာ | The Social Character of The Process of Production |
| ကတ္တား | Subject |
| ကွန်မြူနစ်ဝါဒ | Communism |
| ကျွန်ပိုင်ရှင်စနစ် | Slavery System |
| ကြောင်းကျိုးနိယာမ | Law of Causation |
| ကြုံကြိုက်မှု | Chance Phenomena |

## ခ

| | |
|---|---|
| ခွဲခြမ်းစိတ်ဖြာနည်း | Analysis |
| ခြယ်လှယ်ခံလူတန်းစား | Exploited Class |

http://www.cherrythitsar.org


| | |
|---|---|
| ခြယ်လှယ်သူလူတန်းစား | Exploiter Class |
| ခရစ်ယာန်ကျောင်းတော်ဝါဒ | Scholasticism |
| ခြုံယူဆင်ခြင်ခြင်း | Induction |

ဂ

| | |
|---|---|
| ဂဏန်းသင်္ချာ | Arithmetic |
| ဂဏန်း (ကိန်း) | Number |
| ဂုဏ်တူစု | Class |
| ဂုဏ်တူစုပြုခြင်း | Classification |
| ဂန္ထဝင်မြောက် | Classical |
| ဂန္ထဝင် | Classic |
| ဂုဏ်အရည်အချင်း | Quality |
| ဂုဏ်သတ္တိ | Attribute |
| ဂိုဏ်း | School |

င

| | |
|---|---|
| ငြင်းပယ်ခြင်း | Negation |
| ငြင်းပယ်ခြင်း၏ငြင်းပယ်ခြင်းဥပဒေသ | Law of Negation of Negation |

စ

| | |
|---|---|
| စိတ် | Mind |
| စိတ်သိ(ဉာဏ်သိ) | Conception |
| စံ | Ideal, Norm |
| စံတင်ခြင်း | Idealization |
| စိတ္တဇ | Abstraction |

http://www.cherrythitsar.org



| | |
|---|---|
| စနစ် | System |
| စက်ဆန်သောပဋ္ဌာနဝါဒ | Mechanistic Deteminism |
| စံထားသိပ္ပံပညာ | Normatic Science |
| စိတ်ရုပ်ယှဉ်ပြိုင်ဝါဒ | Parallelism |
| စီးပွားရေးဘဝ | Economic Life |
| စိတ်ပိုင်းဘဝ | Spiritual Life |
| စိတ်ပညာ | Psychology |
| စက်ယန္တရားနှင့်ဆိုင်သော | Mechanistic |
| စကြာဝဠာကို စူးစမ်းသူ | Cosmologist |
| စကြာဝဠာ | Universe |

ဆ

| | |
|---|---|
| ဆိုရှယ်လစ်စီးပွားရေးတည်ဆောက်မှု | Socialist Economic Formation |
| ဆိုရှယ်လစ်ဝါဒ | Socialism |
| ဆိုရှယ်လစ်လူသားဝါဒ | Socialist Humanism |
| ဆိုရှယ်လစ်တော်လှန်ရေး | Socialist Revolution |
| ဆုံးဖြတ်ချက် | Judgement |
| ဆင်ခြင်ပုံ (ဆင်ခြေ) | Inference |
| ဆန့်ကျင်ဘက်တရား(ဝိရောဓိ) | Contradiction |
| ဆန့်ကျင်ဘက်တရားတို့၏စည်းလုံးမှုနှင့် ပဋိပက္ခဖြစ်မှု ဥပဒေသ | Unity And Struggle of Opposites |
| ဆင်ခြင်ခြင်း အဓိကဝါဒ | Rationalism |
| ဆန့်ကျင်ဘက်အသိတရား | Socialist Consciousness |
| ဆင်ခြေ | Argument |
| ဆင်ခြင်မှန်ခြင်း (ယုတ္တိရှိ) | Validity |

တ

| | |
|---|---|
| တွေးခေါ်မြော်မြင်ရေးသဘောတရား ဒဿနိကဗေဒ | Philosophy |

http://www.cherrythitsar.org



| | |
|---|---|
| တွေ့ကြုံရှေ့ဖြစ် အသိပညာ | Apriori Knowledge |
| တွေ့ကြုံနောက်ဖြစ် အသိပညာ | Aposteriori Knowledge |
| တန်ဘိုး | Value |
| တိုးတက်ဖြစ်ပေါ်မှု | Development |
| တရားသေဝါဒ | Dogmatism |
| တွေ့ကြုံအဓိကဝါဒ | Empirirism |
| တွေးဆချက် | Hypothesis |
| တိုက်ရိုက်စီစစ်အတည်ပြုခြင်း | Direct Verification |
| တစ်ဆင့်ခံတန်ဘိုး | Instrumental Value |
| တခဏာပွတ်ညာဏ် (အတွင်းသိဉာဏ်) | Intuition |
| တက္ကိကဝါဒ | Metaphysics |
| တြိယုတ္တိဆင်ခြေ | Syllogism |

## ထ

| | |
|---|---|
| ထာဝရအခြေခံတရား | Substance |
| ထာဝရဖြစ်သော | Eternal |
| ထာဝရဘုရားသခင် | God |
| ထပ်တူဖြစ်ခြင်းနိယာမ | Law of Identity |
| ထုတ်ယူဆင်ခြင်နည်း | Deduction |

## ဒ

| | |
|---|---|
| ဒဿနိကဗေဒ | Phylosophy |
| ဒဿန | World Out-look |
| ဒွတ္တဝါဒ | Dualism |
| ဒြပ်ရှိ (ဒဗ္ဗ) | Concrete |
| ဒြပ်မဲ့(စိတ္တဇ) | Abstract |
| ဒိဋ္ဌဓမ္မအခြေအနေ | Concrete Situation |
| ဒိဋ္ဌဓမ္မဝါဒ | Positivism |
| ဒဗ္ဗရုပ်ဝတ္ထု | Concrete Meterial Object |

http://www.cherrythitsar.org


## ဓ

| | |
|---|---|
| ဓာတ် | Element |
| ဓမ္မတာ(မရှိမဖြစ် လိုအပ်ဖြစ်ခြင်း) | Necessity |
| ဓမ္မဒိဋ္ဌာန် | Objective |
| ဓမ္မဒိဋ္ဌာန်ကျခြင်း | Objectivity |
| ဓမ္မဒိဋ္ဌာန်ဝါဒ | Objectivism |
| ဓာတုဗေဒ | Chemistry |

## န

| | |
|---|---|
| နာမ်(စိတ်) | Mind |
| နိယာမ(သဘာဝ) | Natural Law |
| နိသျှ (နည်း) | Method |
| နိဒါန်း | Premiss |
| နိဂုံး | Conclusion |
| နာမပညတ်သဘောပါသော | Nominal |

## ပ

| | |
|---|---|
| ပုံသေယုတ္တိဗေဒ | Formal Logic |
| ပုံစံ(ပုံသဏ္ဍာန်) | Form |
| ပုဂ္ဂိုလ်(ပုဂ္ဂလပစ္စည်း) | Individual |
| ပမာဏ(အဝှန်း) | Extension |
| ပုဂ္ဂလိက ဆန္ဒစွဲဝါဒ | Individualism |
| ပုဂ္ဂလဓိဋ္ဌာန်ဝါဒ | Subjectivism |
| ပရမတ္ထသစ္စာ | Absolute Truth |

http://www.cherrythitsar.org


| | |
|---|---|
| ပတိ | Antithesis |
| ပဋိပက္ခ | Antergonism |
| ပြဋ္ဌာန်းခံဝါဒ | Determinism |
| ပြောင်းလဲခြင်း | Change |
| ပရဟိတဝါဒ | Altruism |
| ပုဂ္ဂလိပိုင်ပစ္စည်း | Private Property |
| ပုဒ် | Term |
| ပြန့်နှံ့ခြင်း | Distribution |
| ပြင်ပလောက(ဗဟိဒ္ဓလောက) | External World |
| ပုံစံအကြောင်းတရား | Formal Cause |
| ပုံစံအမှန် | Formal Truth |
| ပြန်လှန်ဆက်သွယ်မှု | Inter Relation |
| ပြန်လှန်တုံ့ပြန် အကျိုးပြုမှု | Interaction |
| ပဓာနဂုဏ်ရည် | Primary Quality |
| ပစ္စုပ္ပန် | Present |

ဖ

| | |
|---|---|
| ဖန်ဆင်းရှင် | Creator |
| ဖြစ်စဉ် | Process |
| ဖြစ်ခြေ(အလားအလာ) | Potentiality |
| ဖြစ်ရပ်(မုချဖြစ်နေခြင်း) | Actuality |
| ဖြစ်တည်ခြင်း(ဘဝ) | Existence |
| ဖြစ်တည်ခြင်းပဓာနဝါဒ(ဘဝ) | Existentialism |
| ဖြစ်ပျက်ပြုပြင် သင်္ခါရလောက | The World of Phenomena |
| ဖြစ်ပေါ်ခြင်း (အဖြစ်တရား) | Becoming |
| ဖန်ဆင်းခြင်း | Creation |
| ဖော်ပြချက် | Manifestation |

http://www.cherrythitsar.org


ဗ

| | |
|---|---|
| ဗဟုဝုစ်ဝါဒ | Pluralism |
| ဗဟိဒ္ဓ | External |
| ဗျာဒိတ် | Revelation |
| ဗီဇစိတ် | Innate Idea |

ဘ

| | |
|---|---|
| ဘဝ | Life |
| ဘာသာစကား | Language |
| ဘုံလက္ခဏာ | Social Character |

မ

| | |
|---|---|
| မဖြို့မပဋိပဒါနည်း | Dialectical method |
| မျိုးတူစုငယ် | Species |
| မျိုးတူစုကြီး | Genus |
| မိုနာ့(ဒ) | Monad |
| မုချဖြစ်ခြင်း(ကေန်) | Certainty |
| မူလအဆို | Elementary Proposition |
| မရှိခြင်း(နတ္တိ) | Non-Being |
| မှတ်ယူချက် | Concept |

ယ

| | |
|---|---|
| ယုတ္တိဗေဒ | Logic |
| ယေဘုယျ | Universal, General |
| ယေဘုယျပြုခြင်း | Generalization |

http://www.cherrythitsar.org



| | |
|---|---|
| ယေဘုယျလက္ခဏာ | General Character |
| ယေဘုယျပုံစံ(ပလေတို) | Universal Form |
| ယေဘုယျလမ်းကြောင်း | General Line |
| ယထာဘူတ | Real |
| ယထာဘူတဝါဒ | Realism |
| ယဉ်ကျေးမှု (ပြုစုပျိုးထောင်မှု) | Culture |
| ယုံကြည်သက်ဝင်မှု | Faith |
| ယုတ္တိစဉ် | Logical Process |
| ယုတ္တိရှိသော | Logical |
| ယုတ္တိဗေဒနည်းကျ ဒိဋ္ဌဓမ္မဝါဒ | Logical Positivism |

## ရ

| | |
|---|---|
| ရုပ် | Matter |
| ရုပ်ဝတ္ထု | Material Object |
| ရုပ်ဝါဒ | Materialism |
| ရုပ်ကြမ်းဝါဒ | Vulgar Materialism |
| ရူပဗေဒ | Physics |
| ရှိခြင်း (အရှိတရား) | Being |

## လ

| | |
|---|---|
| လူမှုရေးဘဝ | Social Being |
| လူမှုရေးအသိ | Social Consciousness |
| လူမှုတော်လှန်ရေး | Social Revolution |
| လူမှုရေးသိပ္ပံ | Socialogy |
| လွတ်လပ်ခွင့် | Freedom |
| လူမှုရေးတိုးတက်မှုဥပဒေသ | Law of Social Development |

http://www.cherrythitsar.org


| | |
|---|---|
| လက်တွေ့ | Pratice |
| လက်တွေ့သက်သက်ဝါဒ | Pragmatism |
| လူ့ဘောင်အဖွဲ့အစည်း | Society |
| လူတန်းစား | Class |
| လူတန်းစားတိုက်ပွဲ | Class Struggle |
| လူမှုရေးလှုပ်ရှားမှု | Social Movement |
| လေးဘက်လေးဌာနသဘော | four Dimension |
| လုပ်အား | Labour Power |
| လှုပ်ရှားမှု | Motion |
| လူတန်းစားအကျိုး | Class Interest |
| လူမှုရေးပြောင်းလဲမှု | Social Change |
| လုပ်ငန်းခွဲဝေမှု | Devision of Labour |
| လက်တွေ့စမ်းသပ်မှု | Experiment |
| လူသားပဓာနဝါဒ | Humanism |

ဝ

| | |
|---|---|
| ဝိရောဓိတရား | Contradiction |
| ဝိသေသပစ္စည်း(သီးခြင်းဝတ္ထု) | Particular Thing |
| ဝိသေသလက္ခဏာ | Specific Character |
| ဝိဝါဒကွဲမှု | Diversity of Opinion |
| ဝိဘက် | Category |
| ဝါစကပုဒ် | Predicate Term |

သ

| | |
|---|---|
| သဘာဝ | Nature |
| သဘာဝသိပ္ပံပညာ | Natural Science |
| သီးခြားသဘော | Particular |
| သမ္မိဒါနည်း(ခွဲခြမ်းစိပ်ဖြာနည်း) | Method of Analysis |

http://www.cherrythitsar.org



| | |
|---|---|
| သံယောဂနည်း(စုပေါင်းရှုမြင်နည်း) | Method of Synthesis |
| သိမှုဆိုင်ရာ မူဝါဒ | Therory of Knowledge |
| သိမှုဗေဒ | Epistimology |
| သမိုင်းရုပ်ဝါဒ | Historical materialism |
| သမိုင်းဓမ္မတာ | Historical Necessity |
| သမုတိသစ္စာ | Relative Truth |
| သမိုင်းစက်ဝိုင်းသီဝရီ | Therory of the Hestorical Circle |
| သမိုင်းရုပ်ဝါဒ | Historical materialism |
| သစ္စာတရား (မှန်ကန်ခြင်း) | Truth |
| သင်္ချာပညာ | Mathematics |
| သဘောတရား | Ideology |
| သုံးဆင့်ဖြစ်ပေါ်မှု | Triadic movement |

* * *

http://www.cherrythitsar.org


## ကိုးကားသည့် ကျမ်းများ


| ကျမ်းအမည် | ရေးသားသူပုဂ္ဂိုလ် |
|---|---|
| 1. History of Philosophy | F. Thilly |
| 2. History of Western Philosophy | B. Russell |
| 3. History of Philosophy | W, Windelband |
| 4. History of Philosophy | J. Lewis |
| 5. Plato's Theoty of Knowledge | F.M. Comford |
| 6. Plato: Man and His work | A,E. Taylor |
| 7. Plato and His Contempories: (A study in Fourth Century life and Thought) | G.C.Field |
| 8. The Basic works of Aristotle | R.P.Mc Keon |
| 9. History of Christian Thought | A.C.McGiffert |
| 10. History of Mediaeval Philosophy | M.De wulf |
| 11. History of Modern Philosophy | K, Fischer |
| 12. The Story of Philosophy | W. Durant |
| 13. Francis Bacon | A.E. Taylor |
| 14. Frech Philosophers | L.M. Marsak |
| 15. Descartes, His Life and Time | E.S. Haldane |
| 16. The philosophy of Spinoza | H.A. Wolfson |
| 17. Locke, Berkeley and Hume | C.R. Morris |
| 18. A Critical Exposition of the Philiosophy of Leibniz | B. Russell |
| 19. History of English Thought in the Eighteenth Century | L. Stephen |
| 20. An Introduction To Kant's Critical Philosophy | G,T. Whitney & P.H. Fogel |
| 21. The Philosophy of Hegel | W.T. Stace |
| 22. Marxist Philosophy | Afanasyev |
| 23. What is Dialetical Materialism | O.Yakhite |
| 24. The Age of Analysis | M.White |
| 25. Readings in Twentiet Century Philosophy | Alston and Nakhnikian |

http://www.cherrythitsar.org



# အမည်စာရင်း
## NAME INDEX


| | |
|---|---|
| Abelar, D | ပီတာအဘဲလာ့ဒ် |
| Academy | ပလေတိုထူထောင်ခဲ့သော အကယ်ဒမီကျောင်း |
| Alexander, S | ဆင်မျူဝယ်၊ အလက်ဇန္ဒား |
| Aquinas, st. Thomas | စိန့်သောမတ်၊ အက္ကွိုင်နယ် |
| Aristoppus | အာရစ္စတိုပတ်(စ) |
| Aristophanes | အာရစ္စတိုဖိန်း |
| Aristotle | အာရစ္စတိုတယ် |
| Anaxagoras | အနက်ဆဂေါ်ရပ် |
| Arnoul, Antoine | အင်တွိုင်း၊ အာနော်လ် |
| Augustine, St | စိန့်ဩဂတ်စတင် |
| Avenarius, R | အေဗာနရိယတ် |
| Ayer, A, J | အေ–ဂျေ၊ အိုင်ယာ |
| Bacon, Fransis | ဖရန်စစ်၊ ဘေကွန် |
| Bentham, J | ဂျယ်ရမီ၊ ဘင်ဆင် |
| Bergson, H | ဟင်နရိဘာကဆုံ |
| Berkeley, G | ဂျော့၊ ဘာကလေ |
| Boccacio, G | ဂျီယိုဗင်နီ၊ ဘိုကပ်ရှို |
| Bodin, J | ယန်း၊ ဘိုဒင်း |
| Boehme, J | ဂျေကော့(ဗ) ဘိုဟိ(မ) |
| Bradley, F, H | အက်ဖ်၊ အိ(ချ်)ဘရက်ဒလေ |
| Brantano, F | ဖရန်(ဇ)ဘရန်တာနို |
| Bruno, G | ဂျီယိုဒါနို၊ ဘရူတာနို |
| Corpernicus | ကော်ပါးနိကပ် |
| Darwin, C | ချားလ(လ)ဒါဝင် |
| Democritus, R | ဒီမိုကရိတပ် |
| Deseartes, R | ရဲနေဒေးကား |
| Dewey, J | ဂျွန်ဂျူလီ |

http://www.cherrythitsar.org



| | |
|---|---|
| Diderot, D | ဒဲနစ်၊ ဒီဒါရော့ |
| Einstein, E | အယ်လဘတ်၊ အိုင်းစတိုင်း |
| Empedocles | အင်ပိဒေါကလိ |
| Fichte | ဖိ(ချ)တေ |
| Hegel | ဟေဂယ် |
| Heidegger | ဟိုက်ဒဲဂါး |
| Heraclitus | ဟေရာကလိုက်တပ် |
| Herodotus | ဟီရိုဒိုတပ် |
| Hobbes, T | သောမတ် ဟော(ဗ) |
| Jaspers, K | ကားလ်၊ ဂျက်စပါ |
| Kant, I | အင်မင်နယူဝယ်၊ ကန့် |
| Kepler, J | ကက်ပလာ |
| Kierkegaard | ကဲကီဂတ် |
| Leibnitz | လိုင်ဗနိ |
| Leucipus | လူစိပတ် |
| Marx, K | ကားလ်မာ့(စ) |
| Moore G,E | ဂျီ၊ အီးမိုး |
| Neitzsche | နီရှေး |
| Peirce, C.S | ဆီ၊ အက်(စ)ပါး(ဆ) |
| Plato | ပလေတို |
| Plotinus | ပလိုတိနပ် |
| Protagorus | ပရိုတာဂိုရပ် |
| Russell, B | ဘာထရန်ရပ်ဆယ် |
| Santayana, G | ဂျော့ဆန္တာရနာ |
| Saint-Simon | စိန့်၊ဆိုင်မွန် |
| Schopenhauer | ရှိုပင်ဟောင်းဝါး |
| Spinoza | စပင်နိုဇာ |
| Thales | သေးလိ |
| Voltire | ဗော်လတိုင်ယား |

* * *

http://www.cherrythitsar.org

